လူတိုင်းအတွက်

# မင်္ဂလာ

စန်းသမိန်

(ဒုတိယ အကြိမ်)

လူတိုင်းအတွက်မင်္ဂလာ စန်းသမိန်

လူတိုင်းအတွက်မင်္ဂလာ စန်းသမိန်

လူတိုင်းအတွက်မင်္ဂလာ စန်းသမိန်

လူတိုင်းအတွက်မင်္ဂလာ စန်းသမိန်

လူတိုင်းအတွက်မင်္ဂလာ စန်းသမိန်

လူတိုင်းအတွက်မင်္ဂလာ စန်းသမိန်

၂၉၄.၃

စာမူ ခွင့်ပြုချက် ၃၂

မျက်နှာဖုံး ခွင့်ပြုချက် ၃၆


ဆန်းညွန့်ဦး စာအုပ်တိုက်

# လူတိုင်းအတွက် မင်္ဂလာ

ဤကျမ်းတွင် မင်္ဂလာ တရားတော်ကို ဘက်စုံအောင် ဖော်ပြထား၏။ သာသနာ့ဝန်ထမ်း ရဟန်းတော်များ၊ မင်းစိုး ရာဇာများ၊ ကုန်သည်ပွဲစားများ၊ အလုပ်သမား၊ လယ်သမားများနှင့် အ,သုံးလုံးကြေစ-မြတားသူ တောင်သားများ အထိ၊ ဖတ်ရှုနိုင်အောင် စီစဉ်ထား၏။

မှန်ပါသည်၊ ဤစာကို ဆရာတော် သံဃာတော်များ ဖတ်ရှု၍ အပြစ် မမြင်နိုင်သလို၊ အ, သုံးလုံးကြေစဘောက အဖွားကြီး တစ်ဦးအား ဖတ်ခိုင်း လျှင်လည်း၊ ထစ်ငေါ့ ထောင့်ကွေး မနေ၊ ပေါ်ပေါ် လွင်လွင်နှင့် နားလည် နိုင်ပေသည်။ ထို့ကြောင့် "လူတိုင်း အတွက် မင်္ဂလာ" ဆိုသော အမည်ဖြင့် လိုက် လျောညီထွေ ရှိလှပေသည်။

ရမေထွန်း



ဆီမီးစာပေ

၂၅၆၀၈

ဖြန့်ချိရေး

✳ ဆန်းညွန့်ဦး
၁၃၃၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်
၄၇-လမ်းထိပ်၊ ☎ ၇၁၆၄၃

# ဝဋ္ဌးသမိဋ္ဌ

# လူတိုင်းအတွက်

# မင်္ဂလာ

ဒုတိယအကြိမ်

၁၅—ကျပ်

| | |
|---|---|
| ထုတ်ဝေသူ။ | ဒေါ်ခင်မြမှ (၀၂၃၉၃) ဆီမီးစာပေ<br>၁၉[illegible] ကုန်ဈေးတန်းလမ်း၊<br>ပန်းဘဲတန်း မြို့နယ်။ |
| ပုံနှိပ်သူ။ | ဦးလှခင် (၀၁[illegible]—မြ)<br>ဆန်းညွှန့်ဦးပုံနှိပ်တိုက်<br>အမှတ် ၁၃၅၊ မိုလ်ချုပ်လမ်း၊<br>(၄၇-လမ်းထိပ်) ရန်ကုန်မြို့။ |
| ပထမ အကြိမ် | ၁၉၈၀၊ ဇွန်လ |
| ဒုတိယ အကြိမ် | ၁၉၈၈၊ ဖေဖော်ဝါရီလ။ |
| အုပ်ရေ | ၂၀၀၀ |
| အဖိုး | ၁၅—ကျပ် |
| မျက်နှာဖုံး ဒီဇိုင်း | မျိုးမြင့်မအောင် (ဒီဇိုင်း) |

# ဥပဒေသဗျာဇဉ်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်သည် မင်္ဂလာတရား ထွန်းကားသော နိုင်ငံ တစ်နိုင်ငံ ဖြစ်ပါသည်။ အကြောင်းမှာကား၊ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ တရားတော် ကျင့်စဉ်များ ဤမြန်မာနိုင်ငံတော်အတွင်း၌ တည်ရှိပြန့်ပွားနေကြခြင်းကြောင့်ပင် ဖြစ်ပါသည်။

မင်္ဂလာဟူသည် တိုးတက်ကြီးပွားကြောင်းတရား၊ ငြိမ်းအေးချမ်းသာကြောင်းတရားကို ခေါ်ခြင်းဖြစ်သည်။ မင်္ဂလာတရားတော်အတိုင်း ကျင့်ဆောင်အားထုတ်လျှင် ယခု ဘဝမှာလည်း တိုးတက်ကြီးပွားနိုင်သည်။ နောင်ဘဝ သံသရာ အဆက်ဆက်မှာလည်း တိုးတက်ကြီးပွားနိုင်သည်။ ယင်းသို့ ဖြစ်ခြင်းကြောင့် မင်္ဂလာတရားကို လူနတ်ငြဟ္မာသတ္တဝါ အများ လိုလားနှစ်သက်ကြခြင်း၊ ပို၍သားမြတ်နိုးတောင့်တအလိုရှိကြခြင်းပင် ဖြစ်သည်။ ကြီးပွားချမ်းသာလိုသူတိုင်း မင်္ဂလာတရားကို လိုက်နာကျင့်ပွားကြသည်။

ယခုခေတ်ကာလ လူငယ် လူရွယ်များ အတွင်း၌ မင်္ဂလာကျင့်စဉ်တရားများ ပြန့်ပွားနေစေရန် အထူးပင် လိုလားအပ်လှပေသည်။

လူငယ်တို့၏ စိတ်သဘောသည် ကောင်းရာသို့ ညွှန်ပြ၍ခေါ်ဆောင်လျှင်လည်း လွယ်ကူစွာ လက်ခံ ကျင့်သုံးတတ်ကြသည်။ မကောင်းရာဘက်သို့ တွန်းပို့ ပြန်လျှင်လည်း နောက်မဆုတ်ဘဲ အမြဲရှေ့သို့တိုးကာ သွားတတ်ကြလေသည်၊

ဆိမီးစာပေ ဒုတိယ အကြိမ်

# ဥယျောဇဉ်

လူငယ်များသည် လူမျိုး၏ မျိုးညွန့်များ ဖြစ်ကြသည်။ မျိုးညွန့်များဖြစ်သော လူငယ်များ အညွန့်တလူလူဖြင့် ကြီးပွား တိုးတက်စေရန် လမ်းကောင်း လမ်းမှန်သို့ ပို့ဆောင် ပေးကြရမည်သာ ဖြစ်သည်။

လူ့လောက ပြုပြင်ရေးအတွက် အထူး သဖြင့် လူငယ်၊ လူရွယ်များ လူကောင်း၊ လူတော်၊ လူရည်မွန် ကလေးများ ဖြစ်လာစေရန်အတွက် လူမှုရေး ကျင့်စဉ် မင်္ဂလာ တရားများသည် တကယ်တန်း ထူးခြားစွာ အကျိုးပြုနိုင်ပါသည်၊

မင်္ဂလာ ကျင့်စဉ်များ၏ လမ်းညွှန်မှုအတိုင်း လိုက်နာ ကျင့် ဆောင်လျှင် ကြီးပွားတိုးတက်ခြင်း၊ ငြိမ်းအေး ချမ်းသာခြင်း စသော အကျိုးထူးများ ထင်ရှားစွာ ရကြမည်သာဖြစ်သည်။

ယခုအခါ စာရေးဆရာ စန်းသမိန်က ''လူတိုင်းအတွက် မင်္ဂလာ''အမည်ရှိသော မင်္ဂလာအဖွင့်ကျင့်စဉ်ကျမ်းကိုထက်သန် သော စေတနာဖြင့် ခေတ်ကာလနှင့် လျော်ညီစွာ ကိုယ်တွေ့ လိုက်နာကျင့်သုံးနိုင်စေရန် စီစဉ်ပြုပြင်ကာတင်ပြထားပေသည်။

စာရေးဆရာ စန်းသမိန်၏ ''လူတိုင်းအတွက်မင်္ဂလာ''ကျမ်း စာသည် အရပ်သုံးစကားပြေသံဖြင့် စီစဉ် ရေးသား ထား၍ လည်း လေ့လာဖတ်ရှုသူများ၏ နှလုံးသား၌ ပိုမို၍ စွဲဝင်သွား ဖွယ်ရာ ရှိသည်ဟု ဆိုရပေမည်။ အရပ်သုံး စကားပြေသံဖြင့် စီစဉ်သောအခါ လူကြီး၊ များအတွက်သာမဟုတ်တော့ဘဲလူရွယ်၊ လူငယ်များအဖို့လည်း လက်လှမ်းမီ သွားတော့သည်ပင်း ဖတ်၍ လည်း လွယ်ကူ၊ မှတ်၍လည်း လွယ်ကူသဖြင့် ကြည့်ရှုလေ့လာသူ

များအား လက်မှ မချချင်သောက်အောင် စွဲစွဲမက်မက် ခေါ်ဆောင်သွားမည်မှာ သေချာလှပေသည်။

စာရေး ဆရာ စန်းသမိန်၏ "လူတိုင်းအတွက်မင်္ဂလာ" ကျမ်းတွင် မင်္ဂလာတရား တစ်ပါးစီ၊ တစ်ပါးစီကို မှတ်သားဖွယ် လိုက်နာဆောင်ရွက်ဖွယ်များဖြင့် အချက်ကျကျ အကျယ်ညွှန်ပြထားသည်။ သာဓက ယူဖွယ် ဇာတ်လမ်းများကိုလည်း ပိဋကတ်ကျမ်းစာ၊ ဇာတ် နိပါတ် များမှလည်းကောင်း၊ ရှေးဟောင်းပုံပြင် ရာဇဝင်တို့မှ လည်းကောင်း၊ ယခုခေတ် ကာလ အဖြစ်အပျက်အကြောင်းအရာများမှလည်းကောင်း ယူဆောင် တင်ပြထားသဖြင့် ဤမင်္ဂလာ ကျမ်းစာသည် အထူး အသက်ဝင်သည် ဆိုရပေမည်။

သို့ဖြစ်၍ "လူတိုင်းအတွက် မင်္ဂလာ" စာအုပ်သည် လူမျိုးမရွေး၊ ဘာသာမရွေး၊ ကြီးငယ်မရွေး ကြီးပွား တိုးတက်ရေး၊ ငြိမ်းချမ်းသာယာရေးကို လိုလားသော လူသားတိုင်း အတွက် လက်စွဲကျင့်စဉ်ကျမ်းစာကောင်းတစ်အုပ်ပင်ဖြစ်ပေတော့သည်။

မင်္ဂလာတရား ပြန့်ပွား၍ နိုင်ငံ သားတိုင်း ၊ လူမျိုးတိုင်း ငြိမ်းချမ်းသာယာ ကြီးပွားတိုးတက်ကြပါစေ၊လူတိုင်း လူတိုင်း မင်္ဂလာရှိကြပါစေဟူ၍စေတနာမွန်ဖြင့်ဆန္ဒပြုလိုက်ပါသတည်း။

အရှင်နကာသလ္လ၊(ရွှေဥမင်ဆရာတော်)

၁၃၄၅ ခု၊ ဝါဆိုလဆန်း ၂ ရက်၊ ရွှေဥမင်တောရ
(၁၁-၇-၁၉၈၃) ပုရွက်ဆိတ်ကုန်း၊
မြောက်ဥက္ကလာပမြို့ ရန်ကုန်တိုင်း။

## ဥမယျာဇင်

# လူတိုင်းအတွက် မင်္ဂလာ

စာရေးဆရာစန်းသမိန်ပြုစုသော ' လူတိုင်းအတွက်မင်္ဂလာ" စာမူကို အချိန်ယူ၍ အစအဆုံး ကျေကျေ ညက်ညက် ဖတ်ရှု ကြည့်ရာ ကျေနပ် အားရမှုကို ရာနှုန်းပြည့် ခံစား ရပါသည်။

ကျမ်းပြုသူမှာ နိုင်ငံတော်ဝန်ကို အချိန် ကြာမြင့်စွာ ထမ်း ဆောင်ခဲ့ရသူ တစ်ဦးဖြစ်၍ သူ၏ အတွေ့ အကြုံများကို ဆိုင်ရာ ဆိုင်ရာ မင်္ဂလာ များနှင့် ထည့်သွင်းဖော်ပြ ထားပေး သည်မှာ ဤစာအုပ်မူ အတွက် ဆွဲဆောင်မှု အားမာန်တစ်မျိုးဖြစ်သည်ဟု မှတ်ချက်ချမိပါသည်။

စာမူကို တင်ပြရာ၌ ရိုးရိုး စင်းစင်း၊ နွေးနွေး ကွေ့ကွေ့၊ လေးတေးတေးကြီး မဖြစ်ရအောင် နီတိများ၊ ကဗျာ လင်္ကာ များ၊ ပုံဝတ္ထုများ ညှပ်ကာ ညှပ်ကာ ဖော်ပြပေးသောကြောင့် အလွန်သွက်လက်၍ နေပါသည်။ ဖတ်ရင်း ဖတ်ရင်း လက်မှ မချချင်အောင် ဖြစ်ရပါသည်။

သူ၏တင်ပြဟန်မှာ စာကဲ့သို့ မရေးဘဲ ဆရာက တပည့်ကို ပြောနေဟန်၊ မိဘက သားသမီးကိုပြောနေဟန်၊ သူငယ်ချင်းက သူငယ်ချင်းကို ပြောနေဟန် တင်ပြထား၍ စေတနာအရင်းခံကို ပေါ်လွင်စေပါသည်။

သူ၏စာမူအတွက် ဘာသာရေး ကျမ်းဂန်များမှ အဆို အမိန့်များ၊ သာဓကဝတ္ထုများ၊ မြန်မာရာဇဝင်နှင့်ကမ္ဘာ့ ရာဇ

## ဥယျောဇဉ်

ဝင်တို့မှ အတုယူလောက်သော ပုဂ္ဂိုလ်ကြီးများ၏ အဆို အမိန့်များ၊ အတ္ထုပ္ပတ္တိများကို အချက်ကျကျကိုးကားဖော်ပြထား၍ မှတ်သားဖွယ်ရာ ဗဟုသုတများ စုံလင်စွာ ပါဝင်လျက် နေပါသည်။

မဂ်သာကို ပိုပြင်အောင် သရုပ်ဖော်ပြရာ၌—

(က) အုပ်ချုပ်ရေး ရှုထောင့်
(ခ) လူမှုရေး ရှုထောင့်
(ဂ) စီးပွားရေး ရှုထောင့်
(ဃ) အိမ်ထောင်ရေး ရှုထောင့်
(င) ဘာသာရေး သာသနာရေး ရှုထောင့်
(စ) ယဉ်ကျေးမှု ရှုထောင့် စသည်တို့ကို ပါဝင် စေ၍ အကြောင်းအမျိုးမျိုးဖြင့်သုံးသပ်ထားသောကြောင့် လေ့လာသင့်သော စာမူ ဖြစ်ပါသည်။

လူကြီး၊ လူငယ်မရွေး၊ ရဟန်းရှင်လူ အားလုံးတို့နှင့် အံဝင် ကိုက်ညီသော စာမူကောင်း တစ်ပုဒ် ဖြစ်ကြောင်း သတင်း ကောင်းကို မှတ်တမ်းတင်လိုက်ရပေသည်။

**အရှင်ပညာသာမိ(မာဂဓီ သာစည်)**

**နိုင်ငံတော် သံဃမဟာနာယက စာကြည့်တိုက်မှူး၊**

**ကမ္ဘာအေး၊ ရန်ကုန်မြို့။**

# ''ကျမ်းဦးအမှာ''

ဤ'လူတိုင်းအတွက်မင်္ဂလာ'ဟူသောစာမူ'ဖိုင်'ကို ဖတ်ရှု၍ ကျမ်းဦးစကားရေးသားရန်တာဝန်ဖြင့် လက်ခံရရှိထားသည်မှာ ကြာပြီ။

စာရေးသူ၏ အလုပ်စားပွဲတွင် အခြားစာဖိုင်များနှင့်အတူ နေရာယူခဲ့သည်မှာပင် လပေါင်းများခဲ့ပြီ။

စာမူဖိုင်ကိုဖတ်ပြီး အချိုး၊ နိဒါန်းရေးသားရန် အချိန်မပေးနိုင်သေး၍ သူ့ကို ကိုင်ပင် မကိုင်ဝံ့သေး။

ဤအတွင်း စာပေမိတ်ဆွေ နှစ်ဦး သုံးဦး လောက်ပင် ဤလူတိုင်းအတွက် မင်္ဂလာစာဖိုင်ကို စာရေးသူ၏ အလုပ်စားပွဲမှ ဆွဲယူသွားပြီး၊ ဖတ်ရှုဝေဖန် အရသာခံသွားကြပြီး၊ ချီးကျူးစကား ပြောကြားမှတ်ချက်ဆိုသွားကြပြီ၊ စာရေးသူကား သူ့ကို မကိုင်နိုင်သေး၊

တစ်နေ့အလုပ်ကိစ္စဖြင့် ရန်ကုန်သို့ပြန်ရောက်လာပြီးမိတ်ဆွေ မာဂဓီနှင့်တွေ့ဆုံရာ လူတိုင်းအတွက် မင်္ဂလာစာမူ အကြောင်း စကားစပ်မိသွား၏။

''ဖတ်ပြီးပြီလား၊အဘော်ဖတ်ကောင်းတယ်ပြီးတော့မင်္ဂလာ တရားတွေကို သရုပ်ဖော်ပုံ သိပ်ကောင်းတယ်၊ စွဲအောင်လဲ ရေးတတ်တယ်၊ ဆက်ဆက် ဖတ်ကြည့်စမ်းပါ''ဟု တိုက်တွန်းသည်။

''အချိန်နည်းနေသေးလို့ သူ့ကိုမကိုင်ဝံ့သေးဘူး'' ဟုဆိုရာ ''ရတဲ့အချိန်ကြည့်ပေါ့၊ သူက ဆွဲသွားတာနဲ့ အလိုလို အချိန် ရလာမှာပါ''ဟု မှာလိုက်သည်။

# ကျမ်းဦးအမှာ

ရန်ကုန်က ပြန်ရောက် လာပြီးနောက် မကြာမီ ရက်ကမှ ဤလူတိုင်းအတွက်မင်္ဂလာကို ကိုင်မိတော့သည်။ ကိုင်မိသည်နှင့် အမှတ်မထင်လှန်လှောရင်းက ကျမ်းဦးဆုမွန်ကို စတင်ဖတ်ရှု၏။ ထိုနောက် တစ်မျက်နှာပြီးတစ်မျက်နှာ၊ တစ်မျက် နှာပြီး တစ် မျက်နှာ ညနေ ၄–နာခန့်မှစ၍ ကိုင်မိပြီး ဖတ်ရှုသွားရာ နေဝင်၍ စာလုံးများ မကွဲတော့မှ နေရာမှ ထမိသည်။

ထို့နောက် မီးရောင်အောက်သို့ သွားကာ ဆက်၍ ဆက်၍ ဖတ်မိသည်၊ မိတ်ဆွေ မာဂဓီပြောတာမှန်ပါသည်။ သူကဆွဲသွားသည်နှင့် မရှိသေးသော စာဖတ်ချိန်သည် အလိုလို ပေါ်၍ လာပါ၏။

သို့နှင့် လူတိုင်းအတွက်မင်္ဂလာကို မိမိအတွက် မင်္ဂလာ လုပ်ပစ်လိုက်နိုင်ပါတော့သည်။

ကျမ်းဦးဆရာသည် ဤလူကိုင်းအတွက် မင်္ဂလာကို စာရေးဟန်ဖြင့်မပြု၊ စကားပြောဟန်ဖြင့် ပြုစုထား၏၊ မန္တလေးစာရေးဆရာတို့ဟန်၊ ဆရာငွေဥဒေါင်း အပြောနှင့် ဆိုလျှင် ဆင်သွားလမ်းဆရာတို့ ဟန်ပင်။

စာရေးသူတို့ ငယ်စဉ်က "သင်္ဂြိုဟ်စကား ပြောပုံကျမ်း" ဟူသော စာအုပ်တစ်အုပ်ကိုဖတ်ရှုဖူး၏။ သင်္ဂြိုဟ်သရုပ်အဓိပ္ပာယ် ကျမ်း မြောက်မြားစွာတို့ အထဲမှ ထူးကဲသော စကားပြောပုံကျမ်း၊ တစ်နည်း စကားပြောဟန်ဖြင့် ရေးသား ထားသော ကျမ်းဖြစ်သည်။

သင်္ဂြိုဟ်သင်စ ကလေးသူငယ် ကျောင်းသား လူမမည်များ အကြိုက်တွေ့သော စာအုပ်ပင်ဖြစ်ပါသည်။

ဥပမာဆိုရလျှင် ဘုန်းတော်ကြီးတို့ တရားပွဲများ ကြားဝယ် ကွက်စိပ်ဆရာ ဝင်ရောက်ပြောဆိုနေသလို ဖြစ်ပါသည်။

"အလကားကွယ် ပရမတ္ထတရား၊ အဘိဓမ္မာ တရားတွေကို ပေါ့အောင်လုပ်ပစ်တယ်"ဟု ဆရာ့ဆရာကြီးများကိုပြောသော် လည်းစာရေးသူတို့ ကလေးများကား ဖတ်၍ လည်းကောင်း၊ ကိုယ်သိချင်သော သင်္ဂြိုဟ် အဓိပ္ပာယ်များကိုလည်း ရှင်းရှင်း လင်းလင်းသိရသဖြင့် ထိုစာအုပ်ကို ကြိုက်နှစ်သက်ခဲ့ရလေသည်။

ယခု ဤလူတိုင်းအတွက်မင်္ဂလာသည်လည်း ဤကဲ့သို့ စကား ပြေဟန် ကျမ်းဖြစ်ရာ၊ ကျမ်းပြုဆရာက သူပြောလိုသောအချက် အလင်္ကာများကို ပေါ်လွင်သောစကားလုံးများဖြင့် ပီပီ ပြင်ပြင် ပြောပြသွား၏။ ပုံပြင်အစုစုတို့ဖြင့် ဖတ်ရှုမငြီးအောင် ပြုစုသွား၏။ မင်္ဂလာတစ်ပါးပြီးတစ်ပါး ရပ်နား၍ မနေနိုင်အောင် ဆွဲ ခေါ်သွားရာ ကျမ်းဆုံးမှ ပင်ဘိုးကနဲ ပစ်ချလိုက်နိုင်တော့သည်။

"စကားပြေဟန်ဖြင့် ရေးသားသား၍၊ ပေါ့မနေပေဘူး လား"ဟု ဆရာသမားတစ်ဦးကို ဆို၏။ ပေါ့ပါ၏။ ပေါ့ပေါ့ ပါးပါး စကားနားလည်သဖြင့် သိစေလိုသော မင်္ဂလာတရား ရေးဖို့ကို ကလေးတို့ဖတ်ရှုမှတ်သား ကျင့်သုံး၍ သွားနိုင်သည်ဟု ပြန်လည်ဖြေဆိုရသော် သင့်ပေရာ၏၊

သို့သော်စာရေးသူက ကလေးတို့အတွက် အလွန် သင့်လျော် သော စာဟုသာ ရည်ညွှန်းချီးပင့်နေ၏။ သူ့နာမည်ကိုကြည့်ပါ ဦးလေ့၊ (လူတိုင်းအတွက် မင်္ဂလာ။) ဟုတ်ပါ၏။ ကလေးတို့ အတွက်သာ ကျမ်းပြုဆရာရည်ရွယ်သည်မဟုတ်၊ လူတိုင်းအတွက် ရည်ရွယ်သော ကျမ်းစာဖြစ်ပါသည်။

လူတိုင်းဟူသည် အရွယ်မရွေး၊ အတန်းအစား မရွေး ဖြစ်သည်။ ဤကျမ်းမှာ စကားပြေသလိုပေါ့ပေါ့ကလေးရေးသွားသဖြင့် အရွယ်မရွေး၊ အတန်းစားမရွေး လွယ်လွယ် ကလေး ကောက် ဖတ် သွားနိုင်၏။ ဖတ်ရင်း၊ ဖတ်ရင်းလည်း လေးနက်ခက်ခဲသောမင်္ဂလာအဓိပ္ပါယ်တို့ လွယ်လွယ်ကလေးဖြင့် ထောက်ပြသွားသဖြင့်သေတ္တာထဲက ပတ္တမြားလုံးကို သေတ္တာဖွင့်ယူမနေရဘဲ ဖျာပေါ်တင်ထားပေးသည့်ပတ္တမြားရတနာကိုလွယ်ကူစွာ ကောက်ယူရသကဲ့သို့ ရှိဘိသည်။

တစ်နည်းအားဖြင့် (လူတိုင်းအတွက်) ဆိုရာ၌ လူတိုင်းနှင့် သင့်လျော်အောင် ကြိုးစားထားသော မင်္ဂလာစာအုပ်ဟု ယူဆရကောင်းရာ၏။

ဤကျမ်းတွင် မင်္ဂလာတရားတော်ကို ဘက်စုံအောင် ဖော်ပြထား၏။ သာသနာ့ဝန်ထမ်း ရဟန်းတော်များ၊ မင်းစိုး ရာဇာများ၊ ကုန်သည်ပွဲစားများ၊ အလုပ်သမား၊လယ်သမားများနှင့် အ-သုံးလုံးကြေ စသော တောသူ တောင်သားများ အထိ ဖတ်ရှုနိုင်အောင် စီစဉ်ထား၏။

စကားလုံးလွယ်ကူမှု၊ အပြအသ ရှင်းလင်းမှု၊ အကြောင်းအရာစုံလင်မှု၊တရားသဘော ပြည့်ဝမှု၊အကိုးအကား မှန်ကန်မှု၊ အယူအဆ ကောင်းမွန်မှု စသော ကောင်းခြင်းအင်္ဂါ အဖြာဖြာတို့ကြောင့် ဤစာမူသည် "လူတိုင်းအတွက်" ဆိုသော ဝိသေသန၊ နာမ လက္ခဏာနှင့် ကိုက်ညီလှပါသည်။

မှန်ပါသည်၊ ဤစာကို ဆရာတော် သံဃာတော်များဖတ်ရှု၍ အပြစ်မမြင်နိုင်ဘဲ လို အ,သုံးလုံးကြေ တောကအဘွားကြီးတဦးအား ဖတ်ခိုင်းလျှင်လည်း ထစ်ငေါ့ထောင့်ကွေးမနေ၊ပေါ်ပေါ်

# ကျမ်းဦးအမှာ

လွင်လွင်နှင့်နားလည်စေနိုင်ပေသည်တို့ကြောင့်လူတိုင်းအတွက် မင်္ဂလာဆိုသောအမည်နှင့် လိုက်လျောညီထွေ၍ လှပါပေသည်။

နေ့စဉ်သုံး နိဂုံးအနေဖြင့်ရေးလိုသည်ကား မင်္ဂလာ အဖွင့် ကျမ်းများကို မင်္ဂလတ္ထဒီပနီ၊ မင်္ဂလာဒီဝိနိစ္ဆယ၊ မင်္ဂလာ သာရ ဒီပနီမှစ၍ မင်္ဂလာ ကျမ်းပေါင်းများစွာ ပေါ်ထွက် ခဲ့ပါ၏။ မင်္ဂလာအကြောင်းအရာများကိုသူ့နည်းနှင့်သူ ပြဆိုထားသဖြင့် ကောင်းသည်ချည်းသာ ဖြစ်ပါသည်၊ ကောင်းသည် ဟူသော သဏ္ဌာန်ပေါ်၌ ခက်သည်-လွယ်သည် ဟူသော အရောင်ကို တင်ရာ၌သာ ကွာခြားမှုရှိပါလိမ့်မည်။ ကြက်သားဟင်း ချက် ရာ၌ မူသကပင် ကောင်းပြီးသားကြက်သားဖြစ်၍၊မကောင်းဟု ပြောစရာကားမရှိ၊ နူးနပ်မှု ပေါ့ငန်မှု၊ ချိုမှု စပ်မှု အနည်းနည်း ကွာခြားမှုသာ ရှိကောင်းရှိမည်၊ ကောင်းသည်ဟူသော ဂုဏ်ဒြပ် ကမူ ရွေ့လျော၍ သွားမည်မဟုတ်ပါ၊

ဤနည်းတူမင်္ဂလာဟူသော အကောင်းတရားကို အကြောင်း အားလျော်စွာ အခြေစိုက်ထားသောမင်္ဂလာအဖွင့်ကျမ်းအမျိုး မျိုးတို့သည် တစ်မျိုးတစ်ဖုံစီ ကောင်းကြသည်ချည်း ဖြစ်သည်။

ဤအထဲတွင် ဤ လူတိုင်းအတွက်မင်္ဂလာ သည် ကြက်သား ဟင်းကို ငရုတ်နည်းနည်း ဆီကျဲကျဲဖြင့် အရည် ကဲလျက် ကာလ သားချက် ချက်ပေးထားသကဲ့သို့ရှိရာ လွယ်လွယ် ဖတ်၍ မှတ်မိ သိရှိစေပြီးကာ မင်္ဂလာတရားသဘောတို့ကို ဘုရားဟောအတိုင်း ကျင့်သုံးနိုင်အောင် စုရုံး တင်ပြထားသဖြင့် လူတိုင်း အတွက် လွယ်ကူဆုံးသော မင်္ဂလာတရားပြ စာအုပ်တစ်အုပ်ပင်ဖြစ်သည် ဟု ပြောလိုပါသတည်း။

ရဝေထွန်း

၂၉-၁၀-၈၃

# ကျမ်းဦး ဆုမွန်

✠ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

✠ မာရ်ငါးပါးကို အောင်တော်မူ၍ ဗြဟ္မာလူနတ် သေးမြူက် ကော်ရော် အလှူတော်မှန် ပူဇော်အထူးကို ခံတော်မူထိုက် ထသော၊ အမှန်အတိုင်းသာ ဆရာမရှိ တရားအကုန် အလုံး စုံနှင့်တကွ သစ္စာလေးဆူ အောင်လံထူ၍ ပြိုင်ဘက်ရှားကိုယ် တော်တိုင်သာလျှင် သိတော်မူထသော၊ ထို ဘုန်းတော် ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူထသော၊ ဗုဒ္ဓ ရှင်တော်မြတ်စွာဘုရားအား ရှိသေမြတ်နိုး ရှိခိုး ကန်တော့ ပါ၏ ဘုရား။ ဤသို့ ရှိခိုးဦးချပြီး၍ မြောက်ဥက္ကလာပမြို့ ရွှေဥမင်တောရ ကျောင်းရှင် ဆရာတော်ဘုရားသည် တိုက် တွန်းတော်မူရကား ဆရာတော် ဘုရားကြီး၏ ခြေတော် အစုံကို ရှိခိုး ဦးခိုက်၍ နည်းနာ ခံယူကာ အမျိုးကောင်း သားသမီးတို့၏ ကြီးပွားချမ်းသာ တိုးပွား စိမ့်သောငှာ ဗုဒ္ဓ ဘုရားမြတ်စွာဟောကြားတော်မူအပ်သော မင်္ဂလာ တရား တော်ကို ပါဠိ မဘက် စကားပြေသက်သက်ဖြင့် ရေးသား တင်ပြအပ်ပါသတည်း။

ဤကောင်းမှုကြောင့် လိုရာ ပြီးမြောက် ကြံတိုင်း ပေါက်၍ နိဗ္ဗာန်ချမ်းသာ၏ အထောက်အပံ့သည် ဖြစ်ပါစေသောဝ်။

၁၂၄၅ ခု၊ ကဆုန်လဆန်း ၁ ရက်၊ (စန်းသမိန်)
၁၉၈၃ ခု၊ မေလ ၁၂ ရက်။



## စကားလက်မွန်

မနက်မိုးလင်းလာတယ်ဆိုရင် လူတိုင်းလူတိုင်းဘဲ **မင်္ဂလာပါ**။ မင်္ဂလာရှိတဲ့အသံကိုကြားချင်တယ်။ မင်္ဂလာရှိတဲ့ ရုပ်ဆင်းကို မြင်ချင်တယ်။ တစ်နည်းပြောရရင် ချိုသာတဲ့အသံမှ ကြားချင်တယ်။ လှတာမှမြင်ချင်တယ်။ စောစောစီးစီး အမင်္ဂလာတွေမကြားချင်ဘူး၊ အရုပ်ဆိုးတာကိုမမြင်ချင်ဘူး၊ မင်္ဂလာရှိတာကို လိုချင်တယ်။ မင်္ဂလာမရှိတာကို မလိုချင်ဘူး၊ ဒါဟာ လူ့သဘော လူ့သဘာဝဘဲ၊ ဒီတော့မင်္ဂလာရှိအောင် ဘာလုပ်ကြမလဲ၊ မင်္ဂလာဆိုတာက ဘာလဲ။ ဘယ်လိုဟာကို မင်္ဂလာခေါ်သလဲ။ ရှာကြ ဖွေကြတယ်။ မေးကြ မြန်းကြတယ်။ အမျိုးမျိုးထင်ရာ မြင်ရာ၊ ပြောကြ ဖြေကြတယ်။

အချို့ကလည်း ပဋိသန္ဓေစွဲတဲ့နေ့မှာ ပြုတဲ့မင်္ဂလာ၊ ဖွားမြင်တဲ့မင်္ဂလာ စသည်ဖြင့် လူ့ရဲ့ဘဝ တစ်သက်တာမှာ ဒိဋ္ဌမင်္ဂလာ တစ်ဆယ့်နှစ်ပါးကို ပြောကြတယ်။ ဒါတွေဟာ ဗုဒ္ဓမြတ်စွာ ဟောကြားရာမှာ ဘယ်လိုသက်ဆိုင်သလဲ။ နောက်တော့ပြောပါမယ်။

မင်္ဂလာဆိုတဲ့သဘောကတော့ မကောင်းမှုတွေရဲ့ ဆန့်ကျင်ဘက်၊ မကောင်းတာတွေကို ဖျက်ဆီးပြီး ကောင်းသော အမှု

တွေမှာ တိုးတက်ကြီးပွားကြောင်း၊ ချမ်းသာကြောင်း ဖြစ်ပါတယ်။

ဒီလို ဒိဋ္ဌမင်္ဂလာတွေကို ငြင်းကြ ခုံကြနှင့် ဘယ်သူမှ ဘဝင်မကျပါဘူး။ ဗုဒ္ဓဘုရားရှင် ပွင့်တော် မူလာတော့မှ သိကြား မင်းက တောင်းပန်လို့ သုံးဆယ့်ရှစ်ပါးသောမင်္ဂလာကို ဟော တော်မူတယ်။

ဒီတော့ ဒီနေရာမှာက မေးစရာရှိလာပြန်တယ်။ မင်္ဂလသုတ် တော်မှာက "အညတရာအမျိုးအမည်မထင်ရှားသော ဒေဝတာ နတ်သားသည်လို့ ဆိုထားတာမဟုတ်လား။ ဒီတော့မထင်ရှားတဲ့ နတ်သားဟာ ဘယ်လိုအကြောင်းကြောင့် သိကြား မင်းလို့ ပြောရသလဲ။

မြတ်စွာဘုရားကို နတ်ပြဟ္မာတို့ ဖူးမြော် ဆည်းကပ်ရာမှာ ညဥ့်ဦးယံမှာ စတုမဟာရာဇ်နတ်များ၊ သန်းခေါင်ယံမှာ တာဝတိံသာ နတ်သိကြားများ၊ မိုးသောက်ယံမှာဗြဟ္မာများဖူးမြော် မြဖြစ်တဲ့အတွက် ပါဠိတော်မှာ "အဘိက္ကန္တာယ။ ညဥ့်ဦးယံလွန် ပြီးသော၊ ရတ္တိယာ။ သန်းခေါင်အခါ၌" လို့ လာရှိတဲ့ အတွက် သိကြားဖြစ်ကြောင်းသိရပါတယ်။

ဒီလို မြတ်စွာဘုရားက ၃၈ ဖြာ၊ မင်္ဂလာ တရားတော်ကို ဟောတော်မူရာမှာ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုး ကိုပြည့်စုံအောင် ဟောကြားတော်မူပါတယ်။

အချို့က ဗုဒ္ဓဘုရားရှင်ဟာ လောကုတ္တရာ သက်သက်သာ ဟောတယ်လို့ထင်ကြတယ်။ လောကုတ္တရာက အရင်းခံဖြစ်သော် လည်းဘဲ လောကီ အကျိုးအတွက်လည်း များစွာဟောကြား တော် မူတဲ့ သာဓကတွေ အများကြီးရှိပါတယ်။

ဥပမာ–သိင်္ဂလောဝါဒ သုတ်မှာ လူလူချင်း ဆက်ဆံရေး ကျင့်ဝတ်တွေ ဟောတော်မူပါတယ်။ ဗုဒ္ဓမြတ်စွာ ဟောတော်မူတဲ့အတိုင်းသာ ကျင့်ကြံ ကြမယ်ဆိုရင် သူခိုး ဓားပြလည်း မရှိဘူး၊ ခါးပိုက်နှိုက်လည်း မရှိဘူး၊ တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဒေါသလည်းမရှိဘူး၊ ကမ္ဘာစစ်လည်း မရှိ၊ အားလုံး ငြိမ်းချမ်းသာယာဝပြောတဲ့ လောကကြီးဖြစ်မှာပါဘဲ။

ဗုဒ္ဓဘုရားရှင်တို့ဆိုတာက ဘုရားဖြစ်ဖို့ ကျင့်တော်မူရာမှာ

**"ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ။**

**လောကေ**။ လောကသုံးခွင် ဘုံအပြင်၌၊ (ဝါ) ဗြဟ္မာ နတ်လူ သုံးဘုံသူတို့၏ လောက၌၊ **သဗ္ဗပါဏိနံ**။ လုံးစုံ များစွာ သတ္တဝါတို့၏၊ **ဟိတာယ**။ လောကီလောကုတ် မယုတ် တိုးပွားအကျိုးများစိမ့်သောငှာ၊ **ဗုဒ္ဓေါ**။ ။သစ္စာလေးဆူ အောင်လံထူ၍ ပြိုင်သူ ဘက်ရှား ဗုဒ္ဓ ရှင်တော် မြတ်ဘုရားသည်၊ **သမုပ္ပန္နော**။ ။ဥဒည်တောင်စွန်း နေဝန်းကဲ့သို့ ပွင့်ထွန်း ပေါ်လာတော်မူခဲ့ပါပေပြီ။

ဆိုတဲ့အတိုင်း လောကီလောကုတ္တရာနှစ်ဖြာသောအကျိုးနှင့် ယှဉ်ပြီး ဟောတော်မူတာ ဖြစ်ပါတယ်။

ဒီလို ဟောရာမှာ ၃၈ ပါးသော မင်္ဂလာ တို့ကို ခွဲစိတ် ကြည့်မယ်ဆိုရင် အသက် အပိုင်း အခြား အလိုက်၊ လူမှုရေး၊ အမျိုးသားရေး၊ ဘာသာရေး တစ်ဆင့်ပြီး တစ်ဆင့် ဘက်စုံ ဖြစ်အောင် ပါဝင်တယ်ဆိုတာ တွေ့နိုင်ပါတယ်။ ပြီးတော့ ဘယ် အချက်ဟာ အရေးအကြီးဆုံးလဲ ဆိုတာလည်း တွေ့ရပါမယ်။

အရေးအကြီးဆုံး အချက်ကို အရင်ဆုံး ပြောတော်မူပါတယ်။

ဒီမင်္ဂလာချို့တဲ့ရင် ကျန်မင်္ဂလာတွေဟာ မရှိနိုင်တော့ဘူး။
ဒီမင်္ဂလာပြည့်စုံရင် ကျန်မင်္ဂလာတွေဟာ တစ်ခုပြီး တစ်ခု ပြည့်စုံလာနိုင်ပါတယ်။ ဒီတော့ ဘာလဲ—

## (၁)

## လူမိုက်ကို မမှီဝဲခြင်းမင်္ဂလာ

**လူမှာ အရေးအကြီးဆုံး**

လူမှာအရေးအကြီးဆုံးဟာ ဘာလဲ၊ ပတ်ဝန်းကျင် ပါဘဲ။

ပတ်ဝန်းကျင်က လူကိုပြုပြင်တယ်၊ ပတ်ဝန်းကျင်ကောင်းဖို့ လိုတယ်။ သာမဏေနဲ့ သာမဏော၊ ဂေါဏေနဲ့ ဂေါဏော၊ မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါဆိုတဲ့ စကားရှိတယ်။ ဒီတော့ အမိဝမ်းထဲကထွက်ပြီး လူ့ဘဝကိုရောက်လာတာနဲ့ ကလေး ကလေးဟာ ပတ်ဝန်းကျင်ကပေးတဲ့အသိကိုသင်ကြားယူတယ်။

ဥပမာ မြန်မာကလေး ကုလားထဲ ငယ်ငယ် ကတည်းက သွားထား ကုလားစကားတတ်တယ်။ ကုလားကလေး မြန်မာ ထဲလာထား မြန်မာစကားတတ်တယ်၊ ဒီသဘောဘဲ။

ဒီသဘောဖြစ်တော့အပေါင်းအသင်းဟာအရေးကြီးတယ်။

မိဘကအစ ကောင်းဖို့လိုတယ်၊

မိဘကောင်းမှသားသမီးကောင်းမယ်။ သားသမီးမကောင်း မိဘခေါင်းလို့ ဆိုရိုးရှိတယ်။

လက်ဦးဆရာ မည်ထိုက်စွာသား၊ ပုဗ္ဗာစရိယ မိနှင့် ဖလို့ ဆိုတယ်။ ကလေးဟာ ပထမဆုံးပေါင်းရတာ မိဘ၊

အပေါင်းအသင်း။ ဘယ်လိုအပေါင်းအသင်းတွေ ကလေး ပတ်ဝန်းကျင်မှာ ရှိရမလဲ၊ ဒါကို မိဘက ဆောင်ရွက်ရမယ်။ ကလေးပတ်ဝန်းကျင်မှာ အပေါင်းအသင်းကောင်း ရှိဖို့ဆိုတာ ဟာ မိဘရဲ့ တာဝန်တွေဘဲ။

ဒါကြောင့်မို့လို့ ဗုဒ္ဓမြတ်စွာဘုရားရှင်က ဒါကို ပထမဦးဆုံး ဟောတော်မူပါတယ်။

ဗာလာနံ၊လူမိုက်တို့ကို၊ ယာအသေဝနာစ၊

**အသေဝနာစ** **ဗာလာနံ** အကြွင် မပေါင်းသင်း မမှီဝဲခြင်း သည် လည်းကောင်းလို့ ဟောတော်မူတယ်။

ဒါဟာ အရေး အကြီးဆုံးဘဲ။ လူမိုက်ကို မပေါင်းမိဖို့ အရေးအကြီးဆုံး လူမိုက်ကပေါင်းမိရင် တစ်သက် လုံးမက သံသရာပါမှောက်တော့တာဘဲ။

**လူမိုက် အဓိပ္ပာယ်** ဒီတော့ လူမိုက်ဆိုတာ ဘယ်လိုလူကို လူမိုက် ခေါ်သလဲ၊ လူမိုက်ကိုပေါင်းသင်းရင်ဘယ် လိုအကျိုးယုတ်သလဲ ဆိုတာကို သိဖို့ လိုပါ တယ်၊ဒီနေရာမှာလောကနီတိကိုပြန်ကြည့်ဖို့လိုတယ်။ ကျွန်တော် တို့ငယ်စဉ်ကကျောင်းမှာ လောကနီတိ ဓမ္မနီတိကို ဘာသာတစ် ရပ်အနေနှင့် ဒါမှမဟုတ် မြန်မာစာ ဘာသာရပ်ထဲမှာ ထည့်ပြီး

သင်ကြရတယ်။ ခေတ်လူငယ်တွေ ဒါ့တွေကို မဖတ်တော့ဘူး။ ဖတ်အောင် ကျင့်အောင် မိဘမှာတာဝန်ရှိတယ်။

လူမိုက်ဆိုတာက သူ့ကိုချစ်လို့ ခေါင်းပေါ် တင်ထားပေမယ့် အကျိုး မပြုဘူး၊ ကျေးဇူး မဲ့ကိုသာ လုပ်တတ်တယ်။ ကျေးဇူးမဲ့စကားကိုသာ ဆိုတတ်တယ်။

မိတ်ဆွေကျောင်းဆရာတစ် ယောက်ပြောသွားတာ သတိရတယ်။ တပည့်တစ်ယောက် အလုပ်ကမရှိ၊ သနားလို့ စက်ရုံတစ်ရုံမှာ အလုပ်သွင်းပေးတယ်။ သုံးလေးရက် ကြာတော့ ဒီတပည့်ဟာ အလုပ်အသွားမှာ ကားတိုက်ခံရတယ်။

ကားတိုက် ခံရတာ ကိုယ့်အပြစ်။ ကိုယ့်အပြစ် ကိုတော့ ကိုယ် မပြောဘူး၊ ဒီဆရာ အလုပ် သွင်းပေးလို့ ကားတိုက်ခံရတယ်။ ဒီအလုပ်ကို သွင်းမပေးရင် ကားတိုက်ခံရမှာမဟုတ်ဘူး ပြောတယ်။

ဒီတော့ ဆရာလုပ်သူမှာ အလုပ်လည်း သွင်းပေးရသေး၊ အပြစ်လည်း ပြောခံရသေးဖြစ်တယ်၊

အလုပ်သွင်းမပေးပြန်ရင်လည်း ဒီဆရာ ဘာမှ အားကိုးမရဘူး ပြောဦးမယ်။

ဒီတော့ လူမိုက်ဆိုတာ ဒီလို မကောင်းတဲ့ ကျေးဇူးကိုသာ ပြုတတ်တဲ့သဘောရှိတယ်။

ဒါကြောင့် လောကနီတိ*မှာ—

''မြွေသည် အမျက်လွန်၏၊ သူမိုက်သည်လည်း အမျက်လွန်၏၊ မြွေထက် သူမိုက်သည် အမျက်လွန်၏။ ထိုမြွေ ကိုကား

---

* လောကနီတိ၊ ဗာလဒုဇ္ဇနကဏ္ဍပုဒ်ရေ ၆၉

ဆေးဝါးတို့ဖြင့် ငြိမ်းစေ နိုင်၏။ သူ့မိုက် ကိုကား အဘယ် မည်သောဆေးဖြင့် ငြိမ်းနိုင်အံ့နည်း" လို့ လာရှိတယ်။

**ဒေဝဒတ်ကို ပေါင်းမိလို့** ဒါကြောင့် ဗုဒ္ဓဘုရားရှင်ရဲ့ ယောက်ဖတော် ဒေဝဒတ်ကို ကြည့်မယ်ဆိုရင် တစ်သက်လုံး ပြုပြင်လို့မရဘူး၊ ဘုရားကိုပြစ်မှားတယ်။ မိမိ ပြစ်မှားရုံတင် မကဘူး။ သူတပါးကိုလည်း ပြစ်မှား စေတယ်။ ဒါကြောင့်အဇာတသတ်ဟာ ပါရမီရှိသူဖြစ်လျက် ဒေဝဒတ်ဆို တဲ့လူမိုက်နှင့်ပေါင်းမိလို့ ခမည်းတော်ဗိမ္ဗိသာရမင်းကြီးကိုသတ် မိတဲ့အတွက် ပဉ္စာနန္တရိယကံကြီးထိုက်ပြီး ငရဲကို ရောက်ရတယ်။

ပဉ္စာနန္တရိယကံ* ဆိုတာက အမိရင်းကို သတ်ခြင်း၊ အဘ ရင်းကို သတ်ခြင်း၊ ရဟန္တာကို သတ်ခြင်း၊ ဘုရားရှင်အား သွေး စိမ်းတည်အောင် ပြုခြင်း၊ သံဃာတော်တို့အား ဆင်းခွဲ ခြင်းတို့ ဖြစ်တယ်။

သေသည်၏ အခြားမဲ့မှာ အဝီစိငရဲသို့ရောက်ရတယ် ဆိုတာ ခုဒ္ဒကပိဘင်းပါဠိတော်နှင့် အင်္ဂုတ္တိုရ်ပါဠိတော်မှာ လာရှိတယ်။

ဒီလိုအပြစ်မျိုးကိုပြုမိရင် ဘယ်လိုမှ ကုစားလို့မရတော့ဘူး။ ဒါကြောင့် လူယုတ်မာ လူမိုက်ကိုမပေါင်းမိဖို့ အရေး ကြီးတယ် ဆိုတာဘဲ။

**လူမိုက်နှင့် ပေါင်းတော့** ခေတ်သာစကကို ပြရမယ်ဆိုရင် အထက် အညာဘက်က လူငယ် တစ်ယောက်ဟာ ရန်ကုန်မြို့ပေါ်လာပြီး အလုပ် လုပ်တယ်။ ဆွေမျိုးမရှိဘူး။ တစ်ယောက်တည်းဘဲ၊ ဒီလိုအလုပ်လုပ်ရင်းနှင့်

* သုတေသန သရုပ်ပြအဘိဓာန်။ စာ-၂၅။

ဤလမ်း၊ ဤရပ်ကွက်ထဲက လူမိုက်တစ်စုနှင့် အပေါင်းအသင်း ဖြစ်တယ်၊ တစ်ညမှာ လူမိုက်တွေက ဝိုင်းပြီးအရက်တိုက်ခိုင်းလို့ အရက်တိုက်ရတယ်။ မူးလာတဲ့အခါမှာ လူမိုက်တွေက ဝိုင်းပြီး ပါးရိုက်တယ်။ ပါးတွေနားတွေ ရောင်ကိုင်းကုန်တယ်၊ သူက ပြန်မလုပ်ပါဘူး။ ငါ့လူတွေ မူးနေလို့ဘဲလို့ သည်းခံတယ်။

မနက်ကျတော့ ညကရိုက်သွားတဲ့ လူမိုက် တစ်ယောက်နှင့် လမ်းမှာတွေ့တယ်။ ဒီတော့ သူက "သူငယ်ချင်းရယ် မင်းတို့ကို ငါ ညက အရက်လည်းတိုက်ရသေး၊ မင်းတို့ကလည်းငါ့ပါးကို ဝိုင်းရိုက်သွားသေး။ ဒီမှာ ကြည့်စမ်းပါဦး ရောင်လို့ ကိုင်းလို့" လို့ ပြောတယ်၊

ဒီတော့ လူမိုက်က "အေးကွာ! ငါတို့လည်း မူးနေလို့" လောက်သာ ပြန်ပြောရင် သူကျေနပ်မှာ၊ တောင်းပန် စရာ တောင် မလိုပါဘူး။

ဒါပေမယ့် လူမိုက်က ဒီလိုမဟုတ်ဘူး 'အေး....ညက မင်း ပါးကိုရိုက်တော့ ဘာဖြစ်သလဲ၊ မင်းက ဘာလုပ်ချင်လို့လဲကွ" ဆိုပြီးတော့ လမ်းလယ်မှာထပ်ပြီး ပါးရိုက်တယ်။

ဒီတော့ သူ သည်းမခံနိုင်တော့ဘူး၊ ဒေါသ အလွန်အကျွံ ထွက်ပြီး အလုပ်လုပ်ရာမှာသုံးတဲ့ကြက်သွန်လှီးတဲ့ဓားနှင့်ပြန်ထိုး လိုက်တာ လူမိုက်လည်း ပွဲချင်းပြီး သေသွားတယ်။ သူလည်း ဂါတ်ရောက်၊ ရုံးရောက် အမှုဖြစ် ထောင်ကျဖြစ်ရတာယ်။

ဒါကြောင့် လောကနီတိ*မှာ—

“ယုတ်မာသော သဘောရှိသော လူမိုက်သည် သူတစ်ပါးတို့၏ နှမ်းစေ့ခန့်မျှသာရှိသော အနည်းငယ်သောအပြစ်ကိုလျှင် မြင်တတ်၏။ အုန်းသီးခန့်လောက်ရှိသော မိမိ၏အပြစ်ကိုကား မမြင်တတ်”လို့ လာရှိတယ်။

ဒါကြောင့်လူမိုက်ဟာ **သူတစ်ထူးရဲ့အပြစ်ကို** အမြဲ မြင်နေတယ်၊ အမြဲရှာကြံနေတယ်၊ လူမိုက်က ချီးမွမ်းတယ် ဆိုတာဟာလည်း အကောင်းမဟုတ်ဘူး။

လောကနီတိ*မှာ—

“လူမိုက်သည် ပညာရှိအား ချီးမွမ်းခြင်းဖြင့် ဒဏ်ကို ပေးသည် မည်၏”လို့ လာရှိတယ်။

လူမိုက်တွေက ချီးမွမ်းတာဟာ ဒဏ်ပေးတာဘဲ၊ မကောင်းပြုဖို့ မြှောက်ပေးတာဘဲဖြစ်တယ်။

**လူမိုက်** လူမိုက်ရဲ့သဘောကို ဝိဘင်္ဂပါဠိတော်လာ
**အင်္ဂါရပ်** လူတို့၏ အညစ်အကြေးတရား+မှာ—

(၁) ထောဓေ — အမျက် ထွက်ခြင်း။ (၂) မက္ခော—ကျေးဇူးမသိခြင်း။ (၃) ဣဿာ—မနာလိုခြင်း။ (၄) မစ္ဆရိယံ—သဝန်တိုခြင်း။ (၅) မာယာ —လှည့်ပတ်ဖြားယောင်းတတ်ခြင်း။ (၆) သာဌေယျံ—စဉ်းလဲကောက်ကျစ်ခြင်း။ (၇) မုသာဝါဒေါ – လိမ်ညာ ပြောတတ်ခြင်း။

* လောကနီတိ၊ ဗာလဒုဇ္ဇနကဏ္ဍ၊ ပုဒ်ရေ-၇၅။
* ၎င်းပုဒ်ရေ-၇၇။
+ သုတ္တသနသရုပ်ပြအဘိဓာန် စာ-၅၂၉၊ ၅၂၇။

၂၅၉၀၈

(၈) ပါပိစ္ဆတာ–မတရား ဒေါလိုရှိခြင်း။ (၉) မိစ္ဆာဒိဋ္ဌိ–မိစ္ဆာအယူရှိခြင်းလို့ လာရှိပါတယ်။ ဒါကြောင့် လူမိုက်ဆိုတာဟာ အညစ်အကြေးရှိသူလို့လည်း ဆိုနိုင်တယ်။

မင်္ဂလာတရားတော်မှာ လူမိုက်ကို မပေါင်းသင်းဖို့ အဓိကအချက်ဖြစ်တဲ့အတွက် လူမိုက်အကြောင်းကို တော်တော် ကျယ်ကျယ်ပြန့်ပြန့်ပြောချင်ပါတယ်။

လူမိုက်* ဆိုသည်မှာ "မကောင်းသောအကြံကို ကြံခြင်း၊ မကောင်းသောစကားကို ပြောခြင်း၊ မကောင်းသောအလုပ်ကို လုပ်ခြင်းတို့တည်း။

ဤလက္ခဏာ သုံးပါး ရှိသူကား အမျိုးမြတ်သူပင် ဖြစ်စေ၊ ပစ္စည်းကြွယ်ဝသူပင် ဖြစ်စေ၊ အစိုးရသူပင်ဖြစ်စေ၊ မည်သူမဆို ဗာလ - လူမိုက်ပင်ဖြစ်ပါတယ်။

လူမိုက်ကို ပါဠိလို ဗာလလို့ခေါ်ပါတယ်။ ဒီလိုလူ မျိုးမှာ ပညာတွေ ဘယ်မျှ တတ်စေဦးတော့ ပညာအရ သိထားသော ကောင်း မကောင်းကို လိုက်နာရှောင်ကြဉ်ခြင်းမရှိ၊ တလွဲကျင့်သူဖြစ်လို့ ပညာဖြင့် အသက်ရှင်နေသူမဟုတ်၊ အသက် ရှူရှိုက်မျှဖြင့် အသက်ရှင်နေသူ ဖြစ်ပါတယ်။

ဒါကြောင့် "ဗလန္တီတိဗာလာ။ ဗလန္တိ၊ ပညာမပါ အသက် ရှူရှိုက်မျှ အသက်ရှင်နေကြကုန်၏၊ ဣတိ၊ ထို့ကြောင့်။ ဗာလာ၊ ဗာလမည်ကုန်၏" လို့ ဆိုပါတယ်။

---

* အရှင်ပါသေဒ္ဒါဘိဝံသ၊ ပရိတ်ကြီးနိဿယသစ် စာ–၇၃။

**လူမိုက်ကို ဆရာတင်မိလို့** အရုပ်ထဲက ကလေးနှစ်ယောက် ဒီလိုလူမိုက်နှင့် ပေါင်းမိတယ်၊ ကလေးတွေက ခေတ်အလျောက် သိုင်းပညာ၊ကရာတေးပညာကို တတ်ချင်တယ်။ လူမိုက်ကလည်း ကရာတေးပညာ တတ်တယ်။ ဒီတော့ ကလေးတွေက လူမိုက်ကို အထင်ကြီးမိတယ်။ ဆရာတင်တယ်၊ဆေးပေးမီးယူလုပ်ပြီးလူမိုက်သွားရာကိုလိုက်မိတယ်။

လူမိုက်ဟာ ပညာရဲ့စည်းကမ်းကို မလိုက်နာဘူး၊ ကရာတေးပညာကို အလွဲသုံးစားလုပ်ပြီး ပညာနှင့် မိုက်ဂုဏ် ပြနေတယ်။ ဒါနှင့် တစ်နေ့လူမိုက်ဟာ လမ်းကြားတစ်ခုမှာ လုယက်မှု ကျူးလွန်တယ်။ ကရာတေးတတ်ချင်တဲ့ ကလေးနှစ်ယောက်ကလည်း ပါလာတယ်။ လုယက်မယ်ဆိုတာလည်း မသိဘူး။ သူတို့ဆရာ လူမိုက်ကလုတော့ ဘေးကရပ်ကြည့်နေတယ်။ နောက် တရားရုံး ရောက်တော့ အားပေးကူညီမှုနှင့် မငြင်းနိုင်လို့ သူတို့ပါအထိုက် အလျောက် အပြစ်ပေးခံရတယ်။ ဒါဟာ လူမိုက်ကို ပေါင်းမိတဲ့ မကောင်းကျိုး။

**လူမိုက် ပေါင်းခြင်း အပြစ်** လူမိုက်ကိုမိတ်ဆွေအဖြစ် ထားမိရင် အပြစ်ခုနစ်ပါး*တွေ့ရမယ်။ (၁) ရဟာဿဘေဒ၊ လျှို့ဝှက်သောစကားကို ထုတ်ပြော တတ်ခြင်း၊ (၂) ယာစန၊ အတောင်းအရမ်းများခြင်း၊ (၃) နိဒ္ဒါရ၊ ကြင်နာမဖက် ရက်စက်တတ်ခြင်း၊ (၄) စလစိတ္တ၊ စိတ်မတည်ကြည်ခြင်း၊ (၅) ကောဓ၊ အမျက်ကြီးခြင်း၊ (၆) နိသစ္စ၊ မဖြောင့်မှန်ခြင်း၊ (၇) ဇူတ၊

---

* သုတေသနသရုပ်ပြအဘိဓာန်၊ ၈၁-၄၄၅။

လောင်းတမ်းကစား အပျော်အပါးများခြင်းတို့ ဖြစ်ကြောင်း ဟိသောပဒေသမှာ လာရှိတယ်။ ဒီလိုအပြစ်မျိုးတွေရှိတဲ့ လူမိုက်နှင့်ပေါင်းသူဟာ ဘယ်မှာချမ်းသာသုခ တွေ့နိုင် တော့မလဲ။

ဒါကြောင့် လောကနီတိမှာ-*

ဦးချိုရှိသောသတ္တဝါကို အတောင်ငါးဆယ်ရှိသောအရပ်မှ ကြဉ်ရာ၏။ မြင်းကိုကား အတောင်တစ်ရာမှ ကြဉ်ရာ၏။ အစွယ်ရှိသောဆင်ကိုကားအတောင် တစ်ထောင်ကလျှင်ကြဉ်ရာ၏။ သူမကောင်းကိုကားအရပ်ကိုစွန့်သဖြင့် ကြဉ်ရာ၏'' လို့လာရှိတယ်။

**အရှက် မရှိတော့**

ပြီးတော့ ပညာမရှိသော လူမိုက်ဟာ မိမိရဲ့ မကောင်းမှုကို ထင်ရှားပြတတ်တဲ့ သဘောလည်း ရှိတယ်။

ကေနိပါတ်၊ နစ္စဇာတ်*မှာ ဟိမဝန္တာတောမှာနေတဲ့ဘုရားလောင်း ဟင်္သာမင်းမှာ အလှန်လှပတဲ့ သမီးတစ်ဦး ရှိတယ်၊ ဒီတော့ငှက်အပေါင်းကို စည်းဝေးစေပြီး နှစ်သက်သော သူကို လင်အဖြစ် ရွေးပါလို့ခိုင်းတယ်။ ဟင်္သာငယ်မဟာ ဥဒေါင်းငှက်တစ်ကောင်ကို ရွေးလိုက်တယ်၊ ဒီတော့ ဥဒေါင်းငှက်ဟာ သိပ်ပြီးဝမ်းသာတဲ့အတွက် ငါ့အစွမ်းကိုပြဦးမယ်ဆိုပြီးငှက်တွေအလယ်မှာ ကပြတယ်၊ ဒီလိုကပြတော့ ဥဒေါင်းငှက်ရဲ့ အရှက်အင်္ဂါတွေဟာ ပေါ်ကုန်တယ်၊ ဒီအခါမှာ ဟင်္သာမင်းဟာ ဒီလိုအရှက်မရှိတဲ့ သူနှင့် ငါ့သမီးကို မပေးစားနိုင်လို့ဆိုပြီး နှင်ထုတ်ကာ မိမိရဲ့တူဖြစ်တဲ့ ဟင်္သာငယ်နှင့် ထိမ်းမြားလိုက်တယ်။

---

* လောကနီတိ၊ မိတ္တကဏ္ဍ၊ ပုဒ်ရေ-၉၀။

*ဇာတ်တော်ငါးရာ့ငါးဆယ် (ဦးမြင့်ဆွေ) စာ-၇၄။

လူမိုက်ဆိုတာ + ဟင်းရဲ့အရသာကို ယောက်မသည် မသိသလိုဘဲ လူမိုက်ဟာလည်း ပညာရှိရဲ့အကျိုးကို မသိဘူး။

ဒါကြောင့် လူမိုက်ကို တစ်ဦးချင်း မပေါင်းသင်းရုံ မကဘူး ရပ်ရေး၊ ရွာရေး၊ နိုင်ငံရေးမှာလည်း ရှောင်ရပါမယ်။

လူမိုက်မှာ အတတ် ပညာ ရှိနေရင် ကောင်း ကျိုး ထက် ဆိုးကျိုးကိုသာ ပေးတယ်ဆိုတာကို စောစောက ပြောခဲ့ပါပြီ။

ကျွန်တော်တို့နိုင်ငံမှာ သီပေါမင်း လက်ထက်မှာ သူ့ကျွန်ဖြစ်ရတာဟာ နန်းတော်ထဲမှာ ပညာရှိတွေ ဖယ်ရှားခံရပြီး လူမိုက်တွေကြီးစိုးလို့ဘဲ၊ ရနံ့ောင် မောင်မောင်တုတ်လို လူမိုက်ကို သီပေါမင်းဟာ ပေါင်းမိလို့ မကွေးရာမင်းသားကြီးတို့လို နိုင်ငံကို ချစ်တဲ့သူတွေ ဆုံးရှုံးရတာပါဘဲ၊ (ဦးစောလို အမျိုးသားသစ္စာဖောက်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းလို လွတ်လပ်ရေး ဖခင်ကြီးဆုံးရှုံးရတာတွေဟာ တွေးကြည့်ရင် အသည်း နာစရာတွေဘဲ) ဒါကြောင့် လူမိုက်ဆိုရင် လုံးဝမပေါင်းဖို့ ဗုဒ္ဓမြတ်စွာဘုရားရှင်က အဓိကထားပြီးတော့ ဟောကြားတော် မူခဲ့တာ ဖြစ်ပါတယ်။ ဒီလောက်ဆိုရင် **အသေဝနာစဗာလာနံ**ကို ရှင်းလောက်ပါပြီ။

+ လောကနီတိ၊ ပဏ္ဍိတကဏ္ဍ၊ ပုဒ်ရေ-၂၅။

( ၂ )

## ပညာရှိကို ပေါင်းသင်းခြင်း မင်္ဂလာ

ဒုတိယမြောက် မင်္ဂလာ ကတော့

"ပဏ္ဍိတာနဉ္စသေဝနာ၊ ပဏ္ဍိတာနံ၊ ပညာရှိသူတော်ကောင်းတို့ကို၊ ယာသေဝနာစ၊ အကြင်ပေါင်းသင်းမှီဝဲခြင်းသည်လည်းကောင်း" လို့ ဟောတော်မူတယ်။

ပညာရှိကိုပေါင်းသင်းသဖြင့် လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးများကြောင်း အထူး ပြောနေစရာ မလိုပါဘူး၊ အားလုံးအသိပါဘဲ။

အင်္ဂုလိမာလဟာ အမေအချင်းကို သတ်တော့မယ့် ဆဲဆဲမှာ ဗုဒ္ဓဘုရားရှင်နှင့် ပေါင်းဖော်ရတဲ့အတွက်အမေကို မသတ်တော့ဘဲ အကျွတ်တရားရပြီး ရဟန္တာ အရှင်မြတ်အဖြစ် နိဗ္ဗာန်ကို ဝင်ရတယ်။ ဘုရားရှင်နှင့်သာမတွေ့ဘူး၊ မပေါင်းရဘူးဆိုရင် အဇာတသတ်အဖြစ်မျိုး ကြုံမှာဘဲ။

ရှင်အရဟံ ပညာရှိဆိုတာက အများက်ဒေါ်သ နည်းတယ်။
ကျေးဇူး ကြွားဝါခြင်းလည်းမရှိဘူး၊ သူတစ်ထူးရဲ့အကျိုးကိုသာလိုတယ်၊ အပေါင်းအသင်း မိတ်ဆွေနှင့်
ပတ်သက်လာရင် မိမိအတွက်သာ အနစ်နာခံတယ်။

မြန်မာ့သမိုင်းကိုပြန်ကြည့်ရင် ပုဂံ ပြည်မှာ အရည်းကြီးရဟန်းတွေကြောင့် ဗုဒ္ဓသာသနာတော်ကြီးဟာ ပျက်စီး နေတယ်။ အနော်ရထာမင်းစောဟာ ဒီအရည်းကြီးတွေရဲ့ပန်းဦးပန်

တဲ့အကျင့်တွေကို ဘဝင်မကျဘူး၊ ဒီအချိန်မှာ ပညာရှိ ဖြစ်တဲ့ အရှင်အရဟံကြွလာတော်မူလို့ အရှင်အရဟံကိုဆည်းကပ်ပေါင်း သင်းရတဲ့ အတွက် မြန်မာနိုင်ငံတော်မှာ ဗုဒ္ဓသာသနာတော်ဟာ နေလိုလလိုထွန်းလင်းရုံမျှမက ပြည်သူတို့ရဲ့ အကျိုးကို ဆောင်ခဲ့ ရမှာ ယနေ့တိုင် ခံစားနေရဆဲဖြစ်တယ်။

ဒါကြောင့် နိုင်ငံအတွက်မှာလည်း ပညာရှိတွေ လိုတယ်။

**ပညာရှိနှင့် ပညာတတ်** ဒီနေရာမှာ ပညာရှိနှင့်ပညာတတ် မတူဘူး ပညာ တတ်ပြီး ကိုယ့်နိုင်ငံကိုအကျိုးမပြုဘူး၊ တစ်ခြား နိုင်ငံသွားပြီး၊ တစ်ခြားနိုင်ငံသားအဖြစ်ခံယူရင် ပညာရှိမခေါ်နိုင်ဘူး၊ လူမိုက်ဘဲ။

ဒါကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဦးနှောက်ယိုစီးမှုမရှိအောင် ဆိုပြီး ပညာတတ်တွေ နိုင်ငံခြား ရောက်မသွားဖို့ရာ ဥပဒေနှင့် လုပ်နေကြရတယ်။

တစ်ချို့က မိုက်မှ သတ္တိရှိတယ်လို့ ပြောကြတယ်။ လူမိုက် တွေက လူကောင်းတွေအတွက် အလုပ်လုပ်ပေးရတယ်။ ဒီစကား မမှန်ဘူး၊ မိုက်တာနှင့် သတ္တိရှိတာ တစ်ခြားစီဘဲ။

**မိုက်တာနှင့် သတ္တိရှိတာမတူ** တောင်ငူ ဘုရင် တပင်ရွှေထီး လက်ထက်မှာ ပဲခူး ရွှေမော်ဓော ဘုရားမှာ သွားရောက်ပြီး နားထွင်းမင်္ဂလာ ပြုဖို့အတွက် သူရဲကောင်း ငါးရာ ရွေးတယ်။ ဒီလိုရွေးရာမှာ လက်မထိပ်ကို အပ်နှင့်စိုက်ပြီး မတွန့်မလှုပ်တဲ့လူကိုမှ သူရဲကောင်းအဖြစ် လက်ခံတယ်။ ပထမ ဦးစွာ သျှင်ရဲထွတ် (နောင် ဘုရင့်နောင်မင်းတရားကြီးဖြစ်လာ

သူ)က ဦးစွာအရွေးခံတယ်။ မတွန့်မလှုပ်ဘူး၊ အရွေးခံရတယ်။ နောက် ဗလရဲထင်။

ဗလရဲထင်က တပင်ရွှေထီးရဲ့ လူရင်း၊ လက်မကို အပ်စိုက်လိုက်တော့ တွန့်သုတ်မိတယ်၊ ဒါနှင့် တပင်ရွှေထီးက သတ္တိမရှိဆိုပြီး ပယ်လိုက်တယ်။ ဒီတော့ ဗလရဲထင်ဟာ သိပ်ပြီးရှက်သွားတယ်။ သိပ်ပြီးရှက်သွားလို့ သူ ဘယ်လောက်သတ္တိရှိကြောင်းကို ပြမယ်ဆိုပြီး သူ့ဗိုက်ကို ဓားနှင့်ခွဲပြီး အူကို ထုတ်ကာ သျှင်ရဲ ထွတ်ကို ကိုင်ထားဖို့ပေးတယ်၊ သျှင်ရဲထွတ်က ကိုင်ထားတော့ ပြေးသွားတဲ့အခါ အူဆုံးတာနှင့် လဲကျသေဆုံးတယ်။ ဒီတော့ တပင်ရွှေထီးက မိုက်ကား မိုက်၏ သတ္တိမရှိ လို့ မှတ်ချက်ပြုတယ်။ ဒီလို မိုက်ရူးရဲအလုပ်ဟာ ဘာအကျိုးရှိသလဲ၊ ကိုယ့်အကျိုးလည်း မရှိ သူတစ်ပါးအကျိုးလည်း မရှိဘူး၊ ဒါကြောင့် လူမိုက်မဖြစ်စေဖို့ အရေးကြီးတယ်။

ခေတ်လူငယ်တွေ မိုက်တယ် ဆိုတဲ့စကားလုံး ရေပန်းစားနေတယ်။ တစ်ခု သဘောကျမိရင် ''သိပ်မိုက်တာဘဲ''လို့ ပြောတယ်။ ဒါဟာ မိုက်တယ်ဆိုတဲ့အဓိပ္ပာယ်ကို မသိလို့ဖြစ်ရတာလို့ ယူဆမိတယ်။ မိုက်တယ်ဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ၊ မှောင်မိုက်တယ်၊ မှောင်တယ်လို့လဲပြောနိုင်တယ်၊ မှောင်တယ်ဆိုတာကော ကောင်းသလား၊ မကောင်းဘူး။ အမိုက် မှောင်ထဲမှာ သွားရင် ဘေးတွေ့တတ်တယ်။ အပြစ်ခြောက်ပါးကို ရနိုင်တယ်။ (ဒါကို ''မိမိကိုယ်ကို ဆောက်တည်ခြင်းမင်္ဂလာ''မှာ ဆက်ပြောမယ်) မိုက်တာကို ရှောင်ပြီး အလင်းရောင် ပညာရှိကို ပေါင်းပြီး လူကောင်း လူတော်ဖြစ်အောင် ကျင့်ကြရမယ်။

**ပညာရှိအင်္ဂါရပ်** ပညာရှိဆိုတာက ကလျာဏ မိတ္တ အင်္ဂါ ၇-ပါး*နှင့် ပြည့်စုံတယ်။

(၁) သီလ—အကျင့်သီလနှင့် ပြည့်စုံတယ်။
(၂) သမာဓိ—ကိုယ်နှုတ်စိတ် တည်ကြည်တယ်။
(၃) ပညာ—ရုပ်နာမ်ပဋိစ္စသမုပ္ပါဒ် ဖြစ်မှု ပျက်မှု တရား)ကို နားလည်တယ်။
(၄) ဓမ္မဒါန—သစ္စာ လေးပါး ဘာဝနာ တရားနှင့် တကွ ကောင်းရာကို ညွှန်ပြဟောကြားနိုင်တယ်။
(၅) ပေယျဝါစာ—လိုက်နာဖွယ်သောစကားကိုသာဆိုတယ်
(၆) အတ္တစရိယာ—သူ့ကောင်းကျိုးကို ကျင့်ကြံနိုင်တယ်။
(၇) သမာနတ္တတာ—မိမိနှင့် တူမျှသော အကျိုးကို ဖြစ်စေနိုင်တယ်။

ကဲ... ပညာရှိကို ပေါင်းသင်းရတဲ့ အတွက် ဘယ်လောက် အကျိုးကျေးဇူးများသလဲ ကြည့်စမ်း။

ဒါကြောင့် လူကောင်းလူတော်ဖြစ်ချင်သူဟာ ဆိုးမ မနိုင် ဆိုနိုင်မခက်ခဲရဘူး။ ဆိုးမ နာခံရတယ်။ ဆိုးမ တတ်တဲ့ သူနှင့် နေရမယ်။

ပညာရှိနှင့် ပေါင်းသဖြင့် ပညာရှိဟာ မိမိရဲ့ အစီး အပွား တိုးတက်ရာကို ဆောင်ပေးတယ်။ ပြုလုပ်ပေးတယ်။ ပညာသင် ပေးတယ်။ ဥစ္စာရအောင် အကြံပြု တယ်။ လမ်းညွှန်တယ်။ အရေးကြုံတဲ့အခါ စောင့်ရှောက်တတ်တယ်။ ဒါကြောင့် မိတ် ဆွေ သင်္ဂဟဆိုတာ အရေးကြီးတယ်။ အရပ်ဒေသ တစ်ခုမှာ

---

* သုတေသန သရုပ်ပြ အဘိဓာန် စာ-၁၂၉။

ပျော်တယ်ဆိုတာ မိတ်ဆွေကောင်း မရှိရင် မပျော် နိုင်ဘူး။ နေ့စဉ်နှင့်အမျှ စိတ်ညစ်နေရမှာဘဲ၊ မိတ်ဆွေ မှာလည်း မိတ်ဆွေတု မိတ်ဆွေစစ်ရယ်လို့ရှိတယ်

မိတ်ဆွေတု မိတ်ဆွေ တုက ၁၂ ယောက် ရှိတယ်။
ဒီမိတ်ဆွေတုကတော့-

(၁) သူက လက်ချည်းလာပြီး ကိုယ့်ဆီ ကချည်း သတ်သွားတတ်သူ၊

(၂) သူက နည်းနည်းသာ ပေးပြီး ကိုယ့်ဆီက များများယူသွားတတ်သူ။

(၃) ကိုယ့်ကို ရန်ရှာတတ်သူ (ပေးရင်ကောင်းတယ်၊ မပေးနိုင်ရင် ရန်ရှာတတ်တယ်)

(၄) သူ့အကျိုးကိုသာ အကြောင်းပြုပြီး၊ အဓိက ထားပြီး ပေါင်းလာတဲ့လူ။

(၅) ရှေးကလည်းကောင်း၊ နောက်မှလည်းကောင်း ကူညီမှုကို ပါးစပ်ကသာ ပြောတတ်သူ။

(၆) အချည်းနှီးဖြင့် စကားသာ လေသာများသူ။

(၇) ပေးနိုင်လျက် အကြောင်း အမျိုးမျိုးပြပြီး မပေးနိုင်၊ မကူညီနိုင် ပြောတတ်သူ။

(၈) မျက်မှောက် ကာလ လက်ငင်း အကျိုး ပျက် အောင် ပြောတတ် ညွှန်ပြတတ်သူ။

(၉) မကောင်းမှုကိုသာပြုရန် ခွင့်ပြုတိုက်တွန်းတတ်သူ။

(၁၀)ဆင်ခြင်မရှိဘဲ ''လုပ်-လုပ်-လုပ်''ဟု ပြောတတ်သူ။

---

* မြန်မာ့ ဆယ်စောင်တွဲ-စာ-၂၀၇။

(၁၁) ကောင်းမှုပြုရန် တား၊မြစ်တတ်သူ။
(၁၂) ရှေ့မှာသာ ချီးမွမ်းပြီး နောက်ကွယ်မှာ ကဲ့ရဲ့စကား တင်းဆိုတတ်သူတွေ ဖြစ်တယ်။ အဲဒီလူတွေကို လူမိုက် လူယုတ် စာရင်းမှာ သွင်းရမယ်။

**မိတ်ဆွေစစ်** မိတ်ဆွေစစ်က တစ်ဆယ့်ခြောက်ပါး * ရှိတယ်။

(၁) မမေ့မလျော့ စောင့်ရှောက်တတ်သူ။
(၂) ကိုယ့်ဆီကတစ်ဆယူရင်သူက နှစ်ဆပြန်ပေးတတ်သူ။
(၃) ဥစ္စာစီးပွားကို စောင့်ရှောက်ပေးသူ။
(၄) ဘေးရန်ရှိက အကာအကွယ်ပေးသူ။
(၅) လျှို့ဝှက်သော စကားကို ပြောကြား အသိပေးလာ တတ်သူ။
(၆) လျှို့ဝှက်ချက်ကို စိတ်ချရသူ။
(၇) ဘေးရန်ရှိသောအခါ မစွန့်ခွာသူ။
(၈) မတွန့်တိုသူ။
(၉) မကောင်းမှုမှ တားမြစ်တတ်သူ။
(၁၀) ကောင်းရာကို ညွှန်တတ်သူ။
(၁၁) သတင်းခြင်းရာ ပြောကြားလာသူ။
(၁၂) နတ်ရွာရောက်ကြောင်း ညွှန်တတ်သူ။
(၁၃) ဆင်းရဲမှုကို မလိုသူ။
(၁၄) ချမ်းသာမှုကို လိုသူ။
(၁၅) ကျေးဇူးမဲ့ဆိုသူ၊အပြစ်ပြောသူတို့ကို တားမြစ်တတ်သူ
(၁၆) ကျေးဇူးစကားကို ဆိုတတ်သူတွေ ဖြစ်တယ်။

---

* မြန်မာ့ဆယ်စောင်တွဲ–စာ–၂၀၀၊ ၂၀၉။

ဒီလိုမိတ်ဆွေမျိုးသာ ပေါင်းသင်းရမယ့် ပညာရှိ ဖြစ်တယ်။

**စောလူမင်း** မြန်မာ့ သမိုင်းကို ကြည့်မယ် ဆိုရင် ပုဂံခေတ်ဖြစ်ထွေ မှာ စောလူမင်း ✱ ဟာ ပညာရှိ ကျန်စစ်သားကို မယုံဘူး၊ မယုံတော့ မပေါင်းဘူး။ လူမိုက် ဖြစ်တဲ့ မိမိရဲ့စည်းစိမ်ကို ကြံစည်နေတဲ့ ငရမန်နှင့် ပေါင်းမိတယ်၊ ငရမန်ကို ယုံတယ်၊ တစ်နေ့ ကြွေအန်ကစားကြတော့ ငရမန်က ကြွေတစ်ပွဲနိုင်လို့ လက်ပန်းပေါက်ခတ်တယ်။ ဒီတော့ နင်ကြွေတစ်ပွဲ နိုင်ရုံနှင့် လက်ပန်းခတ်တယ်။ နင် ယောကျ်ားဟုတ်ရင် နင်စားတဲ့ပဲခူးနှင့် ငါ့ကို ပုန်ကန်လို့ ဆိုတယ်။

ဒါဟာ စောလူမင်းဟာ ငရမန်ဆင်တဲ့အကွက်ထဲ ဝင်သွားတာ။ ဘယ်သူက လူဆိုးလဲ၊ လူမိုက်လဲ၊ စောလူမင်းဟာ လူမိုက် ငရမန်ဟာ ကျေးဇူးမသိတတ်တဲ့ လူဆိုး လူယုတ်မာ၊ ဒီတော့ စစ်ပွဲမှာ အမတ်တွေကြောင့်သာ ကျန်စစ်သားကို ပြန်ခေါ်ရတယ်၊ မယုံဘူး၊ ကျန်စစ်သားစကားကိုနားမထောင်ဘူး ဒါကြောင့် စောလူမင်းဟာ ငရမန်လှည့်စားမှုထောင်ချောက်ထဲကျပြီး အဖမ်းခံရတယ်။

ဒီတော့ သစ္စာရှိတဲ့ ကျန်စစ်သားက ယခုခေတ် ကွန်မန်ဒိုစစ်သားတွေလိုဘဲ ရန်သူ့တပ်ထဲကိုသက်စွန့်ဆံဖျား ဝင်ရောက်ပြီးစောလူးကို ခိုးတယ်၊ ဝင်ကယ်တယ်။ စောလူးဟာ သစ္စာရှိတဲ့ ကျန်စစ်သားကိုမယုံတော့ ကျန်စစ်သား ငါ့ကို ခိုးတယ်လို့ အော်တယ်။ ဒါကြောင့် မင်းဆိုး မင်းညစ် ရန်သူ့ လက်မှာ

---

✱ တွင်းသင်း ရာဇဝင်သစ်၊ (ပ) စာ-၉၇-၁၀၁။

သေပေတော့လို့ပစ်ထားခဲ့ပြီး ကျန်စစ်သားဟာ ကိုယ်လွတ်ရုန်း ပြေးရတယ်၊ ငရမန်က စောလူးကိုသတ်လိုက်တယ်။

ဒါဟာ ပညာရှိကို မယုံ၊ လူမိုက်ကိုသာယုံလို့ ပျက်စီးရတဲ့ အကြောင်းဘဲ၊ ဒါကြောင့် လောကမှာ ဘေးအန္တရာယ် ပြုသူတွေဟာလူမိုက်တွေသာဖြစ်တယ်ပညာရှိကြောင့်ဘေးအန္တရာယ် ဖြစ်သည်ဟု မရှိကြောင်း ဗုဒ္ဓဘုရားရှင် ဟောတော်မူတယ်။

**မဟောသဓ** မဟောသဓဇာတ်တော်မှာကြည့်ရင်ဝိဒေဟရာဇ် မင်းကြီးဟာ မိမိကိုယ်တိုင် ပညာဉာဏ်နည်းပါး သော်လည်း ဘုရားအလောင်းတော် မဟောသဓ ကဲ့သို့ ပညာ ရှိကို အမှီပြုရသဖြင့် စူဠနီဗြဟ္မဒတ်မင်းကိုအောင်နိုင်ပြီး ကြီးပွား ချမ်းသာရှိခဲ့တယ်ဆိုတာ လူတိုင်းသိပြီး ဖြစ်ပါတယ်။

"ပညာဖြင့် တန်ဆာဆင်ထားသောကာမှ လူယုတ်ကို ရှောင်ရ မည်သာ။ ပတ္တမြား ဆင်ထားသော မြွေသည် အန္တရာယ် မပြု တတ်ဘဲရှိပါမည်လား" ဟု နီတိဆရာတို့ ဆိုကြတယ် ✕။

မီးလောင်တဲ့ အိမ်မှာ မီးဟာ အိမ်ကိုလည်းကောင်း၊ အိမ်ကို မှီခိုနေတဲ့ လူတွေကိုလည်း လောင်တတ်သလိုဘဲ လူမိုက်ဟာ မိမိကိုယ်ကိုလည်း ဖျက်ဆီး၊ မိမိစကားကို လိုက်နာနေသူတွေ ကိုလည်း ဖျက်ဆီးတတ်တယ်။

ဒါကြောင့် အလောင်းတော် အကိတ္တိ+ပညာရှိကို သိကြားမင်းက လိုရာဆုတောင်းရန်လျှောက်ထားတဲ့အခါမှာ' လူမိုက် ကိုမမြင်ရ၊ မပေါင်းရလိုကြောင်း၊ လူမိုက်နှင့် စကားမပြောရ လိုကြောင်း" သာ ဆုတောင်းခြင်း ဖြစ်တယ်။

---

ဆီမီးစာပေ ✕ ပရိတ်ကြီး နိဿယသစ်၊ စာ-၇၅။
ဒုတိယ အကြိမ် + ဇာတ်စာ ၇၆-၇၇။

လူမိုက်ဟာ သူတစ်ပါးတို့ရဲ့ဆင်းရဲကြောင်းကို ဖန်တီး တတ်သူ၊ ခုဘဝ၊ နောင်ဘဝတွေမှာ အကျိုးမဲ့ကိုသာပြုတတ်သူဖြစ်တဲ့ အတွက် လူမိုက်ကိုပေါင်းခြင်းဟာ အမင်္ဂလာဖြစ်ပြီး လူမိုက်ကို ရှောင်ခွာခြင်းဟာ မိမိရဲ့အကျိုးမဲ့အမျိုးမျိုးကလွတ်ပြီးချမ်းသာ ခြင်းရဲ့အကြောင်းဖြစ်လို့ မင်္ဂလာဖြစ်ပေတယ်။

ဒါကြောင့် မိမိထက်သာသူ၊ တန်းတူ ရည်တူများကို မရနိုင်ရင် တစ်ယောက်တည်းဘဲ ကျင့်ကြံနေထိုင်ရမယ်၊ လူမိုက်ကို မပေါင်းရဘူး၊ ပညာရှိ သူတော်ကောင်းနှင့် ပေါင်းရသူမှာ သူတော်ချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ ဆိုသလို မိမိလည်း သူတော်ကောင်း၊ လူကောင်း လူတော် ဖြစ်လာတဲ့ အတွက် ခုဘဝ၊ နောင်ဘဝ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော အကျိုးကို ရတာမို့ ပညာရှိကိုပေါင်းရင် ကျန်မင်္ဂလာ အား လုံးဟာ ပြည့်စုံလာနိုင်တဲ့အတွက် အခြေခံ မင်္ဂလာ ဖြစ်တယ် ဆိုတဲ့ အကြောင်းပါဘဲ။

ဒါကြောင့် မိဘ ဆရာသားများကိုယ်တိုင်က မိမိတို့ရဲ့သား သမီး တပည့်တွေကို လူကောင်း လူတော် ဖြစ်အောင်ပတ်ဝန်း ကျင်ကောင်းအောင် မိမိတို့ကိုယ်တိုင် စံပြ မိဘဖြစ်ဖို့ လိုတယ် ဆိုတာ ပြောလိုပါတယ်။

ပတ်ဝန်းကျင် ကောင်းဖို့ အတွက် ပေါင်းသင်း
ခင်ပွန်းကြီး မှီဝဲထိုက်တဲ့ ခင်ပွန်းကြီး၊ဆယ်ပါး ✱ တစ်နည်း
ဆယ်ပါး အားဖြင့် ဆိုရင် မိတ်ဆွေ ကောင်းကြီး ဆယ်
ယောက်ရှိတယ်။ (၁) ဗုဒ္ဓ—သဗ္ဗညု မြတ်စွာဘုရား သခင်။

---

✱ သုတေသနရုပ်ပြအဘိဓာန် စာ-၁၇၇

(၂) ပစ္စေကဗုဒ္ဓ—ဘုရားငယ်ခေါ် ပစ္စေကဗုဒ္ဓ။ (၃) အရဟန္တ—အာသဝေါကုန်ပြီးသောရဟန္တာ။ (၄) အဂ္ဂသာဝက—မြတ်စွာဘုရား၏ လက်ယာရံ၊ လက်ဝဲရံခေါ် အဂ္ဂသာဝကများ။ (၅) မာတာ — မွေးသမိခင်။ (၆) ပိတာ—မွေးသဘခင်။ (၇) ဝုဒ္ဓါပစာယန — အသက်၊ သိက္ခာ၊ ဂုဏ်၊ ဝါ၊ သီလ၊ အာစာရ စသည်တို့၌ မိမိထက်ကြီးမြတ်သူ။ (၈) အာစရိယ—သွန်သင်ဆုံးမ ပညာသင်ပေးတတ်သော ဆရာမြတ်။ (၉) ဟိတကရ- ထမင်း၊ အဖျော်၊ အိပ်ရာနေရာ၊ အဝတ် ပုဆိုး စသော အာမိသနှင့် တကွ တစ်စုံ တစ်ခု ကျေးဇူး ရှိဖူးသူ မှန်သမျှ။ (၁၀)။ ဓမ္မကထိက- ကောင်းကျိုးရရေးအတွက် တရားဟော ပြောပြသူတို့ဖြစ်တယ်။

ဒီတော့ မိတ်ကောင်း ဆွေကောင်းထဲမှာ မိဘ ဆိုတာက အမြဲပါနေတယ်။ ဒါကြောင့် အမျိုးကောင်းသားသမီးတို့သည် ဤအခြေခံ မင်္ဂလာနှစ်ချက်ဖြစ်သော သူမိုက်တို့ကို အကြင်မမှီဝဲ မဆည်းကပ်ခြင်းနှင့် ပညာရှိသောသူတို့ကို အကြင်မှီဝဲဆည်းကပ်နိုင် ဖို့ ကြိုးစားအားထုတ်လျှင် မိမိအကျိုး၊ ဆွေမျိုးညာတကာ အကျိုး၊ နိုင်ငံအကျိုး၊ ကြီးပွားချမ်းသာ တိုးတက်ကြောင်း ဖြစ်တယ်ဆိုတာ သိသာလောက်ပါပြီ။

မင်္ဂလာနှင့် ပြည့်စုံပြီဆိုလျှင် သိရိဆိုတဲ့ကျက်သရေဟာ အလိုလိုရောက်ရှိလာမှာ ဖြစ်တယ်။

ကျက်သရေအကြောင်းကို နောက်ပိုင်းမှာ အကျယ်ပြောပြပါမယ်။

## (၃)

## ပူဇော်ထိုက်သူကိုပူဇော်ခြင်းမင်္ဂလာ

**တတိယမြောက် မင်္ဂလာကတော့**

**ပူဇာစ ပူဇနေယျာနံ။**

ပူဇနေယျာနံ။ ပူဇော်ထိုက်သောသူတို့ကို၊ ပူဇာစ။ အကြင်ပူဇော်ခြင်းသည်သည်း မင်္ဂလာဖြစ်ပါတယ်။

**ပူဇော်ထိုက်သူများ** ဒီတော့ ပူဇော်ထိုက်သူတွေဟာ ဘယ်လို အရည်အချင်းရှိတဲ့ လူတွေလဲ၊ ဘယ်လို လူတွေလဲ ဆိုတာ သိဖို့ လိုပါတယ်။ အသက် ကြီးတိုင်း အချိန်မစီးဘူး၊ ဆိုရိုးစကားရှိတယ်။ ကြီးတဲ့ဂုဏ်လို့ ပြောကြတယ်၊ ဘယ်လိုကြီးတဲ့ဂုဏ်လဲ၊ ပူဇော်ထိုက်ခြင်းကို "ပူဇနံအရဟန္တိတိ ပူဇနေယျာ။ ပူဇနံ၊ ပူဇော်ခြင်းကို၊ အရဟန္တိ။ ထိုက်ကုန်၏၊ ဣတိ၊ ထို့ကြောင့်၊ ပူဇနေယျာ။ ပူဇနေယျ မည်ကုန်၏" လို့ ဆရာမြတ်တို့ ဝိဂ္ဂြိုဟ် အထူးပြုသည်ကို မှတ်သားရပါတယ်။ + ။

---

\+ ပရိတ်ကြီးနိဿယသစ်၊ စာ-၄၃၂။

**အရဟံ** ဒီနေရာမှာ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဂုဏ်တော်
**ဂုဏ်တော်** ကိုးပါးထဲက အစဦးစွာဖြစ်တဲ့ အရဟံ ဂုဏ်
တော်ကိုပြလိုပါတယ်။

ဘာကြောင့် ဗုဒ္ဓမြတ်စွာဘုရားသခင်သည် အရဟံဂုဏ်တော်ဖြင့် ပြည့်စုံသလဲ။

"သောဘဂဝါ။ ဘုန်းတော်ခြောက်စုံ ဂုဏ်တော် ထင်ရှားထိုမြတ်စွာဘုရားသည် ဣတိပိ။အရဟတ္တမဂ်အနဖြင့် ဗုဒ္ဓဂုဏ်အင်စုံလင်ခဲ့ရာ ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ အလှူတော် အတန်တန် အပူဇော်မှန်သမျှ ခံတော်မူထိုက် နှစ်ခြိုက်ဖွယ်ကောင်း ဤအကြောင်းကြောင့်လည်း၊ အရဟံ။ အရဟံဟု သုံးတန် ဘုံခွင် လွင်တလူလူ ကျော်ကြားတော် မူပါပေသတည်း"

လို့ ဖြစ်တဲ့အတွက် တစ်နည်းပြောရရင် အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ပယ်ဖျက်သုတ်သင် မာန်ငါးပါးကို အောင်မြင်တော်မူသည်ဖြစ်သဖြင့် ပူဇော်အထူးကို ခံတော်မူထိုက်ကြောင်းဖြစ်ပေတယ်။

အရိယာသံဃာတော်တို့သည်လည်း ဒက္ခိဏေယျာမြတ်သောအလှူကို ခံထိုက်သူများဖြစ်တယ်။

အမိပွာယ်ကတော့ လှူတဲ့သူ ပူဇော်တဲ့သူ အကျိုး ကြီးစွာရလောက်အောင် အလှူခံနိုင်တဲ့ ဂုဏ်များရှိနေတယ်။

ပူဇော်ခံထိုက်တဲ့သူများမှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၊ မိဘ၊ ဆရာ၊ အစ်ကို၊ အစ်မ၊ ဦးကြီး၊ ဦးလေး၊ ဘကြီး၊ ဘထွေး၊ မိကြီး၊ မိထွေး၊ အရီးကြီး၊ အရီးလေး၊ ယောက္ခမ၊ လင်ယောကျ်ား၊ ရာထူးဂုဏ်သိန် ကြီးမြင့်သူများ ဖြစ်ပေတယ်။

အထူးသဖြင့် မိဘ၊ ဆရာတို့မှာ အနန္တကျေးဇူးရှင် ငါးပါးထဲမှာ ဘုရား၊ တရား၊ သံဃာနှင့်အတူ ထည့်သွင်း ထားသည်ဖြစ်ရာ များစွာပူဇော်ထိုက်သူများ ဖြစ်တယ်။

**လူမိုက် စကား** တစ်ချို့ကျေးဇူးမဲ့သူ လူမိုက်များက ဆိုကြသည်မှာ "မိဘဆိုသည်မှာ ဘာကျေးဇူးရှိလို့လဲ၊ သူတို့ကာမဂုဏ်ကိစ္စကြောင့်မွေးလာရတာ သူတို့တာဝန်ဘဲ"လို့ ပြောကြတယ်။ "ဆရာဆိုတာကလည်း လခစားတွေဘဲ၊ သူတို့ဝမ်းရေးအတွက်သင်တာကျေးဇူး ရှိပါဘူး"လို့ ပြောကြတယ်၊ အတော်ဘဲရင်လေးစရာကောင်းတယ်။

မိဘရဲ့မေတ္တာ၊ ဆရာရဲ့ မေတ္တာဆိုတာ ကိုယ်တိုင် ခံစားရမှ သိတယ်။ တာဝန်သက်သက်သာဖြစ်ပြီး ခံယူချက်ဆိုတဲ့စေတနာမပါရင် ဘယ်နည်းနှင့်မျှ လူလားမမြောက်နိုင်ဘူး၊ သားသမီးအပေါ်မှာ မေတ္တာရှိတဲ့ ဝမ်းမှာ မွေးတဲ့သူနှင့် မေတ္တာမရှိတဲ့ ဝမ်းမှာမွေးတဲ့သူချင်းတောင် ကြင်နာယုယခံရမှုမှာ မတူဘူး။ (ဒီအကြောင်းတွေကို ရှေ့ပုတ္တဒါရာ သင်္ဂဟောဆိုတဲ့ မင်္ဂလာတရားတော်မှာ အကျယ်ပြောပြပါမယ်။)

ဆရာဆိုဟာလည်း ဆရာ့ဂုဏ်နှင့်အညီ တပည့် အပေါ်မှာ မေတ္တာစေတနာ အပြည့် ရှိတယ်။ သိင်္ဂါလောဝါဒ သုတ်မှာ လူ့ကျင့်ဝတ်တွေကိုကြည့်ရင် ဘယ်လောက် ဆရာကတပည့်တွေ အပေါ်မှာ စေတနာရှိတယ်ဆိုတာ တွေ့နိုင်ပါတယ်။ ပူဇော်ထိုက်တဲ့သူကို ပူဇော်ခြင်းဟာ မှန်မြတ်တယ်။

ပူဇော်တာနှင့် ဖားတာဟာ မတူဘူး၊ ဖားတယ် ဆိုတာက စိတ်ထဲကမပါဘဲနှင့် မျက်နှာလိုမျက်နှာရ ပြုလုပ်တာဖြစ်တယ်။

ပူဇော်တယ်ဆိုတာက စိတ်ထဲကကို ကြည်ညိုပြီး အရိုအသေပြုတာ ဖြစ်တယ်။

**ပူဇော်ခြင်း ၂ မျိုး**

ဒီလိုပူဇော်ရာမှာလည်း (၁) အာမိသပူဇာ - ပစ္စည်းဖြင့်ပူဇော်ခြင်း၊ (၂) ပဋိပတ္တိပူဇာ - အကျင့်ဖြင့်ပူဇော်ခြင်း*ရယ်လို့နှစ်မျိုးရှိတယ်။ ပဋိပတ္တိပူဇာကို ဓမ္မပူဇာလို့လည်း ခေါ်တယ်။ ပူဇော်တယ် ဆိုတာကို မြန်မာလိုတိတိကျကျပြောရရင်တော့ ရိုသေခြင်း၊ မြတ်နိုးခြင်း၊ အလေးအမြတ်ပြုခြင်း၊ ရှိခိုးခြင်း၊ ကောင်းစွာ ပြုခြင်းဘဲဖြစ်ပါတယ်။

ပစ္စည်းဖြင့် ပူဇော်တယ်ဆိုတာကတော့ ဆွမ်းခဲဖွယ်၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အသုံးအဆောင်တို့ဖြင့် ပူဇော်ခြင်း ဖြစ်တယ်။

ဆုံးမဩဝါဒအတိုင်း လိုက်နာကျင့်ကြံ ခြင်းဟာ ပဋိပတ္တိပူဇော်ခြင်းဖြစ်တယ်။ဒီလိုပူဇော်ရာမှာလည်း ပဋိပတ္တိဖြင့်ပူဇော်ခြင်း၊ အကျင့်ဖြင့် ပူဇော်ခြင်းဟာ အရေးကြီးကြောင်း ဗုဒ္ဓဘုရားရှင် မြွက်ကြားတော်မူပါတယ်။

သိတယ်၊ အလှူတ်ရတယ်၊ တတ်တယ် ဆိုတာထက် ကျင့်ကြံဖို့က အရေးကြီးပါတယ်။ (ဒါကို အတ္တသမ္မာပဏိဓိမင်္ဂလာမှာ အကျယ်ထပ်ပြောပြပါမယ်။)

ဗုဒ္ဓမြတ်စွာဘုရားရှင် နောက်လေးလ ကြာလျှင် ပရိနိဗ္ဗာန်စံတော့မည်ဟုသိရသောအခါမှာ ရဟန်းတော်အများသောက ပရိဒေဝ ဖြစ်ကြပါတယ်။ ဘယ်လို ပြုစုရမလဲလို့ ဘုရားနားက မခွာနိုင်ဖြစ်သူကဖြစ် ဖြစ်နေတဲ့ အချိန်မှာ * (၁) အတ္တဒတ္ထ၊

---

သုတေသန ရုပ်ပြအဘိဓာန်၊ စာ-၃၇၃။

*ပရိတ်ကြီး နိဿယသစ်၊ စ-၀၃။

(၂) တိဿ၊ (၃) ဓမ္မာရာမဆိုတဲ့ ရဟန်းတော် သုံးပါးဟာ ဘုရားရှင် ပရိနိဗ္ဗာန်စံတော့မယ်၊ ငါတို့မှာ အာသဝေါ တရား မကုန်သေး၊ ရဟန္တာမဖြစ်သေး၊ ဘုရားရှင် ရှိတုန်းမှာ ကြိုးစား မယ်ဆိုပြီး တရားအားထုတ်နေကြတယ်။

ဒီတော့ ရဟန်းတွေက ဒီရဟန်း သုံးပါးဟာ ဘုရားရှင်ကို ဂရုမစိုက်ကြောင်း လျှောက်ထားတဲ့ အခါမှာ "ငါဘုရားကို အာမိသပူဇာဖြင့် ပူဇော်ရုံမျှဖြင့် ငါဘုရားအပေါ်မှာ ချစ်ရာ မရောက်၊ ဓမ္မပူဇာဖြင့် ပူဇော်မှသာ ချစ်ရာ ရောက်သည်"ဟု မြတ်စွာဘုရားရှင်က အဆိုပါ ရဟန်းသုံးပါးကို ချီးမွမ်းတော် မူပါတယ်၊

**ဗုဒ္ဓဘုရားရှင် မေတ္တာတော်**

ဒါကြောင့် ဗုဒ္ဓဘုရားရှင်ရဲ့မေတ္တာစေတနာဟာ ဘယ်လောက်ကြီးမားတယ်ဆိုတာ မပြောပြနိုင် ဘူး။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ရတယ်။ ဒုက္ခစရိယာ ခြောက်နှစ်ကျင့်ရတယ်၊ ဒါတွေဟာ မိမိအကျိုးသာမက သတ္တဝါတွေရဲ့အကျိုးပါ ပါတယ်။ ဂေါ တမဘုရားရှင်ဟာ မိမိအကျိုးတစ်ခုတည်းသာ ကြည့်ရင်ဒီပင်္ကရာ မြတ်စွာဘုရားလက်ထက်၌ပင် နိဗ္ဗာန်ရောက်နိုင်သူ ဖြစ်ပါတယ်။ ဒါပေမယ့် လောကသားတွေရဲ့အကျိုးငှာ လေးသင်္ချေနှင့်ကမ္ဘာ တစ်သိန်း ပါရမီဖြည့်တော်မူခြင်း ဖြစ်တယ်။ ဒီလို ကြီးမားတဲ့ ပါရမီကြောင့်လည်း ဗုဒ္ဓဘုရားရှင်ဟာ ပူဇော်အထူးကိုခံထိုက်သူ ဆိုတာ အထူးပြစရာမလိုပေဘူး။ ဟောတော်မူတဲ့မင်္ဂလာတရား တော်သည်ပင် လောကသားတွေအတွက် မည်မျှ အကျိုးကြီး ကြောင်းကို သိနိုင်ပါတယ်။

**သုပ္ပိယမောင်နှံ**

ဒီလို ပူဇော်ခံသူကလည်း ပူဇော်ခံထိုက်တဲ့ ဂုဏ်ရှိပြီး၊ ပူဇော် သူကလည်း စေတနာ အပြည့်ရှိခဲ့ရင် ဘယ်လောက်အကျိုးကြီးတယ်ဆိုတာကို ပြော လိုပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား သက်တော်ထင်ရှားရှိတော် မူစဉ်အခါက ဗာရာဏသီပြည်မှာ သုပ္ပိယ* ဆိုတဲ့ ဇနီးမောင်နှံ နှစ်ယောက်ရှိတယ်။ သူတို့ဟာ ရတနာသုံးပါးကို အထူးဘဲ ကြည်ညိုတယ်၊ တစ်နေ့ ဝမ်းနှုတ်ဆေး သောက်ထားတဲ့ ရဟန်း တော်တပါးက သုပ္ပိယာဒါယကာမကို အသားနှင့် ပြုတ်တဲ့ စွတ်ပြုတ်အလှူခံတယ်၊ သုပ္ပိယာလည်း ကတိ ခံပြီးတော့ ပဝတ္တ မံသံ- ဆိုတဲ့ သူ့အလိုလိုဖြစ်တဲ့ အသား၊ မမှာမကြားဘဲ ဈေး မှာရောင်းတဲ့အသားကို အစေခံ တစ်ယောက်ကို ရှာခိုင်းတယ်။ နေ့ကြီးရက်ကြီးဖြစ်လို့ သားငါးမသတ်ရလို့ ဘုရင်က သတ်မှတ် ထားတဲ့အတွက် မရခဲ့ဘူး။

ဒီတော့ သုပ္ပိယာဟာကတိကို မဖျက်လိုဘူး၊အလှူခံရဟန်းကို ဒုက္ခမရောက်စေချင်ဘူး၊ ဒါကြောင့် သူ့ပေါင်သားကို လှီးပြီး ချက်ပြုတ်စေကာ ရဟန်းတော်ကို လှူခိုင်း လိုက်တယ်။ ရဟန်း တော်ကမေးရင် ဒီအကြောင်းမပြောနှင့်၊ နာဖျားနေလို့ ကိုယ် တိုင်မလာရောက်နိုင်သည်ကိုသာ လျှောက်လိုက်ပါလို့ ပြောပြီး လှူခိုင်းလိုက်တယ်။

လှူတဲ့လူရဲ့စေတနာဟာဘယ်လောက်ကြီးမားသလဲဆိုတာ၊ ကိုယ့်အသားကို လှီးပြီးလှူတာ၊ ဒီလို လှူခိုင်းလိုက်ပြီး သုပ္ပိယာ ဟာ သူ့အနာကို အဝတ်နှင့် စည်းပြီး အိပ်ရာထဲမှာ လှဲအိပ်

---

* ဗုဒ္ဓ၏သက်သတ်လွတ်၊ စာ- ၁၇၀ မှ၊ ၁၇၉။

နေတယ်။ ပေါင်သားကိုလှီးထားတော့ မထနိုင်ဘူး၊ သူဒီလို ပေါင်သားလှီးတဲ့အချိန်မှာ သူ့ယောကျ်ား သုပ္ပိယက အိမ်မှာ မရှိဘူး၊ယောကျ်ားနှင့်မိန်းမနှာမည်တူ၊ ရေးချ ပါတာနှင့်မပါ တာဘဲကွာတယ်။ယောကျ်ားကအလုပ်သွားနေတယ်၊ အလုပ်က ပြန်လာတော့ သုပ္ပိယာကိုမမြင်ဘူး၊ ခါတိုင်းဆိုရင် အိမ်ပေါက် ကြိုနေကျဖြစ်တယ်။ မမြင်တော့ သုပ္ပိယာ ဘယ်မှာလည်း မေးတယ်။ အိမ်ဖော်မက အရှင်မ နေမကောင်းဘူး၊ အိပ်ခန်း ထဲမှာ လှဲနေတယ်ပြောတယ်။

ဒီတော့ သုပ္ပိယဟာ ပျာပျာသလဲ ဖြစ်သွားတယ်။ မနက် သူသွားတုန်းက နေကောင်းသား အခုချက်ချင်း နေမကောင်း ဘူးဆိုတော့ စိုးရိမ်ပြီးအခန်းထဲကို ကသောကမျော ပြေးသွား တယ်၊ ယုယုယယနှင့် ဘယ်လိုဖြစ်တယ်လဲ ရှင်မရယ်၊ မေးတဲ့ အခါမှာသုပ္ပိယာအကြောင်းစုံကို အမှန်အတိုင်းဘဲပြောတယ်။ ဒီလိုကြားရတဲ့အခါသုပ္ပိယဟာလည်း သောတာပန်ပုဂ္ဂိုလ် ဖြစ် တဲ့ တွက် ဝမ်းသာလှန်းလို့ အချင်းတို့ အံ့ဖွယ် ရှိစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ ငါ့မိန်းမသုပ္ပိယာဟာ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကို ဘယ်လောက် ယုံကြည်သလဲ၊ ဘယ်လောက်ကြည်ညိုသလဲ၊ ကြည့်စမ်း မိမိရဲ့အသားကိုတောင် စွန့်လှုတ်ပြီး လှူဒါန်းပူဇော်နိုင်တယ်ဆိုတာ တစ်ခြားဘာမလှူနိုင် စရာရှိတော့မှာလဲ'' ဆိုပြီး ကြွေးကြော်တယ်၊ လင်ရော မယား ရော ဘုရား တရား သံဃာ အပေါ်မှာ ဘယ်လောက် ကြည်ညို တယ်ဆိုတာ တကယ့်မဆုတ်မနစ်တဲ့စိတ်။

ဒီလိုဝမ်းသာတဲ့အတွက်သုပ္ပိယဟာဝမ်းသာဆွမ်းကပ်လှူ ချင်လို့ မြတ်စွာဘုရားရှင် သီတင်းသုံးရာ ဇေတဝန မိဂဒါဝုန်

တောကိုသွားပြီး ဗုဒ္ဓဘုရားရှင်နှင့် သံဃာတော်များကိုဆွမ်းပင့် ဖိတ်တယ်။ ဆွမ်းပင့်တယ်ဆိုကတည်းက ဖွင့်မလျှောက်ပေမယ့် မြတ်စွာဘုရားက အကြောင်းစုံသိတော်မူတယ်။

**ဘုရားရှင်တန်ခိုးတော်**

သိတော်မူတဲ့အတွက်လည်းမနက် သုပ္ပိယာအိမ်ရောက်တဲ့အခါမှာ သုပ္ပိယာမမြင်ပါလားမေးတော်မူတယ်။ သုပ္ပိယာဖျားနေလို့ပါ ဘုရားလို့ လျှောက်တယ်၊ မြတ်စွာဘုရားက ဖျားနေပေမယ့် ငါဘုရားရှေ့မှောက်သို့ ခေါ်ခဲ့လော့ မိန့်တော်မူတယ်။ လမ်းမလျှောက်နိုင်ပါဘုရားလို့ ထပ်လျှောက်တဲ့အခါမှာ မြတ်စွာ ဘုရားက လမ်းမလျှောက်နိုင်ရင် ချီပြီးခေါ်ခဲ့ပါ၊ မိန့်တော်မူတဲ့အတွက် သုပ္ပိယာကိုချီပြီးမြတ်စွာဘုရားရှေ့တော်မှောက်သို့ယူဆောင်ခဲ့ရတယ်၊ ဒီလို ခေါ်လာလို့ မြတ်စွာဘုရားကို ဖူးရတယ်ဆိုရင်ဘဲ သုပ္ပိယာရဲ့အနာဟာ ပျောက်ကင်းပြီး ပကတိကောင်းတဲ့ အသားအရေ အမွေးတွေ အကုန်ပြန်ဖြစ်တယ်၊ ဘယ်လောက် အံ့သြစရာကောင်းသလဲ။

ကာယကံရှင်ဖြစ်တဲ့ သုပ္ပိယနှင့် သုပ္ပိယာဟာလည်း အံ့သြလွန်းလို့ "အချင်းတို့ မြတ်စွာဘုရားရဲ့ တန်ခိုးတော် အာနုဘော်ကြီးမားတဲ့အဖြစ်ဟာ အံ့ဖွယ်ရှိပေစွတကား၊ အချင်းတို့ မဖြစ်ဖူးမြဲ ဖြစ်စွတကား"လို့ ဆိုကုန်ကြတယ်။ ဒါကြောင့် ဗုဒ္ဓဘုရားရှင်ရဲ့ ကျေးဇူးဂုဏ်တော်ဟာ ဘယ်လောက် ကြီးမားတယ်၊ ပူဇော်အထူးကို ခံတော်မူထိုက်တယ်ဆိုတာ သိလောက်ပါပြီ၊

ဒီနောက်မှာ ဘုရားရှင်ဟာ ရဟန်းတို့ကို လူသား မစားရ၊ စားလျှင် ထုလ္လစ္စည်းအာပတ်သင့်စေ။မည်သည့်အသားဖြစ်သည်

တိုလည်း မမေးမြန်းမစုံစမ်းဘဲမစားရ၊ စားလျှင် ဒုက္ကဋ်အာပတ်သင့်စေလို့ ပညတ်တော်မူပါတယ် + ။

ဒါက တစ်ကြောင်းဖြစ်တယ်၊ ဒီနေရာမှာ အဓိက အချက်ကတော့ ပူဇော်ထိုက်သူကို ပူဇော်ခြင်းဖြင့် ကျက်သရေမင်္ဂလာနှင့်ပြည့်စုံတဲ့အကြောင်းပါဘဲ။

**နွားတောင်းမောင်**

ပူဇော်ထိုက်တဲ့ နေရာမှာပစ္စည်းဖြင့် ပူဇော်ခြင်းသာမက စိတ်ဖြင့် ရှိခိုး ပူဇော်ခြင်းပင် အထူးကျေးဇူးများကြောင်း တွေ့ရပါတယ်၊ မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်တွင်သီတင်းသုံးစဉ်အခါက× သာဝတ္ထိပြည်မှာ အလွန်ကပ်စေးနည်းတဲ့ ဘယ်သူ့ကိုမှ ဘာကိုမျှမပေး မလှူ တွန့်တိုတဲ့ အဒိန္နပုဗ္ဗကခေါ်တဲ့ ပုဏ္ဏား တစ်ယောက်ရှိတယ်။ သူ့မှာသားတစ်ယောက်တည်းရှိလို့ ချစ်လိုက်တာမှ တုန်နေတာဘဲ၊ ဒီလို ချစ်ပေမယ့် ဝတ်စားတန်ဆာဆိုလို့ နွားတောင်းကလေးတစ်ရံတောင်မှလက်ခပေးရမှာစိုးလို့ကိုယ်တိုင်လုပ်ပြီး ဝတ်စေတယ်၊ ဒီနွားတောင်းကို အစွဲပြုပြီး သားကလေးဟာ "မဋ္ဌကုဏ္ဍလီ"ရယ်လို့ အမည်တွင်တယ်။

တစ်နေ့ကျတော့ သားကလေး မမာမကျန်းဖြစ်ရာ ဘယ်လောက်နှမြောသလဲဆိုရင် ဆေးဖိုး ကုန်မှာစိုးလို့ ကိုယ်တိုင်ဖော်တဲ့ ဆေးမီးတိုနှင့်ကုတယ်။ ဒါကြောင့် ရောဂါမသက်သာသေတော့မယ်ဆိုတာသိရလို့ အိမ်ဦးမှာ ပြင်ထားတယ်၊ ဒီနေ့မနက်စောစော ဘုရားရှင်ဟာ မဟာဂရုဏာ သမာပတ်ကထ

×ဓမ္မပဒ၏သက်သတ်လွတ်၊ စာ- ၁၈၂။
+ခေတ်မီ ဓမ္မပဒ (၂) တွဲ၊ စာ–၃၁-၃၉။

တော်မူပြီးကျွတ်ထိုက်သူကိုကြည့်တဲ့အခါမှာ အခုနကပုဏ္ဏားနှင့် သား၊ သေတော့ ပန်ဖြစ်မယ့် အကြောင်းကို မြင်တော် မူတယ်။

ဒီလိုမြင်တော်မူတဲ့ အတွက် ရဟန်းသံဃာအပေါင်း ခြံရံပြီး သာဝတ္ထိ မြို့တွင်း ဆွမ်းခံကြွတော်မူတဲ့ အခါမှာ ပုဏ္ဏားကြီး အိမ်တံခါးဝရောက်တော့ မဋ္ဌကုဏ္ဍလီ သတို့သားဆီကို ရောင် ခြည်တော်လွှတ်တော်မူတယ်။ သတို့သားဟာ ထလည်း မထနိုင် "ငါဟာ အဖမိုက်ကြောင့် ဗုဒ္ဓဘုရားရှင်အား ကိုယ်တိုင် သွား ရောက်ဖူးမြင်ပြီး အလှူပေးခြင်း၊ တရားနာခြင်း မပြု နိုင်ပါ တကား" ဆိုပြီး စိတ်နှင့်သာ ကြည်ညိုရရှာတယ်။ ကြည့်စမ်း ဘယ်လောက် သနားစရာကောင်းသလဲ ဆိုတာ မြတ်စွာဘုရား ကလည်း ဤမျှဖြင့် တော်သင့်ပြီဟု ဖဲကြွတော်မူရာ မဋ္ဌကုဏ္ဍလီ လည်း မျက်စိတဆုံး ကြည့်ပြီး ဘုရားရှင်ကို ကြည်ညို စိတ်ဖြင့် ကွယ်လွန်သွားတဲ့အခါ တာဝတိံသာနတ်ပြည်မှာ လူ့ပြည်က အမည်အတိုင်း မဋ္ဌကုဏ္ဍလီနတ်သားရယ်လို့ဖြစ်တယ်။ ဒါဟာ ပူဇော်ထိုက်သူကို စိတ်အားဖြင့် ပူဇော်ရုံ မျှဖြင့် ဘယ်လောက် အကျိုးကြီးတယ်ဆိုတာ သိနိုင်တယ်။

ပုဏ္ဏားကြီးဟာ သားကို အသက်ရှင်စဉ်က ကောင်းစွာမပြုစု ပေမယ့် သေတော့ နေ့တိုင်း သင်္ချိုင်းမှာ သွားပြီး သူ့သားရဲ့ မြေပုံကိုလှည့်ပတ်ပြီး ငိုတယ်၊ ချစ်တာက အဲသလောက်ချစ်တာ ဒီအကြောင်းကို သားဖြစ်သူ နတ်သားက မြင်တော့ လာပြီး "ငါဟာ သင့်သားဖြစ်တယ်၊ ဘုရားရှင်ကို ကြည်ညိုတဲ့စိတ်နှင့် သေပြီး နတ်ပြည်မှာဖြစ်တယ်။ သင်ဟာ ဘုရားကိုပင့်ပြီး အလှူ ပေးလော့" ဆိုတဲ့အတွက် ပုဏ္ဏားကြီးဟာ ဘုရားရှင်ကို ဆွမ်းပင့်

ကပ်လျှကာ "အို...ရှင်ဂေါတမ၊ သင်တို့အား မပေး မလှူဘဲ တရားမနာဘဲ စိတ်ဖြင့် ကြည်ညိုပူဇော်ရုံဖြင့် နတ်ပြည်၌ ဖြစ်သလော" ဟု လျှောက်တယ်။ မြတ်စွာဘုရားက မဋ္ဌကုဏ္ဍလီနတ်သားက ဒီအကြောင်းကို သင့်ကိုပြောခဲ့ပြီ မဟုတ်ယော၊ ငါ့ကို စိတ်ဖြင့်ကြည်ညိုရုံဖြင့် နတ်ပြည်သို့ရောက်သူများ များလှပေပြီ၊ မိန့်တော်မူကာ "မဋ္ဌကုဏ္ဍလီနတ်သား ဗိမာန်နှင့်တကွ လာစေသတည်း" ဟု မိန့်တော်မူရာ နတ်သားသည် ဗိမာန်နှင့်တကွ ရောက်လာပြီး ဘုရားရှင်ကို ရှိခိုးကာ "တပည့်တော်သည် ဘုရားရှင်အား ကြည်ညိုစိတ်ဖြင့် စုတေသဖြင့် နတ်ပြည်၌ ဖြစ်သည် မှန်ပါ၏" လျှောက်တယ်။ မြတ်စွာဘုရားက—

"ကုသိုလ်ကံ၊ အကုသိုလ်ကံ ပြုခြင်းတွင် စိတ်သာလျှင် ရှေ့သွားဖြစ်တယ်၊ စိတ်သာအဓိက ဖြစ်တယ်၊ ကြည်ညိုစိတ်ဖြင့် ပြုသောကောင်းမှုကံသည် နတ်ပြည်၊ လူ့ပြည်သို့ သွားတဲ့သူကို အရိပ်လိုဘဲ မခွဲမခွာ ထပ်ကြပ်လိုက်ဘယ်"

ဟောတော်မူရာ နတ်သားနှင့် ပုဏ္ဏားကြီးတို့ သောတာပန်ဖြစ်သွားကြတယ်၊ ဒါကြောင့် ပူဇော်ထိုက်သူကို ပူဇော်ခြင်းဟာ ဘယ်လောက် အကျိုးကြီးတယ်ဆိုတာ သိသာ နိုင်တယ်။ မရှိမသေ မဖြစ်စေနှင့်၊ သာဓကတွေ အများကြီးရှိတယ်။

**မရှိသေလျှင်** ပူဇော်ထိုက်သူကို မရှိမသေ ပြုသူမှာ ချက်ချင်း လက်ငင်း မကောင်းကျိုးနှင့် ကြုံရဘတ်တယ်။ မင်းကိုမရှိသေလျှင် မင်းပြစ် မင်းဒဏ် ခံရမယ်၊ မင်းအစိုးရဆိုတာ နိုင်ငံကို စောင့်ရှောက်တဲ့ ကျေးဇူးရှင်၊ မိဘသဖွယ်

ဖြစ်တယ်။ ဒါကြောင့် သမုတိနတ်လို့တောင် ခေါ်ကြတယ်၊ မင်းအစိုးရက စောင့်ရှောက်လို့ ကောင်းစွာအိပ်ရ၊ စားရတယ်၊ ကောင်းစွာ ခေါင်းကင်းစွာ လုပ်ကိုင်ကြရတယ်။

မိဘလည်းအတူတဲ၊ဆရာလည်းအတူတဲ၊ ဗုဒ္ဓဘုရားရှင်ဆိုတာ ကတော့ ပြောဖွယ်မရှိတော့ပါ။ သက်တော်ထင်ရှား ဗုဒ္ဓဘုရားရှင်ကို မဆိုထားနှင့် ဗုဒ္ဓဘုရားရှင်ရဲ့ ကိုယ်စားဖြစ်တဲ့ ရုပ်ပွားတော်ကိုတောင်မှ မရိုမသေ မပြုသင့်ဘူး။

စာရေးသူတို့ ငယ်စဉ်က ကျောင်းမှာဘုန်းကြီး က တစ်ခြား ကြွသွားတော့ ကျောင်းထိုင်မယ့် ဘုန်းကြီး မရှိသေးဘူး၊ ဒီအချိန်မှာ ဘုန်းကြီးကျောင်းသား တစ်စုဟာ ကျောင်းပေါ် တက်ပြီးဆော့ကြတယ်၊ ကျောင်းက ပစ္စည်းတွေ သွန်လိုသွန် မှောက်လိုမှောက် လုပ်ကြတယ်၊ ဒီအထဲက ကျောင်းသား တစ်ယောက်ဟာ ဗုဒ္ဓဘုရားရှင်ရဲ့ ရုပ်ပွားတော်ကို စားမလားဆိုပြီး ပါးစပ်တော်ထဲကို ဆားတွေထည့်လိုက်တယ်၊ နောက် ဆော့လို့ ဝလို့ပြန်လာလို့ အိမ်လည်းရောက်ရော အဲဒီကျောင်းသားဟာ စကားထစ်သွားတယ်၊ သေတပန် သက်ဆုံးဘဲ။

ဒါကြောင့် အကုသိုလ်အမှုကို မပြုမိဖို့ အထူးသဖြင့် ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊မိဘအပေါ်မှာ မရိုမသေ မပြုမိဖို့အရေး ကြီးတယ်ဆိုတဲ့ အကြောင်း ပြောလိုပါတယ်။

နောက်အချက်က ဝတ္ထု ပစ္စည်းဖြင့် မပူဇော်နိုင်စေကာမူ အလုပ်အကျွေးပြုခြင်း၊ အမှု လုပ်ခြင်းဟာလည်း ပူဇော်ခြင်း ဖြစ်တယ်။

တပည့်လုပ်သူဟာ ဆရာ့ထံမှာ အနွံအတာခံပြီး လုပ်ကျွေးပြုစုရင် ဆရာကလည်း တပည့်ကို ပြန်ပြီး ကြည့်ရှုတာပါဘဲ။ ဒါဟာ ဆရာရဲ့စေတနာအရင်းခံ။

ဒါကြောင့်ပူဇော်ထိုက်သူကိုပူဇော်တဲ့လူဟာ ပညာရတယ်၊ ဉစ္စာစီးပွားတိုးတက်ပြီးချမ်းသာသုခနှင့်ပြည့်စုံ စေနိုင်ပါတယ်။

**ပစ္စည်း ပူဇော်မှုမဟုတ်**

ရှေးအခါက ဗာရာဏသီပြည်သား လုလင် တစ်ယောက်ဟာတက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးဆီ ပညာသင်ဖို့ ရောက်လာတယ်။ ဒီလုလင်ဟာ ဆရာကြီးအပေါ်မှာ အနွံအတာခံပြီး ဝတ္တရားကျေပြွန်စွာ လုပ်ကျွေးပြုစုတယ်၊ ဒါပေမယ့် ဉာဏ် အလွန်ထိုင်းတဲ့အတွက် ဘယ်ပညာကိုမျှ သင်မရ ဖြစ်တယ်၊ ဆရာကြီးလည်း ဒီလောက် ဆရာ့အပေါ်မှာရိုသေတဲ့ တပည့်ဟာ ဘာပညာမျှ ရမသွားရင် မကောင်းဘူး၊ ဆရာ့တာဝန် မကျေဖြစ်မယ် ဆိုပြီး တောထဲကိုခေါ်သွားပြီး ဂါထာတစ်ပုဒ်သင်ပေးတယ်။

ပါဠိလို ''ဃဋ္ဋေသိ ဃဋ္ဋေသိ ကိံ ကာရဏာ ဃဋ္ဋေသိ အဟမ္ပိ တံ ဇာနာမိ ဇာနာမိ''လို့ ဖြစ်တယ်။ မြန်မာလို ဆိုရင်တော့ ''မင်းငါ့ကို လုပ်ကြံဖို့ ကြိုးစားနေတယ် ကြိုးစား နေတယ်၊ ဘာကြောင့်ကြိုးစားနေရသလဲ၊ ဒီအကြောင်းကို ငါသိတယ်၊ ငါသိတယ်''လို့ ဖြစ်တယ်။

အခေါက်ပေါင်းများစွာ ဆိုစေပြီး စိတ်ချရအောင်အလွတ်ရပြီဆိုတော့မှ ''မင်းဒီဂါထာကို အမြဲရွတ်ပါ၊ မမေ့မလျော့နှင့် မင်းအတွက် အသက်မွေးမှု ဖြစ်လိမ့်မယ်''လို့ မှာကြားပြီး လွှတ်လိုက်တယ်။

---

✖ ပရိတ်ကြီးနိဿယသစ် စာ-၉၈-၉၉-၁၀၀။

ဒီလုလင်ဟာ ဗာရာဏသီပြည်ကို ပြန်ရောက်ပြီး တစ်ညကျတော့မင်းကြီးဟာရုပ်ဖျက်ပြီးမြို့ကိုစုံစမ်းတယ်။ဒီအခါမှာသူခိုးတွေဟာ အိမ်နှစ်အိမ်ကြားမှာခိုးဖို့အတွက် ဥမင်လိုဏ်ခေါင်းဖောက်နေတာကိုတွေ့လို့မင်းကြီးလည်း အိမ်ရိပ်ကွယ်ပြီး ရပ်ကြည့်နေတယ်၊ ဒီအခါမှာ တက္ကသိုလ်ပြန်လုလင်ဟာနိုးလာပြီး ဆရာသင်ပေးလိုက်တဲ့'ဃဋေသိ၊ဃဋေသိ' ဂါထာကိုရွတ်တယ်။

သူခိုးတွေလည်း"ဟာ၊လူသိပြီ"ဆိုပြီးကြောက်လန့်တကြားခါးဝတ်ပုဆိုးတောင် ကျွတ်ကျပြီးထွက်ပြေးကြတယ်။

မင်းကြီးလည်း အိမ်ကို သေချာစွာမှတ်ထားပြီး မနက်ကျတော့လုလင်ကိုခေါ်ခိုင်းပြီး ဂါထာကို သင်ပေးဖို့ပြောတယ်၊ လုလင်လည်း နေရာ အတူနေပြီးသင်ရန် လျှောက်ထားတော့ဘုရင်လည်း သဘောတူတယ်။

ပညာဆိုတာ ဘုရင်တောင်မှအပေါ်စီးမသင်ယူရဘူး၊လေးလေးစားစားသင်ယူရတယ်ဆိုတာ ဆရာဆိုတာ ကျေးဇူးမရှိဘူးဆိုတဲ့တပည့်တွေသိဖို့လိုတယ်၊ ဘုရင်လည်းသင်ယူပြီး ဆရာကိုပူဇော်ခ ငွေတစ်ထောင်ပေးလိုက်တယ်။

တစ်နေ့ကျတော့စစ်သူကြီးဟာ ဆတ္တာသည်ကို လာဘ်ငွေတစ်ထောင်ပေးပြီး 'ဘုရင်မုတ်ဆိတ်ရိတ်တဲ့အခါသင်ဓုန်းဓားနှင့် လှီးသတ်ပါ၊ ငါဘုရင်ဖြစ်ရင် မင်းကို စစ်သူကြီးအရာပေးမယ်''လို့ သိမ်းသွင်းပြီး ဘုရင်ကိုလုပ်ကြံခိုင်းတယ်။ဆတ္တာသည်လည်းဘုရင်မုတ်ဆိတ်ရိတ်ဖို့နံ့သာရေဆွတ်ပြီးဓားစမ်းကြည့်တဲ့အခါမထက်သေးလို့တစ်ချက်တည်းအပြီးလှီးနိုင်ဖို့အတွက် ဓား

ကိုထပ်သွေးတယ်၊ဒီလိုဓားသွေးနေတုန်းမှာ ဘုရင်မင်းကြီးဟာ ဂါထာသင်ထားတာကိုသတိရပြီး ''မင်းငါ့ကိုလုပ်ကြံဖို့ကြိုးစား နေတယ်၊ကြိုးစားနေတယ်၊ဘာကြောင့် ကြိုးစားနေရသလဲ၊ ဒီ အကြောင်းကို ငါသိတယ်၊ ငါသိတယ်'' ဆိုပြီး ရွတ်တဲ့အခါ ဆတ္တာသည်လည်း ''ဟာ.... မင်းကြီးငါ့အကြောင်းသိထားပြီ'' ဆိုပြီး မင်းကြီး ခြေရင်းဝပ်တွားပြီး အသက်ချမ်းသာပေးဖို့ အကြောင်းစုံ အမှန်လျှောက်ထား တောင်းပန်တယ်။ မင်းကြီး လည်း စစ်သူကြီးကို အရာမှချ တိုင်းပြည်က နှင်ထုတ်လိုက်ပြီး တက္ကသိုလ်ပြန်ဆရာလုလင်ကိုခေါ်ကာ ဆရာကြောင့်ငါ့အသက် ချမ်းသာရတယ်ဆိုပြီး စစ်သူကြီးအရာ အပ်နှင်းခံရတယ်။

ဒါဟာ ဒီလုလင်ဟာ ဉာဏ်ဆိုင်းပေမယ့် ဆရာအပေါ်မှာ လုပ်ကျွေးပူဇော်တဲ့ကျေးဇူးကြောင့်ဆရာရဲ့ စေတနာအကျိုး ကို ခံစားရတဲ့ သာဓကဖြစ်တယ်။

**ဗျိုင်းကို ဆရာဟု မပြောလို့ရ**

ဆရာဆိုတာ အဟိတ်တိရစ္ဆာန်ပင်ဖြစ်စေ ကျေးဇူးမမဲ့ကောင်းဘူး၊ ရှေးလွန်လေပြီးသောအခါက လုလင် တစ်ယောက်ဟာ ခရီးသွားရင်း ဗျိုင်းတစ်ကောင်ဟာ ငါးမိရင် ငါးကိုအပေါ်သို့ မြှောက်ပစ်လိုက်ပြီးမှ အောက်က ပြန်ဟပ်တာကို မြင်တယ်၊ ဒါကို အတုယူပြီး သန်လျက်ကို လေ့ကျင့်ရာ၊ သန်လျက်ကို မြှောက်ပြီးပါးစပ်နှင့်ဟပ်ကာ ဖမ်းယူနိုင်တဲ့အတတ်ကို တတ်တယ်၊

နောက် ဘုရင်ထံ ဝင်ရောက် ပြသတဲ့အခါ ဘုရင်လည်း အံ့သြလို့ ''ဘယ်ဆရာထံမှာ သင်သလဲ'' မေးတယ်၊ ဗျိုင်းထံက

သင်ဟူတယ်ဆိုတာကို ပြောရမှာရှက်တဲ့အတွက်"ဆရာမရှိ မိမိအလိုလိုလေ့ကျင့်ပြီးတတ်တယ်"လို့ ဖြေကြားတယ်။ ဘုရင်လည်း ဆုလာဘ်ပေးပြီး"နောက်တစ်ကြိမ်ထပ်ပြပါဦး"ခိုင်းတဲ့အခါမှာ ပထမတုန်းကလို မပြနိုင်တော့ဘဲသန်လျက်ဟာလုလင်ရဲ့ အာကိုစူးပြီးသေရရှာတယ်။

ဒါဟာ ပူဇော် ထိုက်သူကို မပူဇော်လို့ မပြော ချင်လို့ ရောက်ရတဲ့အဖြစ်ဘဲ။

ဒါကြောင့် ပူဇော်ထိုက်သူကို မရိုမသေ မဖြစ်သင့်ဘူး၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းဖြင့် ခုဏ၊နောက်ဘဝ နှစ်ဖြာသောအကျိုးကို ရနိုင်တယ်။

အသက်၊အဆင်း၊ခွန်အား၊သုခချမ်းသာ၊ပညာစတဲ့အချက်တွေမှာတိုးပွားနိုင်တယ်၊ဒီလိုပြည့်စုံတဲ့အတွက် အလုပ်ပိုလုပ်နိုင်တယ်၊ အလုပ်ပိုလုပ်လို့ ပိုတိုးတက်တယ်၊မိမိတို့တက်ရုံတင်မကဘူး၊ မိမိရဲ့ဆွေမျိုး၊မိမိရဲ့နိုင်ငံပါ တိုးတက်မှု ရှိနိုင်တယ်။

ဗုဒ္ဓဘုရားရှင်ဟာ လူတို့ရဲ့အကျိုးကို မည်မျှဆောင်တယ်ဆိုတာတွေ့ရပြီ။ ဒါကြောင့်ဘုရားရှင်ရဲ့ဩဝါဒအတိုင်း ပဋိပတ္တိဆိုတဲ့ပူဇော်၊ ဘုရားရှင်ဟောကြားတဲ့ ကျင့်စဉ်အတိုင်းကျင့်တာဟာဘုရားရှင်ကို ပူဇော်ရာ ရောက်တဲ့အတွက် လူတို့ကျင့်ရာ ၃၈-ဖြာသောမင်္ဂလာတရားတော်တွေကို တစ်ဆင့်ပြီးတစ်ဆင့်ကျင့်ကြံနေထိုင်သွားကြမယ်ဆိုရင် ဘုရားရှင်ကိုလည်း ပူဇော်ရာရောက်မယ်၊ကြီးပွားချမ်းသာမင်္ဂလာနှင့်ပြည့်စုံတဲ့အတွက်လည်း ကျက်သရေတိုးသည်ထက် တိုးမယ်ဆိုတာပြောလိုပါတယ်၊

☆

( ၄ )

# သင့်တင့်လျောက်ပတ်သောအရပ်၌ နေမှုခြင်းမင်္ဂလာ

## စတုတ္ထမြောက် မင်္ဂလာကတော့

**ပဋိရူပ ဒေသ ဝါသော စ**

သင့်တင့် လျောက်ပတ်သော အရပ်၌ နေခြင်းသည်လည်း မင်္ဂလာမည်၏လို့ ဟောတော်မူပါတယ်။

ဒီအချက်ဟာလည်း အရေးကြီးပါတယ်၊ ကလေး လူကြီး မည်သူမဆို သင့်တင့်လျောက်ပတ်တဲ့ အရပ်ကို မရရင်မကြီးပွား နိုင်ဘူး၊ ဥပမာ ကလေးတစ်ယောက်ဟာ ပညာ သင်ကြားဖို့ အတွက်ကျောင်းရှိရမယ်၊ ကျောင်းမှာ ဆရာကောင်းလည်း ရှိ ရှိမယ်၊ ကျောင်းသွားသမ်းကလည်း အဆင်ပြေရမယ်၊ ကျောင်း

သား သူငယ်ချင်းကောင်း ရှိရမယ်၊ အိမ်နားမှာ ကျောင်းစာကို တိုင်ပင်ဆွေးနွေးနိုင်တဲ့ ပတ်ဝန်းကျင်ကောင်းလည်း ရှိရမယ်။ ဒီလိုရှိမှလည်း ဒီကလေးဟာ ပညာရေးမှာ ထူးချွန်တဲ့သူ ဖြစ်နိုင်တယ်။

**မနေသင့်အရပ် နေသင့်အရပ်** လောကနီတိမှာ "အကြင်အရပ်၌ မြတ်နိုးခြင်း လည်း မရှိ၊ အဆွေခင်ပွန်လည်း မရှိ၊တစ်စုံ တစ်ယောက်သော အတတ်ပညာ သင်စိမ့်ငှာ သောသူလည်း မရှိ၊ ထိုအရပ်၌ နေခြင်း မပြုရာ *ဟု လာရှိပေသည်။

ဒါကြောင့် ဒနေဖို့ ထိုင်ဖို့ အရပ်ဒေသ တစ်ခုမှာ နေရာချတော့မယ်ဆိုရင် ဆုံးဖြတ်ချက် မချမီ ဒီအရပ်ဟာ သင့်တင့်လျောက်ပတ်တဲ့ အရပ်ဖြစ်,မဖြစ် စီစဉ်ပြီးမှ သင့်လျော်မှုနေထိုင်ရမယ်။

ဘယ်လိုအချက်တွေကို စိစစ်ရမလဲ ဆိုတော့ (၁) မိမိစီးပွားရေးဖြစ်ထွန်းမယ့် အရပ် ဖြစ်ရဲ့လား။ (၂) မိမိပညာရေး၊ မိမိသားသမီးများ ပညာရေး တိုးတက်မယ့် အရပ် ဖြစ်ရဲ့လား။ (၃) ကျန်းမာရေးအတွက်ကော အဆင် ပြေရဲ့လား၊ အနီးနားမှာ ဆေးဆရာ၊ဆရာဝန် ရှိရဲ့လား။ (၄) ပတ်ဝန်းကျင်သန့်ရှင်းမှုရှိပြီး ကျန်းမာရေးနှင့်ဆီလျော်ရဲ့လား။ (၅) လူဆိုးသူဆိုး၊ အရက်သမား၊ ဖဲသမား၊ ပြည့်တန်ဆာတို့ပေါများရာ

* လောကနီတိ၊ ပကိဏ္ဏက ကဏ္ဍ၊ ပုဒ်ရေ-၁၅၈။

အရပ် ဖြစ်နေသလား။ (၆) အကြောင်းရှိရင် ကူညီနိုင်မယ့် မိတ်ဆွေကောင်း ရှိရဲ့လား။ (၇) တစ်ဦးနှင့် တစ်ဦး ယိုင်းပင်းကူညီ စောင့်ရှောက်တတ်တဲ့ စိတ်ထား ရှိသူ များရဲ့လား ဆိုတာတွေကိုစိစစ်ပြီး ဒီအချက်တွေ ပြည့်စုံမှ နေထိုင်ရမယ်။

ပြီးတော့ အကြင်အရပ်မှာဥစ္စာရှိသူ၊ ပညာရှိသူ၊ မင်းအစိုးရ၊ မြစ်၊ ဆေးဆရာ မရှိရင် မနေသင့်လို့ ဆရာမြတ်များ၌ မိန့်ကြားတာကို မှတ်သားရတယ်။

ဥစ္စာရှိသူ မရှိက အသက်မွေးဝမ်းကျောင်း ခက်တယ်။

ပညာရှိသူ မရှိက အရေးရောက်တဲ့ အခါတိုင်ပင်ဖော် မရှိ ဖြစ်တယ်။

မင်းအစိုးရရဲ့ အာဏာလွှမ်းမိုးရာ အရပ်မဟုတ်က မလုံခြုံဘူးပေါ့။

မြစ်မရှိတဲ့အရပ်ဆိုရင် ရေအခက်အခဲတွေလို့ ဒုက္ခရောက်တဲ့ သဘောပါဘဲ။

ဆေးဆရာ၊ ဆရာဝန်မရှိရင် ကျန်းမာရေးအတွက် စိတ်မချရဘူး။

ဒါကြောင့်အားလုံးကို ခြုံကြည့်ရင် လူမှုရေး၊ စီးပွားရေး၊ ပညာရေး။ ကျန်းမာရေး၊ ချမ်းသာရေး အတွက် ပြည့်စုံတဲ့ အရပ်မှာ နေရမယ်လို့ ဗုဒ္ဓမြတ်စွာဘုရားက လူသားတို့အကျိုးကို ကရုဏာရှေ့ထားပြီး ဟောကြားတော်မူခဲ့ခြင်း ဖြစ်တယ်။

ဒါက လောကီရေး အခြေခံ၊
ပြီးတော့ လောကုတ္တရာရေးအတွက် ရှိသေးတယ်၊

အကြင်အရပ်မှာ ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာမရှိဘူး၊ အဲဒီလို အရပ်မှာနေရင် ပူဇော်ရန် ဘုရားစေတီမှမရှိ၊ ဆွမ်းလောင်းရန် သံဃာမှ မရှိ၊ တရားနာချင်လို့ ရဟန်းသံဃာ ပညာရှိမှ မရှိ ဖြစ်တဲ့အတွက် မနုဿတ္တ ဘာဝေါ ဒုလ္လဘောဆိုတဲ့ လူ့ဘဝကို ရတောင့်ရခဲ ရလာတဲ့ဘဝမှာ သံသရာကောင်းကျိုး ချမ်းသာ အတွက် ဗုဒ္ဓသာသနာတော်ဆိုတဲ့ကာလ ရခြင်းကြီး ရခဲရတဲ့ ကာလမှာ သင့်တင့်လျောက်ပတ်တဲ့အရပ်ကို မရရင် လူဖြစ်လာ ပေမယ့် လူမည်ကာ မတ္တဘဝသာ ဖြစ်ရတော့မှာမို့ များစွာ အရေးကြီးတယ်ဆိုတာ သိဖို့လိုပါတယ်။

**ရပ်ပြစ် ရှစ်ပါး**

ဒါကြောင့် လူရယ်လို့ ဖြစ်လာရင် ရပ်ပြစ်ရှစ်ပါး ✱ ကကင်းဝေးဖို့ရာ အရေးကြီးကြောင်း ဗုဒ္ဓဘုရားရှင်က ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။ (၁) ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာတော်မတည်တဲ့ အရပ်၊ (၂) နာမ်သာရှိပြီး ရုပ်မရှိတဲ့ အရူပဗြဟ္မာလေးဘုံ၊ (၃) ပစ္စန္တ သန္တွေအားဖြင့် အင်္ဂါချို့တဲ့သူ၊ (၄) ရုပ်သာရှိပြီး နာမ်မရှိတဲ့ အသညသတ်ဗြဟ္မာဘုံ၊ (၅) နိယာတမိစ္ဆာဒိဋ္ဌိမျိုး၌ဖြစ်ရခြင်း၊ (၆) ပြိတ္တာဘုံ၌ဖြစ်ရခြင်း၊ (၇) တိရစ္ဆာန်ဘုံ၌ ဖြစ်ရခြင်း၊ (၈) ငရဲဘုံ၌ ဖြစ်ရခြင်းတို့ ဖြစ်ပါတယ်။

ဒီအရပ်ဟောမှာဖြစ်ရင် ဘုရားပွင့်တော်မူတဲ့ကာလ ဖြစ်စေကာမူ ဘုရားရှင်ကို မဖူးတွေ့ရတော့ဘူး၊ ဒါကြောင့်မို့လို့ ဗုဒ္ဓ ဘုရားရှင်ရဲ့ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးရဲ့ဆရာ ကာဠဒေဝိလရသေ့ + ဟာ ဘုရားလောင်းကိုဖူးတွေ့ရတော့ ရယ်ခြင်း

---

\+ အရှင်ဩဘာသဘိ၁ံသ၊ — ဇိနတ္ထပကာသနီ။

ငိုခြင်းကိုပြုတယ်၊ ဒီရသေ့ဟာ လောကီစျာန် ပြည့်စုံလို့ ရှေ့ကမ္ဘာလေးဆယ်၊ နောက်ကမ္ဘာ လေးဆယ်တိုင် မြင်နိုင်တယ်။

ဒါကြောင့် ဘုရားလောင်းကို တွေ့ရတဲ့အတွက် ဘုရားဖြစ်မယ့်သူကို တွေ့ရပါကလားလို့ ဝမ်းသာလို့ ရယ်ခြင်းကို ပြုတယ်။

နောက် ဒီကလေး ဘုရားဖြစ်တဲ့အခါ ငါဖူးတွေ့ရပါ့မလား လို့ကြည့်တဲ့အခါ စုတေပြီး အသညသတ်ဘုံကို ရောက်နေမှာ ဖြစ်တဲ့အတွက် ဘုရားလောင်းကို ဖူးတွေ့ရလျက် ဘုရားဖြစ်တော်မူတဲ့အခါ မဖူးတွေ့နိုင်တဲ့အတွက် ငိုခြင်းဖြစ်တယ်၊ အသညသတ်ဘုံဆိုတော့ ရုပ်ပြစ်ရှစ်ပါးထဲ ရောက်နေပြီ။

ဒီလိုစျာန်ရတဲ့ပုဂ္ဂိုလ်ဟာ ဘာကြောင့် အသညသတ် ဘုံကို ရောက်သလဲ၊ သူကနာမ်မရှိရင် နိဗ္ဗာန်ဆိုတဲ့ အယူအဆ လွဲမှုကြောင့် နာမ်မရှိဘဲ ရုပ်သာရှိတဲ့ဘုံကိုရောက်ရတာ။

ဒါကြောင့် အကျင့်မမှားဖို့အရေးကြီးတယ်၊ ဒီအကြောင်းတွေကို (အတ္တသမာပတ္တိစိစ ဆိုတဲ့ မဂ်ဂဇင်းမှာထပ်ပြီး ဆွေးနွေးပါ့မယ်။)

**နောက်တစ်ချက်က ဒီလိုနေထိုင်ရာမှာ အရပ်သာ မဋ္ဌိရူပဒေသ ဝါသေ ဝ** ဖြစ်ရမယ်မဟုတ်သေးဘူး၊ နေ့စဉ် နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှုတွေမှာလည်း သင့်တင့် လျောက်ပတ်ဖို့ လိုပါတယ်။

မိမိထက် ဂုဏ်ရှိန် ဝါရှိန်ကြီးသူတွေဆီကို ချဉ်းကပ်ခစားတဲ့ အခါ ဂုဏ်ရှိန် ဝါရှိန်ကြီးသူတွေနှင့် စကားပြောတဲ့ အခါမှာလည်း သင့်တင့်လျောက်ပတ်တဲ့ အရပ်မှာ နေရာမှာ ရပ်ဖို့ထိုင်ဖို့ လိုပါတယ်။

မင်္ဂလသုတ် ပါဠိတော်မှာဘဲ မင်္ဂလာတရားတော်ကို ဟောတော်မူဖို့ ဗုဒ္ဓဘုရားရှင်ကို လာရောက် လျှောက်ထားတဲ့ နတ်သားဟာ-

ဘဂဝန္တံ။ မြတ်စွာဘုရားသခင်ကို၊ အဘိဝါဒေတွာ။ အလွန်ရှိသေစွာ ရှိခိုးဦးချ၍၊ ဧကမန္တံ။ တင့်အပ် လျှောက်ပတ်သော အရပ်၌၊ အဋ္ဌာသိ။ ရပ်လေ၏၊ ဧကမန္တံ။ တင့်အပ်လျှောက်ပတ်သော အရပ်၌ရပ်ပြီးသော၊ သာဒေဝတာ။ ထိုနတ်သားသည်၊ ဘဂဝန္တံ။ မြတ်စွာဘုရားကို၊ ဂါထာယ၊ ဂါထာဖြင့်၊ အဇ္ဈဘာသိ။ ကြည်ညိုနားတော်လျှောက်လေ၏ * ဆိုပြီးတော့လာရှိပါတယ်။

**သင့်တင့်လျှောက်ပတ်သောအရပ်** +

သင့်တင့်လျှောက်ပတ်သော အရပ်ဆိုတာက ဘယ်လို နေရာကို ဆိုသလဲဆိုတာ သိဖို့လိုပါတယ်၊ (၁) ဝေးလွန်းတဲ့ နေရာ၊ (၂) နီးလွန်းတဲ့နေရာ၊ (၃) ရှေ့တည့်တည့်၊ (၄) နောက်တည့်တည့်၊ (၅) မြင့်တဲ့နေရာ၊ (၆) လေညာအရပ်တို့ဖြစ်တယ်၊

ဘာဖြစ်လို့ဒီလိုနေရာတွေကို ရှောင်ရသလဲဆိုတော့ဝေးလွန်းရင် မိမိကိုလူကြီးက မမြင်နိုင်ဘူး၊ လူကြီး ဘာပြောတယ်ဆိုလည်း ကောင်းစွာမကြားနိုင်ဘူး။

နီးလွန်းပြန်ရင်လည်း နေရာယူ လွန်းတယ်လို့ထင်တတ်တယ်၊ ပရိသတ်ကလည်း ချဉ်တတ်တယ်။

**ရှေ့တည့်တည့်မှာ** နေပြန်တော့ သဘောမကျလို့ ကြည့်တိုင်း မိမိကိုဘဲ မြင်နေတတ်တယ်၊ ပစ်မှတ်ဖြစ်နေတတ်တယ်။

* သုဘေသန သရုပ်ပြအဘိဓာန်။

\+ မြန်မာ့ဆယ်ခုစောင်တွဲ။

နောက်တည့်တည့်ဆိုသောလည်း မိမိကိုမမြင်မသိ၊ဘာပြော နေတယ်၊ ဘာလုပ်နေတယ်ဆိုတာလည်းမိမိကမသဲမကွဲဘူးပေါ့။ မြင့်တဲ့နေရာဆိုတော့ မရှိမသေပြုရာရောက်တယ်။

လေညာမှာနေတော့ မိမိဆီက မကောင်းတဲ့ အနံ့အသက် ရောက်သွားတတ်တာမို့ အပြစ်ဖြစ်တတ်တယ်၊ အလိုက်မသိတဲ့ လူလို့ထင်တတ်တယ်။

ဒါကြောင့် ဒီလိုနေရာတွေကို ရှောင်ချခြင်းဖြစ်တယ်၊ ဗုဒ္ဓ ဘုရားရှင် အနေနှင့်က သည်းခံခြင်းရှိပေမယ့် ဘုရားရှင်အပေါ် မှာ မလေးမစားရာ မရောက်အောင် ရှိသေသဖြင့် ပူဇော်ခြင်း အရာရောက်အောင် ဒီလိုနေရာတွေကို ရှောင်ရတာပါဘဲ။

ဒါပေမယ့် ကာလဒေသနှင့် လိုက်လျောဖို့လည်း လိုပါတယ်။ တစ်ထစ်ချ မှတ်ယူလို့မရဘူး၊ ကျောင်းမှာ စာသင်ခန်းမှာက ဆရာနှင့် နီးလေကောင်းလေဘဲ၊ ဘုရားရှင်ရဲ့ တရားတော်ကို နာယူရာမှာ ကိုယ်ကနောက်ကျနေရင် နောက်ကဘဲ ဖြစ်ဖြစ်၊ ဝေးတဲ့နေရာကဘဲဖြစ်ဖြစ် နာယူရမှာပါဘဲ။

အနေကောင်းတဲ့ ဗိလုံးငှက်

သင့်တင့်လျောက်ပတ်တဲ့အရပ်မှာ နေတဲ့သူဟာ ကြီးပွားချမ်းသာ တိုးတက်တဲ့အပြင် ရန်သူကို အောင်ကြောင်းတရားလည်း ဖြစ်တယ်၊ မိမိမှာ အပေါင်းသင်းကောင်း တိုင်ပင်မယ့်လူ ကူညီ မယ့်လူရှိတဲ့အတွက် ဘာကိုမျှ စိုးရိမ်စရာမလိုဘူး၊ စစ်မြေအရပ် စစ်ပွဲမှာတောင် သင့်တင့်လျောက်ပတ်တဲ့အရပ်ကို ရတဲ့ လူဟာ အောင်နိုင်တာဘဲ။

ဒုကနိပါတ်၊ သကုဏဂ္ဃိဇာတ်မှာ * ဘုရားလောင်း ဗိုလုံး ငှက်ဟာ ထွန်ဖြင့် ထွန်ထားတဲ့ မြေစိုင်ခဲတွေရှိတဲ့ အရပ်မှာ နေတယ်၊ တစ်နေ့ တောအုပ်တစ်ခုကို အစာရှာ သွားတဲ့ အခါ သိမ်းတစ်ကောင်က ထိုးသုတ်ဖမ်းဆီးခံရတယ်။ ဒီတော့ ဗိုလုံးငှက်က "ငါ့နေရာမဟုတ်လို့ အဖမ်းခံရတယ်၊ ငါ့နေရာဆိုရင် ဒီလို အဖမ်းခံရမှာ မဟုတ်ဘူး" လို့ ဆိုတယ်။ သိမ်းငှက်ကလည်း "ကောင်း၊ပြီ၊ ယခု သင့်ကို လွှတ်လိုက်မယ်၊ သင့်နေရာမှာ သင့်ကို ရအောင် ဖမ်းပြမယ်" ဆိုပြီး လွှတ်လိုက်တယ်။

ဗိုလုံးငှက်ဟာ သူ့နေရာရောက်တဲ့အခါ မြေစိုင်ခဲကြီးပေါ် တက်ပြီး သိမ်းငှက်ကို စိန်ခေါ်တယ်။ သိမ်းငှက်ဟာ တစ်ဟုန်တည်း သုတ်ဖို့ ထိုးဆင်းလာတဲ့အခါ ဗိုလုံးငှက်ဟာ မြေစိုင်ကြားထဲကို ပြေးဝင်တယ်၊ သိမ်းငှက်ဟာ သူ့ရဲ့အရှိန်အဟုန်ကို မထိန်းနိုင်တော့တဲ့အတွက် မြေစိုင်ခဲနှင့် ရင်ဘတ် ဆောင့်မိပြီး ရင်ကွဲသေရတယ်။

ဒါဟာ **ပဋိရူပဒေသဝါသော** ရဲ့ အကျိုးဘဲ၊ ဒါကြောင့် အမျိုးကောင်း သားသမီးတို့ဟာ ဘုရားရှင်ရဲ့ အဆုံးအမတော် အတိုင်း သင့်တင့်လျောက်ပတ်တဲ့ အရပ်ကို ရယူပြီး မင်္ဂလာရှိအောင် ပြုလုပ်ဖို့လိုပါတယ်။

---

* ဇာတ်တော်ငါးရာ့ငါးဆယ်၊ ဦးမြင့်ဆွေ-စာ-၁၀၂။

# မိမိပြုခဲ့ဖူးသော ကောင်းမှုရှိသူ၏ အဖြစ်
## မင်္ဂလာ

### ပဉ္စမ မင်္ဂလာတရားတော်ကတော့

**ပုဗ္ဗေစ ကတပုညတာစ**

မိမိပြုခဲ့ဖူးသော ကောင်းမှုရှိသော သူ၏ အဖြစ်သည်လည်း မင်္ဂလာပါဘဲလို့ ဟောတော်မူပါတယ်၊ ရှေးက ကောင်းသော အလုပ်ကို လုပ်ခဲ့တဲ့သူဟာ ကောင်းသောအကျိုးကို ခံစားရတာပါဘဲ။

**ရှေးက အဓိပ္ပာယ်**

ဒီနေရာမှာ ''ရှေးက''ဆိုတာဟာ ရှေးဘဝကဆိုတာလောက်နှင့် မလုံလောက်ပါဘူး၊ ယခုဘဝလည်းပါပါတယ်၊ ယခုဘဝမှာ လုပ်ဖူး ခဲ့တဲ့ ကောင်းမှုရဲ့အကျိုးကိုယခုဘဝမှာပင်ခံစားရနိုင်ပါတယ်၊ကလေး ဘဝက ပညာကိုကောင်းစွာ ရှာဖွေတတ်မြောက်ခဲ့တဲ့ သူဟာ

ကြီးလာရင် ဒီပညာရဲ့အကျိုးကို ကောင်းစွာ ခံစား ရပါတယ်။ ပညာမဲ့ရင် လုပ်ကိုင်စားသောက်မှုမှာ နိမ့်ကျမှာဘဲ။

ဒီလိုဘဲအလုပ်အကိုင်မှာလည်း ပျင်းရိတဲ့လူနှင့် ဝီရိယရှိတဲ့လူ မတူနိုင်ဘူး၊ အသုံးအစွဲ ဖွာတဲ့ လူနှင့် ခြိုးခြံ ချွေတာတဲ့ လူ မတူနိုင်ဘူး၊ ဒါ့ကြောင့် လူဟာ မိမိကိုယ်ကို ဆောက်တည်ဖို့ရာ "အတ္တသမ္မာပဏိဓိ" အရေးကြီးကြောင်း မင်္ဂလာ တစ်ပါး၊ သတ်မှတ်ထားခြင်းဖြစ်တယ်၊ အတ္တသမ္မာပဏိဓိရှိမှလည်း ပုဗ္ဗေစကတပုညတာ ရှိနိုင်ပါမယ်။

**သမ္ပတ္တိစက် လေးပါး** ယခင်ဘဝကကောင်းမှုရဲ့ အကျိုးကြောင့် ခုယဘဝမှာ ပစ္စည်း ဥစ္စာ ကြွယ်ဝချမ်းသာခြင်း၊ ပညာတတ်ခြင်း၊ ရုပ်အဆင်းလှပခြင်း၊ အစိုးရခြင်း၊ အခြွေအရံပေါများခြင်း စသော သမ္ပတ္တိ။ ပြည့်စုံမှုကို ရရှိနိုင်တယ်၊ သမ္ပတ္တိတရားလေးပါး တစ်နည်းပြောရရင် သမ္ပတ္တိစက်လေးပါးလို့ရှိတယ်။ (၁) ဂတိသမ္ပတ္တိ။ လူ့ပြည်နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ ဖြစ်ရခြင်း၊ (၂) ဥပဓိသမ္ပတ္တိ၊ ကိုယ်အင်္ဂါ ပြည့်စုံလှပ တင့်တယ်ခြင်း၊ (၃) ကာလသမ္ပတ္တိ၊ ကပ်သုံးပါး လွတ်ကင်းသောကာလ၌ ဖြစ်ရခြင်း၊ (၄) ပယောဂသမ္ပတ္တိ။— အား၊ လုံ့လ၊ လိမ္မာခြင်းတို့နှင့် ပြည့်စုံသဖြင့် အကျိုး ဖြစ်ထွန်းအောင် ဆောင်ရွက်လုပ်ကိုင်နိုင်ခြင်းတို့ ဖြစ်တယ်။

---

✱ သုတေသန သရုပ်ပြအဘိဓာန်။

**ကျက်သရေ အဓိပ္ပာယ်**

ဒီလိုသမ္မတ္တိ ပြည့်စုံသူများကို ကျက်သရေရှိသူလို့ ခေါ်တယ်။ ကျက်သရေ + ဆိုတာ ပါဠိလို 'သိရီ' ဆိုတဲ့စကားက လာတယ်၊ ပညာ ရှိတို့က 'သိရီတိ ပညာပုညာနံအဓိဝစနန္တိ ဝဒန္တိ' လို့ ဝိဂ္ဂဟ် ပြုတယ်။ အဓိပ္ပာယ်ကတော့ ပညာနှင့် ကောင်းမှုတို့၏ အမည်လို့ ဆိုလိုပါတယ်။ ဒီတော့ ကျက်သရေဆိုတာဟာ ပညာနှင့်ကောင်းမှုတို့ရဲ့ ပြည့်စုံမှု အကျိုးလို့လည်း ဆိုနိုင် ပါတယ်။ ပညာနှင့် ကောင်းမှုဆိုတာမှာလည်း ရှေးဘဝက ပညာနှင့်ကောင်းမှု ယခုဘဝမှာ ပညာနှင့်ကောင်းမှု နှစ်မျိုးစလုံးကို ယူရပါမယ်။

**သိပ္ပံနည်းကျ တွေးလျှင်**

ခုခေတ်လူငယ်တွေက သိပ္ပံနည်းကျမှ ယုံတယ်၊ ရှေးဘဝကဆိုတာကို သိပ်မယုံချင်ဘူး၊ လောကမှာ မိမိမသိနိုင်တာတွေ အများကြီး ရှိသေးကြောင်း သိသာဖို့လိုပါတယ်၊ မတွေ့ မမြင်တာမျှနှင့် ဘုရားဟောတွေဟာ မယုံဘူးဆိုလို့ မရှိပါဘူး။ တွေ့တယ် မြင်တယ်ဆိုတာလည်း ဘုရားက ဟောတော်မူတဲ့ အတိုင်း ကျင့်မှ ကြုံမှ ရနိုင်ပါတယ်၊ လက်တွေ့ ကျကျ ပြောရရင် ယခု ဘဝမှာ မကောင်းတဲ့အပြော အဆိုးအပြုအမူ၊ စိတ်နေစိတ်ထားရှိသူဟာ ကျက်သရေမရှိသူဖြစ်နေမှာဘဲ၊ "ဒီကောင် စိတ်ထားက ယုတ်တယ်ကွာ မျက်နှာထားကိုက ကြည့်ပါလား ပုပ်နေတာဘဲ" ဆိုတဲ့စကားအရ စိတ်ထားမကောင်း၊ အပြုအမူ မကောင်းသူမှာ ဘယ်လောက်ကျက်သရေမဲ့တယ်ဆိုတာ သိနိုင်ပါတယ်။

---

+ ပရိတ်ကြီး နိဒါနသုတ်။

ကျက်သရေမရှိတဲ့ မျက်နှာ မခေါ်ချင်ပါဘူး၊ မပြောချင်ပါဘူး၊ မကြည့်ချင်ပါဘူး ပြောကြတယ်၊ ဒါကြောင့် (ပုဗ္ဗေစ ကတပုညတာ)ဆိုတာ မိမိပြုခဲ့ဖူးသော ကောင်းမှုရှိသူ၏ အဖြစ်ဆိုတဲ့အတွက် မနက်က မကောင်းမှုလုပ်ခဲ့ရင် နေ့လယ်မှာ မကောင်းမှုရဲ့အကျိုး၊ ကောင်းမှုလုပ်ခဲ့ရင် ကောင်းမှုရဲ့အကျိုးကို ခံစားစံစားရမယ်။ တစ်ခါတလေမှာ မိနစ်ပိုင်း၊ နာရီပိုင်းအတွင်း မှာပင် ခံစားစံစားရမယ်။

ဒါကြောင့် ကျက်သရေမရှိတာ ကို ဘယ်သူမှ မလိုချင်ဘူး၊ ကျက်သရေရှိတာကိုသာ လိုချင်တယ်၊ ကျက်သရေ ရှိအောင် ဘာလုပ်မလဲ၊ ဗုဒ္ဓဘုရားရှင် မိန့်ကြားခဲ့တဲ့ မင်္ဂလာတရားတော်အတိုင်း ကျင့်ရင် ကျက်သရေရှိလာမှာဘဲ။ ဒါကြောင့် ကျက်သရေမင်္ဂလာ၊ မင်္ဂလာကျက်သရေရယ်ဆိုပြီး တွဲသုံးတာ ဖြစ်တယ်။

ဒီထက်ရှင်းအောင် ပြောမယ်ဆိုရင် အထဝါ ပုညနိဗ္ဗတာ သရီရသော ဘဂ္ဂါဒိ သမ္ပတ္တိကတပုညေနိဿယတိ ကတပုညေဟိ ဝါ နိဿယတီတိ သိရီတိဝုစ္စတိလို့ မူလဋီကာမှာ လာရှိကြောင်း မှတ်သားရပါတယ်။ အဓိပ္ပာယ်မှာ- အထဝါ။တစ်နည်းကား၊ ပုညနိဗ္ဗတ္တာ။ ကောင်းမှုကြောင့် ဖြစ်လာရသော၊သရီရသော ဘဂ္ဂါဒိသမ္ပတ္တိ။ ခန္ဓာကိုယ်၏တင့်တယ်ခြင်းစသော ပြည့်စုံမှုကို၊ ကတပုညေနိဿယတီတိ ကောင်းမှု ပြုခဲ့သူကို မှီတတ်သောကြောင့် လည်းကောင်း၊ ကတပုညေဟိ ဝါ နိဿယတီတိ။ ကောင်းမှုပြုသူတို့က မှီအပ်သောကြောင့် လည်းကောင်း၊သိရီတိ ဝုစ္စတိ။ သိရီဟုဆိုအပ်၏ ဟူ၍ဖြစ်ပါတယ်။

---

+ ပရိတ်ကြီး နိဿယသစ် စာ-၈၇။

ဒီတော့ လောကမှာ မိမိက တရားရှိနေတဲ့အတွက် တရားက မိမိကိုယ်ကို မှီတယ်။ မိမိက တရားကို အားကိုးတစ်ခု ပြုရသောကြောင့် မိမိက တရားကိုမှီအပ်သည်လို့ ဖြစ်ပါတယ်။ ဒါကြောင့် ကျက်သရေဟာ ပုဂ္ဂိုလ်၌မှီတတ်၊ ပုဂ္ဂိုလ်ကလည်း ကျက်သရေကို မှီအပ်တယ်လို့ ဆိုလိုပါတယ်။

**ကျက်သရေကို ခိုးလို့မရ**

ပြီးတော့ ကျက်သရေဆိုတာ ကိုယ်ပိုင်ပစ္စည်းပါ၊ ဘယ်သူမှ ခိုးယူတောင်းယူလို့ မရပါဘူး၊ ပုဂ္ဂိုလ်ရဲ့ ရှေးကောင်းမှုကြောင့်သာ ဖြစ်တယ်၊ ဒါကြောင့် ဘယ်သူမပြု မိမိမှုဆိုတဲ့ စကားကိုကြည့်ရမယ်။ ကောင်းမှု မကောင်းမှုဆိုတာကို ဗုဒ္ဓမြတ်စွာဘုရားက လမ်းညွှန်ပေးတာ၊ လုပ်တာက မိမိကိုယ်တိုင်ဖြစ်တယ်။ ကိုယ်လုပ်မှကိုယ်ရတယ်။ မကောင်းလည်းကိုယ်ဘဲ၊ ကောင်းလည်းကိုယ်ဘဲ။

ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ပုဏ္ဏားတစ်ဦးသည် အနာထပိဏ်သူဌေးကြီးထံ ကျက်သရေခိုးမယ်ဆိုပြီး ရောက်လာတယ်။ ကျက်သရေ ဘယ်မှာရှိသလဲ ကြည့်တဲ့အခါ သူဌေးကြီးရဲ့ ကြက်ဖဖြူကြီးရဲ့ အမောက်မှာတည်ကြောင်းတွေ့ရလို့ ကြက်ဖဖြူကြီးကို အလှူခံတယ်၊ သူဌေးကြီးက ကြက်ဖဖြူကြီးလှူလိုက်တော့ ကျက်သရေဟာ ကြက်ဖကြီးမှာ မရှိတော့ဘဲ ပတ္တမြားရတနာမှာ ရောက်သွားတယ်။ ဒီတော့ ပတ္တမြား ရတနာကိုအလှူခံပြန်တယ်။ သဌေးကြီးက ပတ္တမြားရတနာကို လှူပြန်တော့ တောင်ဝှေးကို ရောက်သွားပြန်တယ်၊ ဒါနဲ့ တောင်ဝှေးကိုအလှူခံပြန်တယ်။ ဒီအခါမှာ ကျက်သရေ ဟာသူဌေးကတော်ကြီး ပုည

---

+ ပရိတ်ကြီး နိဿယသစ် စာ-၈၈၊ ၈၉၊

လက္ခဏာဒေဝီထံ ရောက်သွားတဲ့အတွက် သူဌေးကတော်ကြီးကို တော့ အလှူခံလို့မဖြစ်တော့လို့ လက်လျှော့ပြီးမိမိသည် ပစ္စည်း လိုချင်လို့ လာတာမဟုတ်၊ ကျက်သရေ လိုချင်လို့ လာတာ ကျက် သရေက နေရာ ပြောင်းပြောင်းသွားတဲ့အတွက် ကျက်သရေ ဟာ ခိုးမရကြောင်း ပြောပြီး ပစ္စည်းတွေပြန်ပေးပြီး ပြန်သွား တယ်။

ဒါကြောင့် ကျက်သရေဟာ တစ်ဦးတည်းကိုယ်ပိုင်ပစ္စည်း၊ ဒါကို အခြေအရံတွေကတော့ ကျက်သရေရှိတဲ့ လူကို မှီခိုတဲ့ အကျိုး အထိုက်အလျောက် ခံစားရတယ်။ ကျက်သရေဆိုတာ ကောင်းမှု ကမ္မဿ ပုညက လာတာမို့ ဘုန်းကံ ဆိုတာလည်း ပုညကမ္မဿကောင်းမှုကံက လာတာဘဲလို့ ဆိုနိုင်ပါတယ်၊ ဘုန်း ကံ ရှိမှလည်း ကျက်သရေဆိုတာ ထင်ရှားပြီး ဖြစ်ပါတယ်။

**ပိင်္ဂုတ္တရလုလင်** ကျက်သရေမဲ့တဲ့သူနှင့် ကျက်သရေ ရှိသူဟာ **နှင့်ဥဒုမ္ဗရဒေဝီ** အတူ မပေါင်းဖော်နိုင်ဘူး၊ အတူမအိပ်နိုင်ဘူး၊ မဟာဥမင်္ဂ(မဟောသဓ)ဇာတ်*မှာတက္ကသိုလ် ပြည် ဒိသာပါမောက္ခ ဆရာကြီးဟာ ပိင်္ဂုတ္တရ လုလင်ကို တပည့် ကြီးရယ်လို့ အစဉ်အလာ ရှိတဲ့အတိုင်း အသိပညာနှင့် ဘုန်း ကျက်သရေရှိတဲ့ သမီးကို ပေးစားလိုက်တယ်၊ ပိင်္ဂုတ္တရလုလင် ဟာ ဘုန်းကံနည်းတဲ့ လူဖြစ်တဲ့အတွက် ဒီလောက် ချောတဲ့ လှတဲ့ ဆရာကြီးသမီးကို မနှစ်သက်နိုင်ဘူးဖြစ်ရတယ်။ ဆရာကို ကြောက်လို့သာ ယူခဲ့ရတယ်။

---

*ဇာတ်တော်ငါးရာ့ငါးဆယ်။ ဦးမြင့်ဆွေ စာ-၅၀၅၊ ၅၁၈၊ ၅၁၁။

မိတ္တ * လာပြည်ကို အပြန်ခရီးမှာ အတူမအိပ်နိုင်ဘူး၊ ဆရာကြီး သမီးက ခုတင်ပေါ်အိပ်ရင် သူကအောက်ဆင်းအိပ်တယ်။ နောက် လမ်းမှာ လာကြရင်း ရေသဖန်းပင်တစ်ပင် တွေ့တော့ သူက သဖန်းသီး တက်စားတယ်။ မယားက စားချင်လို့တောင်းတော့ ကိုယ့်ဟာကိုယ် တက်ခူးစားပါလား၊ ခြေနှင့်လက်နှင့်ဘဲ ပြောတယ်၊ ဒါနဲ့ သတို့သမီးလည်း တက်ပြီး သဖန်းသီးတွေကို ဆွတ်ခူးစားနေတုန်းမှာ ပိဂ္ဂုတ္တရဟာ မြန်မြန်ဆင်းပြီးအပင်ခြေရင်းမှာ မိန်းမ မဆင်းနိုင်အောင် ဆူးခက်တွေအုံပြီး ထွက်ပြေးတယ်၊ သတို့သမီးလည်း မဆင်းနိုင်လို့ အပင်ပေါ်မှာဘဲ နေရတယ်။

ဒီအခါမှာ ဝိဒေဟရာဇ် မင်းကြီးဟာ ဥယျာဉ်ကစားရာကအပြန်မှာ သတို့သမီးကို မြင်လို့ အဆင်းအင်္ဂါနှင့် ပြည့်စုံတဲ့အတွက် လင်ရှိ, မရှိ မေးစေတယ်။ သတို့သမီးက သူ့လင်ဟာသူ့ကို စွန့်ပစ်ပြေးပြီဆိုတော့ ရေသဖန်းပင်ကို ဆင်နှင့်ကပ်ပြီးသတို့သမီးကို ယူကာဥဒုမ္ဗရဒေဝီအမည်ဖြင့်မိဖုရားမြှောက်တယ်။ တစ်နေ့ မင်းကြီးထွက်တော်မူဖို့အတွက် မြို့သားတွေ လမ်းပြင်ကြရတယ်။လမ်းမပြီးမီဘဲ မင်းကြီးထွက်လာလို့ ဥဒုမ္ဗရဒေဝီလည်း ပါတော့ လမ်းမှာ ပိင်္ဂုတ္တရလုလင်ဟာ လမ်းပြင်နေတာမြင်တော့ မိဖုရားက ရယ်တယ်။မင်းကြီးလည်း ဒေါသထွက်ပြီးဘာကို ရယ်တာလဲမေးတယ်။ မိဖုရားကလည်း အကြောင်းစုံကိုလျှောက်ရာ မင်းကြီးက "ဒီလောက်လှတဲ့ မိန်းမကို ဘယ်ယောကျ်ားဟာ စွန့်ပစ်မှာလဲ၊ မမှန်တဲ့စကားကို မပြောနှင့်" ဆိုပြီး သန်လျက်ဖြင့် သတ်ဖို့ရွယ်တယ်။

မိဖုရားက "ပညာရှိတွေကို မေးပြီးမှ ကျွန်ုပ်ကိုသတ်ပါ။ နောက်မှ နောင်တရ မရစေနှင့်" လို့ ဆိုတဲ့အတွက် မဟောသဓ သုခမိန်ကို စကားစပ်မရှိဘဲ "အကျင့်စာရိတ္တ ကောင်းပြီး လင်ချစ်မြတ်နိုးတဲ့ မိန်းမလှကို အလိုမရှိတဲ့ယောကျ်ား ရှိတယ်ဆိုတဲ့ စကားကိုသင်ယုံသလား" လို့ မေးတယ်။ မဟောသဓသုခမိန်က "မင်းကြီး ကျွန်ုပ်ယုံတယ်၊ ဘုန်းရှိသော သူမြတ် (သိရီ)နှင့် သူယုတ်မာ(ကာဠကဏ္ဏိ)တို့ဟာ အလွန်အလှမ်းကွာတဲ့အတွက် အချင်းချင်းအတူမနေနိုင်ပါ" ဟုလျှောက်တယ်၊မင်းကြီးလည်း ဒေါသပြေပြီး မဟောသဓသုခ မိန်ကိုဆုပေးတယ်။ မိဖုရားလည်း "မဟောသဓသုခမိန်ကြောင့် ကျွန်ုပ် အသက်ချမ်းသာရတယ်၊ ဒါကြောင့် ကျွန်ုပ် သူ့ကို မောင်အရာ၌ ထားပါရစေ" ခွင့်တောင်းလို့ မင်းကြီးက ခွင့်ပြုတယ်။

ဒါကြောင့် ဘုန်းကံ ကျက်သရေဆိုတာ ယောကျ်ား၊ မိန်းမ မည်သူမဆို ရှေးကောင်းမှုရှိသူနှင့်သာဆိုင်တယ်၊ယောကျ်ားက မြတ်တယ်၊ မိန်းမက မြတ်တယ်လို့ ပြောလို့မရဘူး။

မြတ်အောင်နေမှ မြတ်အောင် ကောင်းမှုကို ပြုသူ မှသာ မြတ်တဲ့ဘဝကို ရနိုင်တယ်။ ဒါကြောင့် ပုဗ္ဗေစ ကတပုညတာ ဆိုတဲ့ ရှေးကမိမိပြုဖူးသော ကောင်းမှု ရှိသူ၏ အဖြစ်ကို ရရှိအောင် မင်္ဂလာရှိအောင်၊ ကျက်သရေရှိအောင် ကျင့်ကြံ ကြဖို့ တိုက်တွန်းလိုပါတယ်။

☆

# (၆)

# မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်း မင်္ဂလာ

ဆဋ္ဌမ မင်္ဂလာတရားကတော့

**အတ္တသမ္မာပဏိဓိစ**

မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်း ဖြစ်ပါတယ်။

မင်္ဂလာတရားတော်တွေထဲမှာဒီအချက်ဟာအရေးအကြီးဆုံး ဖြစ်ပါတယ်။ မိမိကိုယ်ကို ကောင်းအောင် ဆောက်တည်တယ် ဆိုတာ သူတစ်ပါးက လုပ်ပေးလို့ မရပါဘူး၊ မိမိ ကိုယ်တိုင် ယုံကြည်ချက် ခံယူချက်နှင့် လုံ့လဝီရိယ စိုက်ထူပြီး လုပ်ရပါ

မယ်။ စောစောကပြောခဲ့တဲ့အတိုင်း ဘယ်သူမပြု မိမိမှုဆိုတာ ဒါပါဘဲ။ မိမိရဲ့ အပြုအမူကြောင့် ကောင်းတာ ဖြစ်တယ်။ မိမိရဲ့အပြုအမူကြောင့် မကောင်းတာဖြစ်တယ်။ မိမိကိုယ်သာ အရင်းခံဖြစ်တယ်။ ပထမ မင်္ဂလာတရားတော် ငါးချက်ဟာ ဒီအချက်ကို အထောက်အကူပြုတယ်။ မိမိကိုယ်တိုင် ကောင်းအောင်မိမိဘဲဆောက်တည်ရမယ်။မကောင်းတာ မဖြစ်ရအောင် မိမိဘဲ စောင့်ရှောက်ရမယ်။

**ရှင်လျက် သေသူ**

လူဟာ မိမိကိုယ်ကို ကောင်းအောင် မတည်ဆောက်ရင် အသက်ရှင်လျက် သေနေတဲ့လူ + ဖြစ်တယ်။ အဲဒီလူမျိုးတွေက (၁)ဒုက္ခိတော။ သူများနည်းတူ ခြေလက်အင်္ဂါ အပြည့်အစုံရှိလျက် ငတ်မွတ် ဆင်းရဲမွဲပြာကျနေသူ၊ (၂) ဗျာဓိတော။ ရောဂါအနှာမကွာ နှိပ်စက် စိတ်ပျက်ဖွယ်ကောင်းသောသူ၊ (ဒါကြောင့် ကျမ္မာအောင်နေပါ၊ သန့်စွမ်းအောင် နေပါလို့ ပြောတာဘဲ)၊ (၃) မုဋ္ဌော။ အတ္တဟိတ ပရဟိတ ကျိုးနှစ်ဝကို ကျနသေချာ ဝေဖန်ပိုင်းခြား ဆင်ခြင်ဉာဏ်အသိတရား မရှိသောသူ၊ (၄) ဣနဝါ။ ဘယ်ခါမရွေး စိတ်ပူဆွေးရန် သူများထံမှ ခံယူ ချေးငှား ကြွေးမြီ များသောသူ၊ (၅) နိသျှသောကော။ သူတစ်ပါးထံ အစေခံ လုပ်ရသူနှင့် ကိုယ်ပိုင် အလုပ် မရှိသူများ (သူများမှီခိုစား၊ မိန်းမထဘီနား ခိုစား နေသူများ)၊ (၆) ဣတ္တာကုတ္တက။ ယောကျ်ားဖြစ်လျက် မိန်းမလျှာ ဖြစ်နေသူ၊ (၇)အလသ။ အပျင်းများလျက် စဉ်းစားကာသာ အချိန်ကုန်တတ်သူ၊ (၈) ပမတ္တာ။ ကုသိုလ်ကောင်းမှု၌ မေ့လျော့နေသူတို့ ဖြစ်ပါတယ်။

ဒါကြောင့် အသက်ရှိသျှက် သေသူတွေ မဖြစ်ရအောင် မိမိကိုယ်ကို ကောင်းစွာတည်ဆောက်ကြရပါမယ်။

ဘယ်လို တည်ဆောက်ကြမလဲ။
ဒီတော့ မိမိကိုယ်ကို ကောင်းအောင်က
လူမိုက် လူယုတ်မာကို ရှောင်မှု။
ပညာရှိကို ပေါင်းမှု။
ပူဇော်ထိုက်သူကို ပူဇော်မှု။
သင့်တင့်လျောက်ပတ်တဲ့အရပ်မှာလည်း နေမှု
ရှေးက ပြုခဲ့ဖူးတဲ့ ကောင်းမှုလည်း ရှိအောင် လုပ်မှု။

မိမိကိုယ်ကိုဆောက်တည်ရာရောက်တယ်၊ဒီလိုဆောက်တည်ရာမှာလည်း "ပုဗ္ဗေစ ကတပုညတာ" ဆိုတဲ့ ရှေးက ကောင်းမှုတစ်ခုတည်းကိုသာ အားကိုးပြီး ယခုဘဝမှာ ဘာမှ ကောင်းမှုဆက်မလုပ်ရင် လူယုတ်မာကိုမရှောင်ရင်၊ ပညာရှိကို မပေါင်းရင်၊ ပူဇော်ထိုက်သူကို မပူဇော်ရင်။ သင့်တင့်လျောက်ပတ်တဲ့ အရပ်မှာ မနေရင် ကောင်းကျိုး ချမ်းသာ ကျက်သရေဟာ မတိုးပွားတော့ဘဲ အဟောင်းစားဘဲ ဖြစ်သွားမယ်။

**အဟောင်း စား မဖြစ်ဖို့**

အဟောင်းစားဆိုလို့ ဝိသာခါဒါယိကာမ ✠ အကြောင်းကို ဆွေးနွေးလိုပါတယ်။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ် ရာဇဂြိုဟ် ပြည်မှာ အတိုင်းမသိ ချမ်းသာကြတဲ့ ဇောတိက၊ ဇဋိလ၊ မေကဏ္ဍ၊ ပုဏ္ဏနှင့် ကာကဝလ္လိယဆိုတဲ့ သူဌေးကြီးငါးဦး

+ သုခတေသန တရုပ်ပြ အဘိဓာန်၊ စာ—၆၆။
✠ ခေတ်မီ ဓမ္မပဒ (၃) စာ—၁၆၁၊ ၁၅၀။

ရှိတယ်။ အင်္ဂတိုင်း ဘဒ္ဒိယမြို့မှာ နေတဲ့ မေကဏ္ဍာ သူဌေးကြီးနှင့် သူဌေးကတော် စန္ဒပဒုမာတို့မှာ သား ဓနဉ္စယ သူဌေးနှင့်ချွေးမ သုမနဒေဝီတို့က ဝိသာခါဆိုတဲ့ သတို့သမီးကိုရရှိတယ်။ နောက် ကောသလမင်းကြီးဟာ သာဝတ္ထိမှာ အဲဒီလောက်ချမ်းသာတဲ့ သူဌေးမရှိလို့ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးကိုတောင်းတဲ့ အတွက် မေကဏ္ဍာကသူဌေးကြီးဟာသာဝတ္ထိကို မိသားစုနှင့်အတူ ပြောင်းသွားတယ်။ ဒီတော့ သာဝတ္ထိမြို့ မိဂါရသူဌေးက သူ့သား ပုဏ္ဏဝဍ္ဎနနှင့် ထိမ်းမြားဖို့ ဝိသာခါကို တောင်းခံရာ သဘောတူတဲ့အတွက် ကောသလမင်းကြီးကိုယ်တိုင်လိုက်ပါပြီး မင်္ဂလာပွဲပြုပေးတယ်။

ဒီနေ့မှာဘဲ ရွှေပန်းထိမ် ငါးရာကို ခေါ်ပြီး ရွှေစင်နိက္ခ တစ်ထောင်နှင့် ရတနာကိုးသွယ်ဖြင့် "မဟာလတာ" တန်ဆာကို ပြုလုပ်စေတယ်။ အချိန် လေးလကြာပြီး ကိုးကုဋေ ကုန်ကျကာ လက်ခ တစ်သိန်း ပေးရတယ်။ ဒီတန်ဆာကို ဆင်ရခြင်းဟာ ကဿပဘုရားရှင်လက်ထက်တော်အခါက ဝိသာခါဟာ ရဟန်းတော် နှစ်သောင်းကို သင်္ကန်းလှူခဲ့တဲ့ အကျိုးဖြစ်တယ်။

ဓနဉ္စယသူဌေးကြီးဟာ သမီးကို ယောက္ခမအိမ်သို့ထည့်လိုက်ရတဲ့အခါမှာ မညှိုးမငယ်စေရန် အတွက် ဆုံးမ သွင်သင်ရန် သူကြွယ်ရှစ်ဦးနှင့်တကွ တစ်သက်တာသုံးစွဲရန် ဥစ္စာပစ္စည်း အစုံ ကျွဲ၊ နွား၊ ကျေးကျွန်များ တစ်ထောင်မက ပေးလိုက်တယ်။ ဝိသာခါဟာ အမျိုးကောင်းသမီးဖြစ်တဲ့အတွက် သာဝတ္ထိပြည်သူအားလုံးကို ဆွေမျိုးရင်းချာဖြစ်အောင် ဆက်ဆံတယ်။

ယောက္ခမမိဂါရသူဌေးဟာ မိစ္ဆာဒိဋ္ဌိဖြစ်တဲ့အတွက် အဝတ်မဝတ်ဒာယူလှဲမှားတဲ့ "အစေလက" တိတ္ထိငါးရာကို ပင့်ဖိတ်ပြီး

နို့ဂဏာဆွမ်းဖြင့် ကျွေးမွေးတယ်။ ဆွမ်းကျွေးပြီးတဲ့အခါ ရဟန္တာကြီးများကို ရှိခိုးဖို့ ချွေးမကိုခေါ်တယ်။ ရဟန္တာဆိုလို့ အဟုတ်များလားလို့ ဝိသာခါက ဝမ်းသာအားရ ထွက်လာတဲ့ အခါ အဝတ်မဝတ်တဲ့ တက္ကတွန်းတွေကိုမြင်လို့ "ထွီထွီ" ဆိုပြီး ပြန်ဝင်သွားတယ်။

မိဂါရဟာ ဒေါသထွက်သော်လည်း သည်းခံပြီး တက္ကတွန်း တွေပြန်သွားတဲ့အခါ နို့ဂဏာကိုစားတယ်။ ချွေးမ ဝိသာခါက အနားကနေ ယပ်ခတ်ပေးတယ်။ ဒီအခါမှာ ဗုဒ္ဓဘုရားရှင်ရဲ့ တပည့် ရဟန်းတော်တစ်ပါး ဆွမ်းခံကြွလာတယ်။ မိဂါရသူဌေး ဟာ မမြင်ချင်ယောင်ဆောင်ပြီး စားမြဲစားနေတယ်။ ဝိသာခါ က "ကန်တော့ဆွမ်းပါဘုရား" တပည့်တော်မ၏ယောက္ခမသည် အစားဟောင်းကိုသာ စားသောက်ပါသည်ဘုရား" လို့လျှောက် တယ်။ ဒီတော့ မိဂါရသူဌေးဟာ သိပ်ဒေါသထွက်ပြီး "ဒီသူ ယုတ်မကို နှင်ထုတ်ကြစမ်း၊ ငါ့ကို အညစ်အကြေး မစင်ကို စားသူ ဆိုတယ်" လို့ပြောတယ်။

ဝိသာခါက "ဒီလိုပြောရုံမျှဖြင့် ဒီအိမ်ကထွက်မသွားနိုင်ဘူး၊ ကျွန်မကို ဆုံးမဖို့ သူကြွယ်ရှစ်ယောက်ကို အပ်ထားပါတယ်၊ အပြစ်ရှိ၊မရှိ ခေါ်မေးပါ" လို့ ပြောတယ်။ သူကြွယ်တွေ ရောက် လာတော့ မိဂါရက "ငါ့ကို မစင်စားသူလို့ ဆိုတယ်" ဆိုပြီး ပြောတယ်၊ ဝိသာခါက "ကျွန်မ ဒီလိုမပြောရပါ၊ ကျွန်မ ယောက္ခမသည် ဆွမ်းခံလာတဲ့ ရဟန်းတော်ကို မမြင်ချင်ယောင် ဆောင်နေတဲ့ အတွက် "ကျွန်ုပ်၏ ယောက္ခမသည် ဒီဘဝမှာ ကောင်းမှုကိုမပြု၊ ရှေးဘဝက ကုသိုလ်ကံရဲ့အကျိုးကိုသာခံစား

နေသည်ဟု တွေးမိတဲ့အတွက် ကျွန်ုပ်၏ယောက္ခမသည် အစာ ဟောင်းကိုသာ စားသည်ဟု ဆိုခြင်း ဖြစ်ပါတယ်'' ဟု ရှင်းပြ တယ်။သူကြွယ်တို့က အပြစ်မရှိဆိုတဲ့အတွက် မိဂါရဟာကျေနပ် သွားရတယ်။

အမိနှင့်တူသောချွေးမ

ဒါပေမယ့်ဝိသာခါက ''ဗုဒ္ဓဘုရားရှင်နှင့်သံဃာ တော်များကို လုပ်ကျွေးခွင့် မရရင် ဒီအိမ်က ဆင်းသွားတော့မယ်''ဆိုတဲ့ အတွက် မိဂါရ သူဌေးဟာ ဝိသာခါဆင်းသွားရင် ကောသလ မင်းကြီးစိတ်ဆိုးမှာစိုးလို့ ခွင့်ပြုရတယ်။ဒီအကြောင်းကို ကြားတော့ တက္ကတွန်းတွေဟာ မိဂါရသူဌေးကြီးရဲ့ အိမ်နောက်ဖေး မှာ သွားနေကြတယ်။ဘုရားရှင်နှင့် သံဃာတော်တွေကို ဆွမ်း ကပ်ဖို့ခေါ်တဲ့အခါ မိဂါရဟာ မလာဘူး။ နောက် ဆွမ်းကပ် ပြီးလို့ တရားနာဖို့ရာခေါ်တော့ ''ဒီတစ်ခါတော့ ငါမသွားရင် မသင့်၊ ရိုင်းရာကျမယ်''ဆိုတဲ့ အတွက် တက္ကတွန်းတွေက ကန့် လန့်ကာနောက်ကွယ်က တရားနာပါ''ဆိုကြတယ်။

မြတ်စွာဘုရားရဲ့ တရားတော် နာတဲ့အခါ မိဂါရသူဌေး ကြီးဟာ သောတာပန် တည်သွားတဲ့အထွက် ကန့်လန့်ကာက ထွက်လာပြီး ချွေးမ ဝိသာခါကို ''သင်သည် ငါ့မိခင်ပေတည်း၊ သင့်ကြောင့် ငါသည် ကြီးမြတ်သောအကျိုးကို ရပြီ၊ ဒီနေ့က စပြီး ငါ့မိခင်အရာ၌ တည်လော့'' ဆိုတယ်။ ဒီအချိန်ကပြီး ဝိသာခါကို ''မိဂါရ မာတာ''ဟု ခေါ်ကြတယ်။

ဘုရားရှင်ကိုလည်း ''တပည့်တော်သည် ယခင်ကဗုဒ္ဓသာသနာ တော်မှာ ပေးလှူခြင်းအကျိုးကြီးသည်ကို မသိခဲ့ပါ၊ယခုချွေးမ

ကြောင့် သိရပါပြီ၊အပါယ်ငရဲမှလွတ်ကင်းရပါပြီ''လို့လျှောက်ထားတယ်။ နောက်တစ်နေ့ ဆွမ်းကျွေးတဲ့အခါ သူဌေးကတော် သောတာပန်ဖြစ်တယ်။ မဟာလတာတန်ဆာကို အခါခပ်သိမ်း ဝတ်ရန် မသင့်တဲ့အတွက် ပေါ့ပါးတဲ့ဘစ်သိန်းတန် တန်ဆာကို လုပ်ပြီး ချွေးမကို ပေးတယ်။ ဝိသာခါမှာ သား ဆယ်ဦး သမီး ဆယ်ဦး ဘွန်းကားတယ်၊ ၎င်းတို့မှ ဆယ်ဦးစီ ထပ်မံ ထွန်းကားလို့ သား၊သမီး၊မြေး၊မြစ် ရှစ်သောင်းကျော်ရှိတယ်။ အသက် ၁၂၀ ရှည်တယ်၊ဆံဖြူခြင်း၊သွားကျိုးခြင်းမရှိ၊အသက် ၁၆ နှစ်အရွယ်ကဲ့သို့ နုပျိုတဲ့အတွက်''ဘယ်သူ ဝိသာခါလဲ''လို့ မေးကြရတယ်။

ဒါဟာ မိမိကိုယ်ကို ဆောက်တည်မှုရဲ့အကျိုးကို ဝိသာခါ ခံစားရတာ၊ပြီးတော့ မိဂါရသူဌေးဟာ ယခင်က **သေဝနာစဗာလာန်** သူမိုက် တက္ကတွန်းတွေနှင့် ပေါင်းခဲ့ပေမယ့် ပညာရှိဖြစ်တဲ့ ချွေးမ ဝိသာခါကို အမှီရလို့ **ပဏ္ဍိတာနဉ္စသေဝနာ** ဆိုတဲ့ မင်္ဂလာတရားတော်နှင့် ပြည့်စုံသွားတဲ့အတွက် သောတာပန်ဆိုတဲ့ ကြီးပွားချမ်းသာကို ခံစားရတယ်၊နိဗ္ဗာန်ကိုမျက်မှောက် ပြုရတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ပြောပြချင်တာက ဝိသာခါရဲ့ စေနာဘဲ၊တစ်နေ့ မဟာလတာတန်ဆာကို ဘုရားကျောင်းတော်မှာ မေ့ကျန်ခဲ့လို့ အရှင်အာနန္ဒာသိမ်းထားတယ်၊စုံစမ်းကြည့်လို့ သိရတဲ့အခါ အရှင်အာနန္ဒာက သိမ်းထားရင်ဖြင့် ပြန်မယူနှင့်တော့၊ ဒီအရှင်ကို ငါလှူမယ်ဆိုပြီး လှူတယ်၊ ဒီလောက်တန်တဲ့ တန်ဆာကိုလှူတာ ဘယ်လောက်ရက်ရောသလဲ ဆိုတာ နောက် ရောင်းပြီး လှူမယ်ဆိုပြီး ရောင်းတာ ဝယ်နိုင်တဲ့လူ မရှိလို့ မိမိ

ကိုယ်တိုင် ကိုးကုဋေတစ်သိန်း ပေးဝယ်ကာ မြို့အရှေ့တံခါးမှာ ''ပုဗ္ဗာရုံကျောင်းတော်''ကို ဆောက်လုပ်လှူဒါန်းတယ်။ မြေကို ကိုးကုဋေပေးရပြီး၊ ကျောင်းဆောက်တာက ကိုးကုဋေ၊ ရေစက် ချပွဲက ကိုးကုဋေ ကုန်တယ်။

ဓမ္မပဒမှာ 'ပန်းပွင့်အပုံကြီးမှ များစွာသော ပန်းတို့ကို သီကုံးပြုလုပ်ရာသကဲ့သို့ ထို့အတူ မွေးဖွားဖြစ်ပေါ်လာသော သတ္တဝါသည် (မိမိ၏ဥစ္စာအစုအပုံမှ) များစွာသော ကောင်းမှု ကို ပြုလုပ်သင့်၏'* လို့ဆိုတယ်။

ဒါကြောင့် ယခင်ဘဝက ကောင်းမှုကြောင့် ကျေနပ်မနေ ဘဲ ယခုဘဝမှာလည်း ကောင်းမှုကိုပြုပြီး မိမိကိုယ်ကို တည် ဆောက်ရမှာဖြစ်ပါတယ်။

**မိမိကိုယ်ကို ပြုပြင်ရေး**

ဒီလို တည်ဆောက်တဲ့အခါမှာ လှူဒါန်းမှုတစ်ခု တည်းကိုသာ လုပ်ရမယ်မဟုတ်ဘူး၊ ဘက်စုံလုပ် ရမယ်၊ သဒ္ဓါမရှိရင် သဒ္ဓါရှိအောင်၊ သီလ မရှိ ရင် သီလရှိအောင်၊ မစ္ဆရိယ ဝန်တိုမှုရှိနေရင် စာဂ စွန့်ကြဲ လှူဒါန်းမှုဖြစ်အောင် ပြုကြရမယ်၊ မကောင်းတဲ့ အကြံ၊ မကောင်းတဲ့ အပြုအမူ အပြောအဆို မဖြစ်အောင် ပြုပြင် နေ ထိုင်ရမယ်။

လောကီအနေနှင့်ကြည့်လည်း မကျန်းမမာ မဖြစ်ရအောင် အစားအသောက် အနေအထိုင်ကအစ ဆင်ခြင်ရမယ်။ ဥစ္စာကို ကံစောင့် အသက်ကို ဥာဏ်စောင့်ဆိုတဲ့ စကားရှိတယ်။

---

*ဓမ္မပဒ၊ဦးမြင့်ဆွေ၊ ၈၁-၁၀၄။

မိတ်ဆွေနှစ်ဦး တွေ့ဖူးတယ်၊ သူတို့နှစ်ယောက်စလုံး ခံစားနေရတဲ့ ရောဂါက အတူတူဘဲ။ တစ်ယောက်က အအိပ်အနေ အစားအသောက်ကအစ ဆင်ခြင်တယ်၊ တစ်ယောက်ကမဆင်ခြင်ဘူး။ ညဥ့်နက်မှအိပ်တယ်၊ စားချင်ရာစားတယ်၊ ဒီနှစ်ယောက်ကို ကုသတဲ့ ဆရာဝန် သမားတော်ကြီးကလည်း တစ်ယောက်တည်းဘဲ၊ ဒါပေမယ့် မိမိကိုယ်ကိုစောင့်ရှောက်မှုမှာ ကွာတော့ တစ်ဦးက အသက်ဆုံးရှုံးရတယ်၊ တစ်ဦးကတော့ ကျန်းမာလာပြီး တာဝန်ကို ထမ်းဆောင်လျက်ရှိတယ်။

ဒီအတိုင်းဘဲ စီးပွားရေး ပညာရေးတွေမှာ မပျင်းမရိမဆုတ်မနစ်ကြိုးစားဖို့လိုပါတယ်။ ဒီလို မိမိကိုယ်ကို တည်ဆောက်သွားမယ်ဆိုရင် လူ့အဆင့်အတန်းမှီမယ့် လူဖြစ်လာမှာပါဘဲ။ (အလုပ်ဟူကဂုဏ်ရှိစွ) ဆိုသလို နိုင်ငံကို အကျိုးပြုတဲ့ ဆိုရှယ်လစ်လုပ်သားကောင်းတွေ ဖြစ်လာမှာဖြစ်ပါတယ်။

**မှန်ဘာကြောင့်ကြည့်သလဲ** လူဟာ နေ့တိုင်းမှန်ကြည့်လေ့ ရှိတယ်၊ ဘာကြောင့် ကြည့်သလဲ မိမိကိုယ်ကို အချိုးကျမကျ ဝတ်ပုံဆင်ပုံကို ကြည့်ရှုစစ်ဆေးတာဘဲ။ ဒီလိုဘဲ လူဟာ မိမိကိုယ်ကို တည်ဆောက်မှုမှာ(ငါဘယ်လောက် တိုးတက်သလဲ)ဆိုတာ အမြဲစစ်ဆေးဖို့လိုပါတယ်၊ မိမိဘယ်လောက်အဆင့်ကို ရောက်ပြီလဲ ကြည့်ရမယ်။ ဆယ်တန်းအောင်တဲ့လူဟာ ဆယ်တန်းလောက်ဘဲ အကျိုးခံစားရမယ်၊ ဘွဲ့ရတဲ့လူဟာ ဘွဲ့ရတဲ့အကျိုး ခံစားရမယ်၊ ဒါပေမယ့် အဟောင်းစား မဖြစ်ရဘူး၊ အလုပ်ထဲမှာ အံဝင်ခွင်ကျဖြစ်အောင် ထပ်ပြီးကြိုးစားရမယ်၊ တည်ဆောက်ရမယ်။

**တရားသူကြီး တစ်ဦး** မြို့နယ် တရားသူကြီးတစ်ဦး တွေ့ဖူးတယ်၊ သူက ဘွဲ့ကြီးကျောင်းသား လေး တန်း တောင် မအောင်ပါဘူး၊ ဒါပေမယ့် နာမည်ကျော် စာရေးဆရာလည်း ဖြစ်လာတယ်၊ သူက မှတ်တတ်တယ်၊ မြင် တတ်တယ်၊ စုဆောင်းတတ်တယ်၊ ဒါတွေကို ပြန်ရေးတတ်တယ်၊ ကျွဲအကြောင်း သူရေးတာများ အနှစ်ပါတဲ့၊ စာရေးသူတို့ကိုယ် တိုင်လည်း ကျွဲနွားနေခဲ့တာ ဒါပေမယ့် သူ့လို မမြင်တတ် မရေးတတ်ဘူး၊ သူက ရေးတတ်တယ်၊ ဒါဟာ မဖြစ်မနေကြိုး စားမှုပဲ။

မြို့နယ်တရားစီရင်ရေးအဖွဲ့ဥက္ကဋ္ဌလုပ်လာတာပထမကောင်စီ သက်တမ်းကနေ တတိယကောင်စီ သက်တမ်းအထိ သုံးဆက်ရှိ ပြီ၊ လေးတန်းမအောင်ပေမယ့် ဥပဒေနှင့် ပုဒ်မနှင့် ပတ်သက် လာရင် ဘယ်ရှေ့နေ ဘယ်ရှေ့ရပ်ကမှ သူ့ကိုစမ်းလို့မရဘူး၊ ဘာကြောင့်လဲ၊ သူက ပေးတဲ့တာဝန်နှင့် ထိုက်တန်အောင် ကြိုးစားတယ်။ မှတ်တယ်၊ ဖတ်တယ်၊ ဒီတော့ ဥပဒေပုဒ်မ တွေကို သူက ရှေ့နေတွေထက် အလွတ်ရတယ်၊ ဒီတော့သူ့ကို လာစမ်းလို့ ဘယ်ရမလဲ။

ဒါကြောင့် လူငယ်တွေကို ပြောချင်တာက "တို့မှာ ပညာ ပါရမီ မပါဘူး၊ ကျောင်းမနေနိုင်ဘူး" ဆိုပြီးစိတ်မပျက်စေချင် ဘူး၊ လူဟာကြိုးစားရင် ရတာပါပဲ။ ကြိုးစားကြပါလို့ပြော ချင်ပါတယ်။

**အတွေ့အကြုံက စကားပြောတယ်** လူဟာအတွေ့အကြုံက စကားပြောတာ၊ အတွေ့အကြုံရှိရင် "ဟာ....ဒီလူကစိတ်ချရတယ်၊ဘယ်တုန်းက ဘယ်ကိစ္စမှာ ဘယ်လိုအောင်မြင်ခဲ့တာဘဲဆိုပြီး ယုံကြည်ပြီးဖြစ်တယ်။ ဒါဟာ မိမိကိုယ်ကို တည်ဆောက်နိုင်တဲ့ အကျိုးပါဘဲ။ ဒီလိုတည်ဆောက်တဲ့အခါမှာ နီတိကျမ်းမှာပါတဲ့ လိုက်နာစရာတွေကိုလည်းလိုက်နာရမယ်၊ ဒီနေရာမှာ အလျဉ်းသင့်လို့ မိန်းကလေးတွေကိုပြောချင်တယ်၊ မိန်းကလေးတွေ "ပုခက်လွှဲသော မိခင်၏ လက်သည်ကမ္ဘာကိုအုပ်စိုး၏" လို့ ဆိုရိုးရှိတယ်၊ ဆိုလိုတာကတော့ မိန်းကလေးတိုင်းသာ သားကောင်းမိခင်ဖြစ်ရမယ်လို့ ဆိုတာပါဘဲ၊ ဒါပေမယ့် မိမိကိုယ်ကို မတည်ဆောက်ရင် ဘယ်လိုသားကောင်းမိခင် ဖြစ်နိုင်မလဲ၊ ယောကျ်ားကလေးတွေလဲ ဒီအတိုင်းဘဲ။

**မိန်းကလေးများ ပျက်စီးကြောင်း** မိန်းကလေးတွေရဲ့ ပျက်စီးကြောင်း (၉) ပါး+ရှိတယ်။ (၁) တစ်ယောက်တည်းသွားလာတတ်ခြင်း၊ (၂) လင်ကိုထားပြီးမိဘ အိမ်မှာ နေတတ်ခြင်း၊ (၃) လူများစွာ စည်ကားသောအရပ်သို့သွားလာတတ်ခြင်း၊ (၄) ပွဲလမ်းသဘင် အပျော်အရွှင်များခြင်း၊ (၅) ယောကျ်ားတို့နှင့် အရောအဝင် နေတတ်ခြင်း၊ (၆) အလုပ်မရှိ ပျင်းရိခြင်း၊ (၇) ယောကျ်ားအိုကို လင်တော်ရခြင်း၊ (၈) လင်နှင့် သုံးလေးလ ကင်းကွာနေရခြင်း၊ (၉) အဝတ်အစား ချို့တဲ့ခြင်းတို့ဖြစ်တယ်။

---

+ သု၊ စာ-၄၄၉။

ဒါတွေဟာ အကျယ်ချဲ့ပြီးပြောနေဖို့ မလိုပါဘူး၊ မိန်းကလေးတစ်ယောက်တည်းသွားလာတယ်ဆိုတာ ပတ်ဝန်းကျင်က အထင်သေးတယ်၊ မိန်းမပျက်ထင်တတ်တယ်၊ မိန်းကလေးတင် မကပါဘူး၊ ယောကျ်ားလေးလည်း အဖော်မပါဘဲ သွားရင် အကြောင်းရှိရင် အကူအညီ ပေးမယ့်လူမရှိဘူးပေါ့။

လင်ကိုထားပြီး မကြာခဏ မိဘအိမ် သွားနေရင် လင်ကလည်းစိတ်ပျက်လာပြီးတစ်ခြားမိန်းမနှင့်ဖောက်ပြန်လာမှာဘဲ။

ကျန်တဲ့အချက်တွေကလည်းသိသာလွယ်ပါတယ်၊အကျယ်မပြောတော့ပါဘူး။

ဒီလို လောကနီတိမှာပြတဲ့အပြင် ဟိတောပဒေသမှာလည်း (၁၃) ပါးပြဆိုထားတယ်။ * (၁) ဘယ်ကိစ္စမဆို လုပ်ပိုင်ခွင့် လွတ်လပ်စွာရနေခြင်း၊ (၂) အမိမရှိ အဘ မရှိနှင့်သာ ကြာမြင့်စွာနေရခြင်း၊ (၃) အထူးစီစဉ်သော ပွဲလမ်းသဘင် ပျော်ပွဲရှင်ပွဲ၌ ပါဝင်ရခြင်း၊ (၄) ယောကျ်ားတို့နှင့် ဝိုင်းဖွဲ့ပြီး တသောသောနေခြင်း၊ (၅) အိမ်ကော လျှောက်လည်နေခြင်း၊ (၆) အတည်မရှိ တစ်နယ် တစ်ကျေးသို့ တစ်ယောက်တည်း လှည့်လည်သွားလာနေခြင်း၊ (၇) မိန်းမသွမ်းတို့နှင့် အတူနေခြင်း၊ (၈) အသက်မွေးမှု ပျက်ပြားခြင်း၊ (၉)လင်က အသက်ကြီး၍ အိုခြင်း၊ (၁၀) လင်က မယားငယ်နေခြင်း၊ (၁၁) လင်နှင့်ကြာမြင့်စွာ ကွင်းကွာနေခြင်း၊ (၁၂) သေအရက်သောက်ခြင်း၊ (၁၃) လွန်စွာ အိပ်ခြင်းတို့ဖြစ်တယ်။

---

* သုစာ- ၄၄၉၊

ဒီအချက်တွေမှာလည်းတစ်ချို့ဟာယောကျ်ားတွေနှင့်သည်း ဆိုင်တာပါဘဲ၊ ပွဲလမ်း အပျော်အပါးများဖြင့် အလုပ်မရှိ ဝိုင်းဖွဲ့ပြီး တသောသော နေခြင်း၊ မိမိအိမ်အလုပ်မလုပ် အိမ်တကာ လျှောက်လည်ခြင်း၊ ယောကျ်ားသွမ်း၊ မိန်းမသွမ်းတို့နှင့်နေခြင်း၊ မယားကအသက်ကြီး၍အိုခြင်း၊ မယားလင်ငယ်နေခြင်း သေ အရက်သောက်ခြင်းတို့ဟာ အမျိုးကောင်း သားတို့ကို ပျက်စီးစေတဲ့ အကြောင်းတွေဘဲ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးကောင်း သားသမီးတွေဟာ ဒီအချက်တွေကို ရှောင်ပြီး မိမိကိုယ်ကို ဆောက်တည်ဖို့လိုပါတယ်။

**အခါမဲ့သွားခြင်း အပြစ်**

ပြီးတော့ မိမိကိုယ်ကိုဆောက်တည်လိုသူတို့အတွက် အခါမဲ့မှာ မသွားမလာဖို့ရာ မြတ်စွာဘုရားရှင်က သိင်္ဂလောဝါဒသုတ်မှာ ဟောကြားတော်မူတယ်။ အခါမဲ့သွားလာခြင်းအပြစ် ခြောက်ပါးက+ (၁)မိမိကိုယ်ကို မစောင့်ရှောက် မလုံခြုံဖြစ်စေတယ်၊ (၂) မိမိသားမယားကိုလည်း မစောင့်ရှောက် မလုံခြုံ ဖြစ်စေတယ်၊ (၃) ပစ္စည်းဥစ္စာလည်း မလုံခြုံ ဖြစ်စေတယ်၊ (၄) မကောင်းရာ၌ သူတစ်ပါးတို့ မသင်္ကာမှုကို ခံရတယ်။

ဒီလိုအခါမဲ့ သွားတတ်တဲ့သူတွေ စီမံချက်နှင့် ဖမ်းဆီးတဲ့အခါ အချုပ်အနှောင်ခံရတဲ့အထဲ ရှေ့ကပါသွားတာဘဲ။

ခိုးမှုကိုကျူးလွန်တတ်သူတွေ၊ ခိုးမှုမသင်္ကာမှုပုဒ်မ ၃၈၀/၅၄ နှင့် စွပ်စွဲခံရပြီး ရမန်တစ်ပတ် ၁၄ ရက် အချုပ် ခံခဲ့ရတဲ့အပြင်၊ ခြေချုပ်အလုပ်လည်း ခံရတတ်တယ်။

---

+ သု ၈၁–၅။

ဒါကြောင့် ညအချိန်မတော် မသွားဖို့၊ သူများ မသက်ဆိုင်တဲ့နေရာ မသင့်တော်တဲ့နေရာ မသွားဖို့ အရေး ကြီးတယ်၊ မိဘတွေကလည်း သားသမီးတွေကို မြစ်တားဆုံးမရမယ်၊ ရဲက ဖမ်းသွားမှ တရားရုံး ရောက်မှ ကျွန်တော့် ကျွန်မ သားသမီးဟာ လူကောင်းကလေးပါလို့ ပြောတတ်ကြတယ်။

အမျိုးကောင်းသားသမီးမှန်ရင် မကောင်းတဲ့နေရာမသွား၊ မကောင်းတဲ့အချိန်မသွားမှသင့်မယ်၊ ရှုပ်ပုပ်ထဲ သွားရင် ရှုပ်ပုပ်ပေမယ်၊ မစင်ထဲသွားရင် မစင်ပေမယ်ဆိုတာ ဆင်ခြင်ဖို့ လိုပါတယ်၊ (၅)မဟုတ်မမှန် စွပ်စွဲခံရတတ်တယ်၊ မသက်ဆိုင်တော့ စွပ်စွဲ၊ စွပ်စွဲတော့အချုပ်အနှောင်ခံရတာပေါ့။ (၆) ဆင်းရဲဒုက္ခအပေါင်းကို ဖိတ်ခေါ်ယူရာကျတယ်။ ဒုက္ခကတော့ ကိုယ်တစ်ယောက်တည်း မဟုတ်ဘူး၊ မသက်ဆိုင်လို့ အဖမ်းခံရပြီ ဆိုရင် သားမယားဆွေမျိုး မိဘအကုန်ဒုက္ခရောက်တော့ဒါတဲ၊အလုပ်ပျက် အကိုင်ပျက်ခံပြီး ရဲစခမ်းလာရ၊ တရားရုံးလာရ၊ငွေကြေးကုန်ကျရ အရှက်ကွဲရ စသည်ဖြင့် ဒုက္ခတွေ အလုံးစုံ လာတော့တာပါတဲ။

ဒါကြောင့် အခါမဲ့ မသွားမလာကြဖို့အရေးကြီးပါတယ်။

ဗုဒ္ဓဘုရားရှင်ဟောတော်မူတဲ့ တရားတွေဟာ စာလယ်၊ ဆုံး၊ သုံးပါးသော ကောင်းခြင်းနှင့်ပြည့်စုံတယ်၊ ဘယ်ဟာမှဟာကွက်မရှိဘူး၊ ဒီအကြောင်းတွေကို ရှေ့မှာအကျယ် တင်ပြပါမယ်။

**ဥစ္စာပျက်ကြောင်း** သိင်္ဂါလောဝါဒသုတ်မှာဘဲ ဥစ္စာပျက်စီးကြောင်း ခြောက်ပါး + ကို ပြဆို ပါသေးတယ်။ (၁) အရက်သေစာသောက်စားခြင်း၊ (အရက်သမား ဆိုတာကအဖော်နှင့်မှသောက်ချင်တာများတယ်၊ အဖော်နှင့် သောက်တော့ ကိုယ်ကချည်း ဒကာခံရလို့ ကုန်တဲ့ လူမျိုးလည်းတွေ့ဖူးတယ်၊ ဒါတွေ ဆိုင်ရာအခန်းကျမှထပ်ပြော ပါမယ်)။ (၂) အခါမဲ့သွားလာခြင်း (အထက်ကဆိုခဲ့ပြီး) (၃) ပွဲလမ်းသဘင်ပွဲများခြင်း၊ (၄) လောင်းကစားမှုပြုခြင်း၊ (၅) မကောင်းသော မိတ်ဆွေ ဖျင်းများနှင့် ပေါင်းခြင်း၊ (၆) ပျင်းရိခြင်းတို့ ဖြစ်ပါတယ်။

**လော်လီခြင်း** နောက်တစ်ချက်ကအမျိုးကောင်းသား သမီး တို့ဟာလော်လီခြင်းငါးပါး×ကိုလည်းရှောင် ကြရမယ်။ (၁) အစားအသောက်၌ လော်လီခြင်း (စား သောက်တဲ့နေရာမှာ ဣန္ဒြေမဲ့မဖြစ်စေသင့်ပါ။) (၂) အဝတ် တန်ဆာ၌ လော်လီခြင်း (မိမိမှာမရှိဘဲ ဝတ်ချင် စားချင် လွန်း ရင်လည်း ဘေးတွေ့တတ်ပါတယ်၊ နောက်တစ်ချက်က မိမိက အဆန်းထွင်လှတယ်ထင်လို့ ဝတ်ပေမယ့် တစ်ပါးသူမျက်စိမှာ မတင့်တယ် ကန့်လန့်မြင်အထင်သေးခံရတတ်တယ်၊ မိမိ အမျိုး သား ဓလေ့ထုံးစံအတိုင်း ဝင်ဆင်မှုဟာ အရေး ကြီးပါတယ်။ (၃) ယောကျ်ားတစ်ပါး မိန်းမတစ်ပါးတို့၌ လော်လီခြင်း၊ (၄) ပစ္စည်း ဥစ္စာ၌ လော်လီခြင်း၊ (၅) ထိုဆို ဤဤ

---

+ သု စာ-၂၂၃။ × စာ-၂၄၂။

သွားလာလည်ပတ်မှု၌ လော်လီခြင်းတို့ ဖြစ်ပါတယ်၊ လော်လီတယ်ဆိုတာ နာမည်ကိုက မကောင်းပါဘူး။

**ကြီးပွားချင်လျှင်**

ကြီးပွားချမ်းသာချင်သူဟာ ဥဋ္ဌာနသမ္ပဒါမျိုး ငါးပါး * ပြည့်စုံဖို့ လိုအပ်ပါတယ်။ (၁) ဉာဏသမ္ပတ္တိ။ ပြုလုပ်မယ့်ကိစ္စဟာ အကျိုးရှိ, မရှိ ဉာဏ်နှင့် ဝေဖန်ချင့်ချိန်တတ်ရမယ်၊ (၂) ကတိသမ္ပတ္တိ။ဒီကိစ္စမှာ အနေအထား အသွားအလာ အခင်းအကျင်းအချက်ပိုင်ရမယ်၊ (၃)ဥပဓိသမ္ပတ္တိ။မိမိပစ္စည်းဟာလုပခံ့ ခိုင် ခေတ်မီရမယ်၊(၄)ကာလသမ္ပတ္တိ။ အချိန်အခါနှင့်လည်း ကိုက်ညီရမယ်၊ (၅) ပယောဂသမ္ပတ္တိ။ ကြိုးစားအားထုတ်မှုလည်းရှိရမယ်၊ ဒီလိုအချက်တွေနှင့် ပြည့်စုံအောင်ဘည်ဆောက်ရင် ကြီးပွားချမ်းသာ ပြည့်စုံမှာပါဘဲ။

ပြီးတော့ မိမိကိုယ်ကို ကြီးပွားချမ်းသာချင်သူဟာ အညစ်တရား ကိုးပါးမှ ကင်းအောင် နေရမယ်လို့ ခုဒ္ဒကဝိဘင်း ပါဠိတော်မှာ လာရှိကြောင်း ပြောခဲ့ပြီးပါပြီ။ ဒီလိုသဘောရှိရင် ဘယ်သူကမှအပေါင်းအသင်းလုပ်ချင်မှာမဟုတ်ပါဘူး၊ ဒီတော့ ဘယ်လို ကြီးပွားနိုင်မလဲ။

**လူမလေး ခွေးမခန့်သူ**

နောက်တစ်ချက်က"လူမလေးခွေးမခန့်"ဆိုတဲ့ အချက်ရှိတယ်၊ ဒီလိုဘဝမျိုးကို ဘယ်သူမှ မလိုချင်ဘူး၊ မလိုချင်ရင် မဖြစ်အောင် စောင့်ရှောက်ဖို့ လိုပါတယ်၊ တည်ဆောက်ဖို့ လိုပါတယ်၊ ဘယ်လိုလူတွေကို လူမလေးခွေးမခန့်*သလဲ(၁)ဝိဝေါ

---

* သူ ၈၃-၈၅ စာ၊ ၅၂၀။

လင်မရှိ လင်ကင်းနေတဲ့မိန်းမ(လောကနီတိမှာလည်း ပတိဝိနာ လင်မှကင်းသော ကညာ၊ သတို့သမီးသည်၊ နသောဘဏော။ မတင့်တယ်ရာလို့ဆိုတယ်*ဝေသန္တရာဇာတ်တော်မှာမဒ္ဒီဒေဝီက ယောက္ခမ သိဉ္စည်းမင်းကြီးကို လျှောက်ထားရာမှာ မိန်းမတို့၏ တန်ခိုးကား လင်တည်းလို့ ဆိုပါတယ်။ ဒါကြောင့် လောကီ ဘဝမှာနေတဲ့ သတို့သမီးဟာ လင်နှင့် ကင်းမနေသင့် ပါဘူး) (၂)ဒုဗ္ဗလ၊ အင်အားမရှိသူ(ဒါကြောင့် မိမိကိုယ်ကို အင်အား ရှိအောင် ငယ်စဉ်ကဘဲ လေ့ကျင့်ပေးရမယ်၊ ရှုနာရှုံကိုက်ကုန်း ကလေးမဖြစ်အောင် မိဘက သားသမီးကို ပြုပြင်ပေးရမယ်)၊ (၃)အမိတ္တညာတိ၊ ဆွေမျိုးမိတ်ဆွေမရှိသူ (ဆွေမျိုးနည်းပါး ရင် မိတ်ဆွေများဖို့ လိုတယ်၊ မိတ်ဆွေများအောင် မှန်ကန် သောရယူမှုနှင့်ကျင့်ရမယ်)၊ (၄)မဟဂ္ဃသ။ (အစားကြူးသူ၊ အစားငမ်းသူ)အစားကြူး၊အစားငမ်းရင်တင်နေ့တားတွေ့နိုင် တယ်၊ (၅)ဂရုကာဗာဓ။ ကြီးသော ရောဂါရှိသူ (ကျန်းမာ အောင်နေပါ၊ သန့်စင်အောင်နေပါ ဆိုတဲ့အတိုင်း ကျန်းမာ ရေးကိုဂရုစိုက်ဖို့ လိုပါတယ်၊ မကျန်းမာရင် အရောရာမှာ ချို့ တည့်တယ်၊ အိမ်ထောင်ဦးစီး မကျန်းမာရင် မှီခိုသူအားလုံးဒုက္ခ ရောက်တယ်)၊ (၆) ပါပမိတ္တ။ မကောင်းသောမိတ်ဆွေ ရှိသူ (အဓိသဝ်နာစ ဗာလာနံမှာ အကျယ်ပြောခဲ့ပြီး)၊(၇)ဓနဟိန။ ပစ္စည်းဥစ္စာမရှိသူ မလှစုန်းရိုး မရှိခိုးနိုး ဆိုတဲ့စကားကို ဂရုပြု ရမယ်၊ ကိုယ်နှင့်ထိုက်လျောက်တဲ့ ပစ္စည်းဥစ္စာ သူတစ်ပါးထံက မချေးမငှားရဘဲ စားသောက်နိုင်ဖို့အတွက် ကြိုးစားကြရမယ်၊ သူတစ်ပါးထံမှာ ချေးရ ငှားရတာ ဘယ်လောက် မျက်နှာငယ်

* မြန်မာ့ ဆယ်စောင်တွဲ-၁၅၂။

တယ်၊ အောက်ကျခံရတယ်ဆိုတာ အထူးပြောဖို့ မလိုပါဘူး၊ (၈)အာစာရဟိန္ (အကျင့်ယုတ်သူ)အကျင့်ယုတ်သူကို ဘယ်သူ မပေါင်းချင်မလဲ၊ အသေဝနာစ ဗာလနကို ပြန်ကြည့်ရင် သိနိုင်ပါတယ်။(၉)ကမ္မဟိန၊ (အလုပ်၌ပျင်းရိသူ)အလုပ်မှာ ပျင်းရိရင် ကြီးပွားဖို့ မရှိဘူး၊ အထက်လူကလည်း အထင်သေး ပတ်ဝန်းကျင်ကလည်း အမြင်ကပ်၊ အချောင်သမား ထင် တိုးတက်မှု မရှိ၊ ဘယ်မှာပြည့်စုံမလဲ၊ (၁၀)ပယောဂဟိန၊ လှံ့လ ပယောဂ ချို့တဲ့သူတို့ ဖြစ်ပါတယ်၊

**ပျင်းရိခြင်း (၆)ပါး**

ဒါကြောင့် မိမိကို ကောင်းစွာ ဆောက်တည် လိုသူဟာ ပျင်းရိခြင်း ※ (၆)ပါးနှင့် နေလို့ မဖြစ်ဘူး၊ (၁) ချမ်းလွန်းသေးသည်။ (၂) ပူလွန်းသေးသည်။ (၃)မိုးချုပ်နေပြီ၊ (၄) စောလွန်းသေးသည်။(၅)ဆာလောင်နေသည်။(၆)ဝမ်းပြည့်လို့ ဗိုက်လေးနေသည်တို့ ဖြစ်ပါတယ်။

**ဝတ်လုံမောင်ကံ အကြံပေးသည်**

မပျင်းမရိ ဆောင်ရွက်လို့ကြီးပွားချမ်းသာ ဖြစ်တဲ့အကြောင်း စာရေးသူတို့ ငယ်ငယ်က တိုးတက်ရေးမဂ္ဂဇင်းမှာ ဖတ်ဖူးတယ်၊ ရေးတဲ့ သူနာမည်တော့ မမှတ်မိတော့ဘူး၊ မဂ္ဂဇင်း ကလည်း သောင်းကျန်းသူတွေကြောင့် ပုသိမ်မြို့ မီးလောင်တဲ့ အထဲမှာ ပါသွားလို့ မရနိုင်တော့ဘူး၊ ဒါပေမယ့် ဇာတ်လမ်း ကတော့ မှတ်မိနေတုန်းဘဲ။

---

※ သု-၃၇။

တောကဦးကြီးတစ်ယောက်ဟာ တစ်သီးစားက နှစ်သီးစား လယ်ပြီးတော့ ရှေတ်ခင်းစိုက်တယ်၊တစ်နေ့ မြို့လာတော့ ဆိုင်းဘုတ်ကလေးတစ်ခု သွားမြင်မိတယ်၊ ဆိုင်းဘုတ်က "ဝတ်လုံမောင်ကံအကြံပေးသည်၊တစ်ကြံနှစ်ကျပ်" လို့ ရေးထားတယ်။

ဒီတော့ ဦးကြီးက ဝတ်လုံဆိုတာ ခုခေတ်တော့ရှေနေလို့ဘဲ အခေါ်များပါတယ်။ ဝတ်လုံဆိုတာ ပညာရှိ၊ ဘာတွေ အကြံပေးသလဲ၊ငါမြို့ရောက်တုန်း မေးလိုက်ဦးမှဆိုပြီး ဝင်မေးတယ်၊ ဒီတော့ ဝတ်လုံက—

ဦးကြီး ဘာအလုပ်လုပ်သလဲ မေးတယ်။

လယ်ယာ ကိုင်းကျွန်း လုပ်တယ် ဖြေတော့ စာလေး တစ်ကြောင်း နှစ်ကြောင်းရေးပြီး ဘာတွေ ရေးတယ်လဲ မသိဘူး၊ စာအိတ်ကို အလုံပိတ်ကာ ယခုမဖတ်ပါနှင့် ဦးအိမ်ရောက်မှ ဖတ်ပါဆိုပြီး ငွေနှစ်ကျပ်ယူလိုက်တယ်။

ဒါနဲ့ ဦးကြီးဟာ အိမ်ပြန်ရောက်တော့ မေ့နေတယ်၊ ညနေထမင်းစားပြီးမှ ဆေးလိပ်သောက်ချင်လို့ ဆေးလိပ်ကို အင်္ကျီအိတ်ထဲက ယူခိုင်းတော့မှ ဦးကြီးရဲ့ မိန်းမက "ဟာ.... အိတ်ထဲမှာ စာတစ်စောင်ပါလား၊ ဘယ်ကစာလဲ" လို့ မေးတယ်၊ ဒီတော့မှ ဦးကြီးဟာ သတိရပြီး "ဟေ့ ဟေ့....ငါမေ့နေတာ ခုမှ သတိရတယ်၊ ဒီစာ အလကား ရတာ မဟုတ်ဘူး၊ နှစ်ကျပ်တောင် ပေးခဲ့ရတာ၊မြို့က ဝတ်လုံဆီက အကြံဝယ်လာတာကွ" ဆိုတော့ မိန်းမကလည်း အံ့သြသွားတယ်။

"အမယ်လေးတော်-ကြံကြံဖန်ဖန်အကြံဝယ်လာတယ်လို့" ဆိုတယ်။

ဦးကြီးကတော့ ဘာမှထပ်မပြောဘဲ စာအိတ်ကို ဖောက်ဖတ်လိုက်တဲ့အခါ ဘာတွေတွေ့တယ်မှတ်သလဲ၊ ဘယ်လို ရေးထားတယ်၊ ဘယ်လိုအကြံပေးထားတယ်ထင်သလဲ၊

အကြံကတော့ ရိုးရိုးလေးဘဲ။ "ဒီနေ့လုပ်နိုင်တဲ့ အလုပ်ကို ဒီနေ့လုပ်ပါ၊ မနက်ဖြန်ကို မရွှေ့ပါနှင့်" တဲ့ ဒါဘဲပါတယ်။

ဒါပေမယ့် ဦးကြီးက "ကဲဟေ့....မိန်းမရေ သားတွေ သမီးတွေ အားလုံးခေါ်ပြီး လာကြဟ၊ တို့များ ရေတ်သီးတွေ နေလှန်းထားတာ ခြောက်လဲခြောက်ကုန်ပြီ၊ သိမ်းပြီး ပုတ်ထဲထည့်ကြရအောင်" ဆိုပြီး သိမ်းကြတယ်။

ဒီတော့ မိန်းမနှင့် ကလေးတွေကလဲ အဖေကြီးကိုကြောက်လို့သာ လုပ်ရတယ်၊ တယ်မကျေနပ်ဘူး၊ အချိန်က မိုးချုပ်နေပြီ၊ တဲနားဝန်းကျင်က ကိုင်းသမားတွေကလဲ ဒီလူတော့ ရူးနေပြီလို့ ဆိုကြတယ်။

ဒါပေမယ့် ဦးကြီးက မရဘူး။ "ငါ ဒီအကြံကိုအလကားရတာမဟုတ်ဘူး။ ဒါကြောင့် လုပ်ကို လုပ်ရမယ်ဆိုပြီး မိသားတစ်စု သိမ်းလိုက်ကြတာ သန်းခေါင်မကျော်ခင်ဘဲ ပြီးသွားတယ်။

နောက် မောမောနှင့် အိပ်လိုက်ကြတာ သန်းကြီးခေါင်းချ အချိန်လဲရောက်ရော မထင်မမြင်ဘဲ မိုးကြီးရွာချလိုက်တာကျန်တဲ့ ကိုင်းသမားတွေ ရေတ်သီးတွေ ရေမျောပြီး ပျက်စီးကုန်တယ်။

ဒီဦးကြီးမှာ နှစ်ကျပ်ပေးရတဲ့ အကြံအတိုင်း လိုက်နာပြီး ဒီနေ့လုပ်နိုင်တဲ့အလုပ် ဒီနေ့လုပ်လိုက်လို့ အကျိုးရှိသွားတာလက်တွေ့ဘဲ။

ဒါကြောင့် အရင်ဘဝက ကောင်းမှုအကျိုးလည်းပါ၊ ယခုဘဝမှာလည်း မိမိကိုယ်ကို ကောင်းအောင် တည်ဆောက်နိုင်ရင် အကောင်းဆုံးဘဲ။

အရင်ဘဝ ကောင်းမှုအကျိုး မပါပေမယ့်လည်း ယခုဘဝမှာ တည်ဆောက်နိုင်ရင် ယခုဘဝအကျိုး ခံစားရတာဘဲ။ ၅ နှစ်အတွက် ကြိုးစားရင် ၅ နှစ်။ ၁၀နှစ်အတွက်ကြိုးစားရင် ၁၀ နှစ်။ ရှေ့အခွန့်ရှည်အောင် ကြိုးစားရင် နှစ်ပေါင်းများစွာ ခံစားရမှာဘဲ။

ဒါကြောင့် မိမိကိုယ်ကို ကောင်းအောင်တည်ဆောက်တယ်ဆိုတာ မိမိအကျိုး မိမိရပ်ရွာရဲ့အကျိုး၊ မိမိနိုင်ငံရဲ့ အကျိုး အကျိုးသုံးရပ်ပါဝင်အောင် တည်ဆောက်နိုင်ရင် ပိုပြီး အကျိုးကြီးတာဘဲ၊ မိမိရဲ့ အားဟာ မိမိဘဲ။ ဒါကြောင့် 'အတ္တဟိ အတ္တနော နာထော'' မိမိသာလျှင် အားကိုးရာဖြစ်သည်လို့ ဆိုတယ်။ မိမိနိုင်ငံရဲ့ အင်အားဟာလည်း မိမိနိုင်ငံထဲမှာဘဲ၊ မိမိတိုင်းသား အမျိုးသားတို့ ကြိုးစားမှုပေါ် တည်တယ်။ ဒါကြောင့် အတိုင်းတိုင်း အနိုင်နိုင်ငံမှာ ၅ နှစ်စီမံကိန်း၊ ၁၀နှစ်စီမံကိန်း၊ အနှစ်နှစ်ဆယ် စီမံကိန်း၊ ရေတိုရေရှည် စီမံကိန်းတွေ ရေးဆွဲပြီး ဆောင်ရွက်နေကြခြင်း ဖြစ်ပါတယ်။

**လူကောင်း လူတော်** ဒါကြောင့် အမျိုးကောင်း သား သမီးတိုင်းဟာ လူကောင်းလူတော်ဖြစ်အောင် ၁။ ဓမ္မညူ။ ကိုယ်ကျင့်တရားနှင့် နားလည်အောင်။ ၂။ အတ္ထညူ။ အကျိုးရရေး၌နားလည်အောင်၊ ၃။ အတ္တညူ။ ကိုယ်ရေးကိုယ်တာ၌ လိမ္မာအောင်၊ ၄။ ကာလညူ။ အချိန်

ကာလ သင့်မသင့် သိအောင်၊ ၅။ မတ္တညုူ။ အတိုင်းအရှည် ပမာဏကို သိအောင်၊ ၆။ ပရိသညုူ။ ပရိသတ်ကိုလည်း သိအောင်၊ ၇။ ပုဂ္ဂလညုူ။ ပုဂ္ဂိုလ်၏သဘောအလိုကို သိအောင် ကြိုးစားအားထုတ်လျက် ဗုဒ္ဓသာသနာတော်နှင့် ကြုံကြိုက်သောကာလမှာ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို ရယူနိုင်အောင် လူဖြစ်လာပေမယ့် လူမည်ကာမတ္တမဖြစ်အောင် မိမိကိုယ်ကို ကောင်းစွာ တည်ဆောက်ကြဖို့ လိုပါတယ်။ ဒီလို မိမိကိုယ်ကို ကောင်းအောင် တည်ဆောက်တဲ့ မင်္ဂလာကို ရတယ်ဆိုတာနှင့် ကျန်တဲ့ မင်္ဂလာတွေဟာ အလိုလိုရောက်လာမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါဘူး။

☆

(၇)

## အကြားအမြင်များသူ၏အဖြစ်မင်္ဂလာ

**သတ္တမမြောက် မင်္ဂလာကတော့-**

ဗာဟုသစ္စဥ္စ အကြားအမြင်များသူ၏ အဖြစ်သည် မင်္ဂလာ မည်တယ်လို့ မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။

အကြားအမြင်များမှ ပရိသတ်အလယ်မှာ တင့်တယ်မယ်။ အကြားအမြင်မရှိရင် ဆင်ကန်းတောတိုး ဟသ်ာအလယ်ကျီး ကန်းလို မတင့်မတယ်ဖြစ်မယ်၊ အလုပ်တစ်ခုတွေ့ရင် လုပ်သင့် မလုပ်သင့်ကို ကိုယ်ပိုင်ဉာဏ်မရှိတော့ သူတစ်ပါး ပြောတိုင်း လျှောက်လုပ်တော့ အမှားအမှား အယွင်းယွင်း ဒုက္ခရောက်နိုင် တယ်။

စာရေးသူတို့ ငယ်ငယ်တုန်းက ဖတ်စာအုပ်ထဲမှာ ပုံပြင် ကလေးတစ်ပုဒ် ဖတ်ရတယ်။

**သူများပြောတိုင်း လုပ်မိလို့**

သားအဖနှစ်ယောက်ဟာ ဈေးကနေပြီးမြည်းတစ်ကောင် ဝယ်လာတယ်၊ လမ်းကျ တော့ လူတစ်စုနှင့်တွေ့တယ်၊ "ဟာ-ဒီလူတွေ အလကားလူတွေဘဲ မြည်းဆိုတာ စီးဖို့ဘဲ၊ မစီးဘဲ ဆွဲလာတာကြည့်ကြစမ်းဟေ့"ဆိုတော့ အဖေလုပ်သူက သားကလေးကို မြည်းပေါ်တင်ပြီး ဆက်လာကြတယ်၊ နောက်တစ်နေရာမှာ လူတစ်စုနှင့် တွေ့ပြန်တယ်၊ ဒီတော့ "ဟာကြည့်ကြစမ်းပါဦး ကလေးကတော့ မြည်းကိုစီးလို့ လူကြီးကတော့ အောက်ကလျှောက်"လို့ ပြောတော့ အဖေလုပ်သူက သားကလေးကိုဆင်းစေပြီး၊ သူကမြည်းကိုစီးပြီး ဆက်သွားတယ်၊

နောက် အတော်ကြာတော့ လူတစ်စုနှင့် တွေ့ပြန်တယ်၊ ဒီတော့ "ဟေ့ ဒီမှာကြည့်ကြပါဦးဟေ့၊ လူကြီး ကတော့ မြည်းကိုစီးလို့ကလေးကလေးကတော့အောက်ကမလျှောက်နိုင် လျှောက်နိုင်နှင့် လျှောက်ရတယ်"ဟု ပြောရာ အဖေလုပ်သူက သားကလေးကို မြည်းပေါ်တင်ပြီး သားအဖ နှစ်ယောက် စီးပြီးလာကြပြန်တယ်။

ဒါနှင့် နောက်အတော်ကြာတော့ လူတစ်စုနဲ့ တွေ့ပြန်တယ်၊ "ဟေ့—ဒီမှာလာကြည့်ကြစမ်းပါဦး တော့ လူနှစ်ယောက်က မြည်းတစ်ကောင်ကိုစီးလို့တော်တော်မတရားတဲ့လူတွေမြည်းကို လူနှစ်ယောက်ကထမ်းသွားရင်တော်သေးရဲ့"ဆိုတော့ အဖေက ဟုတ်သားဘဲဆိုပြီး သားအဖနှစ်ယောက် မြည်းပေါ်က ဆင်းပြီး မြည်းခြေထောက်ကိုကြိုးနှင့်ချည်ပြီး ထမ်းပိုးနှင့် လျှိုကာ မြည်းကို သားအဖနှစ်ယောက် ထမ်းသွားကြတယ်။

အတော်လေးသွားမိပြန်တော့ ချောင်းကူးတံတားတစ်ခုကို ရောက်တယ်၊ ဒါနှင့် တံတားကို ကူးနေတုန်း ကလေး တစ်စု ရောက်လာပြီး “လာကြဟေ့ ကြည့်ကြဟေ့၊ လူနှစ်ယောက် မြည်းတစ်ကောင် ထမ်းလာတယ်ကွ” လို့ လက်ခုပ် လက်ဝါး တီးပြီး အော်ဟစ်ပြောကြတော့ မြည်းဟာလန့်ပြီး ရုန်းကန် တာနဲ့ ရေထဲကျပြီး မျောသွားတယ်။

သားအဖနှစ်ယောက်လည်း စိတ်ပျက်လက်ပျက်နှင့်ပြန်လာ ပြီး အိမ်ရောက်တော့ အဖေက “သားရေ—ကိုယ့်ဟာ ကိုယ်ဆို အကောင်းသား၊ သူများ ပြောတိုင်း လျှောက်လုပ်တာနှင့် ကိုယ်ကျိုးနည်းရတာဘဲ” လို့ညည်းညူတယ်။

ဒီဟာဟာ ဗဟုဿုတဆိုတဲ့ အကြား အမြင် မရှိလို့ဘဲ။

**နီတိကို ဖတ်မှ**

အကြားအမြင်ရှိအောင်နီတိကျမ်းတွေကိုကြည့် ရမယ်၊ ဖတ်ရမယ်၊ မြန်မာ့ရှေးရာ ဆုံးမစာတွေကို ဖတ်ရမယ်၊ အရှင်မဟာသီလဝံသရဲ့ တိလောက ဟု အစချီဆုံးမစာ* မှစ၍ ဆီးပန်းနီ ဆရာတော်ရဲ့ အရည ကောဝါဒအထိ ဆုံးမစာပေါင်း ၃၆-စောင်ပင် ရှိပါတယ်။ ဒါတောင်မှ မေတ္တာစာတွေ၊ ပျို့ကဗျာတွေ၊ ဝတ္ထုတွေ မပါ သေးပါ။ ရှေးပညာရှိများရေးတဲ့ ပျို့ကဗျာ တွေမှာ ဆုံးမ စကား အများကြီးပါတယ်။

ဆုံးမတဲ့ နေရာမှာလည်း ၁။ အမိက သားကို ဆုံးမစာ၊ ၂၊ အဖကသားကိုဆုံးမစာ(သမီးပါ ပါတယ်)၊ ၃။ ဆရာက

---

*ဟံသာဝတီဆုံးမစာပေါင်းချုပ်၊ စာ-ထ၊ ခ၊ ဒ။

တပည့်ကိုဆုံးမစာ၊ ၄။အမျိုးလေးပါးကိုဆုံးမစာ၊ ၅။ မင်းသားကိုဆုံးမစာ၊ ၆။ မင်းကို ဆုံးမစာ၊ ၇။ရဟန်းပုဏ္ဏားကိုဆုံးမစာ၊ ၈။မင်းခစားကိုဆုံးမစာရယ်လို့အထူးစုံလင်ပါတယ်။

**ဩဝါဒ ထူးပျို့** တစ်ခြားကို မကြည့်ပါနှင့် စိန္တကျော်သူရေးတဲ့ ဩဝါဒ ထူးပျို့ ✻ တစ်ခုထဲကိုဘဲ ကြည့်၊ ဘယ်လောက်အကြွားအမြင် များစေတတ် ဆိုတာကို တွေ့နိုင်မယ်၊ အဲဒီ ပျို့ထဲမှာ (၁) မကြီး ရာသည် ဆယ်ပါး၊ ၂။ မငယ်ရာသည် ဆယ်ပါး၊ (၃) ချစ်ကြည် ရာသည် ဆယ်ပါး၊ (၄) စော်ကားမှုမပြုရာသည် ဆယ်ပါး၊ (၅) မလွှားရာသည် ဆယ်ပါး၊ (၆) ရန်မပြုရာသည် ဆယ်ပါး၊ (၇) မမေ့မလျော့ရာသည် ဆယ်ပါး၊ (၈) မပြုအပ်ရာသည် ဆယ်ပါး၊ (၉) မယုံရာသည် ဆယ်ပါး၊ (၁၀) အချင်းသိရာသည် ဆယ်ပါး၊ (၁၁) သိအောင် ပြုရာသည် ဆယ်ပါး၊ (၁၂) တစ်ဆယ့်လေးဖြာ ဆင်တန်ဆာ၊ (၁၃) ပျက်စီးလေရာ ဆယ့်သုံးဖြာ၊ (၁၄) မကောင်း ရောက်ရာ ဆယ့်သုံးဖြာ၊ (၁၅) အလိုလိုက်စေရာ ဆယ့်သုံးဖြာ၊ (၁၆) တစ်ဆယ့်နှစ်ဖြာ အားမည်ရာ၊ (၁၇) ကွဲရှဲဖွယ်ရာ ဆယ့်တစ်ဖြာ စသည်ဖြင့် အဘက်ဘက်က စုံလှပေတယ်။

ဒီအကြောင်းဒီအချက်တွေကိုဒီနေရာမှာအသေးစိတ်ဖော်ပြဖို့ မလုံလောက်ပါ၊ဩဝါဒထူးပျို့မှာဘဲကြည့်စေချင်ပါတယ်။

ဒီဆုံးမစာတွေဟာ ရှေးက ရေးခဲ့တာတွေဟု အထင်မသေးသင့်ပါ။ ယနေ့ထက်တိုင် ခေတ်မီလျက် ရှိကြောင်း တွေ့နိုင်

✻ ဆုံးမစာ ပေါင်းချုပ်၊ စာ—၅၉။

ပါတယ်။အရှင်မဟာသီလဝံသ၏ "တိလောကဟု" ဆုံးမစာ၊ အရှင်မဟာရဋ္ဌသာရ၏ "လက်သစ်တောင်တာ" ဆုံးမစာတို့ဟာ ယခုခေတ်လူငယ် ကျောင်းသားသူငယ်တို့ လိုက်နာဖွယ်၊ ကျင့်ဖွယ်တို့ပင် ဖြစ်ပါတယ်၊ အရှင်မဟာရဋ္ဌသာရ၏ "လက်သစ်တောင်တာ" ဆုံးမစာ ပုဒ်ရေ ၃၉ နှင့် ၄၀ မှာ "မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို ရှာ၍မပြတ်၊ အိမ်တွင်ဖတ်။ဖတ်ပြန်သော်ကား ဖတ်ပြန်များက၊ သားမယားပင် သိမြင်ကင်းကွာ၊ မလိမ္မာလည်း စာပေစကား နေ့တိုင်းကြားက ထူးခြားလိမ္မာရှိသည်သာတည့်။+"လို့ ဆိုထားတာဟာ အင်မတန်မှ လိုက်နာဖွယ်ကောင်းပါတယ်။

ပညာဗဟုသုတ ဆိုတာဟာ မရှာ မဖွေဘဲနှင့် မရ ပါဘူး၊ မွေးကတည်းက ပညာတတ်လာတယ်ဆိုတာ ဘုရား အလောင်းတော်တွေမှာဘဲ ရှိနိုင်ပါတယ်၊ တဖြည်းဖြည်း ဆည်းပူးရင်း ပြည့်စုံလာတာပါဘဲ၊ မဆည်းပူး အကြားအမြင် မရှိရင် ရှက်ဖွယ် ရယ်ဖွယ် ဖြစ်တယ်၊ သူများလုပ်တိုင်း လိုက်လုပ်လို့ အရှက်ကွဲရတဲ့ပုံပြင်ကလေးတစ်ခု ငယ်ငယ်က ဖတ်ခဲ့ဘူးတယ်၊ ပုံပြင်က ဂျပန်ပုံပြင်ပါ၊ အလျဉ်းသင့်နေလို့ ပြောပြရတာပါ။

**သူများလုပ်တိုင်း လိုက်လုပ်တော့**

ရှေးရှေးတုန်းကအလွန်ခေါင်တဲ့တောင်သုံးလုံးကြားမှာ ရွာဆာလေးတစ်ရွာ ရှိတယ်။ ဒီရွာမှာရှိတဲ့ လူတွေဟာ မြို့ကို တစ်ခါမှ မရောက်ဘူးကြဘူး၊ စာလည်းမတတ်ကြဘူး၊ ဗဟုသုတ အင်မတန်နည်းပါးတယ်၊ ဒါပေမယ့် ရွာမှာ အုပ်ချုပ်တဲ့ သူကြီးတော့ရှိတယ်၊ တစ်နေ့ သူကြီးက အိမ်အသစ် ပြန်ဆောက်

---

+ ဆုံးမစာပေါင်းချုပ် စာ၊ ၁၆။

တော့ တစ်ရွာလုံးဘဲ ဝိုင်းကူဆောက်ပေးကြတယ်။ ဗဟုသုတ မရှိပေမယ့် လူတွေက ရိုးတယ်၊ ကူညီချင်တဲ့စိတ်ရှိတယ်။

ဒီလို ကူဆောက်ပေးတော့ သူကြီးအိမ်ကလည်း မြန်မြန် ပြီးသွားတယ်၊ ဒါကြောင့် သူကြီးက ကျေးဇူးတင်လို့ ရွာ သားအားလုံးကို ဖိတ်ပြီး ထမင်းကျွေးတယ်၊ ရွာသားတွေက ဒီလို မင်းပွဲစိုးပွဲကို တစ်ခါမျှ မတက်ဖူးတော့ အမှားအယွင်း ဖြစ်မှာလည်း ကြောက်တယ်၊ ဒါကြောင့် ဘယ်လို လုပ်ရမလဲ တိုင်ပင်ကြတယ်။

ဒါနှင့် ရွာထဲမှာ ပန်းပဲဆရာကြီး တစ်ယောက်ရှိတယ်၊ အသက်လဲအကြီးဆုံး၊ သူ့ကို သွားတိုင်ပင်မှဘဲဆိုပြီး သွား ကြတယ်၊ ပန်းပဲဆရာကြီးက မပူကြနှင့် ငါလုပ်သလိုသာလိုက် လုပ်ကြလို့ ပြောတယ်။

ဒါနှင့် ရွာသားတွေလည်း စိတ်ချမြန်သွားပြီး မနက်ကျ တော့ ပန်းပဲဆရာကြီးနောက်က လိုက်သွားကြတယ်၊ သူကြီး ကလည်း မြက်ဖျာတွေပေါ်မှာ သကြားနှင့် ကျိုထားတဲ့ အာ လူးဟင်းတွေကို အသင့်ချထားလို့ စားဖို့အသင့်ပါဘဲ၊ စားရ တော့မယ်လို့ အသီးသီး ထိုင်လိုက်ကြတဲ့အခါ ပန်းပဲဆရာကြီး က ထပြီး ပြောတယ်။

သူကြီးမင်းခင်ဗျား၊ သူကြီးမင်းရဲ့ အိမ်သစ်ကြီး ပြီးသွား လို့ ကျွန်တော်တို့ အများကြီး ဝမ်းသာပါတယ်၊ ဒီလို ကျွန် တော်တို့ကို ခေါ်ပြီး ကျွေးမွေးတဲ့အတွက်လည်း အထူးဘဲကျေး ဇူးတင်ပါတယ်''လို့ ပဋိသန္ဓာရစကား ပြောလိုက်သတဲ့။

ဒီတော့သူ့ရွာသားတွေကငြိမ်ငြိမ်မနေဘူး၊အားလုံးဘဲထပြီး ''သူကြီးမင်းခင်ဗျား၊ အစချီပြီး ပန်းပဲဆရာကြီး ပြောတဲ့

အတိုင်း တစ်လုံးမကျန် တစ်ပြိုင်တည်း လိုက်ပြောကြတယ်၊ သူတို့ကို ပန်းပဲဆရာကြီးက သူလုပ်သလိုလုပ်လို့ ပြောထားတာကိုး။

ဒါနှင့် ပန်းပဲဆရာကြီးလည်း "ဟော....တစ်ခါတော့ ချောက်ကျပြီ"လို့ တွေးပြီး သူ့လူတွေကို အသာနေဖို့ အချက်ပေးတဲ့ အနေနဲ့ နောက်ကို တစ်စောင်းလှည့်ကြည့်ပြီး 'အဟမ်း' ဆိုပြီး ချောင်းဟန့်ကာ လက်ကာပြလိုက်တယ်။

ဒါပေမယ့် သူ့လူတွေက ဘာနေမလဲ သူပြော ထားတဲ့ အတိုင်းဘဲ သူလုပ်သလို လိုက်လုပ်တာပေါ့"အဟမ်း-အဟမ်း" ဆိုပြီး ချောင်းဟန့်လိုက်ကြတာ ဖားပြုတ်ကြီးတစ်ရာ အုံအင်အော်သလို ဆူညံသွားတာဘဲ။

ဒီတော့ သူကြီးကလည်း ဘယ်လိုဖြစ်တာလဲ၊ ဒီလူဘော့ ငါ့ကို လာနောက်ပြောင်နေသလားလို့ ဒေါသထွက်လာတယ်။ မျက်နှာကြီး နီမြန်ပြီ၊ ဒါပေမယ့် မပြောသေးဘူး၊ ဘာများဆက်လုပ်ဦးမလဲ ကြည့်နေတယ်။

ဒါနှင့် ပန်းပဲဆရာကြီးလည်း ဒီလူတွေနှင့်တော့ မဖြစ်တော့ဘူး၊ မြန်မြန်စားပြီး မြန်မြန်ပြန်မှဘဲဆိုပြီး ထိုင်လိုက်တယ်၊ ပြီးတော့ အာလူးပန်းကန်ထဲက အားလူးတစ်လုံးကို ဇွန်းနှင့် ခပ်ယူလိုက်တယ်၊ ဒါပေမယ့် သူကြီးက စိတ်ဆိုးနေပြီဆိုတာကို သိလို့ ကြောက်ကြောက်လန့်လန့်နှင့်ဆိုတော့ လက်က တုန်နေပြီ၊ အာလူးဟာ ဖျာပေါ်ကိုလိမ့်ကျသွားတယ်၊ ပြီးတော့ သူ့လူတွေ ဘာလုပ်သလဲကြည့်လိုက်တော့၊ လား လား သူတို့လည်း သူ့လိုဘဲ အာလူးတစ်လုံးစီ ဇွန်းနှင့် ခပ်ယူပြီး ဖျာပေါ်ကို လှိမ့်ချလိုက်ကြတာကိုး။

သူက သူလုပ်သလိုလုပ်ရမယ် ပြောထားတယ် မဟုတ်လား၊ သူကြီးစိတ်ဆိုးမှုကလည်း ထိပ်ကိုရောက်နေပြီ၊ ဒီတော့ကြောက် ချွေးတွေထွက်လာတယ်၊ ချွေးတွေထွက်လာတော့ ချွေးသုတ်၊ ပဝါကိုထုတ်ပြီး မျက်နှာကချွေးတွေကို သုတ်လိုက်တဲ့ အခါမှာ ကြောက်ကြောက်လန့်လန့်နှင့် ဆိုတော့ ပဝါတစ်စက ဟင်းချိုပန်းကန်ထဲကိုကျနေတယ်၊ သူ့လူတွေဘာ လုပ်သလဲ စောင်းကြည့်လိုက်တဲ့အခါမှာ သူ့လူတွေကလည်း သူ့အတိုင်းဘဲမျက်နှာသုတ်ပဝါစကို ဟင်းချိုပန်းကန်ထဲသည့်ပြီး မျက်နှာကို သုတ်နေကြတယ်။

ဒီတော့ ပန်းပဲဆရာကြီးလည်း ဒီလူတွေနှင့် မဖြစ်တော့ဘူး၊ ပြန်မှဘဲဆိုပြီး သူကြီးကို ထနှုတ်ဆက်စကားပြောတယ် "သူကြီးမင်းခင်ဗျာ၊ ကျွန်တော်တို့ကို ယခုလိုခေါ်ပြီး ကျွေးမွေးတဲ့အတွက်အထူးဘဲကျေးဇူးတင်ပါတယ်၊ ဒါပေမယ့်ကျွန်တော်တို့မှာ ရုတ်တရက်နေမကောင်းဖြစ်လာတဲ့အတွက်ပြန်ခွင့်ပြုပါခင်ဗျာ" လို့ပြောပြီး ပြန်သွားတယ်။

ဒီတော့ သူ့လူတွေကလည်း အားလုံး ထပြီး "သူကြီးမင်းခင်ဗျာ၊ ကျွန်တော်တို့ကို ယခုလိုခေါ်ပြီး ကျွေးမွေးတဲ့အတွက်အထူးဘဲကျေးဇူးတင်ပါတယ်၊ ဒါပေမယ့်ကျွန်တော်တို့ဟာ ရုတ်တရက် နေမကောင်း ဖြစ်လာတဲ့အတွက် ပြန်ပါရစေတော့ခင်ဗျာ" ဆိုပြီး ဘာမျှ မစားမသောက်ဘဲပြန်သွားကြတယ်။

သူကြီးလည်း ဘယ်လိုဖြစ်တာလည်း အံ့သြကျန်ခဲ့တယ်။

ဒီလိုပြန်ကြတဲ့အခါမှာ သူတို့ဆရာကြီးဟာကြောက်ကြောက်လန့်လန့်နှင့်မို့ ခါးစည်းကြိုးဟာပြေပြီး နောက်ဘက်မှာမျောက်

မြီးလိုတန်းလန်းကျနေတယ်၊ သူတို့ကလည်း သူတို့ခါးစည်းတွေကိုဖြည်ပြီး၊ နောက်မှာ တန်းလန်းချပြီး အိမ်ပြန်သွားကြတယ်။

ဒါဟာ အကြားအမြင်မရှိလို့ဖြစ်ရတဲ့ သာဓကတစ်ခုဘဲ၊သာဓကတွေ အများကြီးရှိသေးပေမယ့်ကျမ်းလေးမှာစုံးလို့ မပြောတော့ဘူး။

**မင်းရာဇာ** အကြားအမြင်နှင့် ပြည့်စုံတဲ့အတွက် ပညာရှိအမတ်ကြီးဖြစ်တဲ့အဘိုးရာဇာဆိုတဲ့ အမတ်ကြီးရာဇာအကြောင်းကိုလူတိုင်းသိပြီးဖြစ်ပါတယ်။

သက္ကရာဇ် ၇၃၀ မှာမိတ္ထိလာကန်ပေါက်လို့ မင်းကြီးစွာစော်ကဲ လာပြီးပြုပြင်တယ်၊ ဒီအခါ မြေတူးရင်း ယိုးဒယား လင်းဇင်းမင်းတို့ သားသမီးအရုပ်ကို ရွှေဖြင့် သွန်းပြီး ကမ္ပည်းစာနှင့်တကွ တွေ့တယ်၊ အမတ်တွေကိုမေးရာ မသိလို့ ဝန်ဇင်းသူကြီးကို ခေါ်မေးတယ်။

သူကြီးက "ကျွန်တော်မသိ၊ အသည်သားတစ်ယောက် ယာထွန်နေတဲ့အခါ ခါးကပရပိုက်နှင့်မကွာ ပညာဆည်းကပ်လို့ အကြားအမြင်ရှိတယ်"လို့ လျှောက်တယ်။

ဒါနှင့် အသည်သားကို ခေါ်မေးတဲ့အခါမှာ "အလောင်းစည်သူမင်းကြီး မိတ္ထိလာကန်ကိုဆည်ခိုက် ပါလာတဲ့ မင်းသားမင်းသမီးတို့ အနိစ္စရောက်တဲ့အတွက်၊ နောက်မင်းတို့ သိအောင် အရုပ်ပြုပြီး ကမ္ပည်းနှင့်ထားခဲ့ကြောင်း လျှောက်တယ်။

---

✖ ဦးကုလား မဟာရာဇဝင်ကြီး (ပ) စာ–၂၀၁။

အားရသဖြင့် အဝသို့ ခေါ်ပြီး ထားတယ်၊ နောက်စည်းတပြစ်အမတ်လွှန်သော် စည်းတပြစ်အမည်ပေးတယ်၊ နောက် "မင်းရာဇာဘွဲ့"ရတယ်။

ဒါဟာ အကြားအမြင်ရှိသူအတွက် မင်္ဂလာနှင့်ပြည့်စုံတဲ့ သာဓကဘဲ။ "ဗာဟုသစ္စဉ္စ" အကြားအမြင်ရှိဖို့ဆိုတာ စာမှာတွင် မက မိမိရဲ့ ပတ်ဝန်းကျင်မှာလည်း ရှာရတယ်၊ ဘဝနာရတယ်၊ စုဆောင်းရတယ်။

**မှတ်ဖွယ်ဆောင်ပုဒ်**

ရှေးဆိုရိုးစကားတစ်ခုမှတ်သားရဖူးတယ်၊ အင်မတန် မှတ်သားစရာ ကောင်းတယ်၊ ဘယ်သူရေးတယ် မမှတ်မိတော့ဘူး။

ဖက်ဆစ်ခေတ် စစ်ပြေး ကာလမှာတောင် စာအုပ်တွေ မပျောက်မပျက် သိမ်းဆည်းလာတာ သောင်းကျန်းသူတွေကြောင့် ပုသိမ်မြို့တစ်ပိုင်း မီးလောင်ခံရတဲ့အခါ စာအုပ်တွေအားလုံး ဆုံးကုန်ရတာ သိပ်နှမြောစရာ ကောင်းတယ်။

စာက ၁။ သူများလက်မှာ ငွေဥစ္စာ ကိုယ့်ဟာမဟုတ်ဘူး၊ ၂။ ပရပိုက်ပေမှာပါရှိသောစာ ကိုယ့်စာမဟုတ်ဘူး၊ ၃။ မိဘဆရာအတတ်ပညာအမွေခံကာမရဘူးဖြစ်တယ်။

ဒါမှန်တယ်၊ သူများချမ်းသာတာ အားကျနေလို့ ကိုယ်ချမ်းသာလာမှာ မဟုတ်ဘူး၊ ကိုယ်လုပ်မှ ကိုယ်စားရတာ၊ ပြီးတော့ ပေထဲကစာပြာချသောက်လို့စာမတတ်နိုင်ဘူး၊ သင်မှတတ်မှာ။

ဒီလို မိဘဆရာရဲ့ အတတ်ပညာ မသင်ယူဘဲနှင့်တော့ အမွေအဖြစ်မရနိုင်ဘူး၊ မိဘက ဆေးသမား အကျော်အမော် သား

သမီးတွေကျတော့ ဆေးတစ်ဖုံ ဖော်စပ်နည်းတောင် မရလိုက်တာ တွေ့ဖူးတယ်။

ဒါကြောင့် အကြားအမြင်များချင်ရင် ပညာ နီတိဟူသည် ရှိကိုမှိဝဲ၊ မိမိကိုယ်ကို ကောင်းအောင် တည်ဆောက်၊ သင့်တင့်လျောက်ပတ်တဲ့ အရပ်မှာနေဆိုတဲ့ မင်္ဂလာတရားတွေကိုကျင့်ရမယ်၊နီတိကျမ်းတွေကို ဖတ်ရမယ်၊ လေ့လာရမယ်၊ ကျင့်ရမယ်။

လောကနီတိ မှာ—

"ဂုဏ်အထူးတား နီတိကျမ်းသည် လောက၌ အနှစ်လည်းမည်၏၊ အမိအဘလည်းမည်၏။ ဆရာလည်းမည်၏၊ အဆွေခင်ပွန်းလည်းမည်၏" လို့ ဆိုထားတယ်၊ ပြီးတော့ အကြားအမြင်ပညာကိုနည်းသည်ဟူ၍မအောက်မေ့ရာ စိတ်၌ထားရာသာလျှင်ကတည်း။

ရေပေါက်သည် ကျဖန်များစွာ ရှည်ကြာသဖြင့် ပြည့်သကဲ့သို့တည်း လို့လည်း ဆိုတယ်။

ဒါကြောင့် အကြားအမြင်ကို တဖြည်းဖြည်းစုဆောင်းထားခြင်းအားဖြင့် အကြားအမြင်များသူအဖြစ် မင်္ဂလာနှင့် ပြည့်စုံလာနိုင်ပါတယ်။

ကန်တော်မင်းကျောင်းဆရာတော်ရဲ့ လောကသာရဆုံးမစာ ပုဒ်ရေ ၁၇ မှာ—

---

* လောကနီတိ၊ ပကိဏ္ဏက ကဏ္ဍ၊ ပုဒ်ရေ—၂၊ ၅။

"စေ့မြေ့သိပ်သည်း၊ ရွေ့ရွေ့ဆည်းလော့၊ စရည်း
အိုးခွက်၊ ကြီးစွာလျက်တည့်၊ တံစက်ကျမျှား၊ ပြည့်သော
လားသို့၊ ပျား၏နည်းထုံး မှတ်ကျင့်သုံး၍၊ ခြပုန်းတောင်ပို့၊
ဖို့သည့်ခြင်းရာ လူလိမ္မာတို့*

ဆိုပြီး ဩဝါဒညွှန်ပြခဲ့ခြင်းဖြစ်ပါတယ်။

**အသျှင်မဟာ ရဋ္ဌသာရ၏ စကား** ဒီလို အကြားအမြင် ရှိသူ၏ အဖြစ်ကို ရဖို့ရာ အတွက် ဆောင်ရွက် ဆည်းပူးရာမှာ အသျှင် မဟာရဋ္ဌသာရ၏ "**သုစိပုဘာ၊ ဝိလိသိခေ**"ချီ ကောပိုဒ်ရတု ဟာ အလွန်ဘဲ မှတ်သား လိုက်နာ စရာကောင်းပါတယ်။ အဓိပ္ပာယ်ကို ပြောရရင်—

၁။ သု။ သုဏေယျ၊ နာရာ၏။ ပညာရှိတို့ ပြောကြားတဲ့ ဗဟုသုတတွေကို နာကြားရမယ်။

၂။ စိ (စိန္တေယျ)၊ ကြံရာ၏၊ မိမိကြားသည်တို့သည် ဟုတ် မှန် မမှန်ကို ကြံရမယ်။

၃။ ပု။ (ပုစ္ဆေယျ)၊ မေးရာ၏။ မရှင်းမလင်းရင် မေးရ၊ မယ်။ စာမတတ် လမ်းမှာဖတ် ဆိုရိုးရှိတယ်။ အမှန်တော့ သိတတ်သူတွေကို မေးရမယ်၊ ပညာရှာ ပမာသူဖုန်းစားဆိုတဲ့ အတိုင်း ရှက်ကြောက်နေစရာ မဟုတ်ဘူး၊ ရှက်ကြောက်နေရင် ပညာမရနိုင်ဘူး။

---

* ဟံသာဝတီဆုံးမစာပေါင်းချုပ်၊ စာ-၃၄၊
+ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပထမတွဲ၊ စာ-၆၁။

၄။ ဘာ(ဘာသေယျ)၊ပြောဆိုရာ၏။မိမိကြားမြင်သမျှကို ပြောလည်းပြောရမယ်ပြောမှုပိုမှတ်မိတယ်ပိုပြီးကြွယ်ဝလာမယ်

၅။ ဝိ (ဝိစာရေယျ) စုံစမ်းဆင်ခြင်ရာ၏။ အကြောင်းတစ်ခုကို အခြေအမြစ် ရှိမရှိ စုံစမ်းဆင်ခြင်ပြီးမှ ယုံရမယ်၊ မစုံစမ်းဘဲ ပြောရင် အရှုံးဖြစ်နေတတ်တယ်။

၆။ လိ (လိခေယျ) စာရေးရာ၏။ ကြားမြင်ခဲ့သည်တို့ကို မမေ့မပျောက်ရအောင် ရေးသားမှတ်သားထားရမယ်။

၇။ သိ (သိက္ခေယျ) လေ့ကျင့်ရာ၏။ မိမိကြားတယ်မြင်တယ် ရတယ်လို့ ကြားရုံ မြင်ရုံ ရရုံနှင့် မပြီးဘူး၊ ကျင့်လည်းကျင့်ရမယ်၊ မကျင့်ရင် ပညာဗဟုသုတ ရှိနေရုံနှင့် တကယ့်မင်္ဂလာ မဖြစ်သေးဘူး၊ ကျင့်တဲ့သူသာ မင်္ဂလာ ဖြစ်တယ်။

၈။ ဓာ (ဓာရေယျ)၊ ဆောင်ရာ၏။ ဆောင်ရမယ်၊ ဆောင်မှသာ အောင်မြင်မယ်။

ကပိလ ရဟန်းဟာ ✱ ပိဋကတ် သုံးပုံဆောင် စာချ ဆရာကြီး ဖြစ်တယ်၊ မိမိပညာကြောင့် အခြွေအရံများခြင်း၊ လာဘ်လာဘ ပေါများခြင်းကို အကြောင်းပြုပြီး မာန်မာနတက်ခဲ့တဲ့အတွက် တရားကို မတရား၊ မတရားကို တရား အမှားမှား အယွင်းယွင်း ပြောဆိုပြုမူတဲ့အတွက် မိမိပညာ ဗဟုသုတများမှာ ကောင်းကျိုးတွက် မဖြစ်တော့ဘဲ အဝီစိ"ငရဲရောက်ဖို့အတွက်သာ ဖြစ်ရတော့တယ်"

"အလိမ္မာ စာမှာရှိ" ဆိုပေမယ့် စာစာက ပြောခဲ့သလို စာထဲမှာရှိတာ စာဘဲ" ပုရပိုက်ပေမှာ ရှိသောစာ ကိုယ့်စာ မဟုတ်ဘူး ဆိုသလို မကျင့်ရင် အလကားဘဲ။

✱ ပရိတ်ကြီး နိဿယသစ်၊ ၈၉—၉၇။

ဗုဒ္ဓမြတ်စွာဘုရားကများစွာနာအပ်သောတရား

**ဗုဒ္ဓဘုရားရှင်** ရှိ၏၊ နာအပ်သော တရားနှင့် ပြည့်စုံ၏။

**ဩဝါဒ** ထိုပုဂ္ဂိုလ်ကို ဘုရားရှင်သည် ချီးမွမ်းတော်မူကြောင်း စတုတ္ထအင်္ဂုတ္တိုရ်၊ ပထမ ပဏ္ဏာသက အပ္ပဿုတ သုတ်၌ ဟောတော်မူပါတယ်။ +

**ရဟန်းတို့ လောက၌** လေးယောက်ကုန်သော ဤပုဂ္ဂိုလ်တို့သည် ထင်ရှားရှိကုန်၏။ လေးယောက်ကုန်သော ပုဂ္ဂိုလ်တို့သည် အဘယ်သူတို့နည်း ဟူမူကား—

(၁) အနည်းငယ် နာအပ်သော တရားရှိသော နာအပ်သော တရားနှင့် မပြည့်စုံသော ပုဂ္ဂိုလ်လည်းကောင်း။

(၂) အနည်းငယ်နာအပ်သော တရားရှိသော နာအပ်သောတရားနှင့်ပြည့်စုံသော ပုဂ္ဂိုလ်လည်းကောင်း။

(၃) များစွာနာအပ်သော တရားရှိသော နာအပ်သောတရားနှင့်မပြည့်စုံသောပုဂ္ဂိုလ်လည်းကောင်း။

(၄) များစွာနာအပ်သော တရားရှိသော နာအပ်သောတရားနှင့်လည်းပြည့်စုံသော ပုဂ္ဂိုလ်လည်းကောင်း ဤသည်တို့တည်းလို့ ဟောတော်မူပါတယ်။

နောက်ဆက်လက်ပြီး အနည်းငယ် နာအပ်သော တရားရှိပြီး နာအပ်သော တရားနှင့်ပြည့်စုံအောင် ကျင့်သူတို့သာ ချီးမွမ်းတော်မူပါတယ်၊ များစွာနာအပ်သော တရားရှိပြီး မကျင့်သူကို ကဲ့ရဲ့တော်မူပါတယ်။

---

+ မင်္ဂလတ္ထဒီပနီ၊ (ပ)တွဲ၊ ၈၁–၁၃၁၊ ၁၃၂။

ဒါကြောင့် အကြားအမြင် များသောသူ၏ အဖြစ်မှာ ကျင့်လည်း ကျင့်မှ မင်္ဂလာနှင့် ပြည့်စုံတာမို့ အမျိုးကောင်း သားသမီးတို့က အောက်ကျ နောက်ကျ မဖြစ်ရအောင် ဥပမာ ဟောပြောစင်ပေါ် တက်ပြောစမ်းပါဆိုရင် ''ဟာ... မပြောရဲဘူး'' မဖြစ်ရအောင် ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းလိုပါတယ်။



(၈)

## အပြစ်မရှိသော အတတ်ပညာတတ်ခြင်း မင်္ဂလာ

အဋ္ဌမ ရှစ်ခုမြောက် မင်္ဂလာကတော့

သိပ္ပံ—အပြစ်မရှိသော အတတ်ပညာတို့ကို တတ်ရခြင်းသည် လည်း မင်္ဂလာမည်တယ် လို့ ဗုဒ္ဓဘုရားရှင်က ဟောကြားတော်မူပါတယ်။

**အတတ်ပညာ နှစ်မျိုး** အတတ်ပညာဟူသည်နှစ်မျိုးရှိပါတယ်။ လက်မှုပညာနှင့် နှုတ်မှု ပညာပါဘဲ၊ လက်မှုပညာကို သိပ္ပအတတ်၊ နှုတ်မှုပညာကို ဝိဇ္ဇာ အတတ်လို့ ခေါ်ပါတယ်၊ ဆရာမြတ်တို့ မိန့်ကြားသည်မှာ ''သိပ္ပံနာမ ယံကိဉ္စိဟတ္ထကောသလ္လံ'' လက်ဖြင့် ပြုရသော တတ်မြောက်မှု မှန်သမျှသည် သိပ္ပမည်၏လို့ မှတ်သားရပါတယ်။ *

---

* မင်္ဂလတ္ထဒီပနီ (ပ) စာ-၁၄၅။

ယခုခေတ် ဆရာဝန်အတတ်၊ ဘူမိဗေဒအတတ်၊ အင်ဂျင်နီယာအတတ်၊ ဗိသုကာအတတ်၊ လျှပ်စစ်ပညာ အတတ်တို့ဟာ သိပ္ပပညာတွေဘဲ ဖြစ်ပါတယ်။ စာပေ၊ သမိုင်း၊ ယဉ်ကျေးမှု ဘာသာရပ်တွေဟာ ဝိဇ္ဇာပညာတွေ ဖြစ်ပါတယ်။ ဒီနေရာမှာ အဓိကကတော့ သိပ္ပဆိုတဲ့ လက်မှုပညာကို ဆိုလိုပါတယ်။

**အရှင်အာနန္ဒာ နမူနာ**

ဒီလိုလက်မှုပညာမှာလည်း ရဟန်းတို့ တတ်အပ်သော လက်မှုပညာ၊ လူတို့ တတ်အပ်သော လက်မှုပညာ + ရယ်လို့ ဖြစ်ပါတယ်။ ရဟန်းတို့တတ်အပ်သော လက်မှုပညာမှာ သင်္ကန်းကိုစီရင်ခြင်း၊ ချုပ်ခြင်းတို့ ဖြစ်ပါတယ်၊ ဘုရား လက်ထက်တော်တွင် ယခုကဲ့သို့ ချုပ်ပြီးသင်္ကန်းများအပြင် သုသာန်မှာ လူသေလွှမ်း တဲ့အဝတ်ပုဆိုးတို့ကို ပံ့သကူကောက်ပြီး လျှော်ဖွပ်ပြီး ကိုယ်တိုင် ချုပ်လုပ်ဆေးဆိုး ဝတ်ကြရလေ့ရှိပါတယ်။

ဒီနေရာမှာ သင်္ကန်းစီရင်မှု ဗဟုသုတအဖြစ် စကား ကြုံကြိုက်လို့ ပြောချင်တာကတော့ ဗုဒ္ဓမြတ်စွာဘုရားရှင်ဟာ ရဟန်းတို့ သင်္ကန်းချုပ်ရာမှာ လယ်ကွက်များကို အတုယူပြီး ချုပ်စေပါတယ် *။ မြတ်စွာဘုရားသခင်ဟာ ဒက္ခိဏာဂိရိမှာ ဒေသစာရီ ကြွတော်မူစဉ် မာဂဓရောဇ်လယ်ကို မြင်တော်မူလို့ " အာနန္ဒာ၊ သင်သည် ရဟန်းတို့၏ ဤသဘောရှိသောသင်္ကန်းကို စီရင်ခြင်းငှာ စွမ်းနိုင်အံ့လော" ဟု မေးတော်မူပြီး၊ ရာဇဂြိုဟ် ပြည်ကို ကြွတော်မူတယ်၊

အရှင်အာနန္ဒာဟာ မင်းသားဘဝက လာသူ ဖြစ်ပေမယ့် လက်မှုပညာ၌ ကျွမ်းကျင်လို့ "တပည့်တော် စွမ်းနိုင်ပါ၏" ဟု

---

+ မင်္ဂလတ္ထဒီပနီ ပ)၊ စာ-၁၄၅။

လျှောက်ပြီး စီရင်ပြတယ်။ ဒီအခါမှာမြတ်စွာဘုရားက "ရဟန်းတို့ အာနန္ဒာဟာ ပညာရှိ၏။ ရဟန်းတို့ အာနန္ဒာဟာ ကြီးသော ပညာရှိ၏။ ငါဘုရားသည် အကျဉ်းပြအပ်သော စကားကို အကျယ်သိ၏။ တလုပ်ရှည်မည်သည်ကိုလည်း ပြုတိ၏။ တလုပ်ရှည်ငယ်မည်သည်ကိုလည်း ပြုတိ၏။ အိမ်ဝန်းကြီး မည်သည်ကိုလည်း ပြုတိ၏။ အိမ်ဝန်းငယ်မည်သည်ကိုလည်း ပြုတိ၏။ ခေါင်ရုံကြီးမည်သည်ကိုလည်း ပြုတိ၏၊ ခေါင်ရုံငယ် မည်သည်ကိုလည်းပြုတိ၏။ လည်ခံမည်သည်ကိုလည်း ပြုတိ၏။ မြင်းခေါင်းခံမည်သည်ကိုလည်း ပြုတိ၏။ တလုပ်ရှည် အစရှိသည်ဖြင့် ဖြတ်သောသင်္ကန်းမည်သည်လည်း ဖြစ်လတ္တံ့။ ဓားငယ်ကြောင့် ရှုနှင့်ရင်းသည်ဖြစ်၍ ရဟန်းတို့အား လျှောက်ပတ် သည်လည်းကောင်း၊ ရန်သူတို့သည် အလို မရှိအပ်သည် လည်းကောင်း ဖြစ်လတ္တံ့။ ရဟန်းတို့ ဖြတ်သော ဒုကုဋ်ကို ဖြတ်သော ကိုယ်ဝတ်ကိုဖြတ်သော သင်းပိုင်ကို ငါဘုရား ခွင့်ပြုတော်မူ၏" ဟု များစွာ ချီးမွမ်းတော်မူတယ်။ မြတ်စွာဘုရားကိုယ်တော်တိုင်ပင် သင်္ကန်းကို ပံ့သကူကောက်ပြီး ချုပ်လုပ်တော်မူကြောင်း သိရပါတယ်။ ဒါကြောင့် မိမိတို့၏ အသက်မွေးမှုနှင့် ပတ်သက်တဲ့ လက်မှုပညာ၊ နှုတ်မှုပညာတို့ကို တတ်သိကြရပါမယ်။

**နီတိအဆို**

လောကနီတိမှာ* ပျင်းသောသူအား အတတ်ဘယ်မှာ တတ်အံ့နည်း၊ အတတ်မရှိသော သူအား ဥစ္စာအဘယ်မှာရအံ့နည်း၊ ဥစ္စာမရှိသော သူအား အဆွေခင်ပွန်း အဘယ်မှာရအံ့နည်း၊ အဆွေ ခင်ပွန်း

---

* လောကနီတိ၊ ပဏ္ဍိတကဏ္ဍ၊ ပုဒ်ရေ-၃၊

မရှိသောသူအား ချမ်းသာအဘယ်မှာ ရအံ့နည်း၊ ချမ်းသာ မရှိသောသူအား ကောင်းမှု အဘယ်မှာပြုရအံ့နည်း၊ ကောင်းမှု မရှိသောသူအားနိဗ္ဗာန်အဘယ်မှာရနိုင်အံ့နည်းလို့ ဆိုပါတယ်။

ဆက်လက်ပြီး "အတတ်နှင့်တူသောဥစ္စာသည်မရှိ" အတတ်ကို ခိုးသူတို့သည် မယူနိုင်ကုန်။ ဤလောက၌ အတတ်သည်ကား အဆွေခင်ပွန်းဖြစ်၏၊ တမလွန် ဘဝ၌ ချမ်းသာကို ဆောင်တတ်၏။+လို့ ပြဆိုပါတယ်။

ဒါကြောင့် "ပညာရွှေအိုး လူမခိုး၊ ငယ်စဉ်အခါ ပညာရှာ၊ ချိန်ခါရှိခိုက် လို့လစိုက်" ဆိုတဲ့ ဆောင်ပုဒ်တွေဟာ လွန်စွာ တန်ဖိုးရှိတဲ့စကားတွေ ဖြစ်ပါတယ်။

တစ်ခါဆက်ပြီး "နှုတ်မှုပညာကို လည်းကောင်း၊ လက်မှု ပညာကိုလည်းကောင်း ငယ်၏ဟူ၍ မအောက်မေ့ရာ၊ ကုန်စင် အောင် တတ်မှုကား တစ်ခုသော အတတ်သည်လည်း အသက် မွေးဝမ်းကျောင်းဖြစ်ပါလျှင်ကတည်း" လို့ ဆိုထားပါတယ်။

ဒါကြောင့် အမျိုးကောင်းသားသမီးတို့ဟာ အသက်မွေးမှု ပညာတစ်ရပ်ရပ်ကို တတ်ထားဖို့လိုပါတယ်။ လူ့လောကမှာ လူလုပ်မယ်၊ အိမ်ထောင် သားမွေး ပြုမယ်ဆိုရင် ပညာ တစ်ခု မပါဘဲ ဘယ်လိုလုပ်မလဲ။

ရှေးတုန်းက အဌရသ ၁၈ ပါးရှိတယ်၊ ဒါကိုတတ်မြောက် ကြရတယ်။ ဒီအတတ် ၁၈ ပါးနှင့်ပတ်သက်လို့ မူကွဲ အများ အပြား ရှိနေပါတယ်။ အယူအဆအမိပ္ပာယ်ကောက်ပုံ မတူကြ ပါဘူး။ မိလိန္ဒပဥှာမှာ×အတတ် ၁၉မျိုးပြပါတယ်။ ဗုဒ္ဓဝစန

× လောကနီတိ၊ ပဏ္ဍိတကဏ္ဍ၊ ပုဒ်ရေ-၄-၆၊

× မိလိန္ဒပဥှာ၊ စာ-၅-၆-၇၊ လော ၁၀-၁၁၊

လို့ခေါ်တဲ့ မြတ်စွာဘုရားဟောကြားတော်မူတဲ့ တရားတော်ကို ပါထည့်ပြ ါတယ်။ မိလိန္ဒပဉ္စာကို အခြေခံပြီး မူကွဲ များနှင့် ယှဉ်ပြီး ပြဆိုပါမယ်။

**အဟတ်ပဉ္စာ** ၁။ သုတိ "ဗေဒင်ကျမ်း အတတ် (ဒီခန ၁၈ ပါး ရာမှာ ဗေဒင်အတတ်လောက်နှင့် မပြည့်စုံဘူးလို့ ထင်ပါတယ်။ လောကနီတိမှာ အကြားအမြင် အတတ်ရယ်လို့ ဖွင့်ပါတယ်။ ဗေဒင်ဆရာချင်း တူတောင် သင်ဘူးသော ကျမ်းချင်း တူတောင် အကြားအမြင်ချင်းမတူရင် မယှဉ်နိုင်ပါဘူး၊ ဒါကြောင့်လောကနီတိအဆိုကို ပိုကြိုက်ပါတယ်)။

၂။ သမိတိ။ ကမ္ဘာ့ဉဒေကျမ်း (လောကနီတိကတော့ သမ္မုတိ ဓမ္မသတ်ကျမ်းအတတ်လို့ဆိုပါတယ်။ အဓိပ္ပာယ် အတူတူပါဘဲ။ ယခုပြည်သူ့တရားစီရင်ရေးခေတ်မှာ လူတိုင်း တတ်သိသင့်ပါတယ်။ ဓမ္မသတ်ကျမ်းအတတ် တတ်မှလည်း ဆောင်ရန် ရှောင်ရန် သိနိုင်ပါတယ်။ ခုခေတ် လူငယ်တွေ ချစ်တာ တစ်ခုတည်းကြည့်ယူကြတယ်၊ အသက် မပြည့်လို့ ရုံးရောက်၊ ထောင်ကျ ဖြစ်ရတာဟာ ဓမ္မသတ် သဘော၊ ဥပဒေ သဘော နားမလည်လို့ဘဲဆိုတာ ထင်ရှားပါတယ်။)

၃။ သင်္ချာ။ သင်္ချာခေါ် အဘိဓမ္မာကျမ်း (သတ္တဝါတို့၏ နိစ္စ၊ အတ္တ၊ ထာဝရ၊ ပကတိဟု ခေါ်ဝေါ်တဲ့သဘောတရားကို ပြတဲ့ ကပိလရသေ့ရဲ့ သင်္ချာအတတ်လို့ ဆိုပါတယ်)။ လောကနီတိမှာတော့ ဂဏန်းအတတ်လို့ ဖွင့်ဆိုပါတယ်။ ဂဏန်းမသင်၊ လာဘ်မမြင်၊ ကူးလျှင် ရှုံးမည်မှတ် ဆိုတဲ့ ဆောင်ပုဒ်ရှိတယ်။ ဂဏန်းဆိုတာ တစ်ခါတလေ လှည့်စား တတ်တယ်။

ညပမာပြရရင် သူငယ်ချင်းသုံးယောက် ထမင်းဆိုင် တစ်ဆိုင်မှာ ထမင်းစားကြတယ်၊ အားလုံးပေါင်း ၂၅ ကျပ် ကျတယ်။ ကိုယ်စီပေးရမှာဆိုတော့ ၁၀ ကျပ်တန် တစ်ရွက်စီ ပေးလိုက်တယ်။ စုစုပေါင်း ၃၀ ကျပ်၊ ကျတာက ၂၅ ကျပ် ဆိုတော့ ပြန်အမ်းရမှာ ၅ ကျပ်၊ ဒီတော့ သုံးယောက်အညီအမျှ ဝေမယူလောက်လို့ စားပွဲထိုးက ကျန်တော် ၂ ကျပ် ယူမယ် ဆိုပြီး ၁ ကျပ်စီပြန်ပေးလိုက်တယ်။ ဒီတော့တစ်ယောက် ၁ကျပ် ပြန်ရလို့ တစ်ယောက်၉ကျပ်စီ ကျတဲ့အတွက်စုစုပေါင်း ၂၇ကျပ်၊ စားပွဲထိုးသူက ၂ ကျပ်၊ ပေါင်း ၂၉ ကျပ် ဖြစ်တယ်၊ ဘာကြောင့် ၃၀ ကျပ်မဖြစ်တဲ့ ၁ ကျပ် ပျောက်နေသလဲ။ ရုတ်တရက်ကြည့်ရင် ဟုတ်သလိုဘဲ၊ ဒါ ဂဏန်းရဲ့ လှည့်စားချက်၊ဒါကြောင့် ဂဏန်းသင်္ချာ၊အက္ခရာသင်္ချာတွေကိုတတ်ဖို့လိုဘယ်။

၄။ ယောဂ။ ယောဂခေါ် အဘိဓမ္မာကျမ်း (သမထကမ္မဌာန်းကျမ်းဖြစ်သည်။) လောကနီတိတွင်မူ ယောဂါ။ တစည်းစူးဆောက် အတတ်ဟုပြသည်၊ လက်သမားအတတ်ဟု ဆိုနိုင်ပါတယ်။

၅။ နီတိ။ နီတိကျမ်းအတတ်(ဒီနေရာမှာတော့ တူတယ်၊ လူ့ကျင့်ဝတ်တွေ ဖြစ်ပါဘယ်။)

၆။ ဝိသေသကာ။ ဝိသေသကာခေါ် အဘိဓမ္မာ ကျမ်း (ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ် လေးပါးနှင့် အာကာသ၊ ကာလ၊ ဒိသာ၊ အတ္တ၊ မန ဟူသော ပရမတ္ထကို ခွဲခြမ်းခြင်းဖြင့် သစ္စာ ဉာဏ်ရသည် ပြသောကျမ်း၊ အနုမြူထိ ခွဲခြမ်းပြထားတယ်၊)လောကနီတိကမူ ယာယီ၊ ယတြာ၊ ဗျာ၊ ဏရိုဏ်းအတတ်ဟု ပြပါတယ်)။

၇။ ဂဏိတ။ အတွက်အချက် သင်္ချာကျမ်း(ဂဏန်းသင်္ချာ၊ အက္ခရာသင်္ချာဟုဆိုပါတယ်)လောကနီတိကမူ လက်ပစ်အတတ်ဟုဆိုတယ်။

၈။ ဂန္ဓဗ္ဗ။ အတီးအမှုတ်တူရိယာပညာကျမ်း(လောကနီတိတွင် စောင်းညှင်းစသော ကဗျာလင်္ကာအတတ်ပြတယ်)

၉။ တိကိစ္ဆ။ ဆေးကုခြင်း အတတ်ကို ပြသော တိကိစ္ဆကျမ်း(လောကနီတိနှင့် သဘောတူ)။

၁၀။ ဓနုဗေဒ။ ဓနုဗေဒကျမ်း(လေးအတတ်ကို ပြသော ကျမ်း)(ကွဲလွဲမှုမရှိပါ)။

၁၁။ ပုရာဏ၊ ပုရာဏ်ကျမ်း(ရှေးဟောင်း ကမ္ဘာ့အဖြစ်သနစ် ကျမ်း) (လောကနီတိက စကားဟောင်း အတတ်လို့ပြတယ်၊ ဒါတတ်မှလည်း စကားပြောတဲ့အခါ တန်ဆာဆင်ပြီးပြောနိုင်မယ်။)

၁၂။ ဣတိဟာသ။ဣတိဟာသကျမ်း(မဟာဘာရတ စတဲ့ ရာဇဝင်ပုံပြင် ရှေးစကား။) လောကနီတိကတော့ ရယ်ရွှင်မှုအတတ်လို့ ဆိုပါတယ်၊ ဟောပြောပွဲတွေမှာရယ်စရာပုံပြင်ပတ်စထည့်ပြောတဲ့အတတ်မျိုးလို့ ယူဆပါတယ်၊

၁၃။ ဇောတိသ၊ ဇောတိသခေါ် ဗေဒင်ကျမ်း၊ နေလကြိုဟ်နက္ခတ်ပြသောကျမ်း၊ (သဘောတူဖြစ်တယ်။)

၁၄။ မာယာ၊ လှည့်စားခြင်း အလိမ္မာသုံးခြင်းကိုပြသော မာယာကျမ်း(တစ်ချို့ကမျက်လှည့်အတတ်ဆိုပါတယ်။ တစ်ချို့က ရာဇမာယာပရိယာယ်၊ ဥပါယ်လို့ ဆိုပါတယ်) လောကနီတိမှာက ဂုဏ်အတတ်ပညာပြသည်မတွေ့ရပါ။

၁၅။ ဟောတု။ တက္ကဗေဒခေါ် ဟေတုဝိဇ္ဇာကျမ်း (အချို့က အကျိုးကြောင်း ဆင်ခြင်တုံပညာ၊ အချို့က အလင်္ကာကျမ်း ဆိုကြပါတယ်။)

လောကနီတိတွင် ၎င်းအတတ်မပါပါ။ ကေတု။ သံတမန်အတတ်ဟု မှုကွဲပါရှိပါတယ်။

၁၆။ မန္တန။ မန္တန်ကျမ်း (လောကနီတိနှင့်တူတယ်။)

၁၇။ ယုဒ္ဓါ။ ယုဒ္ဓါကျမ်း (စစ်နှင့်ဆိုင်သော အတတ်ကိုပြသောကျမ်း) လောကနီတိမှာ မပါ။

၁၈။ ဆန္ဒသာ။ ဆန်းကျမ်း (ဒေဗဆိုင်ရာ ဂါထာကျမ်းနှင့် ကဗျာသင်္ကာအစီအကုံးဆိုင်ရာကျမ်းများ) မှုမကွဲပါ။

၁၉။ ဗုဒ္ဓဝစနံ။ မြတ်စွာဘုရားပါဠိတော် (လောကနီတိတွင်မပါ)၊ ဒီအတတ်ပညာတွေဟာ အဋ္ဌရသသိပ္ပအတတ်လို့ ပေါရာဏဒီပနီမှာ ပြဆိုပါတယ်*လောကနီတိမှာ မတူတာက သဒ္ဒါ။ သဒ္ဒါကျမ်းအတတ်လို့ တစ်ပါးပြပါတယ်။

**ဝိဇ္ဇာပညာ ၁၈ ရပ်** ဒါ့အပြင် အဋ္ဌာရသဝိဇ္ဇာပညာ ၁၈ ရပ်လည်း ရှိပါသေးတယ်။ + ဒါတွေဟာ ဗဟုသုတလိုချင်သူဖော်အဖို့ ရှာရဖွေရ မလွယ်တဲ့ အတွက် အကျဉ်းပြောပြပါမယ်။

၁။ ကပ္ပ။ မန္တန်သုံးစွဲနည်း။
၂။ ဗျာကရဏ။ သဒ္ဒါကျမ်း။
၃။ ဇောတိသတ္ထ။ ဂြိုဟ်သွား ဂြိုဟ်သာကျမ်း။
၄။ သိက္ခာ။ သရဗျည်း၊ ဌာန်ကရိုဏ်းပြကျမ်း။

* သု ၀၁၁၇။ + ၀၁-၁၁။

၅။ နိရုတ္တိ။ လက္ခဏာငါးပါးတို့ဖြင့် ပြသောကျမ်း၊
၆။ ဆန္ဒော။ ဆန်းကျမ်း၊
၇။ သာမ။ သာမဗေဒင်ကျမ်း၊
၈။ ယဇု။ ယဇုဗေဒင်ကျမ်း၊
၉။ ဣရု။ ဣရုဗေဒင်ကျမ်း၊
၁၀။ အာထဗ္ဗဏ။ အာထဗ္ဗဏဗေဒင်ကျမ်း၊
၁၁။ မိမံသာ။ ကံ၏အကြောင်းအရာကျမ်း၊
၁၂။ နျာယ။ တက်ကျမ်းအမျိုးမျိုး၊
၁၃။ ဓမ္မသတ္ထ။ အမျိုးလေးပါးအကျင့်ဖြတ်ထုံး ဥပဒေ၊
၁၄။ ပုရာဏ။ ရှေးဟောင်းအကြောင်းအရာ၊
၁၅။ အာယုဗေဒ။ ဆေးပညာ၊
၁၆။ ဓနုဗ္ဗေဒ။ ဓားလှံလေးမြား ပစ်ခြင်း ထိုးခြင်း ခုတ်ခြင်းနှင့် မန္တာန်ကျမ်း၊
၁၇။ ဂန္ဓဗ္ဗဗေဒ။ သီဆိုတီးမှုတ်ခြင်း၊
၁၈။ အတ္ထသတ္ထ။ ဥစ္စာရကြောင်း၊ လိမ္မာ စေကြောင်း နီတိတို့ဖြစ်တယ်။

ပြန်ကြည့်ရင် ဓမ္မသတ္ထ၊ ပုရာဏ၊ အာယုဗေဒ၊ ဓနုဗေဒ၊ ဂန္ဓဗ္ဗနှင့် အတ္ထသတ္ထတို့မှ တစ်ပါး ရသေ့တွေ စီရင်တဲ့ ဗေဒင် အကြောင်းပြဟ္မာကြီးအကြောင်းတွေသာဖြစ်တယ်၊ ဒါကြောင့်

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားချက်နှင့် မညီဘူး။ အဌရသသိပ္ပ ၁၈ ရပ်သာ တတ်မြောက်အပ်တဲ့ အတတ်လို့ဆိုနိုင်ပါတယ်။

ပညာ မရှိလျှင် — ပညာမရှိတဲ့လူဟာ အသက်မွေး ဝမ်းကျောင်း ပညာတတ်မှု မပါတဲ့သူဟာ ကိုယ့်ဘဝကို ဘယ် ဖန်တီးမလဲ တည်ဆောက်မလဲ၊ အိမ်ထောင်သား မွေးသာပြုတယ်၊ လူ့အောက်ကျ နောက်ကျနေ ရမယ်၊ သားမယားကအစ အထင်သေး အမြင်သေး ခံရတော့ တယ်။

စာရေးသူတို့ ငယ်ငယ်တုန်းက လူဘစ်ယောက်တွေ့ဖူးတယ်၊ ယောင်ခြောက်ဆယ်သမား ဟိုယောင်ယောင် ဒီယောင်ယောင် နှင့် ဘာမျှ ဟုတ်ဟုတ်ငြားငြား မတတ်ဘူး၊ တစ်နေ့ သစ်တုံး တစ်တုံး ယူလာပြီး လှေတက်လုပ်မယ်ဆိုပြီး ခုတ်တယ်၊ ခုတ်ရင်း ခုတ်ရင်း ငယ်သွားတော့ တက်မဖြစ်တော့ဘူး။

ဒါပေမယ့် သူက ကြိုးစားတယ်၊ မိန်းမကလည်း "မိန်းမ ချေးခဲ့ဆောင်းတာဘဲ မှီစားနေတယ်" ဆိုပြီး ပြောတာကိုး၊ တက်မ မဖြစ်ယည်း ယောက်မတော့ ဖြစ်နိုင်သေးတယ်။ ယောက်မတစ်ခု ထမင်းအိုး ဟင်းအိုးမွှေဖို့ လုပ်နိုင်သေးရင် မိန်းမ ချီးမွမ်း ခံရ မယ်။

ဒါနှင့် ဆက်ခုတ်၊ ခုတ်ရင်း ခုတ်ရင်း ငယ်သွားတော့ ယောက်မလည်း မဖြစ်တော့ဘူး။

ဒါနှင့် ခင်ဗျားဟာ ဘာဖြစ်သလဲ မေးတော့ ဘာမျှသုံးမရ တော့ ထလှွှင့်ပစ်လိုက်ရလို့ 'ဝိ' လို့မြည်ပြီး လွင့်သွားတာ 'ဝိ' ဘဲ ဖြစ်တော့တယ်ကွာလို့ ပြောတယ်။

ဒီလူဟာ ဘယ်နေရာမှာ ကိုယ့်ဘဝကို ဦးဆောင်နိုင်မှာလဲ။ ဒါကြောင့် အမျိုးကောင်းသားသမီးတွေဟာ မိမိအကျိုး ဉာတကာအကျိုး နိုင်ငံအကျိုး သည်ပိုးနိုင်ဖို့ရာ အနည်းဆုံး အတတ်ပညာတစ်ခုခုကို တတ်အောင် ကြိုးစားရမယ်။

**အတတ်ပညာ ၆၄ ပါး** သုတ္တနိတိကျမ်းတွင် သိပ္ပပညာခေါ် လက်မှုပညာ(**ကလာအတတ် ၆၄ ရပ်***)ကို ပြဆိုထားသည်ကို တွေ့ရပါတယ်။ ယင်းအတတ်တို့သည် ယခုခေတ်တိုင်အောင် လိုက်လျောညီထွေရှိနေသည်ကို ကျမ်းအစောင်စောင် ရှာဖွေကြည့်မနေရအောင် ဖော်ပြလိုက်ပါတယ်။

၁။ အာကမျိုးစုံအတတ်၊
၂။ တီးမှုတ်မျိုးစုံအတတ်၊
၃။ ဝတ်စားပြင်ဆင်မှုအတတ်၊
၄။ ရုပ်ပုံထုခြင်းအတတ်၊
၅။ အခမ်းအနားနှင့် အိပ်ခန်းပြင်ဆင်မှုအတတ်၊
၆။ ကစားမျိုးစုံနှင့် လူအပေါင်း နှစ်သက်စေမှု (ဆပ်ကပ်ကဲ့သို့)အတတ်၊
၇။ မွှေ့လျော်ပျော်ရွှင်စေမှုအတတ်၊
၈။ အဖျော်ယမကာ အတတ်၊
၉။ ခွဲစိတ်ကုသမှုအတတ်၊
၁၀။ ချက်ပြုတ်ခြင်းအတတ်၊

* သုဘောသန သရုပ်ပြ ၈၁—၁၂၆၊ ၁၂၉။

၁၁။ ဥယျာဉ်လယ်ယာအတတ်၊
၁၂။ ရွှေငွေကျောက်တို့ ဓာတ်ခွဲမှုအတတ်၊
၁၃။ ထန်းလျက် သကြား စသည် ချက်မှုအတတ်၊
၁၄။ ရွှေ စသော ဓာတ်နှင့် ဆေးတို့ ယှဉ်စပ်မှုအတတ်၊
၁၅။ ဓာတ်ကျောက်တို့ကို ရောစပ်ခြင်း ခွဲထုတ်ခြင်းအတတ်
၁၆။ ဓာတ်မျိုးစုံလုပ်နည်း (ဓာတုဗေဒအတတ်)၊
၁၇။ ယမ်း၊ ဆား၊ ဆပ်ပြာအတတ်၊
၁၈။ လက်နက်ပစ်ခတ်ခြင်းအတတ်၊
၁၉။ လက်ပန်းလုံးခြင်းအတတ်၊
၂၀။ လက်ဝှေ့သတ်ခြင်း၊
၂၁။ ရန်သူ့လက်မှလွတ်အောင် ရှောင်ခြင်း (သိုင်းကွဲ့သို့) အတတ်၊
၂၂။ စစ်ဆင်စစ်တက် အတတ်၊
၂၃။ နတ်ပသခြင်း၊
၂၄။ ရထားမောင်း၊ ဆင်စီး၊ မြင်းစီးအတတ်၊
၂၅။ အိုးထိန်းသည် အတတ်၊
၂၆။ ပန်းပု လက်သမားအတတ်၊
၂၇။ ကျောက်ဆစ်အတတ်၊
၂၈။ ပန်းဘဲ၊ ပန်းတင်းအတတ်၊
၂၉။ ပန်းချီအတတ်၊
၃၀။ တိုက်အိမ် မြို့ကွက်တို့ မြေညှိခြင်းအတတ်၊
၃၁။ နာရီ၊ စက်၊ တူရိယာ ပြုပြင်မှုအတတ်၊
၃၂။ ဆိုးဆေးအတတ်၊
၃၃။ ရေစက်၊ လေစက်၊ မီးစက်၊ အင်ဂျင်အတတ်၊

၃၄။ ယာဉ်မျိုးစုံ ပြုလုပ်မှုအတတ်၊
၃၅။ ချည်မျှင်ချည်ကြိုး ပြုလုပ်မှုအတတ်၊
၃၆။ အထည်ရက်ခြင်းအတတ်၊
၃၇။ ရတနာအကဲခတ်အတတ်၊
၃၈။ ရွှေကဲခတ်အတတ်၊
၃၉။ ရွှေပန်းထိမ်အတတ်၊
၄၀။ ပန်းရန်အတတ်၊
၄၁။ သားရေနယ်အတတ်၊
၄၂။ ရွှေ စသည့် ကိတ်ရတနာတို့ ပြုလုပ်မှုအတတ်၊
၄၃။ သားကောင် ပုံမပျက် အရေဆုတ်မှုအတတ်၊
၄၄။ ထောပတ်နို့ ဆီချက်မှုအတတ်၊
၄၅။ ချုပ်စပ်သင်တိုင်း အင်္ကျီချုပ်မှုအတတ်၊
၄၆။ ရေကူး ရေငုပ်အတတ်၊
၄၇။ အိုးခွက်စသည် ပြောင်စင်စေမှုအတတ်၊
၄၈။ ခဝါအတတ်၊
၄၉။ ဆတ္တာသည်အတတ်၊
၅၀။ နှမ်းဆီ အမဲဆီ ထုတ်ယူမှုအတတ်၊
၅၁။ သစ်ပင်တက်အတတ်၊
၅၂။ ခစားခြင်းအတတ်၊
၅၃။ နှီးခွက် နှီးဖျာ မြက်ခွက် မြက်ဖျာရက်အတတ်၊
၅၄။ မြေထည် ကြေထည် ဖန်ထည်အတတ်၊
၅၅။ လယ်ထွန်အတတ်၊
၅၆။ ရေယူ ရေထုတ် ရေလှောင် ရေပေးအတတ်၊
၅၇။ သံရည်ကျိုစက်၊ လက်နက်မျိုးစုံလုပ်အတတ်၊

၅၈။ ဆင်မြင်းကုန်းနှီးလုပ်အတတ်၊

၅၉။ ကလေးသူငယ်ထိန်းသိမ်းစောင့်ရှောက်မှု အတတ်၊ (နွှေကလေးထိန်း ကျောင်းမျိုး)

၆၀။ အပြစ်ရှိသူကို အပြစ်နှင့်လျော်စွာ ရိုက်မှု အတတ်၊

၆၁။ စာပေရေးသားမှုအတတ်၊

၆၂။ ကွမ်းယာအတတ်၊

၆၃။ အထက်ပါ အတတ်တို့ကို ဖြည်းဖြည်း ပြုသင့်လျှင် ဖြည်းဖြည်းပြုခြင်း၊

၆၄။ မြန်မြန်ပြုသင့်လျှင် မြန်မြန်ပြုခြင်းတို့ ဖြစ်ပါတယ်။

ဒီအတတ်တွေထဲက အပြစ်ရှိတဲ့အတတ်မျိုးကို ပယ်ပြီးအပြစ်ကင်းတဲ့ အတတ် တစ်ခုခုကို တတ်ရင် အသက်မွေးမှု လုံလောက်ပါတယ်။ ယုတ်စွအဆုံးကြည့်မယ်ဆိုရင် အိုးခွက် ဖိနပ် တိုက်ခြင်း၊ အဝတ်လျှော်ခြင်း၊ သစ်ပင်တက်ခြင်း တို့ကိုပင် အတတ်ပညာတစ်ရပ် သတ်မှတ်ထားတဲ့ အတွက် "အလုပ်ဟူက ဂုဏ်ရှိစွ" ဆိုတဲ့ စကားနှင့် လိုက်လျောညီထွေ ရှိပါတယ်။ ဒါကြောင့် ဆိုးခိုးတိုက်ခိုက် ခါးပိုက်နှိုက် မကောင်းတဲ့ အသက်မွေးဝမ်းကျောင်း ပြုမယ့် အစား ကောင်းသော အသက်မွေး ဝမ်းကျောင်း အတတ်ကိုတတ်ရင် မင်္ဂလာရှိတာပါဘဲ၊ ပြည့်စုံမှုရှိတာပါဘဲ။

☆

## (၉)

# ကောင်းစွာသင်အပ်သောဝိနည်းတရားကျင့်ခြင်း မင်္ဂလာ

**နဝမမြောက် မင်္ဂလာကတော့**

သုသိက္ခိတဝိနယ ဆိုတဲ့ ကောင်းစွာ သင်အပ်သော ဝိနည်းတရားကို ကျင့်သုံးခြင်းလို့ ဟောတော်မူပါတယ်။

**ဝိနည်း အဓိပ္ပာယ်**

ဝိနည်းရဲ့အဓိပ္ပာယ်က "+ဝိနေတီတိဝိနယော။ ဝိနေတိ။ ဆုံးမတတ် သင်ပြတတ်၏၊ ဣတိ၊ ထို့ကြောင့်၊ ဝိနယော။ ဝိနည်းမည်၏" လို့ဆရာမြတ်တို့ ဝိဂြိုဟ်ပြုပါတယ်။ ဝိနည်းဆိုတာ ကျင့်ဝတ်ပါဘဲ၊ ရဟန်းကျင့်ဝတ်၊ လူ့ကျင့်ဝတ် လိုက်နာကြရမယ်၊ မင်း

---

+ ပရိတ်ကြီးနိဿယသစ် စာ—၁၀၃။

အစိုးရစည်းကမ်း လူ့ကျင့်ဝတ်လိုက်နာကြရမယ်။ မင်းအစိုးရ ဥပဒေ ဓမ္မသတ်တွေ ပြဋ္ဌာန်း ထားတာဟာ လူ့ကျင့်ဝတ် မလိုက်နာသူတွေအတွက် ဖြစ်တယ်။ ဒီနေရာမှာ စာက "ကောင်း စွာ သင်အပ်သော" ဆိုပေမယ့် "ကျင့်ခြင်း" သာ အဓိကဖြစ်တဲ့ အတွက် ကောင်းစွာသင်အပ်သော ဝိနည်းတရားကို ကျင့်သုံး ခြင်းရယ်လို့ ကောက်ယူလိုက်ခြင်း ဖြစ်ပါတယ်။

လူတို့အနေဖြင့် အကုသိုလ် ကမ္မပထ တရား လူ့ကျင့်ဝတ် (၁၀)ပါး * ကို ရှောင်ဖို့ လိုပါတယ်။ ၁။ ပါဏာတိပါတာ။ သူ့အသက်ကိုသတ်ခြင်း၊ ၂။ အဒိန္နာဒါနာ။ သူ့ဥစ္စာကို ခိုးခြင်း၊ ၃။ ကာမေသုမိစ္ဆာစာရာ။ သူ့သားမယားကို ပြစ်မှားခြင်း စတဲ့ (ကာယကံ ၃ ပါး)၊ ၄။ မုသာဝါဒ။ မဟုတ်မမှန်ပြောဆို ခြင်း၊ ၅။ ပိသုဏာဝါစာ။ ကုန်းတိုက်ခြင်း၊ ၆။ ဖရုသာဝါစာ။ ကြမ်းတမ်းစွာပြောဆိုခြင်း၊ ဆဲရေးခြင်း၊ ၇။ သမ္ဖပ္ပလာပဝါစာ။ အကျိုးမရှိ သိမ်ဖျင်းသော စကားကို ပြောဆိုခြင်း စတဲ့ (ဝစီကံလေးပါး)၊ ၈။ အဘိဇ္ဈာ။ သူ့ဥစ္စာကို လိုချင်တပ်မက် ခြင်း၊ ၉။ ဗျာပါဒ။ သူတစ်ပါးကို ငြိုးထား ရန်မက် နှိပ် စက်လိုခြင်း၊ ၁၀။ မိစ္ဆာဒိဋ္ဌိ။ မှားသောအယူကိုယူခြင်းဆိုတဲ့ မနောကံသုံးပါး။

ဒီဒုစရိုက် ၁၀ ပါးဟာ အကုသိုလ်ကမ္မပထတရားဆယ်ပါး ဖြစ်ပါတယ်။ ဒါ့အပြင် တစ်ခြားလူ့စည်းကမ်း ကျင့်ဝတ်တွေ ရှိသေးပေမယ့် ဒီဥစ္စာက ပဓာနကျတယ်၊ ဘာဖြစ်လို့လဲဆိုတော့

---

* သု–စာ–၂၉၄၊

ဒီဒုစရိုက် ၁၀ ပါးကို ရှောင်နိုင်ရင် ကျန် စည်းကမ်းတွေကို မခဲယဉ်းတော့ဘူး။ ဒီဆယ်ပါးကိုရှောင်ရင် သုစရိုက် ၁၀ ပါး ကုသိုလ်ကမ္မပထတရား ၁၀ ပါးဖြစ်တယ်။ ဒါကြောင့် သုစရိုက် ၁၀ ပါးကို ကျင့်နိုင်ဖို့ရာအတွက် ဗြဟ္မစိုတရား ၄ ပါး*ကို ကျင့်ဖို့လိုပါတယ်။

၁။ မေတ္တာ။ မိမိကိုယ်နှင့်အမျှချစ်ခြင်း၊

၂။ ကရုဏာ။ သနားခြင်း၊

၃။ မုဒိတာ။ ချမ်းသာသူအတွက် ဝမ်းမြောက်ခြင်း၊

၄။ ဥပေက္ခာ။ သတ္တဝါတို့၏ ကုသိုလ် အကုသိုလ်အတိုင်း ခံရသည်ဟု လျစ်လျူရှုခြင်းတို့ ဖြစ်ပါတယ်။

ဒီတော့ အဓိကကတော့ ကိုယ်ချင်းစာတရားပါဘဲ။

**ကိုယ်ချင်းစာမှု**

ကိုယ်နှင့်နှိုင်း မရိုင်းဆိုတဲ့စကားရှိတယ်။ ကိုယ့်ကိုယ့်ကို သူက သတ်မှာ မလိုလားသလို ကိုယ်ကလည်း သူ့ကိုမသတ်ချင်နှင့်။ ကိုယ့်ဟာသူက ခိုးရင် မကြိုက်သလို သူ့ပစ္စည်းလည်း ကိုယ်က မခိုးနှင့်။ ကိုယ့်မယားကို သူကစေ့စေ့ကြည့်တာတောင် မခံချင်သလို သူ့မယားကိုလည်း ကိုယ်ကမမှားနှင့်။ သူက လိမ်ပြောတာ ကိုယ်မကြိုက်သလို သူ့ကို ကိုယ်က လိမ်မပြောနှင့်၊ ကိုယ်နှင့် ချစ်တဲ့သူကြား ကုန်းတိုက်ရင် ကြိုက်ပါ့မလား၊ မကြိုက်ရင် သူ့ကိုလည်း ကုန်းမတိုက်နှင့်၊ သူက ကိုယ့်ဆဲရင် မကြိုက်ဘူး၊ ဒီတော့ သူ့ကိုလည်း မဆဲနှင့်။

* သု စ၁—၈၅ စ၁—၄၂၀။

ဒါတွေဟာ ကိုယ်ချင်းစာတရားတွေဘဲ။ ပြီးတော့ သိမ်ဖျင်းတဲ့ အကျိုးမရှိတဲ့စကား လောကီ လောကုတ္တရာ ဘာမျှအကျိုးမရှိတဲ့ ယုံတမ်းပုံပြင်လိုဟာတွေ တောင်စဉ်ရေမရ မပြောနှင့်။

နောက်တစ်ချက်ကတော့ အလကားနေရင်း မကောင်းတဲ့စိတ်ကြောင့် အပြစ်ဖြစ်တာ၊ "အရည်မရ အဖတ်မရ" ဆိုတာဒါမျိုး။

အလကားနေရင်း သူ့ဥစ္စာ ကိုယ့်ဥစ္စာဖြစ်ချင်။

အလကားနေရင်း ကိုယ့်လည်း ဘာမျှ သူက မလုပ်ဘဲနှင့်နှိပ်စက်ချင်။

ဒါတွေကိုရှောင်ရမယ်။ စိတ်ထားကောင်းရမယ်။

နောက်ဆုံးအချက်ကတော့ ဒာမိကဘဲ မိစ္ဆာဒိဋ္ဌိ၊ မှားတဲ့အယူကိုယူရင် တစ်သက်မကဘူး သံသရာပါ မှောက်တယ်။

**နတ်ရွာနိဗ္ဗာန်ရောက်ဖို့ အန္တရာယ်များ ကတော့**

**နတ်ရွာနိဗ္ဗာန် အတွက် အန္တရာယ်** ၁။ ပဉ္စာနန္တရိယကံ ထိုက်ခြင်း၊ ၂။ နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်ခြင်း၊ ၃။ အရိယာတို့ကို စွပ်စွဲကဲ့ရဲ့ခြင်း၊ ၄။ လွန်ကျူးလိုသော စေတနာဖြင့် သင့်သော အာပတ်၊ (ရဟန်းအတွက်)

ဖြစ်ပါတယ်။ ဒါတွေကို ရှောင်ကြဉ်ဖို့လိုပါတယ်။ ဗုဒ္ဓဘုရားရှင်ရဲ့ဝါဒနှင့်ဆန့်ကျင်တဲ့ဒိဋ္ဌိကြီး ၄ ပါးရှိတယ်+ ၀၊ အကြိယဒိဋ္ဌိ။ကောင်းမှု မကောင်းမှု ကုသိုလ် အကုသိုလ်ပယ်သောအယူ၊

---

+သု၊ စာ-၂၉၂၊ ၂၉၃။

၂။ နတ္ထိကဒိဋ္ဌိ။ ကောင်းကျိုး မကောင်းကျိုးမရှိ သေရင်ပြီး ရောအယူ၊ ၃။ အဟေတုကဒိဋ္ဌိ။ ကောင်းမှု မကောင်းမှု၊ ဘာဘဲလုပ်လုပ်ဘာမျှမဖြစ် သူ့အသက်သတ်လည်း ဘာမျှမဖြစ် အယူမျိုး၊ ၄။ နိယတမိစ္ဆာဒိဋ္ဌိ။ အထက်(၃)ပါးမှာတစ်ပါး ပါးကို စွဲစွဲလမ်းလမ်းယူသော အယူတို့ဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင် အမျိုးကောင်း သားသမီးတို့ဟာ နိယတမိစ္ဆာ ဒိဋ္ဌိမဖြစ်ရအောင် လူ့ကျင့်ဝတ် လူ့စည်းကမ်းတွေကို ကောင်း စွာသင်ယူပြီး ကျင့်လည်းကျင့်ရပါမယ်။

**ဗုဒ္ဓဘာသာ စစ်စစ်**

ဗုဒ္ဓဘာသာမှာလည်း မိရိုးဖလာ ဗုဒ္ဓဘာသာ မကဘဲ ဗုဒ္ဓဘာသာဝင်စစ်စစ် ✱ ဖြစ်အောင် ၁။ ဗုဒ္ဓသဒ္ဓဟန။ ဗုဒ္ဓဘုရားရှင်၌ယုံကြည်ခြင်း၊ ၂။ ဓမ္မသဒ္ဓဟန။ ဗုဒ္ဓ ဘုရားရှင် ဟောကြားတော် မူသော တရားတော်၌ ယုံကြည်ခြင်း၊ ၃။ သံဃာသဒ္ဓဟန။ သံဃာ တော်၌ ယုံကြည်ခြင်း၊ ၄။ ကမ္မသဒ္ဓဟန၊ ကောင်းကံဆိုး ကံခေါ် ကံတရား၌ ယုံကြည်ခြင်း၊ ၅။ ကမ္မဖလသဒ္ဓဟန။ ကောင်းကံ ဆိုးကံခေါ် ကောင်းတာ လုပ်ရင် ကောင်းတာ ဖြစ်ရမယ်၊ မကောင်းတာ လုပ်ရင် မကောင်းတာ ဖြစ်ရမယ်ဆို တဲ့ ကံတရားနှင့်ယုံကြည်ခြင်းတို့ရှိပြီး ကျင့်လည်းကျင့်ကြံကြရင် သုသိက္ခိတဝိနယမင်္ဂလာနှင့်ပြည့်စုံသူ ဖြစ်နိုင်တယ်။

# (၁၀)

## ကောင်းစွာပြောအပ်သောစကား ပြောခြင်း မင်္ဂလာ

ဒသမမြောက်မင်္ဂလာကတော့–

သုဘာသိတဝါစာ။ ကောင်းစွာပြောအပ်သော စကားကို ပြောခြင်းသည်လည်း မင်္ဂလာ တစ်ပါးဘဲလို့ ဗုဒ္ဓမြတ်စွာက ဟောတော်မူပါတယ်။ "ကောင်းစွာ ပြောအပ်တဲ့ စကားရဲ့ အဓိပ္ပာယ်က ကျယ်ဝန်း လှပါတယ်။ ဒုစရိုက်မဖြစ် အပြစ်ကင်းတဲ့စကားကို သုဘာသိတဝါစာ ကောင်းစွာ ဆိုအပ်တဲ့ စကားလို့ ဆိုရပါမယ်။

### စကားကောင်း အင်္ဂါရပ်

စကားအရာမှာ အင်္ဂါလေးတန် နှင့် ညီရပါမယ်။

၁။ သုဘာသိတ။ ကောင်းသောစကား၊

၂။ ဓမ္မ။ တရားသောစကား၊

၃။ ပိယ။ ချစ်ဖွယ်သောစကား၊

၄။ သစ္စ။ မှန်ကန်သော စကားရယ်လို့ လေးချက် ညီဖို့ လိုအပ်ပါတယ်။

အဋ္ဌာရသ ၁၈ ရပ်မှာလည်း ဒီလို ကောင်းစွာ ပြောအပ်သောစကားကို ပြောနိုင်ဖို့အတွက်။

သုတိ။ အကြားအမြင် အတတ်ရယ်လို့ ပါရှိပါတယ်။

သမုတိ။ ဓမ္မသတ် ကျမ်းကိုလည်း အထိုက် အလျောက် တတ်ရမယ်။

သင်္ချာ။ လူတို့ရဲ့ သဘာဝကိုလည်း တွက်တတ်ရမယ်။ ဗုဒ္ဓမြတ်စွာဘုရားသခင်တောင်မှ သတ္တဝါ တစ်ဦးနှင့်တစ်ဦး ဟောချတ်ပုံချင်း မတူ၊ လိုက်လျောညီအောင် ဟောချတ်တော်မူတယ်။

နီတိ။ နီတိကျမ်းကိုလည်း သိရမယ်။

ပန္စဗ္ဗ။ ဂိဝါနှစ်အတတ်လည်း သိသလောက် သိရမယ်။

ဂဏိတ။ ဂဏန်းသင်္ချာ တတ်ရမယ်။

ပုရာဏ။ ရှေးစကား ဟောင်းကိုလည်း လေ့လာရမယ်။

ဣတိဟာသ။ ရယ်ရွှင် မှုကိုလည်း အထိုက် အလျောက် ကျွမ်းရမယ်။

ကေတုသ။ အလင်္ကာကိုလည်း နားလည်ရမယ်။

သဒ္ဒါ။ သဒ္ဒါကိုလည်း နိုင်ရမယ်။ မနိုင်ရင် စကားအထား အသို ကမောက်ကမ ဖြစ်ပြီး လူရယ်စရာ ဖြစ်မယ်။

ဗုဒ္ဓဝစန။ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူတဲ့ တရား ဒေသနာများကိုလည်း သင်ကြားနာယူထားမှု ရှိရမယ်။

ဒီလိုအချက်အလက်တွေ ပြည့်စုံမှသာလျှင် ပရိသတ် ရှေ့မှာ စင်ပေါ်မှာ ပြောရဲဆိုရဲရှိမယ်၊ ဘယ်လောက်ပင် စာတတ်တတ်

ပရိသတ်ရှေ့ပြောဖို့ဆိုတာ မလွယ်ပါဘူး၊ အတတ်ပညာ ရှိရင် ပညာရှိရင် ပွဲလယ်တင့်ဆိုသလို ပြောရဲ ဆိုရဲတယ်။ မဟုတ်ရင် ဘလွဲတချော် ဖြစ်တတ်တယ်။

တစ်ခါက ပုံပြင်တစ်ခုကြားဖူးတယ်၊ ရှင်ဘုရင်ကမေးတယ်၊ "သခွားသီးတို့ပြီး ပွဲတော်တည်ချင်တယ်။ ဘယ်အရွယ်လောက် ကောင်းမလဲ" မေးတယ်။ ဒီတော့ မင်းလုလင်က ဖြေတယ်။ "ကျွန်တော်မျိုးခြေမလောက်ဆိုရင် အကောင်းဆုံးပါဘုရား" လို့ ဖြေတယ်။ ဒီတော့ ရှင်ဘုရင် သဘောတော် ကျနိုင်ပါ့မလား "အရှင်မင်းကြီး ခြေမလောက်" ဆိုရင်တောင် မသင့်တော်ဘူး၊ "ကျွန်တော်မျိုး ခြေမလောက်ဆိုတော့ ရိုင်းရာ ကျတာပေါ့၊ ဒါကြောင့် ကောင်းစွာပြောအပ်သော စကားဖြစ်ဖို့ ရာအတွက် ဗဟုသုတ ပြည့်စုံဖို့ လိုပါတယ်။

ဒီနေရာမှာ (ကောင်းစွာ ပြောအပ်တဲ့စကား)ရဲ့ အဓိပ္ပာယ် ထပ်ရှင်းဖို့လိုပါတယ်။

အငြိမ့်ပွဲထဲမှာ လူရွှင်တော်တွေ လူပြက်တွေ ပြောကြဆိုကြ သလို ပရိသတ်ရယ်ရအောင် ပရိသတ် သဘောကျရင် ပြီးရော ဆိုလို့ မရပါဘူး။

လိမ်ပြောခြင်း၊ မုသာဝါဒ။ ကုန်းတိုက်ခြင်း၊ ပိသုဏာ ဝါစာ။ ဆဲရေးခြင်း၊ ဖရုသာဝါစာ။ သိမ်ဖျင်းသော စကားကို ပြောခြင်း၊ သမ္ဖပ္ပလာဝါစာဆိုတဲ့ ဝစီကံ ဒုစရိုက် လေးပါးက တစ်ပါးပါ ပါလာတယ် ဆိုရင် ဘယ်လောက် တစ်ဘက်သား ကျအောင်စိတ်ဝင်စားအောင် ပြောနိုင်ပါစေ၊ စကားတန်ဆာ

ဆင်ပြီးပြောနိုင်ပါစေ၊ သုဘာသိတယာဝါစာ။ ကောင်းစွာ ပြောအပ်သော စကား မဖြစ်တော့ပါဘူး ဆိုတာကို အဓိက မှတ်သားထားရပါမယ်။

**သုဘာသိတ** သုဘာသိတရဲ့လက္ခဏာအဓိပ္ပာယ်ကို ဗုဒ္ဓဘုရား အင်္ဂါငါးတန် ရှင်က ပဉ္စနိပါတ် အင်္ဂုတ္တိုရ် စတုတ္ထပဏ္ဏာသက "သုဘာသိတသုတ်"မှာ ဟောတော်မူပါ တယ်။+ သုဘာသိတာ ဖြစ်ဖို့အတွက် အင်္ဂါငါးတန် လိုအပ် တယ်လို့ ဟောတော်မူပါတယ်။

၁။ သင့်တင့်သော ကာလ၌ ဆိုအပ်သည်လည်း ဖြစ်၏။

၂။ ဆိုအပ်သောစကားသည် မှန်သည်လည်း ဖြစ်၏။

၃။ ဆိုအပ်သောစကားသည် သိမ်မွေ့သည်လည်းဖြစ်၏။

၄။ ဆိုအပ်သောစကားသည် အကျိုးနှင့် စပ်သည်လည်း ဖြစ်၏။

၅။ မကောင်းသဖြင့် စပ်သည်လည်း မဖြစ်ရာ၊ ရာဂ အစ ရှိသော အပြစ်ကင်းသည်လည်း ဖြစ်၏။ ပညာ ရှိတို့ ကဲ့ရဲ့ခြင်းမှ လွတ်ကင်းသည်လည်း ဖြစ်၏။

လို့ ပြဆိုပါတယ်။ ဒီနေရာမှာ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အလို တော်အရ "သုဘာသိတ"ဆိုတဲ့ စကားကို "အနဝဇ္ဇာ"ဟူ သောစကားဖြင့် စင်ကြယ်ခြင်း၊ အဂတိသို့လားသော ဒေါသ မရှိခြင်းကို ပြတော်မူပါတယ်။

---

+ မင်္ဂလတ္ထဒီပနီ၊ စာ-၂၄၉၊ ၂၅၀။

ဒါကြောင့်မို့ သုဘာသိတ စကားဆိုတာဟာ ဟောပြော စင်ပေါ်မှာတက်မှ ပြောရမယ့် စကားမျှသာမဟုတ်ဘူး ဆိုတာ သိစေချင်ပါတယ်။ အစပိုင်းမှာက ပညာရရှင့် ပွဲလယ်တင့် နိုင်အောင် အခြေခံ ဗဟုသုတကို ပြောကြား ခဲ့ခြင်းသာ ဖြစ် ပါတယ်။

သုဘာသိတ ဖြစ်တဲ့စကားကို နေ့စဉ် ပြောဆို ကြရပါမယ်။ ဒါမှလည်း မင်္ဂလာဖြစ်ပါမယ်။

မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ လင်နှင့်မယား။ ဆွေ မျိုး မိတ်သဟာ အချင်းချင်း၊ လူမှုဆက်ဆံရေး အားလုံးမှာ သုဘာသိတဖြစ်အောင် ပြောကြဆိုကြရပါမယ်။

မိဘက စကား ကြမ်းကြမ်း အဆဲ အဆိုနှင့် ပြောတတ်ရင် သားသမီးကလည်း အဆဲအဆိုနှင့် ပြောတတ်သူတွေ ဖြစ်လာ တာပါဘဲ။ ဒါကြောင့် သားသမီးတွေ ယဉ်ယဉ် ကျေးကျေး ပြောတတ်ဖို့ရာ မိဘရဲ့ တာဝန် အဓိက ကျတယ်၊

**လောကနီတိ အလို**

လောကနီတိမှာ ''အမိ ယုတ်သော သူ အား မကောင်းသောစကားရှိသည်ဖြစ်၏။ အဖယုတ် သောသူအား မကောင်းသော အမူ အကျင့်ရှိ သည်ဖြစ်၏။ မိဘနှစ်ပါးစုံ ယုတ်မာမူကား မကောင်းသော စကားရှိသည်လည်း ဖြစ်၏၊ မကောင်းသော အမူအကျင့်ရှိ သည်လည်း ဖြစ်၏။

လို့ လာရှိပါတယ်။ လက်ဦးဆရာ မည်ထိုက်စွာသား ပုဗ္ဗာ စရိယမိနှင့်ဖ ဆိုတဲ့အတွက် မိဘတွေ ကိုယ်တိုင်က ယဉ်ကျေး သူတွေဖြစ်ဖို့ လိုပါတယ်။

ဗုဒ္ဓမြတ်စွာဘုရားရှင်က သုဘာသိတာ ✕ ရဲ့ **ကောင်းသော** အနက်ကို ၁။ သုဘာသိတာ ဆိုတဲ့ ပါဠိဖြင့် **စကားဟူသည်** ဒီစကားရဲ့ ကောင်းကျိုးကို ရှက်ဆောင်တတ်ခြင်းရဲ့ အဖြစ်ကိုလည်း ပြတော်မူတယ်၊ ၂။ နဒုဗ္ဘာသိတာ ဆိုတဲ့ ပါဠိဖြင့် ဒီစကားဟာ အကျိုးမဲ့ကိုမဆောင်တတ်သည်ရဲ့ အဖြစ်လည်း ပြတော်မူတယ်၊

၃။ အနဝဇ္ဇာဆိုတဲ့ ပါဠိဖြင့် ဒီစကားရဲ့ အကြောင်းစင်ကြယ်ခြင်းနှင့် အဂတိသို့ လားတတ်တဲ့ ဒေါသရှိခြင်း ကိုလည်း ပြတော်မူတယ်။

၄။ အနနုဝဇ္ဇာဆိုတဲ့ ပါဠိဖြင့် ခပ်သိမ်းသောအခြင်းအရာနှင့် ပြည့်စုံတာလည်း ပြတော်မူမတယ်။

၅။ ဝိညူနံ ဆိုတဲ့ ပါဠိဖြင့် ကဲ့ရဲ့ချီးမွမ်းခြင်းမှ လူမိုက်တို့ဟာ ပမာဏ မဟုတ်၊ သူတော်ကောင်းသာ မမာဏဖြစ်ကြောင်းကိုလည်း ပြတော်မူတယ်။

ဒါကြောင့် အမျိုးကောင်း သားသမီးတို့ဟာ ပြောတိုင်းပြောတိုင်းသော စကားတို့ဟာ သုဘာသိတဝါစာ ကောင်းစွာပြောအပ်တဲ့ စကားဖြစ်အောင် မင်္ဂလာစကားဖြစ်အောင် ကျင့်ကြံကြရမယ်၊ ဒီလိုမှ မဟုတ်ရင် ပါးစပ်သန့်တယ် ဖြစ်ကြမှာဘဲ။

သဂါထာဝဂ္ဂ ဗြဟ္မသံယုတ်မှာ + ဗုဒ္ဓမြတ်စွာဘုရားက—

"မွေးလာတဲ့ ယောကျ်ားရဲ့ ပါးစပ်ထဲမှာ ဓားမကြီးရှိနေတယ်၊ ဒီဓားမကြီးဖြင့် လူမိုက်ဟာ မကောင်းပြောပြီးတော့ မိမိကိုယ်ကို ပိုင်းဖြတ်တတ်ဘယ်။

---

ဆိမ်းစာပေ + မင်္ဂလတ္ထဒီပနီ၊စာ—၂၅၃၊
ဒုတိယ အကြိမ် ✕ ပရိတ်ကြီး နိဿယသစ်၊ စာ—၁၁၇၊

လို့ တင်စားပြီး ဟောတော်မူပါတယ်၊ လျှာကိုအသုံးမချတတ်လို့ လျှာသရမ်းလို့ ဘေးသင့်ခြင်းဟာ သံသရာကိုဘဲ မကြည့်နှင့် ယခုပစ္စုပ္ပန်လောကမှာ ထင်ရှားဖြစ်ပါတယ်။

**သူဌေးသား ၄ ယောက်နှင့် မုဆိုး** စတုတ္ထနိပါတ် ဒုတိယဝဂ် မံသလာဘဇာတ် + မှာ ဗာရာဏသီပြည်မှာ သူဌေးသား ၄ယောက် ရှိတယ်၊ တစ်နေ့ ခရီးကြားမှာ **အမဲဟင်းလျာ** အပြည့် လှည်းနှင့်လာတဲ့ မုဆိုးကိုတွေ့လို့ ဟင်းလျာတောင်းကြတယ်၊တစ်ယောက်သောသူဌေးသားက ''ဟယ် မုဆိုး၊ ငါ့ကို အမဲတုံးပေးစမ်း'' ဆိုပြီး မောက်မောက်မာမာ တောင်းတယ်။

မုဆိုးက 'သူတစ်ပါးထံကပစ္စည်းကို လိုချင်လို့ တောင်းတဲ့ လူဟာ ချိုချိုသာသာပြောသင့်တယ်၊သင့်စကားကကြမ်းတမ်းလွန်းလို့အမြှေးနှင့်တူတယ်''လို့ပြောပြီးအရသာမရှိတဲ့အမြှေးကို ပေးတယ်။

နှစ်ယောက်မြောက် သူဌေးသား ကတော့ ''အစ်ကိုကြီး ငါ့ကို အမဲတုံးပေးပါ''လို့ တောင်းတယ်။

မုဆိုးက''လောကမှာ အစ်ကို နှမ ဆိုတဲ့ စကား ရှိတယ်၊ ဒီစကားဟာ ကိုယ်နှင့် တူတယ်''ဆိုပြီး ကိုယ်သားကိုပေးတယ်။

သုံးယောက်မြောက် သူဌေးသားက''အဖ....ငါ့ကို အမဲတုံး ပေးပါလို့ တောင်းတယ်။

---

\+ ဇာတ်တော် ငါးရာ့ငါးဆယ်၊ ဦးမြင့်ဆွေ—စာ—၂၂၉၁၊

မုဆိုးက "သားဆိုတာဟာ အဖရဲ့နှလုံးကို တုန်လှုပ်စေတယ်၊ ဒါကြောင့် သင့်စကားဟာ နှလုံးနှင့် တူတယ်" ဆိုပြီး နှလုံးသားကို ပေးတယ်။

လေးယောက်မြောက် သူဌေးသားက "မိတ်ဆွေ....ငါ့ကို အမဲတုံးပေးပါလို့ ဆိုတယ်။

မုဆိုးက "အကြင် ရွာမှာမိတ်ဆွေမရှိရင် လူမနေတဲ့တောလို ဘဲဖြစ်တယ်၊သင့်စကားဟာ အလုံးစုံသောဥစ္စာစည်းစိမ်တွေနှင့် တူတယ်" ဆိုပြီး အားလုံးသောအမဲသားကို ပေးတယ်။

သူဌေးသားလည်း မုဆိုးကို အရိုအသေပေးခြင်း၊ မြတ်နိုးခြင်းပြုပြီးတော့ သားမယားကိုပါ ခေါ်စေပြီး မုဆိုးဘဝကို စွန့်စေကာ အသက်ထက်ဆုံး မိတ်ဆွေအဖြစ် နေကြတယ်။ ဒါကြောင့် ပြောတဲ့စကားနှင့်အညီ အကျိုးပြုတယ် ဆိုတာကို သိဖို့လိုပါတယ်။

**ချစ်ဖွယ်သော စကား** စကားပုံမှာ "နှုတ်ကြောင့်သော၊ လက်ကြောင့်ကြေ" ဆိုတဲ့စကားရှိတယ်၊ နှုတ်လွန်တော့ နှုတ်မရဆိုတဲ့စကားရှိတယ်၊ဒါကြောင့် လူ နှုတ် ချစ်ဖွယ် အမူအကျင့်၊အပြောအဆိုရှိဖို့ လိုတယ်။

၁။ ပိယဝါစာ။ ချစ်စဖွယ် သာယာ နူးညံ့စွာ ပြောဆိုတတ်ခြင်း၊

၂။ စာဂ။ ပေးကမ်းစွန့်ကြဲခြင်း၊

၃။ ပရဟိတတ္တ။ သူ့အကျိုးစီးပွားကိုလိုလားခြင်း(လိပ်လိုကိုယ့်ဘက်ချည်း ယက်လို့မရပါဘူး။

၄။ နောအပနာပဝါစီ။ နောက်ကွယ်၌ သူ့အတင်း စကားမပြော၊ ကုန်းမချောခြင်း၊
၅။ သီလဝါ။ အကျင့်သီလရှိခြင်း၊
၆။ အတ္တပရိပုရိ။ လောကဝတ်ပြု ဖော်ရွေခြင်း၊
၇။ ပညာဝါ။ ပညာရှိခြင်း၊
၈။ အကောဓ။ အမျက်မရှိခြင်းတို့ ဖြစ်ပါတယ်။

ဒီအကျင့်ကိုကျင့်မှုင် လူအပေါင်း ချစ်ခင်တဲ့သူ၊ အပေါင်းအသင်း ကောင်းတဲ့သူ ဖြစ်နိုင်ပါတယ်၊ ဒေးလ်ကာနယ်ဂျီရဲ့ စာအုပ်တွေဖတ်ပြီး ကျင့်နေမှ မဟုတ်ပါဘူး၊ ဗုဒ္ဓ ဘုရားရှင်ရဲ့ ဩဝါဒမှာ အပြည့်အစုံပါပြီး ဖြစ်ပါတယ်။

**ကုန်းတိုက်ခြင်း အပြစ်**

သုဘာသိတဝါစာ မဖြစ်တဲ့ ဝစီဒုစရိုက်ကံ လေးပါးကိုရှောင်ဖို့အရေးကြီးတယ် "ပိသုဏာဝါစာ ဆိုတဲ့ ကုန်းတိုက်တဲ့ စကားပြောရင်" ၁။ အပါယ်လေးပါးရောက်မယ်၊ ၂။ ချစ်သူနှင့် ကွဲရတတ်တယ်၊ (သူတစ်ပါးကိုခွဲရင် တစ်နေ့ ကိုယ်လည်း ကွဲရမယ်)၊

၃။ မိတ်ဆွေနည်းတယ်၊
၄။ သူတော်ကောင်းတရား ပျက်တယ်၊
၅။ သူများကြောင့် သေရတတ်တယ်၊
၆။ ကုန်းတိုက်တတ်တဲ့လူကို လူမုန်းများတယ်၊
၇။ အပေါင်းအသင်းမရှိတော့ စိတ်ညစ် စိုးရိမ်ဖြစ်ရတတ်တယ်။

ဖရုသဝါစာဆိုတဲ့ ကြမ်းတမ်းတဲ့စကားပြော
**ဆဲဆိုခြင်း အပြစ်** ရင် ၁။ ငဲရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ ဖြစ်မယ်၊ ၂။ အများမုန်းခံရမယ်၊ ၃။ စိတ်မကြည်လင်ဘူး၊ ၄။ အများကဲ့ရဲ့ခံရမယ်၊ ၅။ အသံမကောင်း ကြမ်းတမ်းမယ်၊ ဒါကြောင့် စကားကြမ်းကြမ်း ပြောတတ်သူ ဆဲတတ်တဲ့လူကို လူမပြောနှင့်တိရစ္ဆာန်ကတောင် မကြိုက်ဘူး ဆိုတာ သာဓကတွေရှိတယ်။ ကိုယ့်အိမ်မှာ မွေးထားတဲ့ ခွေးကလေး၊ ကြောင်လေးကိုဘဲ ကြည့်စမ်းပါ။

နောက် မုသာဝါဒ။ လိမ်ပြောခြင်း၊ မမှန်
**လိမ်ပြောခြင်း အပြစ်** သော စကားကို ပြောခြင်းအပြစ်က ၁၆ ချက် တောင်ရှိတယ်၊ ၁။ မကြည်ညိုစရာ ရုပ်ဆင်း ဖြစ်ခြင်း၊ ၂။ သွားမညီညွတ်ခြင်း၊

၃။ နားမချမ်းသာဖွယ် အသံရှိခြင်း၊
၄။ ဝလွန်းခြင်း၊
၅။ ပိန်လွန်းခြင်း၊
၆။ ပုလွန်းခြင်း၊
၇။ ရှည်လွန်း မြင့်လွန်းခြင်း၊
၈။ ကြမ်းတမ်းတဲ့ အသားအရေရှိခြင်း၊
၉။ ပါးစပ်က ပုပ်ညှီခြင်း၊
၁၀။ ဆွံ့အခြင်း၊
၁၁။ အများက ဖယ်ကြည်ကြခြင်း၊
၁၂။ စကားမပီခြင်း၊ စကားထစ်ခြင်း၊

---

* သု၊ စာ-၃၁၉၊ ၃၇၀၊ ၅၂၀။ ၄၅၆၊

၁၃။ လျှပ်ပေါ်တတ်ခြင်း၊
၁၄။ မိုက်မဲတွေဝေခြင်း၊
၁၅။ ဉာဏ်ပညာနည်းပါးခြင်း၊
၁၆။ ကြောက်တတ်ခြင်းတို့ ဖြစ်တယ်။

လောကမှာဘဲကြည့်၊ လိမ်ပြောတတ်ရင် ဘယ်သူကနောက် ယုံတော့မလဲ၊ မယုံရင် အပေါင်းအသင်း မရှိတော့ဘူး၊ မရှိရင် ဘေးတွေ့တတ်တာဘဲ။

တစ်ခါက သစ်ခုတ်သမားတွေရှိတယ်၊ ကလေး သစ်ခုတ်သမား တစ်ယောက်ယာတောထဲမှာလည်ရင်း သစ်ခုတ် ကလေးတစ်ဦး သမားတွေကိုကျီစယ်ပြောဆိုတဲ့အတွက်'ကျား- ကျား -ကျား-ကျားလာကြပါဦးဗျာ'လို့အော်တယ်၊ သစ်ခုတ်သမားတွေ ပြေးလိုက်သွားကြတော့ သူကရယ် တယ်။ ဘာမျှလည်း မရှိဘူး၊ သစ်ခုတ်သမားတွေ မှာလည်း အလုပ်ပျက်ရတယ်။

နောက်တစ်ခါလည်း ဒီလိုလုပ်ပြန်တယ်၊ သစ်ခုတ်သမား တွေကလည်း သဘောကောင်းတဲ့လူတွေ ကူညီတတ်သူတွေဖြစ် တော့ ဒီတစ်ခါတော့ ဟုတ်တန်ကောင်းရဲ့ သွားကြည့်တယ်။ ဘာမျှမတွေ့ဘူး၊ သူကတော့ ရယ်တယ်။

ဒါနှင့် နောက် တတိယအကြိမ်ကြတော့ တကယ် ကျားနှင့် တွေ့တယ်၊ ဒီတော့ ကြောက်ကြောက် လန့်လန့်နှင့် ''ကျား— ကျား-ကျား-ကယ်ကြပါဦးဗျာ''လို့ အော်တယ်၊ ဒီတစ်ခါ တော့ သစ်ခုတ်သမားတွေက သူ့ကို မယုံတော့ဘူး၊ အလိမ်ခံရ

တာ နှစ်ခါရှိပြီ၊ အလုပ်ပျက်တယ်ဆိုပြီး ဘယ်သူမှ ပြေးသွား မကြည့်ကြတော့ဘူး၊ ဒါနှင့် ဒီကလေးဟာ ကျားစား ခံရပြီး သေရရှာတယ်။

ဒါဟာ မုသာဝါဒရဲ့အပြစ်၊ဒါလောက်နှင့် သိသာလောက် ပြီလို့ နိပါတ်တော်ထဲက သာဓကတွေကို မပြတော့ပါဘူး။

**ပြိန်ဖျင်းစကား အပြစ်**

နောက် သမ္ဖပ္ပလာပ + ဆိုတဲ့ ပြိန်ဖျင်းတဲ့ စကား ဒီလို အကျိုးမရှိ ပြိန်ဖျင်းတဲ့ စကား ကို ပြောရင်။

၁။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဖြစ်ရတတ်တယ်။

၂။ အများက မုန်းတယ်၊

၃။ အများက မရိုမသေ၊ မလေးစားဘူး။

၄။ အများက အယုံအကြည် ကင်းမဲ့တတ်တယ်။

၅။ ပညာနည်းပါးတယ်။

၆။ လာဘ်လာဘ နည်းတယ်။

၇။ တန်ခိုးအာနုဘော် နည်းတယ်။

ဒါကြောင့် ဒီ ဝစီကံလေးပါးကို ရှောင်ရင် သုဘာသိတ ဝါစာ မင်္ဂလာ ဖြစ်တယ်။

**လိမ်ပြောလို့ မန္တာန် တန်ခိုးပြယ်**

ဒီနေရာမှာ နိပါတ်တော် သာဓကကို မပြ တော့ဘူးဆိုပေမယ့် စကားအလျဉ်း သင့်တဲ့ အတွက် မုသားစကားကြောင့် မန္တာန်တန်ခိုး ပြယ်ရသောအကြောင်း အနည်းငယ် ပြောပြ လိုပါတယ်။

---

+ သု၊ စ၁-၆၀၊

တေရသနိပါတ် အမ္ဗဇာတ် ✻ မှာ လွန်လေပြီးတဲ့ အခါက ဘုရားလောင်းဟာ ပစ္စန္တရစ်မြို့ကလေး တစ်မြို့မှာ ဒွန်းစဏ္ဍားဖြစ်တယ်၊ ဒီလိုနိမ့်ကျတဲ့ အမျိုးမှာဖြစ်ရပေမယ့် ပညာရှိတယ်၊ လိမ္မာတယ်၊ အခါမဟုတ် သရက်သီး သီးစေတတ်တဲ့ မန္တာန်ကို တတ်တယ်၊

ဘုရားလောင်းဟာ မနက်စောစော တောကို သွားပြီး သရက်ပင်နှင့် ခုနစ်ဘဝါးအကွာမှာ ရပ်ပြီး မန္တာန်ကိုမန်းကာ တစ်လက်ဖက်သောရေနှင့် သရက်ပင်ကို ပက်တယ်။ ဒီအခါမှာ အရွက်ဟောင်းတွေ ကြွေပြီး ရွက်သစ်ထွက်ပြီး အပွင့်တွေ ပွင့်ကာ ချက်ချင်းဘဲ သရက်သီး သီးပြီး မှည့်ကုန်တယ်။ ဘုရားလောင်းဟာ အလိုရှိတိုင်း စားပြီး ကျန်သည်ကို ထမ်းပိုးရောင်းပြီး သားမယားကို လုပ်ကျွေးတယ်။

တစ်နေ့ ပုဏ္ဏားတစ်ယောက်လာပြီး သင်ပေးပါလို့တောင်းတယ်၊ ဘုရားလောင်းက "သင်ဟာ ငါ့ကို မရှက်လင့်၊ ငါ့ကို ရှက်လို့ ငါ့ဆီက သင်ခဲ့တယ် မပြောရင် မန္တာန်ရဲ့အကျိုး ပျက်မယ်"လို့ ပြောပြီး သင်ပေးလိုက်တယ်။

ပုဏ္ဏားဟာ ဗာရာဏသီပြည်ကို သွားပြီး အတတ် ပညာ မန္တာန်ဖြင့် သရက်သီး သီးစေပြီး မင်းထံခစားတဲ့အခါဆုလာဘ်များစွာရတယ်၊ တစ်နေ့ "သင် မန္တာန်ကို ဘယ်သူ့ထံက သင်ခဲ့သလဲ"လို့ မင်းက မေးတယ်၊ ပုဏ္ဏားက "ဒွန်းစဏ္ဍားထံကရခဲ့တယ်"ပြောရမှာ ရှက်လို့ "တက္ကသိုလ် ဒိသာပါမောက္ခဆရာထံက ရခဲ့တယ်"လို့ ပြောတယ်၊ ဒီလိုပြောတာနှင့် မန္တာန်ရဲ့ တန်ခိုးဟာ ကွယ်တယ်။

---

✻ မင်္ဂလတ္ထဒီပနီ၊ ၈၁-၂၅၉။

ပုဏ္ဏားဟာ မန္တာန်ကွယ်တဲ့အကြောင်းကို မသိလို့ နောက်တစ်နေ့ မင်းနှင့် ဥယျာဉ်သွားတဲ့အခါ မင်းက သရက်သီးသီးခိုင်းတယ်၊ ပုဏ္ဏားဟာ မန္တာန်ကို အကြိမ်ကြိမ် မန်းပေမယ့် အရင်လို သရက်သီး သီးမလာတော့ဘူး၊ ဒီတော့ မင်းက ဘာဖြစ်သလဲ မေးတယ်၊ ပုဏ္ဏားဟာ လိမ်မပြောနိုင်တော့တဲ့အတွက် အမှန်အတိုင်း ပြောရတယ်။

မင်းလည်း အမျက်ထွက်လို့ "ဤသူယုတ်ကို လည်ပင်းကကိုင်ပြီး နှင်ထုတ်လိုက်ကြ" လို့ ခိုင်းတယ်၊ မင်းချင်းတို့လည်း မင်းဆိုတိုင်းပြုပြီး 'အကယ်လို့ သင့်ဆရာကို တောင်းပန်လို့ မန္တာန်ရရင် ပြန်လာခဲ့၊ မရရင် မလာနှင့်တော့' လို့ နှင်လိုက်တယ်။

ပုဏ္ဏားဟာ ဆရာဆီကို ပြန်သွားပြီး တောင်းပန်ပေမယ့် ဆရာက 'ငါဟာ ဒီလို မမှန်ပြောတဲ့ လူကို မပေးလိုလို့ ငါ့အစက ပြောခဲ့တယ်မဟုတ်လား၊ သွားတော့' လို့ နှင်ထုတ်လိုက်တဲ့အတွက် ခိုကိုးရာမရဘဲ သေရရှာတယ်။

ဒါကြောင့် ဝစီကံလေးပါးကို ဖဲကျဉ်ပြီး သုဘာသိတဝါစာ ဖြစ်အောင် ပြောကြဆိုကြရမယ်။

သီချင်းပင်ဖြစ်သော်လည်း အထက်က ပြောခဲ့တဲ့ အင်္ဂါလေးတန်၊ အင်္ဂါငါးတန်တို့နှင့် ပြည့်စုံရင် သုဘာသိတဝါစာ ဖြစ်တယ်။

အကယ်လို့ တောင်သူလယ်လုပ်တို့ ဘာသာမှာ အကျိုးဝင်တဲ့ စကားဘဲဖြစ်ဖြစ်၊ ရေအိုးရွက် ရေခပ်တဲ့ ကျွန်မရဲ့ သီချင်းမှာပါတဲ့ စကားဘဲဖြစ်ဖြစ်၊ လောကီ လောကုတ္တရာ အကျိုးကို ရစေရင် သုဘာသိတဝါစာ ကောင်းစွာ ဆိုအပ်တဲ့ စကားဖြစ်တယ်။

သီဟိုဠ်ကျွန်း လမ်းအနီးမှာ ကောက်စပါးကို စောင့်တဲ့ သီဟိုဠ်ဘာသာဖြင့် ဇာတိ၊ ဇရာ၊ မရဏနှင့်စပ်တဲ့ သီချင်းဆိုတဲ့ ကျွန်မရဲ့သီချင်းသံကြောင့် ခရီးသွားနေတုန်းမှာ ဝိပဿနာရှုတဲ့ ခြောက်ကျိပ်ကုန်သော ရဟန်းတို့ဟာ အရဟတ္တဖိုလ်သို့ ရောက်ခြင်း အဖြစ်ဟာ သက်သေဖြစ်တယ်။

**ပုထုဇဉ် အလေ့အထ**

ပုထုဇဉ်တို့ဟာ အနရိယဝေါဟာရရှစ်မျိုး × ကို ပြောလေ့ပြောထရှိကြောင်း၊ ခုဒ္ဒကဝတ္ထု၊ ဝိဘင်း ပါဠိတော်နှင့် ပါစိတ် အဋ္ဌကထာမှာ လာရှိတယ်။

၁။ အဒိဋ္ဌေဒိဋ္ဌဝါဒိတာ။ မမြင်ကို အမြင်လုပ်ပြီးပြောခြင်း၊

၂။ အသုတေသုတဝါဒိတာ။ မကြားကို အကြားလုပ်ပြီး ပြောခြင်း၊

၃။ အမုတေမုတဝါဒိတာ။ မထိကိုအထိလုပ်ပြီးပြောခြင်း၊

၄။ အဝိညာတေဝိညာတဝါဒိတာ။ မသိကို အသိလုပ်၍ ပြောခြင်း၊

၅။ ဒိဋ္ဌေအဒိဋ္ဌဝါဒိတာ။ အမြင်ကို မမြင်လုပ်ပြီးပြောခြင်း၊

၆။ သုတေ အသုတဝါဒိတာ၊ အကြားကို မကြားလုပ်၍ ပြောခြင်း၊

၇။ မုတေ အမုတဝါဒိတာ။ အထိကို မထိလုပ်၍ပြောခြင်း၊

၈။ ဝိညာတေအဝိညာတဝါဒိတာ။ အသိကို မသိလုပ်၍ ပြောခြင်းတို့ဖြစ်တယ်။

ဒါတွေဟာ သုဘာသိတအဖြစ် မပြောအပ်တဲ့ စကားတွေ ဖြစ်တယ်။

---

× သု စာ- ၂၅-၂၆။

စကားပြောရာမှာ အင်္ဂါ ၁၀ ပါး + နှင့် ပြည့်စုံဖို့လည်း လိုတယ်။

**စကားအင်္ဂါ ဆယ်ရပ်**

၁။ ကာလဝါဒီ။ ပြောချိန်သင့်မှ ပြောရမယ်၊

၂။ သုတဝါဒီ။ မှန်တဲ့ စကားကိုသာ ပြောရမယ်၊

၃။ ဓမ္မဝါဒီ။ တရားနှင့်စပ်တဲ့ စကားကိုသာ ပြောရမယ်၊

၄။ အတ္ထဝါဒီ။ အကျိုးစီးပွားဖြစ်မယ့် စကားကိုသာ ပြောရမယ်၊

၅။ ပိယဝါဒီ။ ချိုချိုသာသာ ချစ်ဖွယ်ပြောရမယ်၊

၆။ မိဟိတပုဗ္ဗဘာဏီ။ ပြုံးပြုံးရွှင်ရွှင် ပြောရမယ်၊

၇။ ဒီတဘာဏီ။ မတိုမရှည် မပိုမလွန် ချင့်ချိန်ပြောရမယ်၊

၈။ အတုရိတဝါဒီ။ အဆောတလျင် မပြောရဘူး၊

၉။ ပေါရီ။ မြို့ကြီးသူတို့ အသုံးအနှုန်း၊ ဓလေ့ထုံးကို ယူ ပြောရမယ်၊

(ဒီနေရာမှာက ယဉ်ယဉ်ကျေးကျေး ပြောဖို့ ဆိုလိုတယ်၊ မြို့ကြီးသူလည်း ရိုင်းနေတတ်တယ်)။

၁၀။ ဝိသဒဝါဒီ၊ သန့်ရှင်းသေချာ ပြတ်သားစွာ ပြောရမယ်။

**အပြော မတတ်တော့**

ပြတ်ပြတ်သားသား မရှိ သဒ္ဒါက မမှန်လို့ ဒုက္ခတွေ့ရတာ တစ်ခု ပြောပြချင်တယ်၊ စာရေးသူ တပ်မတော်တွင် အမှုထမ်းတုန်းက လေ့ကျင့်ရေးထွက်တယ်၊ ဌာနချုပ်က အရာရှိတွေလိုက်လာကြတယ်၊ လမ်းမှာ ကားပျက်တော့ အရပ်သား စာရေး

တစ်ဦးက စာရေးသူထံ အကြောင်းကြား ဖုံးဆက်တယ်၊ 'ကျွန်တော်တို့လာတာ လမ်းမှာ ကားပျက်နေတယ်၊ ဗိုလ်ကြီးအမျိုးသမီးလည်းပါတယ်' လို့ ပြောတယ်။

ဗိုလ်ကြီးအမျိုးသမီးဆိုရင်တော့ စာရေးသူရဲ့ ဇနီးပေါ့။

ဘာကိစ္စ လိုက်လာရတာလဲ စာရေးသူ လိုက်သွားတယ်၊ လမ်းမှာ လှဲသွားတယ်၊ ကားလည်း မတွေ့ဘူး၊ ဒါနှင့် တိုက်ကြီး တစ်မြို့လုံး ပတ်ရှာတယ်၊ ဈေးထဲမှာ ရှိမလား၊ ထမင်းဆိုင်မှာ ရှိမလား၊ ဘယ်မှာမှ မတွေ့ဘူး၊ ဒီတော့ စိတ်ပူလို့ ရန်ကုန်အိမ်ကို တယ်လီဖုန်းဆက်မေးတယ်၊ စာရေးသူရဲ့ ဇနီးကိုတွေ့တယ်၊ သူက မလိုက်လာဘူးတဲ့။

ဒါနှင့် လေ့လာရေးစခန်း ပြန်ရောက်တော့ ဌာနချုပ်က လူတွေ ရောက်နေပြီ၊ ဟိုစာရေးပြောတဲ့ ဗိုလ်ကြီး အမျိုးသမီးလည်း ပါတယ်၊ အမှန်တော့ စာရေးသူရဲ့ ဇနီးမဟုတ်ဘူး၊ သူပြောလိုတာက အမျိုးသမီးဗိုလ်ကြီး(ဗိုလ်ကြီးမမ) ပါ တယ်လို့ ပြောချင်တယ်။

ဒါကို ရှေ့နောက်မှားတော့ အားလုံးဒုက္ခရောက်ရတာ၊ ဒါကြောင့် အထက်က ပြောတဲ့ အင်္ဂါ ၁၀ ပါး ညီညွတ်ဖို့လည်းလိုပါတယ်။

**စကားအရာ ကထာ ၇ ပါး** — စကားအရာ ကထာ ၇-ပါး + လည်း ရှိသေးတယ်။ ၁။ တိရစ္ဆာနကထာ။ သူတော်ကောင်းတို့ အလိုမရှိတဲ့မဂ်ဖိုလ်နှင့် ဖီလာကန့်လန့်စကား၊ ၂။ ဒါနကထာ၊ စွန့်ကြဲပေးကမ်း လှူဒါန်းသူ စကား၊ ၃။ သီလကထာ။ သီလနှင့်စပ်သော စကား၊

+ သု-စာ-၁၁၆-၁၁၇။

၄။ သဂ္ဂကထာ။ နတ်ရွာနှင့်စပ်သောစကား၊

၅။ မဂ္ဂကထာ။ ချမ်းမင်္ဂလိုဖိုလ်နှင့် စပ်သောစကား၊

၆။ ကာမဒိနဝကထာ။ ကာမဂုဏ်၏ စက်ဆုပ် ဖွယ်ရာ အပြစ်စကား၊

၇။ နေက္ခမ္မာနိသံသကထာ။ ကာမစကား စွန့်ပယ်ရှားရေး အကျိုးကျေးဇူးစကားတို့ ဖြစ်ပါတယ်။

သို့သော်လည်း လူပုဂ္ဂိုလ်တို့မှာသားရေး၊ သမီး **ကထာ၁၀တွ** ရေးစကားကို မပစ် ပယ်နိုင်သေးတဲ့ အတွက် **စကား၁၀ပါး** တိရစ္ဆာနကထာက လုံးဝမလွတ်နိုင်တဲ့ အတွက် မဇ္ဈိမနိကာယ်ဝေဒလ္လ သုတ်လာ ကောင်း စွာ ဆိုအပ်သောကထာဝတ္ထုစကား ၁၀ ပါး + ကို သုံးစွဲ ပြော ဆိုဖို့လိုပါတယ်။

၁။ အပိစ္ဆကထာ။ အလိုနည်းမှုနှင့်စပ်တဲ့စကား၊ ပကာ သနမဖက်သော ပြောဆိုခြင်းမျိုး၊

၂။ သန္တုဋ္ဌိကထာ။ ရောင့်ရဲလွယ်မှုနှင့် စပ်သော စကား၊

၃။ ပဝိဝေကကထာ။ ဆိတ်ငြိမ်မှုနှင့် စပ်သော စကား၊

၄။ အသံသဂ္ဂကထာ၊ ကာယသံသဂ္ဂ စသည်နှင့် မနှီးနှော မရောပြွမ်းသော စကား။

၅။ ဝိရိယာရမ္ဘကထာ။ ကောင်းစွာ အားထုတ် ခြင်းနှင့် စပ်သောစကား၊

၆။ သီလကထာ။ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စသော သီလနှင့် စပ်သောစကား၊

၇။ သမာဓိကထာ။ သမာဓိရမှုနှင့် စပ်သော စကား၊

၈။ ဉာဏကထာ။ လောကီပညာ လောကုတ္တရာပညာနှင့် ဆိုင်သောစကား၊

၉။ ဝိမုတ္တိကထာ။ ဖိုလ်တရားလေးပါးနှင့်စပ်သောစကား၊

၁၀။ ဝိမုတ္တိဉာဏကထာ။ ပစ္စဝေက္ခဏာဉာဏ်နှင့် စပ်သော စကားတို့ပမှုင် လူရေးလူမှုတို့နှင့်ဆိုင်သော ကောင်းစွာ ဆိုအပ်သော စကားတို့ကို ပြောဆို ကျင့်သုံးဖို့ လို ပါတယ်။

ဒါကြောင့် အမျိုးကောင်းသားသမီးတို့ဟာမိမိတို့ရဲ့ပစ္စုပ္ပန် သံသရာအကျိုး၊ ဆွေမျိုး ဉာတကာ အကျိုးနှင့် တကွ၊ မိမိ နိုင်ငံအကျိုးအတွက် ဖြစ်ထွန်းမည့် သုဘာသိတ ဝါစာဆိုတဲ့ ကောင်းစွာပြောအပ်သောစကား ပြောဆိုမှုမင်္ဂလာဟာ နေ့စဉ် ပြောဆိုရမယ့် အလုပ်ဖြစ်တဲ့အတွက် စကား ပြောတိုင်း မင်္ဂလာ ရှိအောင် ပြောနိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

(၁၁)

## အမိ အဖတို့ကို လုပ်ကျွေးခြင်း မင်္ဂလာ

**ဆယ်တစ်ချက်မြောက် မင်္ဂလာကတော့**

မာတာပိတု ဥပဋ္ဌာနံ။ အမိအဖတို့ကိုလုပ်ကျွေးမွေးမြူရခြင်း သည် မင်္ဂလာဘဲလို့ ဗုဒ္ဓမြတ်စွာဘုရားက ဟောတော်မူပါတယ်။

အချို့က အမိကို လုပ်ကျွေးခြင်းကို မင်္ဂလာတစ်ပါး၊ အဖကိုလုပ်ကျွေးခြင်းကို မင်္ဂလာတစ်ပါးရယ်လို့ ခွဲပြီး သတ်မှတ်ကြပါတယ်၊ဘယ်လိုဘဲဖြစ်ဖြစ် ခွဲပြခြင်း၊ မပြခြင်းဟာ အကြောင်း မဟုတ်ပါဘူး၊ မိဘကို လုပ်ကျွေးမွေးမြူရခြင်းသာအကြောင်း ဖြစ်တယ်။

ဒီနေရာမှာ မိဘရဲ့ မေတ္တာကို သဘော ပေါက်ဖို့ လိုတယ်၊ သဘောမပေါက်ကြတဲ့အတွက် အချို့ လူငယ်တွေဟာ လက်ဝဲ အစွန်းရောက် ဝါဒနဲ့ မိဘရဲ့ကျေးဇူးကို ပယ်ချင်ကြတယ်။

မိဘဟာ သူတို့ဘာသာသူတို့ နှီးနှောကြလို့ ဖြစ်တဲ့ ကိစ္စ ကြောင့် သား သမီး မွေးလာရတာ၊ မွေးဖို့တာဝန် ရှိတယ်၊

တာဝန်တစ်ရပ်အနေဖြင့် သားသမီးကို ပြုစုရတာ၊ ဘာအထူး ကျေးဇူးရှိသလဲ ပြောချင်ကြတယ်။

ဆရာ အပေါ်မှာလည်း ဒီလိုဘဲ သူတို့ လခရလို့ သင်တာ၊ လခစားဆရာ အကျိုးမရှိ၊ ကျေးဇူးမရှိ ထင်တယ်၊ ဆရာကိုကာ ပြန်လို့ ဒုက္ခရောက်ပုံ၊ ဘေးတွေ့ပုံကို စောစောက ပြောခဲ့ပြီ၊ မိဘကို ကာပြန်ရင် ဒီထက်ဆိုးတဲ့ဘေးနှင့် တွေ့မယ်။

**မိဘနှင့် ဗြဟ္မာ**

မိဘရဲ့ မေတ္တာဟာ မနှိုင်းဆ ကောင်း ဘူး၊ ဒါကြောင့် မိဘဆိုတာ ဗြဟ္မာနှင့်ထပ်တူဘဲလို့ ဘုရားက ဟောတယ်၊ မိဘရဲ့မေတ္တာ ဘယ်လောက် ကြီးတယ်ဆိုတာ ဗြဟ္မာနှင့်ကို နှိုင်း ရတယ်။

အမေလုပ်သူဟာ ပဋိသန္ဓေတည်ကာတည်းက ဘယ်လောက် ဆင်းရဲခံရသလဲ၊ အဖေကတော့ ဘယ်လောက် စောင့်ရှောက် သလဲဆိုတာ ကိုင်တိုင် သားသမီးရမှ သိမယ်။

အဇာတသတ်ကိုကြည့်၊ သူသားရမှ အဖေဟာငါ့ကိုဒီလိုဘဲ ချစ်သလားလို့မေးတယ်၊ ကြည့်စမ်း၊ သူ့သားကြတော့ ချစ် လိုက်တာ တုန်နေတာဘဲ။

**မေတ္တာ မပါလျှင်**

ဘယ်နေရာမှာဘဲ ကြည့်ကြည့်၊ စေတနာနှင့် မေတ္တာမပါခင် မပြီးပါဘူး၊ မင်းတိုင်း ကျေဘဲ ဖြစ်မယ်၊ အချို့က ပြောကြတယ်၊ အချို့ မဟုတ်ပါဘူး၊ အများပါဘဲ ပြောကြတယ် ရေ ဆိုတာ အစုန်သာရှိတယ်၊ အဆန် မရှိဘူးတဲ့၊ မိဘ ကသာ

သားသမီး ဆယ်ယောက်ကို ကျွေးနိုင်တယ်၊ သားသမီး ဆယ်ယောက်က မိဘတစ်ယောက်ကိုမကျွေးနိုင်ဘူး တဲ့။

အမှန်ကတော့ မကျွေးနိုင်လို့ မဟုတ်ပါဘူး၊ မကျွေးချင်လို့ပါ၊ မကျွေးချင်ကြဘူးဆိုရင် ပိုမှန်မယ်၊ မိဘမေတ္တာ ဘယ်လောက် ကြီးတယ် ဆိုတာ လူမပြောနှင့် တိရစ္ဆာန်တွေကိုဘဲ ကြည့်ပါ။

**ကြက်မကြီး မေတ္တာ**

ကြက်မကြီးကိုကြည့်၊ ကြက်ကလေးတွေကို ရှာကျွေးရတာ သူစားရတယ်လို့ကို မရှိဘူး၊ သူ့သားသမီးတွေ စားရတာကို ကြည့်ပြီး ပီတိနှင့် ဝမ်းသာပြီး အလိုလို ဝနေတယ်၊ ကြက်ကလေးတွေကတော့ အတောင်စုံတာနှင့် ခွဲသွားတာဘဲ၊ ကြက်ကလေးတွေ ပေါက်မလာမီ ဥကျင်းထဲမှာ ဝပ်တုန်းကကော ကြည့် ၂၁ ရက်၊ ဘယ်မှမသွားရဘူး၊ ဘယ်လောက် ဆင်းရဲ ဒုက္ခရောက်သလဲ၊ အငြောင်းခံ၊ သန်းကိုက်ခံ၊ အစာငတ်ခံပြီး နေရရှာတယ်၊ စဉ်းစားကြည့်ပါ။

ဒီလိုပြောတော့ လူအမေက ကြက်မကြီးလောက် မဆင်းရဲဘူးလို့ထင်တယ်၊ လူအမေလည်းကြက်မကြီးလိုဘဲဆင်းရဲတာဘဲ။

သားသမီးကိုယ်ဝန်ရှိပြီ ဆိုကတည်းက မူးတယ်၊ မော်တယ်၊ အော့တယ်၊ အန်တယ်၊ ကိုယ်လက် မအီမသာဖြစ်ရတယ်၊ စားချင်တာ မစားရ၊ အပူ အစပ် အချဉ် အငန် မစားရ ရှောင်ရတယ်။

ဝမ်းထဲက သားသမီးဒုက္ခရောက်မှာစိုးလို့၊ ကိုယ်ဝန် ရင့်မာလာရင် သွားလို့ လာလို့က မလွယ်၊ နေရထိုင်ရခက်ခဲ၊ မွေးပြန်တော့လည်း သင်္ချိုင်းကို မျက်စောင်းထိုး မွေးရတယ်။

ဒါကြောင့် ယောကျ်ားဖောင်စီး–မိန်းမမီးနေဆိုတဲ့ စကားရှိတယ်။

အသက်နှင့် ရင်းနှီးပြီး ပြုလုပ်ရတဲ့ အလုပ်၊ ဖောင်စီးတဲ့ ယောကျ်ား၊ သစ်ဖောင်၊ ဝါးဖောင်ပျက်လို့ ဖောင်အောက်ကို ရောက်သွားရင် ထွက်လမ်း မမြင်ဘူး၊ အသက်ရှင်ဖို့မလွယ်ဘူး။

ဒီအတိုင်းဘဲ မီးနေတဲ့ ကလေးမွေးရတဲ့ အမေဟာလည်း အသက်ကိုလုပြီး မွေးရတယ်၊ ဘယ်လောက် နာကျင်မှုဝေဒနာ ခံရတယ်ဆိုတာ ကိုယ်တိုင်မွေးမှသိမယ်၊ ဆေးရုံမှာ သူများတွေ မွေးတာ သွားကြည့်လည်းသိနိုင်တာဘဲ၊ အော်ဟစ်ငိုယိုနေတာ နောက်ထပ် မမွေးချင်တော့ဘူး ပြောတာ၊ ဒါပေမယ့် ဒီလို ဒုက္ခခံနေရတာတွေ သားသမီးတွေရဲ့ မျက်နှာကိုမြင်လိုက်ရတာ နှင့် ပျောက်ကွယ်သွားတာပါဘဲ။

**ဘုရား စကား** — ဗုဒ္ဓမြတ်စွာဘုရားက အမိအဖတို့၏ အမည် × ကို လေးပါးပြဆိုတော်မူပါတယ်၊ (၁)ဗြဟ္မာ။ (၂)လက်ဦးနတ်။ (၃) လက်ဦးဆရာ။ (၄) အပေးမှုလည်း ဆောင်၍ လှူအပ်သောအလှူကို ခံထိုက်သောသူတို့ ဖြစ်ပါတယ်။

---

+ မင်္ဂလတ္ထဒီပနီ ဒု-၁၃၃)၊စာ—၂-၇-။

ဘာကြောင့် ဒီလိုအမည်တွေ မိဘကိုပေးရသလဲ ဆိုရင် အမိအဖတွေဟာ သားသမီးတို့ အပေါ်မှာ ကျေးဇူးကြီးလှတယ်၊ အသက်ကိုစောင့်တတ်တယ်၊ရင်သွေးကိုနို့တိုက်ပြီးကြီးပွားစေတတ်တယ်၊ သွေးဆိုတာ နီတာ၊ နီတဲ့သွေးဟာ အမေရဲ့မေတ္တာကြောင့် ဖြူရတယ်၊ ပြီးတော့ သွေးဆိုတာ ညှီတာ၊ အမေရဲ့မေတ္တာကြောင့် ချိုရတယ်၊ ဒါဟာ မေတ္တာရဲ့ သိပ္ပံ နည်းကျအနေဖြဘဲ၊လောကကိုလည်း ပြတတ်တယ်၊ ဒါကြောင့် ဗြဟ္မာမည်တယ်၊(လောကကိုပြတယ်ဆိုတာကတော့)ဘယ်လို မိဘဟာသားသမီးကိုမေတ္တာမရှိရင်မွေးဘာနှင့်အမှိုက်ပုံထဲဖြစ်ဖြစ်၊ချောက်ထဲ၊ မြစ်ထဲဖြစ်ဖြစ် စွန့်ပစ်မှာဘဲ၊ ဒီလိုလုပ်ဘယ်လို ဘယ်မှာကြွားဖူးသလဲ၊ ဒီလိုမလုပ်ဘဲ နို့ရည်တိုက်ကျွေးပြီး လောကကြီးမှာ လူဖြစ်အောင်ပြုတတ်တယ်။

မိဘဆိုတာ ကိုယ့်သားသမီးစားဖို့အတွက် သူများအသက်သတ်လို့ဘဲဖြစ်ဖြစ်၊ရှိသမျှဥစ္စာကိုစွန့်လို့ဘဲဖြစ်ဖြစ် စောင့်ရှောက်ကြတယ်။ ဒါကြောင့် မိဘကျေးဇူးဆိုတာ ဆပ်လို့မကုန်နိုင်ဘူးလို့ဗုဒ္ဓဘုရားရှင်က ဟောတော်မူခြင်းဖြစ်တယ်။မိဘကျေးဇူးကို ဆပ်ရန်မလွယ်ဟုလည်း ဟောတော်မူတယ်။

**မိဘကျေးဇူးဆပ်နည်း**

ဒီတော့ မိဘကျေးဇူးကိုဘယ်လိုဆပ်မလဲ၊ဆပ်ပုံဆပ်နည်းကိုလည်း ဗုဒ္ဓဘုရားရှင်က ညွှန်ပြတော်မူတယ် + (၁)သဒ္ဓါတရား မရှိတဲ့မိဘတွေကို သဒ္ဓါတရားရှိအောင် ပြုခြင်း၊ (၂)သီလမရှိတဲ့ မိဘတို့ကို သီလနှင့် ပြည့်စုံစေခြင်း၊ (၃)ဝန်တိုတဲ့ မိဘတွေကို

+ မင်္ဂလသတ္ထဒီပနီ၊ (ဒု-တွဲ) စာ-၁၁၊

စွန့်ကြဲခြင်း၌ ပြည့်စုံစေခြင်း၊ (၄) ပညာမရှိတဲ့မိဘတွေကို ပညာဖြင့် ပြည့်စုံစေခြင်း ပြုရမယ်တဲ့၊ ဒီတော့ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာဖြင့် ပြည့်စုံအောင် ပြုပေးရမယ်။

ဒီလိုပြုတဲ့နေရာမှာလည်း အရှင်သာရိပုတ္တရာ နှင့်တူတဲ့ရဟန်းသာ မိဘကျေးဇူးကို ဆပ်သည် မည်တယ်လို့ ဟောတော်မူပါတယ်။

နောက် လုပ်ကျွေးတယ်ဆိုတာက ရှိခိုးခြင်း၊ ပူဇော်သက္ကာရပြုခြင်းလည်း ပါတယ်။

ဒါကြောင့် မိဘကို လုပ်ကျွေးတဲ့အတွက် ပူဇော်ထိုက်သူကို ပူဇော်ခြင်းမင်္ဂလာ၊ မိဘတို့ကို လုပ်ကျွေးမွေးပြုရခြင်း မင်္ဂလာနှစ်ပါးကို တစ်ကြိမ်တည်း ရနိုင်တယ်။

သောဏနန္ဒဇာတ်*မှာ ပညာရှိသော သူဟာ ည-မနက် မိဘဆီကိုသွားပြီး ငါ့ရဲ့မြတ်သောကောင်းမှုလယ်ယာမြေတည်းလို့ ရှိခိုးရမယ်၊ ထမင်း ခဲဖွယ်၊ ရေပူ ရေချမ်း အိပ်ရာ နေရာ၊ အမွေးအကြိုင် လိမ်းကျံပေးခြင်း၊ ရေပူရေချမ်း ချိုးပေးခြင်း၊ ခြေဆေးပေးခြင်း၊ ခြေဆုပ်လက်နယ် ပြုပေးခြင်းဖြင့် လူတို့သည် အမိအဘကို လုပ်ကျွေးရမယ်။

ရဟန်းဖြစ်ပါက အမေကို ကျောင်းမှာထားပြီး လုပ်ကျွေးလျှင် အမေရဲ့ကိုယ်ကို မသုံးသပ်ဘဲ အလုံးစုံသော ပရိက်ကိုပြုနိုင်တယ်၊ ခဲဖွယ်ဘောဇဉ်ကို လက်နှင့် ပေးနိုင်တယ်၊ အဖေကိုမူ သာမဏေကိုလုပ်ကျွေးသကဲ့သို့ လုပ်ကျွေးနိုင်တယ်လို့မြွက်ကြားတော်မူပါတယ်။

---

* မူဂ်လတ္တဒီပနီ (ဒု-တွဲ) စာ-၁၀၊ ၁၂။

ဒီနေရာမှာ ရဟန်းအနေနှင့်က ဒီမိန်းမဟာ ငါ့အမေဘဲလို့ တဏှာကိုမှီပြီး ချစ်ခြင်းဖြင့်သုံးသပ်ပါက ဒုက္ကဋ်အာပတ် သင့်တာမို့ အမိကိုယ်ကို မသုံးသပ်အပ်ဖို့ ဖြစ်ပါတယ်။

မိဘကျေးဇူး ဘယ်လောက် ကြီးသလဲဆိုတာ ဗုဒ္ဓဘုရားရှင်ဟာ ရဟန်းတွေကို ဆေးမကုရဘူးလို့ ပညတ်ထားပေမယ့် မိဘတွေ ဆေးကုနိုင်တယ်၊

ပြီးတော့ အဦး မယူရသေးတဲ့ ဆွမ်းကိုလည်း ပေးကျွေးနိုင်တယ်လို့ ခွင့်ပြုတော်မူပါတယ်။

ရဟန်းအနေဖြင့် ဒကာတွေက သဒ္ဓါလို့ လှူဖို့ ပစ္စည်းကို ဖျက်ဆီးရင် ဒုက္ကဋ်အာပတ်သင့်ပေမယ့် သဒ္ဓါလို့ လှူတဲ့ ဆွမ်း ဆေးကိုင်း စသည်တို့ကိုမိဘကိုပေးရင် သဒ္ဓါကိုဖျက်ခြင်းမမည်လို့ ခွင့်ပြုတော်မူပါတယ်။

| | |
|---|---|
| မိဘ<br>လုပ်ကျွေးသော<br>ရဟန်း | မိဘကို လုပ်ကျွေးတဲ့အထဲက ဝတ္ထု သာဓကတွေ အများရှိပေမယ့် ကျမ်းလေးခြင်း မဖြစ်ရအောင်မိဘကိုလုပ်ကျွေးတဲ့ရဟန်း+ အကြောင်းကိုသာ ပြောပြပါမယ်။ |

သာဝတ္ထိပြည်မှာသူဌေးသားတစ်ယောက်ဟာ ရဟန်းပြုပြီး ငါးဝါပတ်လုံးနေပြီးမှ ရွာကိုသွားတယ်။ ရဟန်းရဲ့ မိဘတွေဟာ သားရဟန်းပြုတဲ့အချိန်ကပြီး ပစ္စည်းဥစ္စာ ပျက်ပြားပြီး သူများအိမ်နံရံကိုမှီပြီး ခွက်စွဲတောင်းရမ်း စားနေရတယ်။

+ မင်္ဂလတ္ထဒီပဋ္ဌာန (ဒု တွဲ) စာ-၁၇-၂၀၊

မိဘတွေဆင်းရဲကြောင်း ကြားတော့ "ငါဟာ ၁၂ နှစ် တရားကျင့်တာ မဂ်ဖိုလ်မရသေး၊ မဂ်ဖိုလ်မရဘဲ ရဟန်းဘဝနှင့် နေလို့ ဘာလုပ်မှာလဲ"လို့ ကြံပြီး ဘုရားကို ဖူးတွေ့ပြီးမှ မိဘတွေကိုကြည့်မယ်လို့ ဇေတဝန် ကျောင်းတော်ကို လာတယ်။

မြတ်စွာဘုရားကလည်း မာတုပေါသက သုတ်၊ မိဘ လုပ်ကျွေးခြင်းကို ဟောတော်မူတယ်၊ ဒီတော့ ဒီရဟန်းဟာ ငါ လူမထွက်တော့ဘူး၊ ရဟန်းဘဝနှင့်ဘဲမိဘကိုလုပ်ကျွေးမယ်ဆိုပြီး တစ်နေ့မပြတ် လုပ်ကျွေးတယ်။

ဒီတော့ ရဟန်းအနေနှင့်က ဆွမ်းများများ ရတဲ့နေ့၊ မရတဲ့နေ့ရှိတယ်၊ များများမရတဲ့နေ့မှာ သူစားဖို့မကျန်ဘူး၊ သင်္ကန်းအဝတ်ရရင်လဲ အကောင်းကို မိဘကို ပေးပြီး မိဘ ဆီက အဟောင်းကိုယူပြီး ပြင်ဆင်ချုပ်ဝတ်တယ်၊ ဒါကြောင့် ဒီရဟန်းဟာ အစားအသောက်ဆင်းရဲလို့ ပိန်ချုံး လာတယ်၊ ဒီအကြောင်းကို အဖော်ရဟန်းတွေသိတော့ ကဲ့ရဲ့ပြီး ဗုဒ္ဓဘုရားရှင်ကို လျှောက်တယ်။

မြတ်စွာဘုရား ခေါ်တော်မူပြီး "သင်ဟာ လူတွေကို လုပ်ကျွေးတယ်ပြောတယ်၊ သင်နှင့် ဘာတော်သလဲ" မေးတော်မူတယ်။ ရဟန်းက "အရှင်ဘုရား၊ တပည့်တော် မိဘတွေပါဘဲ" လျှောက်တဲ့အခါ မြတ်စွာဘုရားက သာဓုသုံးကြိမ် ခေါ်တော်မူတယ်။

"သင်ဟာ ငါဘုရားသွားတော်မူတဲ့ လမ်းမှာ တည်တယ်၊ ငါသည်လည်း ရှေးကသင့်လိုဘဲ"လို့ မိန့်ကြားပြီး သုဝဏ္ဏသာမဇာတ်တော်ကို ဟောတော်မူရာ ဒီရဟန်းဟာ သောတာပန် ဖြစ်သွားတယ်။

ဒါကြောင့် မိဘဆိုတာ လူမပြောနှင့် ရဟန်းတောင်မှ လုပ်ကျွေးထိုက်တယ်။

မိဘကျေးဇူး ဘယ်လောက်ကြီးသလဲဆိုရင် လုပ်ကျွေးရတဲ့ ရဟန်းဟာ သောတာပန်ဖြစ်သွားတယ်၊ ဘယ်လောက် အတုယူစရာကောင်းသလဲ ကြည့်စမ်း။

**ဘီလူးစားခံ၍ မိဘ လုပ်ကျွေးသူ**

ရှေး သူတော်ကောင်းတို့ဟာ မိဘကို လုပ်ကျွေးဖို့ရာအတွက် ဘီလူးအစားခံပြီးတောင် လုပ်ကျွေးမယ်လို့ ပြုကြတယ်။ လွန်လေပြီးသောအခါ ဘုရားအလောင်းဟာ ဗာရာဏသီပြည်မှာ သူတန္ဒခေါ်တဲ့ ဆင်းရဲသားဖြစ်တယ်။ အမိအဘတွေကို ဆင်းဆင်းရဲရဲနှင့် လုပ်ကျွေးရှာတယ်။

အဘသေတော့ အမိကို ဆက်လုပ်ကျွေးတယ်။ ဗာရာဏသီမင်းဟာ တစ်နေ့ အမဲလိုက်ရာမှာ သားကောင်ကိုရပြီး ထမ်းပြန်ခဲ့ရာ လမ်းခရီးအကြား ညောင်ပင်မှာ အမောဖြေဦးမယ်လို့ဝင်တယ်၊ ညောင်စောင့်ဘီလူးက 'သင်ဟာ ငါ့အစာဖြစ်ပြီ'ဆိုပြီး စားမယ်လုပ်တော့ မင်းက 'ဒီနေ့ ဒီသားကောင်ကို စားပါ၊နေ့စဉ်လည်း ထမင်းခွက်နှင့်တကွ လူတစ်ယောက်စီပို့ပါ့မယ်'ပြောတော့ ဘီလူးလည်း သဘောတူပြီး မင်းကို လွှတ်လိုက်တယ်။

နောက်ထောင်ကျနေတဲ့လူတွေကိုတစ်နေ့တစ်ယောက်ဘီလူးဆီကိုလွှတ်တယ်၊ ထောင်ထဲကလူကုန်တော့ 'ဘီလူးဆီကိုထမင်းပို့မယ်ဆိုရင် အသပြာတစ်ထောင်ပေးမယ်လို့' ကြေငြာတယ်။

ဘုရားလောင်းဟာ အမေကို အသပြာ တစ်ထောင်ပေးပြီး မင်းဆီက ထီး၊ဖိနပ်၊သန်လျက်ကို ယူပြီးဘီလူးထံကို သွားတယ်။

ဘုရားလောင်းဟာ ဘီလူးထံကို ရောက်တော့ ထမင်းခွက်ကို သစ်ပင်ရိပ်မှာထားပြီး သစ်ပင်ရိပ်အတွင်းမှာ ဖိနပ်စီး၊ ထီးဆောင်းပြီး 'ထမင်းကိုစားတော့'လို့ပြောတယ်။ ဒီတော့ ဘီလူးကလည်း သြောင်ရိပ်တွင်းမှာမှစားရတာမို့ 'လုလင် ဒီကိုလာ၊ ငါနှင့် နှစ်ယောက်အတူစားမယ်'လို့ ပရိယာယ်နှင့် ခေါ်တယ်။

ဘုရားလောင်းက 'ဘီလူး၊ အကယ်လို့ သင်ဟာ ငါ့ကို စားမယ်ဆိုရင် သူတန့်ခေါ်တဲ့ အမေကို လုပ်ကျွေးတဲ့လူကို ဘီလူးစားပြီလို့ ဆိုပြီး ဘယ်သူမှ သင့်ထံကို ထမင်းလာပို့တော့မှာ မဟုတ်ဘူး၊ သင်ထမင်း ငတ်ကိန်းကြုံမယ်၊တို့မင်းကိုလည်း သင်မဖမ်းနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ ယခု သင့်ပိုင်နက်မှာ မဟုတ်ဘူး။

ငါ့ကိုလည်း သင်မစားနိုင်ဘူး၊ ဘာကြောင့်လည်း ဆိုရင် ငါလည်း သင့်ပိုင်နက် သစ်ပင်ရိပ်မှာ မနေဘူး၊ ထီးရိပ်မှာ နေတယ်၊ သင့်မြေမှာလည်း မနေဘူး၊ ဖိနပ်ပေါ်မှာ နေတယ်၊ တကယ်လို့ သင်ငါ့စကား နားမထောင်ရင် သင့်ကိုဟောဒီသန်လျက်နှင့်နှစ်ပိုင်းဖြတ်ပစ်မယ်'လို့ ပြောတဲ့အခါ ဘီလူးလည်း—

''ကောင်းပြီလုလင် သင့်သန်လျက်၊ ထီးဖြူ၊ ထမင်းခွက် ယူပြန်ပြီး သင့်အမေကို လုပ်ကျွေးပါ''လို့ ပြောတယ်။

ဘုရားလောင်းက ''သင်ဟာ ရှေးမကောင်းမှုကြောင့် ဒီလို ဖြစ်နေရတယ်၊ ဒီနေ့က စပြီး သူ့အသက် မသတ်နှင့်'' တရားဟောကာ ''သင် ဒီတောထဲမှာနေလို့ ဘာအကျိုးရှိသလဲ၊လိုက်ခဲ့''ဆိုပြီး ခေါ်လာတယ်။

သုတန္ရဲ့လုလင်ဟာ ဘီလူးကို ခေါ်လာတယ်ဆိုပြီး မင်းကို လျှောက်ကြတယ်။ မင်းလည်း ခရီးဦးကြိုပြီး ဘီလူးကိုမြို့တံခါးမှာသား ဗလိနတ်စာပေးတယ်၊ ဘုရားလောင်းကိုလည်း ဇစ်သေနာပတိခန့်အပ်တယ်၊ ဒါဟာ မိဘကိုလုပ်ကျွေးတဲ့ ကျေးဇူးဘယ်လောက်ကြီးမားတယ်ဆိုတာ သိနိုင်တယ်။

မိဘဟာ သားသမီးကို ချေးက သေးကအစ မရွံ့ မရှာ ကိုင်တွယ်ပြုစုရတယ်၊ မိဘအိုလာတော့ သားသမီးကရွံ့တယ်၊ ဒါဟာ မိဘကျေးဇူးမသိရာ မိုက်မဲရာကျတယ်၊ ကုသိုလ်ကောင်းမှုပြုဖို့ရာ အမိအဘဆိုတဲ့ လယ်ယာမြေကြီး ရှိနေလျက်နှင့် ကုသိုလ်မျိုးစေ့ကို ထွန်ယက် စိုက်ပျိုးမှု မလုပ်နိုင်ဘူးဆိုရင် လူ့ဘဝရတောင့်ရခဲ လူလာဖြစ်တာ ဘာအကျိုးရှိဦးမှာလဲ။

**အရှင်**
**မောဂ္ဂလာန်**

အရှင်မဟာမောဂ္ဂလာန်+ဟာ တန်ခိုးအရာမှာ မြတ်စွာဘုရားကလွဲရင် အကြီးမားဆုံး ဧတဒဂ်ရတယ်၊ တန်ခိုးအလွန်ကြီးမားတဲ့ နန္ဒောပနန္ဒနဂါးမင်းကိုလည်း အောင်နိုင်ခဲ့တယ်၊ ဒါပေမယ့် ပရိနိဗ္ဗာန်စံတဲ့အခါမှာ ခိုးသားငါးရာ အရိုက်ခံရလို့ ပရိနိဗ္ဗာန်စံတော်မူရရှာတယ်။

ဘာကြောင့်လဲဆိုရင် လွန်လေပြီးတဲ့ အခါက အရှင်မောဂ္ဂလာန် အလောင်းဟာ ဗာရာဏသီမှာဖြစ်တယ်၊ မယားမိုက်ရဲ့ စကားကိုနားယောင်မိလို့ မိဘတွေကို သတ်မယ်ဆိုပြီး တောထဲခေါ်သွားတယ်၊ တောထဲရောက်တော့ ဒီအရပ်မှာသူခိုးတွေ

+ မင်္ဂလတ္ထဒီပနီ (၃-၀၅) စာ—၁၅-၁၇။

ရှိတယ်၊ ဆင်းသွားရအောင်ဆိုပြီး ယာဉ်ကဆင်းပြီး သူခိုးယောင်ဆောင် အမိအဘဘေ့ကိုရိုက်တယ်။

အမိအဖတွေကလည်းမျက်စိကမွဲတော့ "သားရေပြေးပြေး၊ သူခိုးတွေ တို့ကိုသတ်ကုန်ပြီ၊ ပြေးပြေး" လို့ အော်တယ်၊ မိဘမေတ္တာ ဘယ်လောက်ကြီးသလဲ၊ ကိုယ်သာအသေခံမယ်၊ သားသမီးကိုမသေစေချင်ဘူး၊ ဒါမိဘမေတ္တာ၊ ဒါဟာတကယ်ပါဘဲ။

စာရေးသူ ကိုယ်တိုင်မှာပင် ဂျပန်ခေတ်က တွေ့ဖူးတယ်၊ အင်္ဂလိပ်က လည်းပြေးပြီ၊ ဂျပန်အုပ်ချုပ်ရေးကလည်း မရောက်သေး၊ ဓားပြတွေ ထကြတယ်။

တစ်နေ့ စာရေးသူတို့ရွာ ဓါးပြတိုက်ခံရတယ်၊ အမေကြီးတစ်ယောက်ဟာမျက်စိမမြင်ရှာဘူး၊ ဓားပြတွေတိုက်ပြီဆိုတော့ ဒီလိုဘဲအော်တယ် "သားရေပြေးပြေးဓားပြတွေရောက်နေပြီ" လို့ အော်တယ်။

ဓားပြတွေက အမေကြီးသား ဘယ်မှာလဲ မေးတဲ့ အခါ အမေကြီးကိုသာ သတ်ရင်သတ်ပါ၊ အမေကြီးသားကိုချမ်းသာပေးပါ" လို့ ပြောတယ်၊ ဒါမိဘမေတ္တာပါဘဲ။

ဒီတော့ အရှင်မောဂ္ဂလာန် အလောင်းဟာလည်း ငါ့အမေအဖေတွေကို ငါရိုက်တာ ငါ့အကျိုးအတွက်သာ အောင်ဟစ်ကြပါကလား၊ငါဟာ မလုပ်သင့်တဲ့အလုပ်ကို လုပ်မိပြီလို့ နောင်တရပြီး "အမေအဖေတို့ သူခိုးတွေပြေးပြီ" ဆိုပြီး အိမ်ကိုပြန်ခေါ်လာတယ်။

ဒီမကောင်းမှုကြောင့် ငရဲအကြာကြီးခံခဲ့သေးတယ်၊ နောက်ဆုံးဘဝမှာ ငရဲမှာအပ ဝဋ်မှာ အမြဲ ဆိုတဲ့အတိုင်း တန်ခိုး

ဣန္ဒြိပါဒ် နေရာမှာ အလွန် ကြီးမားတဲ့ ရဟန္တာကြီး စင်စစ် ဖြစ်လျက်သားနှင့် သူခိုးအရိုက်ခံရပြီး မှုန့်မှုန့်ညက်ညက်ကြေမွကာ ပရိနိဗ္ဗာန်ပြုရရှာတယ်။

ဒါကြောင့် မိဘဆိုတာ နည်းနည်းမှ မရှိမသေမလုပ်ကောင်းဘူး၊ အမျိုးကောင်းသားသမီးတွေဟာ မိဘကျေးဇူးကို သိပြီး မိဘမရှိမှ ခေတ်ပုံကို တစ်ခမ်းတနား ကိုးကွယ်ထားတာထက် အသက်ရှိစဉ်မှာ လုပ်ကျွေးဖို့က အရေးကြီးတယ်။

**မင်းကတော် တစ်ဦးနှင့် ရသေ့ညီနောင်**

အမျိုးသားပညာဝန် ဆရာကြီးဦးဖိုးကျားရေးတဲ့ ကိုယ်တွေ့ ဝတ္ထုများထဲက "မင်းကတော်" ဆိုတဲ့ဝတ္ထုမှာ တောက ဆင်းရဲတဲ့မိန်းကလေးတစ်ယောက် မြို့အုပ် ကတော် ဖြစ်သွားတော့ အမေကိုအမေလို့မပြောချင်တဲ့အကြောင်းဖတ်ရတယ်။ တစ်ချို့ မိဘကို အခိုင်းအစေလို့ ပြောတဲ့လူက ပြောတယ် ဆိုတာလည်း တွေ့ရ ဖတ်ရဖူးတယ်

ကုသိုလ်ကောင်းမှုပြုရမယ့် လယ်ယာမြေပေါ်မှာမစင်တွေ၊ အကုသိုလ်မျိုးစေ့တွေ၊ ဆူးပင်တွေ ကြဲမချသင့်ဘူး။

သတ္တတိနိပါတ် သောဏနန္ဒဇာတ်မှာ * ရှေး လွန်လေပြီတဲ့ အခါက ဗာရာဏသီ ပြည် ဗြဟ္မဝဍ္ဎန မြို့မှာ ဘုရား လောင်း သောဏရသေ့နှင့် အရှင်အာနန္ဒာအလောင်း နန္ဒရသေ့ညီနောင်ဟာ အမိအဘတို့ကို လုပ်ကျွေးလျက်ရှိတယ်၊ ဒီလိုလုပ်ကျွေးတဲ့ နေရာမှာ နန္ဒရသေ့ဟာ သူကသာ ကျွေးချင် မွေးချင်သို့—

---

* ဇာတ်တော် ငါးရာ့ငါးဆယ်၊ ဦးမြင့်ဆွေ၊ စာ– ၄၇၉၊ ၄၀၀။

ကြည့်စမ်း၊ ဟိုတုန်းက မိဘကို ကျွေးမွေးဖို့ ဦးဦးဖျားဖျား ကျွေးရဖို့ လုယူကြတယ်၊ လုကျွေးကြတယ်၊ ယခုဆိုရင် ကိုယ်မကျွေးရ သက်သာတယ်ဆိုပြီး နေကြတယ်။

အမေ သေတော့မယ် ဆိုတာတောင် မလာချင်ကြဘူး၊ သေပြီးမှ ရောက်တဲ့သူရှိတယ်၊မသေခင်တစ်ဇွန်း တစ်ယောက်မှ မကျွေးချင်ဘူး၊ သေမှလူးလှိမ့်ငိုတဲ့လူရှိတယ်၊လူအမြင်ကောင်းအောင်။

ကဲ....ဇာတ်ကြောင်းပျောက်နေမယ်။

ဒီလို နန္ဒရသေ့က သူချည်းဘဲ ကျွေးရအောင် ရရာလွယ်ရာ မြန်မြန်ရှာရှာလာပြီး ကျွေးဘော့ သောဏရသေ့ ရှာလာတဲ့ သစ်သီးတွေ မကျွေးရတော့ဘူး၊ ဒီဘော့ အစ်ကိုကြီး သောဏ ရသေ့က ဒီလိုမလုပ်ဖို့ ညီရသေ့ကိုပြောတယ်၊ဒါပေမယ့် သူဘဲ ကုသိုလ်လိုချင်တော့ နားမထောင်ဘူး။

ဒီတော့ သောဏရသေ့က "သင်ဟာ ပညာရှိစကားကို နားမထောင်ဘူး၊ မိဘကိုလုပ်ကျွေးတယ် ဆိုတာ အစ်ကိုကြီးရဲ့ တာဝန်၊ သင် ဒီမှာ မနေနှင့် သွားတော့"လို့ နှင်ထုတ်တယ်။

နန္ဒရသေ့ဟာ အစ်ကို ကြောက်ရလို့ ကျောင်းသင်ခန်းထဲ ဝင်ပြီး ကသိုဏ်းရှုတဲ့အခါ ဈာန်အဘိညာဉ်ကိုရတယ်၊ဒီတော့ ငါဟာ "တစ်ရာ့တစ်ပါးသော မင်းတွေကို ယူပြီး နောင်တော် ကိုမိဘကိုလုပ်ကျွေးခွင့်တောင်းမယ်လို့ကြံပြီးအရှင်သာရိပုတ္တရာ အလောင်းဖြစ်တဲ့မနောဇမင်းဆီကိုသွားပြီး "ငါတန်ခိုးနှင့်သင့် ကို ဇမ္ဗူဒိပ်မှာ အလုံးစုံသော မင်းတို့ရဲ့ မင်းအဖြစ် ပေးမယ်၊ ဒီနေ့ပင် စစ်ထွက်လော့"လို့ ဆိုတယ်။

မင်းလည်း နန္ဒရသေ့ ဆိုတဲ့အတိုင်း လုပ်တယ်၊ ရသေ့ဟာ စစ်သည်တို့အပူအအေးမျှအောင် ဖန်ဆင်းပေးတယ်၊လမ်းခရီးပြန့်ပြူးအောင် လုပ်ပေးတယ်။

ကျောင်းကင်မှာ စမ္မခဏ်ကို ဖြန့်ထိုင်ပြီး စစ်သည်အပေါင်းခြံရံပြီး ပထမဆုံး ကောသလတိုင်းကို သွားပြီး 'စစ်ထိုးမည်လော၊ နိုင်ငံကို အပ်မည်လော' မေးတယ်၊ ကောသလမင်းလည်း ဒေါသထွက်ပြီး စစ်ထိုးမယ်လို့ ထွက်လာတယ်။

နန္ဒရသေ့ဟာနှစ်ဘက် စစ်သည်တွေကြားမှာ ကြီးစွာသော သစ်နက်ရေကို ဖန်ဆင်းပြီး တစ်ယောက်မျှ ဘေးမရှိ ဖြစ်စေတယ်။

ကောသလမင်းကိုလည်း 'မကြောက်နှင့်၊ မနောဇမင်းအလိုကို လိုက်ရင် သင့်ဥစ္စာဟာ သင်ဥစ္စာဘဲဖြစ်မယ်' ပြောတယ်။

ကောသလမင်းလည်း ဝန်ခံပြီးလိုက်တယ်။ ဒီလိုနှင့်ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ပတ်လုံး စည်းရုံးကာ မနောဇမင်းကိုဧကရာဇ်ဖြစ်စေပြီး မင်းအားလုံးနှင့်လာပြီး နောင်တော်ကို ကန်တော့မိဘကို လုပ်ကျွေးခွင့် ပြန်တောင်းတယ်။

ဒါဟာ နန္ဒရသေ့ဟာ မိဘကို လုပ်ကျွေးချင်လွန်းလို့ စွန့်စားတာနော်၊

နောင်တော် ရသေ့ဟာ 'မိဘနှစ်ယောက်မှာ တစ်ယောက်သာ ရမယ်'ပြောတဲ့အခါ မယ်တော်က 'ငါ့သား၊ သင့်ညီမှာ ငါတို့နှင့် ခွဲနေရတာ ကြာပြီ၊ ငါ့အမေကို လုပ်ကျွေး ပါစေ၊ သားကြီးက အဖေကို လုပ်ကျွေးပါ'လို့ ပြောတယ်။ ဒီအခါမှာ သောဏ ရသေ့ဟာအမိရဲ့စကားကိုနားထောင်ပြီး ခွင့်ပြုတယ်။

မိဘ ကျေးဇူး

မိဘရဲ့ကျေးဇူးကို ပြလိုသဖြင့် ၁။ ဤသို့သားကို ငြိုငြင်သဖြင့် အမိသည် မွေးအပ်၏၊ အမိအား မလုပ်ကျွေးသော ထိုသားသည် မှားသော အားဖြင့် ကျင့်၍ ငရဲ၌ဖြစ်၏၊ ၂။ ဤသို့သား ကို ငြိုငြင်သဖြင့် အဖသည် မွေးအပ်၏၊ အဖအား မလုပ်ကျွေး သော ထိုသားသည် မှားသောအားဖြင့်ကျင့်၍ ငရဲ၌ ဖြစ်၏။

၃။ ဥစ္စာကို အလိုရှိကုန်သော သူတို့၏ ဖြစ်ပြီးသောဥစ္စာ သည်လည်း အမိအဘကို မလုပ်ကျွေးမှု၍ပျက်၏။ ထိုအမိအဘ ကို မလုပ်ကျွေးသူသည် ဆင်းရဲခြင်းသို့ ရောက်၏။ ဤစကားကို ငါသည် ကြားဖူး၏။

၄။ ပညာရှိသည် အမိအဘတို့ကို လုပ်ကျွေး၍ အခါ ခပ် သိမ်း နှစ်သက်ခြင်းသည် လည်းကောင်း၊ ဝမ်းမြောက်ခြင်း သည် လည်းကောင်း၊ ရွှင်ခြင်း ကစားခြင်းသည် လည်း ကောင်း ဤအကျိုးကို ရခြင်းငှာ တတ်ကောင်း၏။

၅။ ဤလောက၌ဖြစ်ထိုက်သည် အားလျော်စွာ ထိုထိုသူ၏ အကြင်ပေးခြင်းသည် လည်းကောင်း၊ အကြင်ချစ်ဖွယ်သော စကားကို ဆိုခြင်းသည် လည်းကောင်း၊ အကြင် အကျိုးကို ကျင့်ခြင်းသည် လည်းကောင်း၊ ကျင့်ဝတ်တရားတို့၌ အကြင် မျက်မှောက် မျက်ကွယ်၌ တူမျှသော ကိစ္စသည် ရှိသည်၏အဖြစ် သည် လည်းကောင်း ရှိ၏၊

၆၊ လောက၌ ထိုဒါန အစရှိကုန်သော သင်္ဂဟ တရားတို့ သည် သွားသော ရထား၏ နားပန်စွန်းကဲ့သို့ဖြစ်ကုန်၏။ ထိုဒါန အစရှိသော သင်္ဂဟတရားတို့သည်လည်း လောက၌ မဖြစ်ကုန်

ငြားအံ့။ အမိအဖတို့သည် သားဟူသော အကြောင်းကြောင့် မြတ်နိုးခြင်းကို လည်းကောင်း၊ ပူဇော်ခြင်းကို လည်းကောင်း မရရာ။

"အကြင်ကြောင့်လည်း ထိုဒါန အစရှိကုန်သော သင်္ဂဟ တရားတို့ကို ပညာရှိတို့သည် ကောင်းစွာရှုကုန်၏။ ထို့ကြောင့် ထိုပညာရှိတို့သည် မြတ်သောအဖြစ်သို့ ရောက်ကုန်၏။ ချီးမွမ်း အပ်ကုန်သည်လည်း ဖြစ်ကုန်၏" ဟု ဟောတော်မူရာ မင်းနှင့် တကွသော လူတို့သည် ဘုရားလောင်း အဆုံးအမ၌ တည်ပြီး နှတ်ပြည်ဆောက်ကြရတယ်၊ ဒါကြောင့် မိဘဆိုတဲ့ သင်္ဂဟတရား ကို ရနေခိုက်မှာ ကျက်သရေ တိုးအောင် ဆောင်ရွက်ကြစေ လိုပါတယ်။

**သားသမီး ကျင့်ဝတ်**

သိင်္ဂါလောဝါဒသုတ်မှာ သားသမီးကျင့်ဝတ် ငါးပါး ✱ကို ဗုဒ္ဓမြတ်စွာဘုရားက ဟောကြား တော်မူပါတယ်။ အင်မတန်မှ လိုက်နာ စရာ ကောင်းပါတယ်၊ (၁)ကျွေးမွေးမပျက်၊(၂) ဆောင်ရွက်စီမံ၊(၃)မွေခံထိုက်စေ၊(၄)လူမျိုးဝေ၍၊(၅)စောင့် လေမျိုးနွယ်၊ဝတ်ငါးသွယ်ကျင့်ဖွယ်သားတို့တာ ဖြစ်ပါတယ်။ ဒီနေရာမှာသမီးမပါဘူး မဟုတ်ဘူးနော်၊သမီးပါပါတယ်။

(၁) **ကျွေးမွေးမပျက်** အကြောင်းကို တော်တော်ဘဲ ရှည် ရှည်ဝေးဝေး ပြောခဲ့ပြီးပါပြီ။

(၂) **ဆောင်ရွက်စီမံ** တော့ မိဘတို့ရဲ့ အလုပ် အကိုင်ကို ဆောင်ရွက်စီမံပေးကြရမယ်၊ ကူညီကြရမယ်၊ ခုခေတ်ကလေး တွေ မိဘက အလိုလိုက်၊ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ဒါနှင့်

✱ မြန်မာ့ဆယ်စောင်တွဲ၊ စာ— ၂၈၁၊

ကိုယ့်အိမ်ထောင်သားမွေးဖြစ်လာတော့ ဘာမျှမလုပ်တတ်ဘူး၊ (ပုတ္တဒါရသသင်္ဂဟောကျမ္မဒီအကြောင်း အကျယ်ပြောမယ်)

(၃) နောက်တစ်ချက်က အမွေခံထိုက်တဲ့ သားသမီး ဖြစ်ရမယ်၊ စောစောက ပြောခဲ့တယ် 'မိဘဆရာ တတ်ပညာ အမွေခံစရာ မရဘူး' ဆိုတာ မိဘက ဆေးပညာတတ်တယ်၊သားသမီးက မသင်ရင် အမွေအဖြစ် မရနိုင်ဘူး ပြောခဲ့ပြီ၊ မိဘကထားခဲ့တဲ့ ပစ္စည်းဥစ္စာ ထိုင်စားရုံ မဟုတ်ဘူး၊ တိုးပွားအောင် မလျော့နည်းအောင် ပြုနိုင်မှ အမွေခံဆိုက်တယ်။

နောက်တစ်ချက်က အမွေခံထိုက်ဖို့ဆိုတာ မိဂုဏ် ဖဂုဏ်လည်း ထိန်းရမယ်၊ ချမ်းသာ ဆင်းရဲ ရာထူး မြင့်နိမ့်မဟုတ်ပါဘူး၊ 'မိဘကတော့ ဘော်တယ်ကွာ၊ လူကောင်းတွေဘဲ၊ သားသမီးတွေကတော့ ဆိုးလိုက်တာ ကမ်းကုန်ရော' ဆိုရင် ဘယ်လိုအမွေခံထိုက်တဲ့ သားသမီးတွေ ဖြစ်တော့မလဲ။

ပါးစပ်ကတော့ ပြောကြတယ်၊ 'ဟေ့ – တို့က အသက်နှင့် လူလုပ်တာ မဟုတ်ဘူးကွ၊ အရှက်နှင့် လူလုပ်တာ' လို့။

ဒီတော့ မိဘတွေမှာ သားကောင်း သမီးကောင်း တွေရဲ့ မိဘတွေလို့ ဂုဏ်ယူရအောင် သားသမီးတွေရဲ့ တာဝန် ပါဘဲ။

စာဏကျနီတိမှာ ✱ ပြဆိုချက်ဟာ အင်မတန်

**မိဘရဲ့** မှတ်သားလိုက်နာဖွယ် ကောင်းတယ်၊ 'ရင်နှစ်

**ရန်သူ** ခေါ်ငြား၊ သမီးသားလည်း၊ သင်ကြားပညာ၊

ကင်းမဲ့ပါမူ၊ မှတ်ရာစင်စစ်၊ ရန်သူဖြစ်၏' လို့

လာရှိတယ်။

---

✱ စာ-၄၉၃။

အမေလုပ်တဲ့သူက၊ မိုးထဲ လေထဲ နေပူလည်းမရှောင် ဈေးတောင်းခေါင်းရွက်ပြီး သားသမီးကို ကျောင်းမှာ ပညာတတ်အောင်ထားတယ်၊ မိဘမေတ္တာ၊

ဒါကို သားသမီးက ပညာရအောင် မသင်ရင် ရန်သူဖြစ်တယ်။

ဒီလိုဆင်းရဲတဲ့ သားသမီးတင် မဟုတ်ဘူး၊ ချမ်းသာတဲ့ ရာထူးဂုဏ်သိန်ရှိတဲ့ သားသမီးကလည်း အတူတူပါဘဲ၊နောက် မိဘများ ကွယ်လွန်သွားတဲ့ အခါလည်း မိဘတွေ ကောင်းရာ မွန်ရာရောက်အောင် အမျှအတမ်းဝေရပါမယ်။ အဲ.... နောက်ဆုံးတစ်ချက်ကတော့ ပိုပြီး အရေးကြီးပါတယ်၊ စောင့်လေမျိုးနွယ်တဲ့ မိမိတို့ရဲ့ အမျိုးအနွယ်ကို စောင့်ရမယ်။

**သားသမီး ၃-မျိုး**

သားသမီးဆိုတာ သုံးမျိုး * ရှိတယ်။

(၁) အတိဇာတသား။ မိဘထက် သာလွန်သူ၊

(၂) အနုဇာတ သား။ မိဘနှင့် တန်းတူ၊

(၃) အဝဇာတသား။မိဘအောက်ယုတ်သူတို့ဖြစ်တယ်။ ဥပမာပြရမယ်ဆိုရင် (၁) အတိဇာတသားဆိုတာ မိဘ ဘုရား၊ တရား၊ သံဃာကို မဆည်းကပ်ဘူး၊ သားသမီးက ဆည်းကပ်တဲ့အပြင် မိဘကိုလည်း ဆည်းကပ်အောင် ပြုတယ်၊ အရှင်သာရိပုတ္တရာလို သားမျိုးဖြစ်တယ်။

(၂) အနုဇာတ သားဆိုတာက မိဘက ဘုရား တရား သံဃာ ရတနာသုံးပါး ဆည်းကပ်သလို သားသမီး ကလည်း ဆည်းကပ်တဲ့ သားသမီးမျိုး ဖြစ်တယ်။

---

ဆိဒီးစာပေ * မင်္ဂလတ္ထဒီပနီ ၃) စာ-၀၂-၀၃။

ဒုတိယ အကြိမ်

(၃) အဝဇာတသား ဆိုတာက မိဘက ရတနာ သုံးပါး ဆည်းကပ်ပေမယ့် သားသမီးက မဆည်းကပ်ဘဲ၊ ဗုဒ္ဓဘုရားကို မယုံကြည်ဘူး၊ အဲဒီလို သားသမီးမျိုးကို ခေါ်တယ်။

တစ်နည်း ပြောရရင်—

(၁) အတိဇာတ သားဆိုတာ မိဘက ပညာ မရှိပေမယ့် သားသမီးလက်ထက် ပညာရှိ ဖြစ်တယ်၊ မိဘက မိုက်ပေမယ့် သားသမီးကျတော့ လူကောင်း လူတော် ဖြစ်တယ်။

(၂) အနုဇာတ သားသမီးကတော့ မိဘ ပညာရှိသလို ပညာရှိဖြစ်တယ်၊ မိဘလို လူကောင်း လူတော် ဖြစ်တယ်။

(၃) အဝဇာတ သားသမီး ကတော့ မိဘက ပညာရှိ၊ လူကောင်းလူတော် ဖြစ်ပေမယ့် သားသမီးက လူမိုက်လူယုတ် မာဖြစ်တယ်၊ အရက်သမား၊ ဖဲသမား၊ တေလေ ဘိန်းဖြူစွဲ ဖြစ်တယ်။

ဒါကြောင့်အတိဇာတနှင့်အနုဇာတ သားသမီးဖြစ်အောင် စောစောက ပြောခဲ့တဲ့ အတ္တသမ္မာပဏိဓိစ ဆိုတဲ့ မိမိကိုယ်ကို ကောင်းစွာဆောက်တည်ခြင်း မင်္ဂလာကို ရရှိအောင် ပြုလုပ်ဖို့ လိုတယ်၊

**အမျိုးအနွယ် စောင့်ခြင်း** နောက်တစ်ချက်ကအမျိုးအနွယ်ကိုစောင့်တယ် ဆိုတာ ဟိုတုန်းက အမျိုးလေးပါး၊ မင်းမျိုး၊ သူဌေးမျိုး၊ ပုဏ္ဏားမျိုး၊ သူဆင်းရဲ မျိုးလို့ ရှိတာ မင်းမျိုးဟာ မင်းမျိုးဘဲယူရမယ်၊ သူဌေး မျိုးဟာ သူဌေးသားသမီးချင်းဘဲယူရမယ်၊ စသည် ပေါ့လေ၊ ဒီလိုဘဲ ထင်ခဲ့မိတယ်။

တကယ်တွေးကြည့်တော့ ဒါမဟုတ်ဘူး၊မြန်မာ့ဓလေ့မှာဆာ ဒီလိုမရှိဘူး၊ သူဆင်းရဲလည်း အရည်အချင်း ရှိရင် မင်းဖြစ်တာဘဲ၊ ဘုရင်ဖြစ်တာဘဲ၊ ဘုရင်ကလည်း အရည်အချင်းရှိရင် တောသူဘဲဖြစ်ဖြစ်၊ မင်းမျိုးမဟုတ်ပေမယ့် မိဖုရားခေါင်ကြီး မြှောက်တာဘဲ။

မြန်မာ့သမိုင်းမှာ မိဖုရား ဖွားစောဟာ အထင် အရှားဘဲ။

ဒါကြောင့် စောင့်လေမျိုးနွယ်ဆိုတာကို ဆိုတာမဟုတ်ဘူး ထင်ရှားတယ်။

ဘာကို စောင့်ရမလဲ၊ မိမိရဲ့ အမျိုးအနွယ်ကို စောင့်ရမှာ၊ မြန်မာတိုင်းသားတို့ အနေဖြင့် မြန်မာတိုင်းရင်းသား အချင်းချင်းကိုဘဲ အိမ်ထောင်ပြုကြရမယ်ဆိုတဲ့အဓိပ္ပာယ်သက်ရောက်ပါတယ်။

ဒါကြောင့် စကားပုံမှာ "ဘာသာမတူ၊ ထိမ်းမြားမှု၊ အယူပျက်ကြောင်းမှတ်" လို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

တိုင်းခြားသားကို ယူမိရင် အယူ ပျက်ရုံတွင် မကပါဘူး၊ အမျိုးပါပျက်မယ်။ အချို့က လူလူချင်းအတူတူပါဘဲ ပြောတယ်၊ မဟာအင်အားကြီးနိုင်ငံတွေ ပြောသလိုမကျင့်ပါဘူး၊ ဒါကြောင့် ကိုယ့်အင်အားဟာ ကိုယ့်နိုင်ငံ ထဲမှာ ကိုယ့်အမျိုးသားယဉ်ကျေးမှုဓလေ့ထုံးစံ ဒါတွေသာ စောင့်ရမယ်။

**မိဘမှာလည်း တာဝန်ရှိ** နောက်သတိရလို့ ပြောရဦးမယ်။ သားသမီး ဝတ်ငါးပါးမှာ "စောင့်လေမျိုးနွယ်" ဆိုတဲ့ အချက်ဟာ သားသမီး တွေရဲ့ တာဝန်သာ မဟုတ်ပါဘူး၊ မိဘရဲ့တာဝန်လည်း ရှိတယ်။ မိဘက တာဝန်ပိုရှိတယ်လို့ ပြောရမယ်။

ဘာကြောင့်လည်းဆိုတော့ သားသမီးက အမျိုးအနွယ်ကို စောင့်ဖို့ဆိုတာဟာ မိဘကပြုပြင်ပေးရမယ်။ သင်ကြား ပေးရမယ်။ ပြောမရလို့ဆိုတာ လက်ခံနိုင်တဲ့ ဆင်ခြေ မဟုတ်ဘူး။

ကလေးမ တစ်ယောက် တွေ့ဖူးတယ်။ နိုင်ငံခြားသား ဘာသာခြားနှင့် ကြိုက်နေပြီ၊ မိဘက မနိုင်ဘူး၊ ဒီတော့ တားမရရင်လည်း ယူပေါ့ပြောတယ်။ ဒီလိုမဟုတ်ဘူး၊ ရအောင် တားရမယ်ဆိုတာ မိဘတာဝန်ဘဲ။

**အတုမခိုးပါနှင့်**

ပြီးတော့ စိတ်ထဲမှာ ပေါ်လာလို့ ပြောရဦးမယ်။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်ယဉ်ကျေးမှု စောင့်ရှောက်ဖို့ စောစောက ပြောခဲ့တယ်။ မိတ်ဆွေတစ်ယောက် တွေ့ဖူးတယ်၊ သားသမီးတွေကို အလွန်ဘဲခေတ်မီစေချင်တယ်၊ ခေတ်မီချင်တော့ နာမည် ပေးတယ်။ မွေးထားတာလည်း သားတွေချည်းဘဲ၊ အကြီး ဆုံးက ဝမ်းကိုကို၊ ဒုတိယသား တူးကိုကို၊ တတိယ သား သရီးကိုကို၊ စတုတ္ထသား ဖိုးကိုကိုလို့ နာမည်ပေးတယ်။ ကိုကိုတစ်၊ ကိုကိုနှစ်၊ ကိုကိုသုံး၊ ကိုကိုလေးပေါ့လေ။

ခေတ်ဆန်တယ်။ ဘယ်သူမှ မပေးတဲ့နာမည် သဘောကျကြတယ်။ ဟော....ဘိန်းဖြူ ပေါ်လာတယ်။ နံပါတ် ဖိုးလို့ ခေါ်တယ်။ ဘိန်းဖြူစွဲသူကို ဖိုးစွဲသူ ခေါ်တယ်။ ဒီတော့ ဖိုးကိုကိုနာမည် ဒုက္ခရောက်ရတယ်။

ဒါကြောင့် သူတစ်ပါးယဉ်ကျေးမှု အတုမခိုးပါနှင့်၊မိဘက အရှည်မျှော်တွေးပါလို့ ပြောချင်ပါတယ်။

ဗုဒ္ဓမြတ်စွာဘုရားက မာတာပိတု ဥပဋ္ဌာနံ။ မိဘ
**တာဝန်** တို့ကို လုပ်ကျွေး မွေးမြူရခြင်း မင်္ဂလာနှင့် ပတ်
**ကျေပါစေ** သက်လို့ ဝတ္ထုသာဓကတွေ အများကြီးဟော
တော်မူပါတယ်။ မိဘကျေးဇူးမသိလို့ မိဘကို
ပြစ်မှားလို့ ဒုက္ခရောက်ရပုံကိုလည်း သာဓကများစွာ ပြဆိုပါ
တယ်၊ မိဘကို မလုပ်ကျွေးရင် မင်္ဂလာမရရှိဘူး၊ မင်္ဂလာမရရှိ
ရင် သိရိဆိုတဲ့ ဘုန်းကျက်သရေမရောက်လာနိုင်ဘူး။

ဒါကြောင့်တောင်ဖီလာဆရာတော်ဘုရားကြီးက ''တင်ပေ
ဖူးသည်။ ကျေးဇူးရှိလျက်၊ အဆပ်ခက်''✱လို့ မိန့်ကြားတော်
မူတယ်၊ အဆပ်ခက်မနေကြပါနှင့်။

မိဘက တစ်လုတ်ခွဲကျွေးသလို၊ သားသမီးကလည်း ကျွေး
ပါ၊ အဝတ်အစားပေးပါ၊ ပြုစုပါ၊ စောင့်ရှောက်ပါ၊ အလွန်
မွန်မြတ်တဲ့ မင်္ဂလာကြီးကို ဘုရားလောင်းတွေရဲ့ ကျင့်စဉ်ဖြစ်တဲ့
မင်္ဂလာကြီးကို အမျိုးကောင်း သားသမီးတို့ဟာ လက်မလွှတ်
စောင့်ရှောက်အမိ ရယူပါ။

လူရယ်လို့ဖြစ်လာရင် လူ့ဘဝရဲ့တာဝန်ကို ကျေပွန်အောင်
ဆောင်ပါလို့ တိုက်တွန်းလိုပါတယ်။

---

✱ ဟံသာဝတီဆုံးမစာပေါင်းချုပ် စာ–၅၃။

လူ့ဘဝမှာနေလို့အိမ်ထောင်သားမွေးပြုမယ်

**အိမ်ထောင်ရှင်** ဆိုရင် အဓိက တာဝန်ကြီး သုံးရပ်ကို ယူရ တာဝန် ၃-ရပ် ပါမယ်။ ဒါက ကေဒါရ ကျေးမင်း + ဇာတ်မှာပါတယ်။ ဘုရားလောင်း ကေဒါရ ကျေးမင်းဟာ ပုဏ္ဏားတစ်ဦးရဲ့ လယ်ကိုစားတဲ့အခါ တစ်ခြား ကျေးတွေလို စားရုံသာ မစားဘဲ အပို ချီသွားတယ်။ ဒါနှင့် ပုဏ္ဏားက ထောင်ဖမ်းလို့ မိတဲ့အခါ "ငါ့ကိုရန်ငြိုးရှိလို့ ဒီလို လုပ်သလား" မေးရာ "မဟုတ်ပါ၊ ကျွန်ုပ်မှာ ကြွေးဟောင်း လည်း ဆပ်ရပါတယ်၊ ကြွေးသစ်သည်း ချရပါတယ်။ ဥစ္စာအိုး ကိုလည်း မြှုပ်ရပါတယ်" လို့ ဘုရားလောင်းက ဖြေတယ်။

ဒီတော့ ပုဏ္ဏားက ရှင်းအောင် ပြောပြပါဆိုလို့ ဘုရားလောင်းက "ကြွေးဟောင်းဆပ်တယ် ဆိုတာက ငယ်စဉ်က ကျွန်ုပ်ကို ကျွေးမွေးခဲ့တဲ့ မိဘတွေကို ပြန်လုပ်ကျွေးခြင်း၊ ကြွေးဟောင်းဆပ်ရပါတယ်။ ကြွေးသစ်ချရတယ် ဆိုတာကတော့ ကျွန်ုပ်ရဲ့သားသမီးတွေကိုကျွေးမွေးရပါတယ်။ ဥစ္စာအိုးအိမ်ကို မြှုပ်နှံရတယ် ဆိုတာကတော့ အခြား အိုမင်းတဲ့ ကျေးတွေကို ကျွေးမွေးရပါတယ်" လို့ဖြေတဲ့အခါ ပုဏ္ဏားလည်းသဘောကျလို့ ကျေးမင်းအတွက် လယ်ပယ်တစ်ထောင်ပင် ပေးလှူတယ်။ ကျေးမင်းကလည်း သင့်လျော်ရုံ ရှစ်ပယ်သာလက်ခံယူပါတယ်။

---

+ ငါးရာ့ငါးဆယ် နိပါတ်တော် စကားပြေ၊ သစ္စာ (ပ-တွဲ) စာ-၂၅၆-၂၆၅။

**ဒါဟာ မိဘကို လုပ်ကျွေးမွေးမြူခြင်း မင်္ဂလာ။**

**သားသမီးကို သင်္ဂြိုဟ်ထောက်ပံ့ခြင်းမင်္ဂလာနှင့်**

**ဆွေမျိုးတို့ကို သင်္ဂြိုဟ်ထောက်ပံ့ခြင်းမင်္ဂလာတွေပါဘဲ။**

ဒီတာဝန်သုံးရပ် ကျေရင် မင်္ဂလာသုံးပါး တစ်ပြိုင်တည်း ရတာပါဘဲ၊ ဒါကြောင့် သားမယားကို သင်္ဂြိုဟ်ထောက်ပံ့ခြင်း မင်္ဂလာကို ဆက်ဆွေးနွေးကြရအောင်။



(၁၂)

# သားမယားကို ချီးမြှင့်မထောက်ပံ့ခြင်း

## မင်္ဂလာ

ဆယ်နှစ်ခုမြောက် မင်္ဂလာကတော့

ပုတ္တဒါရဿသင်္ဂဟ။ သားမယားကို ချီးမြှောက်ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာမည်တယ်လို့ ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားတော်မူပါတယ်၊ လူရယ်လို့ ဖြစ်လာရင် တစ်နေ့ ရဟန်းပြုရင် ပြု၊ မပြုရင် အိမ်ထောင်သားမွေး ပြုကြမှာဘဲ၊ ရဟန်းပြုသူက တစ်ထောင်မှာ တစ်ယောက်လွှောက် ရှိမှာပါ၊

အိမ်ထောင်ပြုသူများပါတယ်၊ ဒီတော့ အိမ်ထောင်ပြုတာနှင့် သင်္ဂြိုဟ်ထောက်ပံ့ ချီးမြှောက်တယ် ဆိုတာဟာ အဓိပ္ပာယ်မတူပါဘူး၊ တစ်ခြားစီ ဖြစ်ပါတယ်။

ယခုဆိုရင် ငယ်ငယ်ရွယ်ရွယ်နှင့်အိမ်ထောင်သားမွေးပြုကြတယ်၊ မိန်းကလေး အသက်မပြည့်သေးတဲ့ ခိုးယူပေါင်းသင်းကြတယ်၊ မိန်းကလေးအသက်(၁၆)နှစ် မပြည့်သေးတဲ့ ခိုးယူပေါင်းသင်း မိဘကသဘောမတူရင် ပြစ်မှု ပုဒ်မ(၃၆၃)အရထောင် ဒဏ်(၇)နှစ်ပေးနိုင်တယ်ဆိုတာလူငယ်တွေနှင့်မိဘတွေသိထားဖို့လိုပါတယ်။

ကိုယ့်သားသမီးကို အရွယ်မရောက်သေးတဲ့ အိမ်ထောင်မပြုရအောင် မကောင်းမြစ်တားပြုရပါမယ်၊ လူငယ်တွေကလည်း ချစ်ခြင်း၊ စိတ်ဆန္ဒအလိုကို မလိုက်သင့်ပါဘူး။

ရှေးခေတ်ကလို သုံးနှစ်သုံးမိုးစောင့်ပြီးအကဲမခတ်ကြတော့ဘူး၊ ဆင်ခြေကတော့ ဒိုးပျံခေတ်ဘဲတဲ့ ချမြင် ချကြိုက်၊ ခုယူတဲ့။

ရုပ်ရှင်တွေ ဝတ္ထုတွေ၊ ရုပ်ပြတွေလည်း အားပေးကြတယ်။ "တူနှစ် ကိုယ် တဲအိုပျက်မှာနေရ၊ ထမင်းရည် အတူလျက်ရစေတော့၊ ချစ်တာသားမောင်" ဆိုကြတယ်၊ တကယ်လက်တွေ့မှာ လျက်နိုင်သလားဆိုတာကို ကြည့်ပါ၊ မလျက်နိုင်ကြပါဘူး။

**ချစ်တယ် ဆိုတာ** ချစ်တာတစ်ခုထဲသိတယ်၊ ချစ်လို့ ယူကြတယ်၊ ယောကျ်ားလေး ကလည်း သားမယားကို ထောက်ပံ့ဖို့ မတတ်ဘူး၊ မိန်းကလေးကလည်း အိမ်ထောင် ထိန်းသိမ်းမှု မတတ်ဘူး၊ ဘယ်လို ချမ်းသာ သုခနှင့် ပြည့်စုံတဲ့အိမ်ထောင် ဖြစ်လာနိုင်မှာလဲ။

စာရေးသူရဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်၊ လခကာ ၇ ၀ ဝိ လောက်ရတယ်၊ လခ ၇၀ဝိ ဆိုတာ မဆိုးပါဘူး၊ လူဘန်းစေ့ နေနိုင်တဲ့ လခပါဘဲ၊ ဒါပေမယ့် သားသမီးတွေကဆိုးတယ်။

သူ့မှာ သားသမီး (၇) ယောက်ရှိတယ်၊ ဟော-သားအကြီး အိမ်ထောင်ယူတယ်၊ အလုပ်မရှိ၊ ချွေးမကလည်း အလုပ်မရှိ၊ အဖေ အမေအိမ် ကပ်နေတယ်၊ ကပ်နေရင်း ကလေးက ၃ ယောက်ရပြီ၊ အလုပ်ကမရသေး

သမီးကလည်း အိမ်ထောင်ပြုတယ်၊ အလုပ်မရှိ၊ သမက်က လည်း အလုပ် မရှိ၊ အမေအဖေကဘဲ၊ "တောင်းဆိုးပလုံးဆိုး သာပစ်ရိုးရှိတယ်၊ သားဆိုး သမီးဆိုး ပစ်ရိုး မရှိ" တင်ကျွေး ထားရတယ်။

သူ့ဘို့လည်း ကလေး ၃ ယောက်ဘောင်ရပြီ၊ အလုပ်ကမရ သေး၊ ဒီတော့ အဖေအမေနှင့် အိမ်ထောင်မကျသေးသူတွေက ပေါင်း (၇) ယောက်၊ သူတို့ကပေါင်း (၁၀) ယောက်စုစုပေါင်း (၁၇) ယောက် ဒီအဖေလခနှင့် ဘယ်လိုစားမလဲ။

**မိန်းမက ခိုးလို့**

နောက်တစ်ချက်ကမိန်းကလေးနှင့်ယောကျ်ား လေးကျောင်းနေရင်း ခိုးပြေးကြဘယ်၊ ကာလ ပြောင်းပြန် မိန်းကလေးက ခိုးပြေးတာ၊ မိန်း ကလေးရှင်မှာ ရွှေ မျက် နှာ နောက် ထား ပြီး ယောကျ်ားလေး ရှင်ကို သွား ခရတယ်၊ လက်မခံဘူး၊

ဒါနှင့် ကိုယ့်သမီးမပစ်နိုင်တော့ ပြန်ခေါ်ခဲ့ရတယ်၊ သမက် ကလေးကလည်း တယ်တော်တယ်၊ အိမ်ကဝေယျာဝစ္စတောင် မလုပ်တတ်ဘူး၊ ထမင်းပွဲရှေ့ရောက်ဘဲစားတတ်တယ်၊ ကြာတော့

ယောကျ်ာမ မိန်းမလုပ်သူက မနေနိုင်ဘူး၊ ထမင်းစားတိုင်းတဖြစ်ဖြစ်နှင့်ဆူ၊ ဒီတော့ ထမင်းက မျိုမကျ၊ ဒါနှင့်ဘဲ ယောကျ်ားကလေးက ပြန်ပြေးရော၊ မိန်းကလေးဟာ ဗိုက်တစ်လုံးနှင့်ကျန်ခဲ့တယ်၊ ဘယ်တော့မှ ဘယ်လိုပြန်ပေါင်းထုတ်ပြီး ဘာလုပ်စားကြမလဲ။

ဒါကြောင့် အိမ်ထောင်ပြုရင် မိန်းကလေးဘဲ ဖြစ်ဖြစ်၊ ယောကျ်ားလေးဘဲဖြစ်ဖြစ် မင်္ဂလာဆောင်တယ်သာ ပြောတယ် သင်္ဂြိုဟ်ထောက်ပံ့ ချီးမြှောက်တတ်မှ မင်္ဂလာဖြစ်တာ၊သားမယားကို မချီးမြှောက် မထောက်ပံ့တတ်ရင် မင်္ဂလာ မဖြစ်ဘူးဆိုတာ သိဖို့လိုပါတယ်။

**အိမ်ထောင်ပြုခြင်း (၈)မျိုး** ထိမ်းမြား အိမ်ထောင်ပြုခြင်း (၈)မျိုး ရှိတယ်၊ + မနုဓမ္မသတ်မှာ—

၁။ ဗြဟ္မာ။ ကိုယ့်ထက် ရာထူးဂုဏ်သိန်ကြီးသူနှင့် ပေးခြင်း၊

၂။ **ဒဝေယျ**။ ဒီသူငယ်ဟာ အလုပ်အကိုင် တော်တယ်၊ စိတ်ချရတယ်ဟု ပေးခြင်း၊

၃။ **ကိုရိယာ**။ သူ့ပစ္စည်း ကိရိယာယူထားမိ၍ ကြွေးမဆပ်နိုင်၍ ပေးခြင်း၊(ဟိုတုန်းက ချစ်တီး ကုလားတွေကို သမီးပေးရခြင်းမျိုး)၊

၄။ **ပညာ**။ သမီးကို ဒီပုဂ္ဂိုလ်နှင့် ပေးရင်တော့ ငါ့သမီးကို လိမ္မာအောင်ပြုပြင်ပေါင်းသင်းကောင်းရဲ့ဟု ပေးခြင်း၊

---

+ သု စ၁—၂၈၄၊

၅။ **အသုတ**။ သူ့ပစ္စည်းကို လိုရှိပေးခြင်း (ပိုင်းလုံးသဘော)၊

၆။ **ဂန္တဗ္ဗာ**။ မိဘနှစ်သက် သဘောတူပေးခြင်း၊

၇။ **အပ္ပဟိတ**။ နိုင်ထက်ကလူပြု၍ မယူမနေရ ရိုက်နှက်ပေးခြင်း၊

၈။ **သာမယာ**။ ခိုးရာလိုက်ပြေး ကျူးကျူးလွန်လွန် ဖြစ်လို့ မတတ်သာလို့ ပေးရခြင်းတို့ဖြစ်ပါတယ်။

ဒါကြောင့် မိဘတွေဟာ သားသမီးကို မိဘဝတ်ငါးပါးနှင့်အညီ ကျင့်ဖို့လိုတယ်၊ အိမ်ထောင်ရှင်ရယ်လို့ ဖြစ်ရင်သာ သသမီးရတာနှင့် မိဘဖြစ်လာပြီ၊ သိင်္ဂါလောဝါဒသုတ်မှာ မိဘဝတ်ငါးပါး + ပြထားတယ်၊မိဘရယ်လို့ ဖြစ်လာရင်ဒီတာဝန်တွေကို ကျေရမယ်။ '၁။မကောင်းမြစ်တာ၊ ၂။ကောင်းရာညွှန်လတ်၊ ၃။အတတ်သင်စေ၊ ၄။ပေးဝေနှီးရင်း၊ ၅။ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာ' လို့ဆိုတယ်။

သားသမီးမကောင်း မိဘခေါင်း ဆိုရိုးရှိတယ်။ မိဘဟာ လက်ဦးဆရာဘဲ၊ သားသမီးက မိဘရဲ့အပြောအဆိုအမူအကျင့်ကို လိုက်တုတာဘဲ၊ မိဘဟာ ကိုယ်တိုင်လည်း ကောင်းအောင်နေပြီး သားသမီးကိုလည်း မကောင်းမှုက မြစ်တားပြုရမယ်။ တားမြစ်ရမယ်၊ ကောင်းရာကို ညွှန်ရမယ်၊ ပြောမရဘူး ဆိုတဲ့ဆင်ခြေဟာ မလုံလောက်ပါဘူး၊ ကလေးရဲ့ သဘာဝကိုကြည့်ပြီ၊ ဆုံးမတတ်ရမယ်၊ ပြုပြင်တတ်ရမယ်၊ နောက် အတတ်သင်ပေးရမယ်။ မိဘက ပညာသင်ပေးလျက် သားသမီးက မယူရင် ရန်သူမည်တယ်ဆိုတာကို ပြောခဲ့ပြီးပြီ။

+ မြန်မာ့ဆယ်စောင်တွဲ၊ စာ–၂၈၁။

နောက် မိဘဟာ သားသမီးကို (အရင်းအနှီးပြုဖို့) ပေးရမယ်။ တို့ကတော့ ဆင်းရဲတယ်၊ မပေးနိုင်ဘူး ပြောကြမယ်။ ဆင်းရဲချမ်းသာ မဟုတ်ဘူး၊ မိဘမှာ တာဝန်ရှိတယ်။ ဥစ္စာပစ္စည်းပေးမှ မဟုတ်ပါဘူး၊ ပညာအရင်းအနှီးကို ပေးရင်ပိုတောင်မြတ်ပါတယ်။ ဥစ္စာပေးရုံနှင့် တာဝန်ကျေပြီ မဆိုနိုင်ပါဘူး။ ဒီဥစ္စာကို သုံးတတ် စုတတ်အောင် သင်ပေးဖို့လည်းလိုပါတယ်၊ သုံးတတ် စုတတ်နှင့် သုံးဖြုန်းတယ်ဆိုတဲ့ စကားမတူပါဘူး။ အရင်းအနှီး မပျောက်အောင် တိုးပွားအောင်သားသမီးကို ပြုတတ်ဖို့ သင်ပေးရမယ်။

**မဟာဓနေ သူဌေးသား**

ရှေးအခါက မဟာဓနေသူဌေး * ဆိုတာရှိတယ်၊ အဖေက ကုဋေလေးဆယ်၊ အမေက ကုဋေလေးဆယ်ချမ်းသာတယ်၊ ဒါကြောင့် တို့သားသမီး အလုပ်လုပ်ဖို့ မလိုဘူး၊ တစ်သက် မပြောနှင့် ဆယ်သက်စားလို့ မကုန်ဘူး ဆိုပြီး အက, အဆို, အတီးအမှုတ်သာ သင်ပေးခဲ့တယ်။ အမေ အဖေ သေတော့ အရက်သမားတွေနှင့် ပေါင်းမိပြီး ရှိသမျှဥစ္စာကုန်ကာ သူတစ်ပါး အိမ်နံရံကို မှီပြီး ခွက်စွဲ တောင်းစားရတဲ့ ဘဝရောက်တဲ့အကြောင်း ငယ်ငယ်တုန်းက ဗလာစာအုပ် နောက်ကျောဖုံးတွေမှာပါတဲ့ လင်္ကာကလေးကို ယခုတောင် အမှတ်ရသေးတာ ပြောပြချင်ပါတယ်။

''မောင်ငယ်ရင်သွေး နာဘိသေးလော့၊ ရှေးသရောအခါ ပြည်ဗာရာဝယ်၊ ကုဋေကြွယ်သား သူဌေးအားလျှင်၊ သား

* ပရိတ်ကြီးနိဿယသစ် ၈၁–၁၁၂၊ ၁၁၃၊

တစ်ယောက်ဖြစ်၊ချစ်မြှတစေ၊ အိမ်မှာ နေ၍၊ စာပေမကျ၊ မိဘစုတေ၊ ခန္ဓာရွှေ့သော်၊ အရှေ့အနောက်၊ တောင်မြောက် ဘယ်မှာ၊ မသိပါဘြား သူဌေးသားလျှင်၊သိုထား မတတ်၊ အရပ်ရပ်၌၊ အပ်နှံ ဥစ္စာ၊ ရှိသည့်ငွာကို၊ များစွာ ကျွန်ပေါင်း၊ မကောင်းခိုးယူ၊ ယူ၍ပြေးရှောင်၊ အိမ်ကို ရောင်း၍၊ ထောင်းထောင်းကြေညက်၊ ခွက်လက်ဆွဲကာ၊ တောင်းစားပါသော်၊ နင်သာလူမိုက်၊ ဒုစရိုက်ဟု၊ရိုက်ပုတ် လိုက်ကြ၊ ရွာမှထွက်လေ၊ တောမှာ ဆေသည်၊ကောင်သေ လင်းတ ကျ၏တည်း''လို့ ဖြစ်ပါတယ်။

ဒီပုံကို ရှုပြီး သားသမီးကို ဥစ္စာသာမက ပညာဒါနမွေ ကောင်းကိုလည်း ပေးရပါမယ်။

အနာထပိဏ်သူဌေးရဲ့သား ကာလ + ဟာ မိဘက ဘုရား ကြည်ညိုသလောက် ဘုရားထံမသွား၊ တရားမနာ၊ သံဃာကို မချဉ်းကပ် နေတယ်။ ဒါနှင့် တစ်နေ့ သူဌေးကြီးဟာ သားကို 'မင်း ဘုရားထံသွား၊ တရားနာခဲ့၊ ဂါထာ တစ်ပုဒ်ရရင် ငွေ တစ်ထောင်ပေးမယ်' ပြောလွှတ်လိုက်တယ်။ ဒီတော့ ကာလ ဟာ တစ်ပုဒ်ရရင် ပြန်မယ်ကြံပေမယ့် တရားနာရင်း တရား သဘောကြပြီး သောတာပန် ဖြစ်သွားတယ်။ ဒါဟာ အနာ ထပိဏ်သူဌေးကြီးဟာ သားကို အကောင်းဆုံး ချီးမြှောက်တဲ့ မင်္ဂလာဖြစ်တယ်။

ဒီတော့ စောစောက ပြောခဲ့တာ(ပညာ) ပညာရအောင် ပေးရမယ်။ ပညာဆိုတာ ဘာဘွဲ့၊ ညာဘွဲ့ရမှ မဟုတ်ပါဘူး၊

---

* ပရိတ်ကြီးနိဿယသစ်။ စာ-၁၁၃၊

အသက်မွေးမှုပညာတစ်ခု ပါဖို့လိုတယ်။ အလုပ်ဟူက ဂုဏ်ရှိစွ ဆိုသလိုဘယ်အလုပ် လုပ်လုပ်၊သမာအာဇီဝဖြစ်ရင် ပြီးတာဘဲ။

ဂျပန်ဇာတ်ကားတစ်ခုမှာ ယောကျ်ားက သားမယားကို ဖိနှိပ်တိုက်ပြီး ရှာကျွေးတယ်။ ဒီလူက စကား မပြောတတ်ဘူး၊ မယားကလည်း လင်ရှာတာကို အလဟဿ ဖြုန်းမပစ်ဘူး၊ စုဆောင်းပြီး အပ်ချုပ်စက်ဝယ်ပြီး တစ်ဘက်က ဝင်ငွေရှာ တယ်။ ဒီမိန်းကလေးကလည်း နားမကြားဘူး၊ လင်ကစကား မပြောတတ်၊ မယားက နားမကြားပေမယ့် သူတို့ရဲ့ အိမ် ထောင်ရေးဟာ ချမ်းသာတယ်။

**သားသမီးရဲ့ ရန်သူ**

စာဏကျပျို့မှာ + "မွေးသာဖခင် ကျေးဇူး ရှင်လည်း ကြွေးတင်အောင်သာ ပြုလုပ်ပါမူ၊ သေချာစီစစ်၊ ရန်သူဖြစ်၏" လို့လာရှိပါတယ်။ ဒါကြောင့် အဖကောင်း ဖြစ်ချင်ရင် ကိုယ် သေသွားရင် သားသမီးတွေ ဆပ်လိမ့်မယ်လို့ ကြွေးချန်ခဲ့ပြီး သားသမီးရဲ့ ရန်သူမဖြစ်ဖို့ လိုပါတယ်။

နောက်တစ်ချက်ကတော့ (ထိမ်းမြားခြင်းလျှင်) ဖြစ်ပါ တယ်။ မိဘဟာ သမီးကညာ အခါမလင့်သာ ဆိုသလို သား သမီးကို အရွယ်ရောက်ချိန်အရွယ် ရှိတုန်း သင့်လျော်တဲ့ သတို့ သားကို ရှာဖွေပြီး ထိမ်းမြားသင့်တယ်။ သားသမီးမှာ သူ့ဘာသာ သူရှာဖွေလို့ တွေ့လာလို့ သင့်လျော်လျှင် ထိမ်းမြား၊မသင့်ရင် တားမြစ်၊ သင့်ရာနှင့် ဖျောင်းဖျထိမ်းမြားရမယ်။

ငါ့သားသမီးပညာတတ်တာဘဲ၊ သူ့ဟာသူ ဖန်တီး လိမ့်မယ်လို့မျက်နှာလွဲစိတ် မလုပ်သင့်ဘူး၊ အထူးသဖြင့်မိမိရဲ့အမျိုးအနွယ် မဖျက်အောင် မိဘက ထိန်းကျောင်း ထိမ်းမြားရမယ်။

တိုင်းရင်းသားမဟုတ်၊ နိုင်ငံခြားသားနှင့် ဖူးစာ ဂဟေမဆက်မိဖို့ မိဘတွေရဲ့ဘာဝန်ဘဲ။ ပြီးတော့ စဉ်းစား နှိုင်းချိန်တတ်မှုမရှိတဲ့ သားသမီးကို အထူး ဂရုစိုက်ရမယ်၊ မိဘဝတ္တရားမှာ သားသမီးကို သင့်လျော်သော အိမ်ထောင် ပြုပေးဖို့ဟာ အဓိက တာဝန်ကျတယ်။

**လင်ညို့ လင်ဖျင်း**

သမီးရှင်တွေဆိုရင် သမီး ဖြစ်သူကို လင်ညို့ လင်ဖျင်းနှင့် အိမ်ထောင်မပြုမိစေဖို့ တာဝန်ရှိတယ်။ လင်ညို့ လင်ဖျင်း ဆိုတာက (၁) ဆင်းရဲမွဲတေသောလင်၊ (ချမ်းသာတဲ့သားပင်ဖြစ်ပါစေ၊ အလုပ်မရှိ၊ စီးပွားမရှာတတ်ရင်ဒီသဘောပါဘဲ)။

၂။ အနာရောဂါကပ်နေသော လင် (ပိုက်ဆံ ရှိလို့သာယူရ၊ လင်ကချူနာသည်ဆိုရင် အိမ်ထောင်သုခ မရနိုင်ဘူး။

၃။ အိုမင်းသောလင် (လင်ကမိန်းမထက်အသက်များစွာကြီးနေရင်လည်း သာယာစိုပြေတဲ့ အိမ်ထောင် မဖြစ်နိုင်ဘူး)။

၄။ ယစ်ထုပ်လင်(ရာထူးရှိလို့ပိုက်ဆံရှိလို့ဆိုပေမယ့် အရက်ကို မိန်းမထက် ချစ်နေသူမျိုး ဆိုရင် အသူရဲကယ်လိုနေရမှာ)။

၅။ ဖျင်းအ နဲ့ ချာသောလင်၊

၆။ မယားအပေါ် ပေါ့ပေါ့နေတတ်သောလင်၊

၇။ သူများနောက်လိုက်လင်၊

၈။ ပစ္စည်းဥစ္စာ မအောပ်သော လင်ရယ်လို့ ဖြစ်ပါတယ်။

မိန်းကလေးတွေကိုယ်တိုင်ကလည်း ဒါကိုဂရုပြုရ ပါမယ်၊

**ထိမ်းမြားခြင်း ဝတ္တရားပျက်ခဲ့လို့**

မိန်းကလေးတစ်ယောက်တွေ့ဖူးတယ်၊ ဘွဲ့ရ ကျောင်းဆရာမကြီး၊ ဒါပေမယ့် သူ့မှာ စဉ်းစားနိုင်းချိန်တတ်မှု မရှိဘူး၊ သူ့မှာ အမေမရှိဘူး၊ အဖေ တစ်ခု သမီးတစ်ခု၊ တက္ကသိုလ်မှာနေတုန်းက ကြိုက်သူတွေ ရှိတယ်၊ အဖေကို ငဲ့ပြီး လက်မခံဘူး၊ ကျောင်းဆရာမဖြစ်လာပြီး၊ အရာရှိတွေ ပစ္စည်း ရှိသူတွေ လာစေ့စပ်တယ်၊ အဖေနှင့် ခွဲလိုက်ရမှာမို့ လက်မ ခံဘူး။

ရုပ်ကလေးကလည်း တော်တော် ချောတယ်၊ လူတွေက ချီးမွမ်းကြတယ်၊ သိပ်တော်တဲ့ ကလေးမ အဖေ ကျေးဇူး သိ တတ်တယ်၊ ဒါနှင့်လွန်ခဲ့တဲ့ နှစ်နှစ်လောက်က အဖေဆုံးတယ်၊ အဖေဆုံးတယ်ဆိုရင် တစ်နှစ်လောက် အိမ်ထောင် မပြုဘဲ နေ သေးတယ်၊ ခုတော့ အားလုံးက လက်ဖျားခါတယ်၊ အုံ့ရော၊ အကောင်းခါတာ မဟုတ်ဘူး၊ နယ်ပြောင်း အလုပ် ပြောင်း ရတဲ့အခါမှာသူများယောကျ်ား ဆာလေးလေးယောက်အဖေကို ခိုးပြေးသွားတယ်။

ဆွေမျိုးတွေမှာ ရှက်လို့ မျက်နှာ မဖော်ရဲကြဘူး၊ ဒါဟာ ဘယ်သူ့ အပြစ်လဲ၊မိဘ မျက်စိမကွယ်မီ၊ မသေမီ သားသမီးကို သင့်လျော်တဲ့လူနှင့် အိမ်ထောင်မချထားပေးခဲ့လို့၊အဓမအဖေ လုပ်သူရဲ့အပြစ်။ ဒါကြောင့် မိဘလုပ်သူဟာ သားသမီးအပေါ် မှာ ဝတ်ငါးပါးကျေပါ။

**မိဘ တာဝန်** ယုယပိုက်ထွေးမှုလည်း ပြုပါ၊ ကလေး အဖေ ဖြစ်ပြီး ဣန္ဒြေတခွဲသားကြီးနှင့် ကလေးကိုမချီ ချင်၊ အိုက်တင် ခံမနေပါနှင့် အဖေက ရုံးက အလုပ်က ပြန်လာရင် သားသမီး ဆိုတာဟာ ဖေဖေပြန်လာပြီဆိုပြီး ချီပိုးခံချင်တယ်။ ချီမယ်လားလို့ လက် ကလေး မြှောက်ပေးတယ်။ အဖေကတော့ မောတယ်ဆိုပြီး ကလေးကိုမချီဘူး၊ အခန်းထဲ ဝင်သွားတတ်။ ကလေးဟာ ဝမ်းနည်းပက်လက် ကျန်ခဲ့တယ်။

မိဘဆိုတာ ဒါတွေကအစ ကြည့်ရမယ်။ ရှုရမယ်။ မျှတ ရမယ်။ ဟော....သားဦးလေး၊ သမီးဦးလေး မွေးလာပြီ၊ ချစ် လိုက်တာတုန်လို့၊ ဟော—နောက်တစ်ယောက်လည်း မွေးရော၊ ဒီကလေးဂရုမစိုက်တော့ဘူး၊ ဒီလိုမဖြစ်သင့်ဘူး၊ ကလေးဟာ အားငယ်သွားတတ်တယ်။ စိတ်နာ သွားတတ်တယ်။ မောင် နှမချင်း စိတ်ဝမ်း ကွဲသွားတတ်တယ်။ ဒါတွေက အစ ကြည့် ရမယ်။

ငါ့သားသမီးကို ငါအဝတ် ဆင်ပေးတာဘဲ အစား ကျွေး တာဘဲဆိုရုံနှင့် တာဝန်မကျေဘူး၊မိဘဝတ်ငါးပါးစလုံးကျေမှ

ဒါတွေမကျေရင် မိမိအကျိုးမရှိရုံတင်မကဘူး၊ နိုင်ငံတော်မှာလည်း ဆန္ဒကုန်မြေလေးသားတွေ မွေးလာလို့ အကျိုး မရှိဘူး၊ နိုင်ငံသားကောင်း မဖြစ်ဘူး၊ မိမိသားသမီးတွေဟာနိုင်ငံ့သားကောင်း ဖြစ်ဖို့ဆိုတာ မိဘတိုင်း တာဝန်ဘဲ။ ဒီတာဝန်ကျေရင်မင်္ဂလာကျက်သရေ တိုးလာတာပါဘဲ၊ ကဲ–ပုတ္တသင်္ဂဟကို တော်တော် ရှည်ရှည် ပြောခဲ့ပြီးပါပြီ။ 'ဒါရသင်္ဂဟ' ကို ဆက်ပြောရအောင်။

**ဘာကြောင့်** **အိမ်ထောင်** **ပြုသလဲ**

''ဒါရသင်္ဂဟ''မရှိရင် ဒီအိမ်ထောင်ဟာ သုခချမ်းသာ မရှိနိုင်ဘူး၊ ယောကျ်ားကလေးနှင့် မိန်းကလေး ဘာကြောင့်အိမ်ထောင် ပြုသလဲ၊ ချစ်လို့၊ အဖြေက ဒါဟာ မပြည့်စုံဘူး၊ စိတ်ချမ်းသာမယ် ထင်လို့ ဒါမှ အဖြေ မှန်တယ်။ ဒီတော့ စိတ်ချမ်းသာအောင် ဘာလုပ်ကြရမလဲ၊ ဘယ်လိုလုပ်ကြမလဲ။

ဗုဒ္ဓမြတ်စွာဘုရားက ဒီအကြောင်းတွေလည်း ဟောတော်မူပါတယ်။ ဗုဒ္ဓတရားတော်ဟာ အရင်းခံကတော့ နိဗ္ဗာန်ရောက်ကြောင်းဘဲ၊ နိဗ္ဗာန်ရောက်ဖို့ အထောက်အပံ့ကိုလည်း ဟောတော်မူတယ်၊ မင်္ဂလာတရား ဆိုတာဟာ နိဗ္ဗာန်ရောက်ဖို့ အထောက်အပံ့တရား။ ဒီတော့ လင်နှင့် မယား စိတ်ချမ်းသာမယ်ထင်လို့ ယူလာကြတာ၊ ယူလာရုံနှင့် စိတ်ချမ်းသာမလား၊ တာဝန်တွေ ဆောင်ရွက်ကြရဦးမယ်။

**လင့်ဝတ်**
**မယားဝတ်**

သိင်္ဂါလောဝါဒ သုတ်မှာ လင့်ဝတ် ငါးပါး၊ မယားဝတ်ငါးပါး + ဘုရားက ဟောတော်မူတယ်။ လင့်ဝတ်ငါးပါးက (၁) မထေမဲ့ကင်း။ (၂) အပ်နှင်းဥစ္စာ။ (၃) မိစ္ဆာမမှား။ (၄) ဝတ်စားဆင်ယင်။ (၅) မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ ဖြစ်ပါတယ်။

မယားဝတ် ငါးပါးက (၁) အိမ်တွင်းမှုလုပ်၊ (၂) သိမ်းထုပ်သချော။ (၃) မိစ္ဆာကြဉ်ရှောင်။ (၄) လျော်အောင်ဖြန့်ချိ၊ (၅) ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ ဖြစ်ပါတယ်။

အမှန်တော့ ဒါတွေဟာ လူတိုင်းသိပြီးသားဘဲ၊ သိပြီးသားဖြစ်ပေမယ့် ကျင့်သလားလို့ မေးဖို့ရှိပါတယ်။ သိရုံနှင့် မပြီးသေးပါဘူး။ ကျင့်ဖို့လည်း လိုအပ်ပါတယ်။ ချစ်လို့ယူလာတာလည်း ပြောတယ်။ ဒါတွေကို မကျင့်ရင် ဘာချစ်တာလည်း မေးစရာ ရှိတယ်။

**ဘဝကြင်ဖော်**
**ပီသမှု**

တကယ်ချစ်ရင် မိမိရဲ့ အိမ်ထောင်သုခကို လိုချင်ရင် လင့်ကျင့်ဝတ်၊ မယား ကျင့်ဝတ် တွေကို ကျေပွန်ရမယ်။ လင့်ကျင့်ဝတ်တွေမှာ ၁။ မထေမဲ့ကင်းဆိုတာက လင်ဟာ မယားကို မထေမဲ့မြင် မပြုရဘူး၊ မိန်းမဆိုတာ ပြောင်စရာ လှောင်စရာ သဘောမထားရဘူး၊ ဒီလို ပြောင်စရာ လှောင်စရာရယ်လို့ သဘောထားရင် မယားကလည်း လင့်အပေါ်မှာ လေးစားမှုလျော့နည်းလာ

---

\+ မြန်မာ့ဆယ်ခွဲစာငတ္တဲ့၊ စာ-၂၇၂။

တတ်တယ်။ စိတ်ပျက်လာတတ်တယ်။ ဒါကြောင့် တောင်ဖီလာ ဆရာတော်ဘုရားက "လက်ဆုံစား၊ မယား ကောင်းလျက်၊ အပြောင်ဖျက်ဆည်" *လို့ ဩဝါဒ ပေးခဲ့ခြင်း ဖြစ်ပါတယ်။ အပြောင်ဆိုဘာကာတော့ မယားငယ်ပါဘဲ၊ ဒါလဲ့ပထမ မယားကြီးကို မထိမဲ့မြင်ပါဘဲ။

နောက် ၂။ အချက်ကတော့ "အပ်နှင်းဥစ္စာ" ဖြစ်ပါတယ်၊ လင်ဟာ ရှာဖွေရလာတဲ့ပစ္စည်းကို မယားကို အပ်ရမယ်။ စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်းဆိုတဲ့စကား ရှိတယ်၊ ဒီလို မဟုတ်ဘဲ ဆိုရင်တော့ "အိတ်ပေါက်နှင့် ဖားကောက်သလို" နေမှာဘဲ။

**အပ်နှင်းဥစ္စာ အရေးကြီးတယ်**

ဒီတော့ "အပ်နှင်းဥစ္စာ" ဆိုတဲ့ အချက်ဟာ လက်တွေ့အလွန်ဘဲအရေးကြီးတယ်။ လင်ရယ် မယားရယ်လို့ ဖြစ်လာကြ ကတည်းက ဘာလို ယူကြသလဲ၊ ချစ်လို့လား၊ ရာထူးမက်လို့လား၊ ပစ္စည်းမက်လို့လား၊ ရာထူးမက် ဆိုရင်တော့ အဘက်ဘက်က တာဝန်မကျေနိုင်တော့ဘူး။

ဆရာဝန် လင်မယားနှစ်ယောက် တွေ့ဖူးတယ်။ မိန်းမက တစ်ဦးတည်း သမီး၊ ချမ်းသာ လိုက်တာ ကျိကျိ တက်ဘဲ၊ ယောကျ်ားကလည်း ပစ္စည်းမက်လို့ ယူတယ်။ တစ်ဆွေ တစ်မျိုးလုံး စားဖို့သိုက်ကြီးတွေပြီ၊ ဆွေမျိုးတွေ လာရင် မိန်းမရဲ့ လုပ်ငန်းကထွက်တဲ့ ဗန်ကောက် လုံချည်တွေ အုပ်လိုက်ချပြီး လက်ဆောင်ပေးပစ်တယ်။ ဒါပေမယ့် သူ့လာခကျတော့ မိန်းမကိုဘာစ်ပြားမှမအပ်ဘူး။

မိန်းမက စာရေးသူတို့ကိုတိုင်တယ်။ ဒီတော့ သူက သူတို့က

---

* ဟံသာဝတီဆိုးမစာပေါင်းချုပ်၊ စ၃—၅၂။

သူဌေးဘဲ၊ ဘာအပ်စရာလိုသလဲ ပြောတယ်။ သူဌေးဟာ သူဌေးဘဲ ယောကျ်ားရတဲ့လခကို မိန်းမကိုအပ်ဖို့က ယောကျ်ား တာဝန်ဘဲ ဒီတာဝန်မကျေတော့ မကြာပါဘူး လင်မယား ကွဲတာပါဘဲ။

ဒါကြောင့် ဒီလိုပြောရတာ ယောကျ်ားတွေကတော့ကြိုက် ချင်မှကြိုက်မယ်။ ဒါပေမယ့် ကိုယ်ရဲ့အိမ်ထောင်သုခ အပြည့် ရချင်ရင်တော့ ဒီတာဝန်ကိုကျေသင့်ပါတယ်။ ဘဝကြင်ဖော် ဆိုးတူ ကောင်းဘက် တိုင်ပင်ဖော် တိုင်ပင်ဘက်ဖြစ်တယ်ဆိုတာ သဘောပေါက်ဖို့ လိုပါတယ်။

တတိယအချက်ကတော့ "မိစ္ဆာကြည်ရှောင်" ဖြစ်ပါတယ်။ ဒါဟာ အရေးအကြီးဆုံးဘဲ၊ ကိုယ့်မိန်းမမှ တစ်ပါး အခြား ဘယ်မိန်းမနှင့်မှ မလိုက်စားဖို့ လိုပါတယ်။ ကိုယ့်မိန်းမကျ တော့သူများစေ့စေ့ကြည့်တာတောင်မခံနိုင်ဘူး၊ကိုယ့်မိန်းမ မှာလည်းဒီလိုသဘောရှိမယ်ဆိုတာကိုယ်ချင်းစာဖို့ လိုပါတယ်။

တစ်ချို့တွေ့ဖူးတယ်၊ မိန်းမလိုက်စားဖို့ ဝါသနာ ကိုက ပါတယ်။ ကိုယ့်မိန်းမ ချောချောလှလှကို ပစ်ပြီးတော့ အရုပ် ဆိုးတဲ့မိန်းမနှင့် မယားငယ်ယူတာလည်း တွေ့ဖူးတယ်။

မကောင်းတဲ့မိန်းမ လိုက်စား၊ သန်းခေါင် သန်းလွဲမှ အိမ် ပြန်တယ်။ ဒါဟာ ရောဂါကို ပိုက်ဆံပေးပြီး သွားဝယ်တာ။

ဒီရောဂါရလာရင် ကိုယ်က ကိုယ့်မိန်းမကို ကူးမယ်။ ဒီက ကိုယ့်သားသမီးမှာဒီရောဂါရလာမယ်ရေတ်သီးမှန်ရင်ရေမှာ ငုပ်စားစပ်တယ်။ခုရောဂါ မရလည်းအသက်ကြီးလာရင်ရမယ်

ဒါတွေ ပြောရတော့ အချို့ဆင်ခြေပေးမယ်။အပိုပြောနေ တာပါလို့၊ ဦးသိန်းဖေမြင့်ရေးတဲ့ "တက်ခေတ်နတ်ဆိုး" ဝတ္ထု

ဖတ်ကြည့်ရင် သိရပါတယ်။ ဘာဘဲဖြစ်ဖြစ်ရောဂါရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကိုယ့်မိန်းမ စိတ်မချမ်းသာဘူး၊ စိတ်မချမ်းသာရင် အိမ်ထောင်သုခ မရဘူးဆိုတာ ကတော့ မငြင်းနိုင်ပါဘူး။

**သူတစ်ပါး သားမယား ပြစ်မှားခြင်း အပြစ်**

လင်ယောကျ်ားဟာ မိမိမယားမှ တစ်ပါးသောမိန်းမတို့နှင့် ဆက်ဆံမှုပြုရင် ကာမေသု မိစ္ဆာစာရကံ ထိုက်တယ်၊ ဒီလို လွန်ကျူးတဲ့ မကောင်းမှုရဲ့ အပြစ်ဟာ ၁၅-ပါး + ၄ တောင် ရှိတယ်။ ၁။အပါယ်သို့လားရခြင်း၊ ၂။မိန်းမ ပဏ္ဍုတ်ဖြစ်ရခြင်း၊ ၃။ရန်သူနှင့်တွေ့ရခြင်း၊ ၄။ လူအများမုန်း ခြင်း၊ ၅။စား၊ဝတ်၊အိပ်ရာရခဲခြင်း၊ ၆။ ဆင်းဆင်းရဲရဲအိပ်ရ နိုးရခြင်း၊ ၇။ အမျက်ဒေါသကြီးခြင်း၊ ၈။ လောကုတ္တရာ တရားမရနိုင်ခြင်း၊ ၉။ စည်းစိမ်ဥစ္စာပျက်ပြုန်းရခြင်း၊ ၁၀။ယုံ ကြည်မှု ကင်းမဲ့ရခြင်း၊ (ဒီလိုလူကို မယားကမပြောနှင့် သား သမီးကပင်မယုံဘူး)၊ ၁၁။ ဘေးတွေ့ရခြင်း၊ ၁၂။ ယုံမှားသံ သယများခြင်း၊ ၁၃။ ချစ်သူတို့နှင့် ခွဲနေရခြင်း၊ ၁၄၊ အသက် တိုခြင်း၊ ၁၅။ဆင်းရဲကြီးစွာ တွေ့ရခြင်းတို့ ဖြစ်ပါသည်။

ပြီးတော့ သူများသားမယားကို ပြစ်မှားတယ်ဆိုရင် ပြစ်မှု ပုဒ်မ(၄၉၇)နှင့် တရားစွဲခံရမယ်၊ ပြစ်မှုထင်ရှားစီရင် ခံရရင် ထောင်ဒဏ်(၅)နှစ် သတ်မှတ်ထားပါတယ်။

ဒါကြောင့် အစက ကိုယ်ချစ်မြတ်နိုးလို့ ယူလာတဲ့မိန်းမ တစ်သက်လုံး ချစ်မြတ်နိုးဖို့ လိုပါတယ်။ မိန်းမ ကလည်း ဒီအတိုင်းဘဲ ကျင့်ရပါမယ်။

**မျက်စပ်ပိုးဝင်တော့**

ဒီနေရာမှာတွေ့ခဲ့ရတဲ့ သာဓကကလေးတစ်ခုကို တင်ပြလိုပါတယ်။ လင်နဲ့မယား ကလေး နှစ်ယောက် ရှိတယ်၊ ချစ် လိုက် ကြတာ တုန် လို့၊ မိန်းမကတော့ တောသူကလေး၊ရိုးသားတယ်၊ ယောက်ျားကလည်း သိပ်ချစ်တယ်၊ သမီးအရင်းလိုပါဘဲ။

တစ်နေ့ကျတော့ ပျက်စီးဖို့ဖြစ်လာတယ်၊ သာယာတဲ့ အိမ်ထောင်ဟာ ပြိုကွဲစရာ ဖြစ်လာတယ်၊ ယောက်ျားကလေးက မိန်းမလည်း တစ်ယောက်နှင့် သွားတွေ့တယ်၊ အပြောချိုတယ်၊ အချွဲကောင်းဘယ်။ ဒါနှင့်ဘဲ ဒီလင် ယောက်ျား ကလေး ဟာ အဲဒီမိန်းကလေးနှင့် လင်ငယ်မယားငယ်ဖြစ်ကြတယ်။

လင်ငယ် မယားငယ်ဆိုတော့ စကားရှုပ်သွားတယ်။ ဒီမိန်းကလေးကလည်းလွတ်လွတ်လပ်လပ်မဟုတ်ဘူး၊သူ့မှာလင်ကြီး ရှိတယ်၊ လင်ကြီးက သူ့အသက် နှစ်ဆလောက်ရှိတော့ တော်တော် အလိုလိုက်တယ်။ အလိုလိုက်ပေမယ့် ဒီမိန်းကလေးဟာ ခဏခဏ လင်ငယ်နေကျင့်ရှိတယ်၊ ခြံခုန်တဲ့ နွားလိုပေါ့၊ လင်ငယ်တွေဆီကလည်း မကြာခဏလျှော်ကြေးရတယ်လို့ ပြောဆိုကြတယ်၊ ဟုတ် မဟုတ်တော့ တိတိကျကျ မသိဘူး။

ဒီလို လင်ငယ် မယားငယ် ဖြစ်တော့ ဒီမယားငယ်ကလေး အိမ်က ပျောက်သွားတော့ အသက်ကြီးတဲ့ လင်ကြီးက ဒေါင်းတောက်အောင် ရှာရတယ်၊ ဟိုဘက်က မယားကြီးကလေး ကတော့ ဒါတွေမသိဘူး၊ရှာလို့တွေ့တော့မယားငယ်ကလေးကို ပြန်ခေါ်တယ်၊ ဒီတော့ မယားငယ်ကလေးက သူ့လင်ကြီးကို လင်ငယ်ကို မခွဲနိုင်ဘူး၊ပြန်ခေါ်ပေးရမယ်လို့ပြောတယ်၊ဒါနှင့်

လင်ကြီးက မယားငယ်ကလေးပါခေါ်ပြီး မယားကြီးကလေး ရဲ့အိမ်ကို လိုက်လာတယ်။

အိမ်ရောက်တော့ ယောက္ခမတွေလည်းရှိတယ်၊ မယားကြီး ကလေးကို ဟိုလူကြီးက ပြောတယ်။ "မင်းယောကျ်ားနှင့် ငါ မိန်းမ ကြိုက်နေကြတယ်၊ အဲဒီတော့ မင်းယောကျ်ားကို ကွာ ပေးမယ်ဆိုရင် ငါ့မိန်းမနှင့် ပေးစားမယ်။ တကယ်လို့ မကွာ ပေးဘူးဆိုရင် လျော်ကြေး ၆၀ဝိ ပေးရမယ်။ မပေးရင် မင်း ယောကျ်ားကို မယားခိုးမှုနှင့်တရားစွဲမယ်" လို့ပြောတယ်။

ဒီတော့ယောက္ခမတွေက 'သွား၊ သွား ဘာစကားတွေလာ ရှုပ်တာလဲ၊ ကွာလဲ မကွာပေးနိုင်ဘူး၊ ဒီမှာ ကလေးတောင်ရ နေပြီ၊ တို့သဘောတူ ပေးထားတာ၊ နင်တို့ လာမရှုပ်နှင့်' ဆိုပြီး နှင်ချလိုက်တယ်။

ရှုပ်တဲ့ လင်မယား ဆင်းလဲသွားရော မယားကြီးကလေး ဟာ မှန်ထူသွားပြီး လမ်းပေါ်ရောက်နေတဲ့ မယားငယ်ကလေး ကို ပြေးပြီး ဓားနှင့်ခုတ်တာ ဒဏ်ရာရပြီး ဆေးရုံရောက် ၃ရက် လောက်ကြာတော့ ဒီဒဏ်ရာကြောင့်ဘဲ မယားငယ်ကလေးသေ ရရှာတယ်။

မယားကြီးကလေးလည်း အထိုက်အလျောက် ထောင်ကျရ တယ်၊ ပြစ်ဒဏ်စီရင်တဲ့အချိန်မှာ ယောက္ခမမိန်းမ သူဟာ သတိ တောင် လစ်သွားတယ်။

ဒါတွေကို ကြည့်မယ်ဆိုရင် ကိုယ့်သား၊မယားမှတစ် ပါး လွန်ကျူးတဲ့ ယောကျ်ားတစ်ယောက်ကြောင့် တစ် အိမ်ထောင်လုံး တစ်မျိုးလုံး စိတ်ဆင်းရဲ ဒုက္ခရောက်ရ တဲ့ သာဓကပါဘဲ။

စတုတ္ထအချက်ကတော့(ဝတ်စားဆင်ယင်) ဖြစ်

လှလွန်းရင် ပါတယ်၊ ကိုယ့်မိန်းကလေးကို အောက်မကျ
အောင် မညိုးငယ်ရအောင် အဝတ်အစား ဆင်

ယင်ပေးဖို့ဟာ လင့်တာဝန်တစ်ရပ်ပါဘဲ။ ဒီလိုဝတ်စားဆင်ယင် ဆိုတော့ မိန်းမကလည်း သိတတ်ဖို့လိုတယ်၊ ကိုယ့်အင်အားနှင့် ကိုယ့်ယောကျ်ားရတဲ့ ဝင်ငွေနှင့် လျော်ရုံဝတ်ရမယ်။ အလွန် ဝတ်ဆင်စားချင်ရင် လော်လီတဲ့အထဲမှာ ပါသွားတတ်တယ်။

မိမိရဲ့ရုပ်နှင့် သင့်တင့်တဲ့အဝတ်ထက် ကျော်လွန်ပြီးလှလွန်း ရင် ဒုက္ခတွေ့နိုင်တယ်၊ လင်သားရဲ့ ရန်သူဖြစ်တယ်။

ဒါကြောင့် စာဏကျပျို့ + မှာ—

"မေတ္တာဆပ္ပား၊ ချစ်မယားလည်း အများငေးမျှ အလွန်လှမူ၊ မှတ်ကြစင်စစ်။ ရန်သူဖြစ်၏" လို့ လာရှိခြင်း ဖြစ်တယ်။

"ချင်းအမျိုးသားကြီး တစ်ယောက်က သူ့တပည့်ကို ပြော တဲ့ စကား မှတ်မိတယ်။ ဒါဟာ ရှင်းရှင်းနှင့် ဘွင်းဘွင်း ပြော တဲ့ သဘောဘဲ။

သူ့တပည့်မိန်းမဟာ လှတယ်၊ ဒါပေမယ့် နေမှုထိုင်မှု ဝတ်မှု စားမှု လော်လီတယ်၊ ဒီတော့ သူက 'ဟေ့ ကောင် မင်းမိန်းမ လှတော့ လှတယ်၊ ဒါပေမယ့် ဖင်ကျော့တယ်'လို့ ပြောတယ်၊ ရိုင်းတယ်လို့ မထင်စေချင်ပါ၊ ဒါအမှန်အတိုင်းဘဲ မကြာဘူး၊ ဒီလင်မယား ကွဲတာပါဘဲ။

---

+ သု စာ-၄၉၃။

ဒါကြောင့် လင်က တာဝန်ကျေသလို မယားက လည်း တာဝန်ကျေဖို့လိုပါတယ်၊ မေတ္တာအရင်းခံဖြစ် ဖို့လိုပါတယ်”

နောက် ပဉ္စမအချက်ကတော့ အရေးကြီးတယ်။

**မြတ်နိုးကြင်** (မြတ်နိုးကြင်)ဖြစ်ပါတယ်။လင်ဟာ မယားကို မြတ်နိုးရမယ်၊ ကြင်နာရမယ်၊ ဒါမှလည်း စိတ် ချမ်းသာမယ် ထင်လို့ ယူလာကြတာ စိတ်ချမ်းသာမှု ရမှာဘဲ။ တစ်ချို့က ပြောကြတယ်၊ အဲဒီလို မိန်းမကို မြတ်နိုးတဲ့ လူဆိုရင် မိန်းမကြောက်တဲ့လူ၊ ‘မ ယ က’ လို့ခေါ်ကြတယ်၊ အမှန်က ဒါ မိန်းမကြောက်တာ မဟုတ်ဘူး၊ ဒီလို မြတ်နိုးတယ်၊ ကြင်နာ တယ်ဆိုတာလည်း ကိုယ့်မယားကို ချီးမြှောက်တာ တစ်ခုဘဲ။ ယောကျ်ားဆိုတာ အလုပ်လုပ်ရတယ်၊ အလုပ်က ပြီးရင် အကြောင်းမရှိရင် ကိုယ့်အိမ်ကို တန်းပြန်လာရင် သားမယား က စိတ်ချမ်းသာတယ်။

အလုပ်ပြီးလည်း အိမ်မပြန် လျှောက်လည် အရက်ဆိုင် ဝင်၊ မူးရူးပြီး အချိန်မရှိမှ ပြန်လာရင် စိတ်ဆင်းရဲတယ်၊ “အရက် သမားမယား၊အရက်သမား သားသမီး၊ မင်းအဖေဟာ ကဇော် အိုးကြီး”လို့ ပြောတာ ဘယ်သူမှ မခံချင်ဘူး၊ ဒီတော့ကိုယ့် သားမယားကိုကြင်နာယုယခြင်းနှင့် ချီးမြှောက်တာဟာမင်္ဂလာ တရားပါဘဲ။

သားမယားကိုချီးမြှောက်တဲ့လူကို နတ်သိကြားတွေ က အရိုအသေပြုတယ်၊ ရှိခိုးတယ် +

---

\+ မင်္ဂလတ္ထဒီပနီ၊ ဒု ၈၁—၉၁၊

**သိကြားမင်း ရှိခိုးခံသူ**

ဥယျာဉ်ကိုသွားတဲ့ သိကြားဟာ + ဝေဇယန္တာ ပြာသာဒ်မှဆင်းပြီး လက်အုပ်ချီပြီး အရပ်ဆယ်မျက်နှာကိုရှိခိုးတယ်။ ဒီတော့ မာတလိနတ်သားက 'အဘယ်သူကို ရှိခိုးသလဲ' လို့ မေးတယ်၊ သိကြားမင်းက 'မာတလိနတ်သား၊ အကြင်သူတို့သည် ပစ္စည်းလေးပါးကိုလှူခြင်း၊ တစ်ကုမ္ပရှိသော မုလေးပန်းဖြင့် ပူဇော်ခြင်း၊ ဆီမီးတန်ဆောင်ထွန်းခြင်း အစရှိသော ကောင်းမှုကို ပြုကုန်၏၊ ရတနာသုံးပါးသို့ ဆည်းကပ်ကုန်၍ ငါးပါးသောသီလ၊ ဆယ်ပါးသော သီလတို့နှင့် ပြည့်စုံကုန်၏။ ဥမင်တူး၍ခိုးခြင်းအစရှိသည်ကိုမပြုမူ၍လယ်ယာလုပ်ခြင်း၊ နွားထိန်းခြင်း၊ ကုန်သွယ်ခြင်း အစရှိသော တရားနှင့်လျော်သောအမှုဖြင့် သားမယားကိုမွေးကုန်၏။ ထိုသူတို့ကို ငါသည်ရှိခိုး၏'' လို့ ဖြေတယ်။ ဒီစကားကိုကြားတော့ မာတလိနတ်သားဟာလည်း ရှိခိုးတယ်၊ ဗုဒ္ဓမြတ်စွာဘုရားက ဥက္ကဋ္ဌသရီရပုဏ္ဏားကို 'ဤသို့ သားမယားကို သင်္ဂြိုဟ်ခြင်းသည် နတ်တို့သည်ရှိခိုးသောအဖြစ်၏ အကြောင်းဖြစ်သော ကြောင့် မင်္ဂလာမည်၏၊' လို့ဟောတော်မူပါတယ်။

**သင်္ဂဟတရား လေးပါး**

သင်္ဂဟတရား လေးပါးရှိတယ် * သင်္ဂဟဆိုတဲ့ အဓိပ္ပာယ်ကတော့ 'ချီးမြှောက်ခြင်း' ပါဘဲ။ ဘယ်လိုချီးမြှောက်ရသလဲ၊ ၁။ ဒါန။ ပေးကမ်းခြင်း၊ ၂။ ပေယျဝဇ္ဇ။ ချစ်ဖွယ် စကားပြောကြားခြင်း၊ ၃။ အတ္ထစရိယာ။ အကျိုးစီးပွားကိုပြုခြင်း၊ ၄၊ သမာနတ္တတာ။ ကိုယ်တူပြုခြင်းတို့ဖြစ်ပါတယ်။

---

* ပရိတ်ကြီး နိဿယသစ်၊ စာ-၁၁၇။

+ မင်္ဂလတ္ထဒီပနီ၊ ၃ စာ-၉၀

ဒီတော့ လင်သားတစ်ယောက်ဟာ ကိုယ့်သားမယားကို ဒီ''သင်္ဂဟ''တွေလုပ်ရမှာဘဲ၊

သားမယားကို တရားနှင့် လျော်ကန်သောပေးခြင်း၊ ချစ်စဖွယ်ဆိုခြင်း၊ အကျိုးကိုကျင့်ခြင်း၊ ကိုယ်တူပြုခြင်းတွေ လုပ်ရမယ်။

တရားနှင့်လျော်တဲ့ ပေးခြင်းဆိုတာက မတရား ဆိုးခိုးရတဲ့၊ ခိုးပြတိုက်ရတဲ့၊ တံစိုးလာဘ်ရတဲ့ ပစ္စည်းမျိုးမဟုတ်ဘဲ၊ သမ္မာအာဇီဝရလာတဲ့ပစ္စည်းကို သားမယားကိုပေးရမယ်၊ ပွဲသဘင်ရှိရင် ပွဲသဘင်ကြည့်စေရမယ်၊မင်္ဂလာနေ့မှာမင်္ဂလာပြုပေးရမယ်၊ မွေးနေ့မင်္ဂလာတွေ ပြုပေးရမယ်၊ ပစ္စုပ္ပန် သံသရာ အကျိုးကို ပြောဆိုဆုံးမနိုင်ရမယ်၊ ကိုယ်နှင့်ထပ်တူ ဖြစ်စေရမယ် ဖြစ်ပါတယ်။

**မိန်းကလေး တာဝန်**

အဲဒီတော့ လင့်ဘက်က ဒီလိုတာဝန်တွေ ကျေပွန်ရင် လင်ကောင်း လင်တော် ဖြစ်ရင် မိန်းမဘက် ကလည်း မယားထူး မယား မြတ် ဖြစ် ရမယ်၊ဒီလို ဖြစ်ဖို့အတွက် သိင်္ဂါလောဝါဒသုတ်မှာဘဲ မယားဝတ်ငါးပါး * ကိုပြတယ်။ (၁)အိမ်တွင်းမှုလုပ်၊ (၂) သိမ်းထုပ်သေချာ၊ (၃) မိတ္တာကြည်ရှောင်၊ (၄) လျော်အောင်ဖြန့်ချိ၊ (၅) ပျင်းရိမမှု ဝတ်ငါးဆူ အိမ်သူကျင့်အပ်စွာ ဖြစ်ပါတယ်။

ဒီတော့ အချို့က ပြောကြတယ်၊မိန်းကလေး ခြေမွေး လက်မွေးမီးမလောင်ထားတယ်ဆိုပြီး ဂုဏ်ယူပြောကြတယ်၊ ဒါဟာ

---

* မြန်မာ့ဆယ်စောင်တွဲ၊စာ–၂၇၂၊

ဂုဏ်ယူစရာ အလုပ်မဟုတ်ဘူး၊ မိန်းကလေးရယ်လို့ ဖြစ်လာရင် ချက်တတ် ပြုတ်တတ်ရမယ်။ "အိမ်တွင်းမှုအလုပ်"ကို လုပ်တတ်ရမယ်။

အိမ်ဖော်တွေ၊ အဒေါ်တွေ ချက်တာကို စားနေရင် အိမ်ဖော်တွေ အဒေါ်တွေ စီမံခန့်ခွဲတဲ့ အတိုင်းဘဲ ခံရမယ်၊ ကိုယ့်အိမ်ကို ကိုယ်ဘယ်လိုချယ်လှယ်နိုင်မလဲ။

လင်ယောက်ျားဆိုတာ ကိုယ့်မိန်းမချက်တာ အရသာရှိလိုက်တာ ဆိုတာကို စားချင်တယ်၊ ကိုယ့်မိန်းမ အချက် အပြုတ် ကောင်းကြောင်း ဂုဏ်ယူချင်တယ်။

ဗုဒ္ဓမြတ်စွာဘုရားက သူကြွယ်သားတစ်ဦးကို ဟောကြားရာမှာ "ယောက်မကို လက်၌ထား၍ သင်၏အလိုအားဖြင့် ပြုလေ့ဟု ထမင်းချက်အိမ်ကို ခွင့်လွှတ်သဖြင့်လည်းကောင်း +" လို့ လင့်ဝတ္တရားကို ဟောတော်မူရာမှာ ပါရှိပါတယ်။

ဒါကြောင့် မိန်းကလေးဟာ မီးဖိုချောင်ကို နိုင်ဖို့ လိုတယ်။

အိမ်ကို အပြင်အဆင်တတ်ရမယ်။

အမှိုက် သောသော ပင့်ကူ အမျှင်တွေ ရှုပ်ပွနေရင် ညံ့တဲ့ အိမ်ရှင်မဆိုတာ အလိုလိုသိတယ်။

အိုးခွက် ပန်းကန်ကအစ ပြောင်စင်နေရမယ်။

ဆင်းရဲရင် ဆင်းရဲပါစေ၊သန့်သန့်ရှင်းရှင်း သပ်သပ်ယပ်ယပ် ရှိရမယ်။

ဒါတွေကို အသေးစိတ်ပြောရရင် ကျမ်းတစ်ကျမ်းဖြစ်မယ်။ ဘုရားလောင်း မဟောသဓ သုခမိန်ဟာ အမရာဒေဝီကို အိမ်တွင်းမှု နိုင်၊ မနိုင် အမျိုးမျိုး စမ်းသပ်ပြီးမှ ယူတယ်။

---

+ မင်္ဂလတ္ထဒီပနီ (၃) စာ-၀၉၊

**ဝိသာခါ ဒါယိကာမ**

ဗုဒ္ဓဘုရားရှင်လက်ထက်က ဝိသာခါဒါယိကာမကြီး+ဟာ အလှုန်ချမ်းသာတာ သူ့ယောက္ခမ မိဂါရသူဌေးကြီးက ကုဋေလေးဆယ်ချမ်းသာတယ်ဆိုတာ ဝိသာခါတို့ရဲ့ အစွန်းထွက်တောင် မရှိဘူး၊ ဒီတော့ ဝိသာခါသူဌေးသမီးမို့ လိုခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေတယ်ထင်ရင် မှားမယ်။ အိမ်တွင်းမှု အလုပ်ကို အကုန်တတ်တယ်။

မိဂါရသူဌေးအိမ်ကို ဝိသာခါ ရောက်တဲ့ ညမှာဘဲ အိမ်ခြံတွင်းက အာဇာနည်မြင်းမ ကိုယ်ဝန် ဖွားတယ်၊ ဒီတော့ ဝိသာခါဟာ သူဌေးသမီးဘဲ ဘာလုပ်စရာရှိသလဲ၊ ဒီလိုမဟုတ်ဘူး၊အဖော်တွေနှင့် မီးရှူးထွန်းပြီး မြင်းမကို ရေအေး ရေနွေး ပေးခြင်း၊ ဆီလိမ်းခြင်းတို့ဖြင့် သက်သာရာရစေတယ်။

ဒါဟာ မိမိရဲ့အိမ်ကိစ္စကိုလုပ်နိုင်တယ်၊ တတ်တယ်ဆိုတာကို ပြတာ ဘယ်လောက် အားကျစရာ ဂုဏ်ယူစရာကောင်းသလဲ။

ဒုတိယအချက် ''သိမ်းထုပ်သချာ''ကတော့ ရှင်းပါတယ်၊ အမျိုးသား ပညာဝန် ဦးဖိုးကျား ရေးသားတဲ့ ကိုယ်တွေ့ဝတ္ထုများထဲက ''အဖိုးတန်သော အိမ်သူမယ်သန့်'' ဝတ္ထုဟာ အတုယူစရာ အကောင်းဆုံးပါဘဲ၊ လင်ရှာတဲ့ပစ္စည်း နည်းများမဆို သိမ်းဆည်းတတ်တဲ့အတွက် အရေးကြုံတဲ့အခါ မဆင်းရဲဘူးဆိုတဲ့ အကြောင်းဘဲ၊ ရှာဖွေဖတ်ရှုစေလိုပါတယ်။

---

\+ ဓမ္မပဒဋ္ဌကထာ၊ ၈၁—၆၀၁၊

**သားသမီးရဲ့ ရန်သူ**

အဲ- တတိယ ကျင့်ဝတ်ကတော့ "မိစ္ဆာ ကြဉ်ရှောင်"ဖြစ်ပါတယ်၊ ကိုယ့်လင်ကလွဲပြီး လင်ငယ်နေလို့ သေရတဲ့အကြောင်း စောစောက ပြောပြီးပြီ။ဒီမကောင်းမှုဟာ ယောကျ်ားမှာလိုဘဲ မိန်းမမှာလည်း အပြစ်(၁၅)ပါးဖြစ်တာပါဘဲ၊ပြီးတော့ စာဏကျပျို့ * မှာ—

"အချစ်ပိုအင်၊မွေးမိခင်လည်း၊ပျော်ရွှင်မိုက်မှား၊လင်ငယ်ထားမှု၊ မှတ်သားစင်စစ်၊ ရန်သူဖြစ်၏"လို့ လာရှိပါတယ်။

ဒါကြောင့်မိန်းမများအား လင်ငယ် မနေဖို့အရေးကြီးတယ်၊လင်ငယ်နေရင် သားသမီးတွေရဲ့ ရန်သူဘဲလို့ဆိုပါတယ်။

**အိမ်ထောင်ရှင် မိန်းမကျင့်ဝတ် ဆယ်ပါး**

စတုတ္ထကျင့်ဝတ်ကတော့ "လျော်အောင်ဖြန့်ချီ"ဖြစ်ပါတယ်။ ဘယ်လိုဖြန့်ချီရမလဲ၊ ဗုဒ္ဓဘုရားရှင်ရဲ့ တရားတော်နှင့်ပတ်သက်တဲ့ စာပေတွေဟာအလွန်ကျေးဇူးကြီးပါတယ် ဝိသာခါ ဒါယိကာမအကြောင်းမှာ လင့်အိမ်လိုက်မယ့် မိန်းမတို့ဟာ(၁၀)ပါးသောကျင့်ဝတ်တို့ကို + ကျင့်ရမယ်လို့ အဖေဖြစ်တဲ့ ဓနဉ္စယသူဌေးက မှာကြားဆုံးမလိုက်တယ်။ "(၁)အိမ်တွင်းကမီးကို အပြင်သို့ မထုတ်ရာ၊ (၂) အိမ်ပြင်ကမီးကို အိမ်တွင်းသို့ မသွင်းရာ၊ (၃)ပေးတတ်သောသူကိုသာ ပေးရာ၏။

---

* သုံ—စာ-၄၉၃၊

\+ ဓွယ်စုံကျော်ထင်ကျမ်းစာ၊ ၆၁၀၊ ၆၁၃၊

(၄) မပေးတတ်သောသူကို မပေးရာ။ (၅) မြဲမြံသော နေရာ၌ရလာသော်လည်းကောင်း၊ မရလာသော် လည်းကောင်း ကောင်းစွာ သိမ်းရာ၏၊ (၆) ယောက္ခမတို့ နား မျက်စိ မပူဆာအောင် ချမ်းသာစွာလည်း နေရာ၏။ (၇) ချမ်းသာစွာ လည်း စားရာ၏။ (၈) ချမ်းသာ စွာလည်း အိပ်ရာ၏။ (၉) လောင်တတ်သော မီးကိုလည်း ရိုသေစွာ မွေးအပ်၏။ (၁၀) အိမ်ဦးနတ်ကိုလည်းမပြတ်ရှိခိုးရာ၏" လို့မှာလိုက်တယ်။

ဒါကို မိဂါရ သူဌေးကြီးက နားမလည်ဘူး၊ ဝိသာခါကို နှင်ထုတ်ချင်လို့ အပြစ်ရှာပြီးတော့ မေးတယ်။ "ကိုယ့်အိမ်မှာ မီးမရှိရင် သူများအိမ်ကမီးကိုမယူဘဲနေမလား" လို့ မေးတယ်။ ဒီတော့မှ ဝိသာခါက ရှင်းပြတယ်။

(၁) အိမ်တွင်းကမီးကို အိမ်ပြင်မထုတ်ရာဆိုတာက သူတစ်ပါးတို့ရဲ့ကောင်းမကောင်းကိစ္စကို ယောက္ခမတွေ ပြောဆိုကဲ့ရဲ့ သံကြားလျှင် သူတစ်ပါးတွေကို တစ်ဆင့် မပြောပါနှင့်၊ (၂) သူတစ်ပါးတွေက ယောက္ခမတွေ အကြောင်း မကောင်း ပြောရင်လဲ ပြန်မပြောပါနှင့် (ခိုက်ရန်ဖြစ်တတ်တယ်လို့ ဆိုလိုခြင်းဖြစ်တယ်) (၃) ပေးတဲ့သူကိုပေးရာ၏။ ဆိုတာက ကိုယ့်ဆီက ဥစ္စာပစ္စည်းချေးငှားသွားရင် ပြန်ပေးတဲ့သူကိုမှ ပေးပါလို့ဆိုလိုပါတယ်၊ (၄) မပေးတဲ့သူကို မပေးရာဆိုတာက အဲဒီလို ချေးငှားသွားရင် ပြန်မပေးတဲ့သူကို မချေး မငှား ပါနှင့်ဆိုတာပါ၊ (၅) မြဲမြံသောနေရာ၌ သိမ်းရာ၏၊ ဆိုတာကသိက္ခာ သီလ ထူးမြတ်တဲ့ ရတနာသုံးပါးထံမှာ လည်းကောင်း၊ သက်ကြီးရွယ်ရင့်တို့မှာ လည်းကောင်းသံသရာမျိုးဖြစ်တဲ့ အလှူကိုရ

သည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကောင်းစွာပေးလှူရမယ်လို့ ဖြစ်ပါတယ်၊ (၆) ယောက္ခမတို့ နားမျက်စိ ချမ်းသာအောင်နေရမယ်ဆိုတာက ယောက္ခမတွေကိုမပန်ကြားဘဲ ဘာမျှမလုပ်ရလို့ဆိုပါတယ်၊ (၇) ချမ်းသာစွာ စားရာ၏ဆိုတာကလည်း ယောက္ခမတွေထက် ဦးဦးဖျားဖျား မစားရလို့ ဆိုပါတယ်၊ (၈) ချမ်းသာစွာအိပ်ရမယ် ဆိုတာကလည်း ယောက္ခမတွေထက် စောစောမအိပ်နှင့် ထရင်စောစောထလို့ ဆိုခြင်း ဖြစ်တယ်၊ (၉) လောင်တတ်သောမီးကို ရှိသေစွာ မွေးအပ်၏။ ဆိုတာက ယောက္ခမတွေကို ရှိသေစွာလုပ်ကျွေးရမယ်၊ (၁၀) အိမ်ဦးနတ်ကို ပြေတ်ရှိခိုးရာ၏။ ဆိုတာက မိမိလင်ကို ရှိခိုးပြီးမှ အိပ်ရမယ်တို့ဖြစ်ပါတယ်။ ယခုမိန်းကလေးတွေ(မိန်းကလေးတွင်မကပါဘူး၊ အားလုံးလိုလိုပါဘဲ ညအိပ်ရာဝင်ရင် လင်ကို ရှိခိုးရဲ့လား၊အဲ-လင်ကလည်းရှိခိုးထိုက်အောင်နေဖို့လိုပါတယ်။

**မယား အမျိုးမျိုး**

မယားအပြား ၇-ပါးရှိတယ်၊ ✱ မဃဒေဝ လင်္ကာကြီးမှာ "မယားခုနစ်မျိုး၊ ရှိမြဲမျိုးတွင် (၁) သူခိုး၊ (၂) အရှင်၊ (၃) သူသတ်သွင်သို့ အကြင်မယား၊ လား၏ငရဲ၊ အမြဲမှတ်ဘိ၊ (၄) အမိတစ်မျှ၊ (၅) နှမမယှွန်း၊ (၆) ခင်ပွန်းတစ်သွယ် (၇ ကျွန်နှယ်လေးဖြာ၊ မယားမှုကား နိမ္မာနတ်ပြည်၊ လားမြဲမည်၏၊ ယင်းသည်လေးသွယ်၊ မယားဝယ်လည်း၊ ကျွန်နှင့်နှယ်အလား၊ ထိုမယားမူ၊ ယောက်ျားဆုပန်၊ နိဗ္ဗာန်ဆုတောင်း ကောင်းတမလွန်၊ မချွတ်ဘူတည်၊ ပြည့်မြဲမည်၏လို့ မာန်လည် ဆရာတော်ဘုရားက စပ်ဆိုထားပါတယ်။ ဒီတော့—

✱ သု စာ—၄၃၃၊

၁။ သူခိုးနှင့်တူတဲ့မယား၊ (လင်ကိုတော့ ကောင်းကောင်း မကျွေး၊ သူကတော့ တိတ်တိတ်ခိုးစားတတ်တယ်)။
၂။ အရှင်နဲ့တူတဲ့မယား၊ လင်ကိုအလွန်နိုင်ချင်တယ်။
၃။ သူသတ်နှင့် တူတဲ့မယား၊ (လင်ငယ် နေတတ်သူမျိုး) တွေဟာ ငရဲကိုရောက်မယ်။
၄။ အမိနှင့်တူတဲ့မယား၊ (လင်သားကိုအမိလိုစောင့်ရှောက် တတ်တယ်)။
၅။ နှမနှင့်တူတဲ့မယား၊ အရှက် အကြောက်ကြီးတယ်၊ လင်ကို ရိုသေတယ်။
၆။ ခင်ပွန်းနှင့် တူတဲ့မယား၊ ဆိုးတူ ကောင်းဘက် တိုင်ပင် ဖော် တိုင်ပင်ဘက်ရတယ်။
၇။ ကျွန်နှင့်တူတဲ့မယား၊ လင်အပေါ်မှာ အလွန် သည်းခံ တယ်၊ (အမရာဒေဝီလိုမယားမျိုး)။

ဒီလိုမယားတွေဟာနိမ္မာနရတိနတ်ပြည်ကိုရောက်နိုင်တယ်။ ကျွန်နှင့်တူတဲ့ မယားဟာ ယောကျ်ားဆိုကို တောင်းရင်ရနိုင် တယ်၊ ဒီအမျိုးအစားတွေဟာ မယားတင်မကပါဘူး၊ လင်ကို လည်း သတ်မှတ်သင့်တာပါဘဲ၊ အဖနှင့်တူတဲ့လင်၊ မောင်နှင့် တူတဲ့လင်၊ ခင်ပွန်းနှင့်တူတဲ့လင်တွေ ဖြစ်သင့်တယ်။

ဒါကြောင့် လင်ရော မယားရော ပြောဆို ဆက်ဆံ တာဟာ အစ သာသာချိုချိုပြောဆိုဆက်ဆံသင့်တယ်။

တစ်ချို့ကပြောကြတယ်၊တို့တော့မပြောတတ်ပါဘူး၊ဆင် ခြေပေးတယ်။

ပြောတတ်အောင်ပြောရင် ဖြစ်ပါတယ်။

ယောကျ်ား ဆိုတာ နဝင်ပီယံဖြစ်ရင် ကြိုက်တယ်၊ မိန်းမ ကော မိန်းမလည်းဒီလိုပါဘဲ၊ တစ်ချို့မရှခင်ကရှိသေကြတယ်၊ ရလည်းရပြီးရော အရှိအသေတန်တယ်၊ ဒါဟာမကောင်းဘူး။

နောက်တစ်ချက်က သားသမီးဆိုတာလည်း မိဘကို အတု ယူတာ အမေအဖေ တစ်ဦးနှင့်တစ်ဦး ကြင်နာကြရင်သားသမီး အိမ်ထောင်ရေးမှာလည်း ကြင်နာတဲ့ အိမ်ထောင်ဖြစ်လာမှာ။

**မယားထူး မယားမြတ်**

နောက်မယားမြတ်ရှစ်ယောယ်* ရှိသေးတယ်၊ (၁) လင် ထမင်းစားသောအခါ အမေကဲ့သို့ ကျွေးမွေးခြင်း၊ (၂) လင်ကို ဝတ်စား ဆင် ပေးတတ်ခြင်း၊ (၃) လင်ကို သာမန်အခါ မောင်ကဲ့သို့ ရှက်ကြောက်ရိုသေခြင်း၊ (၄) လင်ကို ကျွန်သ ဖွယ်အန္တ တာခံလုပ်ကျွေးခြင်း၊ (၅) ဘေးရန် ရှိသောအခါ တိုင်ပင်ဘက်ရခြင်း၊ (၆) လင်၏ မွေ့လျော်ဖွယ်ကို ပြုတတ် ခြင်း၊ (၇) လိုက်လျောတင့်တယ်အောင် ဝတ်စားတတ်ခြင်း၊ (၈) လင်၏အလိုကို သည်းခံနိုင်ခြင်းတို့ ဖြစ်တယ်။

ဒီလိုမယားကိုရရှိအောင်မိမိကိုယ်တိုင်ကလည်းလင်ကောင်း ဖြစ်ရမယ်၊ ယခု ပုတ္တဒါရသင်္ဂဟောကို ပြောတာ တော်တော် ရှည်သွားပါတယ်၊ ဘာကြောင့်လည်းဆိုတော့ လူဆိုရင် အိမ် ထောင်ပြုကြမှာ၊ အိမ်ထောင်သားမွေး ပြုရင် မင်္ဂလာတရားကို ရနိုင်အောင်လူကျင့်ဝတ်တွေ ကျင့်ဖို့လိုတဲ့အတွက် ဖြစ်ပါတယ်။

---

* သု ၈၁—၄၃၃။

**လူ့ရဲ့ချမ်းသာခြင်း ၆ပါး**

ဟိတောပဒေ့သ ကျမ်းမှာလူ့ရဲ့ ချမ်းသာခြင်း ၆ပါးကိုပြတယ်၊ (၁) အတ္တာဂမ။ စီးပွား ဥစ္စာ မပြတ်တိုးခြင်း၊ (၂) အရောဂိတ။ အမြဲကျန်းမာခြင်း၊ (၃) ပိယဘရိယ။ ချစ်ဖွယ်လှပသော မယားကို ရခြင်း၊ (၄) ပိယဝါဒိနီ၊ ချစ်ဖွယ် စကားကို ဆိုတတ်သော မယားကိုရခြင်း၊ (၅) ဝဿပုတ္တ။ ယဉ်ကျေးလိမ္မာသော သားကို ရခြင်း၊ (၆) အတ္တကာရိစဝိဇ္ဇာ။ လောကီလောကုတ် အကျိုးမယုတ်အောင် ဆောင်ရွက် ပေးနိုင်သော သားကိုရခြင်းတို့ဖြစ်ပါတယ်။

ဒီနေရာမှာလည်း အဲဒီလိုဖြစ်ဖို့ ဆိုတာက မိမိ ကိုယ်တိုင်က လည်း သားကောင်းသမီးကောင်းဖြစ်ခဲ့မှ ဒီဘက်မှာ ချမ်းသာ သုခပြည့်စုံပြီး မင်္ဂလာရရှိမှာ။

အမှန်တော့ မင်္ဂလာတရားတော်တွေဟာ တစ်ခုနှင့် တစ်ခု ဆက်နွယ်နေတယ်၊ ဒါကို အားလုံးပြီးမှ ဆက်ပြောပါမယ်။

**အတွဲလေးမျိုး**

ဗုဒ္ဓမြတ်စွာဘုရားက ဇနီးမောင်နှံ အတွဲလေး မျိုး + ရှိကြောင်းဟောတော်မူပါတယ်။

၁။ သူသေ ယောကျ်ားနှင့် သူသေ မိန်းမ၊ (လင်ကလည်း အကျင့်မကောင်း၊ မယား ကလည်း အကျင့် မကောင်း၊ ကျက်သရေမတိုး မင်္ဂလာမပြည့်စုံသောအတွဲ)။

၂။ သူသေယောကျ်ားနှင့် မယားနတ်သမီး (လင်က သီလ မရှိ၊ မယားက သီလရှိသော အတွဲ)။

+ ပရိတ်ကြီး နိဿယသစ်၊ ၈၃-၁၁၇၊

၃။ နတ်ယောကျ်ားနှင့် မယားသူသေ၊ (လင်က သီလ ရှိပြီး မယားက သီလမရှိတဲ့အတွဲ)။

၄။ နတ်ယောကျ်ားနှင့် မယားနတ်သမီး။ (လင်ရော မယားရော သီလရှိတဲ့အတွဲ) ကျောင်းသွားအတူတူ ဘုရားသွားအတူတူ။

ကဲ—ဘယ်လိုအတွဲမျိုး ဖြစ်ချင်သလဲ။

စတုတ္ထအတွဲမျိုး ဖြစ်ချင်ကြမှာချည်းဘဲ။

ဖြစ်ချင်ရင် ပုတ္တာဒါရသင်္ဂဟ မင်္ဂလာကိုကျင့်၊ ကျင့်ရင် သီရိဂေဟာဖြစ်မယ်၊ သီရိဂေဟာဖြစ်ရင် မင်္ဂလာရှိ၊ မင်္ဂလာရှိရင် ကျက်သရေ အလိုလိုရှိတာပါဘဲ။



## (၁၃)

## အနှောက်အယှက်မရှိသော အမှုကို ပြုရခြင်း မင်္ဂလာ

**ဆယ့်သုံးခုမြောက် မင်္ဂလာကတော့-**

အနာကုလကမ္မန္တ၊ အနှောင့်အယှက်မရှိသော အမှုတို့ကိုပြုရခြင်းဖြစ်တယ်လို့ ဗုဒ္ဓမြတ်စွာဘုရားသခင်က ဟောတော်မူပါတယ်။

အလုပ်ဆိုတာ ရှုပ်ရှုပ်ထွေးထွေးဖြစ်အောင် မလုပ်ဖို့၊ စည်းနှင့်ကမ်းနှင့် သေသေသပ်သပ်လုပ်ဖို့ လိုအပ်ပါတယ်။

စည်းကမ်းမရှိရင် အချိန်လွန်တာ၊ မသဋ္ဌီမလျော် ပြုမိတာ ပေါ့ပေါ့လျော့လျော့ လုပ်မိတာ တွေ့ရမယ်။

ဒါကြောင့် 'စည်းကမ်းဟာ လူ့တန်ဖိုး'လို့ပြောကြတာဘဲ။

**အလုပ်ကို နားလည် ရမည်**

အလုပ်တစ်ခု လုပ်တယ်ဆိုရင် (၁) ဘယ်အချိန်မှာ လုပ်သင့်တယ်ဆိုတာ အချိန်ကို နားလည်ရမယ်၊ (၂) သင့်လျော်အောင်လည်းလုပ်ရမယ်။ (၃) မပျင်းရိရဘူး၊ အလုပ်မှာ စိတ်ဝင်စားရမယ်။ (၄) လုံ့လဝီရိယလည်း ရှိရမယ်။ (၅) မပျက်စီးအောင်လည်း လုပ်ရမယ် × လို့ ပြဆိုပါတယ်။

ဒီလိုပြုလေ့ရှိတဲ့သူဟာ ဥစ္စာလိုရင် ဥစ္စာရမယ်။ ပညာလိုရင် ပညာရမယ်လို့ မြတ်စွာဘုရားကဟောကြားတော်မူပါတယ်။ +

**အချိန် သိခြင်း**

ဒီတော့ (၁) အချိန်သိတယ်ဆိုတာက သူ့အချိန်နှင့်သူ လုပ်ရမယ်။ 'စစ်ရောက်မှ မြားချွန်၊ မိုးလွန်မှ ထွန်ချ' နှင့် 'အချိန်ရှိခိုက် လုံ့လစိုက်' စကားရှိတယ်။ အချိန်ရှိတုန်း မလုပ်ရင် ပညာရှာချိန်မှာ ပညာမရှာရင်၊ ဥစ္စာရှာချိန်မှာဥစ္စာမရှာရင်အသက်အရွယ်လွန်မှ နောင်တဖြစ်ရတတ်တယ်။

အချိန်ရှိတုန်း မလုပ်ဘဲ အချိန်နှောင်းမှလုပ်ရင် အလုပ်သေသေ သပ်သပ် မပြီးနိုင်ဘူး၊ တစ်ပိုင်းတစ်စနှင့် သိမ်းလိုက် ရလို့ အလုပ်ရှုပ်ထွေးသွားနိုင်တယ်။ 'နွမများတော့မောင်ချည်ခင်စွပ်' ဆိုတဲ့ စကားဟာ ဒီအဖြစ်မျိုးက လာတာဘဲ။

ရှေးတုန်းကရွာတစ်ရွာမှာ နွမတစ်ယောက်တည်းရှိတဲ့မောင်နှင့်-နွမ (၁၀) ယောက်လောက်ရှိတဲ့ မောင်ရှိတယ်။ တန်ဆောင်

---

× ပရိတ်ကြီးနိဿယသစ်၊ ၂ စာ-၁၁၉၊
+ မင်္ဂလတ္ထဒီပနီ (၃) စာ-၉၅-၉၆၊

မုန်းလ နက္ခတ်ပွဲသဘင်မှာ ဝတ်ဖို့ ပုဆိုးရက်ပေးဖို့ရာ မောင်က နှမတွေကို ပူဆာတယ်။

ဒီတော့ကာ နှမတစ်ယောက်တည်း ရှိသူကတော့ ငါ့မောင် အချိန်မီ ဝတ်ရအောင်လို့ ကြိုးစားရက်တာ အချိန်မီ ပြီးတယ်။

နှမများသူ မှာကတော့ နှမတွေက တို့မှာ ညီအစ်မတွေ အများကြီးဘဲဆိုပြီး နေ့ရွှေ့ ညရွှေ့နှင့် ပွဲတော်နီးမှ ဝါဖတ်၊ ဗိုင်းငင်လုပ်ကြတော့ ပွဲတော်ရက်လည်း ရောက်ရော ချည်ခင် အဖြစ်ဘဲပြီးတယ်၊ ယက်ကန်းတောင် မရက်ရသေးဘူး။

ဒါကြောင့် ပွဲတော်ထဲကို ချည်ခင် လည်ပင်းမှာစွပ်ပြီးသွား ရတော့ သူများတွေက ဝိုင်းလှောင်တာနှင့် ရှက်ပြီး ရေထဲဆင်း သေတာ ချည်ခင်စွပ်ငှက်ရယ်လို့ ဖြစ်လာတယ်လို့ လူကြီးသူမ တွေပြောစမှတ်ရှိတယ်၊ ဒါဟာအချိန်ကိုမလေးစားတဲ့အပြစ်ဘဲ၊

နောက် (၂)အချက် သင့်လျော်အောင်ပြုခြင်း

**သင့်လျော် အောင်ပြု** ဆိုတာ သူ့နေရာနှင့် သူ သင့်လျော်အောင် လုပ်ရတာ၊သူ့နေရာနှင့်သူ လုပ်ရတာ၊သားအဖ သုံးယောက် စာအမိပ္ပာယ် မသိတော့ အလွဲလွဲ လျှောက်လုပ်တာ သွားသတိရတယ်။

ရှေးတုန်းက သားအဖသုံးယောက်ရှိတယ်။ လယ်လုပ်ရတာ နေထားက မသင့်တော့ အဆင်မပြေဘူး၊ဒါနှင့်အဖေလုပ်သူက ပြောတယ်၊သားရေ-ဒီမှာ လယ်လုပ်ရတာ အဆင်မပြေဘူး၊ ရေ က မလောက်ဘူး၊ ဟိုတောင်ကုန်းပေါ်မှာ သွားလုပ်ရင် ကောင်းမယ်လို့ ပြောတယ်။

ဒီတော့ သားအကြီးက 'မဟုတ်ဘာအဖေရယ် ဒီမှာတောင် ရေမရတာ၊ တောင်ကုန်းပေါ်မှာ ဘယ့်နှယ်ရေရပါ့မလဲ' ဆိုတော့အဖေက 'စာဆိုရှိတယ်ကွ၊စာထဲမှာ (တောင်ညွန့်ကုန်းထက် ကမ်းရိုးသက်ဝယ်၊အနက်ပြည့်ဖို့၊ ရေပြည့်အိုးသို့၊ကြိုးကြိုးပမ်းပမ်း၊ မဖိတ်တမ်းသည်၊ သူစွမ်းသဖွယ်) လို့ပါတယ်' ဆိုတော့ သားအကြီးလည်း မဟုတ်တဲ့ အဓိပ္ပာယ်တွေ ကောက်ယူ ပြောနေတယ်ဆိုပြီး စိတ်ဆိုးပြီး အိမ်ပြန်သွားတယ်။ အိမ်ရောက်တော့ ညီအငယ် ချက်ထားတဲ့ ထမင်းတွေကို အကုန်စားပစ်ပြီး အိုးပါ မှောက်ထားပြီး အိပ်နေတယ်။

အဖေလည်း မောမောနှင့် ပြန်လာတာ၊ အိမ်ရောက်တော့ ထမင်းက စားစရာမရှိဘူး၊ ဒီတော့ သားအငယ်ကို မေးတော့ အစ်ကိုကြီး စားလို့ကုန်ပြီဆိုတော့ သားအကြီး ဘာလို အကုန် စားရသလဲ မေးတယ်။ သားအကြီးက 'စာထဲမှာ ပါတယ် အဖေရဲ့ အဖေ့လိုဘဲပေါ့။ စာထဲမှာက (အိုးပါမကျန်၊ပြောင်းပြန်မှောက်လျက်၊ တင်ယောက်မကြွင်း၊ အောက်ဟင်းလင်းတည့်)လို့ ပါတဲ့အတွက် ဒီလိုလုပ်ထားတာ' ဆိုတော့ အဖေလုပ်သူလည်း သားအကြီးကို မပြောသာဘဲသားအငယ်ကို ဘာကြောင့် ထမင်းထပ်မချက်လဲ မေးတယ်။

ဒီတော့ သားအငယ်က 'ကျွန်တော်လည်း အဖေတို့လို စာဆိုအတိုင်းဘဲ စာထဲမှာ (အိုးတွင်ချောင်ချောင်၊ထမင်းပြောင်သည်၊ အမောင်ဆည်းပူးနိုင်စေသတည်း)ဆိုတာဖတ်ဖူးလို့ ထပ်မချက်တော့ဘူး' ဆိုတော့ အဖေကြီးလည်း အောင့်ဆက်သက်နှင့် ခံလိုက်ရတယ်၊ ဒါဟာ သူ့နေရာနှင့် သူ မလုပ်တတ်ရင် ဖြစ်တတ်တဲ့သဘော၊သဲကန္တာရထဲစပါးသွားစိုက်လို့မဖြစ်ဘူး။

**ပျင်းရိခြင်း အပြစ်**

နောက် (၃) အချက်က ပျင်းရိခြင်း၊ ပျင်းတယ်ဆိုတာ အင်မတန် အလုပ်ကို ရှုတ်ထွေးစေတတ်တယ်။ လောကနီတိ * မှာ—

—ပျင်းရိသောသူအား အတတ်အဘယ်မှာတတ်အံ့နည်း။
—အတတ်မရှိသောသူအား ဥစ္စာ အဘယ်မှာရအံ့နည်း ၊
—ဥစ္စာမရှိသောသူအားအဆွေခင်ပွန်း အဘယ်မှာ ရအံ့နည်း ၊
—အဆွေခင်ပွန်းမရှိသောသူအားချမ်းသာအဘယ်မှာရအံ့နည်း
—ချမ်းသာမရှိသောသူအားကောင်းမှုအဘယ်မှာပြုရအံ့နည်း။
—ကောင်းမှုမရှိသောသူအားနိဗ္ဗာန်ကိုအဘယ်မှာရနိုင်အံ့နည်း၊
လို့ လာရှိပါတယ်။

**လုံ့လ အကျိုး**

စတုတ္ထ (၄) အချက်က လုံ့လရှိဖို့ဘဲ၊ လုံ့လရှိတယ်ဆိုတောင်မှ အလုပ်မှာကျွမ်းကျင်ဖို့လည်းလိုသေးတယ်။ မကျွမ်းကျင်ရင် စောစောတုန်းက ပြောခဲ့သလို လှေတက်မ လုပ်တာ တက်မလည်း မဖြစ်၊ ယောက်မလည်းမဖြစ်၊ ဝီဘဲဖြစ်ပြီး ရှုပ်ထွေး ကုန်တော့မှာဘဲ။

**မပျက်စီး စေခြင်း**

ပဥ္စမ (၅) အချက်က မပျက်စီးစေခြင်းဟာအရေးကြီးတယ်။ ကိုယ်လုပ်တဲ့အလုပ် ရည်ရွယ်ချက် မပြီးခင် ပျက်စီးသွားရင် လုပ်ရတာ အချိန်ကုန်တယ်၊ ပင်ပန်းတယ်။ ဘာအကျိုးရှိမှာလည်း ဒါကြောင့် ကြီးပွားချမ်းသာချင်တဲ့လူဟာ ၁။ သေသောက်ကြူးခြင်း၊

---

* လောကနီတိ၊ ပဏ္ဍိတ ကဏ္ဍ၊ ပုဒ်ရေ (၃)။

၂။ လောင်းကစားကြူးခြင်း၊ ၃။ ပျင်းရိခြင်း၊ ၄။ မေ့လျော့ခြင်း၊ ၅။ မစောင့်စည်းခြင်း၊ ၆။ အအိပ်ကြူးခြင်း၊ ၇။ ကိုယ်တာဆန့်ဆန့်ပျင်းကြောဆွဲခြင်း၊ ၈။ လုံ့လဝီရိယမရှိခြင်းတို့သည် အလုပ်ပျက်စီးကြောင်းဖြစ်လို့ ရှောင်ကြဉ်ရမယ်လို့ သံယုတ္တနိကာယ် သဂါထာ ဝဂ္ဂဒေဝတာ သံယုတ်မှာလာရှိကြောင်း မှတ်သားရပါတယ်။

**သမ္ပဒါတရား ၈-ပါး**

ဒါကြောင့်ကြီးပွားချမ်းသာချင်သူဟာသမ္ပဒါတရားရှစ်ပါး + နှင့် ပြည့်စုံရမယ်။ (၁) ဥဋ္ဌာနသမ္ပဒါ။ ထကြွလုံ့လဝီရိယနှင့် ပြည့်စုံရမယ်။ (၂) အာရက္ခသမ္ပဒါ။ ရပြီးဥစ္စာကိုသိမ်းဆည်းတတ်ရမယ်၊ (၃) ကလျာဏမိတ္တတာ၊ လောကရေး၊ ဓမ္မရေး မိတ်ကောင်းရှိရမယ်၊ (၄) သမဇီဝိတာ။ ဝင်ငွေနှင့်သုံးငွေလျော်စာန်အောင် မျှတအောင်သုံးစွဲတတ်ရမယ်၊ (၅) သဒ္ဓါသမ္ပဒါ။ သဒ္ဓါတရားနှင့်ပြည့်စုံရမယ်၊ (၆) သီလသမ္ပဒါ။ သီလနှင့်ပြည့်စုံရမယ်၊ (၇) စာဂသမ္ပဒါ။ စွန့်ကြဲပေးကမ်းတတ်ရမယ်၊ (၈) ပညာသမ္ပဒါ။ နေရာ ဌာနသိတတ်တဲ့ ပညာရရှိမယ်လို့ ဖြစ်ပါတယ်။

**သုခ ၄-မျိုး**

ဒီလို အနှောင့်အယှက်မရှိတဲ့အမှုကို ပြုလုပ်နိုင်တဲ့သူဟာ သုခလေးမျိုးကို ရရှိနိုင်တယ်။ (၁) အတ္ထိသုခ။ အလုပ်ကြိုးစားလို့ စီးပွားဥစ္စာ တိုးလာတဲ့အခါ ငါ့မှာ ရှိတယ်လို့ တွေးမိတိုင်း စိတ်ချမ်းသာတယ်၊ (၂) ဘောဂသုခ။ အလုပ် ကြိုးစားရတဲ့

✱ သု ၈၁—၁၀၁။

ဥစ္စာကိုရလို့ သုံးစွဲတိုင်း အသုံးပြုရတိုင်း စိတ်ချမ်းသာတယ်။ (၃) အာနဏျသုခ။ သူတထူးကြွေးမြီ မရှိတဲ့အတွက် စိတ်ချမ်းသာတယ်၊ (ကြွေးရှိရင် ဘယ်တော့ လာတောင်းမလဲ၊ ငါပေးစရာလည်း ငွေမရှိ၊ ပြေးစရာလည်း မြေမရှိ၊ တရားစွဲဘဲ ခံရမလား၊ စိတ်ဆင်းရဲရတယ်) ကြွေးကင်းတယ်လို့ တွေးမိတိုင်း ပီတိဖြစ် စိတ်ချမ်းသာရတယ်၊ (၄)အနဝဇ္ဇသုခ။ ကိုယ်လုပ်တဲ့ အလုပ်ဟာအပြစ်မရှိတဲ့အတွက်ကိုယ်ရောနှုတ်ရော စိတ်ရောချမ်းသာတယ်။ ရတဲ့ပစ္စည်းဟာတရားသဖြင့်ရတာမို့ စိတ်ချမ်းသာတယ်။ မတရားရတဲ့သူဟာဘယ်တော့မှအိပ်ကောင်းခြင်းမအိပ်ရဘူး၊ ငါ့ဘယ်တော့ လာဖမ်းမလဲ၊ တထိတ်ထိတ် နေရတယ်။

ဒါကြောင့် အနှောင့်အယှက်မရှိတဲ့၊အပြစ်ကင်းတဲ့ အမှုကို ပြုလုပ်ရခြင်းသည်စိတ်ချမ်းသာမှုရရှိတဲ့အတွက် မင်္ဂလာဖြစ်တယ်ဆိုတာကို အမျိုးကောင်းသားသမီးတို့ သဘောပိုက်မိပြီးမိမိအတွက်၊ မိမိအိမ်ထောင်စုအတွက် မိမိဆွေမျိုးအတွက်၊မိမိရပ်ရွာအတွက်၊မိမိနိုင်ငံအတွက် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားသင့်ကြပါတယ်။

☆

# (၁၄)

# အလှူပေးခြင်းမင်္ဂလာ

**တစ်ဆယ့်လေးပါးမြောက်မင်္ဂလာကတော့**

ဒါနဉ္စ၊ အလှူပေးရခြင်းသည် မင်္ဂလာဘဲလို့ ဗုဒ္ဓမြတ်စွာဘုရားသခင်က ဟောတော် မူပါတယ်။ လှူတယ် ဆိုတာဟာ စေတနာရှိမှလည်း လှူနိုင်ပါတယ်၊ စေတနာမရှိရင် အလှူမဖြစ်ဘူး၊ လှူတတ်တဲ့သူမှာကိုယ်လည်းစိတ်ချမ်းသာတယ်၊ သူတစ်ပါးလည်း စိတ်ချမ်းသာတယ်။

လှူတဲ့နေရာမှာလည်း ပုဗ္ဗ၊ ပရ၊ မုဥ္စ စေတနာသုံးတန်ပြတ်ဖို့ လိုတယ်။ မလှူခင်လည်း စေတနာ မပျက်ရဘူး၊ လှူဆဲလည်း စေတနာမပျက်ရဘူး၊ လှူပြီးလည်း စေတနာ မပျက်ရဘူး၊ အချိန်သုံးပါးစလုံး စိတ်ချမ်းသာမှု ရရမယ်။

ဒါဟာ ကိုယ့်မှာရှိတာကိုလှူတာ၊ အချို့ ကျတော့ ပကာသနအလှူ လှူတယ်။ ကိုယ့်မှာမရှိဘဲနှင့် ချေးငှား ကြွေးမြီယူပြီး

လှူတာ ဒီတော့ မလှူခင်ကလည်း ပျော်ရတယ်။ လှူနေ တုန်းလည်း ပျော်ရတယ်။ လှူပြီးလည်း ပျော်ရတယ်။ ဒီတော့ ဘယ်အလှူ မြောက် မလဲ စဉ်းစားကြည့်ပါ။

**စေတနာ ရှေ့သွားမှန်မှ**

စေတနာ + ဆိုရာမှာလည်း ဒါန ဆိုတာဟာ တစ်ပါးသူကိုရည်စူးပြီးဖြောင့်မှန်တဲ့အသိဉာဏ် ရှေ့သွားနှင့် ထမင်းအစရှိတဲ့ ဆယ်မျိုးသော အလှူဝတ္ထုတို့ကိုစွန့်လှူတဲ့ စေတနာဘဲလို့ ဗုဒ္ဓ မြတ်စွာဘုရားက ဟောကြားတော် မူပါတယ်။ ဒီနေရာမှာ အဓိကအချက်က "အသိဉာဏ်ရှေ့သွားမှန်နှင့် ဆိုတဲ့ စကား ဖြစ်တယ်။ လှူရပြီးရော မဟုတ်ဘူး၊ ကြွေးတင်ခံလှူဖို့မဟုတ်ဘူး၊ အသိဉာဏ်နှင့်လှူရမှာဖြစ်ပါတယ်။ ပေးတယ် ဆိုတာမှာလည်း ကြောက်လို့ ပေးရတာ၊ လာဘ်မျှော်ကိုးပြီး ပေးရတာ၊ ချစ် ကြိုက်လို့ ပေးရတာ၊ ဒါတွေဟာဒါနထဲမှာ အကျုံးမဝင်ဘူး။

**စွန့်ခြင်းကြီး ငါးပါး**

ဘုရားအလောင်းတော်တို့မှာ စွန့်ခြင်းကြီး ငါး ပါး*နှင့်စွန့်ပြီးပေးလှူကြတယ်။ (၁)ခြေလက် စတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းကိုလှူခြင်း၊ (၂) မင်းစည်းစိမ်ကိုစွန့်၍လှူခြင်း၊ (၃) သားသမီး ကိုလှူခြင်း၊ (၄)မယားကိုလှူခြင်း၊ (၅)မိမိအသက်ကို စွန့်ပြီး လှူခြင်းတို့ဖြစ်တယ်။ စောစောက ပြောခဲ့တဲ့ ထမင်း အစရှိတဲ့ လှူဖွယ်ဝတ္ထုဆယ်မျိုး * က ဘာတွေလဲဆိုတော့ (၁) အန္န။

---

+ ပရိတ်ကြီးနိဿယသစ်၊ စာ- ၁၂၅။

*သု-စာ-၂၁၂၊ ၂၆၂။

ဆွမ်းအလှူ၊ (၂)ပါန၊ အဖျော်ရည်အလှူ၊ (၃)ဿရ၊ ကျောင်းအလှူ၊ (၄) ဝတ္ထု၊ အဝတ်သင်္ကန်းအလှူ၊ (၅) ယာန၊ လှေရထား စသော ယာဉ်အလှူ၊ (၆) မာလ၊ ပန်းအလှူ၊ (၇) ဝိလေပန၊ နံ့သာပျောင်းရည်အလှူ၊ (၈) သေယျ၊ အိပ်ရာကော်ဇောအလှူ၊ (၉) ဂန္ဓ၊ နံ့သာမှုန့်၊ ပေါင်ဒါ၊ ရေမွှေးအလှူ၊ (၁၀) ပဒီပ၊ ဆီမီးအလှူတို့ ဖြစ်ပါတယ်။

**အလှူအင်္ဂါ ၃-တန်**

ဒီလိုလှူတဲ့အခါမှာလည်း အင်္ဂါသုံးတန်* ရှိရင်ပိုပြီးအကျိုးရှိပါတယ်။ (၁) အလှူ ပေးလှူသူဟာ စင်ကြယ်တဲ့သီလနှင့် လွတ်လွတ် ကျွတ်ကျွတ် လှူဒါန်းနိုင်ရမယ်။ (၂) အလှူခံပုဂ္ဂိုလ်ကလည်း ကိုယ်ကျင့်သီလ ပြည့်စင်ရမယ်၊ (၃) လှူဖွယ်ဝတ္ထုပစ္စည်းတလည်း မမှိုယလဒ္ဓ တရားသဖြင့်ရတဲ့ ပစ္စည်း ဖြစ်ရမယ်၊ ဒါမှ မဟပ္ဖလဆိုတဲ့ မွန်မြတ်တဲ့အကျိုးထူးကိုရနိုင်ပါတယ်။

**လှူနည်း ငါးပါး**

နောက်တစ်ခါမှာလည်း လှူနည်း ၅ ပါး၊ လှူပုံနှစ်မျိုးစီ ** ရှိပြန်ပါတယ်။ (၁) ဝဋ္ဋနိဿိတဒါန၊ လူနတ်ချမ်းသာကို လိုချင်လို့ လှူတာမျိုးနှင့် ဝိဝဋ္ဋနိဿိတဒါန၊ မဂ်ဖိုလ် နိဗ္ဗာန်ကို လိုချင်လို့ လှူတာမျိုး (ပါရမီဒါန)။ (၂) ဝတ္ထုပစ္စည်းအလှူမျိုး (အာမိသဒါန) နှင့် တရားပေစာအလှူ၊ တရားဟော၊ တရားနာ၊ တရားအားထုတ်၊ တရားစာသင်ပို့ချမှုမျိုး (ဓမ္မဒါန)၊ (၃) သံဃိကဒါန။ အများပိုင် အလှူမျိုးနှင့် ပုဂ္ဂလိကဒါန

* သု ၈၁-၂၁၂။ ** သု ၈၁-၂၉၀။

ပုဂ္ဂိုလ်ကို ထိုက်ထိုက်သင့်လျော်စွာ ပေးလှူခြင်းမျိုး။ (၄)အဂ္ဂဒါန၊ စားဦး စားဖျား လှူတာမျိုးနှင့် ဥစ္စိဋ္ဌဒါန။ စားကြွင်းစားကျန် လှူတာမျိုး၊ (၅)သက္ကစ္စဒါန၊ ရိုသေလေးမြတ်စွာလှူခြင်းမျိုးနှင့် အသက္ကစ္စဒါန။ မရိုမသေ ပေးလှူတာမျိုးရယ်လို့ ရှိတယ်။ ဒါကြောင့် အကျိုးရှိမယ့်အလှူမျိုးဖြစ်အောင်လည်း ပေးလှူတတ်ရပါမယ်။

**လှူခြင်း အမျိုးမျိုး** ဒီလိုပေးလှူတဲ့နေရာမှာ+ ၁။ ဟိနဒါန။ ယုတ်ညံ့သောအလှူ၊ ၂။ မဇ္ဈိမဒါန။ လောကီချမ်းသာ လောက်အာရုံပြုပြီး အလှူနှင့် (၃)ပဏီတဒါန။ နိဗ္ဗာန်ရည်စူးပြီး လှူတဲ့အလှူ + လို့ရှိပြန်တယ်၊ တစ်ခါပေးလှူတဲ့စိတ်ထားကလည်းအရေးကြီးတယ်၊ ဒီမှာတစ်ခါသုံးမျိုးပြပြန်တယ်။ ၁။ဒါနဒါသ။ ကျွန်ကိုပေးသလို ပေးလှူခြင်း၊ ၂။ ဒါနသဟာယ၊ မိတ်ဆွေကိုပေးကျွေးသလို လှူခြင်းနှင့် ၃။ဒါနသာမိ။အရှင်သခင်ကိုပေးလှူခြင်းရယ်လို့ ဖြစ်တယ်။

ဒါကြောင့် ရဟန်းသူမြတ်များကို ပေးလှူတဲ့အခါ ရိုသေတဲ့ စိတ်ထားရှိဖို့လိုအပ်ပါတယ်။ ဥပမာပါဝိတ္တ ကိုကြည့်ရင် ရဟန္တာ အရှင်မြတ်ကို မြေမှုန့်ညက်လှူရာမှ ဆဲရေးပြီး လှူတဲ့ အတွက်နူး ညံ့သော အသားအရေ အတွေ့အထိ ရှိသော်လည်း အရုပ်ဆိုးမ ဖြစ်ရခြင်းဟာ ကျွန်ကိုလှူသလို လှူတဲ့အကျိုးဖြစ်ပါတယ်။

**အလှူရှင်အင်္ဂါ ၆ပါး** ဒီလိုပေးလှူတဲ့ နေရာမှာလည်း အကျိုးပြည့်ဝဖို့အတွက် အင်္ဂုတ္တရ ပါဠိတော်မှာ အင်္ဂါ ၆ပါး လိုအပ်ကြောင်း အလှူရှင်ရဲ့ အင်္ဂါ ၆ပါး *ကို ပြဆိုပါတယ်။

---

+ သုံ၊ စာ-* ၉၀၊ ၈၉-၆၀၊ ** ၂၉၀၊

၁။ မပေးလှူမီ ရွှေးအဖို့၌ ဝမ်းမြောက်နေရခြင်း၊

၂။ ပေးလှူဆဲခဏ၌ စိတ်ကြည်လင်ရွှင်ပြရခြင်း၊

၃။ ပေးလှူပြီးနောက် မကြာခဏနှစ်သက်ဝမ်းသာအမှတ်ရနေခြင်းတို့ဖြစ်ပါတယ်။
ပြီးတော့အလှူခံပုဂ္ဂိုလ်တို့ဘက်ကလည်း—

၁။ ရာဂကင်းစင်သူဖြစ်ခြင်း၊ ရာဂကင်းကြောင်း ကျင့်ကြံအားထုတ်နေသူဖြစ်ခြင်း၊

၂။ ဒေါသကင်းခြင်း၊ ဒေါသကင်းကြောင်း၊ ကျင့်ကြံအားထုတ်နေသူဖြစ်ခြင်း၊

၃။ မောဟကင်းခြင်း၊ မောဟကင်းကြောင်း ဝိပဿနာတရားကျင့်ကြံအားထုတ်နေသူများဖြစ်ခြင်းတို့နှင့် ညီညွတ်ပါက ချက်ချင်းအကျိုးပေးနိုင်ပါတယ်၊ အကျိုးကြီးလှပါတယ်။

**သုမန ဝဂ်လာ လှူခြင်းငါးပါး** ဗုဒ္ဓမြတ်စွာဘုရားသခင်က "ပဉ္စဂုတ္တရပါဠိတော် သုမနဝဂ်"မှာ သင့်လျော်လျောက်ပတ်ကောင်းမြတ်တဲ့ပေးလှူခြင်းငါးပါး + ကိုဟောတော်မူပါတယ်။

၁။ အာဂန္တုကဒါန။ ဧည့်သည်များအား ပေးလှူခြင်း၊ (ရပ်ဝေးရောက်လာတဲ့ဧည့်သည်တွေ မဆွံမရှားရအောင်လှူတာ ဧည့်သည်တွေအဖို့ အင်မတန်ဝမ်းမြောက်စရာဖြစ်တယ်)။

---

+ ၈၁—၂၉၀၊

၂။ ဂမိကဒါန။ ခရီးသွားများအား ပေးလှူခြင်း (ခရီးသွားတဲ့လူတွေမှာ မဆွံ့မရှားရအောင် လှူတာလည်း မှန်မြတ်တာဘဲ၊ ဥပမာပြောရရင် ရေချမ်းစင်အလှူမျိုး၊ ဒီလိုရေချမ်းစင် လမ်းဘေးမှာ ထားပြီးလှူတာ ဗုဒ္ဓဘာသာလူမျိုးတို့ရဲ့ကောင်းမြတ်တဲ့ ဓလေ့ တုံးစံ၊ အနောက်နိုင်ငံတွေမှာ ဒါမျိုး မရှိဘူး၊ ဘယ်လောက် ချစ်စရာ ကောင်းတဲ့ ဓလေ့ ဆိုတာ) ရေအာကျိုး ဆယ်ပါး၊ မတောင်းဘဲတောင် ရနိုင်တယ်၊ (ကိတ္တိသုဒ္ဓေါ၊ ခြေရံ ပေါ၊ လျင်ဆော၊ မွတ်သိပ်ကွာ၊ သန့်ရှင်း၊ လှပ၊ ချမ်းသာရ၊ ဗလ။ ဉာဏ်ပညာ ရေကိုလှူကြ ကျိုးဆယ်ဝ မုချရမည်သာဖြစ် ပါတယ်)။×

၃။ ဂိလာနဒါန။ လူနာများအား ပေးလှူခြင်း (ဆေးရုံ ဆောက်ခြင်း၊ ဆေးပစ္စည်း လှူခြင်း၊ ဆေးရုံလှူခြင်း၊ အစား အသောက်လှူခြင်း စသည်။)

၄။ ဒုဘိက္ခဒါန။ ငတ်မွတ်ရှားပါး ဒုက္ခသည် များအား လှူခြင်း(မီးဘေး၊ လေဘေး၊ ရေဘေး ရောက်သူတွေကို လှူတဲ့ အလှူမျိုး၊ ခုအခါမှာ အင်အားကြီး နိုင်ငံတွေ လက်နက်တွေ ကိုသာ လိုသလောက် စွန့်ကြဲနေတယ်၊ ငတ်နေတဲ နိုင်ငံတွေကို စားစရာကျတော့ လောက်လောက်ငငမပေးဘူး။)

၅။ သီလဝန္တနဝဖုဒါန။သီလရှိသူတို့အား ပေးလှူခြင်း တို့ဖြစ်ပါတယ်။

+ သု၊ စ၁ - ၉၀၊

တစ်ခါ လှူပုံလှူနည်းရှစ်မျိုး + ရှိပြန်ပါတယ်။

**လှူနည်း ၈ ပါး**

(၁)မိမိလှူရာဌာနသို့ရောက်လာ၍ ပေးလှူခြင်း၊ (၂)ကြောက်၍ လှူရခြင်း၊ (၃) သူတပေးလှူဘူး၍ ကိုယ်က ပြန်ပေးလှူခြင်း၊ (၄) လာဘ်လာဘကို မျှော်ကိုး၍ လှူခြင်း၊ (၅) မိရိုးဖလာ ရှိ၍ စဉ်လာမပျက် ရအောင် လှူခြင်း၊ (၆) ရဟန်းသံဃာတို့ ချက်မစားကောင်း၍လှူခြင်း၊ (၇) သူတစ်ပါး ချီးမွမ်းခံလို၍ လှူခြင်း၊ (၈)မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရလို၍ လှူခြင်းတို့ ဖြစ်ပါတယ်။

ဒါတွေကိုပြောနေရတာဟာ လှူတဲ့နေရာမှာ လှူသလောက် အကျိုးရှိဖို့အတွက် ပြည့်ပြည့်စုံစုံ ဗဟုသုတ သိရှိအောင် တင်ပြနေခြင်း ဖြစ်ပါတယ်။

မှတ်သားရအောင်အကျဉ်းချုပ်လင်္ကာကတော့(၁)ရောက်လာ၍လှူ၊ (၂) ကြောက်၍လှူနှင့်၊ (၃) ပေးလှူ၍လှူ၊ (၄) ပေးလိမ့်လှူတည့်၊ (၅) ရှေးသူတို့ငြိမ်း၊ (၆) မချက်စွမ်းနှင့်၊ (၇)ချီးမွမ်းရလို၊ (၈) မဂ်၊ ဖိုလ် လိုသည် မိန့်ဆို ဒါနရှစ်မျိုးတည်း။

**ဒါနနှင့် ဒင်းနာပါတီ**

ဒါနနှင့် ဒင်းနာပါတီ၊ ဘာသ်ဒေး(မွေးနေ့) ပါတီတွေ မတူဘူး ဆိုတာ သိနိုင်ပါတယ်။ ဒင်းနာပါတီ၊ မွေးနေ့ပါတီကို လုပ်ရင်လည်း ပကာသန မဟုတ်ဘဲ၊ ဒါနမြောက်အောင် လုပ်သင့်တယ်ဆိုတာ ပြောလိုပါတယ်။ လှူဒါန်းသူရဲ့ စေတနာမှန်

---

+ သု၊ ၈၁—၂၀၉၊

ရင် ဘယ်လောက်အကျိုးပေးတယ်ဆိုတာ စောစောက သုပ္ပိယာ ဒါယိကာမအကြောင်းမှာ ပြောပြခဲ့ပြီး ဖြစ်ပါတယ်။

**ဂေါပါလ မယ်တော်**

ဒီနေရာမှာ ဂေါပါလ မယ်တော် မိဖုရား ✕ အကြောင်း အနည်းငယ်ပြောလိုပါတယ်။ ဗုဒ္ဓ ဘုရားရှင် လက်ထက်တော်အခါက ဥဇ္ဇေနီမြို့ကို သွားတဲ့ခရီးလမ်းမှာ တေလနာလိခေါ်တဲ့ ရွာ တစ်ရွာရှိတယ်၊ ဒီရွာ သူဌေးသမီး နှစ်ယောက်ရှိတယ်၊ တစ်ယောက်ဟာ မိဘတွေသေတော့ ဆင်းရဲပြီး အထိန်းမိန်းမကိုမှီခို ပြီးနေရတယ်၊ဆင်းရဲပေမယ့် ဆံပင်သိပ်ကောင်းတယ်။

တစ်ယောက်က ဆံပင်မရှိဘူး၊ ဒီတော့ ဆံပင်ကိုရောင်းပါ၊ အသပြာတစ်ထောင် ပေးပါမယ်ဆိုတယ်၊မရောင်းဘူး။

တစ်နေ့ကျတော့ မဟာကစ္စည်း မထေရ်နှင့်ရဟန္တာ(၇)ပါးဟာ စဏ္ဍပဇ္ဇောတမင်းကို ဘုရားမကြွဖြစ်တဲ့အကြောင်းပြောဖို့ ကြွလာတဲ့အခါ ဒီရွာရောက်တော့ ဆွမ်းခံတာ ဆွမ်းမရဘူး။ ဆင်းရဲတဲ့ သူဌေးသမီးအိမ် ရောက်တဲ့အခါ ဆွမ်းမရကြောင်း သိရတော့ 'ငါ့မှာလည်း လှူစရာမရှိ၊ ဆံပင်ကိုရောင်းလှူမယ်ဆို ပြီး ရဟန္တာအရှင်မြတ်များကို အိမ်မှာပင့်ခေါ် သီတင်းသုံးစေ ပြီး၊ ✕ အထိန်းမိန်းမကို ဆံပင်သွားရောင်းစေတယ်။ အထိန်း မိန်းမလည်း ဝမ်းနည်းစိတ်မကောင်းလို့ မျက်ရည် မဆည်နိုင် ဖြစ်ရတယ်။

---

\+ မင်္ဂလတ္ထဒီပနီ၊ (ဒု-တွဲ) စာ-၁၄၀-၁၄၁။

✕ ပရိတ်ကြီးနိဿယသစ်၊ စာ-၁၂၇၊

အရှင်မြတ်တွေ မမြင်အောင် ထွက်လာပြီး အရင်ငယ်ဖူးတဲ့ သူဌေးသမီးထံသွားရောင်းတော့ ဈေးနှိမ်ပြီး အရင်ကအသပြာ တစ်ထောင်တောင် ပေးခဲ့တာ ယခုရှစ်ကျပ်ဘဲ ပေးလိုက်တယ်၊

ရသလောက်ဘဲ ယူလာပြီး တစ်ပါးတစ်ကျပ်နှုန်းနှင့် ဆွမ်းချက်ပြီး လောင်းရှာတယ်။

မဟာကစ္စည်း မထေရ်က အကြောင်းသိလို့ မေးတဲ့အခါ သူဌေးသမီးဟာ မနေသာတော့ဘဲ ထွက်လာပြီး မထေရ်များကို ဦးချကန်တော့တယ်။ ဒီလို ကန်တော့လိုက်တာနှင့် ဆံပင်များဟာ နဂိုအတိုင်း ပြန်ပေါက်လာတယ်။

ဒါဟာ သုပ္ပိယာတုန်းက ဘုရားရှင်ရဲ့ ကျေးဇူးဂုဏ်၊ ဒီမှာ ဘုရားရှင်ရဲ့တပည့်သား ရဟန္တာတွေတောင်ဘယ်လောက် ကျေးဇူးဂုဏ်ရှိတယ်ဆိုတာ သိနိုင်တယ်။ ဒါကြောင့် သံဃာတော်တွေဟာ အနုတ္တရံပုညက္ခေတ္တံ။ လူအများရဲ့အတုမရှိတဲ့ကောင်းမှုစိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူတယ်ဆိုတာ ထင်ရှားလှတယ်။

ဒီလို လှူဘဲ့ လှူကလဲ စေတနာစင်ကြယ်၊ အလှူခံတဲ့ ပုဂ္ဂိုလ်ကလည်း သီလဖြူစင်၊ လှူဖွယ် ဝတ္ထုကလည်း ဓမ္မိယလဒ္ဓ ဖြစ်တော့ ဒိဋ္ဌဓမ္မ အကျိုးပေးတာပါဘဲ။

ဒီနောက် ရဟန္တာအရှင်မြတ်များလည်း ကောင်းကင်ခရီးနှင့် စဏ္ဍပဇ္ဇောတ မင်းကြီးရဲ့ ကဥ္စနဝန ဥယျာဉ်ကိုကြွသွားတော်မူပြီး ဥယျာဉ်မှာဘဲ သူဌေးသမီး လောင်းလိုက်တဲ့ ဆွမ်းကို ဘုဉ်းပေးတော်မူတယ်။ ဥယျာဉ်စောင့်က လျှောက်ထားလို့ စဏ္ဍပဇ္ဇောတ မင်းကြီးရောက်လာပြီး အကြောင်း သိရတော့

ဆင်းရဲတဲ့သူဌေးသမီးကို ဆောင်ယူစေပြီး မိဖုရားကြီးမြှောက်တယ်။

နောင် သားရတဲ့အခါ အဘိုးသူဌေးရဲ့ အမည်ကို ယူပြီး ဃောသကလို့ နာမည်ပေးတဲ့အတွက် ဃောသက မယ်တော်ရယ်လို့ အမည်တွင်တယ်။

**ဒါနရဲ့ လက်ငင်း အကျိုး** သီဟသေနပတိ စစ်သူကြီးက ဒါနအကျိုးဟာ ယခုဘဝ လက်ငင်း ပေးနိုင်သလား လျှောက်ထားလို့ မြတ်စွာဘုရားက အကျိုးငါးပါး * ရကြောင်း ဟောတော်မူတယ်။

၁။ လူအများချစ်မြတ်နိုးခံရခြင်း(တိရစ္ဆာန်ပင် ပေးသူကို ချစ်တတ်တဲ့အတွက် လူမှာ ဆိုဖွယ်ရာ မရှိတော့)။

၂။ သူတော်ကောင်းများ ရောက်လာခြင်း (သူတော်ကောင်းများ ရောက်လာတဲ့ အတွက် ကုသိုလ်ဖြစ်တဲ့ အပြင်တရားစကားကြားနာရလို့မင်္ဂလာ ဖိုလ်နိဗ္ဗာန်အကျိုးများတယ်)။

၃။ ကောင်းသတင်း ကျော်စောခြင်း။

၄။ မည်သည့်ပရိသတ်ထဲမဆို ရဲရဲဝံ့ဝံ့ ဝင်ရဲခြင်း(အများချစ်ခင်ခံရသူမှာ ကြောက်ဖွယ်မရှိ ဖြစ်တယ်။)

၅။ သေသော် နတ်ပြည်ရောက်ရခြင်းတို့ ဖြစ်တယ်။

---

* ပရိတ်ကြီး၊ နိဿယသစ်၊ စာ-၁၂၀။

**အပါယ် လားကြောင်း အလှူများ**

ဒီလိုလှူတဲ့ ပေးတဲ့ နေရာမှာ အပါယ်လားကြောင်းအလှူ ✖ တွေကိုတော့ ရှောင်ရပါမယ်။ ဒါတွေက မိလိန္ဒပဥှာမှာ—

၁။ သမဇ္ဇဒါန၊ ကချေအလှူ (အငြိမ့်ဇာတ်ပွဲ ဘုရားပွဲတွေ၊ ရှင်ပြုတွေမှာ ဒီအလှူထည့်တာ အကျိုးမရှိဘူး၊ ဆရာသမားများ အမိန့်ရှိပါတယ်)တစ်နှစ်တခါငရဲရွာ၊လူ့ရွာ ဘုရားပွဲ''စာဆိုဟာ ဒါကို ပြောတာပါဘဲ။

၂။ မဇ္ဇဒါန။ သေရည်အရက်အလှူ။

၃။ ဣတ္ထိဒါန။ မိန်းမအလှူ။

၄။ ဥသဘဒါန။ နွားလားမြင်းလားအလှူ။

၅။ စိတ္တကမ္မဒါန။ ကာမဂုဏ်ကိုဆွပေးသောပန်းချီဆေးရေးအလှူ (အခုဆိုရင် ဝတ်လစ်စလစ် ပြက္ခဒိန်တွေ ဧည့်ခန်းမှာ ချိတ်ထားကြတယ်၊ ရဟန်းသံဃာဘယ်လိုကြွလာမလဲ။)

၆။ သတ္တဒါန။ လက်နက်ခဲယမ်းမီးကျောက်အလှူ။

၇။ ဝိသဒါန။ အဆိပ်အလှူ။

၈။ သခ်လိကဒါန။ လက်ထိတ် သံခြေကြည်း နှောင်ကြိုး အလှူ။

၉။ ကုက္ကုဋသူကရဒါန။ ကြက်,ဝက်, သားကောင်အလှူ (ရှင်ပြုမှာကျွေးဖို့ ဝက်ကလေးအိမ်မှာ မွေးထားတဲ့ ကိစ္စမျိုး)။

---

✖ သု၊ ၈၁-၃၇၊

၁၀။ တုလာကူဋ မာနကူဋဒါန။ ချိန်စဉ်းလဲ၊ တင်းစဉ်းလဲ အလှူ (အလေးချိန်နှင့်အပြည့် အလေးခိုး စျေးသည် တွေသတိထားဖို့)ဖြစ်ပါတယ်၊ ဒီအလှူမျိုး တွေဟာ အကျိုးမပေးပါဘူး။

**ဒါနသံသရာ ရှည်မရှည်**

အချို့က ဒါနဟာသံသရာရှည်တယ်လို့ပြောပြီး ဒါနကို ပယ်ချင်တယ် မြတ်စွာဘုရားပင် ဒါန ပါရမီကို ဖြည့်ခဲ့ရတယ်၊ ဒါနမပါသူမှာအဆုံး စွန် ဘဝပင်မလောက်မငံဆွံ့ရှားခြင်းကြုံရတတ် တယ်။

အမှန်က ဒါနက သံသရာရှည်တာမဟုတ်ဘူး၊ တဏှာကသာ သံသရာရှည်ခြင်းဖြစ်တယ်၊ လူ့စည်းစိမ်၊ နတ်စည်းစိမ်ကို မက် မောတဲ့ တဏှာနှင့်ယှဉ်ပြီးပြုငတဲ့ ဒါနသာ သံသရာကိုရှည်ခြင်း ဖြစ်ပါတယ်။

သံသရာဝဋ်မှလွတ်ရန် တောင့်တပြီးလှူလျှင် သံသရာမရှည် ပါ၊ သံသရာဝဋ်မလွတ်မီ လူ့စည်းစိမ် နတ်စည်းစိမ် အလိုလို ရသွားမှာဘဲ။

ရန်ကုန်က မန္တလေးသွားရင် လမ်းမှ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား အလိုလိုရောက်သွားတဲ့သဘောဘဲ။

**ဥစ္စာပစ္စည်း လှူမှမဟုတ်**

နောက်တစ်ခု ပြောချင်တာက အချို့ကပြော တယ်၊ "တို့တော့ဟေ့၊ မရှိလို့မလှူနိုင်ပါဘူး၊ မလှူလို့လည်း ဆင်းရဲသံသရာ လည်နေတာဘဲ" လို့ပြောကြတယ်။

လှူတယ်ဆိုတာ ဥစ္စာပစ္စည်းရှိမှမဟုတ်ပါဘူး၊ ရပ်ရေး၊ ရွာ

ရေး၊ လယ်းပြင်၊ တံတားဆောက်၊ ကျောင်းဆောက်၊ သန့်ရှင်းရေး၊ ရေးကန်တူးဆိုတဲ့အလုပ်မျိုးတွေမှာလုပ်အားလှူနိုင်တာဘဲ

ဒါမှမဟုတ် ကိုယ်ပိုင်စွည်း"သွေး"အလှူ လှူနိုင်တာဘဲ။

ဘုရားလောင်းများဟာ စွန့်ခြင်းကြီးငါးပါးနှင့်လှူတာမှာ ဇီဝိတဒါန ဒီသဘောပါဘဲ။ သွေးလှူတယ်ဆိုတာ သူတစ်ပါး အသက်ကို ကယ်တာ၊ ဇီဝိတဒါန အလွန်မွန်မြတ်တဲ့အလှူဘဲ၊ အချို့ဆိုရင် အကြိမ်ငါးဆယ်မြောက်တောင်လှူပြီးပြီ၊ အထူးချီးကျူးစရာဘဲ ဒီလောက်လှူပေမယ့်လူ့ရဲ့ကျန်းမာရေး ဘာမျှမထိခိုက် ပါဘူး။

ဒါကြောင့် ဘာမှ လှူစရာမရှိရင် သွေး အလှူကို လှူရခြင်းဖြင့် အလွန်မွန်မြတ်တဲ့ ဒါနဥ္စ မင်္ဂလာတရားတော်ကြီးကို ရနိုင်ပါတယ်။

အချို့မှာ ကံ၊ ကံ၏အကျိုး၊ ဒါန၏အကျိုးကိုမယုံလို့ မလှူ၊ ဒီလူတွေဟာ အဟောင်းစားတွေ ဖြစ်တယ်ဆိုတာ ဝိသာခါ ဒါယိကာမကြီးဝတ္ထုမှာ ထင်ရှားပြီးဖြစ်ပါတယ်၊ ဒီလိုမလှူပေမယ့် စားသုံးရင် ဒီဘဝမှာ စားရသေးတယ်၊ တစ်ချို့လှူလည်း မလှူ၊ စားလည်းမစား၊ ဥစ္စာစောင့်ကြီးတွေ မသေခင်ကတည်းက ဖြစ်နေတာတွေ့ရတယ်။

အသက်ရှူလျက်နှင့် သေသူလို့ပညာရှိတို့ ဆိုကြတယ်၊ နီတိကျမ်းများမှာ "စုဆောင်းထားသောဥစ္စာတို့ကို စွန့်လှူခြင်းသာ စောင့်ရှောက်ခြင်းမည်တယ်"လို့ ဆိုတယ်၊ မိမိရဲ့ကြိုးပမ်းမှုဖြင့်

ရရှိတဲ့ဥစ္စာကို နောင်ဘဝပါအောင် ပြုရမယ်၊ ဘယ်လိုပြုရမလဲ ဆိုတော့ လှူဒါန်းခြင်းပါဘဲ။

ဒါကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စဉ် အမျိုးကောင်းသားသမီးတို့သည် ဒါနကိုစံနစ်တကျပေးလှူတတ်ပြီး မင်္ဂလာရယူကြပါလို့ တိုက်တွန်း လိုပါတယ်။



## (၁၅)

## သုစရိုက်တရားကျင့်ခြင်း မင်္ဂလာ

**တစ်ဆယ်ငါးပါးမြောက် မင်္ဂလာကတော့—***

ဓမ္မစရိယ။ သုစရိုက်တရားကို တရားတော်နှင့်အညီ အားထုတ် ကျင့်ဆောင်နေခြင်းသည်လည်းမင်္ဂလာဘဲလို့ ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားတော်မူပါတယ်၊ဒီကုသိုလ်ကမ္မပထတရားဆယ်ပါးဟာသူတော်ကောင်းတို့ရဲ့ကျင့်စဉ်သုဂတိသွားလမ်းဘဲဖြစ်ပါတယ်။

တစ်နည်းပြောရရင်တော့ မြတ်သောအကျင့်ကို ကျင့်ခြင်းပါဘဲ။

ဓမ္မစရိယနှင့်ပတ်သက်ပြီး မြတ်စွာဘုရားဟာ ကောသလတိုင်း သာလရွာနေ သာလေယျအမည်ရှိတဲ့သူကြွယ်ကို အကျယ်ဟောကြားတော်မူပါတယ်။ ဘယ်လိုဟောသလဲဆိုတော့ "သူကြွယ်တို့ ဓမ္မစရိယတရားကို ကျင့်ခြင်းကြောင့် စုတေသည်မှာနောက်၌ ကောင်းမှုပြုသူတို့ရဲ့ လားရာဖြစ်တဲ့ နတ်ပြည်မှာဖြစ်ရတယ်။

---

*မင်္ဂလဒိပဌာန(၃) စာ-၁၆၈။

**စမ္မစရိယ အကျင့်**

မေ့မစရိယအကျင့်မှာ ကာယကံ ၃ ပါး၊ ဝစီကံ ၄ပါး၊ မနောကံ ၃ ပါး အစု ၃ စု ရှိတယ်၊ ဒီတော့ ၁၊ သူ့အသက်သတ်ခြင်း၊ ၂။ သူ့ဥစ္စာကို ခိုးခြင်း၊ ၃။ သူ့သားမယားကို ပြစ်မှားခြင်းဆိုတဲ့ ကာယဒုစရိုက် ၃ ပါးကို ရှောင်ရမယ်။ နောက် ၁။ မမှန်တဲ့ စကားကို ပြောခြင်း၊ ၂။ ကုန်းတိုက်ခြင်း၊ ၃။ ကြမ်းတမ်းစွာ ပြောဆိုဆဲရေးခြင်း၊ ၄။ အသိမ်အဖျင်းစကားကို ပြောခြင်းဆိုတဲ့ ဝစီဒုစရိုက် ၄ ပါးကို ရှောင်ရမယ်၊ နောက်တစ်ခါ ၁။ သူ့ဥစ္စာကို တပ်မက်ခြင်း၊ ၂။ သူ့ကိုရန်ငြိုးထားခြင်း၊ ၃။ မှားသောအယူကို ယူခြင်းဆိုတဲ့မနောဒုစရိုက် ၃ပါးကိုလည်း ရှောင်ရမယ်။ ပေါင်း သုစရိုက် ၁၀ ပါးဖြစ်တယ်။

**အပြစ် ဖြစ်ခြင်း**

မရှောင်လို့ ပြုကျင့်ရင် ဒုစရိုက် မကောင်းမှု (၁၀)ပါး ဖြစ်တယ်။ ဒီလို မကောင်းမှု ပြုတဲ့နေရာမှာလည်း (၁)ကိုယ်တိုင်ပြုလုပ်မှ အပြစ်ဖြစ်တာမဟုတ်ဘူး၊ (၂) တိုက်တွန်း ရင်လည်း အပြစ်ဖြစ်တယ်။ ဥပမာ ကြက်တစ်ကောင်ကို သတ်မယ်၊ ကိုယ်တိုင်သတ်လည်း အပြစ်ဖြစ်တယ်၊ သူများကို သတ်ခိုင်းလည်း အပြစ်ဖြစ်တာဘဲ။ နောက်(၃) သူတစ်ပါး မကောင်းမှုပြုတာကို သဘောကျလို့ ချီးမွမ်းရင်လည်း အပြစ်ဖြစ်တယ်၊ (၄) သဘောတူတယ်ဆိုရင်လည်း အပြစ်ဖြစ်တယ်။

ဒါကြောင့် ကိုယ်တိုင်လည်း ပြစ်မှုကို မကျူးလွန်နှင့်၊ သူတစ်ပါးကိုလည်း မတိုက်တွန်းနှင့်၊ မကောင်းမှုကို မချီးမွမ်းနှင့်၊ သဘောလည်း မတူနှင့်။

အစိုးရ ပြဋ္ဌာန်းတဲ့ ပြစ်မှု ဥပဒေမှာ ကြည့်ရင်တောင်မှ (အားပေးကူညီမှုပုဒ်မ ၅၁၁)ဆိုရင် ကိုယ်တိုင်ပြုသူရဲ့ ပြစ်ဒဏ် တစ်ဝက်ကို ခံရတယ်ဆိုတာ ပြောလိုပါတယ်။

**ဒါကြောင့် ဒီ ၁၀ ပါးသောကုသိုလ်ကမ္မပထ တရားတွေဟာ သီလပါဘဲ။**

သီလရှိတဲ့သူဟာ နတ်ရွာ ဗြဟ္မာပြည်သာမက နောက်ဆုံး မှာ နိဗ္ဗာန်တိုင် ပေါက်မြောက်နိုင်ပါတယ်။

ဓမ္မစရိယအကြောင်း ဝတ္ထုသာဓကတွေ အများကြီး ရှိပေ မယ့် ပြင်းထန်စွာ တရားကျင့်မှ မဂ်ဖိုလ်ရတဲ့ မိလက္ခ မထေရ် အကြောင်းကို ပြောပြပါမယ်၊ မထေရ်အကြောင်း မပြောမီ ခင်မှာ ဒုစရိုက်(၁၀)ပါးရဲ့ အပြစ်တွေကို အနည်းငယ် ပြောလို ပါသေးတယ်။

(ပထမ ပါဏာတိပါတ) သူတစ်ပါးအသက်ကို

**သတ်ခြင်း ပယောဂ ၈ ရှစ်ပါး**

သတ်ခြင်း၊ ဒီလိုသတ်တဲ့ နေရာမှာလည်းပယော ဂ ရှစ်မျိုးရှိတယ်။ + (၁) ဘယ်သူဘယ်ဝါကို သတ်မယ်လို့ ရည်မှန်းသတ်ခြင်း၊ (၂) ဘယ်သူ ရယ်လို့ မရည်မျှော်ဘဲ ဘယ်သူ ဘယ်အကောင် ဘဲ သေသေဆိုပြီး သတ်ခြင်း၊ (၃) ကိုယ်တိုင်သတ်ခြင်း၊ (၄) သူတစ်ပါးကိုသတ်စေခြင်း၊ (၅) အဝေးမှ ပစ်ခတ်၍သတ်ခြင်း၊ (၆)တွင်း၊ ထောင်ချောက်ပြု၍ သတ်ခြင်း၊ အဆိပ်ခတ်ခြင်း၊ (၇)ဓာတ်ရိုက်ဓာတ်ဆင်ဖြင့် သေအောင်ပြုခြင်း၊ (၈) မိမိရဲ့ ကမ္မဇိဒ္ဓိ တန်ခိုးဖြင့် သတ်ခြင်းတို့ဖြစ်တယ်။

---

* သုတေသနရုပ်ပြအဘိဓာန် စာ-၃၆၃၊

**သတ်ခြင်း အပြစ် ၂၃-ပါး**

ဘယ်လိုဘဲသတ်သတ် အပြစ်(၂၃)ပါး * ကို ခံစားရမယ်။ (၁)ကိုယ်အင်္ဂါချို့တဲ့မယ်၊ (၂) ကိုယ်အချိုးမကျဖြစ်မယ်၊ (၃)နုံနှေးလေးဖင့်မယ်၊ (၄) ခြေဖဝါး၊ လက်ဖဝါး မညီဘူး၊ (၅)မလှမပ မတင့်မတယ်တဲ့ရုပ်ဖြစ်မယ်၊ (၆)အရောင်အဆင်း မပြောင်စင်ဘူး၊ (၇)အသားအရေကြမ်းတယ်၊ (၈)ကြောက်တတ်တယ်၊ (၉)ခွန်အား၊ ဗလနည်းတယ်၊ (၁၀)စကားပြေပြစ်စွာမပြောတတ်ဘူး (၁၁)ချစ်တဲ့ခင်တဲ့သူမရှိဘူး၊ (၁၂)မိမိရဲ့ အပေါင်းအသင်းအကြိမ်ကြိမ် ပျက်စီးတတ်တယ်၊ (၁၃)ထိတ်လန့်တတ်တယ်၊ (၁၄)လက်နက်အန္တရာယ်ဘေး သင့်တတ်တယ်၊ (၁၅) သူများ ပယောဂနှင့် သေရတတ်တယ်၊ (၁၆)တွေဝေမိုက်မဲတယ်၊ (၁၇) ခြွေရံပရိသတ် နည်းတယ်၊ (၁၈)ရှုံ့စရာကောင်းတဲ့ရုပ်ဆင်းရှိတယ်၊ (၁၉)ကုန်းကောတဲ့ကိုယ် ရှိတယ်၊ (၂၀)ကြောင့်ကျစိုးရိမ်မှုများတယ်၊ (၂၁)ဘေးရန်များတယ်၊ (၂၂) ချစ်ခင်တဲ့ သားသမီးတွေနှင့် ကွေကွင်းရတတ်တယ်၊ (၂၃)အသက်တိုတယ်၊ကဲ-ဘယ်လောက်ကြောက်စရာကောင်းသလဲ၊ ရှောင်ရင် ဆန့်ကျင်ဘက်အကျိုး (၂၃)ပါးကို ရမယ်။

**ခိုးခြင်းအပြစ် ၁၅-ပါး**

(ဒုတိယ အဒိန္နာဒါန သူများဥစ္စာကို ခိုးခြင်းက (၁၂)ပါး+ရှိတယ်။ ၁။ မြတ်သောဥစ္စာမျိုးကိုမရနိုင်ဘူး၊ ၂။ ယုတ်ညံ့တဲ့ဥစ္စာကိုသာရတယ်၊ ပစ္စည်းဥစ္စာ နည်းတတ်တယ်၊ ၄။ အလွန်ဆင်းရဲမွဲတေတတ်တယ်၊ ၅။ မရသေးတဲ့ဥစ္စာကို မရနိုင်ဘူး၊ ၆။ ရပြီး

---

သုတေသနသရုပ်ပြအဘိဓာန်၊ စာ-၃၆၃-၃၆၄၊ စဉ-၂၁ ၊

စည်းစိမ်များ ဆုတ်ယုတ်တယ်၊ ၇။ လိုတဲ့ဥစ္စာကို မရနိုင်ဘူး၊ ၈။ ရန်သူမျိုးငါးပါးနှင့် တွေ့ရတတ်တယ်၊ ၉။ သူများနှင့် ဆက်ဆံတဲ့ဥစ္စာ သူများအားကြွေးကိုသာ မျက်နှာငယ်နှင့်ယူစား ရတတ်တယ်၊ ၁၀။ မရှိစကားကိုသာကြားရတတ်တယ်၊ ၁၁။ ချမ်းသာစွာ မနေရဘူး၊ ၁၂။ လောကုတ္တရာဥစ္စာကို မရနိုင်ဘူး။ ဒါကြောင့် ခိုးမှုကို ရှောင်ရမယ်။

**ခိုးမှုလုယက်မှု ပြစ်ဒဏ်**

ခိုးတယ်ဆိုတာ ခါးပိုက်နှိုက်တာ၊ လုယက်တာ၊ ဓားပြတိုက်တာတွေပါပါတယ်။ ဥပဒေအနေဖြင့်ကြည့်ရင် ပုဒ်မ ၃၇၉ နေအိမ်ပြင်ပ ခိုးမှု၊ ခါးပိုက်နှိုက်မှု ဆိုရင်ထောင်ဒဏ် ၃ နှစ်၊ ပုဒ်မ ၃၈၀ နေအိမ်တွင်း ခိုးမှုဆိုရင် ထောင်ဒဏ် ၇ နှစ် + ပုဒ်မ ၃၈၂ နာကျင်စေရန် ပြင်ဆင်ပြီး ခိုးမှုဆိုရင် ထောင်ဒဏ် ၁၀ နှစ်။ ပုဒ်မ ၃၉၀ လုယက်မှု (နေဝင်မှ နေထွက်ကြား)ဆိုရင် ထောင်ဒဏ် ၁၄ နှစ်။ ပုဒ်မ ၃၉၁ ဓားပြမှု (လုယက်သူ ၅ဦးနှင့်အထက်) ဆိုရင် ထောင်ဒဏ် တစ်သက် တစ်ကျွန်းနှင့် လူသတ်မှု ပါက သေဒဏ်* အထိ ချမှတ်နိုင်ကြောင်း သတ်မှတ် ထားပါတယ်။ ဒါကြောင့် ခိုးမှုကျူးလွန်သူဟာနောင်ဘဝသာမက ယခုဘဝမှာလည်းလက်ငင်း အပြစ်ခံရမယ်ဆိုတာ နားလည်ပြီးရှောင်ကြဉ်ကြရပါမယ်။

**သူ့မယား ပြစ်မှားခြင်း အပြစ်**

(တတိယ ကာမေသုမိစ္ဆာစာရ)သူများ သားမယားကိုပြစ်မှားတဲ့အပြစ် ၁၅-ပါး+ ပြောခဲ့ပြီးဖြစ်ပါတယ်။ အဲဒါတွေတွင် မကသေးဘူး၊ သူများ သားမယား ပြစ်မှားတဲ့သူဟာ လူဖြစ်

---

* ရာဇသတ်ကြီး၊ စာ-၁၃၃-၊*၁၃၄၊ * ၁၃၈၊

ရင်လည်း လူစဉ်မမီဘူး၊ ပန်းသေ ပန်းညှိုး ဖြစ်မယ်။ တိရစ္ဆာန် ကျွဲနွားဖြစ်ရင်လည်း သင်းခြင်း၊ ကပ်ခြင်းကို ခံရမယ်။ သင်းတယ်ကပ်တယ်ဆိုတာ အင်မတန် ဆင်းရဲကြီးစွာ ခံရတာ၊ စာရေးသူငယ်ငယ်က ရွာမှာ နွားကိုသင်းတာတွေ့ဖူးတယ်။ နွားကိုခြေလေးဘက်ကြိုးနှင့်တုပ်ပြီး လှဲလိုက်တယ်။ ဘယ်လိုမှ မရုန်းနိုင် မလှုပ်နိုင်ဘူး၊ ပြီးတော့မှ ဥကို ပေါင်ခြံထဲက ဆွဲထုတ်ပြီး သစ်သားဆောက် ခပ်တုံးတုံးနှင့် ဥရဲ့ အဖျားကနေပြီး စိစိ ညက်ညက်ကြေအောင် ဆောက်သွားနှင့် တစ်လက်မရဲ့ ရှစ်ပုံ တစ်ပုံလောက်ရှိမယ်။နည်းနည်းချင်း တရွေ့ရွေ့ အနုစိတ်အပေါ်ကတူနှင့်ဆောက်ကိုထုချတာ နွားဟာဘယ်လောက် ဒုက္ခ ခံရမယ်ဆိုတာ နွားဟာအော်တောင် မအော်နိုင်ရှာဘူး၊မျက်ရည်တွေနှာရည်တွေတရွဲရွဲနဲ့ မချိမဆန့် ခံရတယ်၊ဒါကြောင့် ပေါ့ပေါ့ မတွေးပါနှင့် ဒီမကောင်းမှုကို ဝေးစွာ ရှောင်ဖို့လိုပါတယ်။

ဒီသူများသားမယားကိုပြစ်မှားခြင်း၊ ရှောင်ရင် စစ်မြေက စစ်သည်တော်တွေတောင် ရန်သူလက်နက်နှင့် မသေနိုင်ပါဘူး၊ စစ်သားဆိုတာ နိုင်ငံတော်အတွက် နိုင်ငံရဲ့ရန်သူကို သတ်ရမယ်၊ ရန်သူ့ပစ္စည်းလုယူရမယ်၊ လုံခြုံမှုအတွက် မမှန်ပြောသင့် ပြောရမယ်၊ ငါးပါးသီလစောင့်ဖို့ ခဲယဉ်းတယ်။

ဒါပေမယ့် ဒီသူများမယား မပြစ်မှားဖို့က အားလုံးစောင့်နိုင်တဲ့ကိစ္စပါဘဲ။ ဒီနေရာမှာ သစ္စာရှိရင် ဘေး မတွေ့နိုင်ဘူး ဆိုတာ ပြောရပါတယ်။

ကာယကံ ၃ ပါးအပြစ်တွေသိပြီး၊ ဝစီကံ ၄ပါးအပြစ်ကိုလည်း သုဘာသိတဝါစာမှ ပြောခဲ့ပြီးဖြစ်ပါတယ်။ မနောအံ

၃ ပါး အပြစ်တတော့ အထူးမပြောပြတော့ပါဘူး၊ မိစ္ဆာဒိဋ္ဌိ မှားတဲ့အယူကိုယူရင်နိဗ္ဗာန်ကိုသံသရာတစ်လျှောက်လုံးဝေးပြီး အပါယ်ဘုံမှာဘဲ ကျင်လည်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဗုဒ္ဓ မြတ်စွာဘုရား လမ်းညွှန်ပြတဲ့ ဓမ္မစရိယမြတ်တဲ့အကျင့်ကို ကျင့် နိုင်တဲ့အခိုက်မှာ လုံ့လစိုက်ပြီးကျင့်မှ မင်္ဂလာတရားကိုရနိုင်မှာ ဖြစ်ပါတယ်။

**မိလက္ခ မထေရ်**

စောစောကပြောခဲ့တဲ့မိလက္ခမထေရ် အကြောင်း ကို ပြောပြပါမယ်။ ဒါန၊ သီလ၊ ဘာဝနာရယ်လို့ ဓမ္မစရိယသုံးမျိုးရှိတာမှာဒါနနှင့်သီလလောက်နှင့် မဂ်ဖိုလ်ရောက်ဖို့အားနည်းတယ်၊ ဘာဝနာကိုကျင့်မှ မဂ်ဖိုလ်ကို ရနိုင်ပါတယ်။

မိလက္ခမထေရ်ဟာ လူ့ဘဝတုန်းကမုဆိုးအလုပ်နှင့်အသက် မွေးရတယ်၊ တစ်နေ့ မုဆိုးလိုက်ရင်း ရေငတ်လို့ တောမှာနေ တဲ့ ရဟန္တာအရှင်ကျောင်းမှာ ကြည့်တဲ့အခါ သောက်ရေအိုး ထဲမှာ ရေမတွေ့တဲ့အတွက် “ရဟန်း-သင်ဟာ ဒကာတွေ လှူတဲ့ ဆွမ်းကိုစားပြီးအိပ်သာနေတယ်၊ သောက်ရေအိုးမှာ မျက်စဉ်း ခတ်ရုံ ရေကိုတောင် ထည့်မထားတာ ကောင်းသလား” ပြောတယ်။

ရဟန္တာအရှင်က “ ငါဟာ သောက်ရေအိုးမှာ ရေအပြည့် ထားတယ်၊ ဘယ်လိုဖြစ်တာလဲ” ပြောပြီး သွားကြည့်တော့ ရေအပြည့်တွေ့တယ်။

ဒါနှင့် အရှင်မြတ်က ရေသောက်တဲ့ခရုသင်းနှင့်ခပ်ပေးတာ မိလက္ခဟာ ၃၂ ကြိမ်တောင်သောက်တယ်။

---

+ မင်္ဂလဒီပနီ (ဒု-တွဲ) စာ-၁၇၅၊ ၁၇၆။

ဒီနောက် မိလကဟာ ရေအပြည့်ရှိတဲ့ အိုးဖြစ်လျက်သားနှင့် ငါ့မကောင်းမှုကြောင့် ပူတဲ့အိုးကင်းလိုဖြစ်ရတယ်၊ နောင် ငါ လည်း ဘာဖြစ်မယ်မသိလို့ ထိတ်လန့်တဲ့စိတ် ပေါ်လာပြီး အရှင်မြတ်ထံမှာရဟန်းပြုခွင့်တောင်းပန်တယ်။

ရဟန်းတရားကိုကျင့်ပေမယ့်ကျော့ကွင်းတို့၊ ထောင်ချောက်တို့ကိုဘဲ မြင်နေတယ်။ ဒီတော့ တစ်ကိုယ်လုံး ပူပြီး နွားလိုဘဲ ကမ္မဋ္ဌာန်းမှာ အာရုံသွားဖြစ်တယ်၊

ဒါကြောင့် အရှင်မြတ်ထံ သွားပြီး ရဟန်းတရားကို ကျင့်ဖို့ မတတ်နိုင်ကြောင်း လျှောက်တယ်။ ဒီတော့ ရဟန္တာအရှင်မြတ်က စိုတဲ့ရေသဖန်း စတဲ့ သစ်သားတွေကို စုပုံစေပြီး မီးတိုက်ခိုင်းတယ်၊ မီးရှို့မရဖြစ်တယ်၊

ဒီတော့မှ အရှင်မြတ်က ဖယ်နေဆိုပြီး ပိုးစုန်းကြူးလောက် ငရဲမီးကို မြေခွဲယူပြီးထင်းပုံမှာ ထည့်တဲ့အခါ သစ်ရွက်ခြောက်လို ချက်ချင်းဘဲ လောင်ကျွမ်းတယ်။

အရှင်မြတ်သည်း အဝီစိကို ပြပြီး 'အကယ်၍ သင်လူထွက်ရင် အဝီစိမှာဖြစ်မယ်' ဆိုပြီး ထိတ်လန့်သံဝေဂရစေတယ်။

ဒီတော့ မိလကဟာ ရဟန်းတရားကို စေ့ဆော်ပြီး လုံ့လပြုတယ်၊ ဝတ်ပဋိပတ်ကို ဖြည့်တယ်၊ အိပ်ချင်တယ်ဆိုရင် စိုတဲ့ ကောက်ရိုးကို ခေါင်းအုံးပြီး ခြေထောက်နှစ်ဘက်ကို ထုံးအိုင်မှာ ထားပြီး ထိုင်တယ်။

တစ်နေ့ရေကိုစစ်ပြီး ရေအိုးကို ပေါင်မှာထားပြီးရေပေါက်တွေရဲ့ပြတ်ခြင်းကို ငံ့ပြီး ရပ်တယ်၊ ဒီအခါမှာ ရဟန္တာအရှင်မြတ်က တရားပြတယ်။

မိလကကလည်း ဆရာပြတဲ့အတိုင်းဘဲ 'ထကြွလုံ့လ ရှိတဲ့သူဟာ ငါလိုဖြစ်ရာ၏၊ သတိရှိတဲ့သူဟာလည်း ငါ့လို ဖြစ်ရာ၏။ မမေ့မလျော့သောသူလည်း ငါကဲ့သို့ဖြစ်ရာ၏' ဆိုပြီး ဆောင်တယ်။

ဖဝါးလှမ်းတဲ့ အကြိမ်မှာဘဲ မဂ်ဖိုလ်ရပြီးရဟန္တာဖြစ်တယ်။ ဒါကြောင့် မြတ်တဲ့အကျင့်ကို ကျင့်တဲ့ ပုဂ္ဂိုလ်ဟာ ပဉ္စာနန္တရိယကံ မထိုက်သူမှန်ရင် မဂ်ဖိုလ်ကိုရနိုင်တယ်။

**သူတော်ကောင်း ဥစ္စာ**

ဒါကြောင့် မြတ်သော အကျင့်ကို ကျင့်လိုတဲ့ပုဂ္ဂိုလ်ဟာသူတော်ကောင်းဥစ္စာ ၇ ပါး + ကို ဖြည့်ဆည်းရမယ်။ (၁) သဒ္ဓါ။ ရတနာသုံးပါး၌ ယုံကြည်သဒ္ဓါရှိခြင်း၊ (၂) သီလ။ သီလရှိခြင်း၊ (၃) ဟိရီ။ မကောင်းမှုမှ ရှက်ခြင်း၊ (၄) ဩတ္တပ္ပ။ မကောင်းမှုမှ ကြောက်ခြင်း၊ (၅) သုတ။ အကြား အမြင်များခြင်း၊ (၆) စာဂ။ ပေးလှူစွန့်ကြဲခြင်း၊ (၇) ပညာ။ မဂ်ဖိုလ်ပညာရှာခြင်းတို့ ဖြစ်ပါတယ်။

**သူတော်ကောင်း တရား**

နောက် သူတော်ကောင်းတရား ၇ ပါး + ကိုလည်း ဆောက်တည်ရ ပါမယ်။ (၁) သဒ္ဓါ။ ရတနာသုံးပါး၏ဂုဏ်၊ ကံ-ကံ၏ အကျိုးကို ယုံကြခြင်း၊ (၂) ဟိရိတာ။ မကောင်းမှု၌ အရှက်ရှိခြင်း၊ (၃) ဩတ္တပ္ပီ။ မကောင်းမှု၌

---

* မင်္ဂလတ္ထဒီပနီ၊ ဒု စာ-၁၇၅-၁၇၆၊

✻ သု စာ၊ ၅၂–၆၃၃၊

အကြောက်ရှိခြင်း၊ (၄) ဗဟုသုတော။ အကြားအမြင်များ ခြင်း၊ (၅) အရဒ္ဓဝိရိယော။ ကောင်းမှု၌ လုံ့လဝီရိယရှိခြင်း၊ (၆) ဥပဋ္ဌိတသတိ။ ကောင်းရာ၌ ထင်သောသတိရှိခြင်း။ (၇) ပညာဝါ။ ဆင်ခြင်ဉာဏ်၊ ပညာရှိခြင်းတို့ဖြစ်ပါတယ်။

မြတ်သောအကျင့်ကို ကျင့်လိုသူဟာ ဓမ္မစကြာ

**မဂ္ဂင်ရှစ်ပါး** တရားတော်မှာ ဟောကြားတော်မူတဲ့ မဂ္ဂင်ရှစ်ပါး + တရားကိုလည်း ကျင့်ရပါမယ်။ (၁) သမ္မာဒိဋ္ဌိ။ မှန်ကန်သော ရှုမြင်ခြင်း၊ ✖ဆရာမင်းသိခ် ရေးတဲ့ မာနကြီးတဲ့ မောင်မောင် မှာ ဂေါ်ရခါးဆရာကြီးက မောင်မောင်ကို ချယ်ရီပင် အကောက်ကြီးကို ကြည့်ခိုင်းပြီး အဖြောင့်မြင်တဲ့အခါ လာပြောလှည့်လို့ခိုင်းတယ်၊ မောင်မောင်ဟာ တစ်နေ့လုံး အရှေ့အနောက် တောင်မြောက် အမျိုးမျိုး လှည့်ကြည့်တယ်၊ အဖြောင့်မမြင်ဘူး မိုးချုပ်သွားတယ်၊ အဖြောင့်မမြင်ဘူး။ ဒါနှင့်စိတ်ဆိုးပြီး ဆရာကြီးကို မဖြစ်နိုင်တာခိုင်းတယ်သွားပြောတယ်။

ဒီတော့မှ ဆရာကြီးက 'မင်း အဖြောင့်မြင်ပြီ၊ အကောက်ကို အကောက်ဘဲလို့ မြင်တာဟာ အဖြောင့်ဘဲ၊ မကောင်းမှုကို မကောင်းမှုလို့မြင်ရင် အဖြောင့်ဘဲ၊အဲဒီလို မြင်တာနှင့်ကောင်းမှုကို ပြုရမယ်လို့ ပြောတယ်။တချို့က 'သမ္မာ'ကို 'ကောင်းသော'လို့ ဖွင့်ဆိုတယ်။ ကောင်းသောထက်"မှန်ကန်သော"ဆိုမှ အဓိပ္ပာယ်တိကျကြောင်း ဆရာမြတ်များ မိန့်ကြား သည်ကို နာကြားရပါတယ်။

---

+ မပဖူးလွှာမဂ္ဂဇင်း၊ ၁၉၈၃ ခု၊ မေလ၊

✖ သု ၈၁-၄၂၀၊

၂။ သမ္မာသင်္ကပ္ပ။ မှန်ကန်သော ကြံစည်ခြင်း၊ ဒီနှစ်ပါး ဟာ ပညာစခန်းဖြစ်ပါတယ်။

၃။ သမ္မာဝါစာ။ မှန်ကန်စွာ ပြောဆိုခြင်း။

၄။ သမ္မာကမ္မန္တ။ မှန်ကန်စွာ ပြုလုပ်ခြင်း။

၅။ သမ္မာအာဇီဝ။ မှန်ကန်စွာ အသက်မွေးခြင်း၊ ဒီသုံးပါးက သီလစခန်းဖြစ်တယ်။

၆။ သမ္မာဝါယမ။ မှန်ကန်စွာ လုံ့လထုတ်ခြင်း၊ ဒါက သီလ၊ သမာဓိ ပညာစခန်းဖြစ်ပါတယ်။

၇။ သမ္မာသတိ။ မှန်ကန်စွာအောက်မေ့ခြင်း။

၈။ သမ္မာသမာဓိ၊ မှန်ကန်စွာ စိတ်တည်တန့်ခြင်း၊ ဒီနှစ်ပါးကတော့ သမာဓိစခန်းဖြစ်ပါတယ်၊

ဒါကြောင့် ဓမ္မာစရိယ။ ကုသိုလ်ကမ္မပထ တရား ၁၀ ပါး မြတ်သောအကျင့်ကို မလွဲမသွေ အမျိုးကောင်း သားသမီးတို့ သာ ကျင့်ရပါမယ်၊ ဗုဒ္ဓမြတ်စွာဘုရားသခင်က 'ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရိ' ။တရားကျင့်သူကို တရားက တကယ် ပြန်စောင့် ရှောက်တတ်၏၊ ✠ လို့ ဟောကြားတော်မူပါတယ်။ တရားကို နတ်စောင့်တယ်ဆိုတာလည်း တရားကို တရားစောင့်တယ် ဆိုတဲ့ သဘောပါဘဲ၊

☆

✠ ပရိတ်ကြီး နိဿယသစ်၊ စာ- ၁၃၅၊

## (၁၆)

# ဆွေမျိုးတို့ကို သင်္ဂြိုဟ်ထောက်ပံ့ခြင်း မင်္ဂလာ

**တစ်ဆယ့်ခြောက်ပါးမြောက်မင်္ဂလာကတော့**

အဆွေအမျိုးတို့ကို သင်္ဂြိုဟ် ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာဘဲလို့ ဗုဒ္ဓမြတ်စွာဘုရားက ဟောတော်မူပါတယ်။

ဆွေမျိုးဆိုတာဟာ အဖေဘက်မှ လည်းကောင်း၊ အမေဘက်မှလည်းကောင်း ခုနစ်ဆက်မြောက်သောအဖိုးတိုင်အောင် စပ်ကုန်သော သူတို့ဟာ 'ဉာယန္တေအမှာကံ ဣမေသိဉာဘက။ ဤသူတို့သည်ကား ငါတို့၏ အတွင်းသားတည်းဟု သိအပ်ကုန်

သောကြောင့် ဥာတိမည်ကုန်၏။ ✱ လို့ ဆိုပါတယ်။ ဒီနေရာမှာ ဆွေမျိုးဆိုတာဟာ ကိုယ့်ရဲ့ ဆွေမျိုး ကွက်ကွက် ကလေးကိုသာ တွက်ဖို့ မဟုတ်ပါဘူး၊ ဝံသာနုရက္ခိတ အမျိုးသားစောင့်ရှောက်ရေးတရားရှိမှုလည်း ပြည့်စုံမှာ ဖြစ်ပါတယ်။ ဒါမှ ဗုဒ္ဓမြတ်စွာဘုရားရဲ့အလိုကျ ဖြစ်နိုင်ပါမယ်။

**လုံးတော် ဆရာတော် စကား**

လုံးတော်ဆရာတော်ရဲ့ဩဝါဒကထာ စာတမ်းမှာ++ "များစွာသော ဆွေမျိုးတို့၏ အကျိုးကို မျှော်ထောက်၍ တစ်ယောက်ကို စွန့်ရာ၏။ တစ်ရွာလုံးအကျိုးကြောင့် အမျိုးကို စွန့်ရာသည်။ ပြည်သူတို့အကျိုးငှာ ရွာကိုစွန့်သွားလို့" ပါရှိပါတယ်။ အဓိပ္ပာယ်ကတော့ဆွေမျိုးတစ်ယောက်ကိုငဲ့ပြီး ဆွေမျိုးအများဒုက္ခရောက်မယ်ဆိုရင် အဲဒီဆွေမျိုးတစ်ယောက်ကိုစွန့်ပစ်ရမယ်။ နောက် ကိုယ့်အမျိုးနှင့် ရပ်ရွာအကျိုးနှင့် ယှဉ်လာရင် ရပ်ရွာအကျိုးကို ဦးစားပေးရမယ်။ ရပ်ရွာအကျိုးနှင့် နိုင်ငံအကျိုး ယှဉ်လာရင်ရပ်ရွာအကျိုးကိုစွန့်ရမယ်ဆိုပါတယ်၊ ဒါကြောင့် နိုင်ငံတော်အတွက် စီမံကိန်းတွေ ချမှတ် လုပ်ဆောင်တဲ့ အခါ ရွာတွေ ရွှေ့ပေးရတယ်၊ နိုင်ငံတော် အေးချမ်းသာယာရေး၊ သောင်းကျန်းသူချုပ်ငြိမ်းဖို့အတွက် ရွာတွေ ရှောင်ပေးရတယ် ဆိုတာ နိုင်ငံတော်အကျိုးကို ဦးစား ပေးရတာဘဲ။ ဒါဟာ ပညာရှိများရဲ့အလိုနှင့် ကိုက်ညီတဲ့ လုပ်ငန်းဖြစ်ပါတယ်။

---

✱ မင်္ဂလတ္ထဒီပနီ၊ (၃) စာ—၁၇၀၊

++ဟံသာဝတီဆုံးမစာပေါင်းချုပ်၊ စာ—၂၅၉။

**ဆွေမျိုး ၄-ပါး**

ဆွေမျိုးဆိုတာ လေးမျိုးရှိကြောင်း ✱ဟိတော ပဒေသမှာ ပြဆိုတယ်။ ၁။ ဩရသ၊ ရင်မှဖြစ်သော သားသမီး၊ ပင်ကိုယ်ပြီးသော ဆွေမျိုး၊ ၂။ ကတသမ္ဗန္ဓ။ ထိမ်းမြားရှုံ့ချေးမ၊သမက်၊ ခမီး ခမက်တော်သောဆွေမျိုး၊ ၃။ ဝံသက္ကမာဂတ။ မျိုးရိုး မပျက်စဉ်ဆက်ဆွေမျိုး၊ ၄။ ဗျာသနာရက္ခိတ။ ပစ္စည်းဥစ္စာ ပျက်စီးသောအခါ ကူညီသောမိတ်ဆွေ၊ ဆွေမျိုးရယ်လို့ ဖြစ် ပါတယ်၊ ဒီဆွေမျိုးလေးပါးထဲမှာဘဲ ကြည့်ရင် ဘယ်သူအရေး ကြီးသလဲ၊ဗျာသနရက္ခိတ။ပစ္စည်းဥစ္စာပျက်စီးသောအခါကူညီ တဲ့မိတ်ဆွေသာ အရေးအကြီးဆုံး ဖြစ်တယ်ဆိုတာ တွေ့ရမယ်။

မိတ်ဆွေစစ်တွေရဲ့ အမျိုးအစားကို ပဏ္ဍိတာနုဋ္ဌသေဝနာ မင်္ဂလာမှာအကျယ်ပြောပြီးခဲ့ပါပြီ၊ ဒုတိယကမ္ဘာစစ်အတွင်းက စာရေးသူတို့ ငယ်ငယ်ဘဲ ရှိသေးတယ်။ အဖေမှာ မူလတန်း ကျောင်းဆရာ၊ တော်တော်ဆင်းရဲဒုက္ခ ရောက်တယ်။ ဖက်ဆစ် ဂျပန်တွေထွက်သွားပြီး အလုပ်ပြန် လျှောက်ဖို့ ပုသိမ်မြို့ကိုသွား ဖို့စရိတ်မရှိဘူး၊ ငွေ ၃ဝ လောက် ရမှဖြစ်မယ်။ ဘယ်ဆွေမျိုး ဆီကမှ ချေးငှားလို့မရဘူး၊ အမှန်က မချေးနိုင်လို့ မဟုတ်ဘူး၊ မချေးချင်တာ၊ ဒါနဲ့ရဲ့စခန်းမှာ ဟိုတုန်းကအခေါ် ဌာနာအုပ် (ယခုစခန်းမှူး)ဦးဘဦးဆိုတာရှိတယ်။ ဘာမျှ ဆွေမျိုးမတော် ဘူး၊ စာရေးသူ အဖေနှင့် အစိုးရအမှုထမ်းချင်း ခင်မင်နေတာ၊ ''ကဲ....ကျောင်းဆရာ၊ ခင်ဗျား ဒုက္ခလည်း ကြီးလှတယ်ဗျာ၊ ဘယ်မှ ရှာမရရင် ကျွန်တော်ကဘဲ စိုက်ပေးလိုက်ပါမယ်။ ပြန်

✱ သုတေသနရုပ်ပြအဘိဓာန်၊ စာ—၄၄၆။

လည်းဆပ်မနေပါနှင့် သက်သက် မေတ္တာနှင့် ကူညီ တာပါ” ဆိုပြီး ငွေ ၃ဝိ ထုတ်ပေးတယ်။ ဒါဟာ သူ့ကို သွားပြောလို့ မဟုတ်ဘူး၊ သူက ကြားလို့ခေါ်ပေးတာ၊ ဒါကြောင့် အရေးကြုံတဲ့အခါမှာ ကူညီမှ ဆွေမျိုးစစ်တယ်လို့ မှတ်ရမယ်။

**ကန်တော်မင်းကျောင်းဆရာတော်စကား** ကန်တော်မင်းကျောင်းမေတ္တာစာ*နှင့်တောင်တွင်းမင်းကျောင်း အဖြေမှာ ကန်တော်မင်းကျောင်းဆရာတော်က အရပ်ကိုမျှ” ဆိုတဲ့ စကားလေးလုံးဘဲ ပြပါတယ်။ ဒါကို တောင်တွင်းမင်းကျောင်းဆရာတော်က ‘ အရပ်ကိုမျှ” ဆိုသည်ကား အရပ်သား အိမ်နီးချင်းတို့ အခင်း အရာ ရှိလျှင် ဥစ္စာမျှတန် ပေးတန်သည်၊ အစား အသောက် မျှတန် ပေးတန်သည်၊ ကြည့်ရှုစောင့်မတန်သည်ကို ပြုနိုင်စေ၊ ဘော်ရွေအောင် တတ်နိုင်စေဆိုလိုသည်။ ထိုသို့ဆိုခြင်းသည်(အိမ်နီးချင်းကောင်း ဆွေမျိုးမတန်)ဟူ၍လည်းကောင်း၊ အဆွဲခင်ပွန်း၊ မေးမြန်းနိုင်စေ၊ ဖော်ရွေနိုင်မှချမ်းသာရအံ့)ဟူ၍လည်းကောင်းဆိုသည့်အတိုင်း အစားအသောက် အထောက်အပံ့ စသည်ကို ရပ်သူရွာသားတို့ကို မျှတပြု၍၊ ရပ်သူရွာသား၊အများအလိုရှိမှ ချမ်းသာရမည် ရပ်သူရွာသားအများ အလို မရှိလျှင် အမှု အခင်းများမည်၊ မငြိမ်မသက် ဘေးရန်များမည်ကို ရည်ရွယ်၍ လည်းကောင်း၊အရပ်ကိုမျှဟူ၍ မိန့်တော်မူသည်”လို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ ဒါဟာ ဆွေမျိုးရဲ့ သဘောကိုရှင်းပြတာပါဘဲ။

---

*ကန်တော်မင်းကျောင်းမေတ္တာစာ၊ဟံသာဝတီ၊ စာ-၉၃၊၉၃၊

**သူဌေးနှစ်ဦး** စာရေးသူတို့ ငယ်ငယ်တုန်းက ဒုတိယကမ္ဘာစစ်အတွင်းမှာ တွေ့ဖူးတဲ့ဖြစ်ရပ်တစ်ခု ပြောပြချင်ပါတယ်။ စာရေးသူတို့ရွာမှာ သူဌေးအခေါ်ခံရတဲ့ လူတစ်ယောက်ရှိတယ်၊ စာရေးသူတို့ရွာနှင့် ခြောက်မိုင်လောက်ဝေးတဲ့ရွာမှာလည်းသူဌေးအခေါ်ခံရသူတစ်ဦးရှိတယ် သူတို့ဟာ တစ်နှစ်တစ်နှစ်ကို လယ်ချောင်း အများကြီးပိုင်တော့ လယ်ထွက်စပါးတင်းနှစ်ထောင်လောက်ဝင်တယ်၊ ဒီစပါးတွေကို စည့်ဆောက်ပြီး ထည့်ထားကာ မြို့ကိုတင်ပြီး ရောင်းရတယ်၊ဒါပေမယ့် ဖက်ဆစ်ဂျပန်ခေတ်မှာ မရောင်းရဘူး၊စာရေးသူရွာက သူဌေးကတော့ စပါးတွေကို ဘယ်သူ့မှတစ်စေ့အလကားမပေးဘူး၊ နှမြောတယ်၊ မရောင်းရလို့ စိတ်မချမ်းသာတာဖြစ်တယ်၊ အနားကရွာက သူဌေးကတော့ မရောင်းရပေမယ့် စိတ်မညစ်ဘူး၊ သူ့ရွာသားတွေ တစ်ရွာလုံးခေါ်ပြီး ဝေပေးတယ်၊ မကြာခင်မှာ ဓားပြတွေထကြတယ်၊ စာရေးသူတို့ရွာက သူဌေးမှာ ဓားပြတိုက်ခံရတယ်၊ အနားကရွာက သူဌေးမှာ ရွာသားတွေက စောင့်ရှောက်လို့ ဓားပြတိုက်မခံရဘူး၊ဒါကြောင့် အရပ်ကိုမျှဖို့ အရေးကြီးပါတယ်။

**အလှူဆိုတာ ပစ္စည်းဥစ္စာ လှူမှုမဟုတ်** ပေးကမ်း လှူဒါန်းခြင်းနှင့်ပတ်သက်လို့ ဒါနဥ္စမင်္ဂလာမှာ အကျယ် ပြောခဲ့ပြီး ဖြစ်ပေမယ့် အကြောင်း ဆိုလာလို့ ထပ်ပြောချင်ပါသေးတယ်၊စကားပုံမှာ "မရှိလို့မလှူ၊မလှူလို့ဆင်းရဲလို့ရှိတယ်၊ဒါကို အချို့ကတော့ မရှိလို့မလှူနိုင်ဘူး၊မလှူလို့ဆင်းရဲ၊သံသရာကို လည်နေတာဘဲလို့ ပြောကြတယ်၊ လှူတယ်ဆိုတာဟာ ပိုက်ဆံ ကြေးငွေ ရှိမှ မဟုတ်ဘူး၊

ပိုက်ဆံမရှိလဲလုပ်နိုင်တာပါဘဲ၊ ရပ်ကျိုးရွာကျိုးကျောင်းဆောက်တယ်၊ ဆေးရုံဆောက်တယ်၊ ရေကန်တူးတယ်၊ လမ်းဖောက်တယ်၊ တံတားဆောက်တယ်၊ သန့်ရှင်းရေးလုပ်တယ်၊ ဒီလိုအလုပ်တွေမှာ လုပ်အားပေးလှူနိုင်ပါတယ်၊ လုပ်အားအလှူဟာလည်း အလွန်မြတ်ပါတယ်၊ ဘုရားလောင်း မာဃလုလင်ရဲ့ အလှူဟာ ဒီအလှူမျိုး၊ ရပ်ကျိုးရွာကျိုးအလှူ၊ ဆွေမျိုးတို့ကိုသင်္ဂြိုဟ်ထောက်ပံ့ခြင်းမင်္ဂလာသဘောပါဘဲ၊ ယခုလိုလမ်းစဉ်လူငယ်တွေ၊ ကြက်ခြေနီလူငယ်တွေ နိုင်ငံအကျိုး ရပ်ရွာအကျိုး လုပ်အားပေးကြတယ်၊ သူများတွေ အလေလဏတော လျှောက်လည်နေတဲ့အချိန် မနားကြဘူး၊ နိုင်ငံအကျိုးဆောင်တယ်၊ ဒါဟာ အလွန်မွန်မြတ်တဲ့ ကုသိုလ်ဖြစ်တယ်။

**ယူတတ်မှ ရတယ်**

ကုသိုလ်ဆိုတာလည်း ယူတတ်မှရတယ်၊ မြို့သစ်တွေမှာရေရှားတယ်၊ ရေရှားတော့ ရပ်ရွာလူထုကပါ ပါတီကောင်စီ ဦးဆောင်မှုနှင့် ရပ်ကွက်အလိုက်ရေကန်တွေကိုယ်ထူကိုယ်ထတူးကြတယ် အင်မတန် ဝင်းသာစရာကောင်းတယ်၊ လုပ်အား ကူသူက ကူ၊ စက်ပစ္စည်းကူသူကကူ၊ ငွေကြေးကူသူကကူ၊ အစားအသောက်ကူသူကကူ အလွန် ဝမ်းသာစရာ ပျော်စရာပါဘဲ၊ ဒီအထဲမှာ မင်္ဂလာတရားမသိသူတွေက ဆွမ်းဆန်ထဲကြွက်ချေးရောဆိုသလို အနှောင့်အယှက်ပြုတယ်၊ တို့တော့ဟေ့ တစ်နေ့လုပ်မှ တစ်နေ့စားရတာ လုပ်အားမပေးနိုင်ပါဘူး၊ နေပါစေ၊ ဒီထက်ဆိုးတာက ကန်တူးတော့ မြေထိုးစက်ထိုးရင်းနဲ့ ငှက်ပျောပင်ကလေးတစ်ပင်ပါသွားတယ်၊ ရန်တွေ့လိုက်တာကကျက်လန်၊ ငှက်ပျော

တစ်ပင်ပါသွားလို့ လျော်ကြေးပေးရတယ်၊ ဒီတော့မှ ကျေနပ်တယ်၊ ဒီရေဆာန်ရေပြည့်တော့ ဘယ်သူတွေ အရင်ဆုံး ခပ်မလဲ၊ ဒီလူတွေဘဲ ခပ်မှာ၊ ဒါကြောင့် မကူချင်နေပါ၊ မနှောင့်ယှက်ပါနှင့် စကားကိုသုံးကြတယ်၊ ဒီဉာဏ်တကာနည်းမင်္ဂလာကို ကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်ဖို့ လိုတယ်။

**ဘုရားလောင်း မျောက်မင်း** ဗုဒ္ဓ ဘုရား အလောင်း တော်ဟာဆွေမျိုးတွေအတွက် ဘယ်လောက်စွန့်စားခဲ့တယ်၊ သင်္ဂြိုဟ်ထောက်ပံ့ခဲ့တယ်ဆိုတာပြောပြချင်တယ်၊ လူတွေက မျောက်မင်းအူသံသီချင်းဆိုရင် မင်္ဂလာမရှိပြောကြတယ်၊ မကြားချင်ကြဘူး၊ ဒါပေမယ့် မျောက်မင်းရဲ့ လုပ်ဆောင်မှုကတော့ တကယ်မွန်မြတ်တဲ့ မင်္ဂလာပါဘဲ၊ သတ္တကနိပါတ်မဟာကပိဇာတ်မှာ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက် ထက် ဘုရား လောင်း မျောက် မင်း ဟာ မျောက်အပေါင်း အခြံအရံနှင့် ဟိမဝန္တာမှာ နေတယ်၊ ဂင်္ဂါမြစ်ကမ်းဘေးရှိသရက်ပင်ကြီးက သရက်သီးတွေကို မျောက်အပေါင်းနှင့်စားလေ့ရှိတယ်၊ တစ်နေ့ဗာရာဏသီမင်းဟာ ဂင်္ဂါမြစ်မှာ ရေကစားရင်း သရက်ပင်က မျောလာတဲ့သရက်သီး တစ်လုံးကိုစားရလို့ အရသာတွေ့တာနှင့် တပ်မက်တဲ့အတွက် မုဆိုးတွေနှင့်မြစ်ညာကိုဆန်လာပြီး သရက်ပင်မှာ စခန်းချတယ်။

ညသန်းခေါင်ရောက်တော့ ဘုရားလောင်းနှင့် မျောက်တွေဟာ သရက်သီးကို သွားစားကြတော့ ဗြဟ္မဒတ်မင်းလည်းနိုးပြီး လေးသမားတွေကိုနိုးကာ လေးမြားတင်ထား စေတယ် "နက်ဖြန်ကျရင် သရက်သီးရောမျောက်သားရော စားကြမယ်" ဆိုပြီး

သရက်ပင်ကို ဝိုင်းထားစေတယ်၊ မျောက်တွေဟာ သေရတော့မယ်ဆိုကာ ကြောက်လန့်တုန်လှုပ်ကြတယ်၊ ဘုရားလောင်းမျောက်မင်းက "မကြောက်ကြနှင့် သင်တို့အသက်ကို ငါကယ်မယ်" ဆိုပြီး ဒီကမ်းဘက်သရက်ပင်ကနေဟိုဘက်ကမ်းကိုခုန်ကူးသွားပြီး နွယ်ကြိုးတစ်ခုကိုရှာတယ်၊ နွယ်ကြိုးရတော့ တစ်ဘက်ကမ်းကသစ်ပင်မှာချည်ပြီး တစ်တက်စကို မိမိခါးမှာ ချည်ပြီး ဒီဘက်ကမ်းကိုပြန်ခုန်ကူးတယ်၊ ဒါပေမယ့် ကြိုးဟာနည်းနည်းတိုနေတော့ သရက်ကိုင်းကို လက်နှစ်ဘက်နှင့် ဆွဲမိရုံဘဲ မှီတယ်။

မျောက်မင်းဟာသရက်ကိုင်းကို မြဲမြံစွာကိုင်ပြီးငါ့ကျောကိုနင်းပြီး တစ်ဘက်ကမ်းကို ကူးကြလို့ဆိုတယ်၊ မျောက်အပေါင်းဟာ မျောက်မင်းကိုရှိခိုးပြီးမှ မျောက်မင်းရဲ့ ကျောကို အသာနင်းပြီး နွယ်ကြိုးနှင့် တစ်ဘက်ကမ်းကို ကူးကြတယ်၊ ဒေဝဒတ်အလောင်းအလှည့်ရောက်တဲ့အခါမှာမကောင်းစိတ်ထားရှိသူမို့ ဘုရားလောင်းရဲ့ကျောပေါ်ကို အရှိန်ပြင်းစွာခုန်ချပြီးတစ်ဘက်ကမ်းကို ကူးသွားတယ်၊ ဒီဒဏ်ကြောင့် မျောက်မင်းဟာ နှလုံးကွဲပြီး ဝေဒနာပြင်းစွာခံစားလျက် တစ်ဦးတည်းကျန်ခဲ့တယ်။

မျောက်မင်းအူသံဆိုတာ ဒီဝေဒနာသက်သာပါစေ ဆိုပြီး ဘုရားလောင်းမျောက်မင်းရဲ့ ညည်းညူတဲ့အသံပါဘဲ၊ဗာရာဏသီမင်းဟာ မအိပ်ဘဲ စောင့်ကြည့်နေတော့ ဒီအဖြစ်အပျက်ကို အစအဆုံးမြင်တဲ့အတွက် ဒီမျောက်ဟာ တိရစ္ဆာန်ဖြစ်လျက် မိမိပရိသတ်အတွက် အသက်စွန့်တယ်လို့ စဉ်းစားပြီးအိပ်တယ်၊ မိုးလင်းတော့ မျောက်မင်းကိုအောက်ချပြီး ကောင်းမွှာပြုစုတယ်၊ ဘုရားလောင်းဟာ မင်းကိုဆုံးမပြီးနောက် ဝေဒနာနှင့်သေရရှာ

တယ်၊ မင်းဟာ မျောက်မင်းရဲ့လုပ်ဆောင်ချက်ကို ကြည်ညိုလို့တဲ့ အတွက် အရိုးကိုယူဆောင်ပြီး စေတီတည်ထားကိုးကွယ်တယ်။

**ရပ်ကျိုးရွာကျိုး ဆောင်လျှင်**

ဒါကြောင့် ရပ်ကျိုးရွာကျိုး ဆောင်တာဟာ ဘုရားအလောင်းတော်တို့ရဲ့ ကျင့်စဉ်ဘဲ။ ကပျက်ယပျက် လုပ်သူ ငှက်ပျော တစ်ပင်ပါသွားလို့ ရန်တွေ့သူတွေဟာ ဒေဝဒတ်ကျင့်စဉ်ဘဲ၊ ဘယ်လမ်းကို လိုက်မလဲ၊ နိုင်ငံအနေနှင့် ပြန်ကြည့်ရင်လည်း ဒီအတိုင်းဘဲ၊ စစ်သူကြီး ဗန္ဓုလဟာ နိုင်ငံ့လွတ်လပ်ရေးအတွက် နယ်ချဲ့ကို ခုခံရင်း နိုင်ငံအတွက် အသက်ပေးသွားတယ်။ လွတ်လပ်ရေး ပြန်ရဖို့အတွက် အသက်ပေး တော်လှန်တဲ့အာဇာနည်တွေ၊ လွတ်လပ်ရေး ဖခင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အခုအမျိုးသား ခေါင်းဆောင်ကြီး ဦးနေဝင်းတို့နှင့်အတူ ကြိုးပမ်းခဲ့သူတွေဟာ ဒီဉာတကာနဉ္စသင်္ဂဟမင်္ဂလာကို ကျင့်သုံးတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ် ဒါဟာ အလွန်မွန်မြတ်တဲ့ လုပ်ငန်းကြီးဖြစ်ပါတယ်။ အနော်ရထာဘုရင်ဟာ နိုင်ငံအကျိုး ဆည်တွေမြောင်းတွေပြုစုသွားတာယခုအထိခံစားနေကြရတယ်

ဒါတွေဟာ မင်္ဂလာတရားဘဲ၊အမျိုးကောင်း သားသမီးတို့ဟာ ဗုဒ္ဓမြတ်စွာဘုရားအလောင်းတော်တို့ရဲ့ ကျင့်စဉ်နှင့် အညီ ဒီမင်္ဂလာကို ကျင့်ကြရင်ဖြင့် အမိနိုင်ငံတော်ကြီးဟာ ချမ်းသာမှု အပြည့်ရမှာဖြစ်ပါတယ်၊ ဒါကြောင့် နိုင်ငံတော်မှာ ဒေဝဒတ်လမ်းစဉ်ကိုကျင့်တဲ့ သောင်းကျန်းသူတွေ၊ ဝိသမလောဘသမားတွေ၊အမျိုးသားသစ္စာဖောက်တွေကို အပြီးတိုင်ချုပ်ငြိမ်းစေပြီး သာယာဝပြောတဲ့ လောကဖြစ်အောင် ဒီမင်္ဂလာတရားတော်ကို လူတိုင်းနိုင်ငံသားတိုင်းကျင့်နိုင်ကြပါစေလို့ဆုတောင်းမပါတယ်။

## (၁၇)

# အပြစ်မရှိသောအမှုကိုပြုခြင်း မင်္ဂလာ

**တစ်ဆယ့်ခုနစ်ခုမြောက် မင်္ဂလာကတော့-**

အနဝဇ္ဇကမ္မ၊ အပြစ်မရှိသော အမှုကိုပြုရခြင်းသည်မင်္ဂလာ ဘဲလို့ ဗုဒ္ဓမြတ်စွာဘုရားသခင်က ဟောတော်မူပါတယ်။

ဒီတော့ အပြစ်မရှိတဲ့အမှု၊အပြစ်မရှိတဲ့အလုပ်ဆိုတာ ဘာလဲ သိဖို့လိုပါတယ်။လောကီအရလည်းကောင်း၊ လောကုတ္တရာအရ လည်းကောင်း အပြစ်မရှိတဲ့အလုပ်ကိုလုပ်ရမယ်၊ လောကုတ္တရာ ကျင့်စဉ်ကိုဘဲကျင့်ကျင့်၊လောကီအလုပ်ကိုဘဲ လုပ်လုပ်၊မိမိကိုယ် ကို မလှည့်စားဘဲ ယထာဘူတကျကျလုပ်ဖို့လိုပါတယ်၊ ဒီမင်္ဂလာ တရားဟာဆိုရင် လောကုတ္တရာရေးသာမက လောကီ လူမှုရေး မှာလည်း များစွာပတ်သက်လျက်ရှိပါတယ်။

**ညောင်ကန် ဆရာတော် စကား:** ညောင်ကန်ဆရာတော် ရေးသားတဲ့ မင်္ဂလတ္ထ ဒီပနီမှာ 'ဥပုသ်သုံးခြင်း၊ ဝေယျာဝစ္စကိုပြု ခြင်း၊ အရံဥယျာဉ်စိုက်ပျိုးခြင်း၊တံတားဆောက် ခြင်း အစရှိသည်တို့သည် အပြစ်မရှိသောအမှုမည် ကုန် ၏'+ လို့ ပြဆိုထားပါတယ်။ ဒါကြောင့် စောစောက ဥပါသာ

+ မင်္ဂလတ္ထဒီပနီ၊ (၃)၊ စာ-၁၁၉။

ကာနုဥ္စသင်္ဂဟမင်္ဂလာမှာ ပြောခဲ့တဲ့ ရေကန်တူးခြင်း၊ လမ်းဖောက်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ဆေးရုံဆောက်ခြင်း အစရှိတဲ့ ကိစ္စတွေဟာ ငွေရေးကြေးရေး မကူနိုင်ရင်ရှိပါစေ၊ လုပ်အားပေးရင်တောင်မှ အနဝဇ္ဇကမ္မနှင့် ဥဘတကာနုဥ္စ သင်္ဂဟမင်္ဂလာတရား နှစ်ပါးစလုံးကိုရရှိနိုင်ပါတယ်။

ဒါကြောင့် လောကီလူမှုရေးမှာနိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို လိုက်နာရမယ်၊ လောကုတ္တရာရေးမှာ ဥပုသ်သီလစောင့်ရမယ်၊မိမိအိမ်ကစပြီး သန့်ရှင်းရေးလုပ်၊မိမိလမ်းမှာလုပ်၊ရေမြောင်းဖော်၊ ရေတွင်းရေကန်တူး၊ ဆေးရုံမှာ ကူညီ၊ ကလေးတွေကို စောင့်ရှောက်၊ ကလေးတွေကို လိမ္မာရေးခြားရှိအောင် ပုံပြင်ကလေးတွေ ပြောပြ၊ ဒါတွေဟာ အပြစ်မရှိတဲ့ အမှုတွေပါဘဲ၊ဘုရားအလောင်းတော်တို့ရဲ့ ကျင့်စဉ်တွေပါဘဲ။

**မာဃလုလင်**
**ဝတ္ထု**

ဒီနေရာမှာ ဘုရားအလောင်း မာဃလုလင် + အကြောင်းပြောပြချင်ပါတယ်။ အကြမ်းဖျဉ်းအားဖြင့် သိသလောက်တော့ သိပြီးသားတွေပါဘဲ၊ မသိသေးတဲ့ အချက်ကလေးတွေ ရှိရင် သိရအောင် ပြောပြခြင်းဖြစ်ပါတယ်၊ ရှေးလွန်လေပြီးတဲ့အခါက ဘုရားလောင်းဟာ မစလရွာမှာ မာဃလုလင်ရယ်လို့ ဖြစ်တယ်။ ဒါနမင်္ဂလာ အလှူပေးတယ်၊ အနဝဇ္ဇကမ္မမင်္ဂလာ သီလစောင့်တယ်၊ ရပ်ရွာသာယာရေးကို လုပ်တယ်၊ဒီရွာမှာ အိမ် ၃၃ အိမ်ဘဲရှိတယ်၊ မာဃလုလင်ရဲ့ သွန်သင်ချက်အရ အားလုံးဟာ

+ ဆိမ်းစာပေ ✖ ခွေတ်မိစ္ဆပဒ (ပ) စာ—၂၀၀-၃၆၃၊ ဒုတိယအကြိမ်

မာဃလုလင်ရဲ့လမ်းစဉ်ကို လိုက်နာကြတယ်၊ ဒါန၊သီလကိုပြုတဲ့ အပြင် ရပ်ရွာသန့်ရှင်းရေးလုပ်တယ်၊ လမ်းကို ညီညွတ်အောင် ပြင်တယ်၊ ရထားသွားလမ်း မလွတ်တဲ့ သစ်ပင်များကိုရှင်းလင်း တယ်၊ တံတားခင်းကြတယ်၊ ဇရပ်တည်ဆောက်ကြတယ်၊ ရေ ကန်တူးကြတယ်၊ဒီတော့ ရပ်ရွာသာယာတယ်။

ယခု လူတွေက ဒီလိုစိတ်မရှိဘူး၊ လမ်းမှာ ချိုင့်ခွက်တွေက တပ်ရာနှစ်ရာ၊ ကားသွားဖို့ မလွယ်ဘူး၊ ဆိုက်ကားတောင်မသွား နိုင်ဘူး၊ စက်ဘီးတောင် ခဲခဲယဉ်းယဉ်း သွားရတယ်၊ ဒီတော့ မြို့နယ်မှာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်က "ပစ္စည်းကိုကျုပ် ပေးမယ်၊ကိုယ်ထူကိုယ်ထလုပ်ကြ" ဆိုပြီး ဂဝံကျောက်၊ အုတ်ခဲ ကျိုး၊ သဲများ ပုံပေးတယ်။ လမ်းထဲမှာ မော်တော်ကား ရှိတဲ့လူ တွေရှိတယ်၊ဘယ်သူမှကူညီလုပ်အားပေးဖော်မရဘူး၊ဆိုက်ကား သမားတွေကလည်း လမ်းမကောင်းလို့ဆိုပြီး ဒီလမ်းထဲ ပို့ရရင် ပိုက်ဆံပိုတောင်းတယ်။ လမ်းကောင်းသွားရင် ဆိုက်ကားခအရ နည်းသွားမှာစိုးရိမ်လို့ ဘယ်သူမှ လုပ်အားမပေးဘူး၊ ဒါနဲ့ အုတ်ခဲကျိုး၊ကျောက်၊ သဲတွေဟာ ကလေးဆော့ရင်း လျော့ လျော့လာတယ်၊ ဘယ်မိဘကမှ မဆော့ကြနဲ့ မတားဘူး၊ မင်္ဂလာတဆူးက အဲသလောက် ခေါင်းပါးတာ။

ဒါနဲ့ပစ္စည်းရှာပေးတဲ့ ပုဂ္ဂိုလ်ကဘဲ မနေနိုင်လို့ လမ်းဌာန ကိုဘဲ မေတ္တာရပ်ခံပြီး ဌာနဆိုင်ရာ အလုပ်သမားတွေနဲ့ဘဲ လာ လုပ်ရတယ်။ လမ်းထဲက လူတွေက လာဖေးမရည်တစ်ခွက် အဲဒီ အလုပ်သမားတွေကို တိုက်ဖော်မရဘူး၊ ဒါသူတို့တာဝန်၊ သူတို့ လုပ်ရမှာလို့ ပြောတယ်။ ဒီတော့ ဒီလိုတစ်ဘဝစား သမားတွေ

ကြောင့် နိုင်ငံတော် သာယာရေးမှာ နှောင့်နှေး နေတာကို တွေ့ရတယ်။

**တစ်ယောက်ကစ တစ်ရာ ပြည်သာယာ**

ဒီလိုစိတ်ထားမကောင်းတဲ့ လူတွေ ရှိသလိုဘဲ စာရေးသူကိုယ်တိုင် ကမာရွတ်မြို့နယ်မှာ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ်က မင်္ဂလာတရားနှင့် ပြည့်စုံသူတွေတွေ့ရတယ်။ ဝမ်းသာစရာဘဲ။ ဒီလူတွေကို အမြဲဂုဏ်ယူမိတယ်။ ရပ်ကွက်ကလေးက ဆင်းရဲတယ်၊ မူလတန်းကျောင်းကလေးက ကြယ်မြင်လမြင်ဖြစ်နေတယ်။ ဒါနှင့် ကိုယ်ထူကိုယ်ထ ငါးပြားဆယ်ပြား စုလာတာ ငွေ ၃၀၀၀ိ လောက် ရလာတော့ စာရေးသူကို လာပြောတယ်။ ကျောင်းပြင်ဆောက်ချင်တယ်တဲ့။ ပိုက်ဆံဘယ်လောက်ရှိသလဲ၊ ၃၀၀၀ိ၊ "ဟာ....သုံးထောင်နှင့်တော့ မရဘူးဗျ"လို့ ပြောတော့ သူတို့ ဝမ်းနည်းသွားတယ်။

ကျွန်တော်-ကျွန်မတို့လည်း ဆင်းရဲတယ်။ ဒါဘဲ တတ်နိုင်တယ်။ ဖြစ်အောင်လုပ်ပေးပါ ပြောတော့ စာရေး သူလည်း လုပ်ပေးမယ်ကတိ ပြုရတယ်။ လမ်းထိပ်ကဆရာဝန်ကို မေတ္တာရပ်ခံရဘယ်။ "ဆရာရယ်၊ ဆရာလဲဒီရပ်ကွက်နှင့် အကျိုးဖြစ်နေတာ၊ ကျောင်းဆောက်ဖို့ကူညီပါ"ဆိုတော့ဒီဆရာဝန်ကလည်း စေတနာရှိဘယ်။ လွယ်လွယ်ကူကူဘဲ အလှူငွေ ၃၀၀၀ိ ထည့်တယ်။ ဒီလိုဘဲတတ်နိုင်သူတွေကလည်း ထည့် တက္ကသိုလ်က မြန်မာစာ ပါမောက္ခ ဆရာကြီး ဦးအေးမောင်ကလည်း ၄၀၀၀ိ ထည့်နှင့် စုစုပေါင်း ၃၀၀၀ိ ကနေ ၅၀၀၀၀ိ ဖြစ်လာတယ်

ဒီတော့နတ်မောက် စက်မှုလက်မှု ကျောင်းကိုသွား၊ ညွှန်ကြားရေးမှူး ဆရာကြီး ဦးခင်မောင်ကိုပြောပြတော့ "ဟာ... သိပ်ကောင်းတာပေါ့၊ ကျွန်တော့်ကျောင်းသားတွေ အဖို့ ဒါ လက်တွေ့သင်တန်းအခွင့်အရေးဘဲ၊ လုပ်အားပေး ကူညီမယ်" ပြောပြီးကျောင်းပုံစံဆွဲတာကအစ ကူညီတယ်။ နေ့စဉ်ကျောင်းသား ၄၀ လာပြီးလုပ်အားပေးတယ်။ ရပ်ကွက်ထဲကလူတွေက လည်း ဝမ်းသာလို့တစ်အိမ်ကိုထမင်း တစ်ပန်းကန်ဟင်းတစ်ခွက် လာပို့ကြတယ်။ ဘယ်သူမှ ပိုမကုန်ဘူး၊ လုပ်အားပေးတဲ့ကလေးတွေလည်း စားရတယ်၊ ရပ်ကွက်ကကူညီတဲ့လုပ်အားပေးသူတွေလည်းစားရတယ်။ တပျော်တပါးကြီးဘဲ။ ဝမ်းသာစရာပါဘဲ။

ဒီလို ကိုယ်ထူကိုယ်ထ လုပ်တယ်ဆိုတော့ မော်ကွန်း ရုပ်ရှင်ကလည်း သတင်းကားရိုက်ယူတယ်။ ၄၅ ရက်အတွင်းခန့်ညားထည်ဝါတဲ့ ကျောင်းကြီး ပြီးသွားတော့ ပညာရေး ဌာနကို လှူတယ်။ ပညာရေးဌာနကပုဂ္ဂိုလ်တွေကလည်း ဝမ်းသာလို့မူလတန်းကျောင်းကနေ အထက်တန်းကျောင်း တစ်ခါတည်း တိုးမြှင့်ပေးတယ်။ ဘယ်လောက် အားကျစရာ၊ နမူနာ ယူစရာ ကောင်းသလဲ၊ ဒါကမာရွတ် ပျော်ဘွယ်ကျောင်း လမ်းက နမူနာ၊ ဒါကို အားကျလို့ ကမာရွတ် လှည်းတန်း ဂုံးနားက ထန်းတပင်ကျောင်းဟာလည်း ဒီလိုဘဲလုပ်တယ်။ သူတို့လည်း အောင်မြင်တယ်။ အလယ်တန်းကနေ အထက်တန်းကျောင်း ရတယ်။ ဒါကြောင့် ရပ်မှုရွာမှု လုပ်ချင်တဲ့ စိတ်တွေ ထားကြပါလို့ ပြောချင်တယ်။

ကဲ...မာဃလုလင်အကြောင်း ပြန်ဆက်ရအောင်။ မာဃလုလင်ရဲ့ လုပ်နိုင်းကြောင့် ရပ်ရွာအေးချမ်း သာယာလာတော့

အမှုအခင်းကလည်းမဖြစ်တော့ဘူး၊ ရှေးတုန်းက တရားမစောင့်စဉ်က ရွာစားဟာ အမှုအခင်းဖြစ်သူတွေဆီက လာဘ်ယူတယ်။ အခု အမှုအခင်းမဖြစ်တော့ လာဘ်မရတော့ဘူး၊ လာဘ်မရတော့ သူက မာဃလုလင်ကို မကြည်ဘူး၊ ရှင်ဘုရင်ထံသွားပြီး လိမ်လည်လျှောက်ထားတယ်။ မာဃလုလင်နှင့်အဖွဲ့ဟာ သူခိုးဓားပြတွေဖြစ်တယ်လို့ ပြောတယ်။ ဒီတော့ ဘုရင်ကလည်း ဥာဏ်ပညာနည်းသူမို့ မစုံစမ်းမစစ်ဆေး အားလုံးကို ဖမ်းပြီး ဆင်နှင့်နင်းသတ်စေလို့ အမိန့်ပေးတယ်။

မင်းရင်ပြင်မှာ အားလုံးကို အိပ်နေစေပြီး နင်းမယ့်ဆင်ကို ဆွဲလာတယ်။ ဒီတော့ မာဃလုလင်က "အချင်းတို့၊ သင်တို့ ကိုယ့်သီလကို ကိုယ်တိုင် ဆင်ခြင်ကြ၊ ကုန်းတိုက်တဲ့ ရွာစား၊ သတ်ခိုင်းတဲ့ဘုရင်၊ နင်းမယ့်ဆင်နှင့် မိမိကိုယ်ပါ အားလုံးကို မေတ္တာပွားကြလို့ ဆိုတယ်။ ဆိုတိုင်းပြုကြရာ ဆင်ဟာ မနင်းဝံ့ဘဲ အော်ပြေးတယ်၊ ဒီတော့ ဒီဆင်မနင်းရဲရင် နောက်တစ်ကောင်ဆွဲလာ နင်းစေပြန်တယ်၊ တစ်ကောင်ပြီး တစ်ကောင် ဘယ်ဆင်မှ မနင်းရဲဘူး၊ ဒီတော့ ဘုရင်က "သူတို့မှာ ဆေးကောင်း ဝါးကောင်းတွေရှိလိမ့်မယ်၊ ရှာကြ" ဆိုပြီး ရှာကြတော့ ဘာဆေးဝါးမှ မတွေ့ဘူး၊ ဒါနှင့် "မန္တာန်ရှိလိမ့်မယ်၊ မေးကြစမ်း" ဆိုတော့ "မန္တာန်ရှိတယ်တဲ့"

**မာဃလုလင်ရဲ့ မန္တာန်**

ဘုရင်က "သင်တို့မန္တာန်ကို ပြောကြစမ်း" ဆိုတယ်။ ဒီတော့ မာဃလုလင်က "ကျွန်တော်တို့မှာ တစ်ခြားမန္တာန်တော့မရှိပါ။ ကျွန်တော်တို့ဟာ မကောင်းတဲ့အမှုတွေကို မပြုလုပ်ဘဲ (၁) မိဘကို လုပ်

ကျေးတယ်၊ (၂) အသက်ကြီးသူတို့ကို ရိုသေမြတ်နိုးတယ်၊ (၃) သိမ်မွေ့ ပြေပြစ်တဲ့ သုဘာသိတဝါစာ စကားကိုသာ ပြောဆိုတယ်၊ (၄) ကုန်းတိုက် ချောပစ်စကား မဆိုဘူး၊ (၅) ဝန်တိုစိတ်မရှိဘူး၊ (၆) လူဒါန်းတဲ့နေရာမှာ ရက်ရောစွာပေးလှူတယ်၊ (၇) မှန်တဲ့ စကားကိုသာ ဆိုတယ်၊ (၈) အမျက်မထွက်တတ်ဘူး၊ (၉) သူ့အသက်မသတ်ဘူး၊ (၁၀) သူ့ဥစ္စာ မခိုးဘူး၊ (၁၁) သူ့သားမယား မပြစ်မှားဘူး၊ (၁၂) အရက်မသောက်ဘူး၊ ဒါ့အပြင် မေတ္တာတရား အမြဲပွားများတယ်၊လမ်းပြင်တယ်၊ ရေကန်တူးတယ်၊ ဇရပ်ဆောက်တယ်၊ ဒီအမှုတွေဟာ ကျွန်တော်တို့ရဲ့ ပရိတ် အရံ အတားမန္တာန်တွေပါဘဲ''လို့ ပြောပြတယ်။

ရှင်ဘုရင်ကလည်း ဒါဟာ ကောင်းသော အမှုတွေဘဲလို့ ကြည်ညိုပြီး ယခင်ရွာစားကို ရာထူးမှရုပ်သိမ်းပြီးမာဃလုလင်ကို ရွာစားရာထူးခန့်တယ်။ သေလွန်တဲ့အခါ တာဝတိံသာ နတ်ပြည်မှာ မာဃသိကြားမင်းရယ်လို့ အပေါင်းအဖော်တွေနဲ့အတူ ဖြစ်လာတယ်။ အဲဒီကစပြီး သိကြားမင်းဆိုရင် ''မာဃ ဘဲ့ကို ခံယူ ကြတယ်၊ သိကြားမင်း ဦးမာဃလို့ဘဲ ပြောစမှတ်ပြုကြတယ်။

ဒါကြောင့်အမျိုးကောင်းသားသမီးတို့ဟာ အလွန်မွန်မြတ်တဲ့ဘုရားအလောင်းတော်တို့ရဲ့ကျင့်စဉ်ဖြစ်တဲ့ အနဝဇ္ဇကမ္မမဂ်လာအဖြစ်မရှိတဲ့ အမှုကို ပြုကြပါလို့ တိုက်တွန်းလိုပါတယ်။

☆

## (၁၈) + (၁၉)

## မကောင်းမှုမှ ရှောင်ကြဉ်ခြင်းနှင့် သေရည်သေရက်သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း မင်္ဂလာ

**တစ်ဆယ့်ရှစ်ပါးမြောက် မင်္ဂလာကတော့—**

ပါပ အာရတီ။ မကောင်းမှုမှ ဝေးစွာ ရှောင်ကြဉ်ခြင်းနှင့်
**တစ်ဆယ့်ကိုးပါးမြောက် မင်္ဂလာကတော့—**

ပါပဝိရတီ၊ မကောင်းမှုမှ အထူးသဖြင့် ရှောင်ကြဉ်ခြင်းသည် မင်္ဂလာတရားတွေပါဘဲလို့ ဗုဒ္ဓမြတ်စွာဘုရား သခင်က ဟောကြားတော်မူပါတယ်။

ဒီမင်္ဂလာနှစ်ပါးကို ဒီနေရာမှာ တစ်ပေါင်းတည်းဘဲ ရှင်းပြလိုပါတယ်၊ ဘာကြောင့်လဲဆိုတော့ မကောင်းမှုမှာ အပြစ်ကို စိတ်ဖြင့် သာလျှင် မမွေ့မလျော်ခြင်းဟာ အာရတီ မည်တယ်။ ကမ္မဒွါရရဲ့အစွမ်းအားဖြင့် ကိုယ်စိတ်နှုတ်တို့ဖြင့်ရှောင်ကြဉ်ခြင်းသည် ဝိရတီမည်တယ်လို့ဆရာမြတ်တို့ပြဆိုပါတယ်။ + ဒီနေရာမှာ

---

\+ မင်္ဂလတ္ထဒီပနီ (ဒု) စာ–၂၃၆။

ဒီမင်္ဂလာနှစ်ပါးကို တစ်ပါးတည်းယူပြီး မာတာပိတုဉပဋ္ဌာန မင်္ဂလာကို နှစ်ပါးခွဲယူသည်လည်းရှိပါတယ်။ ✖မည်ကဲ့သို့ ဘယ် နှစ်ပါးဘဲယူယူ၊ အရေးကြီးတာကတော့ အရေအတွက်ထက် ကျင့်သုံးနိုင်မှု အရည်အချင်းပါဘဲ။

မည်သည့် မကောင်းမှုတွေကို ရှောင်ကြဉ်ရမလဲဆိုတော့ ဒုစရိုက်ဆယ်ပါးကိုရှောင်ကြဉ်ဖို့ပါဘဲ၊ ဒုစရိုက်ဆယ်ပါးကို ပြီးခဲ့တဲ့ မင်္ဂလာတရားတွေမှာ အကျယ်ပြောပြပြီးဖြစ်လို့ ဒီမှာ ထပ်မပြောတော့ပါဘူး၊ စိတ်နှင့် ရှောင်ရုံနှင့် အကျိုး ရှိသလား ဆိုတာကိုသာ ပြောစရာ ရှိပါတယ်၊ မူလပဏ္ဏာသ သလ္လေခသုတ် (၅၂)*တွင်"စုန္ဒကုသိုလ်တရားတို့၌ စိတ်ဖြစ်ရုံမျှပင် ကျေးဇူးများလှတယ်ဟု ငါးဘုရားဟောၾ။ကိုယ်နှုတ်ဖြင့် ပြုအပ်သော် ဆိုဖွယ်မရှိတော့ပေ။ ထို့ကြောင့် သူတစ်ပါးတို့သည် ညှဉ်းဆဲ တတ်သူများ ဖြစ်ကြလိမ့်မည်၊ ဤအရာ၌ ငါတို့သည် မညှဉ်းဆဲ သူများဖြစ်ကြမည်ဟု စိတ်ကိုဖြစ်စေရမည်။ သူတစ်ပါးတို့သည် အသက်ကိုသတ်သူများဖြစ်ကြလိမ့်မည်။ ဤအရာ၌ ငါတို့သည် အသက်သတ်မှုမှ ရှောင်ကြဉ်သူများ ဖြစ်ကြမည်"ဟု စိတ်ကို ဖြစ်စေရမည်ဟု ဟောတော်မူပါတယ်။

ဓမ္မပဒမှာလည်း"စိတ်သည် မကောင်းမှု၌မွေ့လျော်တတ်၍ ကောင်းမှုကို ပြုသောအခါမှု နှုံ့နှေးတတ်ရကား စိတ်ကို မကောင်းမှုမှ တားမြစ်၍ ကောင်းမှုကို ဆောလျင်စွာပြုရာ၏✖ လို့ ဟောတော်မူပါတတ်။ ၎င်းပြင် ဓမ္မပဒမှာဘဲ"ပုဂ္ဂိုလ်တစ်ဦး သည် မကောင်းမှုပြုခဲ့မိလျှင် ထိုမကောင်းမှုကို ထပ်ကာထပ်ကာ

---

* ပရိတ်ကြီး နိဿယသစ်၊ စာ—၁၃၁၊၁၄၃။

✖ ဓမ္မပဒ ဦးမြင့်ဆွေ၊ စာ—၁၀၂။

မပြုမိစေရာ၊ မကောင်းမှုကို ပွားစေခြင်းသည် ဆင်းရဲကြောင်း ဖြစ်၍ ထိုမကောင်းမှု၌ ပြုလိုသောစိတ်ဆန္ဒကိုပင်မပြုရာ''ဆိုပြီး သေယျ သဘာရဟန်းကို အစွဲပြုပြီးဟောဟော်မူပါတယ်။ လူ့ရဲ့ သဘော မှာအများအားဖြင့် ကောင်းမှုစိတ်နှင့် မကောင်းမှုစိတ် ဟာ မကောင်းစိတ်ဖြစ်တဲ့အချိန်က များပါတယ်။

ဥပမာအားဖြင့်''ဒီကလေးမ လှလိုက်တာ၊ ငါ့မိန်းမဖြစ်ရင် ကောင်းလေစွ၊ ငါနှင့်နှီးနှောရ ကောင်းလေစွ'' စသည်ဖြင့် မကောင်းသောစိတ်ဖြစ်တတ်ပါတယ်၊ ဒါကြောင့် မကောင်းမှု ကို အာရတီ၊ ဝေးစွာရှောင်ကြဉ်ရမယ်၊ ဝိရတိ၊ အထူးသဖြင့် ရှောင်ကြဉ်ရမယ်လို့ ဆိုခြင်းဖြစ်ပါတယ်၊

**ဝိရတီ သုံးပါး**

ဒီလိုဝိရတီ၊ အထူးသဖြင့် ရှောင်ကြဉ်ခြင်းမှာ လည်း သုံးပါး+အပြားရှိတယ်။ (၁) သမ္ပတ္တ ဝိရတီ၊ (၂) သမာဒါနဝိရတီ၊ (၃) သမုစ္ဆေဒ ဝိရတီတို့ဖြစ်ပါတယ်။ သမ္ပတ္တဝိရတီ ဆိုတာက သိက္ခာ ပုဒ်ဆောက်တည်မထားဘဲ ကြုံကြိုက်လာတဲ့ကိစ္စမှာ ငါ လိုလူဒီ လိုကိစ္စမလုပ်ထိုက်ဆိုပြီး ရှောင်ကြဉ်ခြင်းပါဘဲ။

**စက္ကန ဥပသကာ**

ဗုဒ္ဓဘုရားရှင်လက်ထက်မှာ စက္ကနဥပသကာ** ရယ်လို့ရှိတယ်၊ ကလေးဘဝတုန်းက စက္ကနရဲ့ အမေဟာ ရောဂါသည်ဖြစ်လို့ ဆေးသမားက ယုန်သားစိုစားရမယ်ဆိုလို့ အစ်ကိုလုပ်သူက စက္ကနကို ယုန်ရှာခိုင်းတယ်၊စက္ကနဟာလယ်ထဲ သွားဖမ်းတာယုန်

---

+- ပရိတ်ကြီး နိဿယသစ်၊ စာ—၁၄၃-၁၄၄။
** မင်္ဂလတ္ထဒီပနီ(ဒု)စာ—၂၃၆-၂၃၇။

ကလေးတစ်ကောင်ရတယ်၊ ပြီးမှ "ငါဟာ ငါ့အမေရဲ့ အသက်ကြောင့် သူများအသက်ကိုမသတ်ကောင်း၊ ဒီလိုသူများ အသက်သတ်တာဟာ ငါ့အဖို့ မတော်တဲ့အလုပ်" ဆိုပြီး ယုန်ကိုလွှတ်တယ်၊ အစ်ကိုလုပ်သူကသိတော့ ဆူပူကြိမ်းမောင်းတယ်၊ စက္ကနလည်း "အမေ... ကျွန်တော်ဟာ အကြောင်အခါကစပြီးဖြစ်တယ်၊ သတ္တဝါကိုစိတ်ကပါတို့ သတ်ဖူးတယ်ဆိုတာမသိ" လို့ သစ္စာဆိုတယ်၊ ဒီခဏမှာဘဲ စက္ကနရဲ့အမေဟာ ရောဂါပျောက်တယ်။

**နွားပျောက်ရှာသူ**

နောက် သမာဒါနဝိရတီကတော့ သိက္ခာပုဒ်ဆောက်တည်ပြီး ရှောင်ကြဉ်ခြင်း ဖြစ်တယ်။ ဥတ္တရဝဍ္ဍနတောင်မှာ နေတဲ့ ဥပါသကာ တစ်ယောက်*ဟာ ပိင်္ဂလဗုဒ္ဓရက္ခိတ မထေရ်ထံမှာ သိက္ခာပုဒ်ယူပြီး နွားပျောက်လို့ လိုက်ရှာတယ်၊ တောင်ပေါ်ရောက်တော့ စပါးကြီးမြွေတစ်ကောင်က ဥပါသကာကို ပတ်ထားတယ်၊ ဥပါသကာ၊ ဥပါသကာလို့သာ ပြောနေကြတယ်၊ အမှိုပွာယ် သိသူနည်းတယ်၊ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ ဒါယကာယောကျ်ား,မိန်းမတို့ကို ဥပါသကာ၊ ဥပါသိကာလို့ခေါ်တယ်။ ○

**ဥပါသကာ အင်္ဂါရပ်**

ဥပါသကာအင်္ဂါရပ် (၅) ပါးရှိတယ်။ (၁) ရတနာသုံးပါး၊ ကံ၊ ကံ၏အကျိုးကို ယုံကြည်ခြင်း၊ (၂) ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စသော အကျင့်သီလနှင့်ပြည့်စုံခြင်း၊ (၃) ကာမဂုဏ်နှင့်စပ်သော အာရုံခေါ် မြင်၊ ကြား၊ နံ့တွေ့ထိမှုမင်္ဂလာမှုကို

---

* ရင်း စာ—၃၉။
○ သု၊ စာ—၉၁၊

ခွဲသိ၍ လောကမင်္ဂလာအယူကို မစွဲမယူခြင်း၊ (၄) မြင်ကြားနံ့တွေ့ထိသော မင်္ဂလာမှုကို မယုံကြည်မှု၍အကြောင်းဖြစ်သော ကံတရားကိုသာ ယုံကြည်ခြင်း၊ (၅)ဗုဒ္ဓဘုရား၏ အဆုံးအမသာသနာတော်အတွင်း၌သာ ကုသိုလ်ကောင်းမှုကို ပြုလုပ်ရှာမှီးခြင်းတို့ဖြစ်ပါတယ်။

နောက်တစ်နည်းကတော့ (၇)ပါး*ရှိပါတယ်။

**ဥပါသကာ အင်္ဂါ၇ပါး** (၁)မြတ်စွာဘုရား၏ တပည့်သားသံဃာတော်အရှင်မြတ်တို့အား ဖူးမြင်ခြင်းမှ မယုတ်မလျော့ခြင်း၊ (ယခု အခါ လူငယ်တွေဟာ ဘုရားကျောင်းကန် မသွားချင်ကြဘူး၊ အဲ—ဘုရားကိုတော့သွားတယ်၊ ရည်းစားနှင့်ချိန်းတွေ့ဖို့၊ဘုန်းကြီးကျောင်းတော့ မသွားချင်ကြဘူး၊သံဃာတော်တွေကိုဆည်းကပ်တယ်ဆိုတာအင်မတန်မှ ငြိမ်းချမ်းတယ်ဆိုတာမသိကြဘူး၊ဘုန်းကြီးကျောင်းရဲ့အကျိုးတွေကို ရှေ့အခန်းတွေမှာ ပြောပြပါမယ်)၊ (၂) သူတော်ကောင်းတို့ ဟောပြည့်ကြားသော တရားတော်ကို နာယူခြင်း၌ မမေ့မလျော့ခြင်း၊ (၃) ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲစေပြီး ရှစ်ပါး ဆယ်ပါးစတဲ့ သီလတွေကို ရံခါစောင့်ရှောက်ဆောက်တည်ခြင်း၊ (၄)အတုမရှိသော ဗုဒ္ဓမြတ်စွာဘုရားသခင်၏ သာသနာတော်ထမ်း ရဟန်းသာမဏေတို့ကိုသာ ကြည်ညိုခြင်း၊ (၅) မချုပ်မချယ်တရားတော်ကို လွတ်လွတ်ကျွတ်ကျွတ် နာယူကျင့်ကြံခြင်း၊ (၆) ဗုဒ္ဓ မြတ်စွာ ဘုရား၏ သာသနာ တော်မှ တစ်ပါး အခြားသော သာသနာ၌ အလှူခံပုဂ္ဂိုလ် မရှာခြင်း၊

---

* သု၊ ၈၁–၉၂၊

(၇) ဗုဒ္ဓမြတ်စွာဘုရား၏ တပည့်သားတို့ကိုသာ ဦးစွာပေးလှူခြင်းတို့ဖြစ်ပါတယ်။

ပြီးတော့ ဥပါသကာ၊ ဥပါသိကာတို့မှာ ဂုဏ်

ဥပါသကာဂုဏ် ၁၀ ပါး+ လည်း ရှိသေးသည်။ (၁) သံဃာ

၁၀ပါး တော်များနှင့် ချမ်းသာဆင်းရဲ မကွဲ မပြား

တရားကိုစောင့်ရှောက်ကြီးမှူးခြင်း၊ (၂)အကုသလ ဒုစရိုက်ဓမ္မကို ရှောင်ရှားခြင်း၊ (၃) ဗုဒ္ဓသာသနာတော်ကို ထွန်းကားကြီးပွားစေခြင်း၊ (၄) ဒိဋ္ဌိဇုကမ္မခေါ် အယူဖြောင့်မှန် စေခြင်း၊ (၅) အင်း အိုင် မန္တရား၊ နတ်၊ စုန်းစသော လောကီလုပ်ငန်းများကို မယုံကြည် မကိုးစားခြင်း၊ (၆)တစ်ပါးဘုရားကို မကိုးကွယ်ရန် ကြောင့်ကြ တစ်ခု မပြုတော့ခြင်း၊ (၇) ကိုယ်နှုတ်နှစ်ပါး စောင့်ရှောက်လုံခြုံစေခြင်း၊ (၈)ငြူစူခြင်း ဣဿာမှ ကင်းခြင်း၊ (၉) မစဉ်းလဲ မကောက်ကျစ်ခြင်း၊ (၁၀ ; ရတနာသုံးရပ်ကို မပြတ်ဆည်းကပ်ခြင်းတို့ဖြစ်ပါတယ်။

ဥပါသကာအကြောင်း ဗဟုသုတ ဖြစ်စေချင်လို့ ပြောတာတော်တော် ရှည်သွားပါတယ်။ စောစောက ဥပသကာအကြောင်း ပြန်ဆက်ပါမည်။ ဒီလိုစပါးကြီးမြွေက ဖမ်းပြီးရစ်ပတ်ထားတော့ သူ့မှာပါလာတဲ့ ပဲခွပ်(ရဲတင်း)နှင့် မြွေခေါင်းကို ဖြတ်မယ်ကြံတယ်။ ပြီးတော့ ငါလေးစားတဲ့ ဆရာထံမှာ သီလယူထားတာ သီလပျက်ရင် မကောင်းဘူးလို့ ကြံပြန်တယ်၊ ဒီလို ချီတုံချတုံ သုံးကြိမ်ကြံပြီးမှ 'ငါ့အသက်ကိုသာ စွန့်မယ်၊

---

✤ သုစာ။-၉၃

ငါ့သီလသိက္ခာပုဒ်ကိုတော့ မပျက်စေရဘူး’ဆိုပြီး ပဲခွပ်ကိုတော ထဲ လွှင့်ပစ်လိုက်တာနှင့် တစ်ပြိုင်နက် မြွေကြီးဟာလည်း သူ့ကို လွှတ်ပြီး ထွက်သွားတယ်။

**လောကပါလ တရား၂ပါး** နောက် သမုစ္ဆေဒဝိရတိဖြစ်တယ်၊ ဒီ ဝိရတိက တော့ မဂ်နှင့်ယှဉ်တယ်၊ အရိယာ ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်တို့မှာ သူ့အသက်ကို သတ်မယ်လို့ စိတ်ကတောင် မကြံတော့ဘူး၊ ငါးပါးသီလမှာပါ တဲ့ ဘေးရန်ငါးမျိုးစလုံးမှ ငြိမ်းပြီးဖြစ်ပါတယ်၊ ပါပအာရတီ၊ ဝိရတီနှင့် ပတ်သက်လို့ တစ်နည်းပြောရရင် မနောဒုစရိုက် သုံး ပါး ရှောင်ခြင်းဟာ အာရတီဖြစ်ပြီး ကာယဒုစရိုက် သုံးပါး ဝစီဒုစရိုက် လေးပါး ရှောင်ခြင်းဟာ ဝိရတီ ဖြစ်ပါတယ်။ မကောင်းမှုမှ ရှောင်ကြဉ်လိုတဲ့သူဟာ သူတော်ကောင်း ဥစ္စာ ခုနစ်ပါးထဲက ဟိရီ၊ ဩတ္တပ္ပ ဆိုတဲ့ မကောင်းမှုပြုရန် ရှက် တတ် ကြောက်တတ်ရင် အလိုလိုပြည့်စုံမှာပါဘဲ။

ဒီတော့ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနှင့် ဘုရားမကြိုက် တဲ့ အလုပ်ကိုလုပ်ရင် အများကဲ့ရဲ့မယ်၊ အထူးသဖြင့် ပညာရှိများ ကဲ့ရဲ့မယ်၊ မင်းဘေးမင်းဒဏ်ခံရရင် တစ်သက်လုံး ရှက်စရာ ဖြစ် မယ်၊ အပါယ်လေးပါးကို ရောက်ရမယ်လို့ ရှက်တတ်ရင် တွေး မိရင် ဩတ္တပ္ပ။ မကောင်းမှုပြုဖို့ ကြောက်စိတ်အလိုလို ဝင်လာ မှာပါဘဲ၊ ဒါကြောင့် ‘ဟိရီ ဩတ္တပ္ပတရား နှစ်ပါးကို လောက ပါလတရား *(လောကသားတို့ကို အကုသိုလ်မှ ကာကွယ်စောင့် ရှောက်တတ်သောတရား)ပြီးတော့ ဒေဝဓမ္မ။ ကုသိုလ်ဖြစ်ရန်

+ ပရိတ်ကြီး နိဿယသစ်၊ စာ-၁၄၆၊

သမ္မုတိ ဥပပတ္တိ၊ ဝိသုဒ္ဓိနတ်ဖြစ်ရန် အကြောင်းဖြစ်၍ ထိုနတ်တို့၏တရား’လို့ ဗုဒ္ဓရှင်က ဟောတော်မူခဲ့ပါတယ်။

**ဘေးလေးမျိုး**

ပြီးတော့ မကောင်းမှုပြုသူဟာ ဘေးလေးမျိုး※ နှင့် ကြုံရတတ်ပါတယ်။ (၁) အတ္တာနုဝါဒဘေး၊ မိမိကိုယ်ကို မိမိ စွပ်စွဲသောဘေး၊ (မကောင်းမှုလုပ်တဲ့သူဟာ ငါမကောင်းပါလားလို့ ကိုယ့်ကိုယ်ကို အပြစ်တင်ပြီး အမြဲစိတ်မကောင်း ဖြစ်နေရ တတ်တယ်)။ (၂)ပရာနုဝါဒဘေး။ သူတစ်ပါးစွပ်စွဲသောဘေး(ဒီလူ လူဆိုးဘဲလို့ အများက ကဲ့ရဲ့ပြောဆို မေးငေါ့ခံရတတ်တယ်)။ (၃) ဒဏ္ဍဘေး။ မင်းပြစ်မင်းဒဏ် ဥပဒေအရ ပြစ်ဒဏ် သင့်သောဘေး။ (၄) ဒုဂ္ဂတိဘေး။ အပါယ် လေးပါး ရောက်ရမည့်ဘေးတို့ဖြစ်ပါတယ်။

**သိပ္ပံနည်းကျ**

တစ်ချို့ကပြောကြတယ်၊ ဒီလိုပြောနေတာတွေဟာ သိပ္ပံနည်းမကျပါဘူးကွာလို့၊ သိပ္ပံနည်းကျမကျ ဆန်းစစ်ကြည့်ပါ။ မကောင်းမှု ပြုသူဟာ အိပ်ကောင်းခြင်းမအိပ်ရပါဘူး၊ စားကောင်းခြင်း မစားရပါဘူး၊ ဥပမာ လာဘ်စားလို့ ပိုက်ဆံရှိတယ်ထား၊ ငါလာဘ်စားတာ တစ်နေ့ပေါ်မလား၊ ဘယ်တော့ လာဖမ်းမလဲနှင့် အိပ်မပျော်နိုင်ဘူး၊ ထမင်းစားတော့လည်း စားမဝင်ဘူး၊ အိပ်လည်းဒီစိတ်၊ စားလည်း ဒီစိတ်ဆိုတာကိုပြောတာ၊ ဒါဟာ ကိုယ့်ကိုယ်ကို စွပ်စွဲနေတာဘဲ၊ သူများကလည်း စွပ်စွဲတာ။

※ ပရိတ်ကြီး နိဿယသစ်၊ စာ—၁၃၂၊

ဥပမာ အရက်သမား မိုးမလင်းအောင် သောက်တယ်၊ လမ်းမှာ လူတကာက "ဒီကောင်အရက်ချိုး၊ အရူး"အပြောခံရမယ်၊ မိမိတင် အပြောခံရတာ မဟုတ်၊ ကိုယ့်သား မယား ကိုလည်း အရက်သမားမယားလာပြီ၊ အရက်သမားသားသမီးတွေလာပြီ အပြောခံရ တတ်တယ်၊ ဘယ်လောက် ရှက်စရာကောင်းသလဲ၊ နောက် အရက်မူးတော့ လူနှင့်တွေ့ရင်ရိုသဲ့သဲ့ ပြောတတ်တယ်၊ ဒီတော့ ရန်ဖြစ်ရမယ်၊ ရုံးရောက် ဂါတ်ရောက် ဖြစ်မယ်၊ ဒါဟာ သိပ်ပွန်းနည်းကျတဲ့။

**အသားမစားရ မနေနိုင်လို့** စာရေးသူ ငယ်ငယ်က ရွာမှာ လူကြီး တစ်ယောက်တွေ့ဖူးတယ်။ အသားမပါရင် ထမင်းမစားနိုင်ဘူး၊ ရွာမှာက ဈေးမရှိဘူး၊ ပေါ်မှ စားရတာ၊ကြက်ဆိုရင် ကိုယ့်ဟာကိုယ်မွေး၊ ကိုယ့်ဟာကိုယ် သတ်မှ စားရတာ ဒီတော့ တစ်နေ့ အလုပ် ပြန်လာတယ်။ အသားဟင်းမရှိဘူး၊ မရှိရကောင်းလား မိန်းမကို ဆဲဆိုပြီး အိမ်နောက်ဖေးမှာချည်ထားတဲ့ နွားကြီးကို အရှင် လတ်လတ် တင်ပါးဆုံသားကို ခုတ်ချလိုက်ပြီး မိန်းမကို အမြန် ချက်စမ်း ဆိုပြီး ပစ်ပေးလိုက်တယ်။

နွားဟာ ဘယ်လောက် ဝေဒနာခံရမလဲ၊ စဉ်းစား ကြည့်စမ်း၊ အကြောသေပြီး လဲသွားရှာတယ်။ လူကြီးလည်း ဒါကို ဂရုမစိုက်နိုင်ဘူး၊ သူ့မှာအသားနှင့် စားဖို့က အရေး ကြီးနေတာ၊ ဒီတော့ ချက်လို့ စားသည်းပြီးရော၊ သူလည်း နွားကြီးလိုဘဲ ခြေထောက်တွေ အကြောသေသွားတယ်။ မထနိုင်တော့ဘူး၊ မိန်းမလည်း သူ့ကို ပစ်သွားတယ်။ တောင်းတစ်လုံး

ရှေ့မှာ ထားပြီး ဖင်ရွှေ့ ဖင်ရွှေ့နှင့်သွားပြီး တောင်းစားရတာ သေအထိဘဲ ဒါကြောင့်မကောင်းမှုဟာဘယ်လောက်ကြောက်စရာကောင်းသလဲ သိနိုင်ပါတယ်။

မကောင်းမှုပြုတဲ့သူ၊ အထူးသဖြင့် လာဘ်စား တတ်သူရဲ့ မကောင်းကျိုးကို ပြောပြချင်ပါတယ်။

**တံစိုးလက်ဆောင် စားတဲ့ပုရောဟိတ်**

ရှေးလွန်လေပြီးတဲ့အခါက ဗာရာဏသီမင်းဟာ ဒါန၊ သီလ၊ ဥပုသ်ကိုကိုယ်တိုင်လည်းဆောက်တည်၊ တိုင်းသူ ပြည်သားတွေကိုလည်း ဆောက်တည် စေတယ်၊ မင်းဟာ တရား စောင့်သလောက် မင်းဆရာ ပုရောဟိတ်+ ဟာ တံစိုး စားပြီးတော့ သူတစ်ပါးတွေရဲ့ ကျေးကုံးသားကို စားတတ်သူလို့ ဖြစ်တယ်၊

တစ်နေ့ မင်းထံသွားတဲ့အခါ မင်းက "ဆရာ သင်လည်း ဥပုသ်စောင့်ပါသလား" မေးတယ်။ ပုရောဟိတ်ဟာ မစောင့်ဘဲနှင့် စောင့်တယ်လို့ မုသားပြောပြီး ပြန်သွားတယ်၊ ဒီအခါမှာ အမတ် တစ်ယောက်က "ဆရာ—သင်ဟာ ဥပုသ် မစောင့်ဘဲ ဘာကြောင့်စောင့်တယ် ပြောရသလဲ" ဆိုတယ်။ ပုရောဟိတ်လည်း "အိမ်ပြန်ပြီးညစာမစားဘဲ ထက်ဝက်သော ဥပုသ်ကို စောင့်မယ်" ဆိုပြီး ဆိုတဲ့အတိုင်းဘဲစောင့်တယ်။

သေတဲ့အခါဟိမဝန္တာဂင်္ဂါမြစ်နားမှာ သရက်ရွှေဗိမာန်မှာ ဝေမာနိကပြိတ္တာဖြစ်တယ်။ ညဘက်ဆိုရင် နတ်သမီး တွေနှင့်

---

+ မင်္ဂလတ္ထဒီပနီ၊ (ဒု) စာ-၂၁၇-၂၁၉၊ တိံသနိပါတ် ကိံဆန္ဒဇာတ်၊ ငါးရာ့ငါးဆယ်၊ စာ-၄၅၄။

စည်းစိမ် ခံစားရတယ်၊ အရုဏ်တက်တာနှင့် သရက်တောကို သွားရတယ်။ ရောက်တာနှင့်နတ်ကိုယ်ကွယ်ပြီး အတောင် ရှစ်ဆယ်လောက်ရှိတဲ့ ထန်းပင်လောက်ရှိတဲ့ ပြိတ္တာကိုယ်ဖြစ်တယ်။ ကိုယ်က မီးအလျှံပြောင်ပြောင် တောက်လောင်ပြီး ပွင့်တဲ့ ပေါက်ပင်လိုဘဲဖြစ်တယ်။

လက်နှစ်ဘက်မှာ ပေါက်တူးကြီးလို လက်သည်း ကြီးတွေ ပါတယ်၊ ဒီပြိတ္တာဟာ လက်သည်းနှင့် ကိုယ့်ကျောကုန်းကို မွန်းပြီး ထုတ်စားကာ ဝေဒနာခံစားပြီး ကြီးစွာသော အသံကို မြည်ကာ ဆင်းရဲခံရတယ်၊ ဒါဟာ တံစိုး လာဘ် စားခြင်းရဲ့ မကောင်းကျိုး ဒါကြောင့် မကောင်းမှုကို အထူး ရှောင်ဖို့လို ပါတယ်။

ရေးရပြုရတာ အလုပ်တာဝန်ကတစ်ဘက်နှင့် ဆိုတော့ ဟိုရောက် သည်ရောက် ဖြစ်ချင်ဖြစ်နေမယ်၊ ဒုစရိုက်ဆယ်ပါးရဲ့ အပြစ်ကိုပြောခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ ဒုစရိုက် ဆယ်ပါးထဲက ကာမေသုမိစ္ဆာစရိုက်၊သူများသားမယားပြစ်မှားခြင်းကို ထပ်ပြောပြချင်ပါတယ်၊ တရားရုံးတွေမှာဦးတိုက်လျှောက်တဲ့အမှု၊ ရဲအရေးပိုင်လို့ ရဲကတစ်ဆင့်လာတဲ့ အမှုရယ်လို့ အမှု နှစ်မျိုး ရှိတယ်။

**မယားခိုး ၄-မျိုး**

ဦးတိုက် တရားရုံးကိုတိုက်ရိုက်လျှောက်တဲ့ အမှုတွေမှာ မယားခိုးမှုဟာ အများဆုံး တွေ့ရပါတယ်။ မနုဓမ္မသတ်မှာ မယားခိုး အပြား (၄)ပါး* ပြဆိုပါတယ်။ သူကမသိစေပမယ့် ကိုယ့်စိတ်ထဲက သာယာရင် မယားခိုးမှု မြောက်တယ်လို့ ဆိုပါတယ်။ (၁)



* သု ၈၁—၄၃၃

ဟတ္တဂ္ဂါဟ။ လက်စသည်ကိုကိုင်တွယ်သုံးသပ်ခြင်း၊ (၂) ဿရ ပတ္တ။သူ့လင်မရှိခိုက် အိမ်သို့သွားရောက်ခြင်း၊ (၃)ဂုယှဲ့ဌာန။ လျှို့ဝှက်သောအရပ်၌ ကာမနှင့်စပ်သောစကားတို့ကို ပြောခြင်း၊ (၄) သလ္လာပ။ ကာမဂုဏ်ဖြင့်ဖျောင်းဖျပြောဆိုခြင်း၊ (သွေးဆောင်မှု)၊ (၅) သေနိ။ တင်းတိမ်၊ ခြင်ထောင် တွင်းသို့ ဝင်ရောက်ခြင်း၊ (၆)ဒွါရ။ တိုက်တံခါးအတွင်း ဝင်ရောက်ခြင်း၊ (၇)သေယျ။အိပ်ခန်းသို့ဝင်ရောက်ခြင်းတို့ဖြစ်ပါတယ်။

ဒါကြောင့် ခြင်ထောင်မ တယ်၊ ခြင်ထောင်ထဲ ဝင်တယ်၊ အိပ်ခန်းထဲရောက်တယ် ဆိုတာတွေကို ဥပဒေနှင့် ပြဋ္ဌာန်းထားပါတယ်။ မယားခိုးဆိုရင် ပုဒ်မ(၄၉၇)ဖြစ်ဒဏ်၊ထောင်(၅) နှစ် သတ်မှတ်ထားပါတယ်။ ဒီနေရာမှာ ကြုံကြိုက်လို့ ပြောချင်တာက မိန်းမကာယိန္ဒြေ✱ပျက်စီးစေရန်အကြံနှင့်လက်ရောက်မှု ကျူးလွန်ရင် ပုဒ်မ(၃၅၄)ထောင်ဒဏ် ၂ နှစ် သတ်မှတ်ထားပါတယ်။ အထက်က ပြခဲ့တဲ့ မယားခိုးအပြား (၇) ပါးမှာ ဒီအထဲမှာ အကျုံးဝင်တာတွေရပါတယ်။မုဒိမ်းမှုကျူးလွန်ရင် ပုဒ်မ(၃၇၆)၊ ထောင်ဒဏ်တစ်သက်တစ်ကျွန်းထိ+ သတ်မှတ်ထားပါတယ်။

ဒါတွေဟာ မိစ္ဆာကြည်ရှောင်ဖို့ သူများ သားမယား မပြစ်မှားဖို့ သတ်မှတ်ချက်တွေဘဲ။ဘာကြောင့် သူမျ[illegible]းအိမ်ထောင်ရေး[illegible] ဖြိုခွဲချင်ရသလဲ၊ ဘာကြောင့် သူများသားမယားကိုမှ လိုချင်ရသလဲမေးရင် မိန်းမလိုချင်လို့ဘဲ ဖြေမှာဘဲ။ မိန်းမလို

+ ဂုဇာသတ်ကြီး၊ စာ-၁၂၄။ ✱ ရှင်း စာ-၁၃၀။

ချင်ရင် လှတ်လှတ်လပ်လပ်၊ အပျိုမရရင် တစ်ခုလပ်ဘဲ ဖြစ်ဖြစ်၊ မုဆိုးမဘဲဖြစ်ဖြစ် ရှာယူပါ၊ သူများကာမပိုင်ရှိသူကိုဘာကြောင့် ယူချင်ရသလဲ၊ ခုဘဝမှာလည်း ထောင်ကျမယ်၊ နောင်ဘဝမှာ လည်း ဥသင်းခံရမယ်။

**ပဉ္စတရား သုံးပါး**

မကောင်းမှုကို ရှောင်ကြဉ်တဲ့ နေရာ မှာလည်း ပဉ္စတရား သုံးပါးကို ရှောင်ဖို့ အရေးကြီးပါတယ်။ လူမှာ ဒီတရားသုံးပါးဟာ ဘယ်လိုလူဘဲ ဖြစ်ဖြစ် လွှမ်းမိုးနေပါတယ်၊ (၁) တဏှာ။ လိုချင်စွဲလမ်းခြင်း၊ (၂) မာန။ ဆရာမထား ပလွှားခြင်း၊ (၃) ဒိဋ္ဌိ။ အယူလွဲမှားခြင်းတို့ဖြစ်ပါတယ်။

**သူမုန်းဆေး**

နောက် ပြောတဲ့ဆိုတဲ့ နေရာမှာ သုဘာသိတဝါစာမှာလည်း ပြောခဲ့ပါပြီ၊ ကြမ်းကြမ်းတမ်းတမ်း တစ်ယောက်နှင့် တစ်ယောက် ဆဲဆို ခြောက်လှန့် ကြိမ်းမောင်းရင် ပြစ်မှုပုဒ်မ ၅၀၄ အရ ထောင်ဒဏ်(၂)နှစ် သတ်ပစ်မယ်လို့ ကြိမ်းမောင်းမှုပါရင် ပုဒ်မ ၅၀၆ အရ ထောင်ဒဏ်(၇)နှစ်လို့ သတ်မှတ်ချက်ရှိတယ်။ ဒါကြောင့် ခုဘဝလည်း မကောင်း နောင်ဘဝလည်း မကောင်းတဲ့ အမှုကိုရှောင်ရမယ်။ အရှင်မဟာရဋ္ဌသာရက 'ရပ်သူရွာသား၊ သူကောင်းများ၏၊ နားမှာမဆံ့၊ မခန့်မလေး၊ သူမုန်းဆေးလျှင်၊ ဆဲရေးညစ်ညမ်း၊ ကိုယ်သက်နွမ်းအောင်၊ အသွမ်းမကျင့်ကြလေနှင့် လို့ ဩဝါဒပြုခဲ့ပါတယ်။ အလွန်ဘဲ မှတ်သားလိုက်နာဖွယ် ဖြစ်ပါတယ်။

**ရခဲ့တဲ့ လူ့ဘဝ**


ပြီးတော့ လူ့ဘဝဆိုတာ ရတောင့်ရခဲ ဒုလ္လဘဘဝလို့ ပြောကြပါတယ်၊ ဒုလ္လဘ ငါးပါးရှိတယ်။ (၁) ဗုဒ္ဓုပ္ပါဒဒုလ္လဘ။ ဘုရား အဖြစ်ကိုရခဲတယ်။ (၂) မနုဿတ္တဘာဝဒုလ္လဘ။ လူ့ဘဝ လူ့အဖြစ်ကိုရခဲတယ်။ (၃) သဒ္ဓါသမ္ပတ္တိဒုလ္လဘ။ ရတနာသုံးပါးရဲ့ဂုဏ်ကျေးဇူးနှင့် ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်းစိတ်ဓာတ်ရခဲတယ်၊ (၄) ပဗ္ဗဇိတဘာဝ ဒုလ္လဘ။ ဘုရားသာသနာအတွင်း၌ ရှင်သာမဏေ ရဟန်းပဉ္စင်းအဖြစ်ကို ရခဲတယ် (ပဉ္စင်းဆိုလို့ ဘာကြောင့် ပဉ္စင်းခေါ်သလဲ၊ ဝတ္ထုသမ္ပတ္တိ။ ပဉ္စင်းလောင်းရဲ့ အင်္ဂါပြည့်စုံမှု၊ ဉတ္တိသမ္ပတ္တိ၊ ဉတ်၏ ပြည့်စုံပီသမှု၊ ကမ္မဝါစာသမ္ပတ္တိ၊ ကမ္မဝါ၏ ပြည့်စုံပီသမှု၊ သီမာသမ္ပတ္တိ။ သိမ်တော်၏ ဝိပ္ပတ္တိကင်းစင်ပြည့်စုံမှု၊ ပရိသာသမ္ပတ္တိ။ ရဟန်းပြုသောသံဃာ ပရိသတ်၏ပြည့်စုံမှုဆိုတဲ့ အင်္ဂါငါးရပ်နှင့်ပြည့်စုံတဲ့ အတွက်ပဉ္စင်းလို့ခေါ်ခြင်းဖြစ်ပါတယ်) ပြည့်စုံအောင်လည်းလိုအပ်လှပါတယ် (၅) သဒ္ဓမ္မသဝနအဘိဒုလ္လဘ။ သူတော်ကောင်းတို့ရဲ့တရားစစ်တရားမှန်ကို အလှန်တရာ ကြားနာရခဲတယ်လို့ ဖြစ်ပါတယ်။

လုံးတော်ဆရာတော်ရဲ့ အဆိုအားဖြင့် ဒုလ္လဘတရား လေးပါး နှစ်မျိုးပြပါတယ်။ ပထမတစ်မျိုးက (၁) လူအဖြစ်ကို ရခဲတယ်၊ (၂) ဘုရားဖြစ်သော ကာလကို ကြုံခဲတယ်၊ (၃) သစ္စာတရားနှင့်ပြည့်စုံခဲတယ်။ (၄) ရဟန်းအဖြစ်ကို ရခဲတယ် ဖြစ်ပြီး ဒုတိယတစ်မျိုး✱က (၁) ဘုရားအဖြစ်ကိုရခဲတယ်။ (၂) တရားတော်ကိုနာရခဲတယ်၊ (၃) သံဃာတော်အဖြစ်ကိုရခဲတယ်။ (၄) သူတော်ကောင်းအဖြစ်ကို ရခဲတယ်လို့ ပြဆိုပါတယ်။

---

✱ ပုစ္ဆာပကိဏ္ဏကကျမ်း၊ စာ-၁၉၄၊

ဒါကြောင့် လူ့ဘဝလည်းရ၊ ဘုရားသာသနာလည်း ကြုံ၊ တရားစစ် တရားမှန်ကိုလည်းနာရတဲ့အခါ အခွင့်ကောင်းကြုံတဲ့ ဘဝမှာ လူ့ဘဝ တစ်ခါရောက်လာရုံ လူမည်ကာ မတ္တ မဖြစ်စေဘဲ လူဖြစ်ကျိုးနပ်အောင် ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံး အမတော်အတိုင်း ဗုဒ္ဓဘာသာဝင်တွေပီပီ မကောင်းမှုမှ ဝေးစွာ ရှောင်ကြဉ်ခြင်း မင်္ဂလာကို ကျင့်ကြပါစို့။



# (၂၀)

## သေအရက်သောက်ခြင်း

## (မူးယစ်ဆေးဝါးသုံးခြင်း)မှ ရှောင်ခြင်းမင်္ဂလာ

နှစ်ဆယ်ခုမြောက် မင်္ဂလာကတော့

မဇ္ဇပါနသံယမ။ သေအရက်ကိုသောက်စားခြင်းမှကောင်းစွာ ရှောင်ကြဉ်ခြင်းသည် မင်္ဂလာ ပါဘဲလို့ ဗုဒ္ဓမြတ်စွာဘုရားက ဟောတော်မူပါတယ်။

အရက်ကို ကြိုက်တတ်သူများကတော့ ဒီမင်္ဂလာကို သဘောကျမှာ မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် သောက်တာ ဘာဖြစ်လဲ၊ သူများကိုဘာမျှ မလုပ်ရင်ပြီးတာဘဲလို့ ဆင်ခြေ ပေးကြမယ်၊ ဒါ ထိန်းသိမ်းနိုင်ရင် ပိုကောင်းတာပေါ့၊ ထိန်းသိမ်းနိုင်တာနှင့် မထိန်းသိမ်းနိုင်တာ မထိန်းသိမ်းနိုင်တာက များပါတယ်။

မူးလာရင်သွေးဆိုးတတ်တဲ့ လူတွေကများတယ်။ သွေးဆိုးတဲ့လူဟာ မူးလာရင် တစ်ယောက်ယောက်ကို ရန်လုပ်ပြီး အပေါင်းအသင်းတွေ စိတ်မချမ်းသာရတော့ဘူး၊ ပြီးတော့ ဆင်ခြေပေးမယ်။ မူးလို့ ကိုယ့်ကြောင့် အပေါင်း အသင်းတွေ ဒုက္ခရောက်ရတယ်။ စိတ်ညစ်ရတယ်။ ဒါပေမယ့် ဘယ်တော့မှ နောင်တ မရဘူး။

**သေ အမိပ္ပါယ်**

သေအရက်ကို ပါဠိလိုအားဖြင့် သုရာ၊ မေရယလို့ ခေါ်ပါတယ်။သုရာက ငါးပါး၊ မေရယက ငါးပါးပေါင်းဆယ်ပါးရှိတယ်၊သုရာငါးပါး✠က (၁)ပိဋ္ဌသုရာ။မုန့်ညက်မှုန့်ကို အိုး၌ ထည့်၍ ပြုသော သေရည်၊ (၂)ပူဝသုရာ၊မုန့်ညက်မုန့်ခဲတို့ဖြင့် ပြုသော သေရည်၊ (၃)ဩဒနသုရာ။ ထမင်းဖြင့် ပြုသော သေရည်၊ (၄) ကိဏ္ဏပက္ခိတ္တသုရာ။ တဆေးခတ်၍ ပြုသော သေရည်၊ (၅) သမ္ဘာရသံယုတ္တသုရာ။ အထူးထူးသော အဆောက်အအုံတို့နှင့်ယှဉ်၍ ပြုသော သေရည် (အနောက်တိုင်း သေရည်အရက်မျိုး)တို့ ဖြစ်တယ်။

မေရယငါးပါး + ကတော့ (၁)ပုပ္ဖါသဝ။ ကြာမြင့်စွာ ထုံပြီးသော သစ်မည်စည်၊ ထန်း၊ အုန်းအရည်၊ (၂)ဖလာသဝ။ ကြာမြင့်စွာ ထုံပြီးသော သရက်၊ ပိန္နဲ အစရှိသည်တို့၏ အရည်၊ (၃)မဓွာသဝ။ ကြာမြင့်စွာထုံပြီးသော မုဒရက် အစရှိသော အရည်၊ (၄)ဂုဠာသဝ။ ကြာမြင့်စွာထုံပြီးသော တင်လဲ အစ

---

+ ပုဗ္ဗာပကိဏ္ဏကကျမ်း၊ စာ-၃၂၉။
✠ ပုဗ္ဗာပကိဏ္ဏကကျမ်း၊ စာ-၃၂၀။

ရှိသောအရည်၊ (၅) သမ္ဘာရသံယုတ္တာ။ ကြစု၊ ရှစ်ရှား၊ ဆဖန်းခါး စသည်တို့ ရက်ကြာမြင့်စွာထုံပြီးသော အရည်တို့ ဖြစ်ပါတယ်။

သီလက္ခန် ပါဠိတော်မှာ + ထို သုရာမေရယကို ယှဉ်သော သူသည် ရှုးခြင်း စသည်တို့ကိုဖြစ်စေ၍ မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သောကြောင့် ပါဏာတိပါတ စသည် ကံထက်လည်း ဤသုရာမေရယကံသည် အပြစ် ကြီးလှစွာ၏လို့ ဆိုပါတယ်။ အဓိပ္ပာယ်ကတော့ မူးတဲ့လူဟာ ရှုးတာဘဲ၊ ရှုးတာနှင့် မသင့်တော်တာ အကုန်လုပ်တော့တာဘဲ။ ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားက အထူးတားမြစ်တော်မူခြင်း ဖြစ်ပါတယ်။

သေအရက်သောက်ခြင်းသည် မကောင်းမှု ဖြစ်သော်လည်း ဝါပအာရတီဝိရတိမဂ်လာမှာမထည့်ဘဲသီးသန့်ထားခြင်းဟာလဲ အရက်သောက်လျှင် ဒုစရိုက် (၁၀) ပါးတို့သည် တစ်ခုပြီးတစ်ခု ဖြစ်တတ်တဲ့ အတွက် သီးသန့် သတိမှတ်ခြင်း ဖြစ်ပါတယ်။ မူးတယ်ဆိုရင်ဆဲတော့မယ်။ ဖရုသာဝါစာဖြစ်နေပြီ၊ နှစ်ယောက်ကြားကုန်းတိုက်တော့မယ်။ ပိသုဏာဝါစာဖြစ်နေပြီ၊ လိမ်ပြောတော့မယ်။ မုသာဝါဒ ဖြစ်နေပြီ၊ အရက်မူးတော့ ကျွဲခိုးပေါ် စကားရှိတယ်။

ဒါက မကောင်းတဲ့ကိစ္စမှာသာ ပေါ်တာ၊ ကောင်းတာကျတော့ လိမ်ပြောလေ့ရှိတယ်။ တောင်စဉ်ရေမရ သိမ်ဖျင်းတဲ့ စကားတွေပြောမယ်။ သမ္ဖပ္ပလာပ ဖြစ်နေပြီ။ ပြီးတော့ မူးလို့ ခယ်မနှင့် မှားမိတာ၊ သမီးနှင့် မှားမိတာ၊ ကာမေသုမိစ္ဆာစရိုက်တွေဖြစ်လေ့ရှိတယ်။ သူများအသက်သတ်မိမယ် ပါဏာတိ

---

+ ပုဏ္ဏာပကိဏ္ဏကကျမ်း၊ စာ-၃၂၉။

ပါတာဖြစ်နေပြီ။ ဒါတွေဟာ မူးလို့ ရူးနေတော့ ဆင်ခြင်တုံ တရားမရှိလို့ ဖြစ်ရတာတွေဘဲ။

**အရက်သည် ဆေးမဟုတ်**

တစ်ချို့ကဆေးအဖြစ်သောက်ရင်အပြစ်မရှိဘူး လို့ပြောကြတယ်။ ဗုဒ္ဓရှင်တော်ဘုရားက သုရာ ပါဠအဌကထာမှာအကြင်အရိဋ္ဌဆေးရည်သည် အာပတ်မသင့်၊ သေသည်လည်း မဖြစ်လို့ ဟော တော်မူပါတယ်။ ဒါကြောင့် ယစ်မျိုးသေရည်အရက်ကို ဆေး အဖြစ် ခွင့်ပြုတော်မမူပါဘူး။

ဆက်လက်ပြီး အဆောက်အအုံ ထည့်အပ်သော အကြင် အရည်သည်ကား ရှိ၏။ ထိုအရည်သည် သေသည်ဖြစ်၏။ မျိုး ဖြစ်သည်မှစ၍ မအပ် လို့ ဟောတော် မူပါတယ်။ ဒီတော့ အရက်အတွက် မျိုးဗီဇ စပို့ကတည်းက မသုံးဆောင် အပ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ ဤမျှအသိ ဟန့်တားတော်မူပါတယ်။

**ဘာကြောင့် သေခေါ်သလဲ**

အရက်ကို သောက်တဲ့ သူဟာ ကျိုးကြောင်း ဆင်ခြင်တုံတရား ကင်း၍ သေသကဲ့သို့ ဖြစ်လို့ "သေရည် သေရက် သေ"လို့ ခေါ်ခြင်းလည်း ဖြစ်ပါတယ်။

**သေအရက် အပြစ်၆-ပါး**

သေ အရက် သောက်ခြင်း၏ အပြစ် ၆-ပါး ရှိတယ်။ (၁) အငြင်းအခုံ များတယ်၊ အငြင်း အခုံများတော့ ရန်ဖြစ်ရတယ်။ (၂) မျက်စိ စသောအနာ ဖြစ်တတ်တယ်၊ (အရက်သမားရဲ့ မျက်စိဟာ တစ်ခြားသူရဲ့ မျက်စိနှင့် မတူဘူး၊ နီနေတယ်။

"ဒီကောင့်မျက်စိကြည့်ပါလား၊ အရက်စွဲတဲ့ မျက်စိမျိုး"လို့ ပြောလေ့ရှိတယ်။) မျက်စိရောဂါတွင် မကပါဘူး၊ အသည်းရောဂါ၊ နှလုံးရောဂါ၊ ဆီးရောဂါ အကုန်ဖြစ်တာပါဘဲ၊အရက်မသောက်ရရင် တုန်တုန် ယင်ယင် ဖြစ်နေတယ်။ ဘာမျှမလုပ်နိုင်ဘူး၊ဆရာဝန်က အရက်ဖြတ်ခိုင်းတယ်၊ မဖြတ်နိုင်ဘူး။ အသည်းတစ်ခြမ်းကုန်နေပြီ၊ ဒါနဲ့သေတာပါဘဲ၊(၃)အကျော်အစောမဲ့တယ်၊ အရက်သမား ဆိုတာ ကောင်းသတင်းထက် မကောင်း သတင်းတဲ့ ထွက်တာပါဘဲ၊ အနားကို ဘယ်သူမှ မကပ်ချင်ဘူး၊ ကြောက်လို့သာ ကပ်ရမယ်၊ ရှုံကြောက်ကြီး၊ သားမယားကအစ အနားမလာချင်ဘူး၊ (၄)မူးလာရင်ပုဆိုးလုံချည်မနိုင်တော့ဘဲ အဝတ်မပါဘဲလည်း သွားတတ်တယ်။ ဖုံးသင့်တဲ့ အင်္ဂါကိုလည်းဖော်ပြတတ်တယ်၊

**နဂါးကိုနိုင်တဲ့ အရှင်ပင်လျှင်**

ဒီနေရာမှာ သာမန်လူတွေကို မပြောနှင့် အရှင်သာဂတ+လို ပုထုဇဉ် ဈာန်အဘိညာဉ်ရတန်ခိုးကြီးပုဂ္ဂိုလ်ကိုပင် အရက်က အရှက်အကြောက်မရှိအောင် လုပ်နိုင်တယ်။ အရှင် သာဂတဟာ တန်ခိုးကြီးတဲ့နဂါးကို နှိပ်နင်းနိုင်တဲ့အတွက် လူတွေကကြည်ညိုတယ်၊ ဒီတော့ "အရှင်ဘာကို အလိုရှိပါသလဲ" မေးရာ "ငါတို့ရဟန်းမှာ သေရည်ကို ရခဲတယ်" ဆိုတော့ လူတွေက အရက်လှူကြတယ်။ ဒီအချိန်မှာ မြတ်စွာဘုရားက အရက် မသောက်ရသိက္ခာပုဒ် ပညတ်တော် မမူသေးဘူး၊ ဘုရားရှင်ရဲ့ သဘောမှာ အကြောင်းနှင့်ယှဉ်မှ ဆုံးမ ပညတ်တော်မူလေ့ရှိတယ်။

---

+ ပရိတ်ကြီး နိဿယသစ်၊ စာ—၁၄၉-၁၅၀။

အရှင်သာဂတဟာ အရက်တွေ မူးလာတော့ မြို့တံခါးမှာ လဲနေတယ်။ ဘုရားရှင်က ယူဆောင်ခဲ့ မိန့်တော်မူလို့ ဘုရားရှင် ဘက် ခေါင်းပြုထား ပေးပေမယ့် ရှေးက ဘုရားကို အလွန် ရှိသေတဲ့ ရှင်သာဂတဟာ အရှက်အကြောက် မရှိတော့လို့ ဘုရား ဘက်ကို ခြေပြုတယ်။ (၅) ပညာနည်းပါးစေတယ်၊ (ဒီလို အရှင် သာဂတဟာ ဘုရားကိုရိုသေရမှန်းမသိ ဖြစ်သွားတာဟာ အရက် ဟာ ပညာကို တုံထိုင်း နည်းပါး သွားစေလို့ဘဲ ဖြစ်ပါတယ်။ ဉာဏ်ကောင်းတဲ့ ကလေးတစ်ယောက်ဟာ အရက်စွဲလာရင် ဉာဏ် မကောင်းတော့ဘူး၊ မှတ်ဉာဏ် နည်းသွားတာ တွေ့ရတယ်)။ (၆) ဥစ္စာပရိက္ခရာ ကုန်ခန်းတတ်တယ်။ (အရက်သမားဟာ မိမိရဲ့ လုပ်ငန်းကို စီမံခန့်ခွဲနိုင်ခြင်း မရှိတော့ ဥစ္စာကုန်တာဘဲ)။

လူတစ်ယောက် တွေ့ဖူးတယ်။ အနာရှိ၊ အရက်က သိပ်ကြိုက် တယ်၊ ဝါသနာပါတယ်၊ ကြုံမှ သောက်တာမဟုတ်ဘူး၊ အမြဲ တမ်း သောက်ဖော် ရှာနေတယ်။ သူ့ အပေါင်း အသင်း တစ်ယောက်က လူလည်၊ ဒီလူက ပြောဆိုတတ်တယ်။ ညာဝါး သမား၊ ဒါကို သူကယုံတယ်၊ တစ်နေ့ အဲဒီလူနှင့်ပြည့်တန်ဆာအိမ် သွားတယ်၊ ဟိုမှာ သောက်တယ်၊ မူးရူး ပျော်ပါးတယ်၊ အစိုးရ ပိုက်ဆံတွေ တစ်သောင်းလောက် အိတ်နှင့် ပါသွားတယ်။

ပြန်ရောက်လာလို့ မနက်မိုးလင်းတော့ အသုံးလိုလို့ ပိုက်ဆံ အိတ်ကြည့်လိုက်တဲ့အခါ တစ်ပြားမှမရှိတော့ဘူး၊ ပြည့်တန်ဆာ မကယူသလား၊ သူ့အပေါင်းအသင်းကယူသလား မသိဘူး၊ ဒါ နှင့် ဒီကိစ္စနှင့်ပတ်သက်ပြီး အငြိမ်းစားယူတဲ့အထိ ရာထူးလည်း မတက်တော့ဘူး၊ ဘယ်လောက်ဆုံးရှုံးသလဲဆိုတာသိနိုင်ပါတယ်၊

ကြားဖူးတဲ့တရုတ်စကားပုံတစ်ခုရှိတယ်''အရက်ကို တစ်ခွက်သောက်ရင် လူကအရက်ကိုနိုင်တယ်၊ နှစ်ခွက်သောက်ရင် အတူတူဖြစ်သွားပြီး သုံးခွက် သောက် ရင် အရက်က လူကို ထမ်း ထုတ်သွားပြီ''လို့ ဆိုတယ်။ အရက်ကြောင့် ကောင်းကျိုး ပေးတယ်ဆိုတာ ဘယ်မှာမှ မကြားဖူးဘူး၊နောက်ယစ်မျိုး၊ဆေးခြောက်၊ ကုတ်ကင်း၊ ဘိန်းမည်း၊ ဘိန်းဖြူ၊ ဒါတွေပါတာဘဲ၊ ယစ်မျိုးဘိန်းဟာ လူညွန့်ကို တုံးစေတယ်၊ လူမျိုးကို ပျက်စေတယ်၊ ဒါကြောင့် နိုင်ငံတကာမှာ ဘိန်းအရောင်းအဝယ် ပြုရင် သေဒဏ်အထိ ပြဋ္ဌာန်းထားတယ်။

**တရုတ်** **စကားပုံ**

လူတွေကအတော်ခက်တယ်၊ ဘိန်းမည်းတုန်းကဂုဏ်မရှိဘူး၊ ဘိန်းစား-ဘိန်းစားနှင့် အပေါင်းအသင်း မလုပ်ဘူး၊ ဘိန်းဖြူကျတော့ ချမ်းသာတဲ့လူမှ စားနိုင်တော့ ဂုဏ်ရှိတယ်၊ ဂုဏ်ရှိသလောက် လူစဉ်မမီ အမြန်ဆုံး ပျက်စီးစေတယ်၊ ယခင် လားရှိုးဘက်မှာ ကြားလိုက်ရတယ်၊ ဘိန်းဖြူစွဲတဲ့ လူငယ်တစ်ယောက်သတိလစ်သွားတာ-မသေမီ သုံးလလောက် မေ့နေတယ် ကြားရတယ်၊ ဘာစည်းစိမ်ရှိသလဲ။

ဒါကြောင့် အစိုးရက ဥပဒေနှင့် ပြဋ္ဌာန်း ထားတယ်။ (၁)မူးယစ်ဆေးဝါးသုံးစွဲရင် ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ ငါးနှစ်အထိ။ (၂)မူးယစ်ဆေးဝါး လက်ဝယ်ထားရင် ထောင်ဒဏ်အနည်းဆုံး၅-နှစ်မှ၁၀-နှစ်ထိ။ (၃)မူးယစ်ဆေးဝါးရောင်းဝယ်ရင်ထောင်ဒဏ်၁၀-နှစ်မှ တစ်သက် တစ်ကျွန်း၊ သေဒဏ်အထိသတ်မှတ်ထားရခြင်း ဖြစ်ပါတယ်။ ဒါလူညွန့်မတုံးအောင်ကာကွယ်တာ၊ ကိုယ့်ကိုယ်ကိုလည်းကာကွယ်ဖို့လိုတယ်။

**အရက်သောက်တဲ့လူဟာ အတ္တသမာပဏိဓိ ဆိုတဲ့မိမိကိုယ်ကို မဆောက်တည်နိုင်တဲ့အတွက် ကျန် မင်္ဂလာအားလုံး ပျက်တာ ပါဘဲ။** ဒါကြောင့် ဘုရားကဒါကို အမိက တားမြစ်ခြင်းဖြစ်ပါ တယ်။

အရှင်မဟာ ရဋ္ဌသာရရဲ့ ဆုံးမစာ + မှာ "သေနှင့် အရက် စီးပွားဖျက်ကို တစ်စက်ကာယ်မျှ၊ မသောက်ကြနှင့်၊ ရှောင်ကြပါ လေ၊ ရှင်တော်ဟောတဲ့အဆုံးမ်ပဲ ရေ" ဆိုတဲ့အတိုင်း အရက်သေစာ သောက်စားခြင်းမှ ကောင်းစွာ ရှောင်ကြဉ်ခြင်း မင်္ဂလာကို ရယူနိုင်ကြပါစေလို့။

---

+ ဟံသာဝတီဆုံးမစာပေါင်းချုပ်၊ စ၃–၁၃၊

# (၂၁)

## ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း မင်္ဂလာ

နှစ်ဆယ့်တစ်ပါးမြောက် မင်္ဂလာကတော့-

ဓမ္မအပ္ပမာဒ ကုသိုလ် တရားတို့၌ မမေ့ မလျော့ခြင်း သည် လည်း မင်္ဂလာပါဘဲလို့ မြတ်စွာဘုရားရှင်က ဟောကြားတော် မူပါတယ်။ ကုသိုလ်တရားတွေကို ပြောခဲ့ပြီး ဖြစ်ပါတယ်။

ဒီကုသိုလ်တရားတွေမှာ မမေ့မလျော့ကျင့်ဖို့ပါဘဲ၊ အပ္ပမာဒ- မမေ့မလျော့ခြင်းဆိုတာ မပြတ်သတိရှိနေဖို့၊ သတိမလစ်ဖို့ပါဘဲ မေ့လျော့တယ်ဆိုရင် မဖြစ်သေးတဲ့ အကုသိုလ်တရားတို့ဟာ ဖြစ် ပေါ်လာတတ်တယ်၊ ဖြစ်ပြီးတဲ့ကုသိုလ်တရားတို့သည်လည်းယုတ် လျော့တတ်တယ်လို့ မြတ်စွာဘုရားကဟောတော်မူပါတယ်။

အပြစ်မရှိကုန်သော တရားအပေါင်းတို့ အထဲမှာ မမေ့မလျော့သောတရားဟာ အမြတ်ဆုံးဘဲလို့လည်း ဟောတော်မူပါတယ်။ တရားကို သိတယ်ဆိုပြီး စာအုပ်ထဲမှာသာထားလျှင် တရားရဲ့ကျေးဇူး မခံစားရပါဘူး။

**လူ့တာဝန်**

လူဟာ အလုပ်တစ်ခုကိုတော့ လုပ်ကြရမှာဘဲ၊ ဘယ်အလုပ်ဘဲလုပ်လုပ် ကိုယ့်အလုပ်မှာ စိတ်ဝင်စားပြီး မမေ့မလျော့ရင် တိုးတက် မှာဘဲ။ မေ့လျော့တတ်သူ၊ အလုပ်စိတ်မဝင်စားသူ၊ ပျင်းနေသူဖြစ်ရင် ဘယ်လိုတိုးတက်မလဲ၊ လောကီရေးမှာလည်း လူဟာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး မမေ့မလျော့ ဆောင်ရွက်ကြရမှာဘဲ၊ ဥစ္စာကို ကံစောင့်၊ အသက်ကိုဉာဏ်စောင့်ဆိုသလို ဉာဏ်နှင့်ယှဉ်တဲ့သတိရှိဖို့လိုပါတယ်။ 'သတိဆိုတာ ပိုတယ်မရှိ လိုတာရှိတယ်' ဆိုတဲ့ စကား 'ပညာရှိ သတိဖြစ်ခဲ' ဆိုတဲ့ စကား တွေဟာ မမေ့မလျော့ဖို့ သတိပေးတဲ့စကားတွေဘဲဖြစ်ပါတယ်။

**အချိန်ပို ဟူ၍မရှိ**

တစ်ချို့ပြောကြတယ်၊ အချိန်တွေ ပိုနေတယ်၊ လုပ်စရာလဲမရှိ၊ ပျင်းလိုက်တာလို့ ပြောကြတယ်၊ ဒါဟာ အချိန်ကို အသုံးမချတတ်လို့ဘဲ၊ အချိန်တွေ ပိုနေလို့ အလုပ်မရှိရင် အလဟဿ ပေါက်ကရ တွေးနေမယ့်အစား ရတနာသုံးပါးဂုဏ် အာရုံပြု ဗုဒ္ဓါနုဿတိ စီးဖြန်း၊ မေတ္တာပို့၊ ဘာဝနာပွားနေရင် တရားကို နှလုံးသွင်းနေရင် တရားရှင်ကို တရားကစောင့်တဲ့ အတွက် ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်း ရနိုင်ပါတယ်။

ဗုဒ္ဓါနုဿတိကို စီးဖြန်းတဲ့အတွက် ဘေးအန္တရာယ် အသွယ်သွယ်ကင်းခြင်းအကျိုးကို ရရှိနိုင်တယ်၊ ဒါတွေဟာ ကိုယ်တွေ့ပါဘဲ။စာရေးသူကိုယ်တိုင် အန္တရာယ်အသွယ်သွယ်ကို ဗုဒ္ဓဘုရားရှင် ဂုဏ်တော်တွေကြောင့် လွတ်ကင်းခဲ့ပါတယ်။

**မမေ့မလျော့ရာ ဌာနလေးပါး**

ဗုဒ္ဓဘုရားရှင်က လေးပါး ကုန်သောဌာနတို့မှာ မမေ့မလျော့ ပြုအပ်တယ်လို့ မြွက်ကြားတော်မူပါတယ်၊ ဘယ်ဌာနတွေလဲဆိုတော့ ၁။ ရာဂအကြောင်းဖြစ်တဲ့ ဣဋ္ဌာရုံတရားတွေမှာ စိတ်ဟာ မတပ်မစွန်းရအောင် သတိကို မမေ့မလျော့စောင့်ရှောက်ရမယ်။ ၂။ ဒေါသ ရဲ့အကြောင်းဖြစ်တဲ့ တရားတို့မှာ စိတ်ဟာ မပြစ်မှားစေရအောင် သတိကို မမေ့မလျော့စောင့်ရှောက်ရမယ်။ ၃။မောဟရဲ့ အကြောင်းဖြစ်တဲ့ တရားတို့မှာ စိတ်ဟာ မတွေဝေရအောင် သတိကိုမမေ့မလျော့စောင့်ရှောက်ရမယ်၊ ၄။ယစ်ခြင်းရဲ့အကြောင်းဖြစ်တဲ့ တရားတို့မှာ စိတ်ကိုမယစ်ရအောင် သတိကိုမမေ့မလျော့ စောင့်ရှောက်ရမယ်လို့ ဟောတော်မူပါတယ်။

ဘာကြောင့်လဲဆိုတော့ ဣဋ္ဌာရုံ လှတာမြင် လိုချင်လို့၊ လိုတာမရရင် စိတ်ဆင်းရဲရတယ်၊ ဒေါသကို လိုက်မိရင် ခိုက်ရန်ဖြစ်တယ်၊ နှလုံးပူလောင် နှလုံးရောဂါရတယ်။ မောဟဆိုတဲ့ တွေဝေမှုကို လိုက်မိရင် မကောင်းတာတွေ မလုပ်သင့်တာတွေလုပ်မိတတ်တယ်။ ယစ်မူးတဲ့စိတ်ကို လိုက်မိရင်လည်း ဆင်ခြင်တုံ

✱ မင်္ဂလတ္ထဒီပနီ၊ (၃) စာ-၁၃၊၁၄၊

တရားတွေကင်းမဲ့ပြီး မဖြစ်သင့်တာတွေ ဖြစ်တတ်တယ်၊ ဒါကြောင့် ဒီလေးပါးမှာ မမေ့မလျော့ဖို့ အရေးကြီး ပါတယ်။

**သေသူ နှင့် မသေသူ**

ဗုဒ္ဓဘုရားရှင်က ‘မမေ့မလျော့ခြင်းသည်နိဗ္ဗာန်၏အကြောင်းဖြစ်တယ်၊ မေ့လျော့ခြင်းဟာ သေခြင်းရဲ့အကြောင်းဖြစ်တယ်၊ မမေ့မလျော့ကုန်သော သူတို့ဟာ မသေ မည်ကုန်တယ်၊ မေ့လျော့ကုန်သောသူတို့ဟာ သေသူနှင့်တူတယ်’+ လို့ ဟောကြားတော်မူပါတယ်။ ဒါကြောင့် မေ့လျော့သူတို့ဟာ အသက်ရှိလျက် သေသူနှင့် အတူတူဘဲဆိုတာကို သဘောပေါက်ဖို့ လိုပါတယ်။ မေ့လျော့တဲ့သူဟာ အလှူပေးမယ်၊ သီလစောင့်မယ်၊ ကောင်းမှုပြုမယ်၊ လူဟာ ဘယ်နေ့ သေမည်ဆိုတာ မသိတဲ့အတွက် ကောင်းရာကို လုပ်မယ်ဆိုတဲ့ စိတ်ဟာ မကူးမိဘဲ ပညာကင်းတဲ့အဖြစ်ကြောင့် သေတဲ့သူနှင့် အတူတူဘဲ+ လို့လည်း ဟောကြားတော်မူပါတယ်၊ လောကီ လူမှုရေး အလုပ်ဘဲကြည့်ပါ၊ မကြိုးစားသူ၊ အလုပ်စိတ်မဝင်စားသူဟာအဲဒီစိတ်မဝင်စားတဲ့ အချိန်ကစပြီး မတိုးတက်နိုင်တော့ဘူး သေပြီ။

စွယ်စုံကျော်ထင်ကျမ်းကို ဖြေဆိုတော်မူတဲ့ကျိုးသဲလေးထပ်ဆရာတော်က ပုရာဏမေ့ဂန်ဖတ်စာ မှာ “ပညာရှိလည်းသတိမဲ့လျော့ပါစေနှင့်၊ သတိလျော့လျက်အကြံပျက်သော်ကိုယ်သက်ခဏယုတ်တတ်စွ” လို့ ဩဝါဒထားခဲ့ပါတယ်။ ဒါကြောင့် ကုသိုလ်တရားမှာမမေ့မလျော့ခြင်းမင်္ဂလာကိုကျင့်သုံးကြပါကိုယ့်စီးပွားချမ်းသာဖို့ မမေ့မလျော့ ဆောင်ရွက်ကြစေလိုပါတယ်။

---

ဆီမီးစာပေ +မင်္ဂလတ္ထဒီပနီဒု စာ-၁၅၊ မင်္ဂလတ္ထဒီပနီ ဒု၊ စာ-၁၆၊
ဒုတိယအကြိမ် *ဟံသာဝတီဆုံးမစာပေါင်းချုပ်စာ-၂၇၆။

# (၂၂)

## ရိုသေထိုက်သူကို ရိုသေခြင်း မင်္ဂလာ

**နှစ်ဆယ့်နှစ်ပါးမြောက် မင်္ဂလာကတော့—**

ဂါရဝ။ ရိုသေထိုက်သော သူတို့ကို ရိုသေခြင်းသည်လည်း မင်္ဂလာပါဘဲလို့ ဗုဒ္ဓဘုရားရှင်က ဟောကြားတော် မူပါတယ်။ လူဟာ ရိုသေထိုက်တဲ့လူကို ရိုသေဖို့လိုပါတယ်။

ဘယ်လိုလူတွေကို ရိုသေရမလဲ၊ ဘုရား ပစ္စေကဗုဒ္ဓါ၊ အရိယာ သာဝက၊ ဆရာ၊ မိဘ၊အစ်ကိုကြီး၊ အစ်မကြီးတို့ဖြစ်တယ်။ ဒါက တိုက်ရိုက် အဓိကကျသော လူတွေဖြစ်တယ်။ဆွေကြီးမျိုးကြီး၊ သက်ကြီး ဝါကြီး ကျေးဇူးပြုဖူးသူ၊ မင်း အစိုးရတို့ဟာလည်း ရိုသေထိုက်သူတွေဘဲ။

ဗုဒ္ဓဘုရားရှင်က "အချို့သောယောကျ်ားမိန်းမတို့ဟာအလွန်မာနရှိကြတယ်။ ဘုရားအစရှိတဲ့ ရိုသေထိုက်သူတွေကို ရှိမခိုး၊ ခရီးဦးမကြို၊ နေရာမပေး၊ ခရီးလမ်း မပေး၊ အရိုအသေ မပြုအလေးအမြတ်မပြု၊ မမြတ်နိုး၊ မပူဇော် ပြုကြတဲ့အတွက် သေသောအခါ ငရဲသို့ရောက်တယ်" + လို့ ဟောတော်မူပါတယ်။ ဂါရဝပြုတယ်ဆိုတာ အခုပြောခဲ့တဲ့အချက်တွေကိုပြုခြင်းပါဘဲ။

---

+ မင်္ဂလတ္ထဒီပနီ၊ စာ–၁၀၊ ၁၃၉။

**ကျီးနှင့် ဘုတ်ပမာ**

လူဟာ ရှိသေထိုက်သူကိုမရှိသေရင် သူ့ကိုလည်း ဘယ်သူကမှ မရှိသေဘူး၊ အချင်းချင်းဂုဏ်ရည်တူဘဲဖြစ်ဖြစ်၊ မောင်ဖြူက မောင်မဲကို အထင်မကြီးဘူး၊ မရှိသေဘူးဆိုရင် မောင်မဲကလည်း မောင်ဖြူကို အထင်မကြီးဘူး၊ မရှိသေဘူး၊ ဒါကြောင့် "ကျီးကိုလည်း ဘုတ်ကရှိသေ၊ ဘုတ်ကလည်း ကျီးကိုရှိသေ" ဆိုတဲ့စကားဖြစ်တယ်။

ရှိသေထိုက်သူကို မရှိသေပူရင် "လူမိုက်သား ရမ်းကား" လို့ ပတ်ဝန်းကျင်က အပြောခံရမယ်။ မိဘဂုဏ်ကိုပါ ထိခိုက်တယ်၊ မင်းအစိုးရကို မရှိသေရင် မင်းပြစ် မင်းဒဏ် ခံရမယ်။ မိဘဆရာ ရတနာသုံးပါး မရှိသေရင် ကံကြီးထိုက်မယ်၊ သံသရာတစ်ခုလုံးမှောက်ပြီး အကျွတ်ဝေးမယ်။

ခုခေတ်လူငယ်တွေ ဘုန်းကြီးကျောင်းနှင့် အနေဝေးတော့ ဂါရဝကို မသိဘူး၊ လူကြီးရှေ့မှာ ကန့်လန့်ကွသွားရမှန်း မသိဘူး၊ ကျော်ချင်ကျော်၊ လွှားချင်လွှား၊ လူကြီးလာလို့ ရှောင်ပေးရမှန်းမသိဘူး၊ ဘုရားအရိပ်၊ သံဃာအရိပ် မရှောင်ဘူး၊ ကျေးရွာတွေမှာ လမ်းမှာ ဘုန်းကြီးတွေ့ရင် လမ်းဘေးရှောင်ပြီး လက်အုပ်ချီရတယ်၊ ဘုန်းကြီးရဲ့အရိပ်ကို မနင်းရဘူး၊ ခုတော့ ဒီလို မဟုတ်ဘူး၊ ဘုရားယင်ပြင်တော်မှာ စေတီတော် ပေါ်တောင် ဖိနပ်နှင့် တက်ရဲသူက တက်ရဲကြတယ်။ ဒီလိုပျက်တာဟာ မြို့ကစပြီး ပျက်တာ၊ ကျွန်ဘဝမှာ ရောက်ခဲ့ရလို့ ကျွန်ကျင့်တွေ ပါလာတာလို့ဘဲ ပြောရမှာဘဲ။

ကျောင်းမှာ ဘုရားမှာ အညစ်အကြေး မစွန့်မိအောင် ပြုရတယ်၊ သောင်းကျန်းသူတွေထတုန်းက ပြေးလာကြတဲ့ ဒုက္ခသည်

တွေ ဘုရားယင်ပြင်မှာ ခိုကြရတယ်၊ ဘုရားပေါ်မှာတဲ့ အညစ်အကြေးစွန့်တယ်၊ အောက်မှာ အိမ်သာရှိလျက်နှင့် ဆင်းမသွားချင်ဘူး၊ ခွေးလို ကိုယ်မှီတဲ့အပင်ကို ကိုယ်သေးပန်းတဲ့ သဘောမျိုးဖြစ်ရင် မဆင့်ဘူး။

**မရိုသေမှု သဘော**

ဗုဒ္ဓဘုရားရှင်က မရိုမသေပြုတဲ့ အကြောင်းကို အသေးစိတ် ဟောတော်မူတယ်၊ သင်္ဂတိဋ္ဌကာ + မှာ မြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ် သုံးပါးသော ကာလတို့မှာ ခစားရာကိုမသွား၊ မြတ်စွာဘုရားစင်္ကြံကြွနေစဉ် ဖိနပ်စီးတယ်၊ ဘုရားက နိမ့်တဲ့စင်္ကြံမှာသွားရင် မြင့်တဲ့စင်္ကြံမှာ သွားတယ်၊ မြတ်စွာဘုရား မြင့်တဲ့အရပ်မှာ ပခုံးစွန်းနှစ်ဘက်ကို ရုံတယ်၊ ထီးကိုဆောင်းတယ်၊ ရေချိုးတယ်၊ ကျင်ကြီး ကျင်ငယ် စွန့်တယ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးတဲ့အခါ စေတီတော်ကို မသွား၊ ဒါဟာ ဘုရားရှင်ကို မရိုမသေပြုရာကျတယ်။

ပြီးတော့ ဘုရားတရားဟောရာကို မသွား၊ သွားတဲ့အခါလည်း တရားတော်ကို ရိုသေစွာ မနာ၊ စကားပြောနေတတ်တယ်၊ တရားတော်ကို မသင်၊ သူများကိုလည်း မသင်စေ၊ ဒါဟာ တရားတော်ကို မရိုမသေ ပြုရာကျတယ်။

ကြီးတဲ့ရဟန်းကို ထိခိုက်ပြီး သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ ပုဆိုးပတ်ဖွဲ့ခြင်းကို ပြုတယ်၊ သံဃာ့အလယ်မှာ ထီးကိုဆောင်းတယ်၊ ပခုံးနှစ်ဘက်ကို ရုံတယ်၊ ဒါဟာ သံဃာကို မရိုမသေပြုခြင်း ဖြစ်တယ်၊ သိက္ခာရဲ့ တစ်စိတ်တစ်ဒေသကို ဖျက်ဆီးရင်

---

+ မင်္ဂလတ္ထဒီပနီ (ဒု) စာ—၂၄၊ ၂၄၊

အလုံးစုံသော သိက္ခာကို မရှိမသေရာကျတယ်လို့ ဟောတော်မူပါတယ်၊ လူဟာလည်း သက်ကြီး ဝါကြီးအပေါ် ဗီလို မရှိမသေမှုကို ရှောင်ရမှာပါဘဲ။

ဒီဂါရဝ မင်္ဂလာကို တစ်ဦးချင်းသာ မဟုတ်ဘူး၊ နိုင်ငံနှင့်တဝန်း ရှိသေလေးစား ကျင့်သင့်တယ်၊ နိုင်ငံသားကောင်းမှန်ရင် နိုင်ငံတော်ကိုလေးစားရမယ်၊ နိုင်ငံဥပဒေကို လေးစားရမယ်၊ အရိပ်ခိုခို၊ အခက်ချိုးချိုး မဖြစ်သင့်ဘူး၊ ဆရာက လခစားဘဲ ကျေးဇူးမရှိဘူး ပြောကြတယ်၊ ဆရာ့စေတနာ မပါရင် ဘာတတ်မှာလဲ၊ လူ့သဘောမှာ ခလုတ်ထိမှ အမိတ တတ်တယ်။ ခိုကိုးရာကို ရှိသေတတ်ရတယ်။

**လူတို့ ခိုကိုးရာ** ရဟန်းသံဃာတော်များဟာ ဗုဒ္ဓဘုရားမြတ်စွာရဲ့ သာသနာတော်မှာလူတို့ရဲ့ ခိုကိုးရာဘဲ၊ လူတွေက ဘတ်စ်ကားပေါ်မှာ ရဟန်းတွေကို နေရာမပေးချင်ဘူး၊ ရဟန်းတော်က ခရီးဆုံး မတ်တတ် လိုက်ရတယ်၊ အကြောင်းရှိတော့ ရဟန်းကျောင်းကို ရှိခိုးတယ်၊ နေစရာမရှိရင် ဘုန်းကြီးကျောင်းတပ်နေကြတယ်၊ ဘုန်းကြီးကျောင်းရဲ့ အရိပ်အာဝါသဟာ ဘယ်လောက် ငြိမ်းချမ်းသလဲ။

**ဘုန်းကြီး ကျောင်း ကျေးဇူး** ဒုတိယ ကမ္ဘာစစ်အတွင်းမှာ စစ်ဘေးဒုက္ခသည်တွေ ဘုန်းကြီးကျောင်းမှာဘဲ ခိုကြရတယ်၊ ဘုန်းကြီးက သိသိ မသိသိ၊ ဘယ်ကလာလာ၊ အားလုံးကို အတူတူ အန္တရာယ်မှ စောင့်ရှောက်တယ်၊ စိတ်ချမ်းသာမှုကို ပေးတယ်၊ ကျောင်းမှာဆိုတာ လိမ္မာ

ဖွယ် စကားကိုသာကြားရတယ်၊ပညာရှိကိုတွေ့နိုင်တယ်၊ အကျင့်အာစာရကောင်းတဲ့ ပုဂ္ဂိုလ်ထူးများ ဖူးတွေ့ရလို့ အကျိုးများတယ်၊ ငတ်မွတ်ခေါင်းပါးတဲ့ဘေး၊ ရောဂါဘယဘေး၊ သတ်ဖြတ်မှုဘေး စတဲ့ ကပ်ကြီးသုံးပါးက ကာကွယ်နိုင်တယ်၊ လောကီအကျိုး လောကုတ္တရာအကျိုးကိုရရှိနိုင်တယ်၊ ကျောင်းထဲဝင်သွားတယ်ဆိုရင် စိတ်အလိုလို အေးချမ်းသွားစေတယ်။

**ရိုသေခြင်း အကျိုး** ဒီလိုဘဲ မိဘ၊ ဆရာ၊ မိမိရဲ့အထက် အရာရှိတွေကို တွေ့မြင်ရင် မိမိစိုးရိမ်စိတ်တွေဟာ အေးချမ်းသွားနိုင်တယ်၊ ဥပဒေကိုလေးစားရင် အစိုးရက စောင့်ရှောက်တယ်၊ မလေးစားရင် ပြစ်ဒဏ်ခံရမယ်၊လူဆိုတာကဲ့ရဲ့တာမခံချင်ဘူး၊ချီးမွမ်းခံချင်တယ်၊ချီးမွမ်းခံရအောင် ရှိသေထိုက်သူရိုသေမှ ရိုသေတဲ့အတွက် အရိုအသေခံရသူကလည်း မေတ္တာတရားပွားများတယ်၊ ဒီတော့ မေတ္တာအကျိုးခံချမ်းသာမှုရတယ်၊ဒါဟာ ယဉ်ကျေးသိမ်မွေ့မှုနိုင်ငံကြီးသားတွေရဲ့ ကျင့်စဉ်ဘဲ။

အရှင်မဟာရဋ္ဌသာရ ✱ က ''ကြီးသူတစ်ဖြာ၊ ပညာရှိအား၊ သူကောင်းများနှင့်၊ စားေးထွေသာ၊ ပြောသောခါလည်း၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်တုပ်လျက်၊ ဖုံးအုပ်ခြေလက်၊ လွန့်ငြိမ်သက်သည်၊ ကျောင်းထွက်လူပေ၊ ဆိုရစေ'' လို့မိန့်ကြား ဆုံးမတော်မူခဲ့ပါတယ်။

လူမှာ ပုဂ္ဂိုလ်ခင်မှ တရားမင်တယ်ဆိုတဲ့စကားရှိတယ်၊ အရိုအသေပြုတယ်ဆိုတာ ဒီပုဂ္ဂိုလ်ကိုချစ်ခင်လေးစားလို့ဘဲ၊ဗုဒ္ဓမြတ်

---

✱ တံသာဝတီဆုံးမစာပေါင်းချုပ်၊ စာ-၁၅၊

စွာဘုရားရှင်ကို ဘာကြောင့် ရှိသေသလဲ၊ သံသရာ ဝဋ်က လွတ်မြောက်အောင် ဆောင်ပို့တဲ့ကျေးဇူးရှင် ဖြစ်လို့ ချစ်ခင် လေးစားလို့ဘဲ။

ချစ်ခင်တော့ မေတ္တာရှိတယ်၊ ဒါပြဟ္မစိုရ်တရားက ၅၂၈ သွယ်မေတ္တာကိုပြောတာနော်၊ မေတ္တာရှိတော့ ကရုဏာလည်း ဖြစ်တယ်၊ မုဒိတာ ဝမ်းမြောက်မှုလည်း ဖြစ်တယ်၊ ခွင့်လွှတ်မှု လည်းရှိတယ်၊ ဒါဟာ တရားသိသူတွေရဲ့ယဉ်ကျေးမှုဘဲ၊ တရား မသိသူတို့အနေနဲ့က အရိုအသေပေးရတယ်ဆိုတာ အောက်ကျ တယ်ထင်ကြတယ်၊ ဒါအောက်ကျတဲ့အလုပ်မဟုတ်ပါဘူး။

အရှင်သာရိပုတ္တရာလို ပညာမှာတေဒဂ်ရတဲ့လက်ယာတော်ရံ ရဟန္တာကြီးတောင်မှ သောတာပန်ဖြစ်အောင် တရား ပြခဲ့တဲ့ လက်ဦးဆရာ အရှင်အဿဇိကို ဘယ်အရပ်မှာ ရှိနေနေ ရှိရာ အရပ်ကို လက်အုပ်ချီပြီး ရှိခိုးတယ်၊ ဒါကြောင့် ပညာရှိ သူ တော်ကောင်းတို့ရဲ့ ဓလေ့ကိုလိုက်နာခြင်းဖြင့် မင်္ဂလာတရားကို ရယူနိုင်ပါတယ်။

☆

## (၂၃)

# မိမိကိုယ်ကို နှိမ့်ချရခြင်း ၊ မင်္ဂလာ

နှစ်ဆယ့် သုံးပါးမြောက် မင်္ဂလာကတော့—

နိဝါတ၊ မိမိကိုယ်ကို နှိမ့်ချရခြင်းသည်လည်း မင်္ဂလာဖြစ်တယ်လို့ ဗုဒ္ဓမြတ်စွာဘုရားသခင်က ဟောတော်မူပါတယ်၊

ဒီနေရာမှာ-မိမိကိုယ်နှိမ့်ချတယ်ဆိုတာ မာန ထောင်လွှားမပလွှားဖို့ ဆိုလိုတာလို့အဓိပ္ပာယ်ပေါက်ပါတယ်။အောက်တန်းကျကျနေရမယ်၊ တွေ့သမျှလူကို အောက်ကျို့ ခယရမယ် ဆိုတဲ့ အဓိပ္ပာယ်မဟုတ်ပါဘူး။ မြတ်စွာဘုရားဟာ ရဟန်းတော်များကို ဖြစ်သလို တွေ့ကရာနေရာမှာ ဖြစ်သလိုထိုင်ဖို့ ခွင့်မပြုပါဘူး၊ လူအများမျက်စိမှာ ပသာဒဖြစ်တဲ့ သင့်တင့်လျောက်ပတ် သန့်ရှင်းတဲ့နေရာမှာ ထိုင်ရမယ်လို့ ခွင့်ပြုတော်မူပါတယ်။

လောကီရေးမှာကြည့်ရင် ပြည်သူ့ရဲလုပ်သူကလူဆိုးသူခိုးကို သွားပြီးအောက်ကျို့ခယဖို့မဟုတ်ဘူး၊ သူ့နေရာနှင့်သူ ဖြစ်ပါတယ်။ လူဆိုတာဟာ အမျိုးရဲ့မာန်၊ ပညာရဲ့မာန်၊ ဥစ္စာရဲ့မာန် ရာထူးဂုဏ်သိန်ရဲ့မာန်အားဖြင့် ထောင်လွှားလေ့ ရှိပါတယ်၊ ဒီမာန်တွေနှင့် တစ်ပါးသူကို မထီမဲ့မြင်ပြုတတ်တယ်။လူတွေက

ဒီလူ ကောင်းတော့ကောင်းပါရဲ့ သိပ် မာနကြီးတယ် ကွာလို့ ချီးမွမ်းခြေကျောက် ပြောခံရတတ်တယ်။

ဘယ်သူ့မှအရေးမစိုက် မာနတံခွန်ထူနေလို့ ဘယ်သူ ဘယ်ဝါမှန်းမသိတဲ့လူတစ်ယောက်ကို သွားရောက်ကြိမ်းမောင်းမိလို့ ကိုယ့်အထက်ကလူဖြစ်နေရင် ကိုယ်ကျိုးနည်းမှာဘဲ၊ လူကဲ ခတ်တတ်ဖို့သိပ်အရေးကြီးတယ်၊ နိဝါတ တရားမရှိတဲ့လူဟာ ဂါရဝ တရားလည်း မရှိနိုင်ဘူး။

**တပ်ကြပ်ကလေးနှင့် သမ္မတကြီး**

ငယ်ငယ်တုန်းက ပုံပြင်ကလေးတစ်ခု ဖတ်ရဘူးတယ်။ ဘယ်စာအုပ်မှာပါတယ်ဆိုတာတော့ မသိတော့ဘူး။ တစ်နေ့မှာ အမေရိကန်ပြည် တစ်နေရာမှာ တပ်စိတ် ကလေးတစ်စိပ်ဟာ တံတားဆောက်နေတယ်။ တံတားလုပ်ဖို့ သစ်တုံးကြီးကို တပ်သားတွေကသယ်လာတာ မနိုင်မနင်းဖြစ်နေတယ်။ တပ်ကြပ်ကလေးက ယောကျ်ားဘသားကွ၊ ကြိုးစား လိုက်ပါ လားကွလို့ အားပေးနေတယ်၊ သူကာ အရာရှိကလေး ဆိုတော့ သူကိုယ်တိုင်တော့ ဝင်ပြီးမသယ်ဘူး။

ဒါနှင့် ဂရိတ်ကုတ် အင်္ကျီရှည်ကြီး ဝတ်ထားတဲ့ လူကြီးတစ်ယောက် ရောက်လာပြီး သူ မကူညီရဘူးလား မေးတယ်၊ တပ်ကြပ်ကလေးက "ကူညီရင်အလွန်ဘဲကျေးဇူးတင်တာပေါ့" ဆိုတယ်၊ ဒါနှင့်ဒီလူကြီးက ကူသယ်ပေးတော့ တံတား ထိုးပြီး ဖြစ်သွားတယ်။ တပ်ကြပ်ကလေးက ကျေးဇူး တင်လွန်းလို့ "နောင်လည်း အသိမိတ်ဆွေဖြစ်ရအောင် နာမည် ကလေး တဆိတ်မသိရဘူးလားခင်ဗျာ" လို့ မေးတော့ လူကြီးက "နာမည်

တွင်မကပါဘူး၊ ရာထူးလည်းသိရပါတယ်''ဆိုပြီးသူ့ဂရိတ်ကုတ်ကြီးကိုပခုံးဖွင့်ပြလိုက်တော့ အမေရိကန်လက်လုပ်ရေး ခေါင်းဆောင်ကြီးဗိုလ်ချုပ်ကြီးဝါရှင်တန်ကိုယ်တိုင်ဖြစ်နေတယ်၊ တပ်ကြပ်ကလေးလည်း အဲဒီကတည်းက ကျွတ်သွားတာပါဘဲ။

ဒီလိုဘဲ မှတ်ထားရဖူးတာ တစ်ခုရှိသေးတယ်။ အထက်လူကို ဗြိတိသျှတပ်မှာ စစ်ဆင်ရေးအတွက် မြစ်တစ်ခေါက်ငန်းမီလို့ ခုကို ဖောင်နှင့်ကူးဖို့လုပ်နေကြတယ်။ မြစ်ကမ်းဘေးမှ ရွှံ့ညွန်တွေရှိတော့ ကားက ရွှံ့ထဲနစ်နေတာနှင့် တပ်သားတွေက ကားကိုတွန်းနေကြတယ်။

ရက်မကြာခင်က ရောက်လာတဲ့ ကျောင်းဆင်း ဗိုလ်ကလေးတစ်ယောက်ဟာ တာဝန်မှူးတာဝန်လည်းကျတော့ ကုန်းပေါ်ကနေပြီး အမိန့်ပေးနေတယ်။ ''ဟေ့....ဟိုကောင်က ဘာလုပ်နေသလဲ၊ ဟိုဘက်က ဝင်တွန်းပါလား၊ ဒီဘက်က ဝင်တွန်းပါလား''နှင့် ဒီတော့ မော်တော်ကားကိုတွန်းနေတဲ့ တပ်သားတွေထဲက အင်္ကျီမပါတဲ့ စစ်သား တစ်ယောက်က လှမ်းအော် ပြောတယ်။ ''ဟေ့ကောင် မင်းပါးစပ်ပိတ်ထားလိုက်စမ်း၊ မင်းဆီက နောက်ထပ်အမိန့်သံထွက်လာရင် ငါတက်လာပြီးမင်းကို ရွှံ့ရေထဲကို ကန်ချလိုက်မယ်''လို့ ပြောတယ်။

ဒီတော့ စစ်ဗိုလ်ကလေးဟာ သိပ်စိတ်ဆိုးသွားတယ်။ တပ်ရင်းမှူးလည်းရှိတော့ တပ်ရင်းမှူးကို တိုင်တယ်'' တပ်ရင်းမှူးခင်ဗျား၊ တပ်ရင်းမှူးရဲ့တပ်သားတွေဟာတယ်ရိုင်းစိုင်းပါလား၊ ဒီဟာကို တပ်ရင်းမှူး ကိုယ်တိုင်ဘဲ ဆုံးမ မသား၊ ကျွန်တော်ဘဲဆုံးမ ရမလား''လို့ မေးတယ်။

ဒီတော့ တပ်ရင်းမှူးက ''ငါ့တပ်ခွဲမှူး ဗိုလ်မှူးကို ငါဘာလို့

ဆုံးမ ရမှာလဲ၊ ဆုံးမမယ့်ဆုံးမရင် မင်းကိုဆုံးမရမှာ'' ဆိုတော့ စစ်ဗိုလ်ကလေးလည်း ဒုက္ခ ရောက်သွားတယ်။ အောက်မှာ တပ်ခွဲမှူး ဗိုလ်မှူးဟာ သူ့ တပ်သားတွေနှင့်အတူ ကားကို သူပါ တွန်းနေတာ၊ ဒါကို စစ်ဗိုလ်ကလေးက ဘယ်သူ ဘယ်ဝါတွေ ပါမှန်းမသိ၊ ဝင်မကူဘဲကြိမ်းမောင်း အမိန့်ပေးတာ၊ ဒါကြောင့် မာနထောင်လွှားပြီးကိုယ်မသိတဲ့လူကို သွားပြီးကြိမ်းမောင်းမိရင် ဒုက္ခတွေ့တတ်တယ်ဆိုတာဒီသဘောပါဘဲ။

ဒါကြောင့် မာနတရားမထားဘဲကြီးပွားချမ်းသာလိုသူဟာ ''ရိုးရိုးကျင့် မြဲ့မြင့်ကြံ'' ဖို့ ပါဘဲ။



# (၂၄)

## ရောင့်ရဲလွယ်ခြင်း မင်္ဂလာ

နှစ်ဆယ့်လေးပါးမြောက် မင်္ဂလာကတော့—

သန္တုဋ္ဌိ၊ ရောင့်ရဲလွယ်ရခြင်း မင်္ဂလာဘဲလို့ ဗုဒ္ဓမြတ်စွာဘုရားရှင်က ဟောကြားတော်မူပါတယ်။

မတင်းတိမ်မရောင့်ရဲနိုင်သူဟာစိတ်ချမ်းသာမှုမရနိုင်ပါဘူး၊ ကိုယ့်ထက် ကြီးကျယ်သူကို ကြည့်ပြီး စိတ်ဆင်းရဲနေခြင်းဟာ အကျိုး မရှိဘူး၊ ကြွေးယူစားပြီး အိပ်မပျော်တာ မျိုးဟာ မကောင်းဘူး။

ငယ်ငယ်က ဖတ်စာအုပ်မှာ ဖတ်ရတယ်။ လူတစ်ယောက်က ပြောတယ်၊ "ညည အိပ်မပျော်တာကြာပြီ"တဲ့၊ ဒီတော့ သူ့မိတ်ဆွေက "ဒါဖြင့် ဆေးဆရာ ခေါ်ပြီး ဘာကြောင့် ဆေး မစားသေးသလဲ"လို့ မေးတယ်။ ဒီတော့သူက "ဆေးဆရာရဲ့ ဆေးဖိုးတွေ မပေးနိုင်သေးလို့ အိပ်မပျော်တာကလား" လို့ ဖြေတယ်၊ ဒီလို မဖြစ်သင့်ဘူး၊

**ပကာသနစိတ်ရှိလျှင်** တပည့်လေးတစ်ယောက် တွေ့ဖူးတယ်။ 'မိန်းမယူမယ်'ဆိုတော့ 'မင်း ပိုက်ဆံ ဘယ်လောက်ရှိသလဲ'စာရေးသူက မေးတယ်။ ပိုက်ဆံမရှိဘူး၊ ကြွေးယူပြီး မင်္ဂလာဆောင်ရမှာ ပြောတယ်။ ဒါနှင့် စာရေးသူက 'တရားရုံးမှာဘဲ သွားလက်ထပ်ပါကွာ'လို့ ပြောတယ်၊ နားမထောင်ဘူး၊ လူတစ်ယောက်ဆီက ငွေ ၂၀ဝိ ယူပြီး မင်္ဂလာဆောင်တယ်။

ဒါ ၁၉၅၇ ခုနှစ်ကအဖြစ်၊ကုန်စျေးနှုန်းတွေ မကြီးသေးဘူး၊ ဒါပေမယ့် သူချေးရတဲ့ ငွေက အတိုးက ကြီးတယ်၊ တစ်ဆယ်ကို တစ်လ နှစ်ကျပ်တိုး၊နှစ်ရာဆိုတော့ အတိုးက လေးဆယ်ကျတယ်၊ သူ့လခက တစ်လ ၇ဝိဘဲ ရတယ်၊ အတိုးက တစ်လ လေးဆယ်ဆပ် အရင်းက ဘယ်တော့ကျေပြီး ဘယ်လိုလုပ် စားသောက်ကြမလဲ။

ငွေချေးတဲ့ လူကလည်း စာရေးသူ့ရဲ့ တပည့်ဆိုတော့ ''ခင်ဗျား မသိနားမလည်တဲ့ ကလေးတွေကို ဒီလိုလုပ်ရမလား''လို့ အပြစ်တင်ပြီး ချေးထားတဲ့ငွေကို စိုက်ဆပ်ပေးလိုက် ရတယ်။ တပည့်လေးကိုလည်း 'မင်း ငါ့စကား နားမထောင်တော့ ငါ အလကားတော့ မပေးနိုင်ဘူး၊ အတိုးမရှိ ငါ့ကို တစ်လ တစ်ဆယ်ဘဲဆပ်' လို့ ပြောရတယ်။

ဒါကြောင့် 'အိုးနှင့်ဆန် တန်ရုံထည့်ရမယ်'ဆိုတာ ပြောကြတာ၊ ကိုယ့်မှာရှိတဲ့ အခြေအနေနှင့် ကိုက်ညီအောင် သုံးရ စွဲရမယ်။မြတ်စွာဘုရားက 'သန္တုဋ္ဌိ ပရမံ ဓနံ။ အမြတ်ဆုံး ဥစ္စာကား ရောင့်ရဲခြင်းတည်း'+လို့မြွေပဒမှာဟောတော် မူပါတယ်။

+ မရိတ်ကြီး နိဿယသစ်၊ စာ- ၁၆၁၊

ဟိတောပဒေသ + မှာလည်း 'အကြင်သူ၏စိတ်သည် တင်းတိမ်ရောင့်ရဲလျက်ရှိ၏။ ထိုသူမှာ အားလုံးပြည့်စုံလျက်သာ ဖိနပ်ဖြင့် ဖုံးထားအပ်သော ခြေရှိသူအဖို့ မြေတစ်ပြင်လုံး သားရေဖုံးထားသကဲ့သို့သာ အမှန်ဖြစ်သည်' ဆိုထားရာ အဓိပ္ပာယ်မှာ ဆင်းရဲသားပင် ဖြစ်စေ၊ ရောင့်ရဲမှုရှိပါက ရောင့်ရဲမှု မရှိတဲ့သူဌေးထက် စိတ်ချမ်းသာတယ်ဆိုတဲ့ သဘောပါဘဲ။

မတင်းတိမ် မရောင့်ရဲနိုင်ကြလို့ မိမိစားဖို့၊ မိမိသားမယားစားဖို့သာမက ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တိုင် စားဖို့ ဝိသမလောဘသမားတွေဟာ မတရားသဖြင့် စီးပွားရှာ ကြတယ်၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိတဲ့အတွက် တစ်နေ့မှာ ဒုက္ခရောက်စမြဲ ဖြစ်တယ်။

ဒီလို မိမိကိုယ်ရေးကိုယ်တာကိုရောင့်ရဲလွယ်ရမှာယ်လို့ လောကီရေးမှာ ဆိုပေမယ့် လောကုတ္တရာရေး အလှူဒါနပြုရာ၊သီလဆောက်တည်ရာ၊ ဘာဝနာ ပွားများရာမှာတော့ မရောင့်ရဲအောင် ပြုကြရမယ်။ အမျိုး ဘာသာ သာသနာ နိုင်ငံတော်အကျိုးဆောင်ရွက်ရာမှာ မနား မနေ ကြိုးစားအားထုတ်ကြရမှာဖြစ်ပါတယ်။ ကိုယ်ကျိုးအတွက် မတော်မတရား မလုပ်ကြဖို့ဖြစ်ပါတယ်။

**ရွှေဟင်္သာရဲ့ မယား** ဧကနိပါတ် သုဝဏ္ဏဟံသ ဇာတ်မှာ ရှေးအခါက ပုဏ္ဏား တစ်ယောက်မှာ ဇနီးနှင့် သမီးသုံးယောက်ရှိတယ်၊ သူသေတော့ ရွှေဟင်္သာဖြစ်ပြီး သားမယားတွေဆီ မကြာခဏလာပြီး ရွှေဖြင့်ပြီးတဲ့ အတောင်တစ်ချောင်း၊ တစ်ချောင်းစီ လာတိုင်း ပေး

---

* ပရိတ်ကြီးနိဿယသစ်၊ စာ-၁၄၀။

တယ်။ သားမယားတွေဟာ ဒါလောက်နှင့်အားမရလို့နောက် တစ်ခါလာတော့ ဝိုင်းပြီး အတောင်တွေ အကုန်နှုတ်ယူတဲ့ အခါ ရွှေမဟုတ်တော့ဘဲ အဖြူတွေ၊ ရိုးရိုးအတောင်တွေချည်း ဖြစ်သွားတယ်။

နောက် အိုးထဲ ထည့်မွေးထားတော့ ပြန်ပေါက် လာတဲ့ အတောင်တွေဟာလည်း ရွှေမဟုတ်တော့ဘဲ ရိုးရိုးအတောင်ဘဲ ပေါက်တယ်။ အတောင်စုံတော့ ဟင်္သာလည်း မိမိနေရာ ပြန် သွားတယ်။ ဒါဟာ အလိုကြီးလို့ အရှုံးနည်းတာ။ ဒါကြောင့် မြတ်စွာဘုရားက 'ရသမျှနှင့် ရောင့်ရဲကျေနပ်ရမယ်၊ လောဘ ကြီးသူမှာ လူယုတ်မာတည်း' ဟု လို့ ဟောတော်မူခြင်း ဖြစ်ပါ တယ်။ ဒါကြောင့် လောကီကိုယ်ကျိုးမှာ ရောင့်ရဲခြင်းမင်္ဂလာ ရယူပြီး အမျိုးဘာသာ သာသနာ အကျိုးမှာ မရောင့်မရဲ ဆောင်ရွက်ကြစေလိုပါတယ်။

☆

# (၂၅)

## သူပြုဖူးသော ကျေးဇူးကို သိခြင်း မင်္ဂလာ

နှစ်ဆယ့်ငါးပါးမြောက် မင်္ဂလာကတော့-

ကတညုတာ။ သူပြုဖူးသော ကျေးဇူးကို သိတတ် ရခြင်း သည်လည်း မင်္ဂလာပါဘဲလို့ ဗုဒ္ဓမြတ်စွာဘုရားသခင်က ဟော ကြားတော်မူပါတယ်။

ကျေးဇူးမသိတတ်သူဟာ တစ်ခါဆက်ဆံ ဆယ်ခါလန်ဆိုတဲ့ လူစားမျိုး၊ လူမိုက်သရုပ်ကိုပြောပြရာမှာပြောခဲ့ပြီးဖြစ်ပါတယ်။

**ကျေးဇူး ဟူသည်**

ကျေးဇူးပြုတယ်ဆိုတာ ၁။ ပုဗ္ဗကာရီ။ ရှေး ဦးစွာ ကျေးဇူးပြုတတ်သူဖြစ်တယ်၊ (အမိအဖ ဆရာ ဥပဇ္ဈာယ်တို့ကဲ့သို့ သူတစ်ပါးဟာ ကျေး ဇူးမပြုဘဲလျက် မိမိပြုဘူးသော ကျေးဇူးကို မငဲ့ ဘဲ ကျေးဇူးပြုတတ်သူကို ခေါ်တယ်)။ သတ္တဝါတို့ရဲ့ သဘော မှာ တဏှာနှိပ်စက်တတ်တဲ့အတွက် ဒီလိုပုဂ္ဂိုလ်မျိုးကို ရခဲတယ်။

၂။ ကတညုတကတဝေဒီ။ အမိအဖ ဆရာဥပဇ္ဈာယ်တို့အပေါ်မှာ ကောင်းစွာကျင့်တဲ့ သားသမီး၊ အန္တေဝါသိက တပည့် သဒ္ဓိဝိဟာရိက တပည့်ကဲ့သို့သူတစ်ပါးသည်ပြုအပ်သောကျေးဇူး အားလျော်စွာဖြစ်ပြီး မိမိ၌ပြုခဲ့ပြီးသော ကျေးဇူးကို ကျေးဇူးအားဖြင့် သိတဲ့ထင်စွာပြုတတ်တဲ့သူကို ကတညုတကတဝေဒီလို့ခေါ်တယ်။ ဒီလိုပုဂ္ဂိုလ်မျိုးကိုလည်း ရခဲတယ်။ ✱

အခိပ္ပာယ်ကတော့ ငါက သူ့ကိုကျေးဇူးပြုရင် သူက ပြန်ကျေးဇူးပြုလိမ့်မယ်လို့ မျှော်လင့်ချက် မထားဘဲ ကျေးဇူးစတင်ပြုသူကို ပုဗ္ဗကာရီ။ ဒီလိုသူပြုဘူးတဲ့ ကျေးဇူးကို သိတတ်သူကို ကတညုတကတဝေဒီလို့ ခေါ်တယ်။

ကျေးဇူးဆပ်တယ်ဆိုတဲ့စကားဟာ ဥစ္စာကြွေးငွေချေးငှားရင် ကြွေးတင်၊ ပြန်ဆပ်ရမယ်၊ ဒီလိုဘဲ တစ်စုံ တစ်ယောက်က တစ်စုံတစ်ယောက်ကို ကျေးဇူးပြုခဲ့ရင် ပြန်ဆပ်ဖို့ မမျှော်လင့်ပေမယ့် ကျေးဇူးတင်ရှိတယ်၊ ကျေးဇူးတင်တယ်လို့ ဆိုခြင်းဖြစ်တယ်၊ ကျေးဇူးကို မသိတတ်လျှင် မသိတတ်သူမှာ တာဝန်ရှိတော့တယ်။ ဒါကြောင့် တောင်ဖီလာ ဆရာတော်ဘုရားက "တင်ပေဘူးသည် ကျေးဇူးရှိလျက် အဆပ်ခက်"လို့ ဆိုခဲ့ခြင်းဖြစ်တယ် 'ကျေးဇူးရှိမှကျေးစွပ်သည်'ဆိုရိုးစကားလည်းရှိသည်။

**ကျေးဇူးမသိတဲ့ ပုဏ္ဏား**

တိတ္တိရဇာတ်ဟုခေါ်သော... 

တိံသနိပါတ်မဟာကပိဇာတ်မှာ ရှေးလွန်လေပြီးတဲ့အခါက ဗာရာဏသီပြည် ကာသိ ကရွာ ကပုဏ္ဏားတစ်ယောက်ဟာ ဟိမဝန္တာ တောမှာ မျက်စိလည်ပြီး ခုနစ်ရက်လုံး အစာ မစားရလို့ တည်ပင်တစ်ပင်ပေါ် တက်တဲ့အခါ လျှောပြီး



✱ မင်္ဂလတ္ထဒီပနီ၊ (၃) စာ—၉၉၊

ချောက်ကြီးထဲ ကျသွားလို့ ဆယ်ရက်တိုင်တိုင် ချောက်ထဲမှာ နေရတယ်။

ဒီတောထဲမှာနေတဲ့ ဘုရားလောင်း မျောက်ဟာ ပုဏ္ဏားကို မြင်လို့ ချောက်ထဲက ကယ်ဘင်ပြီး ကျောက်ဖျာပေါ်မှာထား တယ်။ ပုဏ္ဏားကို ကျောပိုးသယ်ရတဲ့အတွက် မောလွန်းလို့ ခဏအိပ်တယ်။

ဒီအခါမှာ ပုဏ္ဏားယုတ်ဟာ ဘုရားလောင်းရဲ့ ခေါင်းကို ကျောက်တုံးနဲ့ ထုသတ်တယ်။ ဘုရားလောင်းလည်း သစ်ကိုင်း ပေါ် ခုန်တက်ပြီး 'သင်ဟာ ကျေးဇူးမသိတတ်ပေမယ့် သင့်ကို လမ်းပြပေးမယ်' ဆိုပြီး လမ်းပြပေးတယ်၊ ပုဏ္ဏားဟာ ဘုရား လောင်းကိုပစ်မှားလို့ နူပြီး လူ့ပြိတ္တာဖြစ်သွားတယ်။ ခုနစ်ရက် လုံးလုံးဆင်းရဲခံပြီး ဗာရာဏသီပြည်မိဂါဇိနိဥယျာဉ်သို့အရောက် မှာ မြေမျိုခံရပြီး အဝီစိငရဲ၌ဖြစ်တယ်။ ဒါကြောင့် ကျေးဇူး မဆပ်တတ်သူထက် ကျေးဇူးကန်းသူဟာ ပိုဆိုးတယ်။

**ပင်လယ်ခေင်ညို**

ကျေးဇူးသိတတ်သူဟာ ကျေးဇူးရဲ့အကျိုး ကို ခံစားရတယ်၊ မြန်မာ့သမိုင်းကိုပြန်ကြည့် ရင် ညီတော် ပင်လယ် မင်းကျော်စွာက အဖေတူ အမေကွဲ နောင်တော် စစ်ကိုင်းမင်း အသင်္ခယာ စော ယွမ်းကို လုပ်ကြံဖို့ ခေင်ညို ကိုစေလွှတ်တယ်၊ အခွင့် မရလို့ တောမှာ ပုန်းနေရတယ်။ ထမင်းမစားရသော သုံးရက်ရှိမှ နန်း တော်ကို ဝင်နိုင်တဲ့အတွက် လုပ်ကြံမယ်လို့ တက်တဲ့ အခါမှာ ရွှေစလောင်းနှင့် မဟာဂိရိနတ်ကိုတင်ထားတဲ့ ထမင်းအိုးကိုတွေ့ လို့စားပြီးမှ အထဲဝင်တယ်။

အသင်္ခယာစောယွမ်းခေါင်းရင်းမှာရပ်ပြီး သတိမယ်လုပ်ပြီးမှ ''ဒီမင်းဟာ ငါ့ရဲ့ထမင်းရှင်ဖြစ်ပြီး ထမင်းရှင်ကို ပစ်မှားမိရင် အလွန်ဝန်လေးတော့တယ်၊ ငါ့အရှင်က မျက်သော် တစ်သက်ဘဲ သေမယ်၊ ထမင်းရှင်ကို ပစ်မှားမိရင် သံသရာဝဋ်ပါ ခံရမယ်။ ဒါကြောင့် သံသရာဝဋ်က လွတ်စေကြံပြီး စောယွမ်းကို ခမည်းတော် တစီးရှင်သီဟာသူက ပေးထားတဲ့ ပတ္တမြားမားကို ယူပြီး ပြန်ခဲ့တယ်။

ပြန်ရောက်လို့ မင်းကျော်စွာက ' ကိစ္စပြီးခဲ့ပြီလား'' မေးရာ အကြောင်းစုံကိုလျှောက်ပြီး ဓားကိုဆက်တဲ့အခါ မင်းကျော်စွာက 'ငါ့ကျွန် ခေင်ညိုလို ကျွန်ကောင်းမရှိပြီ၊ ထမင်းတစ်စလောင်း ကျေးဇူးကိုမျှ သိတတ်သူဟာ သားမယားနှင့်တကွ ကျေးမွေး ကျေးဇူးပြုထားတဲ့ ငါ့အပေါ်တွင် ဆိုဖွယ်ရာမရှိပြီ' ဟု ချီးမွမ်းတော်မူပြီး ဆုလာဘ်များစွာ ပေးတော်မူတယ်။

**နတ်ကြီးကို ခေါ်သွားလိုသူ**

ပေတဝတ္ထု အဋ္ဌကထာ အင်္ကုရပေတဝတ္ထုမှာ ရှေးတုန်းက အင်္ကုရမင်းသားဟာ လှည်းငါးရာနှင့် ကုန်သွယ်သွားတဲ့အခါ ပုဏ္ဏားတစ်ဦးဟာလည်း လှည်းငါးရာနှင့် ကုန်သွယ်ဖို့အတူ ပါခဲ့တယ်။

လမ်းမှားလို့ အစာရေစာကုန်တဲ့အခါ ညောင်ပင်ကြီးတစ်ပင် တွေ့လို့ဝင်ခိုနားကြတယ်၊ ညောင်ပင်စောင့်နတ်ကြီးဟာ သနားလို့ ရေမှစပြီး လိုရာလိုရာ အကုန်ပေးပြီး ချမ်းသာစေခဲ့တယ်။ ဒီကဆက်ပြီး ခရီးထွက်မယ်ဆိုတော့ ပုဏ္ဏားက ''ဒီလို အလိုခပ်သိမ်းပေးနိုင်တဲ့ နတ်ကြီးကို အတင်းခေါ်သွားကြရင် ကောင်းမယ်''လို့ အင်္ကုရမင်းသားကို ပြောတယ်။

မင်းသားက "သစ်ပင်တစ်ပင်မှာအိပ်ရ ထိုင်ရ နားရ နေရရင် ဒီအပင်ကို အခက်တောင်မချိုးရဘူး၊ မိတ်ဆွေကိုပြစ်မှားသူဟာ လူယုတ်မာဘဲ" လို့ ပြောတယ်၊ ပုဏ္ဏားက "သစ်ပင်ရိပ်မှာ အိပ်ရ ထိုင်ရ နားရပေမယ့် အကျိုးရှိမယ်ဆိုပါက ပင်စည်ကိုဖြတ်နိုင်တယ်လို့ နီတိမှာပါတယ်" လို့ ပြန်ပြောတယ်။

မင်းသားက "မိမိအရိပ်ခိုတဲ့ သစ်ပင်ကို အခက် မပြောနှင့်၊ အရွက်ကိုပင်မဖျက်အပ်ဘူး၊ မိတ်ဆွေကိုပစ်မှားသူဟာ လူယုတ်မာဘဲ" လို့ ထပ်ပြောတယ်၊ ပုဏ္ဏားက "အကျိုးရှိမယ် ဆိုရင် အမြစ်ပါနုတ်ယူနိုင်တယ်လို့ နီတိကျမ်းမှာပါတယ်" လို့ ထပ်ဆင်ခြေပေးတယ်။

ဒီအခါ မင်းသားက "နီတိမှာ ကိုယ်ကျိုးသာကြည့်လို့ မမှန်ဘူး၊ တရားသဘောကိုကြည့်မှသာ အမှန်ဖြစ်တယ်၊ ပုဏ္ဏား သူ့အိမ်မှာ တစ်ညအိပ်ရ သူ့ဆီက ထမင်းအဖျော်ရတယ်ဆိုရင် ဒီလူကို စိတ်နှင့်တောင် မပြစ်မှားကောင်းဘူး၊ ကျေးဇူးသိတတ်သူကို သူတော်ကောင်း တွေက ချီးမွမ်းတယ်၊ ကိုယ့်ကို အိပ်ရာပေး၊ အစားအသောက်ပေး၊နှိပ်လဲမနှိပ်စက်တတ်၊ စောင့်ရှောက်တတ်တဲ့မိတ်ဆွေဟာ မိတ်ဆွေကိုပြစ်မှားသူကို လောင်ကျွမ်းစေတတ်တယ်။ ရှေးဦး၌ကျေးဇူးပြုထားတဲ့သူကို နောက်တစ်ခါ ညှဉ်းဆဲနှိပ်စက်သူဟာ စိုတဲ့လက်ရှိတဲ့မိတ်ဆွေ့ရဲ့ အဖျက်အဆီးခံရတာမို့ ကောင်းတဲ့အာရုံတွေနှင့် မတွေ့ကြုံနိုင်ဘူး။ ပြောမှ ပုဏ္ဏားဟာ တိတ်သွားတော့တယ်။

ဒီနေရာမှာ ကျေးဇူးကန်းသူခံရတဲ့အပြစ်ဟာ ကျေးဇူးပြုတဲ့သူကလုပ်တာမဟုတ်ပေမယ့် သူ့အပြစ်နှင့်သူ လောင်ကျွမ်းတာ

ကို တင်စားပြောတာဖြစ်ပါတယ်။ ဒါကြောင့် "စိုတဲ့ လက်ကို မခြောက်စေနှင့်" စကား ရှိတယ်၊ မိတ်ဆွေ ဆိုတာ မပျက်ကောင်းဘူး။

**ရာဇကုမာရ် လိုလူ** ကျန်စစ်သားမင်းကြီးရဲ့သားတော် ရာဇကုမာရ်မင်းသားဟာ ကျန်စစ်သားမင်းကြီးရဲ့ကျေးဇူးကို သိတတ်တဲ့အတွက် သူဟာ ဘုရင်ဖြစ်မလာပေမယ့် သူ့ကျေးဇူးကို သိတတ်တဲ့ အတွက် သမိုင်းမှာ ကောင်းသောစာတင်ခံရသူ ဖြစ်တယ်။

လုံးတော် ဆရာတော်ကလည်း ဆရာသခင်၊ အရှင်နှစ်ပါး မိဘများကို မုန်းထားမာန်ပျက်၍ စိတ်ထွက်အောင် မပြုနှင့်၊ သူ့ကျေးဇူးကို အထူးသိလေ၊ ဆွေလာ မျိုးဝတ်လည်း ကျေလှစေ၊ အဆွေ မိတ်ကောင်းကို ရအောင် ရှာလို့ ဆိုပါတယ်။ ဒါကြောင့် သူပြုဖူးသောကျေးဇူးကို သိတတ်သူ ဖြစ်ရန်အတွက် ကျင့်သုံးကြစေလိုပါတယ်။

☆

## (၂၆)

## သူတော်ကောင်းတရား ကြားနာရခြင်း မင်္ဂလာ

**နှစ်ဆယ့်ခြောက်ပါးမြောက် မင်္ဂလာကတော့—**

သင့်တင့်လျောက်ပတ်တဲ့အခါ၌ သူတော်ကောင်းတရားကို နာကြားရခြင်းဟာ မင်္ဂလာဘဲလို့ ဗုဒ္ဓမြတ်စွာ ဘုရားသခင်က ဟောကြားတော်မူပါတယ်။ ပါဠိလိုကတော့ "ဓမ္မသဝန" ဖြစ်ပါတယ်။

**သူ့တော်ကောင်း တရားကြားနာခြင်း အကျိုး**

သဒ္ဓါတင့်လျှောက်ပတ်တဲ့အချိန်မှာတရားကို နာရခြင်း အကျိုးငါးပါး ရှိကြောင်းကို ပဥ္စကင်္ဂုတ္တရ ပဥ္စမပဏ္ဏာသက ကိမိလဝဂ် ဓမ္မဿဝနသုတ်မှာ (၁) မကြားဘူးသည်ကိုလည်း ကြားနာရတယ်၊ (၂) ကြားဖူးသည်ကိုလည်း စင်ကြယ်စေတယ်၊ (၂) ယုံမှားမှုရှိရင် လွန်မြောက် စေတယ်၊ (၄) အယူကိုဖြောင့်မှန်အောင်ပြုတတ်တယ်၊ (၅) စိတ်ကြည်လင်ခြင်းကို ဖြစ်စေတယ်။ ဘယ်လောက် စိတ် မကြည်မလင်ရှုးမလောက် အရှုးတစ်ပိုင်းဖြစ်နေပါစေ၊ ဗုဒ္ဓဘုရားရှင်ရဲ့ တရားကို နာရတဲ့အခါမှာ စိတ်ဟာကြည်လင်သွားပါတယ်။

**ပဋာစာရီ ဝတ္ထု**

ပဋာစာရီ ထေရီမ အကြောင်းကို ကြည့်ရင် သိနိုင်ပါတယ်။ ပဋာစာရီအကြောင်း လူတိုင်းလိုလို သိပြီးဖြစ်လို့ တိုတိုဘဲပြောပါမယ်။ မြတ်စွာဘုရားလက်ထက်တော်မှာ သာဝတ္ထိပြည်မှာ ကုဋေ့လေးဆယ်ချမ်းသာတဲ့ သူဌေးသမီး ဖြစ်တယ်၊ သမီးအချော အလှမို့ပြာသာဒ်မှာ အစောင့်တွေနှင့် ထားပေမယ့် ခိုင်းစေ ထားတဲ့ လူနှင့်ကြိုက်ပြီး လိုက်ပြေးသွားတယ်။

ယခုခေတ်မှာလည်း ဒီသဘောတွေ အများကြီးဘဲ တွေ့ရတယ်။ ရွာတစ်ရွာရောက်တော့ ယောကျ်ားကသယ်ထွန်၊ ထင်းခုတ်ရောင်း ခြေမွေးလက်မွေးမီးမလောင်နေခဲ့တဲ့ သူဌေး သမီးဟာ ကိုယ်တိုင် ဆန်စပါးထောင်း၊ ထမင်းချက်၊ ရေခပ် ပင်ပန်းစွာ လုပ်ရတယ်။

ဒါနှင့် ပထမကလေး မွေးမယ်ဆိုတော့ ပဋ္ဌာစာရီက အမေ အဖေတို့ထံ ပြန်ကြရအောင် ပြောပေမယ့် လင်က မပြန်ဝံ့တော့ လင် ထင်းခွေအသွား တိတ်တိတ် ပြန်ပြေးသွားတယ်။ ဒီမှာ စောင့်ရှောက်မယ့် လူကမရှိ၊ ဒုက္ခရောက်တော့ ခလုတ်ထိမှ အမိတတာ၊ လင်လည်း တောကပြန်ရောက် မယားမတွေ့တော့ အပြေးအလွှား လိုက်ခေါ်တယ်။ ခြုံတစ်ခုထဲမှာ ဆင်းရဲကြီးစွာ ကလေးမွေးရတယ်။ မွေးပြီးဖြစ်လို့ မပြန်တော့ဘဲ မူလရွာမှာ ပြန်နေကြပြန်တယ်။

ဒုတိယကလေး ကိုယ်ဝန်မွေးချိန်နီးပြန်တော့ ဒီလိုဘဲ ပြန်ရအောင် ပြောတယ်။ လင်က သဘောမတူ၊ တိတ်တိတ်ထွက်ပြေးပြန်တယ်၊ လင်က လိုက်လာခေါ်ရင်း အချိန်မဟုတ် မိုးကြီးကရွာ၊ ကမ္ဘာလေကလှုပ်၊ မိုးထဲလေထဲ ကလေးမွေးရတော့မယ်။ ဘယ်လောက် ဒုက္ခကြီးတယ်ဆိုတာ တွေးကြည့်၊ မိဘရဲ့ အရိပ်အာဝါသဟာ ဘယ်လောက် အေးချမ်းတယ်ဆိုတာ ဒီအခါမှာမှသိတယ်၊ မိုးလေလုံခြုံတဲ့နေရာလေး လုပ်ပေးပါ ဆိုတော့ မိုးမှောင် မည်းမည်းထဲမှာ လင်က တောင်ပို့တစ်ခုပေါ်က ချုံကိုခုတ်တဲ့အခါ မြွေကိုက်လို့ သေရှာတယ်၊

ပဋ္ဌာစာရီလည်း လင်ဖြစ်သူ လာနိုးလာနိုးမျှော်ရင်း ဒုက္ခကြီးစွာခံပြီး ဒုတိယကလေးကို မွေးရတယ်၊ ကလေးတွေကလည်း မိုးရေထဲ ချမ်းလို့ငို၊ မွေးပြီးစ သွေးနု သားနုနှင့် မိဘ မေတ္တာ ဘယ်လောက်ကြီးသလဲ၊ ကလေးနှစ်ယောက်ကို ဗိုက်အောက်မှာ ထား၊ မြေမှာ ဒူးထောက် ဝပ်ပြီး တစ်ညလုံး ဒုက္ခခံရတယ်၊ မိုးလင်းတော့ အငယ်လေးကို ချီ၊ အကြီးကလေးကို လက်ဆွဲပြီး လင်ကိုလိုက်ရှာတော့ တစ်ကိုယ်လုံးမည်းပြီးသေနေတဲ့ အလောင်း

ဘဲတွေ့တော့တယ်။တောကြီးထဲမှာ ဆက်နေဖို့ကလည်း မသင့်တော့လင့်အလောင်းကိုမခွဲရက်မခွာရက် ထားခဲ့ပြီးမိဘတွေဆီကို ဆက်လာခဲ့တဲ့အခါ ညကမိုးရွာထားလို့အစီရဝတီ မြစ်ဟာ ရေပြည့်နေတော့သား၊နှစ်ယောက်နှင့် တစ်ကြိမ်တည်းမကူးရဲတာနှင့် သားအကြီးကိုဒီဘက်ကမ်းမှာ ထားပြီးသားအငယ်ကို တစ်ဘက်ကမ်းပို့ကာ ဟိုမှာ သစ်ရွက်ခင်းပြီးသိပ်ထားခဲ့တယ်။

သားအကြီးဆီကိုပြန်အလာမှာသားအငယ်ကိုလည်းစိတ်မချ၊ သမင်လည်ပြန် လှည့်ကာလှည့်ကာ ကူးလာတာ မြစ်လယ်လည်း ရောက်ရော စွန်တစ်ကောင်က သားငယ်ကို သားထစ် မှတ်ပြီး သုတ်ဖို့ ထိုးဆင်းလာလို့ လက်နှစ်ဘက်တီးပြီး အော်ဟစ်ခြောက်လှန့်ပေမယ့် စွန်က ချီဖြစ်အောင် ချီသွားတယ်။

ဒီလို စွန်ကို လက်နှစ်ဘက်မြှောက်ပြီး လက်ခုတ်တီးခြောက်လှန့်တာကို ဒီဘက်ကမ်းမှာ နေခဲ့တဲ့ သားအကြီးကလေးကသူ့ကို ခေါ်တယ်ထင်လို့ ဆင်းလာတော့ မြစ်ထဲ မျောသွားပြန်တယ်၊ ပဋာစာရီမှာ သားငယ်နောက် လိုက်ရမလို၊ သားကြီးနောက် လိုက်ရမလို၊ ကြည့်လို့လဲ ဘယ်မှာမှ မမြင်ရတော့ အော်ဟစ်ငိုယိုရင်း သာဝတ္ထိကိုရောက်လာတယ်။

လမ်းမှာ လူတစ်ယောက်ကို မိမိအဘ သူဌေးကြီး အမည်ကိုပြောပြီး သတင်းမေးတဲ့အခါ မနေ့ညကတိုက်တဲ့ လေမုန်တိုင်းကြောင့် အိမ်ပြိုကျပြီး သူဌေးကြီးရော၊ သူဌေးကတော်ရော၊ သူဌေးသားရော အိမ်ပိလို့သေပြီ၊ အခုမြင်ရတဲ့ မီးခိုးဟာ သူတို့ကို သင်္ဂြိုဟ်တဲ့မီးခိုးဘဲလို့ ပြောတဲ့အခါ ငိုရလွန်းလို့ မျက်ရည်တောင် မကျန်တော့ဘဲ ကျောက်ရုပ်လို အကြာကြီး ငေးငိုင်ရပ်နေမိတာအဝတ်တွေလျှောကျတာလဲမသိ၊ မိမွေးတိုင်းဖမွေးတိုင်း

ဗလာကိုယ်တီးနှင့်ငိုကြွေးပြီး အရပ်ကိုလှည့်ပြေးတော့ လူတို့က ''အရူးမ၊ အရူးမ''လို့အော်ပြီး ကလေးတွေကလည်းကျောက်ခဲနှင့်ပစ်ကြတယ်၊ ဒီလို ပြေးရင်းနှင့် မြတ်စွာဘုရား တရားဟောတော်မူခိုက် ဇေတဝန် ကျောင်းတော်ကြီးကို ရောက်လာတယ်။

မြတ်စွာဘုရားကလည်းမြင်တော်မူတယ်။ အမှန်တော့ ''ပဋာစာရီဟာ ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်မှာ ဝိနည်းဆောင် ဘိက္ခုနီမတစ်ယောက်ကို ဘုရားသခင်က တေဒဂ်အရာထားသည်ကိုမြင်လို့ အားကျပြီး ယိုဆုမြတ်ကို တောင်းခဲ့ရာ၊ ပဒုမုတ္တရဘုရားရှင်ကလည်း ဗျာဒိတ်ထားတော်မူခဲ့တယ်၊ ဒါကို မြတ်စွာဘုရားက သိတော်မူလို့ မိဋ္ဌာန်တော်မူသည့် အတိုင်း ပဋာစာရီလည်း ဘုရားရှိရာသို့ ရှေးရှုလာတယ်။

ပရိသတ်က တားမြစ်တဲ့အခါ ဘုရားက မတားကြနှင့် မိန့်တော်မူပြီး ''နှမ၊ သတိကိုရပါစေလော'' မိန့်တော်မူတယ်။ မိန့်တော်မူသောခဏမှာဘဲ ဘုရားရှင်ရဲ့ တန်ခိုးတော်ကြောင့် သတိရရှာတယ်။ သတိရတဲ့အခါ အဝတ်ဗလာကြောင့်ရှက်ခြင်း ကြောက်ခြင်းဖြစ်လို့ ဆောင့်ကြောင့်ထိုင်နေတော့ အနားက ယောကျ်ားတစ်ယောက်က အပေါ်ရုံ ပုဆိုးကို ပစ်ပေးလိုက်တော့မှ ကောက်ယူဝတ်ပြီး ဘုရားသခင်ထံချည်းကပ်ပြီးထိခြင်းငါးပါးနှင့် ရှိခိုးတယ်။

ဒီလိုရှိခိုးတဲ့အခါ ထိခြင်းငါးပါးနှင့် ရှိခိုးမှ ပိုမို ရိုသေရာရောက်တယ်။ ပုဆစ်ဒူးနှစ်ဘက်နှင့် ဖြေအခင်းသည် ထိခြင်း ၂-ပါး၊ တထောင်နှစ်ဘက်နှင့် ပုဆစ်ဒူး ထိရခြင်း ၂-ပါး၊ လက်အုပ်နှင့် နဖူး ထိရခြင်း ၁-ပါး၊ ပေါင်း ၅-ပါးဖြစ်တယ်၊ ရှိခိုးတဲ့အခါ အဲဒီလို စနစ်တကျ ရှိခိုးရမယ်။

ပဋ္ဌာစာရီက အကြောင်းစုံလျှောက်ထားပြီး "အရှင်ဘုရားသည် တပည့်တော်မရဲ့ကိုးကွယ်ရာဖြစ်တော်မူပါ"လို့ နားတော်လျှောက်တယ်။ မြတ်စွာဘုရားက "ချစ်သမီး ရှည်ဝေးလှစွာ သံသရာမှာ ငိုကြွေးရတဲ့ မျက်ရည်တွေဟာ လေးစင်းကုန်သော သမုဒ္ဒရာရေထက်ပင် များလှသေးတယ်၊ ဘာကြောင့် မေ့လျော့နေသလဲ၊ သားသမီး မိဘဆွေမျိုးတို့ဟာ သေမင်းခေါ်ဆောင်ခံရသူရဲ့ ပုန်းအောင်းမှီခို ကိုးကွယ်ရာမဖြစ်နိုင်၊ သားသမီး မိဘဆွေမျိုးထင်ရှားရှိသော်လည်း ပုန်းအောင်းမှီခိုရာမဟုတ် သည်သာတည်း ပညာရှိတဲ့ သူဟာ မိမိရဲ့သီလကို စင်ကြယ် စေပြီး နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းကို ပြုစုပြင်ဆင် သုတ်သင်ရမယ်'လို့ဟောကြားတော်မူတဲ့အခါသောတာပန်ဖြစ်သွားတယ်။

ရဟန်းပြုခွင့်တောင်းလို့ ခွင့်ပြုတော်မူပြီးတဲ့နောက် တရားကျင့်နေစဉ် ရောင်ခြည်တော်လွှတ်ပြီး ' ပဋ္ဌာစာရီ ဒီလို အခြင်းအရာအားဖြင့် ခန္ဓာငါးပါးရဲ့ဖြစ်ပျက်ကို မဆင်ခြင်သူတို့အနှစ်တစ်ရာ အသက်ရှင်ရခြင်းထက် ဖြစ်ပျက် တရားကို ဆင်ခြင်ပြီး တစ်ရက် တစ်ခဏ အသက်ရှင်ရတာက မြတ်တယ်"လို့ ဟောကြားတော်မူတဲ့အခါ ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာမဖြစ်တယ်။ နောင်ဝိနည်းအရာမှာ ဧတဒဂ်ထားတော်မူတယ်၊ ဒါဟာတရားတော်နာရလို့ စိတ်ထားကြည်လင်သွားတဲ့အကျိုးဘဲ။

**အာဠဝက ဘီလူးဝတ္ထု**

အာဠဝီပြည်က အာဠဝက ဘီလူး*ဟာ ဆိုးရှင် အလွန် ရက်စက် ကြမ်းကြုတ်ပြီး မာနလည်း ခက်ထန်တယ်။ မြတ်စွာ ဘုရားရှင်ဟာ အာဠဝက ဘီလူးရဲ့ အကျွတ် တရား ရမှာကို

* ဇိနတ္ထပကာသနီ၊ စာ—၄၀၀—၄၁၅။

မြင်တော့ ဘီလူးမရှိခိုက် ဘီလူးရဲ့ဗိမာန်ထဲမှာ ဝင်ရောက်သီတင်းသုံးနေတယ်၊ ဘီလူးရဲ့ အခြံအရံတွေကိုလည်း တရားပြသတော်မူပါတယ်။

ဒီလိုမြတ်စွာဘုရား သူ့ဗိမာန်ထဲရောက်နေတယ်ကြားတော့ ဒေါသတကြီးနှင့် ပြန်လာပြီး ဘုရားကို လက်နက်အမျိုးမျိုးနှင့် ရန်ပြုတယ်၊ နောက်ဆုံး ဘွဲ့ဖြူလက်နက်နှင့်ပင်တိုက်ခိုက်တယ်၊ အာဠာဝကရဲ့ ဘွဲ့ဖြူပုဆိုးဟာ မြတ်စွာဘုရား ခြေတော်ရင်းကို ရောက်တဲ့အခါ ခြေသုတ်ပုဆိုးဖြစ်သွားတယ်။

နောက်ဆုံးမရတဲ့အခါ ပုစ္ဆာမေးမယ်၊မဖြေနိုင်ရင် မြတ်စွာဘုရားရဲ့ ခြေနှစ်ချောင်းကိုကိုင်ပြီး သမုဒ္ဒရာမဟာတံတိုင်း အပြင်ဘက်ကို ပစ်လိုက်မယ်တောင် ခြိမ်းခြောက်တယ်၊ အာဠာဝကရဲ့ မိဘများဟာ တရားစောင့်သူများဖြစ်လို့ တရားတစ်ဆယ့်သုံးပါးကို သင်ကြားပေးတယ်၊ အာဠာဝကက တရား လိုက်စားသူ မဟုတ်တော့ အဖြေကိုကြာတော့ မေ့သွားတယ်၊ ဒါကြောင့် ပုစ္ဆာ ၁၃ ချက်ရဲ့အဖြေကိုဖြေနိုင်ရင် ဖြေစမ်းလို့ မောက်မောက်မာမာဘဲ မေးတယ်။

**အာဠာဝကရဲ့အမေး ၁၃ ချက်**

(၁) ဒီကမ္ဘာလောကမှာ ယောကျ်ားရဲ့ မြတ်တဲ့ ဥစ္စာဟာ ဘာလဲ။

(၂) ကောင်းသော အလေ့ အကျင့်တွေ ထဲမှာ ဘယ်ကောင်းတဲ့ အလေ့အကျင့်ဟာ ချမ်းသာကို ဆောင်သလဲ။

(၃) အရသာတို့မှာ ဘယ်အရသာဟာ အလွန် ချိုမြိန်တဲ့ အရသာဖြစ်သလဲ။
(၄) အသက်မွေးမှုတို့မှာ ဘယ်လိုအသက်မွေးမှုဟာ မြတ်တဲ့အသက်မွေးမှု ဖြစ်သလဲ။
(၅) အဘယ်ဖြင့် သံသရာဝဲဩဃကို ကူးမြောက်နိုင်သလဲ။
(၆) အဘယ်ဖြင့် သံသရာပင်လယ်ကို ကူးမြောက်နိုင်သလဲ။
(၇) အဘယ်ဖြင့် ဆင်းရဲခြင်းကိုလွတ် မြောက်နိုင်သလဲ။
(၈) အဘယ်ဖြင့် ထက်ဝန်းကျင်ကို စင်ကြယ်စေနိုင်သလဲ။
(၉) အဘယ်အကြောင်းကြောင့် ပညာကိုရနိုင်သလဲ။
(၁၀) အဘယ်အကြောင်းကြောင့်ဥစ္စာပစ္စည်းကိုရနိုင်သလဲ။
(၁၁) အဘယ်အကြောင်းကြောင့် ကျော်စော ထင်ရှားခြင်းသို့ ရောက်နိုင်သလဲ။
(၁၂) အဘယ်ကြောင့် မိတ်ဆွေကို ဖွဲ့နိုင်သလဲ။
(၁၃) အဘယ်ကြောင့် နောက်ဘဝမှာ မစိုးရိမ်ရသလဲတို့ ဖြစ်ပါတယ်၊ မြတ်စွာဘုရားက အောက်ပါ အတိုင်း ဖြေဆိုတော်မူပါတယ်။

ဗုဒ္ဓဘုရားရှင်အဖြေ

(၁) ယောက်ျားရဲ့မြတ်တဲ့ဥစ္စာဟာ ယုံကြည်မှုသဒ္ဓါတရား ဖြစ်တယ်။
(၂) ကောင်းသော အလေ့အကျင့်မှာ ကုသိုလ်ကမ္မပထ တရားဟာ ချမ်းသာကိုဆောင်တယ်။
(၃) အရသာတို့မှာ မှန်ကန်စွာ ပြောဆိုခြင်း သစ္စာတရားဟာ အလွန်ချိုမြိန်တဲ့ အရသာဖြစ်တယ်။

(၄) အသက်မွေးမှုတို့မှာ ပညာဖြင့် အသက်မွေးခြင်းဟာ မြတ်သော အသက်မွေးမှုဖြစ်တယ်။
(၅) သံသရာဝဲသြဃကို ဘုရား၏တရားတော်၌ ယုံကြည်မှု သဒ္ဓါတရားဖြင့် လွတ်မြောက်နိုင်တယ်။
(၆) သံသရာပင်လယ်ကို မမေ့မလျော့သော အပ္ပမာဒ တရားဖြင့် ကူးမြောက်နိုင်တယ်၊
(၇) ဆင်းရဲခြင်းကို ထကြွလုံ့လရှိခြင်းဖြင့် လွတ်မြောက် နိုင်တယ်။
(၈) ပညာဖြင့် ထက်ဝန်းကျင်ကို စင်ကြယ် စေနိုင်တယ်။
(၉) ရဟန္တာပုဂ္ဂိုလ်တို့ရဲ နိဗ္ဗာန်ရောက်ကြောင်း တရားကို သုံးပြီး မမေ့မလျော့ဆင်ခြင်တဲ့ပညာရှိဟာကောင်း စွာ နာကြားသဖြင့် ပညာကိုရနိုင်တယ်။
(၁၀) သင့်လျော်သော အလုပ်ကိုလုပ်ပြီး တာဝန်ကို ကျေ ပွန်အောင် ထမ်းဆောင်သူဟာ ထကြွလုံ့လကြောင့် ဥစ္စာပစ္စည်းကို ရနိုင်တယ်။
(၁၁) မှန်ကန်စွာ ပြောဆိုခြင်းကြောင့် ကျော်စော ထင် ရှားခြင်းသို့ရောက်နိုင်တယ်။
(၁၂) ပေးကမ်းခြင်းဖြင့် မိတ်ဆွေကို ဖွဲ့နိုင်တယ်။

(၁၃) ယုံကြည်မှုသဒ္ဓါရှိတဲ့အိမ်ရဲ့ အစီးအပွားကို ရှာတတ် တဲ့သူဟာ မှန်ကန်ခြင်းသစ္စာ၊ လိမ္မာခြင်း ဓမ္မ၊ ကြိုးစားမှု ဓိတိ၊ စွန့်လွှတ်မှု စာဂ စတဲ့ တရားလေးပါးဖြင့် နောင်ဘဝကိုမစိုးရိမ် ရခြင်းဖြစ်တယ်လို့ ဟောတော်မူတဲ့အခါ အာဠဝကဘီလူးဟာ သရဏဂုံတည်ပြီး အကျွတ်တရား ရရှိတယ်။

ဒါကြောင့် သင့်တင့်လျောက်ပတ်တဲ့အခါ တရားနာရခြင်းဆည် မကြားဖူးသည်ကိုလည်း ကြားရ၊ ကြားဘူးသည်ကိုလည်း ပိုမိုစင်ကြယ်ရ၊ သံသယကိုလည်းပျောက်၊ အယူလည်းမှန်၊ စိတ်က ကြည်လင်ဆိုတဲ့အကျိုးထူးဟာ ရနိုင်တယ်ဆိုတာ သိနိုင်ပါတယ်။

ယခု အာဋ္ဌာဝက ဘီလူးကို မြတ်စွာဘုရားဟောတဲ့ တရားတော်ကို ကြည့်ရင်မင်္ဂလာတရား ၃၈ ပါးက အတော်များများ အကျုံးဝင်နေပါတယ်၊ ဒီအကျင့်တရားတွေကို ကျင့်ရင်မင်္ဂလာ ကျက်သရေဟာ ပြည့်စုံမှာပါဘဲ။ ဒါကြောင့် သူတော်ကောင်း တရားတွေကို အချိန်ရတိုင်း နာကြည့်ပါ။ ပျင်းဖွယ် မရှိပါဘူး၊ စိတ်ကြည်လင်မှုအကျိုးကတော့ အမှန်ရမှာပါဘဲ။

---

## (၂၇)
## သည်းခံခြင်း မင်္ဂလာ

**နှစ်ဆယ့်ခုနစ်ပါးမြောက် မင်္ဂလာကတော့—**

ခန္တီ၊ သည်းခံခြင်းဟာ မင်္ဂလာပါဘဲလို့ ဗုဒ္ဓမြတ်စွာဘုရားသခင်က ဟောကြားတော်မူပါတယ်။

ဒီနေရာမှာ အချို့ကသည်းခံရခြင်းလို့ ဖွင့်ဆိုပါတယ်။ဘဝင်မကျလှပါ၊ စာရေးသူအနေနှင့် သည်းခံခြင်းလို့ဘဲ အဓိပ္ပာယ်ပေါက်ပါတယ်၊ ဘာပြုလို့လည်းဆိုတော့ သည်းခံခြင်းနှင့်သည်းခံရခြင်းဟာ အဓိပ္ပာယ်မတူပါဘူး၊ ရည်ရွယ်ချက်ချင်းလည်း မတူပါဘူး၊ သည်းခံရခြင်းဆိုတာ မနိုင်လို့ သည်းခံ နေရခြင်း

အဓိပ္ပာယ်ပေါက်ပါတယ်၊ သည်းခံခြင်းဆိုတာက မိမိရဲ့အစဉ်ဒွာန် ရည်ရွယ်ချက်မပျက်ရန်အတွက် သည်းခံခြင်းဖြစ်ပါတယ်၊ မနိုင် လို့မဟုတ်ပါဘူး၊ နောက်တစ်ချက်က လူမိုက်နှင့် ဖက်ယှဉ်ခြင်း မပြုလို လို့လည်း ဖြစ်ပါတယ်။

**ဘူရိဒတ် နဂါးမင်း သည်းခံမှု** မဟာနိပါတ်တော်ဇာတ်(၁၀)တွင်လာရှိသည့် ဘူရိဒတ် နဂါးမင်းဟာ လူ့ပြည်ကို လာပြီး ဥပုသ် စောက်တည်တယ်၊ အလမ္ပာယ်ကဖမ်းပြီး ဖွပ်လိုဖွပ်၊ အစွယ်ကို ချိုးလိုချိုး နှိပ်စက်တယ်၊ သီလပျက်မှာစိုးလို့ သည်းခံတော်မူတယ်၊ မနိုင်လို့မဟုတ်ဘူး၊ တကယ်လို့များ ဒေါသထွက်လို့ မျက်စောင်းတစ်ချက်ထိုးလိုက် ရင် အလမ္ပာယ် ဖွဲ့ပြာကျသွားမှာ၊ ဒါကြောင့် သည်းခံခြင်းခန္တီကို လူတိုင်းကျင့်နိုင်ဖို့ ခဲယဉ်းတယ်၊ သီလ၊ သမာဓိ၊ ပညာ အခြေခံ ရှိမှ ကျင့်နိုင်တယ်။

**သည်းမခံခြင်း အပြစ်** သည်းမခံတတ်သူမှာ အပြစ်ငါးပါး ရောက်ရှိ နိုင်တယ်။ (၁) လူအများမုန်းတီးခြင်း၊ (၂) ရန်များခြင်း၊ (၃) အပြစ်များခြင်း၊ (၄) တွေ တွေဝေဝေသေရခြင်း၊ (၅) သေသော် အပါယ် ရောက်ခြင်းတို့ ဖြစ်ကြတယ်။ သည်းခံသူမှာ ဆန့်ကျင်ဘက် အကျိုးကိုရတယ်။ မြတ်စွာဘုရားဖြစ်ဖို့ ကျင့်တော်မူရာ ပါရမီ (၁၀)ပါးမှာလည်း ခန္တီပါရမီကို ထည့်သွင်းထားပါတယ်၊

လောကုတ္တရာရေးမှာသာမက လောကီရေးမှာလည်း နိုင်ငံ တော် လွတ်လပ်ရေးအတွက် စွန့်စားသူအာဇာနည်ပုဂ္ဂိုလ်များ ဟာ နယ်ချဲ့တွေ၊ ဖက်ဆစ်တွေအမျိုးမျိုး နှိပ်စက်ညှဉ်းပန်းသည်

ကို သည်းခံကြတယ်၊ ဒါဟာ ချရင် မနိုင်လို့မဟုတ်ဘူး၊ တစ်ဦးချင်းတော့ နိုင်မှာပါဘဲ၊ ဒါပေမယ့် တစ်ဦးနိုင်ရုံဖြင့် လွတ်လပ်ရေးဆိုတဲ့ရည်ရွယ်ချက်အောင်မြင်မှာမဟုတ်တဲ့အတွက် တစ်မျိုးသားလုံး အောင်နိုင်မှုရဖို့အချိန်ကို စောင့်သည်းခံခြင်းဘဲ၊ ဒီလိုလွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့တဲ့ ခေါင်းဆောင်ကြီး၊ အာဇာနည်များအပေါ် ဆရာစောင့်သိပြီး မိမိအမျိုးသားကြီးပွားဖို့၊ မိမိနိုင်ငံကြီးပွားဖို့အတွက် သည်းခံပြီး အလုပ်လုပ်ကြရမှာ ဖြစ်ပါတယ်။

**အိမ်ရှင်မ ဝေဒေဟိကာ**

သည်းခံနိုင်တယ်ဆိုတာ သီလ၊ သမာဓိ၊ ပညာအခြေခံရှိမှလို့ စောစောက ပြောခဲ့ပါတယ်၊ ဒီလိုအခြေခံမရှိတော့ ဟန်ဆောင်သည်းခံမှုဟာ ခဏဘဲ ဖြစ်ပါတယ်။ လွန်လေပြီးသောအခါ သာဝတ္ထိပြည်မှာ ဝေဒေဟိကာ ဆိုတဲ့ အိမ်ရှင်မတစ်ယောက်ရှိတယ်၊ နှိမ့်ချတတ်တယ်၊ နူးညံ့သိမ်မွေ့တယ်၊ ငြိမ်ငြိမ်သက်သက်ရှိတယ်လို့ ကျော်စောသတင်းရှိတယ်။

ဝေဒေဟိကာမှာ လိမ္မာတဲ့ ကျွန်မ တစ်ယောက် ရှိတယ်၊ ကာလီလို့ခေါ်တယ်၊ ကာလီဟာ ငါ့အရှင်မဟာ တကယ်ဘဲသည်းခံသလား၊ ဟန်ဆောင်သည်းခံသလားဆိုဘာကို သိလိုတဲ့အတွက် တစ်နေ့ နေမြင့်အောင်အိပ်တယ်၊ ဝေဒေဟိကာက ''နေမကောင်းဘူးလား'' လို့ မေးတဲ့အခါ ''နေကောင်းပါတယ်'' ဖြေတော့ အမျက်ထွက်ပြီး မျက်မှောင်ချီတယ်၊

ဒီတော့ ကာလီဟာ ''ငါ့အရှင်မဟာ ကိုယ်တွင်းမှာ အမျက်ဒေါသမရှိမဟုတ်၊ ရှိတာဘဲ၊ ဒါကြောင့် ဒီထက်ပိုစုံစမ်းရမယ်''

လို့ကြံပြီး နောက်တစ်နေ့မှာ အလှန်နေမြင့်မှထတယ်၊ဒီအခါမှာ ဝေဒေဟိကာဟာ သိပ်ဒေါသထွက်ပြီး တံခါးကျည်နှင့်ကာလီ ရဲ့ခေါင်းကိုရိုက်တယ်၊ကာလီဟာ သွေးယိုစီးတဲ့ခေါင်းနှင့် ထွက် ပြီး အိမ်နားပါးနီးတွေကို"ကြည့်ကြပါဦး နူးညံ့တဲ့အိမ်ရှင်မကို ကြည့်ပါဦး"လို့ ဆိုတဲ့အခါ နောင်အခါဟာ ဝေဒေဟိကာရဲ့ မကောင်းသတင်း ကျော်စောခြင်းဖြစ်ပါတယ်။

ဒါကြောင့်ဗုဒ္ဓမြတ်စွာဘုရားရှင်က "ဤသို့အကြင်မျှလောက် သော ကျေးဇူးရှိသည်ရှိကုန်၏။ထိုကျေးဇူးတို့ထက် နှစ်ဆတက် ဖြစ်ကုန်သော ဒေါသတို့ဖြစ်ကုန်၏။ ကျေးဇူးတို့မည်သည်ကား ဖြည်းညှင်းစွာသာလာကုန်၏။ အပြစ်တို့သည်ကား ရုတ်တရက် လျှင်နှံ့ကုန်၏+လို့ဟောတော်မူပါတယ်၊လောကနီတိမှာလည်း ✖"လောကဥ်အမျက်ကိုဖျောက်နိုင်မူကား တစ်ရံတဆစ်မျှလျှင် မစိုးရိမ်ရ၊သူ့ကျေးဇူးကိုဆိုအပ်သောသူကို ဘုရား အစရှိသော သူတော်ကောင်းတို့သည် ချီးမွမ်းကုန်၏။ပေ်သိမ်းကုန်သောသူ တို့၏ကြမ်းကြုတ်သောစကားကိုသည်းခံကုန်လော့၊ဤသို့သော သည်းခံခြင်းကိုမြတ်၏ဟူ၍ ဘုရားစသော သူတော် တို့သည်ဆို ကုန်၏"လို့ လာရှိပါတယ်။

သည်းမခံနိုင်ခြင်းရဲ့အပြစ်ကို လက်တွေ့ပြောရရင် အမှုတစ်ခု တွေ့ရဘူးတယ်၊သူငယ်ချင်းနှစ်ယောက် ညအရက်တိုက်ခိုင်းပြီး မူးလာတော့ တစ်ယောက်က ပါးရိုက်တယ်၊ မနက်တွေ့တော့ "မင်းကွာ၊ညက ငါ့ကအရက် လည်း တိုက်ရသေး၊ငါ့ပါးလည်း

---

ဆီမီးစာပေ + မြန်မာ့ဆယ်ဆောင်တွဲ၊ စာ—၁၃၆၊၁၃၇၊
ဒုတိယ အကြိမ် ✖ မလင်္ဂလဋ္ဌဒီပနီ(တ၊ စာ—၁၅၉၊

ရိုက်သွားသေး၊ ကောင်းလား” မေးတော့ ရိုက်တဲ့လူမိုက်က “ရိုက်တော့ မင်းက ဘာလုပ်ချင်လို့လည်း” ဆိုပြီး ထပ်ရိုက်တယ်၊ ဒီတော့ သည်းမခံနိုင်တော့ဘူး၊ ပါလာတဲ့ ကြက်သွန်လှီးတဲ့ဓားနှင့် ပြန်ထိုးလိုက်တာရိုက်တဲ့လူမိုက်သေသွားတယ်။ ဒီသူငယ်ချင်းလည်း လူသတ်မှုနှင့် တရားရုံးရောက်ပြီး အထိုက်အား လျော်က်အပြစ်ကျရတယ်၊ ဒါဟာ သည်းမခံနိုင်တဲ့အပြစ်ဘဲ။

တကယ်လို့ ဒီနေရာမှာ ဓားနှင့်ပြန်မထိုးဘဲနှင့် သည်းခံပြီး ရဲစခန်းကို သွားတိုင်ရင် သူ့ဘာမှ ဖြစ်မှာ မဟုတ်ဘူး၊ သေသူ ထောင်ကျမှာ၊ ခုတော့ သည်းမခံနိုင်တော့ တစ်ဘက်လူလည်း သေ၊ သူလည်း ထောင်ကျဖြစ်တယ်၊ ဒါကြောင့် သည်းမခံခြင်းဟာ လောကုတ္တရာမှရော၊လောကီမှာရော ဘာမျှအကျိုးမရှိဘူး တိုးတက်ကြီးပွားလိုတဲ့အမျိုးကောင်းသားသမီးတို့ဟာသည်းခံခြင်း မင်္ဂလာ တရားတော်ကို လက်ကိုင်ပြုရင် အကောင်းဆုံး၊ အမှန်ဆုံးပါဘဲ။

## (၂၈)

## သူတော်ကောင်းတို့ ဆုံးမစကား နာလွယ်ခြင်း မင်္ဂလာ

နှစ်ဆယ့်ရှစ်ပါးမြောက် မင်္ဂလာကတော့—

သောဝစဿတာ သူတော်ကောင်းတို့ ဆိုဆုံးမစကားကို နာလွယ်သူ၏ အဖြစ်တို့သည်သည် မင်္ဂလာဘဲလို့ ဗုဒ္ဓမြတ်စွာ ဘုရားသခင်က ဟောတော်မူပါတယ်။

ဒီလို ဆိုဆုံးမကို နာလွယ်တဲ့ လူမျိုးကိုလည်း ရခဲပါတယ်။ လူ့ရဲ့သဘောမှာ ဘယ်သူ့မှဆုံးမမခံချင်ဘူး၊ ဆရာလုပ်မခံချင်ဘူး ဆိုတဲ့ စိတ်ခံတတ်မာန ရှိတယ်။ ဒီမာနဟာလွဲတဲ့မာန ဖြစ်တယ်၊ အကျိုးရှိတဲ့ မာနမဟုတ်ဘူး ဆုံးမနိုင် ဆိုနိုင် ခက်ခဲတယ် ဆိုတဲ့ စကားဟာ ဒီလိုလူမျိုးတွေကြောင့် ဖြစ်တဲ့ စကားဘဲ၊ ဆိုဆုံးမ နာလွယ်သူရဲ့အဖြစ်ဟာ ဘာကြောင့် မင်္ဂလာ ဖြစ်သလဲ ဆိုရင် မင်္ဂဖိုလ်နိဗ္ဗာန်ရကြောင်းနီးစပ်တဲ့အတွက်မင်္ဂလာဖြစ်တယ်။

**ဆုံးမနာလွယ်တဲ့ အရှင်အင်္ဂုလိမာလ**

အင်္ဂုလိမာလ * ကိုကြည့်မယ်ဆိုရင်ဆိုဆုံးမ လွယ်တဲ့အတွက် ရဟန္တာအဖြစ်ကို ရရှိတော်မူတယ်။ အင်္ဂုလိမာလရဲ့အမည်ရင်းက အဟိံသကာ ဖြစ်တယ်။ ပသေနဒီကောသလမင်းကြီးရဲ့ မင်းဆရာရဲ့သား၊ သူ့မွေးတုန်းက တစ်နိုင်ငံလုံး လက်နက်တွေ အလျှံပြောင်ပြောင်ထွက်လို့ ဖခင်မင်းဆရာပုဏ္ဏားက စောရနက္ခတ်နှင့် ယှဉ်ပြီး မွေးတယ်ဆိုပြီး မင်းကိုအပ်ပြီးသတ်ပါလို့ ဆိုတယ်၊ မင်းကြီးက "အများနှင့်ဆိုးမလား၊ တစ်ယောက်တည်း ဆိုးမလား" မေးရာ "တစ်ယောက်တည်း ဆိုးမယ်" ဆိုတော့ မသတ်စေနှင့်၊ ကောင်းစွာမွေးပါဆိုတယ်။

အရွယ်ရောက်တော့ တက္ကသိုလ်မှာ ပညာ သင်တယ်၊ ပညာ ထက်မြက်တော့ ဆရာကြီး ကလည်း သိပ် ချစ်တယ်၊ ဒီတော့ တခြားတပည့်တွေက မနာလိုဘူး၊ ဆရာကြီး မယားကလည်း ချစ်တယ်၊ ဒီတော့ ဆရာကြီးမယားနှင့် အဟိံသက ပြစ်မှားတယ်လို့ ကုန်းတိုက်ဖန်များတော့ ဆရာကြီးလည်း ယုံပြီးတော့

---

* ခေတ်မီဓမ္မပဒ (ဆနီးညွန့်ဦး-ဦးလှခင်) (စ–တွဲ) ၈၁-၂၄-၂၇၊

တစ်ခြားလူသတ်လို့ သေအောင် ဥပါယ်နှင့် "အဟိံသကာ လူ့လက်ညှိုးတစ်ထောင်နှင့် ငါ့ပူဇော်ရမယ်" ဆိုတယ်။

အဟိံသကက "ကျွန်ုပ်တို့အမျိုးဟာ သူတစ်ပါးကို သတ်ဖြတ်ညှဉ်းဆဲမှုမရှိပါ၊မလုပ်နိုင်ပါ" ငြင်းတယ်။ "ဆရာက ပညာအတွက် မပူဇော်ရင် အကျိုးမပေးနိုင်" ပြောတဲ့အတွက် လက်ညှိုးတွေရဖို့ တောအုပ်ထဲကို သွားတယ်

တွေ့သမျှလူသတ်၊ လက်ညှိုးတွေစုထားသော်လည်းပျောက်ကုန်လို့ မပျောက်အောင်ကြိုးနှင့်သီပြီး လည်ပင်းမှာ ဆွဲထားလို့ အင်္ဂုလိမာလ အမည်ရတယ်၊ အဓိပ္ပာယ်ကတော့ "လက်ညှိုးပန်း" ပေါ့။

အမှန်ကတော့ အင်္ဂုလိမာလဟာ ဆိုးချင်လို့ဆိုးတာ မဟုတ်ဘူး၊ လူမိုက် မဟုတ်ဘူး၊ ဆရာကို ပူဇော် ချင်လွန်းလို့ လူဆိုးဖြစ်နေတာ၊ ဒါကြောင့် လူမိုက်ကိုမပေါင်းရ ပြောတာ၊ပညာတတ်တာနှင့်မိုက်တာဟာ တစ်ခြားစီ၊ ဆရာကြီးဟာ ပညာတတ် လူမိုက်၊ ဒီလိုလူဆိမှာ တပည့်ဖြစ် လို့ အင်္ဂုလိမာလဟာ လူသတ်သမား ဖြစ်ရတာ။

ဒီလို လူသတ်သမား ဖြစ်တော့ ပြည်သူတွေက ဘုရင်ကို ဟစ်တိုင်ကအောင်တယ်၊ ဘုရင်က စစ်တပ်နှင့်ထွက်ပြီး ဖမ်းတော့မယ်ဆိုတာသိတော့ မိဘရဲ့မေတ္တာ အမေဖြစ်တဲ့မန္တာဏီ ပုဏ္ဏေးမဟာ သားကိုခေါ်ဖို့ တိတ်တိတ်တောထဲကို သွားတယ်။

ဒီအခါမှာအင်္ဂုလိမာလကလည်း လက်ညှိုးတစ်ထောင်ပြည့်ဖို့ တစ်ချောင်းထဲလိုတော့တယ်၊ ဒီတော့အမေကို အမေမှန်း မသိ သတ်ဖို့လိုက်တယ်၊ မြတ်စွာဘုရားရှင်ကလည်း ဒီအကြောင်း သိတော်မူလို့ကြွတော်မူလာပြီး အမေနှင့်အင်္ဂုလိမာလကြားမှာ

ရပ်တော်မူတယ်၊ ဗီရဟာနီးကိုဘဲ သတ်တော့မယ်ဆိုပြီး ဘုရားရှင်ကို သတ်ဖို့လိုက်တယ်။

ဒီလို လိုက်တဲ့အခါမှာ ဘုရားရှင်က ရှေ့မှာ တလင်းပြင်ကို ပြုပြီး ဘုရားရှင်ကအလယ်၊ အင်္ဂုလိမာလက အစွန်ဖြစ်စေတယ်၊ အားရှိသလောက် ပြေးလိုက်ပြန်တဲ့အခါ ဘုရားရှင်က အဆုံး၊ အင်္ဂုလိမာလက အလယ်ဖြစ်စေပြန်တယ်၊ အားသွန် လိုက်ပြန်တဲ့အခါ ဘုရားရှင်က ရှေ့မှမြောင်းကို ပြတော်မူတယ်၊ ဒီလိုနှင့် သုံးယူဇနာ(တစ်ယူဇနာဟာ ဆယ့်သုံးမိုင်လောက်ရှိတယ်)အထိ ခေါ်ဆောင်တော်မူသွားတယ်။

အင်္ဂုလိမာလဟာ မောလွန်းလို့ ချွေးဖြိုင်ဖြိုင်ကျတယ်၊ အာခေါင်တွေခြောက်ကုန်တယ်၊ ရှေ့ကမြင်ရတဲ့ ရဟန်း ကြီးကို အံ့သြလည်း အံ့သြတယ်၊ "အို...ရဟန်းကြီး ရပ်ပါဦး" လို့ ပြောတယ်၊ ဘုရားရှင်က "ငါကား ရပ်တယ်၊ သင်သာ မရပ်ခြင်းဖြစ်တယ်" လို့ ဖြေတော်မူတယ်။ အင်္ဂုလိမာလလည်း "ဒီစကားဆန်းတယ်၊ ငါက ရပ်နှင့်လျက် မရပ်ဘူး၊ သူက သွားနှင့်လျက်ရပ်တယ် ပြောတယ် မေးဦးမယ်"ကြံပြီး "ဘာကြောင့်သည်လိုပြောရသလဲ" မေးတယ်။

ဘုရားရှင်က "ချစ်သား၊ ငါဟာ သတ္တဝါတို့ကို သတ်ဖြတ်ခြင်းဆိုတဲ့ဒဏ်ကို ပယ်ပြီး ချစ်ခြင်း၊ သနားခြင်း၊ ပညာဖြင့် ဆင်ခြင်ခြင်း မညှဉ်းဆဲခြင်း ဆိုတဲ့ သာရဏီယ တရားတို့မှာ တည်တယ်၊ သင့်မှာ သတ္တဝါတွေကိုသတ်ပြီး ချစ်ခြင်း၊ သနားခြင်း မရှိ၊ ညှဉ်းဆဲပုတ်ခတ်၍ သင့်မှာ သာရဏီယအကျင့်သည်မတည်ပေ။ ဒါကြောင့် သင်ဟာ မရပ်တဲ့သူဖြစ်တယ်လို့ ငါဆိုတယ်" လို့ မိန့်တော်မူတယ်။

ဒီတော့ အင်္ဂုလိမာလဟာ ဆုံးမနာလွယ်တဲ့သူဖြစ်တဲ့အကွက်ဆင်ခြင်တယ်၊ "ဒီရဟန်းဟာ ရဲရင့်တည်ကြည်တယ်၊ ကြီးကျယ်သော ကြုံးဝါးခြင်းကိုလည်း ပြုတယ်။ ရဟန်းမင်း စင်စစ်ဘုရားဘဲဖြစ်ရမယ်၊ ငါဟာ ဘုရားရှင်ကိုဖူးရပေပြီ၊ ငါ့ကိုကယ်တင်ဖို့ကြွလာတာဖြစ်လိမ့်မယ်" တွေးတောပြီး ဘုရားရှင်ထံချဉ်းကပ်ပြီး ရဟန်းအဖြစ်ကိုတောင်းတယ်။

မြတ်စွာဘုရားက ဧဟိဘိက္ခု(ရဟန်းလာလှည့်)လို့ ခေါ်တော်မူလိုက်တာနှင့် ရဟန်းအဖြစ်ကို ရောက်တယ်၊ ဒီလို ဧဟိဘိက္ခုခေါ်တယ်ဆိုတာ ရဟန်းတိုင်းကို ခေါ်တာမဟုတ်ဘူး၊ ကျင့်ပြီးမှ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာရယ်လို့ ဖြစ်ကြရတာမျိုးတယ်၊ အင်္ဂုလိမာလမထေရ်ကတော့ ဧဟိဘိက္ခုနှင့် ရဟန္တာဖြစ်တယ်။

ဒါဟာ ဆိုဆုံးမလွယ်သူရဲ့အကျိုးဘဲ၊ ဆုံးမ မနိုင် ဆိုနိုင်ခက်တဲ့ ဒေဝဒတ်ဟာ ငရဲကိုသွားရတယ်။ သူသွားရုံသာမကသူများတွေကိုလည်း ဒေဝဒတ်ဟာ ခေါ်သွားသေးတယ်။ ဒါကြောင့် သူမိုက်ကိုရှောင်၊ ပညာရှိကိုပေါင်း၊ သူတော်ကောင်းတွေရဲ့ အဆုံးအမကို နာလွယ်သူဟာမင်္ဂလာနှင့်ပြည့်စုံတယ်ဆိုတာပါဘဲ။

(၂၉)

## ရဟန်း ပညာရှိတို့အားဖူးမျှော်ရခြင်း မင်္ဂလာ

**နှစ်ဆယ့်ကိုးပါးမြောက်မင်္ဂလာကတော့—**

သမဏာဒဿန။ ရဟန်းပညာရှိတို့အား ဖူးမြော်ရခြင်းသည်လည်းမင်္ဂလာပါဘဲလို့ဗုဒ္ဓမြတ်စွာဘုရားရှင်ကဟောကြားတော်မူ

တယ်၊ ဒီနေရာမှာ အများအားဖြင့်ရဟန်းပုဏ္ဏားတို့အားပူးမြှော်ရခြင်းလို့ဖွင့်ဆိုကြတာများပါတယ်။ စာရေးသူအနေဖြင့်ပုဏ္ဏားကိုပယ်လိုပါတယ်၊ ဘာကြောင့်လည်းဆိုတော့လောကနီတိမှာနီတိကျမ်းတွေဟာအများအားဖြင့်အိန္ဒိယတိုင်းကလာတာများပါတယ်၊ လောကနီတိကျမ်းကတော့ စတုရင်္ဂဗလအမတ်ကြီး+စီရင်တဲ့အတွက် မြန်မာ့နီတိကျမ်းစစ်စစ် ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

ဟိုမှာက ပုဏ္ဏားတွေဟာကြီးစိုးကြတယ်၊ အမျိုးလေးပါးထဲမှာ ပုဏ္ဏားဟာ အမြတ်ဆုံးလို့ ခံယူကြတယ်၊ အမှန်တော့ပုဏ္ဏားတွေ ခေါင်းပုံဖြတ်စားနိုင်အောင် ရေးထားတဲ့ကျမ်းမျိုးတွေက များတယ်၊ စာဏကျနီတိလို ကျမ်းမျိုးက ရှားတယ်။

**ပုဏ္ဏားဟူသည်** ဒါကြောင့် လောကနီတိ၊ ဗာလဒုဇ္ဇနကဏ္ဍ၊ ပုဒ်ရေ ၇၃+မှာ 'အိမ်၌ဖျက်ဆီးတတ်သည်ကား ကြွက်တည်း၊ တော၌ ဖျက်ဆီးတတ်သည်ကား မျောက်တည်း၊ ငှက်၌ ဖျက်ဆီးတတ်သည်ကား ကျီးတည်း၊ လူ၌ ဖျက်ဆီးတတ်သည်ကား ပုဏ္ဏားတည်း' လို့ပြဆိုတဲ့အတွက် ပုဏ္ဏားကို ချန်လှပ်ထားခဲ့ခြင်းဖြစ်ပါတယ်။ ဇာတ်တော်ငါးရာ့ငါးဆယ်မှာ ကြည့်ရင် ကေဝဋ္ဋပုဏ္ဏား၊ စူဠကာပုဏ္ဏား၊ ဝေဿကာရပုဏ္ဏား စသည်ဖြင့် မကောင်းတဲ့ ပုဏ္ဏား တွေဟာ များတာကိုတွေ့နိုင်ပါတယ်။

သမဏဗြာဟ္မဏ်ဒဿနရဲ့ အဓိပ္ပာယ်မှာ ✻ ငြိမ်းပြီးသောကိလေသာရှိကုန်သော ပွားစေအပ်သော ကာယ၊ သီလ ပညာရှိကုန်သော

---

✻ မြန်မာ့ဆယ်စောင်တွဲ၊ စာ–၁၄၂၊
+ မင်္ဂလတ္ထဒီပနီ(တ)၊ စာ–၆၃၊

မြတ်သောကျေးဇူးနှင့် ပြည့်စုံကုန်သော ရဟန်းတို့အား ဆည်းကပ်ခြင်း၊ လုပ်ကျွေးခြင်း၊ အောက်မေ့ခြင်း၊ နားထောင်ခြင်း၊ ဖူးမြင်ခြင်းဟာ သမဏဒဿနမည်ပါတယ်၊ ဆည်းကပ်ခြင်းအစရှိတဲ့ အလုံးစုံကိုလည်း တင့်တယ်ခြင်းနှင့် ယှဉ်တဲ့ ဒေသနာအားဖြင့် ဒဿနလို့ ဟောတော်မူတယ်။

ဒီမင်္ဂလာရဲ့ ကျေးဇူးဟာ များလှ ကြောင်းလည်း ဟောတော်မူပါတယ်။ အရှင်သာရိပုတ္တရာဟာ အရှင်အဿဇိထံကို ဖူးမျှော်ရပြီး တစ်ပိုဒ် တစ်ဂါထာမျှ နာကြားရရုံနှင့်သောတာပန်ဖြစ်ပါတယ်၊ ဟောတော်မူတဲ့ တရားဟာ တိုတိုကလေးဘဲ။

**အရှင်အဿဇိရဲ့ တရားတော်**

"ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတောအာဟ၊ တေသဉ္စ ယောနိရောဓော၊ ဧဝံ ဝါဒီမဟာသမဏော။ အဓိပ္ပာယ်ကို ကျီးသဲလေးထပ်ဆရာတော်က ဖွင့်ဆိုတော်မူရာမှာ×ယေဓမ္မာ။ အကြွင်ဇာတိဇရာ ဗျာဓိ မရဏအစရှိသော ဒုက္ခသစ္စာတရားတို့သည်၊ ဟေတုပ္ပဘဝါ။ တဏှာဟူသောသမုဒယသစ္စာသာလျှင် အမှန်ရှိကုန်၏၊ တေသံ။ ထိုဒုက္ခသမုဒယသစ္စာနှစ်ပါးတို့၏ ဟေတု ဖြစ်ရာဖြစ်ကြောင်း ချုပ်ရာ ချုပ်ကြောင်းဖြစ်သော မဂ္ဂသစ္စာကိုလည်း၊ တထာဂတော။ ငါတို့ဆရာ ဘုရားမြတ်စွာသည်၊ အာဟ။ ဟောတော်မူ၏၊ တေသဉ္စ။ ထိုအလုံးစုံသောတရားတို့ဝယ်လည်း၊ နိရောဓော။ ချုပ်ရာကောန်နိဗ္ဗာန်တရားကို၊ အာဟ။ ဟောတော်မူ၏၊ မဟာသမဏော။

+ ပြည်သူချစ်တဲ့ အနော်ရထာ၊ စန်းသမိန်၊ စာ—၁၉၂၊

ရဟန်းမြတ်စွာ တို့ဆရာသည်၊ ဧ၀ံ ဒါ။ ဤသို့အယူတော်ရှိ၏။ ဤသို့ပြောဆိုတော်မူလေ့ရှိ၏’’ဘဲ ဖြစ်ပါတယ်။

ဒီတရားနှင့်တင်ဘဲ အရှင်သာရိပုတ္တရာဟာ သောတာပန်ဖြစ်ပြီး နောင် တေဒဂ်ရပညာအရာတွင် အကြီးဆုံး လကျာ်တော်ရံ ဖြစ်တော်မူလာပါတယ်၊ ဒါဟာ အရှင်အဿဇိဆိုတဲ့ ရဟန်းတော်ကို ဖူးမြော်ရခြင်းရဲ့အကျိုး၊ အရှင်အဿဇိကို ကျေးဇူးတင်လွန်းလို့ အရှင်ရှိရာအရပ်ကို ရှိခိုးပြီးမှ ကျိန်းစက်တော်မူလေ့ရှိတယ်။

ဒီလို ရဟန်းတော်များကို ဖူးမြော်ရခြင်းဟာ အကျိုးများတဲ့အတွက် လောကနီတိမှာ * သုတနှင့် ပြည့်စုံသော ပညာရှိသည် အကြင်အရပ်၌ ရှိ၏ဟူ၍အကယ်၍ကြားငြားအံ့။ ထိုအရပ်သို့ သုတကို ရှာသော အမျိုးကောင်းသားသည် သည်းစွာအားထုတ်သဖြင့် သွားရာသာလျှင်ကတည်းလို့ ပြဆိုပါတယ်။

ဆက်လက်ပြီး လောကနီတိမှာဘဲ * ‘သစ်ပင်၏ အရိပ်သည် ချမ်းသာ၏၊ ထိုသစ်ပင်ရိပ် ချမ်းသာသည်ထက် ဆွေမျိုးမိဘ၏ အရိပ်သည် ချမ်းသာ၏၊ထိုဆွေမျိုးမိဘ၏အရိပ် ချမ်းသာသည်ထက် ဆရာသမားတို့၏အရိပ်သည် ချမ်းသာ၏၊ ထိုဆရာသမားကို၏အရိပ် ချမ်းသာသည်ထက် မင်း၏အရိပ်သည် ချမ်းသာ၏။ ထိုမင်း၏အရိပ် ချမ်းသာသည်ထက် မြတ်စွာဘုရား၏ အရိပ်ဟုဆိုအပ်သော တရားတော်သည် များစွာသော အပြားအားဖြင့် ချမ်းသာ၏’လို့ ဆက်လက်ထားပါတယ်။

---

* မြန်မာ့ဆယ်စောင်တွဲ၊ ၈၁-၁၀၉၊+၈၁-၁၃၄၊

**ရဟန်းမြတ်တရား နာရတဲ့အခန့်ရသော မင်းဝေ**

ဒီနေတော့ အေးချမ်းတဲ့ တရားတော်ကိုရဟန်းတော်များက ပြသနိုင်ပါတယ်။ ဘုန်းကြီးကျောင်းနားနီးလို့ ကြေးစည်သံ ကြားရရင်ဘဲ စိတ်ဟာ လောက် ကြည်လင်သွားသလဲ၊ ချမ်းသာသွားသလဲ၊ ဘုန်းတော်ကြီးကျောင်းရဲ့ အကျိုးတွေကို ရှေးစောစောက ပြောခဲ့ပြီးဖြစ်ပါတယ်။

စာရေးသူတို့နိုင်ငံတော်မှာ ဗုဒ္ဓသာသနာတော် နေလိုသလိုထွန်းလင်းနေခြင်းဟာ ခန္ဓာဝန်ရှိသောမင်းဝေအနေဖြင့်ရဟန္တာမြတ်အရှင်အရဟန်းကို ဖူးမြော်ရတဲ့အတွက် ဗုဒ္ဓဘာသာ အစစ်အမှန်ဖြစ်လာတယ်၊ သာသနာတော်ကိုလည်း ချီးမြှောက်ပြုစုနိုင်တယ်၊ ဒါကြောင့် ခင်ပွန်းကြီးဆယ်ပါးထဲမှာ ရဟန်းမင်း ဖြစ်တော်မူတဲ့ ဗုဒ္ဓမြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အဂ္ဂသာဝက၊ ဆရာမြတ်နှင့် ကောင်းကျိုးရရေးအတွက် တရားဟောပြနိုင်တဲ့ ဓမ္မကထိကတို့ကိုဘည့်ထားခြင်း ဖြစ်ပါတယ်။

သမဏာနသမဏော၊ ဂေါဏာနဂေါဏောလို့ ဆိုတဲ့စကားရဟန်းသမဏောများထံ ဆည်းကပ်ဖူးမြော်ရသူဟာ လိမ္မာယဉ်ကျေးပြီး ကျက်သရေ မင်္ဂလာရှိမယ်ဆိုတာ အာမခံပါတယ်။

☆

(၃၀)

## တရားစကား ဆွေးနွေးရခြင်းမင်္ဂလာ

**အပါးသုံးဆယ်မြောက် မင်္ဂလာကတော့-**

ဓမ္မသာကစ္ဆာမင်္ဂလ။ သင့်တင့်လျောက်ပတ်သောအခါ၌ တရားစာပေဆွေးနွေးမေးမြန်းရခြင်းသည်လည်းမင်္ဂလာ ဖြစ်တယ်

လို့ ဗုဒ္ဓရှင်တော်မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။ ဒီလို ဆွေးနွေးခြင်းအားဖြင့် ယုံမှားသံသယစိတ်ရှိခြင်း၊ တွန့်ခြင်း၊ ပျံ့လွင့်ခြင်း၊ နှိပ်စက်ခြင်းအစရှိတဲ့စိတ်တွေဟာ ပပျောက်နိုင်တယ်၊ အမေးအဖြေပြုခြင်းဖြင့် သံသယဝိစိကိစ္ဆာ ကင်းကွာပြီး မဂ်ဖိုလ်နိဗ္ဗာန်အထိ အကျိုးတရား ရရှိနိုင်ပါတယ်၊ အပူမီးတောက်လောင်နေသူဟာ တရားတော်ကို နာရ ဆွေးနွေးရတဲ့အတွက် အေးချမ်းမှု ရရှိသွားတဲ့ သာဓက ပဋ္ဌာစာရီထေရီရဲ့ အကြောင်းမှာကြည့်ရင် သိနိုင်ပါတယ်။

ဒီလိုတရားစကားတွေသာမက လောကီ လူမှုရေးမှာလည်း ဆွေးနွေးတိုင်ပင်ခြင်းဟာ ဗဟုသုတ အကြားအမြင်များစေပြီး မိမိရဲ့လုပ်ငန်း ကိုင်ငန်းတွေမှာ တိုးတက်ကြီးပွားရာ အကြောင်းတွေဖြစ်တာပါပဲ၊ တရားစကားဆွေးနွေးခြင်းသည် မကောင်းတာကို မကောင်းလို့ သိပြီး ရှောင်ကြဉ်ကာ လူငယ်များအကျင့်စာရိတ္တပိုမို ကောင်းမွန်စေတယ်။

ခုခေတ်လူငယ်တွေဟာ တရားစာပေ ဆွေးနွေးတဲ့ နေရာမှာ သူတို့နဲ့ မဆိုင်သလို နေကြတယ်၊ အမှန်က လူငယ်တွေ အတွက် ပိုဆိုင်တယ်၊ပညာရှာမိုးတဲ့အရွယ်မှာ အမှန်ကိုမြင်သိမှ ကြီးပွားလိုစိတ်ရှိမယ်၊ "ဟာ-လူတိုင်းကြီးပွားချင်တာပေါ့၊ ဘယ်သူမကြီးပွားချင်ဘူးလဲ" ဆင်ခြေပေးမယ်။

ကြီးပွားချင်တယ်လို့ပါးစပ်ကအော်ပြီး ပညာတစ်ခုရဖို့တော့ ဘာမှ ကြိုးကြိုးစားစားမလုပ်၊ အလေနတောနေပြီး ကျောင်းလည်းမှန်မှန်မတက်၊မသိတဲ့သင်ခန်းစာတွေလည်း ဆရာ၊ဆရာမတွေထံမှာ ချဉ်းကပ်ပြီးမေးရကောင်းမှန်းမသိ၊ကျောင်းလာတဲ့ ကျောင်းသူကလေးတွေ လမ်းထောင့်က စောင့်ပြီး စကြပြုကြ၊

ကျောင်းသားအချင်းချင်း ရန်လိုမှုကိုပြကြ၊ ရန်ဖြစ်ကြနှင့် မိဘလုပ်သူတွေကတော့ ငါ့သားကျောင်းသားဘဲဆိုပြီး ကိုယ့်သားသမီးဘာလုပ်နေတယ်ဆိုတာမသိ၊ ဟော-ပြည်သူ့ရဲကဆိုးသွမ်းစာရင်းနှင့် ဖမ်းလာတော့မှ ကျွန်တော့်သား၊ ကျွန်မသား လူကောင်းကလေးပါဆို၊ လိုက်လာအာမခံတောင်း၊ အာမခံမရ မျက်ရည်စက်လက်နှင့် ဒါတွေဟာ မိဘတွေရဲ့တာဝန်ဘဲ၊ သားသမီးကို ဆုံးမ မနိုင်ပါဘူးဆိုတာ လုံလောက်တဲ့ ဆင်ခြေ မဟုတ်ပါဘူး။

သားသမီးကို ငယ်ငယ်က မဆုံးမ၊ မိဘတစ်လှည့် ရန်သူမည်တယ် ဆိုတဲ့စကားဟာ ဘာလဲဆိုရင် ဒီလိုသားသမီးကို ငယ်ငယ်ကတည်းက လိမ္မာယဉ်ကျေးဖို့ မင်္ဂလာတရားတော်ကိုသင်၊ မိဘကိုယ်တိုင်ဆွေးနွေးရင် ကြာဖန်များတော့ ယဉ်ကျေးလာမှာဘဲ လူကောင်းလူတော်ကလေးတွေ ဖြစ်လာမှာဘဲ၊ ဒါကြောင့် မိဘတာဝန်ရှိတယ်ဆိုတာ ပုတ္တဒါရသင်္ဂဟ မင်္ဂလာမှာလည်း ပြောခဲ့ပြီး ဖြစ်ပါတယ်၊ ကြီးပွားချင်ရင် ကြီးပွားအောင်လည်း ကြိုးစားရမယ်၊ ပညာရှာရမယ်၊ ပညာရအောင် ဆွေးနွေးမေးမြန်းကြရမယ်။

ဒီတော့ တရားစကားကိုဘဲဖြစ်ဖြစ်၊ ပညာတစ်ရပ်ရပ်ကိုဘဲဖြစ်ဖြစ် ဆရာ သမားတွေထံမှာချဉ်းကပ်ပြီးဆွေးနွေးလာတယ်ဆိုရင် ဆရာလုပ်သူက ငါ့မှာ အချိန်မရှိဘူးလို့ ဆိုပြီး အော်ငေါက်လွှတ်ပစ်တယ်လို့ ဘယ်မှာမှ မရှိဘူး၊ ဝမ်းမြောက်ဝမ်းသာနှင့် ပြောပြကြ၊ ဖြေကြတာချည်းပါဘဲ။

ဟောပြ ပြောပြတဲ့ လူကလည်း ဒါနရဲ့ အခြားမဲ့၌ သီလ ဤသို့ အစရှိတဲ့ ဒေသနာတော်အစဉ်အားဖြင့် သုတ်၊ ဂါထာပုဒ်

အားလျော်စွာ လည်းကောင်း၊ ထိုထိုသောအကြောင်းကို ပြု၍ လည်းကောင်း၊ သနားသည်၏ အဖြစ်ကိုစွဲ၍ လည်းကောင်း၊ လာဘ်လာဘကို မငဲ့ဘဲ လည်းကောင်း၊ မိမိရော နာသူပါ ကျေးဇူးကို သတ်ပြီး နှိပ်စက်ခြင်း မဖြစ်စေဘဲလည်းကောင်း ဟောရမယ်လို့ ဗုဒ္ဓဘုရားရှင်က မိန့်ကြားတော်မူပါတယ်။ ※

**အမေး ငါးထွေ** တရားစကားဆွေးနွေးခြင်းနှင့်ပတ်သက်လို့အမေး ငါးထွေ၊အဖြေလေးပါးလို့ ရှိပါတယ်၊ ပြောဆိုနေကြပေမယ့် သိသူက ရှားတယ်၊အမေး ငါးထွေ+က ဘာလဲဆိုတော့(၁) အဒိဋ္ဌဇောတနာပုစ္ဆာ။မသိမမြင်သောအနက်အဓိပ္ပာယ်ကိုသိမြင်ချင်၍မေးခြင်း၊ (၂)ဒိဋ္ဌသံသန္ဒနာပုစ္ဆာ။သိမြင်ပြီးသောအနက်အဓိပ္ပာယ်ကိုတူ မတူနှိုင်းယှဉ်ကြည့်လို၍မေးခြင်း၊(၃)ဝိမတိစ္ဆေဒနာပုစ္ဆာ။မှတ်ပြီးသော အနက်အဓိပ္ပာယ်ကို ယုံမှားရှိ၍ သက်ာကို ဖျောက်ရန်မေးခြင်း၊(၄) အနုမတိပုစ္ဆာ။ အလိုကိုလိုက်၍ ဖြေလိုသောကြောင့်မေးခြင်း၊(၅)ကထေတုကမျတာပုစ္ဆာ။အကြင်အကြင်သို့သော စကားထူးတို့ကို သိမြင်ပါလိမ့်မည်လောဟု ပြောလို၍မေးခြင်းတို့ ဖြစ်ပါတယ်။

**အဖြေ လေးပါး** အဖြေလေးပါး ※※ကတော့(၁)တစ်မျိုးတည်းဖြေဆိုခြင်း၊ဧကံသဗျာကရဏ။(၂) ခွဲခြားဝေဖန်၍ဖြေဆိုခြင်း၊ဝိဘဇ္ဇဗျာကရဏ။(၃)တုံ့ပြန်မေး၍ဖြေဆိုခြင်း၊ ပဋိပုစ္ဆာဗျာကရဏ။(၄)မဖြေဘဲထားခြင်း။

---

※ မင်္ဂလတ္ထဒီပနီ(တ) စာ—၁၃၃၊

\+ ပုဂ္ဂလပညတ်အဋ္ဌကထာကျမ်း၊ စာ-၃၅၅-၃၅၆၊

※※ မိလိန္ဒပဉှာ၊ ပါဠိတော်မြန်မာပြန်၊ စာ-၁၅၀၊

ဌာမနီယဗျာကရဏတို့ဖြစ်ပါတယ်။ ဆွေးနွေးခြင်းနှင့်ပတ်သက်လို့ ကထာဆယ်ပါးကိုစောစောက ပြောခဲ့ပြီးဖြစ်ပါတယ်၊ ဒါကြောင့် အမျိုးကောင်း သားသမီးတို့ဟာ မိမိတို့ ပြည့်စုံမှု မင်္ဂလာတရားကို ရဖို့အတွက် ဆွေးနွေးမှုပြုကြပါလို့ တိုက်တွန်းလိုပါတယ်။

☆

## (၃၁)

## ခြိုးခြံစွာ ကျင့်ခြင်း မင်္ဂလာ

**သုံးဆယ့်တစ်ပါးမြောက် မင်္ဂလာကတော့—**

တပ။ ခြိုးခြံခြင်းသည် မင်္ဂလာဘဲလို့ ဗုဒ္ဓဘုရားရှင်က ဟောတော်မူပါတယ်။

ခြိုးခြံရခြင်း မဟုတ်ပါ၊ခြိုးခြံခြင်းဖြစ်ပါတယ်၊ တပ၊ခြိုးခြံစွာ ကျင့်ခြင်းလို့ လာရှိပါတယ်၊ ဒါကြောင့် 'တပသီ' ခြိုးခြံစွာ ကျင့်သော ရသေ့ရဟန်းလို့အမိပ္ပာယ်ရပါတယ်၊ဟကယ်တော့ 'တပ' အကျင့်ဟာ လောကီအတွက် မဟုတ်ဘဲ လောကုတ္တရာ အတွက်ဖြစ်ပါတယ်။ သန္တုဋ္ဌိ၊ ရောင့်ရဲလွယ်ခြင်း မင်္ဂလာနှင့်လည်း ဆက်နွယ်ပါတယ်၊ လောကီလူမှုမှာတော့ ရောင့်ရဲလွယ်ခြင်းကို ပိုမိုသက်ဆိုင်ပါတယ်။ 'တပ' ဟာ တစ်နည်းအားဖြင့်ဆိုရင်တော့ တဏှာရာဂကို ပွားစေတတ်တဲ့ ထိုထိုသော အာရုံတို့မှ စောင့်ရှောက်ခြင်းပါဘဲ၊ အထူးအားဖြင့် ဣန္ဒြိယ သံဝရခေါ်တဲ့ သတိသံဝရတရားကို လက်ကိုင်ထားဖို့ဘဲ။

သီလ ၄-ပါး

မင်္ဂလိုလ်နိဗ္ဗာန်ကိုလိုတဲ့သူဟာ သီတင်းသီလ ၄ပါး※ ကိုစောင့်ထိန်းဖို့လိုပါတယ်။ (၁) အာပတ်ခုနစ်ပုံကို မသင့်ရအောင် စောင့်ရှောက်ခြင်း၊ ပါတိမောက္ခသံဝရသီလ (ရဟန်းတော်များသာ ဆိုင်ပါတယ်)၊ (၂) ရူပါရုံစတဲ့ အာရုံခြောက်ပါးကိုစောင့်ရှောက်ခြင်း ဣန္ဒြိယသံဝရသီလ၊ (၃) ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးစွဲခြင်းပစ္စယသန္နိဿိတသီလ (၄) ကုလဒူသနအနေသနကင်း၍ (ဆေးပေး မီးယူ စသည်မှကင်း၍) တရားနှင့်လျော်စွာ ရသော ပစ္စည်းကို သုံးစွဲခြင်း၊ အာဇီဝပါရိသုဒ္ဓိသီလတို့ ဖြစ်ပါတယ်။

ဒီလို စောင့်ရှောက်တဲ့ပုဂ္ဂိုလ်မှာ ကာယဒုစရိုက်၊ ဝစီဒုစရိုက် ဆိုတဲ့ သီလမရှိသည်၏အဖြစ်သည် မရှိတော့ဘဲ စင်ကြယ်တယ်၊ ဣန္ဒြေကိုစောင့်သူဟာ အဘိဇ္ဈာ စသည်ကိုလည်း ပယ်တယ်၊ နောက်တစ်ချက်က ဟိရိနှင့်ဩတ္တပ္ပဆိုတဲ့ မကောင်းမှုမှရှက်ခြင်း မကောင်းမှုမပြုရန် ကြောက်ခြင်းဆိုတဲ့ တရား နှစ်ပါးကိုလည်း စောင့်ထိန်းရပါမယ်၊ ဒီလို စောင့်ထိန်းရာမှာလည်း မပျင်း မရိ၊ မမေ့ မလျော့ စောင့်ထိန်းရန် လိုအပ်ကြောင်း ဘုရားရှင်က မြွက်ကြားတော်မူပါတယ်၊ လူမှုရေးအတွက် အောင်မြင်ဖို့က တော့ ရောင့်ရဲလွယ်ခြင်းနှင့် သည်းခံခြင်း မင်္ဂလာတို့ဟာ ကျိုးသဘောမျိုးဆောင်တယ်လို့ ပြောရင်လည်း ပြောနိုင်ပါတယ်။

~~~

---

※ ပုဗ္ဗာပကိဏ္ဏကကျမ်း၊ စာ-၃၅၃-၃၅၄။
~~~

# (၃၂)

# မြတ်သောအကျင့်ကို ကျင့်ခြင်း မင်္ဂလာ

သုံးဆယ့်နှစ်ပါးမြောက် မင်္ဂလာကတော့—

ဗြဟ္မစရိယာ။ မြတ်သောအကျင့်ကို ကျင့်ခြင်းဟာ မင်္ဂလာဘဲလို့ ဗုဒ္ဓမြတ်စွာဘုရားက ဟောတော်မူပါတယ်။

ဗြဟ္မစရိယတရား ဆယ်ပါး ရှိပါတယ်။ (၁)ဒါနသင်္ဂြိုဟ်။ အလှူဒါန၌၊ (၂) အပ္ပမညာသု။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသော အပ္ပမညာတရားလေးပါး၌၊ (၃)သာသနေ။ ဘုရား၏အဆုံးအမတော်၌ တည်ခြင်း၌၊ (၄) မေထုနရတိယံ။ မေထုန်မှု ရှောင်ကြဉ်ခြင်း၌၊ (၅) ဝေယျာဝစ္စ။ ဝေယျာဝစ္စကုသိုလ်ပြုခြင်း၌၊ (၆) သဒါရတုဋ္ဌိယံ။ လူဘဝ အိမ်ထောင်သည်ဘဝနေမှုလည်း မိမိမယားဖြင့်သာ တင်းတိမ်ခြင်း၌၊ (၇) ပဉ္စသီလ။ ငါးပါးသီလ ခါးဝတ်ပုဆိုးကဲ့သို့မြဲမြံခြင်း၌၊ (၈) အရိယမဂ္ဂ။ အရိယာမဂ်ရအောင် ကျင့်ခြင်း၌၊ (၉) ဥပေါသထမဂ်။ ဥပုသ်သီလဆောက်တည်ခြင်းအင်္ဂါ၌၊ (၁၀) ဓိတိယံ။ ကောင်းမှုတို့၌ လုံ့လဥဿာဟရှိခြင်းတို့ဖြစ်ပါတယ်၊ မဟာသီဟနာဒသုတ် အဋ္ဌကထာမှာ တရားဟောခြင်းနှင့် မြတ်သောအလိုတို့ကိုထည့်ပြီး ၁၂ ပါးပြပါတယ်။ ဤကဲ့သို့ကျင့်ခြင်းအားဖြင့် မဂ်ဖိုလ်နိဗ္ဗာန် တရားကို မျက်မှောက် ပြုနိုင်တဲ့ အတွက် မင်္ဂလာဖြစ်ပါတယ်။

# (၃၃)

# အရိယာသစ္စာကို သိမြင်ရခြင်း မင်္ဂလာ

**သုံးဆယ့် သုံးပါးမြောက် မင်္ဂလာကတော့**

အရိယာသစ္စာနဒဿနံ၊ အရိယာသစ္စာတို့ကို သိမြင်ရခြင်းသည် မင်္ဂလာဖြစ်တယ်လို့ ဟောတော်မူပါတယ်။

အရိယသစ္စဆိုတာကတော့ သစ္စာလေးပါးပါဘဲ၊ စာဖြင့် သိဖို့မဟုတ်ဘဲ မဂ်ဉာဏ်ဖြင့် မြင်ဖို့ သိဖို့ ဖြစ်ပါတယ်။ သစ္စာ ဆိုတာဟာ မျက်လှည့်လိုမဟုတ် အမှန်တရားလို့ ခေါ်ပါတယ်၊ (၁)ဒုက္ခသစ္စာ။ ဆင်းရဲအမှန်(ဘဝဟာဆင်းရဲတယ်၊ လောကီ သုခဟာ သုခ အစစ် မဟုတ် ဘူး မြင် ရ မယ်)၊ (၂) သမုဒယ သစ္စာ။ ဆင်းရဲမှုဖြစ်ကြောင်း အမှန်(တဏှာဟာ ဆင်းရဲခြင်း၏ အကြောင်းဘဲဆိုတာ သိရမယ်)၊ (၃) နိရောဓသစ္စာ။ ဒုက္ခ၊ သမုဒယတို့ရဲ့ ချုပ်ငြိမ်းခြင်းအမှန်၊ (၄)မဂ္ဂသစ္စာ။နိဗ္ဗာန်ရောက် ကြောင်း၊အမှန်တရား မဂ္ဂင်ရှစ်ပါး(မဂ္ဂင်ရှစ်ပါးကို စောစောက ပြောခဲ့ပြီးဖြစ်ပါတယ်)။

**ဘုရားရှင်၏ သစ္စာ**

အရိယသစ္စာကို ဘုရားရှင်သည် အရိယမည်တဲ့ အတွက် ဘုရားရှင်၏ သစ္စာလို့လည်း ဆိုနိုင်ပါ တယ်၊ သစ္စာကိုသိရာမှာအနုဗောဓသိနှင့်ပဋိဝေဓ သိလို့နှစ်မျိုးရှိပါတယ်၊ ဆရာများထံက ဖြစ်ဖြစ် ကျမ်းဂန်ထဲကဖြစ်ဖြစ် တစ်ဆင့် ကြားသိရသည်ကို ကြံတွေးစဥ်း

ဆိဒ်းစာပေ ဒုကိယအကြိမ်

စားသိတာကို အနုဗောဓသိလို့ ခေါ်ပါတယ်၊ (အနု။ ထပ်တလဲလဲ၊ဗောဓ။ သိခြင်း။ သိမှုမပြီးသေး၊ ထပ်တလဲလဲ သိနေရခြင်းဖြစ်ပါတယ်။)ပဋိဝေဓသိ ဆိုတာက ဒီလို ထပ်တလဲလဲ သိနေရခြင်းမဟုတ်ဘဲ တစ်ကြိမ်တည်း ထွင်းဖောက်ပြီးသိခြင်း၊ မဂ်ဉာဏ်ဖြင့်သိခြင်း ဖြစ်တယ်။

မဂ်ဉာဏ်ဟာ သစ္စာလေးပါးကို တစ်ပြိုင်နက်သိတယ်၊ ဒုက္ခကို ပိုင်းခြားတာ၊ သမုဒယကို ပယ်တာ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုတာ၊ မဂ္ဂကို ပွားတာဟာ တစ်ပြိုင်နက် ဖြစ်ပါတယ်၊ မဂ်ကို မရောက်သေးရင် ကိစ္စမပြီးသေးပါဘူး။ ဒါကြောင့် ပဋိဝေဓအသိကို ရအောင်လို့ ကျင့်မှ အကောင်းဆုံး မင်္ဂလာတရားဖြစ်ပါတယ်။

☆

## (၃၄)

## နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း မင်္ဂလာ

**သုံးဆယ့်လေးပါးမြောက် မင်္ဂလာကတော့-**

နိဗ္ဗာန သစ္ဆိကိရိယ။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မင်္ဂလာဖြစ်တယ်လို့ ဗုဒ္ဓမြတ်စွာဘုရားက ဟောတော်မူပါတယ်၊ နိဗ္ဗာန် ၂ပါး။ ။ဒီနေရာမှာ နိဗ္ဗာန်နှစ်ပါး ရှိပါတယ်။ + (၁)သဉပါဒိသေသနိဗ္ဗာန်နှင့် (၂) အနုပါဒိသေသနိဗ္ဗာန်တို့ ဖြစ်ပါတယ်။

---

+ မင်္ဂလတ္ထဒီပနီ (တ)၊ စာ—၂၃၅-၂၁၇။

**သဉပါဒိသေသနိဗ္ဗာန်။** ။သဉပါဒိသေသ နိဗ္ဗာန် ဆိုတာက ဗိခန္ဓာငါးပါးရှိတဲ့ ရဟန္တာရဲ့ ရာဂ၊ဒေါသ၊မောဟ ကုန်ခြင်းကို သဉပါဒိသေသနိဗ္ဗာန်လို့ခေါ်ကြောင်း မြတ်စွာဘုရားဟောကြားတော်မူပါတယ်။

**အနုပါဒိသေသ နိဗ္ဗာန်။** ။အနုပါဒိသေသ နိဗ္ဗာန် ဆိုတာက တော့ဒီရဟန္တာရဲ့ဝေဒနာ အစရှိကုန်တဲ့ခန္ဓာငါးပါးတို့ရဲ့တစ်ဖန်ပဋိသန္ဓေနေခြင်း မရှိတဲ့ ချုပ်ငြိမ်းသဘောကို အနုပါဒိသေသ နိဗ္ဗာန်ဖြစ်တယ်လို့ ဟောတော်မူပါတယ်။

ဒါကြောင့်အမျိုးကောင်းသားသမီးတို့ဟာဘုရားသာသနာကြုံကြိုက်လာတဲ့ အခါ အရဟတ္တမဂ်ဖိုလ်ကို မရသေးစေကာမူ မိမိတို့ဘဝကို စိတ်ချသွားရအောင် အနည်းဆုံး သောတာပန်ဖြစ်အောင်ကိုကျင့်မှ လူ့ဘဝရကျိုး မင်္ဂလာရှိနိုင်ပါမယ်။

# (၃၅) (၃၆) (၃၇) (၃၈)

## မတုန်လှုပ်၊ မစိုးရိမ်၊ ရမက်မြူမရှိ၊ ဘေးမရှိ မင်္ဂလာများ

သုံးဆယ့်ငါး၊ သုံးဆယ့်ခြောက်၊ သုံးဆယ့် ခုနစ်၊

သုံးဆယ့်ရှစ်ပါးမြောက် မင်္ဂလာတွေကတော့—

ရဟန္တာပုဂ္ဂိုလ်တို့ဟာ(၃၅)လောကဓမ္မ အဋ္ဌမ္ပိတမင်္ဂလာခေါ်တဲ့ လောကဓံတရား ရှစ်ပါးနှင့် တွေ့ကြုံရ သော်လည်း

တုန်လှုပ်ခြင်း မရှိတဲ့ မင်္ဂလာဖြစ်ပါတယ်၊ လောကဓံတရားရှစ်ပါး*က(၁)လာဘ။လာဘ်ရ၍တုန်လှုပ်ခြင်း၊ (၂) အလာဘ။ လာဘ်မရ၍ တုန်လှုပ်ခြင်း၊(၃)ယသ။ အခြွေအရံများ၍တုန်လှုပ်ခြင်း၊ (၄) အယသ။ အခြွေအရံမရှိ၍တုန်လှုပ်ခြင်း၊ (၅) ပသံသာ။ချီးမွမ်းခံရ၍ တုန်လှုပ်ခြင်း၊(၆)နိန္ဒာ။ ကဲ့ရဲ့ခံရ၍ တုန်လှုပ်ခြင်း၊(၇)သုခ။ ချမ်းသာရ၍ တုန်လှုပ်ခြင်း၊ (၈) ဒုက္ခ။ ဆင်းရဲတွေ့၍ တုန်လှုပ်ခြင်းတို့ဘဲ ဖြစ်ပါတယ်၊ဒီလိုတုန်လှုပ်ခြင်း မရှိတဲ့အတွက် စိတ္တံနကမ္ပတိ။ စိတ်လည်း မတုန်လှုပ်တဲ့ မင်္ဂလာကိုရတယ်။

(၃၆) စိုးရိမ်ခြင်းမရှိလို့ အသောက မင်္ဂလာကိုရတယ်။

(၃၇) ရမက်ဆိုတဲ့မြူလည်းမရှိလို့ ဝိရဇမင်္ဂလာကိုရတယ်။

(၃၈) ဘေးမရှိလို့ ခေမ မင်္ဂလာကိုရတယ်။

အရှင်မောဂ္ဂလာန်မထေရ်မြတ်ဟာ ခိုးသားငါးရာ ရိုက်နှက်ခြင်းကို ရဟန္တာအရှင်ဖြစ်၍ ခံနိုင်စွမ်းရှိခြင်းဖြစ်ပါတယ်။

ဒါကြောင့်ဒီမင်္ဂလာလေးပါးဟာရဟန္တာတွေနှင့်သာ ဆိုင်သည်ဖြစ်သော်လည်း သာမန်ပုဂ္ဂိုလ်တို့ဟာလည်း တရားဘာဝနာကိုတစ်ဆင့်ပြီးတစ်ဆင့် မမေ့မလျော့ကျင့်သွားရင် မင်္ဂလာဆိုတဲ့ ချမ်းသာကြီးပွား ပြည့်စုံခြင်းကို အမှန်ရမှာဘဲလို့ ဗုဒ္ဓဘုရားရှင်က ဟောကြားတော်မူပါတယ်။

○

+ ပုဏ္ဏောပက်ဏ္ဏကကျမ်း၊ စာ—၇၃၊

# ဆုမွန်မင်္ဂလာ

ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သောသုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို ရှင်းလင်းပြောပြခြင်းပြီးမြောက်ခဲ့ပြီဖြစ်ပါတယ်။ ဗုဒ္ဓဘုရားရှင်ရဲ့ တရားတော်ဟာ ဘယ်တရားတွေနှင့်မှ မတူပါဘူး၊ လက်တွေ့ကျင့်ရင် အကျိုး ရှိကြောင်း တွေ့ရပါတယ်၊ သိပ္ပံနည်းကျမှ ယုံကြည်တဲ့ခေတ်မှာ သိပ္ပံနည်းကျ မကျကို ကိုယ်တိုင်ကျင့်ကြည့်မှ သိနိုင်မည်ဖြစ်ပါတယ်။

**တရားဂုဏ် ၆ပါး**

ဗုဒ္ဓမြတ်စွာဘုရားသခင်ရဲ့ တရား တော်ဟာ (၁) မျက်မှောက်၌ အကျိုးပေးတတ်တယ်၊ (အချို့က ထင်ကြတယ်၊ ဗုဒ္ဓဘုရားရှင်ရဲ့ တရားတော်ဟာ လောကုတ္တရာရေးသာ၊ ပစ္စုပ္ပန်ဘဝအတွက်မပါဘူးထင်ကြတယ်။ ယခုမင်္ဂလာတရားတော်ကို ကြည့်ရင် ယခုမျက်မှောက်ပစ္စုပ္ပန်ဘဝမှာပင် အကျိုးပေးနိုင်တဲ့တရားတွေဆိုတာကိုသိသာနိုင်ပါတယ်)။ (၂)အခါမလင့်အကျိုးပေးနိုင်တယ်၊(ဘုရားတရားတော်ကို ကျင့်ရာမှာ အချိန်နောက်ကျပြီ အချိန်မရှိတော့ဘူးလို့ မရှိပါဘူး၊ တကယ်ကျင့်ရင် ဘယ်အချိန်ဘဲကျင့်ကျင့် အကျိုးပေးနိုင်တာပါဘဲ၊ (၃)လာလှည့် ရှုလှည့်ဟူသော စကားကို ဆိုထိုက်တယ် (အဓိပ္ပာယ်ကတော့ စမ်းသပ်ကြည့်လှည့်ပါ၊ အစမ်းအသပ် ခံတယ်ဆိုတဲ့ တရားတော်ဘဲ) (၄) နတ်ရွာနိဗ္ဗာန်သို့ ဆောင်ခြင်းကို ထိုက်တယ်၊ (ဘုရားရဲ့ တရားတော်တာကောင်းရာသို့ညွှန်ကြားတဲ့စကားတော်သာဖြစ်

တဲ့အတွက် သုဂတိ။ကောင်းရာဘဝကိုဘဲ ရောက်မယ်၊ ဒုဂတိ၊ မကောင်းရာ ဘဝကို မရောက်နိုင်ပါဘူး၊ဒါကြောင့် မိမိစိတ်ထဲ စွဲအောင်ဆောင်ထိုက်တယ်၊(၅)ကိုယ်စီကိုယ်ငှ မိမိတို့ သဏ္ဍာန်မှာ သိအပ်ခံစားအပ်တယ်၊ (ဘာကြောင့်လည်းဆိုတော့ ကိုယ်ပိုင်တရားတွေဖြစ်လို့ဘဲ၊ တပည့်အတွက် ဆရာကကျင့်ပေး၊ ဆုတောင်းပေးလို့ မရဘူး၊ကိုယ်တိုင်ကျင့်မှရတယ်၊ အဲ-ပြော ကြမယ်၊ဒါဖြင့်ရင်နိပါတ်တော်နှင့်ဓမ္မပဒဝတ္ထုတွေမှာ ဆုတောင်းတာ တွေ့ပါသားပြောနိုင်တယ်၊ ဒါက **ဆုတောင်းတာ မဟုတ်ဘူး။ဖြစ်ချင်တဲ့ဆန္ဒကို ဖွင့်ဟပြောကြားတာ**၊ဒါကို ပြည့်စေလို့ ဆုပေးတယ်ဆိုတာကလည်း ဆုတောင်းသူ ကိုယ်တိုင်ကလည်း ကျင့်ထားတဲ့ ပါရမီရှိနေလို့ ဆုပေးတာဘဲ၊(၆) ဒါကြောင့် မြတ်စွာဘုရားရဲ့ တရားတော်ဟာ စ၊လယ်၊ဆုံး သုံး ပါး သော ကောင်းခြင်းနှင့်ပြည့်စုံတယ်၊ မင်္ဂလာတရားတော်ကို ကြည့်ရင် အခြေခံကစပြီး တစ်ဆင့်ပြီးတစ်ဆင့် မြင့်လာကာ နိဗ္ဗာန်အထိ လမ်းညွှန် ခေါ်ဆောင်သွားတော်မူတာကိုတွေ့နိုင်ပါတယ်။

**ဘက်စုံတဲ့ မင်္ဂလာ**

မင်္ဂလာတရားတော်ကို ဆန်းစစ် ကြည့်ရင် အခြေခံ မင်္ဂလာတရား၊စီးပွားရေး၊ကြီးပွားရေးမင်္ဂလာတရား၊လူမှုရေး မင်္ဂလာတရားနှင့် လောကုတ္တရာရေးရာမင်္ဂလာတရားတို့ကို ဘက်စုံပါဝင်တာကိုတွေ့နိုင်ပါတယ်၊လူ့ဘဝမှာ ပတ်ဝန်းကျင်ဟာအရေးအကြီး ဆုံးဘဲ၊ပတ်ဝန်းကျင်ကောင်းအောင်ကောင်းတဲ့ ပတ်ဝန်းကျင်ရှိအောင်နေရမယ်၊ ဒါကြောင့်ပထမဆုံးကြည့်ရင် အခြေခံမင်္ဂလာကိုဦးစွာ ဟောကြားတော်မူပါတယ်။

**(က) အခြေခံမင်္ဂလာများ။**

(၁) လူမိုက်ကို မပေါင်းရေး၊ (လူမိုက်နှင့် ပေါင်းမိရင် ဘယ်မင်္ဂလာမှ မရနိုင်တော့ဘူး၊ ဒီဘဝမှာမက သံသရာပါဆုံးပြီ၊ အဇာတသတ်ကြည့်)

(၂) ပညာရှိကိုပေါင်း (ပညာရှိကို ပေါင်းရင် ကျန်မင်္ဂလာတွေ တစ်ဆင့်ပြီးတစ်ဆင့်ရလာမယ်။)

(၃) ပူဇော်ထိုက်သူကို ပူဇော် (ပူဇော်ခြင်းဖြင့် မေတ္တာရောင်ပြန်ဟပ်ပြီး အကျိုးထူးရနိုင်မယ်)

(၄) သင့်တင့်လျောက်ပတ်တဲ့အရပ်မှာနေရမယ်၊

(၅) ရှေးက ပြုခဲ့ဖူးတဲ့ ကောင်းမှုရှိရမယ်။

(၆) မိမိကိုယ်ကို တည်ဆောက်ရမယ်တို့ ဖြစ်ပါတယ်။

ဒီတော့ ဒီမင်္ဂလာ ခြောက်ပါးကို ကြည့်ရင် အစိကအချက်က မိမိကိုယ်ကိုတည်ဆောက်ဖို့ဘဲ၊ ဒီလိုတည်ဆောက်နိုင်ဖို့ အတွက် အထက်မင်္ဂလာငါးပါးက အထောက်အကူ ပြုနေတာကို တွေ့ရပါလိမ့်မယ်၊ ဒီနေရာမှာအလျဉ်းသင့်လို့ပြောချင်ပါတယ်။

**လောကီ မင်္ဂလာ ၁၂ပါး**

ရှေးကပြုခဲ့ဖူးတဲ့ကောင်းမှုရှိရမယ်ဆိုတဲ့ မင်္ဂလာ ဒီမင်္ဂလာတရားကို မရရင် လောကီမှာ ကျင့်သုံးနေတဲ့ မင်္ဂလာ ၁၂ပါး* ဖြစ်တဲ့ (၁) ဝိဇာတ။ ဖွားမြင်ခြင်း မင်္ဂလာ၊ (၂)မုခဒဿန။ ဖွားမြင်ပြီး ၃ရက်မြောက်ရတနာသုံးပါးအဘိုးအဘွားဆိုတဲ့ နန္ဒိမုခနတ်ကို ရှိခိုးစေခြင်း၊ (၃)ကေသစ္ဆေဒန။ ဖွားမြင်ပြီး ၇ရက်မြောက်ဆံရိတ်ခြင်း၊ (၄)ဒေါလာကရဏ။ ပုခက်တင်

* သုတေသနရုပ်ပြအဘိဓာန် (ဒုတိယအကြိမ်)၊ စာ-၅၃၉၊ ၅၄၀။

ခြင်း၊(၅)တမ္ဗူလပတ္တ၊ဖွားပြီး၇၅ရက်မြောက်ကွမ်းဦးခွံ့ခြင်း
(၆)ရဝိန္ဒုဒဿန၊ဖွားပြီး၃လမြောက် နေလပြခြင်း၊(၇) နာမ
ကရဏ။ဖွားပြီး ရက်၁၀၀မြောက် နာမည်ပေးခြင်း၊(၈) ပထမ
ဘုတ္တ၊ ဖွားပြီး၆လမြောက်ထမင်းဦးခွံ့ခြင်း၊(၉)ကေသမန္တိန၊
သင့်လျော်သော အရွယ်တွင် ဥသျှောင်ထုံးဖွဲ့ခြင်း၊(၁၀) ကဏ္ဏ
ဝိဒ္ဓ၊သင့်လျော်သော အရွယ်တွင် နားထွင်ခြင်း၊(၁၁) သာသ
နာ့နုဂ္ဂဟပဗ္ဗဇ္ဇ။သင့်လျော်သောအရွယ်တွင် ရှင်ပြုခြင်း၊ (၁၂)
အာဝါဟဝိဝါဟ၊ သင့်လျော်သော အရွယ်တွင် ထိမ်းမြား
မင်္ဂလာပြုခြင်းဆိုတဲ့ မင်္ဂလာတွေကို မရနိုင်ပါဘူး၊ဒီမင်္ဂလာတွေ
ပြုတိုင်းမှာလည်း ဒါနဆိုတဲ့ အလှူပေးခြင်းဟာ ပါရစမြဲမို့ ရှေး
ကောင်းမှုရှိအောင် ပြုတဲ့သဘောဘဲဖြစ်ပါတယ်။

**မြခွေးနှင့် ဝံပုလွေဝတ္ထု**

ဒီနေရာမှာ မိမိကိုယ်ကို ဆောက်တည်ရ မှာမို့ လူဆိုတဲ့ အဓိပ္ပာယ်ကို ပြောချင်ပါတယ်၊ လူမ မယ် (လူမမည်) လူမည်ကာ မတ္တဆိုတဲ့ စကား တွေရှိပါတယ်၊စာရေးသူတို့ ငယ်ငယ်က ဖတ် စာအုပ်ထဲမှာ ပုံပြင်ကလေးတစ်ပုဒ် ခုထိ သတိရသေးတယ်၊တစ် နေ့ မြခွေးနှင့် ဝံပုလွေတို့ အငြင်းအခုန်ဖြစ်တယ်၊

ဝံပုလွေက မြခွေးကို 'ငါဟာ သင့်ထက် ခွန်အား ကြီး တယ်'လို့ပြောတယ်၊ မြခွေးက 'ငါဟာ သင့်ထက် ဉာဏ်သာ တယ်'လို့ ပြန်ပြောတယ်၊ ဝံပုလွေက 'ခွန်အားကြီးတာ ပို မကောင်းဘူးလား၊ ခြင်္သေ့ကိုကြည့်ပါ၊ တောသုံးတောင်ကို အစိုးရနေတာ အားကြီးလို့မဟုတ်သလား၊'ပြောတယ်၊ မြခွေးက 'လူကိုကြည့်ပါ၊ကမ္ဘာကို စိုးမိုးနေတာ ဉာဏ်ရှိလို့ဘဲ'လို့ ပြော

တယ်၊ ဒီတော့ ဝံပုလွေက "သင့်လူကို ပြစမ်းပါ၊ ငါချက် ချင်းဘဲ ကိုက်သတ် စားလိုက်မယ်" ဆိုတယ်။ မြေခွေးက "ကောင်းပြီ မနက်ဖြန်မနက်မှာ ပြမယ်"လို့ ပြန်ပြောတယ်။

ချိန်းထားတဲ့နေရာ အချိန်မှာ နှစ်ဦးစလုံး လူကို စောင့်နေကြတယ်၊ ပထမ ကျောင်းသားကလေးတစ်ယောက် လျှောက်သွားတယ်၊ ဝံပုလွေကမေးတယ်၊ "ဒါလူလား "မြေခွေးက ပြောတယ်။ "ဒါလူမဟုတ်သေးဘူး၊လူဖြစ်ဖို့ အများကြီး လိုသေးတယ်"ပြောတယ်။

နောက် စစ်သားအိုကြီးတစ်ယောက် လျှောက်သွားတယ်၊ လက်တစ်ဘက်မပါဘူး ဝံပုလွေက "ဒါလူလား" မေးတယ်။ မြေခွေးက"အရင်ကလူဖြစ်ဖူးတယ်၊ ခု လူမဟုတ်တော့ဘူး"လို့ ပြောတယ်။

နောက် မုဆိုးတစ်ယောက် နှစ်လုံးပြူး သေနတ် ထမ်း လျှောက်လာတယ်၊ ဝံပုလွေက "ဒါ လူလား" မေးတယ်၊ မြေခွေးက "ဟုတ်တယ်"ဆိုတော့ ဝံပုလွေဟာမုဆိုးကိုတစ်ခါတည်းထွက်ပြီး ခုန်ကိုက်တယ်၊ မုဆိုးက သေနတ်နှင့် ပစ်လို့ နာကျင်စွာနှင့် ထွက်ပြေးရတယ်။

**လူဆိုတဲ့ အဓိပ္ပာယ်** ဒီတော့လူဆိုတာဟာ မိမိဘဝကိုမိမိရပ်တည်နိုင်တဲ့ သူမှလူဖြစ်တယ်ဆိုတဲ့သဘောဘဲ၊ခုခေတ်မှာအရွယ် မရောက်သေးဘူး၊ အသက် ၁၆ နှစ် မပြည့်သေးဘူး၊ ကျောင်းသား ကျောင်းသူတွေ လူမမည်သေးတဲ့ ကလေးတွေကြိုက်လို့ လိုက်ပြေး၊ အိမ်ထောင် ယူကြတယ်၊ ကိုယ့်ဘဝမှ ကိုယ် မတည်ဆောက်နိုင်သေး၊ လူဖြစ်ဖို့ အများကြီး လိုသေးတဲ့အတွက် ဒါကိုရှောင်ရမယ်။

ဒီလိုဘဲ အသက်ကြီးသွားတော့လည်း မိမိကိုယ်ကို စောင့်ရှောက်ရမယ့်လူမရှိရင်မရပ်တည်နိုင်ဘူး၊ အချို့လူ့ဘဝရောက်လာတယ်၊ ခြေလက် အင်္ဂါ မစုံ၊ စုံသော်လည်း ပညာချို့တဲ့မှု၊ ဥစ္စာ၏ ချို့တဲ့မှုတွေကြောင့် လူတန်းစေ့ မနေနိုင်ဘူး၊ဒီတော့ လူမည်ကာမတ္တဘဲ ဖြစ်တယ်။ ဒီလို မဖြစ်ရအောင် ဒီအခြေခံမင်္ဂလာခြောက်ပါးက ပြည့်စုံအောင် ကျင့်ဖို့ လိုပါတယ်။

ဒီမင်္ဂလာအခြေခံပြည့်စုံလို့ မိမိကိုယ်ကို ကောင်းစွာ တည်ဆောက်နိုင်သူဟာ စီးပွားရေး၊ ကြီးပွားရေးအတွက် မင်္ဂလာတွေကို ဆက်လက်ကျင့်သုံးရပါမယ်။

(ခ) ကြီးပွားရေး၊ စီးပွားရေး မင်္ဂလာများ

(၇) အကြားအမြင်များအောင်လုပ်၊

(၈) အသက်မွေးမှုပညာတစ်ရပ်ရပ်ရအောင်ရှာ၊

(၉) လူ့ကျင့်ဝတ်ကိုကျင့်၊

(၁၀) စကားပြောရေး ဆိုရေးတတ်အောင်ပြု တို့ကိုပြည့်စုံအောင် တတ်ကျွမ်းအောင် ဆောင်ရွက်ရပါမယ်၊ ဒီ လိုပညာနှင့်ပြည့်စုံပြီဆိုတော့ လူမှုရေးတာဝန် မင်္ဂလာတွေကို ဆက်ပြီးဆောင်ရွက်ဖို့ပါဘဲ။

(ဂ) လူမှုရေးတာဝန် မင်္ဂလာများ

(၁၁) အမိအဖကိုပြုစုလုပ်ကျွေး၊

(၁၂) သားမယားကို သင်္ဂြိုဟ်ထောက်ပံ့၊ သားမယားကို သင်္ဂြိုဟ်ထောက်ပံ့ဆိုတာ ဖခင်ကောင်း၊ မိခင်ကောင်းတွေဖြစ်ဖို့ အနည်းငယ်ဖြည့်စွက်ပြီး ပြောချင်ပါတယ်။

ယုတ်သောမိဘမှ မွေးလျှင်

လောကနီတိ* မှာ "အမိယုတ်သောသူအား မကောင်းသောစကား ရှိသည်ဖြစ်၏။ အဖယုတ်သောသူအား မကောင်းသော အမူအကျင့်ရှိသည်ဖြစ်၏။ မိဘနှစ်ပါးစုံ ယုတ်မူ စကား မကောင်းသောစကား ရှိသည်လည်းဖြစ်၏။ မကောင်းသောအကျင့်ရှိသည်လည်းဖြစ်၏" လို့ လာရှိတဲ့အတွက် အိမ်ထောင်သားမွေးပြုလို့ အမေအဖေဘဝကိုခံယူတော့မယ်ဆိုရင် မိမိကိုယ်ကို ကောင်းအောင် တည်ဆောက်ထားပြီးသူများဖြစ်ဖို့ လွန်စွာအရေးကြီးပါတယ်။

ခုခေတ်ကလေးတွေကိုကြည့်ရင် သားသမီးမွေးရုံဘဲ တတ်တယ်၊ မုပြုစုတတ်ဘူး၊ အဘိုးအဘွားက ကြည့်နိုင်ရင် ကြည့်၊ မကြည့်နိုင်ရင် အားရစရာမရှိဘူး၊ နောက် လင်နှင့်မယား လူမှုဆက်ဆံရေး၊ မယားကလည်းချိုချိုသာသာပြော၊လင်ကလည်း ချိုချိုသာသာပြော၊ ကိုယ်လင်မယားမှ ချိုသာမှု မရှိရင် ပတ်ဝန်းကျင်ဘယ်မှာချိုသာနိုင်ပါ့မလဲ။ပတ်ဝန်းကျင်ကို မချိုသာရင် မိတ်ဆွေဘယ်မှာရှိမလဲ၊ မိတ်ဆွေမရှိရင် ကြီးပွားချမ်းသာဘယ်ဖြစ်တော့မလဲ၊ ဒါကြောင့် အမျိုးကောင်း သားသမီး တို့ဟာ ဒီမင်္ဂလာ နှစ်ပါးကိုတော့ မလွဲမသွေ ပြုကျင့်ရမှာ ဖြစ်ပါတယ်။

(၁၃) အနှောက်အယှက်မရှိသောအမှုကိုပြုလုပ်၊
(၁၄) ပေးကမ်းလှူဒါန်းစွန့်ကြဲ၊
(၁၅) တရားတော်နှင့်အညီ အကျင့်ကိုကျင့်ရမယ်။

---

* မြန်မာ့ဆယ်စောင်တွဲ၊ ပြည်ကြီးမဏ္ဍိုင်၊ စာ—၁၃၅။

ပုညကြိယာ ၁၀ပါး

မြတ်သောအကျင့်ဆိုလို့ ပုညကြိယာဝတ္ထု ၁၀ ပါး (ကုသလကမ္မပထတရား ၁၀-ပါး)✖ ကို ဖြည့်စွက်ပြောချင်ပါတယ်။ (၁)ဒါန။ သဒ္ဓါကြည်ဖြူပေးလှူခြင်း၊ (၂)သီလ။ ကာယဝစီဒုစရိုက် ၇-ပါးကို ရှောင်ကြဉ်ခြင်း၊ (၃)ဘာဝနာ။ သမထ ဝိပဿနာ ဘာဝနာ ပွားများကျင့်ခြင်း၊ (၄)အပစာယန။ ရတနာသုံးပါး ဆရာမိဘ သက်ကြီးဝါကြီးတို့ကို ရိုသေခြင်း။ (၅)ဝေယျာဝစ္စ။ ကုသိုလ်ဖြစ်ဖွယ် အမှုကြီးငယ်ကိုဆောင်ရွက်ခြင်း၊ (၆)ပတ္တိဒါန။ မိမိပြုရသောကုသိုလ်ကို အမျှဝေခြင်း၊ (၇)ပတ္တာနုမောဒနာ။ သူတစ်ပါး ပြုဖူးသော ကောင်းမှုကို သာဓုခေါ်ခြင်း၊ (၈)ဓမ္မသဝန။ မြတ်စွာဘုရားနှင့်တကွ သူတော်ကောင်းတို့ ဟောကြားသော တရားကို ကြားနာခြင်း၊ (၉)ဓမ္မဒေသနာ။ မြတ်စွာဘုရားနှင့်တကွ သူတော်ကောင်းတို့ တရားကို ဟောကြားခြင်း၊ (၁၀)ဒိဋ္ဌိဇုကမ္မ။ အထက်ပါ ကိုးပါးသည် ကောင်း ချမ်းသာတယ်ဟု ဖြောင့်မှန်စွာ ယူခြင်းတို့ ဖြစ်ပါတယ်။

(၁၆) အဆွေအမျိုးတို့ကို သင်္ဂြိုဟ်ထောက်ပံ့၊

(၁၇) အပြစ်မရှိတဲ့အမှုကိုပြု (ရပ်ရေး ရွာရေး ပြည်သူလူထုအကျိုး နိုင်ငံရေးဆောင်ရွက်ခြင်း)၊

နောက် လူမှုရေး ကျင့်ဝတ် မင်္ဂလာများကို ဟောကြားပါတယ်။

---

✖ သု ၈၁-၃၇၁၊

## (ဃ) လူမှုရေး ကျင့်ဝတ် မင်္ဂလာများ

(၁၈) မကောင်းမှုကို ဝေးစွာရှောင်၊
(၁၉) မကောင်းမှုကို အထူးပြုပြီးရှောင်၊
(၂၀) အရက်ကိုမသောက်နှင့်၊
(၂၁) တရားကို မမေ့ မလျော့နှင့် ပြီးတော့ ဆက်လက်ပြီး လူမှာ အမြဲအဆောင် အဖြစ် ဝတ်ဆင်ရမယ့် နဝရတ်ကိုးသွယ်ကဲ့သို့ မင်္ဂလာကို ဟောတော်မူပါတယ်။

## (၁) နဝရတ်ကိုးသွယ် မင်္ဂလာ

(၂၂) ရိုသေထိုက်သူကို ရိုသေ၊
(၂၃) မာနကိုထိန်းချုပ်၊
(၂၄) တင်းတိမ်ရောင့်ရဲမှုရှိ (လောဘကိုထိန်းချုပ်)
(၂၅) သူပြုဖူးသော ကျေးဇူးကိုသိ၊
(၂၆) အခွင့်သင့်တိုင်း တရားတော်ကိုနာကြား၊
(၂၇) သည်းခံမှုရှိ(ဒေါသကို ထိန်းချုပ်)၊
(၂၈) ပညာရှိတို့ ဆုံးမသည်ကို နာခံလွယ်၊
(၂၉) ရဟန်းသူမြတ်ကို ဖူးတွေ့၊
(၃၀) အခါအခွင့်သာတိုင်း တရားတော်ကိုဆွေးနွေး၊

ဒီနေရာမှာ အဓိကအချက်ကတော့ လောဘ၊ ဒေါသ၊ မာနဆိုတဲ့ တရားတွေကို ထိန်းချုပ်ဖို့တွေ့ရတယ်၊ ဒီတရားသုံးပါးကို ထိန်းချုပ်နိုင်ရင် ကျန်မင်္ဂလာ တရားတွေကလည်းပြည့်စုံနေရင်လောကုတ္တရာ မင်္ဂလာတွေကို ရဖို့အတွက်မခဲယဉ်းတော့ဘူး၊တစ်ဆင့်ပြီး တစ်ဆင့်တစ်ပါးပြီး တစ်ပါး ပြည့်စုံလာမှာ ဖြစ်ပါတယ်။

(စ) လောကုတ္တရာမင်္ဂလာတရား (၈)ပါး

(၃၁) ခြိုးခြံစွာကျင့်ခြင်း၊
(၃၂) မြတ်သောအကျင့်ကို ကျင့်ခြင်း၊
(၃၃) သစ္စာလေးပါးကို မင်္ဂဉာဏ်ဖြင့် မြင်အောင် ကျင့်ခြင်း၊
(၃၄) နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းနှင့် ဒီလိုနိဗ္ဗာန်ကို မျက်မှောက်ပြုရတဲ့ ရဟန္တာသူမြတ်တို့ဟာ လောကဓံတရားရှစ်ပါးဖြစ်တဲ့ လာဘ်ရခြင်း လာဘ်မရခြင်း၊ အခြွေအရံများခြင်း၊ အခြွေအရံနည်းခြင်း၊ ချီးမွမ်းခံရခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်းတို့နှင့် တွေ့ကြုံရပေမယ့်။

(၃၅) တုန်လှုပ်မှုမရှိဘူး၊
(၃၆) စိုးရိမ်ကြောင့်ကျမှုမရှိဘူး၊
(၃၇) ကိလေသာမှုလည်းမရှိဘူး၊
(၃၈) ဘေးလည်းမရှိဘူး၊-စတဲ့ အတိုင်းမသိချမ်းသာကို ဆောင်တဲ့မင်္ဂလာတွေဖြစ်ပါတယ်။

ဒါကြောင့် ကျေးဇူးတော်ကြီးလှစွာသော ဗုဒ္ဓမြတ်စွာဘုရားသခင်က "ဤသို့ရှိကုန်သော ၃၈-ပါးသောမင်္ဂလာတရားတို့ကို ပြုကျင့်ရသောကြောင့် အလုံးစုံသောအရပ်တို့၌ ရန်သူတို့သည် မိမိအား မအောင်အပ်သည်ဖြစ်၍ အလုံးစုံသောအရပ်တို့၌ ချမ်းသာခြင်းသို့ ရောက်ကုန်၏။ ထို ၃၈-ပါးသောတရားသည်သာလျှင် ထိုနတ်လူတို့အား မြတ်စွာသောမင်္ဂလာ မည်၏+

---

\+ သု၊ ၈၁ - ၅၃၆၊ ၅၃၇

လို့ ဟောကြားတော်မူပါတယ်။ ဒီလောက်ဆိုရင် မင်္ဂလာရဲ့ အဓိပ္ပါယ်ကို သိသာလောက်ပါပြီ၊ လောကီ၊လောကုတ္တရာနှစ်ဖြာသော အကျိုးအတွက် ဆောင်အပ် ကျင့်အပ် သည်ကိုလည်း သိလောက်ပါပြီ။ ပထမတွင် ပါဠိတော် မြန်မာ စကားပြေ သက်သက်ဖြင့် တင်ပြလိုသော်လည်း ဗဟုသုတ လိုသူတို့အတွက် ပါဠိများကိုပါ ထည့်သွင်းဖော်ပြရခြင်း ဖြစ်ပါတယ်။

**မင်္ဂလာ အဓိပ္ပါယ်**

"မင်္ဂလာ"ဆိုတဲ့ မြန်မာမှုပြထားတဲ့ ပါဠိစကားရဲ့ အဓိပ္ပါယ်ကို ဆရာသူမြတ် ပညာရှိတို့ အနက်ဖွင့် ဝိဂ္ဂြိုဟ်ပြုထားတာကို အနည်းငယ်ပြောလိုပါတယ်၊

မင်္ဂတိ ဧဒ္ဓန္တိ မင်္ဂလံ မင်္ဂန္တိသတ္တာ
ဧတေန ဝါသုဒ္ဓိံ ဂစ္ဆန္တီတိ မင်္ဂလံ၊

ယံဟိတသုခါဝဟ ကရဏံ။ အကြင်သတ္တဝါတို့၏ စီးပွားချမ်းသာကို ဆောင်ရွက်တတ်သော၊ ဗာလအာသေဝနာ။အစရှိသော အကြောင်းတရားတို့သည်၊ဧဒ္ဓံ။ကျက်သရေဘုန်း၊ ပညာတို့၏ ပြည့်စုံခြင်းသို့ မင်္ဂတိ။ ရောက်တတ်၏။ဣတိတသ္မာ။ထိုသို့ကျက်သရေဘုန်း ပညာတို့၏ ပြည့်စုံခြင်းသို့ ရောက်တတ်သည်၏ အဖြစ်ကြောင့်၊တံဟိတသုခါဝဟ ကာရဏံ။ ထိုသတ္တဝါတို့၏ စီးပွား ချမ်းသာ ဆောင်ရွက်တတ်သော၊ ဗာလအာသေဝန။ အစရှိသော အကြောင်းတရားသည် မင်္ဂလံ၊ မင်္ဂလာမည်၏။ (ဝါ) တစ်နည်းကား၊ဧတေန ဟိတသုခါဝဟ ကာရဏေန။ ဤသတ္တဝါတို့၏ စီးပွားချမ်းသာကို ဆောင်ရွက် တတ်သော၊ ဗာလအာသေဝနာ၊ အစရှိသော အကြောင်းတရား အားဖြင့် သတ္တာ။ သတ္တဝါတို့သည်၊ သုဒ္ဓိ။ယုတ်မာညစ်ဆိုးအပြစ်မျိုးမှ

သန့်ရှင်းစင်ကြယ်ခြင်းသို့၊ မင်္ဂလ္လ-ဂစ္ဆတိ။ ရောက်တတ်ကုန်၏။ ဣတိတသ္မာ ထိုသို့သတ္တဝါတို့၏ ယုတ်မာညစ်ဆိုးအပြစ်မျိုးတို့မှ သန့်ရှင်းစင်ကြယ်ခြင်းသို့ရောက်ခြင်း၏အဖြစ်ကြောင့်၊ တံဟိတ-သုခါဝဟ ကာရဏံ၊ ထိုသတ္တဝါတို့၏ စီးပွား ချမ်းသာကို ဆောင်ရွက် တတ် သော၊ ဗာလအသေဝနာ။ အစ ရှိသော အကြောင်းတရားတို့သည်၊ မင်္ဂလံ၊ မင်္ဂလာမည်၏လို့ ဖြစ်ပါ တယ်။

ဒီနေရာမှာ တစ်လုံးစီခွဲပြရင် ''မ'' က အကုသိုလ်တရား သတ္တဝါတို့ကို ပျက်စီးစေတတ်၊ သေစေတတ်တဲ့အတွက် ''မ'' မည်တယ်၊ ''မ''က ဒီအကုသိုလ် တရားတွေဟာ ငရဲ၊တိရစ္ဆာန်၊ ပြိတ္တာ၊အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံကို ရောက်စေတတ်တဲ့ အတွက် ''ဂ''မည်တယ်၊ ဒီနှစ်ခုပေါင်းတော့ ''မင်္ဂ'' ဖြစ်လာ တယ်၊ ''လာ''ကတော့''လု''ကလာတယ်၊''လုနာတိ-ဆိန္ဒတိ'' ဆိုတဲ့အတိုင်း ဓာဓောက ပြောခဲ့တဲ့ မကောင်းမှုအကုသိုလ် တရားနှင့်အကျိုးအဆက်တွေကို ပယ်ဖြတ် ရိတ်လှီးတတ်တယ်လို့ ဆိုပါတယ်၊ ဒါကြောင့် သုံးလုံးပေါင်းတဲ့အခါ မိမိကိန်းရာ သတ္တဝါတွေကိုသတ်ပြီး အပါယ်လေးရွာကို ရောက်စေတတ်တဲ့ ယုတ်မာညစ်ဆိုး အကုသိုလ်တရားမျိုးတွေကို ပယ်ချိုးထန်သည်း ရိတ်လှီး ဖြတ်တောက်တတ်တဲ့အတွက် ''မင်္ဂလာ'' လို့ခေါ်ခြင်း ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ပြောရရင်—

မင်္ဂန္တိ ဣမေတိသတ္တာတိ မင်္ဂလာနိ၊

ဣဒ္ဓိံ ဝုဍ္ဎိံ ပါပုဏန္တိတိ အတ္တော။ ။

ကုလမေဟိ တိတသုခါ ဝဟ ကာရဏေဟိ။ ဤ သတ္တဝါတို့၏ စီးပွားချမ်းသာကိုဆောင်တတ်ကုန်သော ဗာလ အသေဝနာ၊ အစရှိသောအကြောင်းတရားတို့ဖြင့်၊ သတ္တာ။ သတ္တဝါတို့သည်၊ မင်္ဂလိ။ ပြည့်စုံကြွယ်ဝခြင်း တိုးပွားကြီးမြင့်ခြင်းသို့ ရောက်တတ် ကုန်၏၊ ဣတိတသ္မာ။ ထိုသို့သတ္တဝါတို့၏ ပြည့်စုံ ကြွယ်ဝခြင်း တိုးပွား ကြီးမြင့်ခြင်းသို့ ရောက်ကြောင်းတို့၏ အဖြစ်ကြောင့် ကုလမေဟိတိတိပဒေန၊ ကုလမေဟိဟူသောပုဒ်ဖြင့်၊ နိဒ္ဒိဋ္ဌာနိ။ ညွှန်ပြ အပ်ကုန်သော၊ တာနိဟိတသုခါ ဝဟ ကာရဏာနိ။ ထိုသတ္တဝါ တို့၏ ပြည့်စုံကြွယ်ဝခြင်း တိုးပွားကြီးမြင့်ခြင်းသို့ ရောက်ကြောင်း ဖြစ်၍ သတ္တဝါတို့၏ စီးပွားချမ်းသာကိုဆောင်တတ်ကုန်သော ဗာလအသေဝနာ။ အစရှိသော အကြောင်း တရားတို့သည်၊ မင်္ဂလာနိ။မင်္ဂလာမည်ကုန်၏၊ ဣဒ္ဓိံ စ။ ပြည့်စုံ ကြွယ်ဝခြင်း သို့လည်းကောင်း၊ ဝုဍ္ဎိ။ တိုးပွားကြီးမြင့်ခြင်းသို့လည်းကောင်း၊ ပါပုဏန္တိ။ ရောက်တတ်ကုန်၏၊ ဣတိ အယံ။ ဤသည်ကား၊ အတ္ထော။ မင်္ဂလိ။ ဟူသော မူလသံဝဏ္ဏနာ ဝိဂြိုဟ်ပုဒ်၏ ထိမ်မြုပ် ကွယ်ဝှက်သော အနက်တည်း လို့ ဖြစ်ပါတယ်၊

ဒါကြောင့် မြတ်စွာဘုရားရှင် ဟောကြားတော်မူတဲ့မင်္ဂလာ တရားတော်ကို ခေတ်လူငယ် အမျိုးကောင်း သားသမီးတို့ဟာ အဓိပ္ပာယ် အလွယ်တကူဖတ်ရှုနားလည်ပြီး ကျင့်လည်းကျင့်ကြံ လိုက်နာကြပြီး ကြီးပွားချမ်းသာမင်္ဂလာရနိုင်အောင် စေတနာ မှန်ဖြင့် ရှေးနိပါတ်တော်သာဓကများသာမက ခေတ်လက်တွေ့ ပုံပြင် သာဓကများကိုပါ သိပ္ပံနည်းကျ တင်ပြတဲ့ ''လူတိုင်း

အတွက် မင်္ဂလာ" ကျမ်းစာတော်ဟာ ဒီမှာဘဲ ပြီး ပြည့်စုံခြင်း မင်္ဂလာကို ရောက်ရှိပါပြီ။

ဤကောင်းမှုကြောင့် စာရေးသူနှင့်တကွ စာရှုသူ အားလုံးတို့ဟာ စိတ္တာနုကမ္ပတိ။ အသောကံ၊ ဝိရဇံ။ ခေမံ၊ ဘဝကို အမြန်ရပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း မင်္ဂလာ ကျက်သရေနှင့် ပြည့်စုံပေါလိုသောဝ်။

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
ဓမ္မံသရဏံ ဂစ္ဆာမိ။
သံဃံသရဏံ ဂစ္ဆာမိ။

(စန်းသမိန်)

၁၃၄၅ ခု၊ နယုန်လဆန်း (၁၁)ရက်၊
၁၉၈၃ ခု၊ ဇွန်လ (၂၁)ရက်။

# အကိုးအကားပြုသော ကျမ်းများစာရင်း

၁။ တန်တော်မင်းကျောင်း မေတ္တာစာနှင့် တောင်တွင်းမင်းကျောင်း အဖြေ။ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက် ၃၄၉၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။
၂။ ခေတ်မီဓမ္မပဒ (ငါးတွဲ) (ဆန်းညွန့်ဦး - ဦးလှခင်) ဆန်းညွန့်ဦးပုံနှိပ်တိုက်၊ ၁၃၅၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်။
၃။ ငါးရာ့ငါးဆယ်နိပါတ်တော် စကားပြေ (ပဌမကျော် ဦးကြီးဖေ)၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊
၄။ စာဏကျနီတိကျမ်း(ပ-ဒု-တ) (လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး) ဟံသာဝတီစာအုပ်တိုက်။
၅။ စွယ်စုံကျော်ထင်ကျမ်း (ကြည့်ကန်ရှင်ကြီးနှင့် ရွှေတောင်မြို့၊ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး) သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၆။ ဇာတ်တော် ငါးရာ့ငါးဆယ် (ဦးမြင့်ဆွေ)၊ နှလုံးလှစာပေဖြန့်ချိရေး၊ အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။
၇။ ဇိနတ္ထပကာသနီ (ရွှေတောင်မြို့၊ ကျီးသဲ လေးထပ် ဆရာတော် ဘုရားကြီး) သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်၊
၈။ ဓမ္မပဒ၊ (ဦးမြင့်ဆွေ)၊ နှလုံးလှ စာပေဖြန့်ချိရေး။
၉။ ပရိတ်ကြီး နိဿယသစ် (အရှင် ဝါသေဋ္ဌာဘိဝံသ) သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။
၁၀။ ပုဏ္ဏာ ပကိဏ္ဏက ကျမ်း (လှုံးတော် ဆရာတော်) ဟံသာဝတီပုံနှိပ်တိုက်။

၁၁။ မဟာစရိတ်တော်ကြီး နိဿျသစ် (အရှင်ဝေပုလ္လာဘိဓဇ) မြင်းခြံ ကိုးဆောင်မှု။
၁၅။ မင်္ဂလာကျဗ္ဗီစဉ် (ဆရာကြီး၊ဦးခင်)၊ ဟံသာဝတီ စာပေ၊ အမှတ် ၁၉၊ ပဏ္ဍိတလမ်း၊ ကမာရွတ်၊ရန်ကုန်မြို့။
၁၃။ မင်္ဂလာ ဒီပနိစ္ဆယ၊ မဟာဝိသုကာရာမ ဆရာတော်၊ ပခုက္ကူမြို့၊ ဟံသာဝတီပုံနှိပ်တိုက်။
၁၄။ မင်္ဂလ္လဒီပနီ (ပ-ဒု-တ) (ညောင်ကန် ဆရာတော်) ဟံသာဝတီပုံနှိပ်တိုက်။
၁၅။ မိလိန္ဒနှင့် ရှင်နာဂသိန် (ဦးမြင့်ဆွေ) နှလုံးလှစာပေ ဖြန့်ချိရေး။
၁၆။ မိလိန္ဒပဥှာပါဠိတော် မြန်မာပြန်၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၁၇။ မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း၊ မြန်မာစာအဖွဲ့၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၁၈။ ပြည်သူချစ်တဲ့ အနော်ရထာ(စန်းသမိန်)ဆီမီးစာပေ၊ အမှတ် ၁၉၀၊ ကုန်ဈေးတန်းလမ်း၊ ရန်ကုန်မြို့။
၁၉။ ရာဇသတ်ကြီး၊ အစိုးရပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၂၀။ သုတေသန သရုပ်ပြ အဘိဓာန် (အရှင်သြဘာသာဘိဝံသ)သုဓမ္မဝတီ ပုံနှိပ်တိုက်၊ အမှတ် ၅၃၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။
၂၁။ ဟံသာဝတီ ဆုံးမစာ ပေါင်းချုပ် (နန်းညွန့်ဆွေ) ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၂၂။ မြန်မာ့ ဆယ်စောင်တွဲ၊ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်၊ အမှတ် ၅၂၊ ၂၅-လမ်း၊ ရန်ကုန်မြို့၊
မှတ်ချက်။ ။လောကနီတိမှာ မြန်မာ့ဆယ်စောင်တွဲမှ ဖြစ်ပါသည်။

## ဆန်းညွန့်ဦးစာအုပ်တိုက်မှ

## တစ်အုပ်ဝယ်လျှင် တစ်အိမ်သားလုံးဖတ်ရသည့် စာအုပ်များ

* ခေတ်မီဓမ္မပဒဝတ္ထုတော် [၅ တွဲနှင့် အပြီး] - - - တစ်တွဲ ၁၅ ကျပ်စီ
* လက်ရွေးစင်'ဓမ္မပဒ'ဝတ္ထုများ [အမှတ် ၁ မှ ၉ အထိ] တစ်အုပ် ၅ ကျပ်စီ
* လူကြီးများဖတ်ရန်ပုံပြင်များ (၈-မျိုး) - - -
(၁) သင်္ဂဇာဆရာတော်ဥပမာပုံပြင်များ၊ (၂) မန်းမော်ဆရာတော်ဟာသပုံပြင်၊ (၃) စကားတောင်စား၊ (၄) ခုံတော်မောင်ကျပန်း (၅) ဦးသော်ဦးလျှောက်ထုံး ပထမတွဲ၊ (၆) ဒုတိယတွဲ၊ (၇) ၁၀၀၀ဝိတန် ပုံပြင်များ၊ (၈) ဇာတိမာန်ပုံပြင်များ၊
* အိမ်တိုင်းအတွက် ဘုရားရှိခိုးအမျိုးမျိုး - - - - - -
* ဦးသိန်းထွန်းမြင့် - အိမ်တွင်းဆရာဝန် - - - [ပထမတွဲ]
* ။ ဘီ၊ ဒီ၊ အိုင်နှင့်နိုင်ငံခြားဆေး သုံးစွဲနည်း - - - -
* ဦးကြီးပု၏ - - - ချက်နည်းပြုတ်နည်း ၅၀၀
* ဒေါ်စိန်ခင်၏ - - - မုန့်လုပ်နည်းမျိုးစုံ
* ဦးလှခင်၏ - - ရွက်၊ ခေါက်၊ မြစ်၊ သီး [ဆေးနည်း ၁၀၀၀]
* ။ - - မီးဖိုချောင်မှဆေးစွမ်းကောင်းများ၊ ပ-တွဲ၊ ဒု-တွဲ
* ဦးမြတ်လှ၏ - - - ဘဝကိုစိန်ခေါ်၍ ကမ္ဘာကျော်ခဲ့သူများ
* ထိပ်တင်ထွဋ် - - - [၁၄ ရက်အတွင်း အရပ်ရှည်နည်း]
* ။ ကျား၊ မ ကိုယ်အလှ [၆ လ လေ့ကျင့်စဉ်]
* တက္ကသိုလ်မြင့်နိုင်.....ကလေးသူငယ် ဥပဒေများ
* ။ အမျိုးသမီးဥပဒေများ ၁၀ ကျပ်
* ကိုင်ရို၏ အဆင့်မြင့်လက္ခဏာကျမ်း [၁] ၁၅ ကျပ် [၂] ၂၀ ကျပ်
* ဟသ်ာတ ဦးမျိုးလွင်၏ "ရှပ်အင်္ကျီချုပ်နည်းများ" ၂၀ ကျပ်
* ရွှေနန်းသုံး မဟာဂီတပေါင်းချုပ်ကြီး . . . . . . . . . ၃၀ ကျပ်
* မောင်တင်ထွေး၏ "ခေတ်ဟောင်းတေးများ" ၁၅ ကျပ်
* စန်းသမိန်၏ "မြန်မာ့သွေး၊ မြန်မာ့မေား၊ မြန်မာ့စစ်ပညာ" ၅၀ ကျပ်
* ကျော်မင်းခေါင်၏ "ဒသာနာဌဒီပနီ" . . . . . . ၂၀ ကျပ်
* ပန်းချီဦးအုန်းလွင်၏ "ရှင်ဥပဂုတ္တ ပုံပြရုပ်စုံ" . . . . . ၁၈ ကျပ်

အမြို့မြို့ ဆိုင်တိုင်းမှာ ရနိုင်ပါသည်။